www.burmeseclassic.com

# သောင်းဝေဦး

## မြန်မာနိုင်ငံထောက်လှမ်းရေးများအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၄၀၀၀ ကျပ် |
| မျက်နှာဖုံးကာလာခွဲ | - | မြရတနာ Colour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

**ထုတ်ဝေသူ**

ဒေါ်မွှေမွှေ (ခေါ်) ဒေါ်မြရတနာ (၀၀၅၅၃ မြ)
သိဒ္ဓိမြင်သာရေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၀၄၀၁ မြ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)**

သောင်းဝေဦး ၈၉၅. ၈၃
မြန်မာနိုင်ငံထောက်လှမ်းရေးများအကြောင်း / သောင်းဝေဦး။ - ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၆။
၄၅၈ - စ၊ ၁၄ x ၂၀ စင်တီ။
(၁) မြန်မာနိုင်ငံထောက်လှမ်းရေးများအကြောင်း

## နိုတာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | နို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | နို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | နို့အရေး |

www.burmeseclassic.com

www.burmeseclassic.com

# သောင်းဝေဦး

၏

အုပ်(၉၀)မြောက် စာအုပ်

# မြန်မာနိုင်ငံ ထောက်လှမ်းရေးများအကြောင်း



သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

သောင်းဝေဦး

# မြန်မာနိုင်ငံ ထောက်လှမ်းရေးများအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံ ထောက်လှမ်းရေးများအကြောင်း

## မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | ၇ |
| | ထောက်လှမ်းရေးနိဒါန်း | ၁၅ |
| အခန်း ၁ | မြန်မာ့တပ်မတော်ထောက်လှမ်းရေးသမိုင်း | ၁၉ |
| အခန်း ၂ | ရှေးခေတ်က မြန်မာ့ထောက်လှမ်းရေး | ၇၃ |
| အခန်း ၃ | လွတ်လပ်ရေးရပြီးနောက် မြန်မာ့တပ်မတော်ထောက်လှမ်းရေး | ၁၁၉ |
| အခန်း ၄ | ကျွန်တော်နှင့်တပ်မတော်ထောက်လှမ်းရေးများ | ၁၈၁ |
| အခန်း ၅ | ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာနိုင်ငံထောက်လှမ်းရေး | ၂၄၁ |
| အခန်း ၆ | ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဖော်ပြချက်များ | ၂၈၃ |
| အခန်း ၇ | စစ်ထောက်လှမ်းရေးများ၏ ရုပ်စေတ်ပ္ပများ | ၃၀၁ |
| အခန်း ၈ | တပ်မတော်ထောက်လှမ်းရေးပြိုကွဲသွားခြင်း | ၃၄၁ |
| အခန်း ၉ | အထွေထွေဖော်ပြချက်များ | ၃၇၇ |
| အခန်း ၁၀ | နိဂုံးချုပ်ဖော်ပြချက် | ၄၄၃ |


BURMESE CLASSIC

## စာရေးသူ၏အမှာ

ကျွန်တော်သည် စစ်စာပေများကို တစိုက်မတ်မတ် ရေးနေသူဖြစ်၏။

အထူးသဖြင့် တိုက်ပွဲများအကြောင်းကို အဓိကရေးခဲ့သည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ကမ္ဘာကျော် ဗိုလ်ချုပ်ကြီး ၁၀ ဦးနှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများအား **Command Study** ပုံစံဖြင့် ရေးခဲ့သည်။ အဓိကမှာ တပ်မတော်မှ သင်တန်းသားအရာရှိများ မှီငြမ်းကိုးကားနိုင်ရန် ရည်ရွယ်ခဲ့ပါသည်။

မကြာသေးမီ လအနည်းငယ်ကမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဗိုလ်ချုပ်ကြီးသိန်းစိန်တို့အကြောင်းအား **Biography** ပုံစံ ရေးခဲ့သည်။ စာဖတ်ပရိသတ်မှ တစ်ခဲနက်အားပေးကြ၍ အထူးပင် ဝမ်းသာခဲ့ရ၏။

သူတို့အကြောင်းရေးရင်း မလွှဲသာမရှောင်သာဘဲ မြန်မာနိုင်ငံ ထောက်လှမ်းရေးများအကြောင်း တစ်စွန်းတစ်စ ရေးခဲ့ရသည်။ မြန်မာနိုင်ငံထောက်လှမ်းရေးများမှာ ယေဘုယျအားဖြင့် နာမည်ဆိုးနှင့် ကျော်ကြားသူများဖြစ်၏။ ထောက်လှမ်းရေးများမှာ အာဏာရအဖွဲ့အစည်းများ၏ လက်ကိုင်တုတ်များဖြစ်ကြ၏။ ဘယ်အစိုးရတက်တက် သူတို့ကို **Anti government** များအား နှိပ်ကွပ်ရာ၌ အသုံးချခဲ့ကြလေသည်။ သူတို့အား လုပ်ပိုင်ခွင့်များလည်း ပေးခဲ့ရ၏။

ထောက်လှမ်းရေးဆိုရာ၌ –

www.burmeseclassic.com

www.burmeseclassic.com



စစ်တိုက်ရသည့်အချိန်များတွင်မှ **Combat Intelligence** တိုက်ပွဲ ထောက်လှမ်းရေးကို မလုပ်မဖြစ် လုပ်ခဲ့ကြရ၏။ **Counter** မှာ မရှိသလောက် ဖြစ်ခဲ့လေသည်။

ထောက်လှမ်းရေးတပ်ဖွဲ့များ ဖွဲ့စည်းရန်ကို ထိုစဉ်က ဗမာ့တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကမူ အလွန်စိတ်ဝင်စားခဲ့၏။

ထို့ကြောင့် တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့ ဖွဲ့စည်းရန် အစဉ်တစိုက် အားပေးခဲ့၏။

မြန်မာ့တပ်မတော်၏ ထောက်လှမ်းရေးတပ်ဖွဲ့ကို စတင်လေ့ကျင့်ဖွဲ့စည်းရန် ဗိုလ်မှူးချုပ်မောင်မောင်က စတင်ခဲ့၏။

ဗိုလ်မှူးချုပ် မောင်မောင်သည် ထိုစဉ်က မြန်မာ့တပ်မတော်၌ တာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့သူ ဖြစ်၏။ နောက်ပိုင်းတွင် နိုင်ငံခြားသို့ ပို့လွှတ်ခံခဲ့ရသည်။

သူသည် **C.I.A** ခေါ် အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့နှင့် အဆက်အသွယ်ရကာ သူ၏ လူများကို အမေရိကန်သို့ စေလွှတ်ကာ ထောက်လှမ်းရေးသင်တန်းများကို တက်စေခဲ့၏။

သူနှင့်အပြိုင် ဗိုလ်မှူးတင်ဦးကလည်း ထောက်လှမ်းရေးပညာများကို မြန်မာ့တပ်မတော်တွင် သင်တန်းများပေးကာ စတင်ပြီးစုဖွဲ့ခဲ့၏။

ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးတင်ဦးတို့ အပြိုင်အဆိုင်ဖြစ်လာသောအခါ ဗိုလ်ချုပ်ကြီးနေဝင်းမှ ဗိုလ်မှူးချုပ်မောင်မောင်၏ ထောက်လှမ်းရေးတပ်ဖွဲ့များကို ဖျက်သိမ်းပြီး ဗိုလ်မှူးတင်ဦး (နောင်တွင် ဗိုလ်မှူးချုပ်ဟင်ဦး မျက်မှန်ကြီး။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ





လက်ရှိတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး
ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး

www.burmeseclassic.com

www.burmeseclassic.com



**M.I** **Military Intelligence**

**S.B** **Special Branch.**

**BSI** **Branch of Special Investigation**

ခေါ် စသုံးလုံးတို့ အားလုံးအကျုံးဝင်ကြ၏။

သူတို့ကိုစုစည်းပြီး အစိုးရနှင့် နဝတ၊ နယက၊ နအဖ ကာလများတွင် **National Intelligence Bureau N.I.B** ခေါ် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့ခဲ့၏။ ထိုအဖွဲ့ကြီးက နိုင်ငံတော်ဆန့်ကျင်သူများ၊ အစိုးရဆန့်ကျင်သူများကို ဖော်ထုတ်ခဲ့ကြ၏။ နှိပ်ကွပ်အရေးယူခဲ့ကြ၏။ သူတို့ကြောင့် သေဒဏ်ပေးခံရသူများ၊ နှစ်ရှည်ထောင်ဒဏ်ကျခံရသူများ မရေမတွက်နိုင်အောင် ရှိခဲ့၏။ အထူးသဖြင့် **Militay Junta** ကာလတွင် အများဆုံးဟုဆိုကြသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ယနေ့အချိန်ထိ ဂျာနယ်များ၊ စာအုပ်စာတမ်းများမှာ ဖော်ပြလျက်ရှိ၏။ ခံခဲ့ရသူများက လုံးဝမကျေနပ်ကြဘဲ ရင်ဖွင့်ခဲ့ကြ၏။ စာတွေ ရေးခဲ့ကြ၏။ ရေးနေဆဲလည်း ဖြစ်၏။

ထောက်လှမ်းရေးများကို မည်သူမှ မကျေနပ်ကြ။ အခွင့်ကြုံတိုင်း ထောက်လှမ်းရေး မကောင်းကြောင်း ပြောကြ၏။ တကယ်လည်း မကောင်းခဲ့တာ များပါသည်။ ကောင်းတာ အနည်းအကျဉ်းတော့ ရှိပါသည်။ သို့ရာတွင် မကောင်းတာက များ၏။

ဤနေရာတွင် အလျဉ်းသင့်၍ ရေးရပါမူ ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း ရေးသားခဲ့သော ‘မမျှော်လင့်သော ခရီးရှည်’ စာအုပ်ကြီး၌ အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

ထောက်လှမ်းရေးဆိုသည်မှာ အကောင်သေး၍ အဆိပ်





ပြင်းသော အဖွဲ့အစည်းဖြစ်၏။ သို့ရာတွင် အကောင်ကြီးလာပြီး အဆိပ်ပြင်းသောအဖွဲ့အစည်းအဖြစ် ရောက်လာသည့်အခါ၌မူကား သူ့သဘာဝအလျောက် အလိုလို ကျဆုံးခြင်းသို့ ရောက်ရတော့၏။

မှန်ပါသည်။ အဆိပ်ပြင်းသော ထောက်လှမ်းရေးအဖွဲ့အစည်းများ ကျဆုံးခန်းကို ၂၀၀၄ ခုနှစ်က ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် သူ့တပည့်များ အရေးယူခဲ့သည့်ကိစ္စ၊ ၁၉၈၃ ခုနှစ်က ဗိုလ်မှူးချုပ်တင်ဦးနှင့် တစ်နွယ်ငင် တစ်စင်ပါများအား အရေးယူခဲ့သည့်ကိစ္စများကား သာဓကများပါတည်း။

သူတို့သည် အကောင်ကြီး အဆိပ်ပြင်းဘဝ၌ အားလုံးကို လွှမ်းမိုးဖို့ ကြိုးစားကြ၏။ **Even** နိုင်ငံတော် အကြီးအကဲများကိုပင် အံတုမည့်အဆင့်သို့ ရောက်လာခဲ့သည်။ မဟုတ်ပါဘူးဆိုတောင် **Motive** က ထိုအတိုင်း ရှေ့ရှုနေ၏။ အကြီးအကဲများကား သူ့ဘုန်းသူ့ကံနှင့် ရှိနေကြသည်။ လွယ်လွယ်နှင့် ဖယ်ရှား၍မရသူများ ဖြစ်၏။ ထိုအခါ ထောက်လှမ်းရေးများ ကျဆုံးရတော့၏။ အားလုံး အမှုန့်ကြိတ်ခံရတော့၏။

ကျွန်တော်သည် နဝတခေတ်က ထောက်လှမ်းရေး **Chief** များနှင့် ရင်းနှီးပါသည်။ အားလုံးနီးပါးနှင့် သိ၏၊ ခင်မင်၏။ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗိုလ်ချုပ်ကျော်ဝင်းတို့နှင့်ဆိုပါမူ သိပ်ပြောစရာမရှိပါ။ **Personal Attachment** တွေ အများကြီးရှိခဲ့ပါသည်။ ထို့ကြောင့်လည်း သူတို့တပည့် မလောက်လေး မလောက်စားကလေးများ ဒုက္ခပေးလာသည်ကို အေးအေးဆေးဆေး ရင်ဆိုင်နိုင်ခဲ့၏။ ဖြေရှင်းနိုင်ခဲ့၏။ လူငယ်တွေကတော့ ဘာမှ သိကြတာမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုယ်သူတို့ ဟုတ်လှပြီထင်ပြီး မောက်မာကြ၏။ မလေးမစား လုပ်ကြ၏။ လူတွင်ကျယ် လုပ်ကြ၏။ နောက်ဆုံး အလုပ်ပြုတ် ထောင်ကျသွားကြမှ နောင်တတရား ရသွားကြ၏။ အတော်များများကတော့ ဆိုးသွမ်းသူများဖြစ်ကြ၏။ ကောင်းတဲ့သူ အနည်းအကျဉ်းတော့ ရှိပါသည်။ လက်ချိုးရေတွက်၍ ရ၏။ ဒါတွေကို နောက်ပိုင်း ကြုံရင်ကြုံသလို ရေးသွားပါမည်။ ဖော်ပြသွားပါမည်။

ထောက်လှမ်းရေးတွင် ၂ မျိုးရှိ၏။

(က) **Combat Intelligence**

တိုက်ပွဲထောက်လှမ်းရေး

(ခ) **Counter Intelligence**

တန်ပြန်ထောက်လှမ်းရေး

တိုက်ပွဲထောက်လှမ်းရေးဆိုသည်မှာ ရန်သူနှင့် တိုက်နိုင်အောင်၊ ရန်သူ့အကြောင်းသိရအောင် ထောက်လှမ်းခြင်းကို ခေါ်ပါသည်။

တိုက်ပွဲထောက်လှမ်းရေး၌ အောက်ပါများ ပါဝင်သည်။

(က) ရန်သူ

(ခ) ဥတု

(ဂ) မြေအနေအထား

(ဃ) ပြည်သူလူထု

ရန်သူဆိုရာ၌ ဘာလဲ။ **KIA** လား။ **BCP** လား။ **MNDAA** လား။ သူတို့ခေါင်းဆောင်တွေက ဘယ်သူလဲ။ အင်ဘန်လလား။ ဇွမ်မော်လား။ ဘသိန်းတင်လား။ ကျော်ဇောလား။ ခင်မောင်ကြီးလား။ ဖုန်ကြားရှင်လား။ ဒါက ခေါင်းဆောင်။ နောက်လိုက်တွေက ဘယ်သူ





တွေလဲ။ ကချင်၊ ဝ၊ ရှမ်း၊ ကိုးကန့်၊ လူမျိုးအလိုက် **Characteristic** တွေ သီးခြားရှိကြသည်။ တိုက်စစ်တော်သည့်သူ၊ ခံစစ်ကောင်းသည့်သူ စိစစ်ရသည့်လက်နက်တွေက ဘာတွေလဲ။ ကောင်းလား အညံ့လား။ လက်နက်ကြီးသုံးလား။ ဘာတွေလဲ။ ဤသို့ ရန်သူ အကြောင်း၊ လူအကြောင်း စိစစ်ရ၏။ သူတို့နှင့် ရင်ဆိုင်ဖို့ပြင်ရ၏။

မိမိတို့ စစ်တိုက်မည့်အချိန်ကာလ၊ ရာသီအခါသမယကို တွက်ဆရသည်။

နွေလား။ မိုးလား။ ဆောင်းလား။ ဘာရာသီဥတုလဲ။

နွေဆို သွားရလာရလွယ်သည်။ ပွင့်လင်းသည်။ မြင်ကွင်းရှင်းသည်။

မိုးဆို ကန့်သတ်ချက်တွေ ရှိသည်။ မြစ်ကူးချောင်းခြားရှိသည်။ ရေပြင်ဖြတ်ကူးခြင်းတွေ လုပ်ရလိမ့်မည်။ မြစ်ကူးချောင်းကူး လုပ်နိုင်ဖို့ လိုတာတွေ ယူသွား။

မြေအနေအထားကရော ဘယ်နှဲ့လဲ။

တောင်ကတုံးတွေ များလား။ လွင်တီးခေါင်တွေလား။ မြေပြန့်လား။ သစ်တောတွေ ဖုံးနေလား။ တောထူလား။ တောင်တွေပေါ်လား။ အလိပ်လိပ် ထနေလား။ ဒါဆို **Jungle Warfare, Mountain Warfare** ပေါ့။ မြစ်ချောင်းတွေရော ပေါလား။ **Water Crossing** တွေ လုပ်ရမှာလား။ ဒါတွေ တွက်ရပါမည်။ ယူနီဖောင်းကအစ ပြောင်းဝတ်ရမည်။ သဲကန္တာရစစ်ပွဲ **Desert storm** တွင် အမေရိကန် **G1** တွေ သဲရောင်ယူနီဖောင်းတွေ ဝတ်ကြသည်။ ပတ်ဝန်းကျင်နှင့် **Colour Match** ဖြစ်အောင် **Camouflag** ပုံဖျက်ထားခြင်းပါပေ။

ဒါက မြေအနေအထားဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုက နောက်ဆုံးဖြစ်သည်။

ကျွန်တော်တို့ စစ်သွားတိုက်မှာ ဘယ်လဲ။ ပြည်နယ်တွေ သွားမှာလား။ ဘယ်ပြည်နယ်လဲ၊ ရှမ်းလား။ ကယားလား။ ကချင်လား။ ရခိုင်လား။ ဒါဆိုရင် ပြည်သူက ဘယ်ဘက်ပါမှာလဲ။ ဒါကို တွက်ရမည်။ ပြည်သူလက်ခံနိုင်အောင် ကျွန်တော်တို့ ဘာလုပ်သွားကြမှာလဲ။ **Medical Team** တွေ ခေါ်သွားမှာလား။ သူတို့ဆီက သတင်းရအောင် ဘာလုပ်မှာလဲ၊ မပါတောင် အနည်းဆုံး ကိုယ့်ကို ဒုက္ခမပေးအောင် ဘာလုပ်မှာလဲ။ စစ်သည်တော်ကျင့်ဝတ်ကို တိတိကျကျလိုက်နာအောင် ကိုယ့်လူတွေကို အထူးကြပ်မတ်သွားမှာလား။

ဒါက တိုက်ပွဲထောက်လှမ်းရေး **Combat Intelligence** ဖြစ်၏။

နောက်တစ်မျိုး **Counter Intelligence**။ တန်ပြန်ထောက်လှမ်းရေး။

တန်ပြန်ထောက်လှမ်းရေးတွင် အဓိကမှာ တစ်ဖက်ရန်သူ တစ်ယောက် ထင်ယောင်ထင်မှားဖြစ်အောင်–

- သူလျှိုမွေးပြီး သတင်းမှားများ ဖြန့်ချိစေခြင်း။
- အဖျက်လုပ်ငန်းများ ပြုလုပ်စေခြင်း။
- စိတ်ဓာတ်ထိခိုက်အောင် အမှောက်လုပ်ငန်းများလုပ်ခြင်း

ဒါ့အပြင် နိုင်ငံတော်ကို ဆန့်ကျင်နေကြသူ၊ အစိုးရကို ဆန့်ကျင်နေကြသူတွေ၏ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးများ၊ လူမှုရေးများ၊ စီးပွားရေးများ၊ နိုင်ငံရေးအယူအဆများ၊ **ideology** များကို လေ့လာဖော်ထုတ်၍ မှတ်တမ်းတင်ပြုစုရသည်။ လိုအပ်က သူတို့အား ဖမ်းဆီးထိန်းသိမ်းရသည်။





မြန်မာနိုင်ငံက တန်ပြန်ထောက်လှမ်းရေး၌ ရန်သူအဖွဲ့အစည်း **Potential Enemy** သာမက မိမိအဖွဲ့အစည်းအတွင်းမှ ခေါင်းဆောင်ပြီး စိတ်မချရသူများကိုပါ နောက်မှ **Vetting** လိုက်ပြီး မှတ်တမ်းများပြုစုပြီး လိုအပ်သည့်အချိန်တွင် အပုတ်ချ၍ ဖြုတ်ထုတ်ရှင်းများကို **MI** အမ်အိုင်ကလုပ်ပေးခဲ့ရသည်။ ပြောရရင် ဟိုး . . . ဦးနေဝင်းလက်ထက်မှသည် ဦးသန်းရွှေလက်ထက်ထိ ထောက်လှမ်းရေးများက အသုံးတော်ခံခဲ့ရ၏။

ဒီလိုလုပ်နိုင်အောင် သူတို့အား လုပ်ပိုင်ခွင့်တွေပေးခဲ့ရ၏။

ဤသည်မှာ **Combat Intelligence** နှင့် **Counter Intelligence** အကြမ်းဖျင်းပါပေ။

တကယ်တော့ တိုင်းပြည်တိုင်း၌ ထောက်လှမ်းရေးအဖွဲ့အစည်းဆိုသည်မှာ လိုအပ်သည်သာ ဖြစ်၏။ သူတို့ကို အာဏာ ပိုမပေးမိဖို့ပဲ လိုပါသည်။

ကမ္ဘာ့နိုင်ငံကြီးတိုင်းတွင် ကျော်ကြားသော ထောက်လှမ်းရေးအဖွဲ့အစည်းများရှိ၏။ ဥပမာ –

| | |
|---|---|
| အမေရိကန်မှာဆို | **C.I.A** နဲ့ **F.B.I** |
| ရုရှားမှာဆို | **KGB** |
| အစ္စရေးမှာဆို | မော့ဆက် **MOSSAD** |
| ဗြိတိသျှမှာဆို | **MI 5** နဲ့ **MI 6** |

ကျွန်တော်တို့နိုင်ငံမှာဆိုလည်း အမ်အိုင်ပါပဲ။ သုံးဖွဲ့ပေါင်းပြီး **N.I.B** အမျိုးသားထောက်လှမ်းရေးအဖွဲ့ကြီးလည်း ရှိခဲ့သည်။

ယခု ဤစာအုပ်ကို ရေးရာ၌ ပုဂ္ဂလိကခံစားချက်ကို ဦးစားပေးပြီး ထောက်လှမ်းရေးက ကိုယ့်ကို ဒုက္ခပေးတာ၊ ထောင်ချခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းပြီးနှိပ်စက်တာတွေချည်း ကျွန်တော် ရေးရန် မရည်ရွယ်ပါ။ ထောက်လှမ်းရေးသမိုင်း၊ ရေးပဝေသဏီက မြန်မာနိုင်ငံထောက်လှမ်းရေးများအကြောင်း၊ မဆလခေတ်၊ နတဝ၊ နယက၊ နအဖ ခေတ် ထောက်လှမ်းရေးများသာမက ထောက်လှမ်းရေးကောင်းတာလေးတွေ၊ တိုင်းကျိုးပြည်ပြုလုပ်ခဲ့တာလေးတွေကိုလည်း ရှာဖွေတင်ပြသွားရန် ရည်ရွယ်ပါသည်။ သူတို့လည်း လူတွေပဲ။ ကောင်းတာလေးတွေ ရှိကြပါသည်။ မျိုးချစ်စိတ်ရှိပါသည်။ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းလုပ်သွားကြတာလေးတွေလည်း ရှိပါသည်။ သို့ရာတွင် အဖွဲ့အစည်းကိုက အာဏာရှင်များ လက်ကိုင်တုတ်ဘဝမှာ နေခဲ့ရသဖြင့် ထိုပုဂ္ဂိုလ်ကြီးများအလိုကျ ဆောင်ရွက်ခဲ့ရရာ လုပ်ရင်းလုပ်ရင်းဖြင့် နောက်ဆုံး သူတို့တစ်တွေ ကိုယ့်ဘောင်းဘီစ ကိုယ်နင်းရင်း ကျဆုံးခဲ့ရ၏။ ဘဝပျက်ခဲ့ရ၏။ လက်စတုန်း ချေမှုန်းခံခဲ့ရ၏။ တရားရစရာပါပေ။

ဒါတွေ အကုန်ခြုံငုံသုံးသပ်ပြီး ယနေ့ ဒီမိုကရေစီခေတ်တွင် မြန်မာနိုင်ငံထောက်လှမ်းရေးက **ဘယ်လဲ၊ ဘာလဲ၊ ဘာဆက်လုပ်မှာလဲ။ အမ်အိုင်တွေ စစ်တန်းလျားပြန်မှာလား။ တပ်မတော်ကို အလုပ်အကျွေးပြုမှာလား။ ပြည်သူကို အလုပ်အကျွေးပြုမှာလား။ ဘာဆက်လုပ်ကြမှာလဲ။**

စသည် စသည်ဖြင့် ဆဝါးသုံးသပ်ပြီး ယခုစာအုပ်ကို အဆုံးသတ်ရန် ရည်ရွယ်ပါသည်ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

၂၄၊ ၅၊ ၂၀၁၆



## မြန်မာနိုင်ငံထောက်လှမ်းရေးများအကြောင်း

**ထောက်လှမ်းရေးနိဒါန်း**

ထောက်လှမ်းရေးဆိုတာ ဘာလဲ။

မြန်မာနိုင်ငံတွင် ထောက်လှမ်းရေးတွေ အနှစ် ၅၀ ခန့် တွင်ကျယ်ခဲ့၏။ ထောက်လှမ်းရေးအသံကြားက ဖြုံပြီး ဖျားသွားကြသူတွေများသည်။

ဘာကြောင့် ထောက်လှမ်းရေးတွေ တွင်ကျယ်ခဲ့ပါသလဲ။ ထောက်လှမ်းရေးဆိုတာ ဘာလဲ။ သူတို့က ဘာလုပ်ကြတာလဲ။ ဘယ်သူ့အတွက်လဲ။ ဘာလုပ်ပိုင်ခွင့်တွေ ရှိခဲ့ပါသလဲ။ ပြောရရင်တော့ အတော်ရှည်လျား ထွေပြားပါသည်။ ရှုပ်လည်း ရှုပ်ထွေးလှ၏။ ကျွန်တော်သည် ထောက်လှမ်းရေးအကြောင်းရေးရန် စောစောက စိတ်ကူးမရှိခဲ့ပါ။ သို့ရာတွင် လူပြော သူပြောများလှသဖြင့် နောက်တော့ ရေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ကြော်လည်း ကြော်ငြာပြီးပြီ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အနှစ် ၅၀ ခန့် တွင်ကျယ်ခဲ့သည့် ထောက်လှမ်းရေးအကြောင်းအား ကျွန်တော် သိသလို၊ နားလည်သလို၊ တွေ့မြင်သလို ရေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရေးသားရာတွင် ယခုမှသာ မဟုတ်ပါ။ ဟိုရှေးပဝေသဏီကစပြီး ထောက်လှမ်းရေးတွေ ရှိကြောင်းကိုပါ နိဒါန်းချီပြီး ရေးသားသွားမည်ဖြစ်ကြောင်းပါခင်ဗျား။

## ထောက်လှမ်းရေးဆိုတာဘာလဲ

ဟုတ်ကဲ့။

ထောက်လှမ်းရေးဆိုတာကတော့ **Collecting of information** သတင်းရယူတာသာ ဖြစ်ပါသည်။

ဘာသတင်းတွေလဲ၊

စစ်သတင်း။

စီးပွားရေးသတင်း။

လူမှုရေးသတင်း။

နိုင်ငံရေးသတင်း။

ဒါတွေဆက်စပ်ယှက်နွယ်နေသည့် သတင်းအဖုံဖုံပင် ဖြစ်၏။

သတင်းရပြီးတော့ ဘာလုပ်မှာလဲ။

အထက်ဖော်ပြပါကိစ္စများ၌ အသုံးချရန် ဖြစ်ပါသည်။

စစ်သတင်းက စစ်တိုက်ဖို့၊

စီးပွားရေးသတင်းက စီးပွားရေးလုပ်ဖို့၊

လူမှုရေးသတင်းက လူမှုရေးတွေ ဆောင်ရွက်ဖို့၊

နိုင်ငံရေးသတင်းက နိုင်ငံရေးအဖွဲ့အစည်းတွေ အတွက် **Political Movement** တွေလုပ်ဖို့၊ **Propaganding** တွေ





လုပ်ဖို့၊ အားပြိုင်နိုင်ဖို့၊ အစိုးရတစ်ရပ် ထူထောင်ဖို့ ...စသည် စသည်ဖြစ်၏။

ဤသို့ ရည်ရွယ်ချက်အမျိုးမျိုးအတွက် သတင်းတွေ စုဆောင်းပြီး ဆောင်ရွက်နိုင်ရန် ပင်မအဖွဲ့အစည်း သို့မဟုတ် **Higher Formation** သို့ သတင်းပို့ရသည်။ သတင်းပေးရသည်။ **Feed Back** လုပ်ရသည်။ ဒါသည်ပင်လျှင် ထောက်လှမ်းရေး၏ တာဝန်ဖြစ်ပေသည်။

၁၉၄၁ က ဂျပန်တွေ ပုလဲဆိပ်ကမ်းတိုက်တော့ ဟာဝိုင်အီကျွန်း ဟိုနိုလူလူမြို့ကြီးတွင်ရှိ ဂျပန်သွားစိုက်ဆရာက သတင်းတွေ အဆက်မပြတ် ပေးခဲ့သည်။ သူက ပစိဖိတ်ရေတပ်ကြီးကို လှမ်းမြင်နေရသည့်နေရာတွင် ဆိုင်ဖွင့်ထား၏။ ၎င်းပြင် ဂျပန်သံရုံးမှ သံတမန်များကလည်း သတင်းတွေ ပေးသည်။ အမေရိကန်တွေက ဂျပန်တွေကို အထင်သေးပြီး စစ်အတွက် ဘာမှပြင်ဆင်မထားခဲ့။ နိဂုံးချုပ်တော့ ဂျပန်ရေတပ်လေယာဉ်များ၏ အပြတ်အသတ်ချေမှုန်းခြင်းကို အမေရိကန်တို့၏ ပစိဖိတ်ရေတပ်ကြီး ခံလိုက်ရ၏။ ဂျပန်တွေ စစ်ရေးလေ့ကျင့်နေခဲ့ကြသည်ကိုလည်း သူတို့ မသိခဲ့ချေ။

အလားတူပင် ဗြိတိသျှတို့၏ စင်ကာပူခံတပ်ကြီးကို ဒုတိယကမ္ဘာစစ်က ဂျပန်တို့ ဝင်တိုက်ခဲ့ရာ၌ ဗြိတိသျှတို့က တောင်ဘက်ပင်လယ်ပြင်ဘက် မျှော်မှန်းပြီး စစ်ပြင်ထားခဲ့ကြ၏။ တကယ်တိုက်တော့ ဂျပန်ဗိုလ်ချုပ်ကြီး ယာမာရှိတာနှင့် သူ၏ အမှတ် (၂၅) တပ်တော်သည် မလေးရှားမြောက်ပိုင်းရှိ ဆင်ဂိုရာပါတာနီနှင့် ကိုတာဘာရူးတို့မှ ကမ်းတက်ပြီး မလေးကျွန်းဆွယ်အား တိုက်ခဲ့၏။ အလွန်တောထူသည်။ မလေးကျွန်းဆွယ်မြောက်ပိုင်းမှ မုတ်သုန်



www.burmeseclassic.com

www.burmeseclassic.com



သစ်တောကြီးများကို ဖြတ်ကာ ဂျပန်တို့က တောင်ဘက်သို့ လျင်မြန်စွာ တိုက်စစ်ဆင်ခဲ့ကြ၏။

ထိုစဉ်က စင်ကာပူကျွန်းတာဝန်ခံ ဗြိတိသျှဗိုလ်ချုပ်ကြီး ပါစီဗယ်လ်က မလေးရှားတောကြီးများမှာ အလွန်ထူထပ်သဖြင့် ဂျပန်တွေ လွယ်လွယ်ကူကူ ထိုးဖောက်မရနိုင်ဟူသော သူ၏ဗြိတိသျှ ထောက်လှမ်းရေးများ သတင်းပို့ချက်ကို အလွန်ယုံနေ၏။ တကယ် တော့ အပူပိုင်းဇုန်တောတွင်းစစ်ဆင်ရေး **Jungle Warfare** အား စစ်မဖြစ်မီ တစ်နှစ်အလိုလောက်ကပင် ဂျပန်တွေ ဖော်မိုဆာနှင့် ဟိုင်နန်ကျွန်းများ၌ လေ့ကျင့်သင်ကြားပြီးခဲ့ကြောင်း ပါစီဗယ်လ် မသိခဲ့ပါချေ။

စစ်မှာ သတင်း၊ လူမှာ ထမင်း ဟူ၏။

**No information, no operation** ပင်ဖြစ်သည်။ ဗြိတိသျှ တွေ သတင်းကောင်းကောင်းမရ၍ စင်္ကာပူခံတပ်ကြီး လျင်မြန်စွာ ကျဆုံးခဲ့ရ၏။ ၎င်းတို့ အလွန်အားထားသည့် ဗြိတိသျှရေတပ်၏ **Prince of Wales** နှင့် **Repulse** စစ်သင်္ဘောကြီးနှစ်စင်းကိုလည်း ဂျပန်လေတပ်က နာရီပိုင်းအတွင်း နှစ်မြှုပ်ပစ်နိုင်ခဲ့၏။

ဂျပန်လေယာဉ်တွေ၏ တိုက်စစ်ဆင်နိုင်စွမ်းကို ဗြိတိသျှတွေ မသိခဲ့ပါချေ။

အလစ်အငိုက်ခံခဲ့ရပြီး ၅၅ ရက်အတွင်း မလေးကျွန်းဆွယ် တစ်ခုလုံးနှင့် စင်္ကာပူခံတပ်ကြီး ကျဆုံးခဲ့ရတော့၏။

ဤသည်မှာ သတင်းရယူရေးနှင့် ပတ်သက်ပြီး ထင်ရှား သော သာဓကနှစ်ခု ဖြစ်ပါသည်။ ပြောမည် ရေးမည်ဆိုက အများ ကြီးပါပေ။



## အခန်း ( ၁ )

## မြန်မာ့တပ်မတော် ထောက်လှမ်းရေးသမိုင်း

ကမ္ဘာ့နိုင်ငံကြီးအသီးသီး၌လည်းကောင်း၊ တပ်မတော်များ တွင်လည်းကောင်း ထောက်လှမ်းရေး အဖွဲ့အစည်းများ ရှိခဲ့၏။ အားလုံးနာမည်ကျော် အဖွဲ့အစည်းများဖြစ်၏။

| | |
|---|---|
| အမေရိကန်တွင် | **C.I.A** နှင့် **F.B.I** |
| အင်္ဂလန်တွင် | **MI 5** နှင့် **MI 6** |
| ရုရှားတွင် | **KGB** |
| အစ္စရေးတွင် | **MOSSAD** |

ဒုတိယကမ္ဘာစစ်ကာလက

| | |
|---|---|
| ဂျာမနီတွင် | ဂက်စတာပို |
| ဂျပန်တွင် | ကင်ပေတိုင်တို့ ဖြစ်ကြ၏။ |

မြန်မာနိုင်ငံတွင်မူ ဗမာ့တပ်မတော် **Burma Army** ဖွဲ့စည်း ပြီးသည့်အချိန်၌ ဘာထောက်လှမ်းရေးတပ်ဖွဲ့မှ ပီပီပြင်ပြင် မရှိခဲ့။



www.burmeseclassic.com


www.burmeseclassic.com



ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး မတိုင်မီက တပ်မတော်ထောက်လှမ်းရေး
ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ(ယခု ပြည်ထဲရေးဝန်ကြီး)


www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ထောက်လှမ်းရေးညွှန်မှူးတာဝန်အား

www.burmeseclassic.com



နဝတခေတ်က ဗိုလ်ချုပ်များ



စစ်ဘက်လက်ထောက်)အား ကွပ်ကဲမှုပေး၍ ထောက်လှမ်းရေးတပ်ဖွဲ့ကို ဖွဲ့စည်းစေခဲ့၏။ ဗိုလ်မှူးချုပ်မောင်မောင်ကိုမှ နိုင်ငံခြားသို့ သံအမတ်အဖြစ် ပို့လွှတ်ခဲ့၏။ အစ္စရေးနိုင်ငံ သံအမတ်ကြီးတာဝန်ပေးခဲ့လေသည်။ ၁၅ နှစ်ကျော်ကြာမှ မြန်မာနိုင်ငံကို ပြန်ခေါ်ခဲ့၏။

ဤတွင် မြန်မာ့တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့အား မျက်မှန်ကြီး ခေါ် ဗိုလ်မှူးချုပ်တင်ဦးက အဓိကထား ဖွဲ့စည်းလုပ်ဆောင်ခဲ့သည်ဟု ဆိုရပေမည်။ လိုအပ်သည်များ ပံ့ပိုးပေးခဲ့သူက ဗိုလ်ချုပ်ကြီးနေဝင်း ဖြစ်၏။

နောက်ပိုင်းတွင် ဗိုလ်မှူးချုပ်တင်ဦးအကြောင်းကို သီးသန့်ဖော်ပြပါမည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၈–၅၉ အိမ်စောင့်အစိုးရလက်ထက်၌ တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့ကို အပီအပြင် ဖွဲ့စည်းပြီး အောက်ပါသူများအား တာဝန်ပေးခဲ့ရာ ယနေ့အချိန်ထိ မြန်မာ့တပ်မတော် ထောက်လှမ်းရေးအကြီးအကဲ MI Chief များကို တွေ့ရပါသည်။

၁။ ဗိုလ်မှူးကြီးလွင် (နှုတ်ခမ်းမွေးလွင်) ၁၉၅၉–၆၉
၂။ ဗိုလ်မှူးကြီးချစ်ခင် ၁၉၆၉–၇၂
၃။ ဗိုလ်မှူးချုပ်တင်ဦး(မျက်မှန်ကြီး) ၁၉၇၂–၇၈
၄။ ဗိုလ်မှူးကြီးအောင်ငွေး ၁၉၇၈–၈၀
၅။ ဗိုလ်မှူးကြီးမျိုးအောင် ၁၉၈၀–၈၂
၆။ ဗိုလ်မှူးကြီးကံညွန့် ၁၉၈၂–၈၃
၇။ ဗိုလ်မှူးကြီးအောင်ကိုး ၁၉၈၃
(လအနည်းငယ်သာ တာဝန်ထမ်းဆောင်ခဲ့ရသည်)



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၈။ | ဗိုလ်မှူးကြီးခင်ညွန့် (ဗိုလ်ချုပ်ကြီးခင်ညွန့်) | ၁၉၈၃–၂၀၀၄ (အနှစ် ၂၀ ကျော်) |
| ၉။ | ဒုဗိုလ်ချုပ်ကြီးမြင့်ဆွေ | ၂၀၀၄–၂၀၀၅ |
| ၁၀။ | ဒုဗိုလ်ချုပ်ကြီးရဲမြင့် | ၂၀၀၅–၂၀၁၀ |
| ၁၁။ | ဒုဗိုလ်ချုပ်ကြီးကျော်ဆွေ | ၂၀၁၀–၂၀၁၄ |
| ၁၂။ | ဒုဗိုလ်ချုပ်ကြီးမြထွန်းဦး | ၂၀၁၄မှ ယနေ့အထိ |

❖ ❖ ❖



## ကျွန်တော်သိသော ထောက်လှမ်းရေးမှတ်စုများ

ကျွန်တော်သည် ကြည်းတပ်တွင် အနှစ် ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ရာ မလွဲမသွေ တိုက်ပွဲထောက်လှမ်းရေးဘာသာရပ် **Combat Intelligence** နှင့် ကြုံဆုံခဲ့ရ၏။ ရင်းနှီးခဲ့ရ၏။ အရာရှိငယ်ဘဝတွင် တပ်ရင်း နှစ်ရင်း၊ သုံးရင်း၌ **I.O** အိုင်အို ခေါ် **Intelligence Officer** ကလေး လုပ်ခဲ့ရ၏။ ထိုသို့ တာဝန်ထမ်းဆောင်ခဲ့သော်လည်း ထောက်လှမ်းရေးနှင့် ပတ်သက်ပြီး ဘာသင်တန်းမှ မတက်ခဲ့ဖူးပါ။ အဲဒီတုန်းက အဲဒီသင်တန်းကလည်း အလုအယက် တက်ချင်တဲ့သူတွေ တန်းစီနေ၏။ ကျွန်တော်က သိပ်ပြီး **Advantage** ယူတတ်တဲ့သူ မဟုတ်။ ဘာသင်တန်း တက်ချင်ပါတယ်၊ ဘာလုပ်ချင်ပါတယ်လည်း မပြောတတ်။ အမိန့်နာခံပြီး နိုင်းရာလုပ်ခဲ့သူ။ ဒါကြောင့် ထောက်လှမ်းရေးသင်တန်းများနှင့် ဝေးခဲ့ရပါသည်။

၁၉၇၉ ခုနှစ်၌ ဗထူးတိုက်ခိုက်ရေးကျောင်း ပြောင်းရသည်။ ထိုအခါ စုမှူးခွဲမှူးသင်တန်းများ၌ ထောက်လှမ်းရေးမှ နည်းပြများက သင်တန်းပို့ချသည်။ ထိုအခါမျိုး၌ ကျွန်တော်က အကူနည်းပြ

www.burmeseclassic.com



နောက်ထိုင်နည်းပြမျိုးဖြင့် သူတို့အား ဝိုင်းဝန်းပြီး လိုတာလေးတွေ ဖြည့်ဆည်းပေးရသည်။ သူတို့ ပေါပြောပို့ချတာတွေ နားထောင်ခဲ့ရသည်။ ၎င်းနားထောင်ထားသည်များမှ မှတ်မိသမျှအား စာဖတ်သူများ ဗဟုသုတအတွက် အောက်ပါအတိုင်း ပြန်လည်မျှဝေလိုက်ပါသည်ခင်ဗျား။

ထောက်လှမ်းရေး၏ အဓိကတာဝန်မှာ သတင်းရယူရေး သတင်းရရှိရေးပင် ဖြစ်၏။ မည်သည့်ကိစ္စမဆို သတင်း **information** ရရမည်။ စစ်ရေးဖြစ်ဖြစ်၊ စီးပွားရေးဖြစ်ဖြစ်၊ လူမှုရေးဖြစ်ဖြစ်၊ နိုင်ငံရေးဖြစ်ဖြစ် သတင်းရရှိရေးသည် ပထမဆုံးအချက်ဖြစ်၏။ သတင်းရမှ အဲဒီသတင်းက မှန်သလား၊ မှားသလား၊ ဘယ်လောက်ထိ မှန်တာလဲ။ အရေးကြီးလား။ မကြီးဘူးလား။ ဘယ်လောက်အရေးကြီးတာလဲ၊ ဒါတွေကို စိစစ်ရသည်။ အတည်ပြုရသည်။ ပြီးမှ ဘာလုပ်ရမည်ကို ဆုံးဖြတ်ရသည်။

အဲဒီတော့ ဘာအရေးကြီးဆုံးလဲ။ သတင်းပေါ့။ သတင်းရရေးကို နည်းမျိုးစုံလိုက်ကြ၏။ မှတ်တမ်းတင်ကြ၏။ ဓာတ်ပုံရိုက်ကြ၏။ ဗီဒီယိုရိုက်ကြ၏။ **Face Book** တွေ သုံးကြ၏။ ပို့ကြ၏။ ရှာကြ၏။ ပွတ်ကြ၏။ တင်ကြ၏။

သတင်းအကြောင်းကို ထောက်လှမ်းရေးရဲ့ အသုံးဖြင့် ဖော်ပြပါမည်။

**သတင်း**

**"သတင်းဆိုသည်မှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ထင်ရှားပြဆိုနိုင်သည်ဖြစ်စေ ထင်ရှားပြဆိုနိုင်ခြင်း**





**ကင်းမဲ့သည်ဖြစ်စေ၊ ဆီလျော်စပ်ဆိုင်သည်ဖြစ်စေ၊ ဆီလျော်စပ်ဆိုင်ခြင်း ကင်းမဲ့သည်ဖြစ်စေ ကုန်ကြမ်းမျှသာ ဖြစ်သည်"**

မှန်ကန်သည့်သတင်းအဖြစ် အတည်ပြုနိုင်အောင် စိစစ်ရ၏။

စစ်ကြောရ၏။ မေးရ၏။ မြန်းရ၏။ ရှာဖွေရ၏။ ထပ်လိုက်ရ၏။ အကြိမ်ကြိမ်စိစစ်ပြီးမှ ထိုသတင်းကို မှန်ကြောင်း အတည်ပြုနိုင်လေသည်။ ထိုအတည်ပြုချက်ကို **Higher Formation** တင်ပေးရသည်။ လိုတာ ဆက်လိုက်ဖို့က အထက်ဌာနတာဝန်သာဖြစ်၏။

ဤနေရာတွင် ကျွန်တော့်ကိုယ်တွေ့လေးတစ်ခု နှစ်ခုကို တင်ပြပါမည်။

၁၉၇၈ ခုနှစ် မိုးတွင်းက ခလရ (၆၇) တွင် တာဝန်ထမ်းဆောင်ရင်း လွယ်မော်ချေမှုန်းရေး၌ တပ်ခွဲတစ်ခွဲဖြင့် လှုပ်ရှားနေရ၏။ လားရှိုးနှင့် မနီးမဝေး လေးငါးဆယ်မိုင်တွင် လွယ်မော် ၁၀၀ ခန့်နှင့် ကျွန်တော့်တပ်ခွဲတိုက်ပွဲဖြစ်သည်။ ကျွန်တော့်တပ်ခွဲက တောင်ပေါ်က အဆင်း တောင်ခြေရွာ၌ ရင်ဆိုင်တွေ့ကြ၏။ အပေါ်အောက်မို့ လွယ်မော်တွေ တစ်နာရီခန့်ခံတိုက်ပြီး ဆုတ်သွားသည်။ သုံးယောက် သေပြီး သေနတ် ၂ လက် ကျန်ခဲ့၏။ ဘိန်းပိဿာချိန် ၁၀၀ ခန့်လည်း မသယ်နိုင်တော့ဘဲ ထားခဲ့ရ၏။ လား၊ မြင်း အကောင်လေးငါးဆယ် ပါသည်။ လားတွေပေါ်မှာ ဘိန်းပိဿာချိန် လေးငါးခြောက်ရာ တစ်ထောင်ခန့်ပါသည်ဟု ရွာသားတွေက ပြောကြသည်။ လားတန်းကြီးဆုတ်နိုင်အောင် ရှာထိပ်က ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ဖြင့် ခံပစ်သည့် ၅၇ က လက်နက်ကြီးထဲ ထည့်လို့ရ၏။ ကျွန်တော်က တပ်ခွဲအဆင့်မို့ လက်နက်ကြီး မပါပါ။ ၂ လက်မ စိန်ပြောင်းနဲ့ **M79** လောင်ချာပါ၏။ ၅၇ နဲ့ အပစ်ခံရ၍ အခြေ်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်မလိုက်ရဲပါ။ ကျွန်တော့်ဘက်မှလည်း ၂ ယောက် ပြင်းထန်စွာ ဒဏ်ရာရထားသည်။ ကျွန်တော်က ပေါ့ပေါ့ပါးပါးသာ လှုပ်ရှား၏။ ဘာအလေးအပင်မှ မသယ်ပါ။ ရိက္ခာတောင် **Local Purchase** ဒေသန္တရ ဝယ်စားနှင့် တောင့်ပြီး ဝယ်စားသည်။ ရန်သူကို တောက်လျှောက် လိုက်စစ်ဆင်နေသည်။ ထိုနေ့က လိုက်စစ်မဆင်နိုင်ခဲ့ပါ။ တိုက်ပွဲနေရာမှာပင် အချိန်အတော်ကြာသွား၏။

ရမခတိုင်းက ရန်သူ့အင်အားနှင့် လက်နက်ကို မေးသည်။ လူ ၁၀၀ ခန့်နှင့် ၅၇ မီလီမီတာ နောက်ပွင့်ပါကြောင်း သတင်းပို့တော့ မဖြစ်နိုင်ဘူးဟု ဆို၏။ လွယ်မော်တွေမှာ ၅၇ မရှိဘူးတဲ့ဗျာ။

ကျွန်တော်က လေးငါးဆယ်ချက် အပစ်ခံရကြောင်း။ ထပ်သတင်းပို့တော့ ကျည်ခွံပြနိုင်သည်လားဟု မေး၏။ ပြနိုင်ပါတယ်ဟု ပြောပြီး သူတို့ပစ်ပြီး ကျန်ခဲ့၏။ ကျည်ခွံလေးငါးခွံကောက်ပြီး လူနာသယ်အဖွဲ့နှင့် ရမခတိုင်းကို ပို့ပေးလိုက်ရတော့၏။

သက်သေခံပစ္စည်းပါသွားမှ ရမခ စစ်ဦးစီးဌာနက ယုံတော့သည်။ ၅၇ က ပိုက်ဆံရှိရင် ဝယ်လို့ရတာပဲဗျာ။ ဘာခက်သလဲ။

နောက်တစ်ခုကတော့ ၁၉၉၂ ခုနှစ် KNU ဗဟိုမာနေပလော ပထမတိုက်စစ်တုန်းက ဦးစီးချုပ်အသစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တစ်ဖက်သတ် စစ်ရပ်စဲခဲ့၏။ တိုက်ပွဲဝင်တပ်တွေ ပြန်ခွာခိုင်းသည်။ ဆုတ်ခိုင်းသည်။ တိုက်ပွဲဝင်မှာ ကျွန်တော်နှင့် ၂ ရင်း ကျန်ခဲ့၏။ ကျန်တဲ့တပ်တွေအားလုံး ပြန်ခွာသွားကြသည်။

**KNU** က စိတ်ဆိုးဆိုးနှင့် လက်နက်ကြီးတွေ တရစပ်ပစ်သည်။ သင်္ကြန်တွင်းကာလတစ်ရက် ညနေပိုင်း၌ ထူးထူးဆန်းဆန်း **ICOM** စကားပြောစက်လေးမှ ကရင်သံဝဲဝဲပေါ်လာ၏။





"ယောက်ဖရေ ... မင်းတို့အတွက် နှစ်သစ်ကူးသင်္ကြန် လက်ဆောင် လာပြီဟေ့"

ဟု ပြောသည်။ ပြီးတော့ ဗိုးဗိုး ဗိုးဗိုး ... ဝိဝိ ဝိဝိဖြင့် အသံထွက်လာသည်။ လေးငါးဆယ်စက္ကန့်အကြာ၌ အုံးကျိမ်းဆိုသော အသံကြီးထွက်ပြီး ကျွန်တော့်ဗျူဟာရုံးအနီး လာကျသွားသည်။ ဗျူဟာရုံးနှင့်အတူ အမြောက်တပ်ဖွဲ့နှင့် ယာယီရှေ့တန်းစစ်ဆေးရုံလေး ရှိသည်။ အဲဒီနားတစ်ဝိုက် လာကျတာဖြစ်၏။

ဘာနဲ့ပစ်လိုက်မှန်းမသိ။ စိန်ပြောင်းက ဖောက် ကျိမ်းဟု မြည်၏။ ဒါက စိန်ပြောင်းမဟုတ်။ စိန်ပြောင်း ဖောက်ကျိမ်းဆိုတာက ဖောက်က ပိုကျည် **Cartridge** ကို **Firing Pin** ရိုက်တဲ့အသံ။ ကျိမ်းဆိုတာက စိန်ပြောင်း ဗုံးသီးကျကွဲတဲ့အသံ။ အသံနားထောင်ပြီး ရှောင်ချိန် တိမ်းချိန် ရသည်။

အခုဟာက အဲဒီလိုမဟုတ်။ ဘာပါလိမ့်။

**KNU** တွေကတော့ အဲဒါကို ဝီထော်ဟု ခေါ်၏။ ဝီဆိုပြီး အသံမြည်ကာ အပေါ်တက်သွားခြင်းကြောင့်ဟု ဆို၏။ ထော်ဆိုတာကတော့ ကရင်လို တက်တာပေါ့ဗျာ။ ထော်ထော်ဆိုတာ တက်တက်ပေါ့။

ဒီလက်နက်ကြီးကို **KNU** တွေက ယိုးဒယားဖက်ကမ်း ဒါဆောင်ယမ်ဘက်က ပစ်ပေးနေတာ။ သူတို့ဟာ မဟုတ်။ ထိုင်းစစ်တပ်က လက်ဆောင်ရတာတဲ့။ ထိုင်းက လက်နက်စမ်းတာပေါ့ဗျာ။ လာစမ်းတာပေါ့။

လေးငါးရက် အဲဒါကြီးနဲ့အပစ်ခံရသည်။ သူက **Splinter** စများ မကွဲပါ။ ဗုံးသီးရှည်ရှည်မှ ငါးကွန်းရုပ်အမြှောင်းလို အမြှောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးများအဖြစ် ပြန်ထွက်သွားသည်။ ကျွန်တော်က အဲဒါမျိုးနဲ့ အပစ်ခံရပါသည်ဆိုတော့ စစ်ရုံး ကကကြည်းမှ ဟုတ်ရဲ့လားတဲ့။ ဟုတ်တာပေါ့ဗျာ။ မဟုတ်ဘဲ အထက်ဌာနကို ဘယ်ပြောရဲမှာလဲ။

ဒါနဲ့ နမူနာပို့ပါပြောတော့ အဲဒီငါးကွန်းရုပ်အမြှောင်းကြီးတွေ လိုက်ကောက်ပြီး ရဟတ်ယာဉ်အကြုံနဲ့ ကကကြည်းပို့လိုက်ရသည်။ အဲဒီကျမှ အဖြေပေါ်၏။

၁၀၇ မီလီမီတာရော့ကက် လောင်ချာတဲ့။ ရုရှားလုပ် ကက်ရှူးယား အတွဲလိုက်လောင်ချာမျိုး ဖြစ်၏။ ၆ လုံးတွဲ၊ ၈ လုံးတွဲများ ဖြစ်သည်။ ကားပေါ်မှ ပစ်စင်နှင့် ပစ်ရသည့်အမျိုးဖြစ်၏။ (မြန်မာ့တပ်မတော်တွင်လည်း အထက်ပါလက်နက်မျိုးများ အခု ဖြစ်နေပါပြီ။ တပ်မတော်နေ့ စစ်ရေးပြများတွင် ကြည့်ပါရန်။)

အဲဒီကျမှ အဖြေပေါ်သည်။

နောက်တော့ မှန်ပြောင်းဖြင့် ဟိုဘက်ကမ်းလှမ်းကြည့်ရာ ပစ်တဲ့ကားကို ကျွန်တော်တို့ တွေ့ရပါသည်။ ပစ်စင်နှင့်တင်ပြီး ပစ်ပေးနေတာဖြစ်ပါ၏။

ဤသို့သော ဖြစ်စဉ် နှစ်ခု သုံးခုရှိခဲ့ပါသည်။

သတင်းနှင့် ဆက်စပ်၍ တင်ပြလိုက်ရခြင်းပါ။

ဆက်လက်ပြီး သတင်းထောက်လှမ်းရေးနှင့် စပ်ဆိုင်သည်များကို ဖော်ပြပါဦးမည်။

တိုက်ပွဲထောက်လှမ်းရေးမှသိမှတ်ဖွယ်ရာများ

(၁) ထောက်လှမ်းရေး(သတင်း)

(၂) လုံခြုံရေး





(၃) သိပ္ပံနှင့်နည်းပညာ

(၄) ထောက်လှမ်းရေးစက်ဝန်းတို့ ဖြစ်၏။

၁။ သတင်းထောက်လှမ်းရေး

(က) စု။ ရနိုင်သမျှ သတင်းများ စုဆောင်းရန်။ သတင်းစုဆောင်းခြင်းအား မိမိသတင်းပေး အထောက်တော်များမှလည်းကောင်း၊ အခြားအခြေအမြစ် မီဒီယာများ၊ စာရွက်စာတမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များမှလည်းကောင်း၊ ကြားဖြတ်ဖမ်းစက်များမှလည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ ရေဒီယိုမှလည်းကောင်း အမျိုးမျိုး သတင်းကို စုကြရမည်။ စုကြရသည်။

(ခ) တည်။ ဖြစ်နိုင်ချေအလားအလာကို တည်ဆောက်ရန်။ ဒီသတင်းဟာ ဘယ်လောက်ဖြစ်နိုင်သလဲ။ ဘယ်လောက် ယုံကြည်ရသလဲ။ ဘယ်လောက်အဆင့်ရှိသလဲ။ ဒါကို အကဲဖြတ်ရသည်။ အနက်ကောက်ရသည်။ အနက်ကောက်ရမည်။ ပြီးတော့ ဒီသတင်းကို အတည်ပြုရသည်။

ဒါနဲ့ပတ်သက်ပြီး ဥပမာတစ်ခုတင်ပြပါမည်။ ၁၉၇၈ ခုနှစ်နှစ်စက ဖြစ်သည်။ ကျွန်တော်သည် ခလရ (၆၇) ခွဲ ၄ နှင့် နောင်လိုင်စခန်းတွင် စခန်းထိန်းတာဝန်ထမ်းဆောင်နေစဉ်ကာလက ဖြစ်၏။ အရေးကြီး သတင်းတစ်ခုရသည်။ ရလျှင်ရခြင်း ထိုသတင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ အရေးကြီးသဖြင့် အောက်ပါကြေးနန်းပုံစံဖြင့် တန့်ယန်းဗျူဟာသို့ တင်ပြခဲ့၏။

| | | |
|---|---|---|
| ပ။ | ခလရ (၆၇) ခွဲ ၄ | ရက်စွဲအချိန် |
| လ။ | စစ်ဗျူဟာ(တန့်ယန်း) | ၇၈ ဖေ ၂၈ ၁၂၀၀ |
| တ။ | ခလရ (၆၇) | |

၁ ဦး ၄ လ ၀၂။ ရန်သူသတင်းပေးပို့ခြင်း ၇၈ ဖေ ၂၆ ရက်နေ့က မိမိစခန်းမှူးနှင့် တာဆိုင်းလျှံပူကျယ်တို့ တွေ့ဆုံရာ၌ တာဆိုင်းလျှံတစ်ဖက်ကမ်း သံလွင်အရှေ့ဘက်၌ ဗကပ တပ်မဟာ (၈) နှင့် (၁၂) ပူးပေါင်းအင်အား ၂၀၀၀ ကျော် စုဖွဲ့လျက်ရှိပြီး မိမိ သံလွင်အနောက်ခြမ်း တပ်စခန်းများကို တိုက် ခိုက်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရ။ (ခ/၂)

ထိုသတင်း တန့်ယန်းဗျူဟာ ရောက်သွားသည်။ ဖေဖော်ဝါရီ ၂၈ ရက် နောက်တစ်နေ့၌ ကျွန်တော့်တပ်ခွဲနှင့် ခလရ (၃၃) မှ တပ်ခွဲ စခန်းထိန်း တာဝန်လွှဲပြီး ကျွန်တော် နောက်ပိုင်းမှ မိုင်းရယ် ပြန်ရသည်။

တန့်ယန်းဗျူဟာရောက်တော့ ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်အောင် (ကွယ်လွန်သူ လယ်ဆည်ဝန်ကြီး ဒုဗိုလ်ချုပ်ကြီး မြင့်အောင်)နှင့် တွေ့ရ၏။

"ဟော့ကောင်ရဲ့ ... ဗကပ ၂၀၀၀ လောက် တာဆိုင်း လျှံကူးတို့အရှေ့ဘက်ကမ်းရောက်နေတာ သေချာရဲ့လား"





"သေချာတယ်လို့ ပြောပါတယ်ခင်ဗျ"

"ဘယ်သူက ပြောတာလဲ"

"တာဆိုင်းလျှံသူကြီးပူကျယ်က စခန်းလာပြီး သတင်းပို့ တာပါ။ လဆန်းက ကျွန်တော် တိုက်ကင်းထွက်ရင်း တာဆိုင်းလျှံ ရောက်တော့ သူကြီးပူကျယ်နဲ့ တွေ့ပါတယ်။ သတင်းထူးရင် သတင်းပို့ပေးဖို့ သူ့ကို မှာခဲ့ပါတယ်။ အဲဒါကြောင့် သူက လာသတင်းပို့တာပါ"

"ဘယ်လိုထူးလဲ"

"ဗကပတွေ ဝါးဖောင်တွေ၊ လှေနာသယ်ဝါးကပ်တွေ အရှေ့ဘက်ကမ်းမှာ လုပ်နေကြသတဲ့ခင်ဗျ။ ပြီးတော့ သူလည်း အစည်းအဝေးခေါ်လို့ ဟိုဘက်ကမ်းကူးတော့ ဗကပအရှေ့မြောက် စစ်ဒေသက ကော်မတီဝင် ကျော်မြင့် ခေါ် ဖော်မိုင်နဲ့ သူ တွေ့ခဲ့ ရတာတဲ့ခင်ဗျ"

"ဩော် ... သူက ဖော်မိုင်မှန်း ဘယ်လိုလုပ်သိလဲ"

"သူက အရင် အရှေ့ဘက်ကမ်းကခင်ဗျ။ လွန်ခဲ့တဲ့ လေးငါးနှစ်ကမှ ဒီအနောက်ဘက်ကမ်း ကူးလာတာ။ ဖော်မိုင်ကို ဟိုတုန်းကတည်းက ခဏ ခဏ မြင်ဖူးနေလို့ သိတာတဲ့ခင်ဗျ။ အဲဒီနေ့က ဖော်မိုင်က ကချင်လုံချည် ဝတ်ထားတာတဲ့ခင်ဗျ"

"ဩော် ... တယ်ဟုတ်ပါလားကွ။ ဗကပ တပ်မဟာ (၈) နဲ့ (၁၂) နှစ်ခုပေါင်းလာတာ သူက ဘယ်လိုလုပ်သိတာလဲ။ ဗကပရဲဘော်တွေ သူ မြင်ခဲ့လို့လား"

"အများကြီးတော့ မမြင်ခဲ့ဘူးတဲ့ခင်ဗျ။ ရွာထဲမှာနဲ့ လှေဆိပ် မှာတော့ အစောင့်စစ်သားတွေတော့ တွေ့သတဲ့ခင်ဗျ။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



လိုလို ဝကလေးတွေတဲ့ခင်ဗျ”

ဗျူဟာမှူးက တွေဝေသွားသည်။ နည်းနည်းစဉ်းစားဟန် ပြုလိုက်၏။ ပြီးမှ ...

“ဟေ့ကောင် ... မင်းဟာ ဟုတ်ရဲ့လားကွာ။ ဒို့ဆီမှာတော့ ဘာသတင်းမှ တက်မလာဘူးကွ”

အထက်ပါအတိုင်း ပြော၏။ ကျွန်တော် သတင်းပို့တာ ယုံကြည်ပုံမရပါ။ သူ့ဗျူဟာနယ်မြေတွင် ဗကပ အင်ကြီးအားကြီးနဲ့ ဝင်လာတယ်ဆိုသည်ကို သူ လက်ခံမယ့်ပုံ မပေါ်ပါ။ လက်ခံချင်ပုံမရပါ။

“အေးအေး ... မင်း သွားတော့ ... သွားတော့”

ကျွန်တော် အလေးပြု ပြန်ထွက်၍ မိုင်းရယ်ပြန်ခဲ့ရ၏။

သိပ်မကြာပါခင်ဗျာ။ တစ်ပတ်သာကြာ၏။ ၁၉၇၈ ခုနှစ် မတ်လ ၆ ရက်နေ့၌ ဗကပ ၂၀၀၀ ကျော် တာဆိုင်းလျှံကူးတို့မှ ကူးလာပြီး ၇ ရက်နေ့ မနက်၌ နောင်လိုင်၊ ပါဖန်၊ ပို့ဂျင့် ၆၀၄၁ နှင့် နန့်မူဆယ်စခန်းများကို ဝင်တိုက်တော့၏။ ဗိုလ်မှူး သိန်းထွန်းတင်၏ ပို့ဂျင့် ၆၀၄၁ စခန်းမှလွဲ၍ ကျန်စခန်းများအားလုံး နာရီပိုင်း အတွင်းတွင်ပင် ကျဆုံးသွားတော့၏။

ကျွန်တော် သတင်းပို့တာ မယုံ၍ ဗျူဟာက ဘာမှလုပ်ပုံ မရပါ။ သတင်းပေးပြီး ကြိုတင်ပြင်ဆင်ခြင်း၊ တန့်ယန်းတပ်ရင်းမှူးအား စခန်းစစ်ရန် တာဝန်ပေးခြင်း၊ ဗျူဟာမှူးကိုယ်တိုင် သံလွင်အနောက်ခြမ်းတပ်များကို လိုက်လံစစ်ဆေးမှု မရှိခြင်း၊ စပ်ကြားမြေ စိုးမိုးမထားခြင်း၊ တိုက်ကင်း လှည့်ကင်းများ မလွှတ်ခြင်း၊ ခံစစ်များ ခိုင်မာအောင် မပြင်ဆင်ခဲ့ခြင်း၊ တပ်ဆောင်းတပ်များ





ပို့မထားခြင်း၊ စစ်ကူပစ်ကူများ စီစဉ်မထားခြင်းတို့ကြောင့် နောင်လိုင် ပါဖန် တိုက်ပွဲကြီး ဖြစ်ပွားကာ ရက်ပေါင်း ၂၀ ကျော်ကြာအောင် ဗကပနှင့် မြန်မာ့ တပ်မတော်တို့ သူသေကိုယ်သေ တိုက်ပွဲကြီးများ ဆင်နွှဲခဲ့ရပါသည်။

ဒါက ကျွန်တော် သတင်းပို့တာကို အလေးမထားလိုက်၍ ပေးဆပ်လိုက်ရသည့် သွေးချွေးများ အသက်များ ဖြစ်ပါသည်။

လူလေးငါးရာ ကျဆုံး၊ ဒဏ်ရာရ၍ လက်နက်စုံ ရာဂဏန်း ဆုံးရှုံးရသည်။ လူအတော်များများ ရန်သူ့သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ရပါသည်။

ဒီခေတ်တိုက်ပွဲတွေ ပေါင်းလိုက်ရင် အဲဒီတုန်းက တစ်ပွဲစာသာဖြစ်၏။ စာရှုသူများ သိနိုင်ပါရန်။

(ဂ) သုံး။ အသုံးချခြင်း

ဒီသတင်းကို အသုံးပြုရမည်။

ဒီနေရာတွင် သတင်းအသုံးချနိုင်ရန်အတွက် ဘယ်လောက်မှန်ပြီး ဘယ်လိုသုံးရန်ဆိုသည်ကို သတင်းအဆင့်အတန်း သတ်မှတ်ရသည်။

သတင်းအဆင့်အတန်း သတ်မှတ်ရာ၌ အောက်ပါအတိုင်း သတ်မှတ်သည်။ ပထမ သတင်းတည်ရာဌာန။ ဒုတိယက သတင်းအဆင့်အတန်း။

သတင်းတည်ရာဌာနအဖြစ် အောက်ပါအတိုင်း သတ်မှတ်သည်။

က – ကာယကံရှင်ကိုယ်တိုင်က ပေးတဲ့သတင်း၊



www.burmeseclassic.com

www.burmeseclassic.com



၁ – တစ်ဆင့်ကြားသူ သို့မဟုတ် မြင်ခဲ့သူက ပေး တဲ့သတင်း။

ဂ – ကောလာဟလသတင်းတစ်ဆင့်စကား တစ်ဆင့်နားကြားတဲ့သတင်း၊ လူထုထဲ ပြန့်နေတဲ့ သတင်း၊

ဥပမာ ပေးပါမည်။

၁၉၆၈ က သခင်သန်းထွန်းလုပ်ကြံခံရတော့ လုပ်ကြံခဲ့သူ ရဲဘော်မြကြီးက ဤပွဲတွင် အလင်းဝင်သည်။ ပြီးတော့ ပြော၏။ သူ သခင်သန်းထွန်းကို အနီးကပ်ပစ်ခတ်လုပ်ကြံခဲ့ပါသတဲ့။

တပ်က မယုံပါ။ လိုက်ပြနိုင်းသည်။ မြရာပင်ကျောကို သူလိုက်ပြသည်။ အလောင်း မတွေ့ပါ။ နောက်တော့ ရဲဘော်မြ အလင်းဝင်လာသည်။ သူက သခင်သန်းထွန်းအလောင်းမြှုပ်တာတွင် ကိုယ်တိုင်ပါသူဖြစ်၏။ အလောင်း တွေ့သည်။ ရသည်။

ထို့ကြောင့် သခင်သန်းထွန်းလုပ်ကြံခဲ့သူ ရဲဘော်မြကြီးသည် 'က' အဆင့် သတင်းတည်ရာဌာန ဖြစ်၏။

ရဲဘော်မြကိုတော့ 'က' သို့မဟုတ် 'ခ' ဟု သတ်မှတ်ရင်လည်း ရပါသည်။ သူကိုယ်တိုင် အလောင်းမြှုပ်ခဲ့တာဆိုတော့ 'က' ဟု သတ်မှတ်က ပိုမှန်ပါမည်။

နောက်တစ်ခုက သတင်းအဆင့်အတန်း

သတင်းအဆင့်အတန်း သတ်မှတ်ရာ၌

၁ – လုံးဝ ယုံကြည်အားထားရမည့်သတင်း

၂ – ယုံကြည်အားထားရသည့်သတင်း

၃ – အနည်းငယ်အားထားနိုင်သည့်သတင်း





၄ – အားမထားနိုင်သည့်သတင်း

ဒါ့အပြင် လျှို့ဝှက်အဆင့် သတ်မှတ်ချက်ပါ ထည့်တွက်ရ၏။ လျှို့ဝှက်အဆင့်တွင်လည်း လေးမျိုးခွဲသည်။

(က) ထိပ်တန်းလျှို့ဝှက်

(ခ) လျှို့ဝှက်

(ဂ) ကန့်သတ်

(ဃ) ရိုးရိုး

ဥပမာပေးပါမည်။ ကြေးနန်းပုံစံတစ်ခု ရေးပြပါမည်။

**ပ။ တပ်ဖ (၇၇) ရက်စွဲအချိန်**

**လ။ ကွပ်ကဲမှုအောက်တပ်အားလုံး ၆၈ နို ၂၅၀၈၀၀**

**၁ ဦး ၁။ လ၀ ၁။ ဗကပခေါင်းဆောင် သခင်သန်းထွန်းအလောင်းအား ၆၈ နို ၂၃၁၂၀၀ က ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း တိုက်ပွဲဝင် အဆင့်အတန်းအားလုံးသို့ အသိပေးပြောကြားသွားရန် (က/၁)**

ဒါနဲ့ပတ်သက်ပြီး ထောက်လှမ်းရေးသင်တန်းဆင်း ကျွန်တော့်မိတ်ဆွေ အရာရှိကြီးတစ်ဦးက အောက်ပါအတိုင်း ပြောခဲ့ဖူးသည်။

မိမိယုံကြည်ရမှုအပေါ် မူတည်၍ က/ခ/ဂ ဆုံးဖြစ်သည့် သတင်းအတင့်အဆန်းသည် ဘယ်သူက ပြောတဲ့သတင်းလဲ၊ ရဲဘော်မြကြီးလား၊ ရဲဘော်ဘခက်လား၊ ဗိုလ်တင်ရှိန်လား၊ သတင်းပေးတဲ့သူအပေါ်တွင် မူတည်ပြီး အောက်ပါအတိုင်း သတင်းအဆင့်အတန်းကို



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်နိုင်သည်ဆို၏။

က/၁ အဆင့်အရှိဆုံး၊ အယုံကြည်ရဆုံး

က/၂ အတော်ယုံကြည်ရသည်။ အတော်ဟုတ်နေပြီ။

ခ/၁ အတော်လေးမှန်တဲ့သတင်း

ခ/၂ အသင့်အတင့်မှန်တဲ့သတင်း

ခ/၃ မသေချာပါ။ ကလေးလောက်က ပြောတဲ့သတင်း၊ မှန်ချင်မှမှန်မည်။

အထက်ပါအတိုင်း သတင်းအဆင့်တန်းနှင့် လုံခြုံမှုအဆင့် အတန်းအား ခွဲခြားထားသော်လည်း ကြေးနန်းအတော်များများ၌ ခ/၂ ထက် ပို၍ ဖော်ပြကြလေ့မရှိပါ။ အားလုံးက ကိုယ့်အတွက် တစ်ကွက်တော့ ချန်ထားကြပါသည်။ က/၁၊ က/၂၊ ခ/၁ တွေ မလုပ်ကြပါ။

(ဃ) ညွှန်း။ ညွှန်ကြားခြင်း

သတင်းရပြီဖြစ်၍ ဒါကိုမူတည်ပြီး ညွှန်ကြားချက် ထုတ်ရမည်။

ပဲခူးရိုးမတွင် ဗကပဥက္ကဋ္ဌ သခင်သန်းထွန်း ကျဆုံးသွားပြီ ဖြစ်၍ ကျန်ဗကပဗဟိုအား လက်စတုန်းချေမှုန်းရေးအတွက် တိုက်ပွဲဝင်တပ်များမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်ကြရန် တိုက်တွန်းသည့် ညွှန်ကြားချက်မျိုး ထုတ်ရမည်။ ထုတ်ရန်လိုသည်။ ရသည့်သတင်းပေါ် မူတည်ပြီး ဆောင်ရွက်ရန်ဖြစ်သည်။

မြရတနာစာပေ



လယ်ဆည်ဝန်ကြီးဘဝတွင်လူမှုဇရေးကိစ္စများကြောင့် နာမည်ပျက်သွားသည့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်မောင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထောက်လှမ်းရေးညွှန်မှူးဖြစ်အောင်
ပံ့ပိုးပေးခဲ့သည့် ဗိုလ်မှူးချုပ်တင့်ဆွေ



## ၂။ လုံခြုံရေး

ထောက်လှမ်းရေး ဘာသာရပ်၌ လုံခြုံရေးကိစ္စသည် အလွန်အရေးကြီး၏။ လုံခြုံရေးဆိုရာ၌ –

(က) စစ်သတင်းလုံခြုံရေး (သတင်း)
(ခ) စစ်မှုထမ်းလုံခြုံရေး (လူ)
(ဂ) စစ်ပစ္စည်းလုံခြုံရေး (လက်နက်)
(ဃ) ဌာနချုပ်လုံခြုံရေး (အဆောက်အဦ)

စစ်သတင်းလုံခြုံရေးအတွက် ကန့်သတ်လျှို့ဝှက်၊ ထိပ်တန်းလျှို့ဝှက်ဟု သတ်မှတ်ထားသည်။

ဥပမာ – မြန်မာနိုင်ငံမှ အနုမြူဗုံးထုတ်နေသည်။ ဒါဆိုလုံးဝထိပ်တန်းလျှို့ဝှက်ဖြစ်၏။ အချိန်မကျမီ ဘယ်သူမှမသိစေရ။ ဘယ်သူ့မှ မပြောရ။ အာမချောင်ရ၊ သတင်းမပေါက်စေနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်က ထိုသတင်းပေါက်ကြားခဲ့၍ အတော်ရှင်းခဲ့ရသည်။ မဟုတ်ပါဘူးဟု ဗိုလ်ချုပ်ကြီးသိန်းစိန်လက်ထက်၌ နိုင်ငံတကာကို ရှင်းပြခဲ့ရသည်။

လူ့လုံခြုံရေးအတွက် ကင်းချခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အထပ်ထပ်စစ်ဆေးခြင်း၊ အဝင်အထွက် မှတ်ပုံတင်ခြင်း၊ C.C.T.V ကင်မရာတပ်ဆင်ခြင်းများ လုပ်ရသည်။ အရေးကြီးအဆောက်အဦများ သော့အထပ်ထပ်ခတ်ရသည်။ ခိုင်မာသော တံခါးကြီးများလုပ်ထားရသည်။ ဝင်းတဲ၊ ဂိတ်တဲများ စစ်ဆေးရေးဂိတ်များထားရသည်။

စစ်ပစ္စည်းလုံခြုံရေးလည်း အထက်ပါအတိုင်း ပါ၏။

ဌာနချုပ် **Head Quarter** များ လုံခြုံရေးလည်း ထိုနည်းအတူပါပင်။



www.burmeseclassic.com

www.burmeseclassic.com



## ၃။ သိပ္ပံနှင့်နည်းပညာ

ထောက်လှမ်းရေးတွေ တွင်ကျယ်လာသောအခါ သိပ္ပံနှင့် နည်းပညာလည်း တစ်ပါတည်းပါလာသည်။

ဟိုရှေးအခါက ဓာတ်ပုံခိုးရိုက်ခြင်း၊ TV ရိုက်ယူခြင်း၊ ခြေရာခံ ခြေရာကောက်ခြင်း၊ လက်ဗွေများ ရှာဖွေခြင်း၊ ဓာတ်မှန်များ ရိုက်ကြည့်ခြင်း၊ အနုကြည့်မှန်ပြောင်းများ အသုံးပြုခြင်းတို့လုပ်ခဲ့၏။

ထောက်လှမ်းရေးသင်တန်းများတွင် ဓာတ်ပုံခိုးရိုက်ခြင်း၊ သော့ပြင် သော့ဖျက်တတ်အောင် သင်ကြားပေးခြင်း၊ ကွန်ပျူတာ အသုံးပြုခြင်း၊ ကွန်ပျူတာနှင့် သိလိုရာ အင်တာနက်တွင် ရှာကြည့်ခြင်း စသည်များကို သင်ကြားရသည်။ နောက်ယောင်ခံလိုက်ခြင်း သင်ရသည့် မော်တော်ကားမောင်းတတ်အောင်၊ မော်တော်ဆိုင်ကယ် စီးတတ်အောင် သင်ကြားရသည်။ မိုင်းထောင်ခြင်း၊ မိုင်းခွဲခြင်းနှင့် လက်နက်ငယ်များ ဖြုတ်တတ်အောင်၊ ကျွမ်းကျွမ်းကျင်ကျင် ပစ်တတ်အောင် သင်ကြားရသည်။ လျှပ်စစ်ပညာတတ်ပြီး မီးဖျက်တတ်အောင်၊ ပြင်တတ်အောင် သင်ကြားရသည်။


ယခုအခါ ဂြိုဟ်တုမှ ထောက်လှမ်းခြင်း၊ Drone ခေါ် မောင်းသူမဲ့ယာဉ်များ စေလွှတ်ပြီး ထောက်လှမ်းခြင်းများ လုပ်နေကြပြီ။ ရှေးအခါကမူ လူပါသည့် သူလျှိုယာဉ်များ၊ ရေငုပ်သင်္ဘောများ လွှတ်ခဲ့သည်။ ယခုအခါမူ ခေတ်မရှိတော့ပါ။ လူပါသည့်လေယာဉ် ပစ်ချခံရနိုင်သည်။ အမေရိကန်ယူတူးသူလျှိုယာဉ်မှာ ရုရှားမှ ပစ်ချခဲ့၍ လေသူရဲ ဖရန့်စစ်ပါဝါ အဖမ်းခံခဲ့ရသည်။ ယခုအခါတွင်တော့ လူမပါသည့် Drone ယာဉ်များလွှတ်၍ ထောက်လှမ်းနေကြသည်။





## ၄။ ထောက်လှမ်းရေးစက်ဝန်း

စု
တည်
သုံး
ညွှန်




ထောက်လှမ်းရေးနှင့် ပတ်သက်ပြီး ကျွန်တော် သိရှိနားလည်ထားသည်များကို ဆက်လက်ဖော်ပြပါဦးမည်။

## ESPIONAGE ခေါ် ထောက်လှမ်းရေးလုပ်ငန်း

ထိုလုပ်ငန်းမှာ ဆန့်ကျင်ဘက် (ဝါ) ရန်သူနယ်မြေမှ နိုင်ငံရေးလှုပ်ရှားမှုများနှင့် အခြားသော အကြောင်းထူးများ၊ စစ်ရေးပြင်ဆင်မှု၊ ကာကွယ်ရေးအချက်အချာ၊ စီးပွားရေးအချက်အချာ ရိက္ခာ၏ ပမာဏ စသည့် သတင်းများကို ထောက်လှမ်းခြင်းမျိုး ဖြစ်ပါသည်။ ထိုတာဝန်ကိုယူရသည့် Agent အထောက်တော်၏ ဝတ္တရားမှာ ဖြစ်သည့်နည်းဖြင့် သတင်းကို စုံစမ်းထောက်လှမ်းကာ မိုက်ကရိုဖလင်ဖြင့် လျှို့ဝှက်သင်္ကေတများ ရေး၍သော်လည်းကောင်း၊ လှိုင်းတိုဝိုင်ယာလက်စက်ဖြင့်သော်လည်းကောင်း တစ်ဆင့် ဌာနချုပ်သို့ သတင်းပို့ပေးရသည်။

## COUNTER ESPIONAGE ခေါ် တန်ပြန်ထောက်လှမ်းရေး

မိမိတို့က အခြားနိုင်ငံ၊ နယ်မြေကို လျှို့ဝှက်ထောက်လှမ်းသလို ကိုယ့်ပြည်နယ်အကြောင်းခြင်းများကိုလည်း တစ်ပါးနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



က ထောက်လှမ်းမည် ဖြစ်သည်မှာ သေချာလှပေသည်။ ကိုယ့်အထောက်တော် (ဝါ) သူလျှိုရှိသလို အခြား အခြားဘက်မှ သူလျှိုရှိမည်မှာလည်း သဘာဝကျသော အချက်ဖြစ်၏။ ထိုရောအခါ တန်ပြန်ထောက်လှမ်းခြင်းအားဖြင့် တစ်ဖက်သော အုပ်စု၏ သူလျှိုတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းကို ခြေရာကောက်မိနိုင်မည် ဖြစ်သည်။ ထိုသို့လျှင် မြွေမြွေချင်း ခြေရာကောက်ရသူများကို **တန်ပြန်ထောက်လှမ်းရေးသမားဟု** ခေါ်ဆိုရပါသည်။

## SABOTAGE အဖျက်လုပ်ငန်း

ထိုတာဝန်ပိုင်းမှာ ထောက်လှမ်းရေး (သူလျှို) လုပ်ငန်းနှင့် အကျုံးဝင်သော်လည်း သဘာဝအားဖြင့် ခြားနားချက်ရှိ၏။ အဖျက်လုပ်ငန်းကို တာဝန်ယူရသူသည်။ ရန်သူ၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် စောင့်ကြည့်ရသော်လည်း သတင်းပို့စရာ မလိုချေ။ သူက စစ်ရေးစစ်ရာ၊ အဆက်အသွယ်၊ အချက်အချာကျသော တံတား၊ ရထားလမ်း စသည်တို့နှင့် ရန်သူ့ရိက္ခာ၊ ခဲယမ်းမီးကျောက် သိုလှောင်ရာဌာနများကို ဖောက်ခွဲဖျက်ဆီးပေးသည်။ တစ်ခါတစ်ရံ ထိုသို့အကြမ်းနည်းမဟုတ်ဘဲ စိတ်ဓာတ်နည်းဖြင့် ရန်သူ့ဘက်မှ တက်ကြွမှုများကို နည်းမျိုးစုံသုံး၍ ဖြိုခွင်းရသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဥရောပစစ်မျက်နှာတွင် ဂျာမန်တို့က အင်္ဂလိပ် စတာလင်ပေါင်များ ဈေးကျအောင် အတုများလုပ်၍ ဖြန့်ဝေခြင်းမျိုးမှာ စီးပွားရေးဘက်မှ အဖျက်လုပ်ငန်းမျိုးဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ အစိုးရ ဘေးကျပ်နံကျပ်ဖြစ်စေရန် စီးပွားရေးတွင် အကွက်ထွင်ပေးရသလို ပြည်တွင်းစစ်၊ လူမျိုးရေးအဓိကရုဏ်း၊ ဆန္ဒပြပွဲများ





ဖြစ်ပေါ်အောင် သွေးထိုးပေး၊ လက်နက်ထောက်ပံ့ပေး စသည်ဖြင့် ပြုလုပ်ရသေးသည်။ (ဗကပများ၏ ယှူဂျီနည်းနာများ)

ဆိုခဲ့ပြီးသော တာဝန်ပိုင်းများမှာ သဘောမျှသာဖြစ်ပါသည်။ ဒါ့ထက်ပို၍ အသေးစိတ်ကျကျ ကာလဒေသအလိုက် လုပ်ဆောင်ကြရပါ၏။ ထိုကဏ္ဍသုံးခုမှာ တစ်ခုကိုတစ်ခု တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း၊ သွယ်ဝိုက်ဆက်သွယ်၍လည်းကောင်း၊ သူလျှိုယန္တရားကို လည်ပတ်လှုပ်ရှားစေပါ၏။ ယင်းသို့လျှင် တိုင်းတစ်ပါး၌ ရှုပ်ရှားထောက်လှမ်းရသောအခါ တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်ရသည်လည်း ရှိ၏။ အသိုင်းအဝိုင်းနှင့် လုပ်ရသည့်လည်း ရှိ၏။ အဖွဲ့အစည်းဖြင့် လုပ်ရသည့်အခါ **Ring** ခေါ် အဖွဲ့ကလေးများဖွဲ့ကာ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်၍ လုပ်ရပါသည်။ အချို့ အချို့သော သူလျှိုများမှာ တစ်ဦးနှင့်တစ်ဦး သိကြရသည်မဟုတ်ဘဲ သီးခြားခွဲ၍ တာဝန်ယူတတ်ကြပါသည်။

သူလျှိုများတွင် သီးခြားကျွမ်းကျင်သော အတတ်ပညာများ ရှိကြသည်သာ ဖြစ်သည်။ အချို့က ဓာတ်ပုံရိုက်ရာတွင် တော်သလို၊ အချို့က ရုပ်ပြောင်းရုပ်လွှဲကောင်းသည်။ စကားမျိုးစုံတတ်၍ ဓလေ့မျိုးစုံ နားလည်သည်။ အချို့က ရေဒီယိုထရန်စမစ်တာ သုံးစွဲရာ၌ ကျင်လည်သည်။ ဒီခေတ်ဆို ကွန်ပျူတာတွေ ဘာတွေ အထူးကျွမ်းကျင်ရမည်။ **(Sabotage)** ခေါ် အဖျက်သမားအဖို့ မိုင်းခွဲခြင်း၊ ပေါက်ကွဲတတ်သော လက်နက်များကို လုပ်ဆောင်တတ်ခြင်း စသည့် အရည်အချင်းများလည်း ရှိရပေသည်။

ဒီအကြောင်းတွေရေးရလျှင် စာအုပ်အတော်များများ ဖြစ်လာစရာ ရှိပါသည်။ သို့ရာတွင် သဘောမျှသာ ရိုပ်စားမိရန်



www.burmeseclassic.com

www.burmeseclassic.com



တင်ပြရသဖြင့် ဤမျှနှင့်ပင်လုံလောက်ပြီဟု ယူဆပါသည်။

## တန်ပြန်ထောက်လှမ်းရေး
## Counter Intelligence

တန်ပြန်ထောက်လှမ်းရေးတွင် မိမိနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းအပေါ် အသာရအောင်၊ အနိုင်ရအောင် အောက်ပါများ ဆောင်ရွက်ခြင်းဆိုခေါ်သည်။

(က) သူလျှိုစေလွှတ်ခြင်း (သတင်းရရေးအခြေခံသည်)

(ခ) အဖျက်လုပ်ငန်းဆောင်ရွက်ခြင်း (သူတို့လုပ်ငန်းများကို ပျက်စီးအောင်ပြုလုပ်ခြင်း)

(ဂ) အမှောက်လုပ်ငန်းပြုလုပ်ခြင်း (စိတ်ဓာတ်ကျသွားအောင် ဖောက်ထိုး)

အချို့ကမူ အမှောက်အစား အမှောင့်ဟုလည်း သုံးသည်။

တန်ပြန်ထောက်လှမ်းရေးနည်းနာသုံးခုတွင် အမှောက်သည် အဆိုးဆုံးဖြစ်၏။

### သူလျှို Spy

ဆန့်ကျင်ဘက်အဖွဲ့အစည်းများမှ သတင်းအမျိုးမျိုးကို ရအောင် ထောက်လှမ်းသူကို သူလျှို Spy ဟု ခေါ်သည်။

သူလျှိုတွင် တစ်ဖက်ချွန်၊ နှစ်ဖက်ချွန် သူလူကိုယ့်ဘက်သားဟူ၍ ရှိတတ်သည်။ ကမ္ဘာပေါ်တွင် သူလျှိုဖြစ်စဉ်အမျိုးမျိုးရှိသည်။

၎င်းဖြစ်စဉ်များကို ဝတ္ထုများရေးသား၍ ထုတ်ဝေဖြန့်ချိခဲ့ရာ





စာဖတ်ပရိသတ်ကြီးအနေနှင့် Spy ဇာတ်လမ်းစုံအမျိုးမျိုးအား ဖတ်ရှုခဲ့ပြီး ဖြစ်ပါသည်။

ပထမကမ္ဘာစစ်က ကမ္ဘာကျော် ဂျာမန်သူလျှိုမ မာတာဟာရီ၊

ဒုတိယကမ္ဘာစစ်အပြီး အစွရေးသူလျှို အလီကိုဟင် စသည်တို့ဖြစ်၏။

ဆက်လက်၍ ...

သူလျှို Spy နှင့် ပတ်သက်၍ ဆန်ဆု၏ စစ်ပညာကျမ်း **The Art of War** အခန်း (၁၃) ၌ အောက်ပါအတိုင်း ဖော်ပြထားသည်အား စာဖတ်ပရိသတ်ကြီး ဗဟုသုတအတွက် ဖော်ပြအပ်ပါသည်။

## ထောက်လှမ်းရေး
## Employment of Secret Agents

၁။ စစ်သည်အင်အား ၁၀၀၀၀၀ (တစ်သိန်း) ရှိသော စစ်တပ်ကြီးကို ဖွဲ့စည်းပြီး အလွန်ကွာဝေးသော စစ်မြေပြင်သို့ စေလွှတ်ရခြင်းအတွက် အစိုးရရော ပြည်သူလူထုမှာပါ နေ့စဉ် နေ့စဉ် ရွှေဒင်္ဂါးပေါင်း မြောက်မြားလှစွာ ကုန်ကျရလေသည်။ ပြည်တွင်း ပြည်ပ နှစ်ဌာန၌ ပြည်သူပြည်သားများသည် စစ်၏ဒဏ်ဖြင့် ရုတ်ရုတ်သဲသဲ ပင်ပန်းဆင်းရဲကြရသည်။ မိသားစုဝင် ၇၀၀၀၀၀ (ခုနစ်သိန်း) ကျော်တို့၏ နေ့စဉ်ဘဝမှာ အလုပ်ပျက် အကိုင်ပျက် ထိခိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



၂။ အဆုံးအဖြတ်ပေးနိုင်မည့် တိုက်ပွဲကို အောင်ပွဲမခံမချင်း နှစ်ပေါင်းများစွာ ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နေရခြင်းသည် ကာလကြာရှည်နိုင်သည်။ အဘယ်ကြောင့်ဤသို့ဖြစ်ရသနည်း။ ရာထူးပေး၍ ဂုဏ်ပြုချီးမြှောက်၍ ပေးကမ်းထောက်ပံ့၍၊ ဝယ်ယူ၍ တစ်ဖက်ရန်သူ၏ အခြေအနေ သတင်းအမှန်တို့ကို သိရှိအောင် ထောက်လှမ်းရေးအတွက် အသုံးပြုရန် တွန့်တိုစေးနှဲနေခြင်းကြောင့် ဖြစ်တတ်၏။ အကြင်ပုဂ္ဂိုလ်မျိုးသည် စစ်သူကြီးမဖြစ်ထိုက်။ သူ၏အမိနိုင်ငံတော်ကို ကောင်းကျိုးချမ်းသာ မဖြစ်စေနိုင်။ အောင်ပွဲခံနိုင်ရန် ဝေးစွ။

၃။ ထိုအကြောင်းကို ထောက်ကာ ထိုးထွင်းမြော်မြင်ဉာဏ်ရည်ပြည့်ဝသော နိုင်ငံအကြီးအကဲနှင့် ပညာရှိသော စစ်သူကြီးတို့ကား ရန်သူကို အချိန်မရွေး အောင်မြင်စွာ ချေမှုန်းတိုက်ခိုက် ရှင်းလင်းနိုင်လေသည်။ ယင်းတို့သည် ကြီးမားစွာအောင်မြင်ကာ သာမန်လူတကာတို့ထက် ထူးကဲသာလွန်ခြင်းမှာ အခြားကြောင့် မဟုတ်။ ကြိုတင်သိရှိထားခြင်းကြောင့်တည်း။

၄။ ကြိုတင်သိရှိထားခြင်းကို နတ်သိကြားမင်းတို့က ပေးခြင်းမဟုတ်။ ဘယ်မှော်ဆရာ၊ ဘယ်ကဝေကမှ ဆောင်ကြဉ်းမပေးနိုင်။ ထိုင်ရာမထ ခန့်မှန်းတွက်ဆနေ၍လည်း မရ။ အမှန်စင်စစ်မှုကား ရန်သူအကြောင်းကို ကောင်းစွာသိပြီး





ထားသူတို့က သတင်းပို့ခဲ့သဖြင့်ပေတည်း။ ထောက်လှမ်းရေး၏ကျေးဇူး။

၅။ လျှို့ဝှက်သူလျှိုထောက်လှမ်းရေး (၅) မျိုး ရှိကြသည်။

(က) ဒေသခံသူလျှို Native Spy
(ခ) အတွင်းသူလျှို Inside Spy
(ဂ) ဘက်ပြောင်းသူလျှို Converted Spy
(ဃ) အသေခံသူလျှို Doomed Spy
(င) တာဝန်ထမ်းသူလျှို Missionary Spy

၆။ အထက်ပါသတင်းထောက်လှမ်းရေးတာဝန် ဆောင်ရွက်နေကြသော သူလျှိုများသည် တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ရန်သူထံမှ သတင်းများကို နည်းမျိုးစုံဖြင့် စုဆောင်းရယူလျက်ရှိနေကြသည်ကို မည်သူမျှ မရိပ်မိနိုင်ကြချေ။ သူတို့၏လျှို့ဝှက်စစ်ဆင်ရေးနည်းနာတို့ကိုလည်း သာမန်လူတို့ မသိနိုင်ကြပေ။ ထိုသူတို့ကား နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများ ဖြစ်ကြလေသည်။

၇။ **ဒေသခံသူလျှို။** ရန်သူနိုင်ငံအတွင်းနေထိုင်သော လူများဖြစ်ကြသည့် စီးပွားရေးသမား၊ တောင်သူလယ်သမား၊ လက်လုပ်လက်စား စသည့် အလွှာအမျိုးမျိုး၊ လူအမျိုးမျိုးဖြစ်၏။ (ရန်သူက မိမိနိုင်ငံအတွင်းရှိ လူတန်းစား အဆင့်အတန်းအမျိုးမျိုးထံမှ သတင်းထောက်လှမ်းစုဆောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထံ ပို့ပေးနေစေနိုင်သည်ဟု သတို့ပြုဖွယ်ရာဖြစ်၏။)

၈။ **အတွင်းသူလျှို။** ရန်သူအစိုးရ၏ အုပ်ချုပ်ရေးဌာနများ ရုံးလုပ်ငန်းများ၊ လွှတ်တော်၊ နန်းတော်၊ ဌာနချုပ် စသည်တို့အတွင်းမှာ အလုပ်လုပ်နေကြသည့် အထက်တန်းအရာရှိမှ သန့်ရှင်းရေး ဝန်ထမ်းအထိ မိမိက လျှို့ဝှက်ခိုင်းစေထားသူများ ပါဝင်နိုင်သည်။

၉။ **ဘက်ပြောင်းသူလျှို။** မူလက ရန်သူ၏ထောက်လှမ်းရေးတာဝန်ကို လုပ်ဆောင်နေသူအား တစ်နည်းနည်းဖြင့် မိမိဘက်သို့ပါအောင် ဖမ်းဆီးဆွဲဆောင်လျက် သူ့လူကိုယ့်ဘက်သား လုပ်ထားနိုင်သူမျိုး ဖြစ်၏။ (မိမိ၏ သူလျှိုများကို ရန်သူက လာဘ်ပေး၍ဖြစ်စေ၊ ဝယ်ယူ၍ဖြစ်စေ၊ သစ္စာဖောက်သွားသူမျိုးသည်လည်း ဘက်ပြောင်းသူလျှိုဟုပင် ခေါ်နိုင်၏။)

၁၀။ **အသေခံသူလျှို။** ရန်သူကို လှည့်စားရန်အလို့ငှာ လျှို့ဝှက်သည့်ကိစ္စတစ်ခုခုကို ရန်သူ့ထံရောက်အောင် သိရှိစေလို၍ လုပ်ဆောင်သော ပရိယာယ်မျိုးဖြစ်၏။ ရန်သူဖမ်းမိပြီး နှိပ်စက်ညှဉ်းဆဲကာ သေသည့်တိုင်အောင် သတင်းမှားကိုပဲ ပြောဆိုသွားသူမျိုး ဖြစ်သည်။





၁၁။ တာဝန်ထမ်းသူလျှို။ သာသနာပြု၊ ကုန်သွယ်ရေး၊ လူမှုရေးအသင်းအဖွဲ့၊ ဝန်ထမ်းတာဝန် စသည်ဖြင့် အပေါ်ယံရည်ရွယ်ချက် အရေခြုံကာစ်စုံတစ်ရာဖြင့် ရန်သူ့ထံ ထိုးဖောက်သွားရောက် ထောက်လှမ်းခဲ့ကြပြီး ပြန်လည်ရောက်ရှိလာသော သူလျှိုမျိုး ဖြစ်၏။ သံတမန်အဖွဲ့၊ ချစ်ကြည်ရေးအဖွဲ့၊ လေ့လာရေးအဖွဲ့ စသည်တို့တွင် ပါဝင်တတ်သည်။ (ဤနည်းနာနှင့် ပရိယာယ်တို့ကို သိရှိနားလည်ထားခြင်းအားဖြင့် မိမိနိုင်ငံတော်လုံခြုံရေး အဓိကကျပုံကို ကွင်းကွင်းကွက်ကွက် မြင်နိုင်ပါသည်။)

၁၂။ တပ်မတော်ရှိ အခြားတပ်ဖွဲ့ဝင်များထက် ထောက်လှမ်းရေးသတင်း စုဆောင်းပေးရသော သူလျှိုထက် တပ်ရင်းမှူးနှင့်မည်သူမျှ ပို၍မနီးကပ်နိုင်ပေ။ လျှို့ဝှက်ထောက်လှမ်းရေးတာဝန်ကို ထမ်းရွက်ရသူထက် မည်သူမျှ ပိုမိုသောဆုလာဘ်ကို မရနိုင်ချေ။ မည်သည့်လုပ်ငန်းတာဝန်အကြောင်းခြင်းအရာကမှ ထောက်လှမ်းရေးသတင်းစုဆောင်းရေး စစ်ဆင်မှုထက်ပို၍ အရေးမကြီးနိုင်ပေ။ ပို၍အတွင်းအကျဆုံး အရေးပါသည့်ကိစ္စ မရှိနိုင်ချေ။

၁၃။ အမြော်အမြင်ကြီးခြင်း၊ ပါးနပ်လိမ္မာပညာရှိခြင်း၊ စာနာတတ်ခြင်း၊ တရားမျှတခြင်းဟူသော အရည်အသွေးတို့ဖြင့် ပြည့်စုံသူက လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းအားကွပ်ကဲစီမံရာ၏။ သိမ်မွေ့သော ကျစ်လျစ်သော၊ အတင်း



www.burmeseclassic.com

www.burmeseclassic.com



ပါးသော ထိုသူမျိုးထံမှာ ရန်သူ့အမှန်သတင်းကို ပို့နိုင်အောင် ကြိုးကြပ်ဆောင်ရွက်ကြပေမည်။

၁၄။ အလွန်တရာသိမ်မွေ့၏။ အမှန်တကယ်ပင် သိမ်မွေ့သောတာဝန်မျိုးဖြစ်၏။ သူလျှိုလုပ်ငန်း အသုံးမချနိုင်သောနေရာဒေသဟူ၍ မရှိ။

၁၅။ အကယ်၍ လျှို့ဝှက်စစ်ဆင်ရေးကိစ္စနှင့် ပတ်သက်သမျှ အချိန်မတိုင်မီ ပေါက်ကြားသွားခဲ့ပါက ထိုသတင်းရန်သူ့လက်ဝယ်သို့ ပေးပို့အစီရင်ခံမိ ချက်ချင်း လိုက်လံနှုတ်ပိတ်ရ၏။

၁၆။ ယေဘုယျအားဖြင့် ရန်သူ့စစ်တပ်တစ်ခုကို တိုက်ခိုက်ချေမှုန်းရန်ပဲဖြစ်စေ၊ ရန်သူ့မြို့တော်တစ်ခုကို တိုက်ခိုက်သိမ်းပိုက်ရန်ပဲဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကို လုပ်ကြံသတ်ဖြတ်ရန်ပဲဖြစ်စေ၊ သင်သည် စစ်ဒေသ၊ နယ်မြေမှူးများ၏အမည်၊ ဦးစီးအရာရှိများ၊ ညှော်ကြိုများ၊ တံခါးစောင့်များ၊ လုံခြုံရေးကင်းများ၊ ကိုယ်ရံတော်၊ သက်တော်စောင့်များ၏အမည် စသည့်အကြောင်းကို သတင်းစုဆောင်းရလိမ့်မည်။ သူလျှိုကို ထိုအကြောင်းခြင်းရာများ ပြည့်စုံစွာ အစီရင်ခံသတင်းပို့ရန် ညွှန်ကြားရပေလိမ့်မည်။ ထိုသတင်းအချက်အလက်များ၌ တိတိကျကျ အသေးစိတ် မိနစ်၊ နာရီကအစ အလေ့အထ သဘောသဘာဝများ ပါရှိရပေလိမ့်မည်။





တရုတ်အပျော်တမ်း ပန်းချီဆရာတစ်ဦးရေးဆွဲထားသည့်
စစ်ပညာရှင်ကြီး ဆန်ဇု

www.burmeseclassic.com



တရုတ်စစ်ပညာရှင်ကြီး ဆန်ဖုနှင့် အမိန့်မနာခံသည့် ဘုရင်၏ လက်ရွေးစဉ်မိဖုရားများ

www.burmeseclassic.com

www.burmeseclassic.com



၁၇။ ရန်သူ၏ထောက်လှမ်းရေးသူလျှိုများကိုမိအောင် ရှာဖွေဖော်ထုတ်နိုင်ရမည်။ ထိုအချက်သည် မရှိမဖြစ် အရေးပါ၏။ ရန်သူ့ဘက်သား သူလျှိုများကို ဖမ်းဆီးလျက် မိမိဘက်၌ အမှုထမ်းရန် သိမ်းသွင်းနိုင်ရမည်။ အကြိုက်ပေး၍ မိမိ တာဝန်ပေးသည့်အတိုင်း တန်ပြန်သတင်းပေးပို့ကြရန် စီမံနိုင်ရမည်။ ဘက်ပြောင်းသူလျှိုကို ကိုင်တွယ်ရာ၌ အထူးသတိထားအပ်သည်။ နှစ်ဖက်လှူများကို အသုံးချ၍ သတင်းရအောင် ယူရမည်။

၁၈။ ဘက်ပြောင်းသူလျှိုကို အသုံးချလျက် ရန်သူ့နယ်မြေအတွင်းရှိ ဒေသခံသူလျှိုများ၊ အတွင်းသူလျှိုများကို မွေးမြူစုဆောင်း တာဝန်ပေးအပ်နိုင်သည်။

၁၉။ ထိုသူလျှိုတို့ထံမှ ရရှိသော သတင်းအပေါ်တွင် အခြေပြုလျက် ရန်သူ့ထံသို့ သတင်းလွဲ၊ သတင်းမှား လှည့်စားသော သတင်းများကို ယူဆောင်စေအောင် ပို့ဆောင်ရ၏။

၂၀။ တာဝန်ထမ်းသူလျှို၊ အသင်းအဖွဲ့သူလျှိုတို့ကိုလည်း အခြေအနေအချိန်အခါ ပေးလာသမျှ အခွင့်အရေးကို အသုံးချလျက် ရန်သူ့သတင်း ပေးပို့ရေးအတွက် တာဝန်ပေးအပ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၁။ နိုင်ငံတော်အကြီးအကဲသည် အထက်ပါ သူလျှိုငါးမျိုးထံမှ မှန်ကန်မြန်ဆန်သော သတင်းများကို အဆက်မပြတ် ရရှိနေခြင်းအားဖြင့် ရန်သူအကြောင်းကို အူမချေးခါးမကျန် ကြိုတင်သိရှိထားနိုင်လေသည်။

၂၂။ ရှေးအခါက ယင်(Yin) မင်းဆက် (ဘီစီ ၁၇၆၆–၁၁၂၂) တန်ခိုးသြဇာကြီးမားရခြင်းသည် စီအာ (Hsia) မင်းဆက် (ဘီစီ ၂၂၀၅–၁၇၆၆) ထံတွင် အမှုထမ်းခဲ့ဖူးသော အိချီ (I Chih) ဆိုသူ သူလျှိုကြောင့်ဟု မှတ်သားရဖူး၏။ ထို နည်းအတူ ချောင် (Chou) မင်းဆက် (ဘီစီ ၂၅၆–၁၁၂) တန်ခိုးကြီးမားနိုင်ခဲ့ခြင်းမှာ ယင်(Yin) မင်းထံတွင် အမှုထမ်း ခဲ့သော လူဝမ်း (Lu Wang) အမည်ရှိ သူလျှိုကြောင့်ဟု တရုတ်သမိုင်းတွင် မှတ်တမ်းတင်ခဲ့၏။

၂၃။ ထို့ကြောင့် အမြော်အမြင်ကြီးလှသော နိုင်ငံတော်အကြီး အကဲနှင့် ကျွမ်းကျင်သော စစ်သူကြီးတို့သည် ဉာဏ်ရည် ဉာဏ်သွေး အကောင်းဆုံး၊ အတော်ဆုံးလူများကို ထောက် လှမ်းရေး သူလျှိုများအဖြစ် အသုံးချတာဝန်ပေးလျှင် ကြီးမားခမ်းနားသော အောင်ပွဲကြီးများကို ရရှိမည်မလွဲ တည်း။ သူလျှိုထောက်လှမ်းရေး စစ်ဆင်ရေးဟူသည် စစ်ပွဲများအတွက် မရှိမဖြစ် လိုအပ်ချက်ပင်ဖြစ်သည်။ သူတို့ အစွမ်းအစအပေါ် မူတည်လျက် (ရန်သူ့သတင်းကို ရယူ တွက်ဆကာ) မိမိ တပ်မတော်ကြီးသည် လိုအပ်သလို





လှုပ်ရှားစစ်ကစားရချေသည်။ (ထောက်လှမ်းရေးသူလျှို မရှိသော အကြင်တပ်မတော်သည် နားနှင့်မျက်စိ မပါသော လူနှယ်သာ ဖြစ်ပေလိမ့်မည်ဟု ဆန်ဆုက ဆို၏။)

ဆန်ဆု

❖ ❖ ❖

ထောက်လှမ်းရေးတွင် ရှေးက Spy သူလျှိုများ လွှတ်ပြီး တာဝန်ပေးခြင်းများ ရှိခဲ့၏။

၎င်းတို့အထဲမှ အလွန်စိတ်ဝင်စားစရာကောင်းသော ကမ္ဘာ ကျော်သူလျှိုမ မာတာဟာရီအကြောင်းကို ကမ္ဘာကျော် လင်္ကာ ဆရာကြီးကိုင်ရို၏ ရေးသားချက်အား ဘာသာပြန်ကာ ဖော်ပြပေး လိုက်ပါသည်။

ဗဟုသုတအဖြစ် ဖတ်ရတာပေါ့ခင်ဗျာ။

သောင်းဝေဦး

၁၉. ၇. ၂၀၁၆

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာကျော်သူလျှိုမ မာတာဟာရီနှင့်တွေ့ဆုံခြင်း

ရေးသူ - ကမ္ဘာကျော်လက္ခဏာဆရာကြီးကိုင်ရို

ကျွန်ုပ်သည် အလွန်ထူးခြားသော သူလျှိုမယ်နှင့် မကြာခဏ တွေ့ဆုံခဲ့သည်။ သူမနာမည်အမျိုးမျိုး ပြောင်းထားသော ဘဝအမျိုးမျိုးနှင့်ကျွန်ုပ်တွေ့ဆုံခဲ့ရသည်။ သူမ၏နာမည်များမှာ ''မဒန်ဇယ်လီ'' ''မာတာ ဟာရီ'' ''အမတ်ကြီးကတော်ဘွန်မင်ဂျင်'' ဖြင့် ကမ္ဘာစစ်ကြီးဖြစ်နေစဉ်က ကြားနေနိုင်ငံတစ်ခု၏အမည်ဖြစ်သော မဒန်ဟုန်တင်ဟူ၍ အမျိုးမျိုးရှိခဲ့သည်။

ကျွန်ုပ်သည် သူမ၏ထောင်ချောက်ထဲသို့တန်ဆာခံအဖြစ် မရောက်ခဲ့သော တစ်ခုတည်းသော အကြောင်းမှာ သူမသည် အလွန်ချောမောလှပပါလျက် သူမ၏လက္ခဏာတွင် ချစ်ခြင်းမေတ္တာစိတ်၊ ကရုဏာစိတ် လုံးဝကင်းရှင်းနေ၍ဖြစ်သည်။

သူမနှင့်တွေ့သမျှ မည်သည့်ကြီးကျယ်သော ပုဂ္ဂိုလ်ကြီးဖြစ်စေကာမူ သူမကို စွဲလမ်းပြီးလျှင် သူမ ခိုင်းရာကို လုပ်ကိုင်ပေးကြသည်။

ကျွန်ုပ်၏လုပ်ငန်းတစ်လျှောက်တွင် မကောင်းမှု၊ ဆိုးသွမ်း





မှုဖြင့် အသက်မွေးဝမ်းကျောင်းပြုသော မိန်းမများစွာကို တွေ့ခဲ့ဖူးသည်။ သူတို့သည် မကောင်းမှုဖြင့် အသက်မွေးစေကာမူ သူတစ်ပါးအတွက် အနစ်နာခံခြင်း၊ သူတစ်ပါးကို ကူညီချစ်ခင်ခြင်း၊ သူတို့၏ဘဝခရီးတွင် စေတနာထား၍ ကူညီခြင်းစသော လုပ်ငန်းများကို တစ်နည်းမဟုတ် တစ်နည်းပြုလုပ်ခဲ့ကြသူများဖြစ်သည်။

သို့ရာတွင် မာတာဟာရီမှာ ခြွင်းချက်ဖြစ်သည်။ သူမသည် မေတ္တာတရားအလွန်ကင်းမဲ့သည်။ သူမသည် ဘုရင်မကဲ့သို့ အလွန်ပင် ချောမောလှပသည်။ စွဲမက်စရာကောင်းသည်။ အသိဉာဏ် အလွန်ထက်မြက်သည်။ လှလည်း လှသည်။

ကျွန်ုပ်သည် သူမနှင့်တွေ့ရသောအခါ မိမိစိတ်ထဲက သူမကို စွဲမက်ချစ်ခင်ဖို့စိတ်ကူးသည်။ သို့ရာတွင် ကျွန်ုပ်၏နှလုံးသားက အဖြေမပေးချေ။ သူ့ကိုချစ်ခင်သောစိတ် လုံးဝပေါ်ပေါက်မလာချေ။ ဤအကြောင်းသည်ပင်လျှင် ကျွန်ုပ်သည် သူမ၏ထောင်ချောက်မှ လွတ်ဖို့အခွင့်သာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သူမကို တွေ့သောအချိန်တွင် သူမ၏နှလုံးသားသည် သေဆုံးပြီးခဲ့ပြီ။ အချစ်ဆိုသော မေတ္တာစိတ် သူမ၏နှလုံးသားထဲတွင် လုံးဝမရှိတော့ပြီ။ နှလုံးသားမပါဘဲ အဝတ်လှလှဝတ်ထားသော ယမင်းရုပ်နှင့်တူနေသည်။

သူမ၏ဘဝအမျိုးမျိုးကို သတင်းစာအစောင်စောင်၊ စာအုပ်အမျိုးမျိုးတွင်ရေးထုတ်ကြသည်။ သူမသည် ဘယ်မြို့ ဘယ်ရွာကဖြစ်သည်ကိုလည်း စိတ်ကူးဖြင့်ရေးကြသည်။ ကျွန်ုပ်နှင့်ခဏခဏတွေ့ကြ၍ ခင်မင်လာသောအခါ သူမ၏ဘဝအကြောင်းကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကပြားဖြစ်သည်။ သူမ၏ဖခင်သည် ဂျာမားကျွန်းတွင် အလွန်ချမ်းသာကြွယ်ဝသော ဒတ်ချ်လူမျိုး မြေပိုင်ရှင်သူဌေးကြီးဖြစ်သည်။ သူမ၏အမေမှာ ဂျပန်မဖြစ်သည်။ သူမကိုမွေးပြီး ၈ လအနည်းငယ်ကြာသောအခါ ဖခင်သေဆုံးခဲ့သည်။ သူမ၏အမေသည် သူမကို အိန္ဒိယပြည်သို့ခေါ်ဆောင်ခဲ့သည်။ ဘုရားကျောင်း ဘာသာရေးပွဲများ၌ သီဆိုကပြရသော ကချေသည်တစ်ဦးဖြစ်အောင် သင်ပေးသည်။

အသက် ၁၄ နှစ်ရောက်သောအခါ ဘုရားပွဲတော်သို့ ခဏခဏ အလည်အပတ်လာသော အထက်တန်းစား အင်္ဂလိပ်အရာရှိကြီးတစ်ဦးနှင့် ချစ်ကြိုက်ခဲ့ကြသည်။ သူမသည် ဘုရားကျောင်းမှ ထွက်ပြေး၍ သူ့ထံသို့ လိုက်သွားပြီး လက်ထက်ခဲ့သည်။

သူမ၏ခင်ပွန်းမှာ အလွန်ထင်ရှားကျော်ကြားသည့် ရာထူးရာခံပိုင်ရှင်ဖြစ်သည်။ အင်္ဂလန်နိုင်ငံ၏ ကိုယ်စားအုပ်ချုပ်ရသူဖြစ်သည်။

သူတို့တွင် ယောက်ျားကလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် မွေးသည်။ အိမ်ထောင်ရေးနှင့်ပတ်သက်၍ ပျော်ရွှင်မှုမရကြချေ။ သူမပြောပြချက်မှာ ခင်ပွန်းသည်က ရှေးကကဲ့သို့ မချစ်တော့ဘဲ အေးစက်စက်နေလာသည်။ သူမကလည်း သူ့ကို မုန်းစပြုလာသည်။ ထိုမျှသာမကသေး၊ အင်္ဂလိပ်အယူဝါဒ၊ အင်္ဂလိပ်နှင့်ပတ်သက်သမျှကို သူမ၏စိတ်ထဲတွင် အလွန်မုန်းတီးလာသည်။

သူမ၏ပထမသားငယ် သေဆုံးသည်။ သေဆုံးရခြင်းမှာ သူမကိုမုန်းတည်းသော ဥယျာဉ်အလုပ်သမားတစ်ယောက်က အဆိပ်ဆေးခတ်၍ သတ်ခြင်း ဖြစ်သည်။ တရားခံကို ဖမ်းဆီး၍မဖြစ်နိုင်၊





အသုံးပြုသော အဆိပ်များသည် ကိုယ်ခန္ဓာထဲရောက်ပြီးသည့်နောက် ရှာဖွေမတွေ့နိုင်သောဆေးတစ်မျိုးဖြစ်သည်။

ဤကိစ္စကို သူမ၏ယောက်ျားက မည်သို့မျှအရေးမယူ။ ထို့ကြောင့် သူမသည် ယမ်းတောင့်အပြည့် ထိုးထားသော ခြောက်လုံးပြူးသေနတ်ကိုယူ၍ ဥယျာဉ်မှူးကို ပစ်၍သတ်လိုက်သည်။

သူမယောက်ျား၏ မြင့်မားသောရာထူးဂုဏ်ကြောင့် သူမသည် အဖမ်းမခံရချေ။ ထို့နောက် သူမအား အင်္ဂလန်ပြည်မှ နှင်ထုတ်လိုက်သည်။ သူမ၏ခင်ပွန်းသည်က အတူမလိုက်ပါခဲ့ချေ။ သမီးလေးကိုခေါ်၍ ထွက်ခွာလာခဲ့သည်။ သမီးငယ်လေးမှာ ဒတ်ချ်နိုင်ငံရှိ အမ်စတာဒမ်မြို့တွင် ၈ လအနည်းငယ်ကြာပြီးနောက် သေဆုံးခဲ့သည်။

ဤကဲ့သို့ အချုပ်အချယ်များ လုံးဝကင်းရှင်းသွားသောအခါ သူမသည် ပြင်သစ်ပြည် ပါရီမြို့သို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ထွက်ခွာခဲ့သည်။ ထို့နောက် ကပွဲရုံအမျိုးမျိုးတွင် ကပြခဲ့သည်။ သို့ရာတွင် သူမသည် အကျိုးမပေးချေ။ သူမပိုင် ရွှေ၊ စိန်၊ ရတနာများလည်း တဖြည်းဖြည်း ကုန်သွားခဲ့သည်။

သူမသည် ကခြင်းတစ်ခုကိုသာ နားလည်သည်၊ အခြားဘာအလုပ်မှ မလုပ်ခဲ့ဘူးချေ။ သူမကို မည်သည့်ကပွဲရုံကမှ လက်မခံချေ။ သူမ နာမည်ကျော်လာပြီးမှသာလျှင် ကပွဲရုံအမျိုးမျိုးက လက်ခံခဲ့သည်။

ဤကဲ့သို့ သူမ၏ဘဝခရီးတက်လမ်းကို ရှာဖွေနေသော အချိန်တွင် ကျွန်ုပ်နှင့်တွေ့ခဲ့ရသည်။ တစ်ညတွင် ပါရီမြို့ရှိ ခိုကိုးရာမဲ့ဖြစ်သော ခွေးများ၊ ကြောင်များ ကယ်တင်ရန်၊ အင်္ဂလိပ်အမျိုးသမီးကြီးတစ်ဦးက ခေါင်းဆောင်သော အစည်းအဝေးမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့သည်။ ထိုနေရာမှပြန်ပြီး ကိုက်အနည်းငယ်ဝေးကွာသော နေရာသို့ ရောက်သောအခါ အလွန်ကိုယ်လုံးကိုယ်ပေါက် ပြေပြစ် ချောမောလှပသော မိန်းမတစ်ယောက်ကိုတွေ့ရသည်။ ထိုသို့တွေ့ လိုက်ရသောအခါ ကျွန်ုပ်သည် မအံ့ဩဘဲမနေနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ထိုနေ့ညသည် အလွန်ချမ်းအေး သောညဖြစ်သည်။ အမျိုးသမီးမှာ အပေါ်အင်္ကျီမရှိချေ။ ကျွန်ုပ်၏ စိတ်ထဲ၌ မိန်းမများသည် အလွန်ဝါကြွားလိုလှသည်။ ဤမျှ လောက်ချမ်းအေးပါလျက် ကွတ်အင်္ကျီမပါဘဲ မိမိကိုယ်ကို အလှပြ သည်ဟု အောက်မေ့လိုက်သည်။

ရှေ့ကိုက် ၂၀၀ လောက်တွင် မီးညှိထားသော လမ်းဘေးရှိ မီးလင်းဖိုကြီးတစ်ခု ရှိသည်။ သူမသည် ၎င်းမီးဖိုနားသို့သွား၍ လက်များကိုမီးကင်နေသည်။ သူမသည် အလွန်ချမ်းအေးနေပုံရသည်။ သို့ရာတွင် ငါ၏အလုပ်မဟုတ်ဟု ကျွန်ုပ်က အမြဲတွေးသည်။ ပါရီမြို့ရှိ လမ်းမတွင်တွေ့သမျှသော သူစိမ်းတစ်ရံစာ မိန်းမများကို လိုက်၍ ကူညီရန်မဖြစ်နိုင်ဟု ကျွန်ုပ်က ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ်သည် သူမကို ဖြတ်ကျော်၍ အတော်အဝေးလေး ရောက်သောအခါ လေလွင့်ငတ်ပြတ်နေသော ခွေးများ၊ ကြောင် များကို ကယ်ဆယ်ရန်ဆိုသော အင်္ဂလိပ်အမျိုးသမီးကြီး၏ အစည်း အဝေးအကြောင်းကို သတိရမိသည်။ ကျွန်ုပ်သည် အိမ်သို့ပြန် သွားမည်၊ မီးဖိုနား၌ထိုင်ပြီးလျှင် ညနေပိုင်းသတင်းစာများကို ဖတ် မည်ဟု စိတ်ကူးမိသည်။ သို့ရာတွင် လမ်းဘေးမီးဖို၌ အပေါ် အင်္ကျီမပါဘဲ မီးလှုံနေသော ထိုအမျိုးသမီးကို သတိရမိသည်။ ထိုအချိန်တွင်ပင် အလွန်အေးသော လေတစ်ချက်သည်တိုက်လာ၍





ကျွန်ုပ်၏ပါးများ ကျင်သွားအောင် အေးလိုက်သည်။

ကျွန်ုပ်သည် ချက်ချင်းပင် ထိုမီးလင်းဖိုရှိရာသို့ ပြန်လာ ခဲ့သည်။ သူမသည် မီးဖိုကိုကပ်၍ မီးလှုံနေသည်။ ကျွန်ုပ်က ဘာတွေ ပြောလိုက်သည်မသိ၊ သူမသည် "ရှင်က ကျွန်မကိုလာပြီး စကား ပြောရဲတာ၊ ကျွန်မဟာ လမ်းပေါ်က အမျိုးသမီးတစ်ယောက် မဟုတ်ပါဘူး" ဟုပြောသည်။

သူမက ကျွန်ုပ်အား ရွံရှာပုံမျက်နှာမျိုးဖြင့် ပြောပြသည်။ ထို့နောက် ကျွန်ုပ်က ဒုက္ခရောက်သော ခွေးများ၊ ကြောင်များ ကယ်တင်ရန်အသင်းမှ ပြန်လာကြောင်းပြောပြသည်။

သူမက ရယ်ရွှင်ဖွယ်ရာပြောလာသည်။ ဒါဖြင့် ကျွန်မလည်း နိုကိုးရာမဲ့ ကြောင်လေးတစ်ကောင်လို သဘောထားပါသလား။ ရှင်တို့အင်္ဂလိပ်လူမျိုးများသည် အလွန်ထူးဆန်းသည်။ ကျွန်မက ဘာမျှော်လင့်ရမှာလဲ ဟု ပြောပါသည်။

ထို့နောက် ကျွန်ုပ်က "ကျွန်ုပ်ထံမှ အကူအညီများ ပေးနိုင် ပါသလား။ ဤလမ်းဘေးရှိ မီးလင်းဖိုတွင် မီးလှုံနေရသည်ကို မေ့ပစ်လိုက်ပါ။ မင်းမှာနေစရာအိမ် မရှိဘူးလား"

သူမက "မရှိဘူးရှင့်" ဟုပြော၍ ရုတ်တရက်လှည့် ထွက်သွားသည်။

ကျွန်ုပ်သည် သူမ၏နောက်သို့လိုက်ပါသွားသည်။ ကျွန်ုပ် သည် သူမကိုမှီ၍ ဘေးချင်းယှဉ်၍ လိုက်သွားသည်။ လမ်းတွင် အအေးဒဏ်ဖြင့် ခိုက်ခိုက်တုံချမ်းနေသည်ကို ထားမပစ်ခဲ့နိုင်။ ကျွန်ုပ်အိမ် သိပ်မဝေးတော့ပါဘူး။ ခင်ဗျားလိုက်ပြီး နွေးနွေးထွေးထွေးဖြစ်အောင် တည်းခိုနိုင်ပါသည်ဟု ကျွန်ုပ်က ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်သို့ရောက်ပြီးနောက် ညစာစား၍ စီးကရက်များသောက်ပြီးလျှင် သူမသည် မီးဖိုဘေးရှိ ခင်းထားသော ကော်ဇောကိုရစ်ပတ်ခြုံပြီး တစ်ညလုံး အိပ်ပျော်သွားသည်။

ကျွန်ုပ်သည် ဤနည်းအားဖြင့် ကမ္ဘာကျော်သူလျှိုမယ် မာတာဟာရီကို တွေ့ခဲ့ရခြင်းဖြစ်သည်။

ရက်သတ္တပတ်အနည်းငယ်ကြာပြီးသောအခါ သူမက ကျွန်ုပ်အား ဖိတ်ခေါ်သည်။ သူမသည် အလွန်ပင်ပျော်ရွှင်၍ စိတ်လှုပ်ရှားနေပုံရသည်။ ထို့နောက် သူမကရယ်လျက် ''ရှင်ဟောထားသည့်အတိုင်း ကျွန်မသည် ယခုအခွင့်အရေးကောင်း ရလာပြီ။ ကျွန်မမနက်ဖြန် ဘာလင်မြို့သို့သွားရမည်၊ ဟော်တယ် တည်းခိုစားသောက်ခ လုံးဝမပါဘဲ တနင်္ဂနွေတစ်ပတ်လျှင် ငွေတစ်ထောင်ရမည့်အလုပ်ဖြစ်သည်။ အံ့သြစရာ မကောင်းဘူးလား'' ဟုပြောသည်။

ကျွန်ုပ်က ''ဘယ်လိုဖြစ်ပေါ်လာတာလဲ'' ဟုမေးမိသည်။

''ရိုးရိုးလေးပါပဲ။ ဖြစ်ပေါ်ပုံက ရယ်စရာပင်ကောင်းပါသေးတယ်။ အိုလင်ပီယာဇာတ်ရုံတွင် ကျွန်မ ကပုံကနည်းကို စစ်ဆေးကြသည်။ ကျွန်မ ကကွက်များမှာ အရှေ့တိုင်းဆန်လွန်းသည်ဟုဆို၍ ကျွန်မကို ပယ်ချလိုက်သည်။ ကပွဲရုံများတွင် ပါဝင်ကပြရန် ကြိုးစားမှုများသည် တစ်ခါမှ မအောင်မြင်ခဲ့ပါ။ ထို့ကြောင့် ကျွန်မသည် စိတ်ပျက်ပျက်နှင့်ငိုချလိုက်သည်။ ကပွဲရုံနောက်ခံတန်းရှိ ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်၍ ကျွန်မစိတ်ရှိသမျှ အားရပါးရငိုချလိုက်သည်။ ကျွန်မ၏မနီးမဝေးတွင် မိန်းမတစ်ယောက်နှင့်ယောကျ်ားတစ်ယောက်ထိုင်နေကြသည်။ အမျိုးသမီးက ရုတ်တရက်ထလိုက်လာ၍ ကျွန်မအား ဂျာမန်ဘာသာဖြင့် ပြောပြသည်။





''စိတ်မပျက်ပါနှင့် တူမလေးရယ်၊ ပြင်သစ်လူမျိုးများသည် လူအတွေပါ။ တူမလေး၏ကကွက်များကို သူတို့လုံးဝနားမလည်ကြပါ။ သူတို့နားလည်သည်မှာ ဘဲလ်လေးအကဖြစ်သည်။ တို့နှင့်အတူ ဘာလင်မြို့သို့ လိုက်ခဲ့ပါ။ ဟိုမှာ တူမလေး အလွန်ပျော်ပါလိမ့်မည်''

ဟု ပြောသည်။

ထို့နောက် သူမ၏ယောကျ်ားဖြစ်သောအမတ်ကြီးဝါယင်းနှင့် မိတ်ဆက်ပေးသည်။ ထိုနေ့ညတွင် ကျွန်မတို့ အတူတကွ ညစာစားကြသည်။ ထို့နောက် ကျွန်မပြောသည့်အတိုင်း ကျွန်မ၏လခငွေများကိုပေးရန် သဘောတူညီကြသည်။ ကျွန်မလည်း လက်ခံလိုက်သည်။ ''ဘာလင်မြို့ဟာ ကျွန်မအတွက် ကံကောင်းပါသလား။ ကျွန်မဇာတာက ဘယ်လိုလဲ'' ဟုမေးရှာသည်။

ယခင်တစ်ခါတုန်းက သူမ၏မွေးနေ့သက္ကရာဇ်ကို ကျွန်ုပ်အားပေးထားဖူးသည်။ သူမသည် ၁၈၇၉ ခု၊ မတ်လ ၃၁ ရက်နေ့တွင် ဂျဗားကျွန်း၌မွေးသည်။ ကျွန်ုပ်၏စားပွဲပေါ်၌ တွက်ထားသည်ကိုယူ၍ သူမကို ပြသည်။ ကျွန်ုပ်က အံ့သြစရာကောင်းတာပဲ။ ဇာတာအရဆိုလျှင် ဘာလင်မြို့နှင့် ဂျာမနီနိုင်ငံသည် ခင်ဗျားအတွက် များစွာကောင်းကျိုးပေးနိုင်သည်။ အလွန်အရေးကြီးသည့်နေရာများတွင် ပါဝင်ဆောင်ရွက်ရလိမ့်မည်ဟု ကျွန်ုပ်က ပြောပြသည်။ ဂျာမနီနိုင်ငံသည် မိဿရာသီအုပ်စိုးသော အင်္ဂါဂြိုဟ်ပိုင်ရှင်ဖြစ်သည်။ ခင်ဗျား၏ဇာတာတွင် တနင်္ဂနွေဂြိုဟ်သည် မိဿရာသီ၌ရှိနေပါသည်။ ခင်ဗျားများစွာအောင်မြင်ပါလိမ့်မည်။

တစ်ချိန်တည်းမှာပင် အခြားသော မကောင်းသောဂြိုဟ်များကြောင့်သင်သည် ဒုက္ခအမျိုးမျိုးတွေ့ရ လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု သင်ဆောင်ရွက်နေသော ဘဝခရီးသည် ၁၉၁၇ ခု၊ အောက်တိုဘာလတွင် အမြင့်ဆုံးစံချိန် ရောက်လိမ့်မည်။ ထိုလတွင်ပင် သင်သည် သေချင်းဆိုးနှင့်သေရလိမ့်မည်ဟု ကျွန်ုပ်က ပြောပြသည်။

နောက်တစ်နေ့တွင် သူမသည် ဘာလင်မြို့သို့ ထွက်ခွာသွားသည်။ ဒုတိယအကြိမ် ကျွန်ုပ်သည် သူမအားတွေ့သောအခါ ရုရှားနိုင်ငံရှိ စိန့်ပီတာစဘတ်မြို့ရှိ ဟော်တယ်တွင်ဖြစ်သည်။ သူမသည် ဟော်တယ်တွင် ဈေးအကြီးဆုံးသောအခန်းကို ငှား၍ နေသည်။ များစွာသောသူများကိုလည်း ဖိတ်ခေါ်၍ ညှိခံကျွေးမွေးသည်။ လူအများစုမှာ ရုရှားနိုင်ငံရှိ ပုဂ္ဂိုလ်ကြီးများနှင့် အစိုးရဌာနတွင် အလွန်အရေးပါသော အရာရှိကြီးများဖြစ်သည်။ သူမ၏နာမည်မှာ ထိုအချိန်၌ အမတ်ကြီးကတော် ဘွန်မင်ဂျင်ဖြစ်သည်။ သူမကို အလွန်ချမ်းသာသည်ဟု အားလုံးကယုံကြည်သည်။ လူချင်တန်းချင်သော စိတ်ရှိသည့်ကို အားလုံးကသိကြသည်။

တစ်ညတွင် ညဉ့်နက်သည်အထိ ကျွန်ုပ်သည် ဟော်တယ်အခန်းထဲ၌ စာရေးနေသည်။ ထိုအချိန်တွင် သူမသည် တံခါးကို ဖွင့်၍ဝင်လာသည်။ ဆရာနှင့်တစ်နာရီလောက် ဆွေးနွေးတိုင်ပင်ချင်၍ လာပါသည်။ ခွင့်ပြုပါဟု တောင်းပန်သည်။

ကျွန်ုပ်က ဘယ်လိုမှ ငြင်းဆန်၍မရပါ။ သူမသည် အလွန်ချောမောလှပနေသည်။ ကပွဲရုံတွင် ကရာမှ ဝတ်သောအဝတ်အစားများ၊ ရွှေ၊ စိန်၊ ရတနာတို့ဖြင့် တစ်ကိုယ်လုံး ချယ်လှယ်ထားသည်။ သူမ၏လည်ဆွဲတန်ဆာမှာ ပုလဲကုံးများဖြစ်သည်။

ကျွန်ုပ်က ဂျာမန်ကပွဲရုံများက တော်တော်အကျိုးပေးပုံ





ကမ္ဘာကျော်သူလျှိုမ မာတာဟာရီ

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်တို့၏သေဒဏ်ပေးခြင်းခံခဲ့ရသည့်



ရသည်ဟု ပြောလိုက်သည်။ သူမက ကမ္ဘာ့ကပွဲရုံမှာ ပို၍အကျိုး ရှိပါသည်ဟု ပြောပြသည်။ သူမသည် အလွန်အံ့ဩဖွယ်ရာအကြောင်း များကို ပြောပြသည်။ ဘာလင်မြို့သို့ရောက်သောအခါ သူမအတွက် မည်သည့်ကပွဲရုံမှ ကပြရန်အစီအစဉ်မရှိပါ။ ဂျာမန်လျှို့ဝှက်ဌာနမှ ကမ္ဘာလုံးဆိုင်ရာ သူလျှိုဌာနပိုင်ဟော်တယ်တစ်ခုတွင် ထားပါသည်။

ထို့နောက် သူမ၏အလှအပ၊ သူမ၏လုပ်ရည်ကိုင်ရည်၊ ကြံရည်ဖန်ရည်၊ ဘာသာအမျိုးမျိုး ကျွမ်းကျင်မှုသည် ကပွဲရုံတွင် ကပြမည့်အစား သူလျှိုဌာနတွင် ဝင်ရောက်အမှုထမ်းလျှင် ကြီးကျယ်စွာအောင်မြင်လိမ့်မည်ဟု အားပေးပြီးလျှင် သူလျှိုပညာရပ်များကို သင်ပေးသည်။ သုံးလတိုင်တိုင် စည်းကမ်းစနစ်နှင့် ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံများ၏ နိုင်ငံရေးသဘောထား၊ ရေတပ်မတော်၊ ကြည်းတပ်မတော်တို့၏စစ်လက်နက် ပစ္စည်းပုံစံအမျိုးမျိုး သင်ပေးသည်။ ဂျာမန်လျှို့ဝှက်ဌာန၏ လျှို့ဝှက်စာရေးနည်းကိုလည်း သင်ပေးသည်။ မည်ကဲ့သို့ ကြေးနန်းဖြင့် ပေးပို့ရမည်၊ မည်ကဲ့သို့လက်ခံရမည်၊ မည်ကဲ့သို့ပြန်ရမည်ကို စုံလင်အောင် သင်ပေးသည်။ စစ်ဘက်ဆိုင်ရာ အရာရှိများကလည်း စစ်မြေပြင်၌ချီတက်ပုံများ၊ နန်းတော်ထဲ၌ ပေါင်းသင်းဆက်ဆံပုံများကို အားလုံးသင်ပေးသည်။ ကိုင်ဇာဘုရင်မင်းမြတ်ကိုယ်တိုင် သူမအား အထူးအခွင့်အရေးပေးထားသည်။ သူမသည် ဂျာမန်တွေလုပ်သမျှ ဂျာမန်နှင့်ပတ်သက်သမျှသည် သူမစိတ်ထဲ၌ အံ့ဩစရာဖြစ်လာသည်။

"ခင်ဗျား၏အမတ်ကြီးကတော်ဘွဲ့က ဘယ်လိုလုပ်ရသလဲ"

ဟု ကျွန်ုပ်ကမေးလိုက်သည်။

ကျွန်မသည် အလွန်ချမ်းသာသော ဂျာမန်အမတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ မုဆိုးမတစ်ယောက်ဟု မိမိကိုယ်ကို ယူဆရမည်ဟု သူကရယ်၍ပြောသည်။ အကယ်၍ ရှင်မယုံကြည်သည့်ရှိသော် ဂျာမန်သံရုံးတွင် စုံစမ်းနိုင်သည်။ မည်သည့်နိုင်ငံ၌မဆို ကျွန်မ၏ စာရွက်စာတမ်းများ မှန်ကန်ကြောင်းကို တွေ့ရလိမ့်မည်။ ကျွန်မ၏ ယောကျာ်း အမတ်ကြီးသည် အလွန်အလှူအတန်းဝါသနာပါ၍ ကမ္ဘာ ငြိမ်းချမ်းရေးကို အားပေးသူဖြစ်ကြောင်း အမှန်တွေ့ရပါလိမ့်မည်။

ထို့နောက် ကျွန်ုပ်က ဝမ်းနည်းစွာဖြင့် ...

"အကယ်၍များ စစ်ဖြစ်လာလျှင် သင်သည်တစ်နေ့သော အရဏ်တက်၌ ဂျာမန်သူလျှိုမယ်အဖြစ် အသတ်ခံရလိမ့်မည်" ဟု ပြောပြသည်။

ထို့နောက် သူမက ခေါင်းညိတ်၍ပြောသည်။

"ဟုတ်ပါတယ်၊ ရှင်ပြောတာ ၁၉၁၇ ခု၊ အောက်တို ဘာလကိုတော့ ကျွန်မ မမေ့ပါဘူး။ ရှင်ယုံချင်နေ၊ မယုံချင်နေ ကျွန်မအလုပ်သည် အသက်ကိုစွန့်စားလောက်အောင် အဖိုးထိုက် တန်ပါသည်" ဟု ပြောပါသည်။

သူလျှိုအလုပ်ဆိုသည်မှာ ကမ္ဘာပေါ်တွင် အကြီးအကျယ်ဆုံး ကစားပွဲတစ်မျိုးဖြစ်သည်။ ဦးနှောက် စစ်ပွဲတိုက်ခြင်းဖြစ်သည်။ အောက်အကျဆုံး သူလျှိုတစ်ယောက်ပင်လျှင် တိုင်းပြည်ကြီး၏ ရာဇဝင်တွင် ပါဝင်လှုပ်ရှားသူဖြစ်လာသည်။

"ရှင်တို့ဘဝကိုကြည့်ပါ၊ တစ်ခါလာလည်း ဒီလိုပဲစားတယ်၊ သောက်တယ်။ အိပ်တယ်နဲ့ သေသွားကြတယ်။ ရှင်သေသွား သောအခါမှာ ဘုရားရှိခိုးကျောင်းနားတွင် လက်ဝါးကပ်တိုင်တစ်ခု ရှိမည်၊ ရှင်ပိုင်သော ငွေကြေးများကိုလည်း ဆင်းရဲသော ဆွေမျိုး





သားချင်းများကို ပေးခဲ့ရမှာပဲ။ ရှင်က ရှယ်ယာဝင်ထားသော တစ်ပဲတန်ဂျာနယ်၊ မဂ္ဂဇင်းများရှိလျှင် သင် တိုင်းပြည်အတွက် လုပ်ထားသည်ကို သူတို့ဖော်ပြပါလိမ့်မည်။ ရှင်၏နာမည်သည် တစ်နှစ်လောက်ကြာသောအခါ လုံးဝမေ့သွားကြပါလိမ့်မည်။ ဒါကြောင့် ရှင်တို့ဘဝဟာ ဘယ်လောက်ရယ်စရာကောင်းသလဲ"

ဟု ပြောပြသည်။

"ကျွန်မတို့သူလျှိုများမှာတော့ ဘာမှတွေးနေစရာမလိုပါ ဘူး။ ကျွန်မတို့၌ရှိသော ရွှေငွေရတနာများမှာ သွေးစွန်းနေကြောင်း သိပါသည်။ ကျွန်မတို့ကိုယ့်ကိုလည်း မလိမ်ပါဘူး၊ ကျွန်မတို့ဟာ ဘယ်တော့မှ သူများကို မလိမ်ဘူး။ ဈေးဆိုင်တွေက နွားနို့ကို ရေရော တယ်။ သကြားကိုလည်း ရေထိုး၍ ရောင်းပါတယ်။ ဒီလို လိမ်နည်း မျိုး မရှိပါဘူး"

"တကယ် ယုံကြည်ပါ၊ ကျွန်မတို့ရသော ငွေသည် အလွန် စင်ကြယ်သောလုပ်ငန်းမှရခြင်း ဖြစ်ပါသည်။ ဈေးအကောင်းဆုံးဖြင့် ကျွန်မတို့၏ဦးနှောက်ကို ရောင်းစားခြင်းဖြစ်သည်။ တစ်ခါတစ်ခါ သူတစ်ပါး၏ အသက်ကိုပင် ရောင်းစားခဲ့ရသည်။ ထို့အတူပင် တစ်ခါတစ်ရံ ကျွန်မတို့၏အသက်ကိုလည်း ရောင်းရမည် ဆိုတာကို လည်း မေ့မထားပါဘူး။ ထို့ကြောင့် အရဏ်တက်၌ သေနတ်နှင့် ပစ်သတ်ခံရမည်ဆိုသည်မှာ တာဝန်ကျေခြင်းပင်ဖြစ်ပါသည်"

"ကျွန်မတို့၏ဘဝတွင် ဘုရားရှိခိုးကျောင်းနှင့် မြက်တွေ ဖုံးလွှမ်းနေသော သင်္ချိုင်းနေရာလည်း မရှိပါ။ လက်ဝါးကပ်တိုင်လည်း မရှိပါ။ ထောင်ထဲတွင် တွင်းတစ်တွင်းတူး၍ ထုံးဖြူနှင့်မြှုပ်လိုက်ရုံသာ ရှိပါသည်။ ကျွန်မတို့အတွက် ဂုဏ်ထူးဘွဲ့ထူးလည်းမရပါ။ လက်ဖမ်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



လုပ်သောသူ၊ တီထွင်သောသူများကဲ့သို့လည်း ဂုဏ်ထူးဘွဲ့ထူး မရနိုင်ပါ။ ကျွန်မတို့ဘဝဟာ မုသာဝါဒအမျိုးမျိုးကို သုံးရသည်။ ကျွန်မတို့အား အခကြေးငွေ မည်မျှပေးသော်လည်း အရေးပေါ် လာလျှင် လုံးဝမဟုတ်ကြောင်း ငြင်းဆိုကြပါသည်။ ကျွန်မတို့အတွက် အပယူခံခွင့် မရှိပါ။ မည်သည့်မိတ်ဆွေများကမှလာ၍ အကူအညီပေး နိုင်မည် မဟုတ်ပါ။ ကျွန်မတို့ တိတ်တိတ်ဆိတ်ဆိတ်လုပ်သကဲ့သို့ တိတ်တိတ်ဆိတ်ဆိတ်လေးပင် သေကြရပါမည်'' ဟု သူမက ပြောပြ သည်။

ဤကဲ့သို့ ရင့်သီးသောစကားများကို ကြားရသောအခါ ကျွန်ုပ်သည် အနည်းငယ်စိတ်မကောင်းပါ။

ထို့နောက် ကျွန်ုပ်က ...

''ခင်ဗျားပြောပြတာ အလွန်ကြောက်စရာကောင်းပါကလား။ ဒီအလုပ်ကို စွန့်ပစ်လိုက်ပါ'' ဟု ပြောပြသည်။

ထို့နောက် သူမက ...

''သူလျှိုအလုပ်ဆိုတာ စွန့်ပစ်၍မရပါ။ ကျွန်သည် အိမ် ထောင်ပြုပြီးလျှင် အေးအေးဆေးဆေးနေနိုင်သည်၊ မပြောပါနှင့်။ ကျွန်မ တစ်ခါစမ်းကြည့်ခဲ့ပါသည်။ ကျွန်မ ဘာတွေဖြစ်လာသလဲ၊ ကျွန်မ၏ယောကျ်ားသည် ကျွန်မကို ကစားစရာလောက်ဟု အောက် မေ့သည်။ ကလေး ၂ ယောက် မွေးပေးသည်။ ထို့နောက် ကျွန်မကို ရေပြည်သွားသွား၊ ငတ်လို့သေသေ သူ့ကိုလုံးဝဂရုမစိုက်တော့ပါဘူး။ အိမ်ထောင်ရေးဆိုတာ ဦးနှောက်မရှိသော မိန်းမများ၏အလုပ် ဖြစ်ပါသည်။ အရွက်တွေရှိပြီး နှလုံးသားမရှိပါ။ အရွက်တွေကို နွားကောင်များက စားသည်။ စားစရာမကျန်သောအခါ နွားကောင်များက





ထွက်ခွာသွားသည်။ အရိုးတံပဲကျန်တော့သည်။ ကျွန်မကိုလည်း ချစ်ခြင်းမေတ္တာတရား မပြောပါနှင့်။ ရူးသောသူများ၏အလုပ်သာ ဖြစ်ပါသည်။ အိမ်ထောင်ပြုသည်ဆိုသည်မှာ ဘယ်တော့မှ အေးချမ်း ခြင်းမရှိသော တဏှာစရိုက်လုပ်ငန်းဖြစ်ပါသည်''

''မိန်းမတစ်ယောက်အနေနှင့် ထိပ်တန်းအကျဆုံးသော အလုပ်မှာ သူလျှိုအလုပ်ပင်ဖြစ်ပါသည်။ သူမ၏စွမ်းရည်သတ္တိကို အသုံးပြုနိုင်သည်။ လျှို့ဝှက်ကြံစည်မှုဇာတ်ခုံပေါ်၌ ကပြမှု၊ သူမ၏ စိတ်ကူးဉာဏ် အောင်မြင်မှု၊ လျှို့ဝှက်ကြံစည်မှု၊ ချမ်းသာစေချင်မှု၊ မုသာဝါဒအမျိုးမျိုးသုံးမှု၊ သူများပစ္စည်းခိုးမှု၊ ထူးထူးဆန်းဆန်း သိချင်သောအမှု၊ ဤနည်းအားဖြင့် ကျွန်မတို့သူလျှိုမယ်ဘဝသည် အလွန်ပင်ပျော်စရာကောင်းပါသည်။ ကျွန်မသည် အမှန်ပြောရလျှင် မိန်းမတို့မွေ့တာအတိုင်း စိတ်အားငယ်သောအခါ မိမိတို့သောကကို ယုံကြည်သော သူတစ်ယောက်အား ဖွင့်၍ပြောချင်သောစိတ်ရှိသည်၊ ထို့ကြောင့် ယခုရှင့်ကိုလာ၍ တွေ့ခြင်းဖြစ်ပါသည်'' ဟု ပြောပြသည်။

ကျွန်မတို့ဘယ်တော့ ပြန်တွေ့မည်ဆိုသည်ကို ဘုရားသခင် သာလျှင် သိပါသည်။ ကျွန်မသည် မနက်ဖြန်နံနက်တွင် ရုရှားမှ ထွက်ခွာသွားမည်၊ ကျွန်မတို့တစ်မြို့မြို့၌ တွေ့ဆုံသောအခါလည်း ကျွန်မသည် သူလျှိုမယ်အဖြစ်အောင်မြင်နေကြောင်း လာ၍ပြောပြပါ မည်ဟု ပြောသည်။

ကျွန်ုပ်တို့သည် ပထမကမ္ဘာစစ်ကြီးမဖြစ်ခင် လအနည်းငယ်၌ တစ်ခါတွေ့ကြပြန်သည်။ ကျွန်ုပ်၏ဟော်တယ်သို့ဖုန်းဆက်၍ ပြောပြ သည်။ သူမ၏အသံသည် သူမ၏မျက်နှာကဲ့သို့ အမြဲတမ်း အပြောင်းအလဲ လုပ်နိုင်သည်။ မည်သည့်နေရာတွင် တာဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ထမ်း၊ ထိုနေရာနှင့်လျော်ညီအောင်အသံကို အမျိုးမျိုး ပြောနိုင်သည်။ သူမ၏မူလအသံမှာ နူးညံ့ပျော့ပြောင်း၍ လေးနက်သည်။ သူမ၏ ဝမ်းထဲ၌ ပူဆွေးသောကရောက်နေသော အသံမျိုးဖြစ်သည်။ တစ်ခါ ကြားဖူးလျှင် တစ်သက်လုံး မမေ့နိုင်ပါ။

နောက် သူမကစ၍ ...

"ရက်အတော်ကြာအောင် လန်ဒန်မြို့သို့ ရောက်နေပါသည်။ ယနေ့ညလာ၍ စဗွိုင်းဟော်တယ်၌ ညစာစားရန် ကြွရောက်ပါ။ တခြားမိတ်ဆွေကြီးတစ်ယောက်ကိုလည်း ဖိတ်ထားပါသည်"

ဟုပြောပါသည်။

ထို့နောက် သူမကရယ်မော၍ ...

"အချစ်ဆိုတရားသည် ဘယ်လောက်စိတ်ဝင်စားစရာ ကောင်းသည် ဆိုတာ ရှင်မြင်ရပါလိမ့်မည်" ဟု ပြောသည်။

ကျွန်ုပ်က "မာတာရေ ... မင်း ယခုအိမ်ထောင်ပြု တော့မှာလား"ဟု မေးလိုက်မိသည်။

သူမက "ရှင်ကိုယ်တိုင်လာ၍ကြည့်ပါ၊ ဆုံးဖြတ်ပါ၊ ကျွန်မ ဘယ်လိုဖြစ်မည်ကိုမသိပါ။ အချစ်ဆိုသောတရားသည် အလွန် အံ့ဩဖွယ်ကောင်းပါသည်၊ ပုံစံအမျိုးမျိုးဖြင့် လာတတ်ပါသည်"

ဟုပြောသည်။

ကျွန်ုပ် စဗွိုင်းဟော်တယ်သို့ရောက်သောအခါ မည်သည့် နာမည်ကို မေးရမည်လဲဟုမေးလိုက်သည်။ ထိုအခါ သူမက ဘွန်မင် ဂျင်ဟု မေးပါ။ ကျွန်မအဝတ်အစားတွေ ခဏခဏ ပြောင်းလဲသလို နာမည်ကို မပြောင်းလဲပါဟု ပြောပါသည်။

ည ၈ နာရီရောက်သောအခါ ကျွန်ုပ်သည် သူမ၏





ဟော်တယ်အခန်းသို့ ရောက်ခဲ့သည်။ သူမ ဖိတ်ခေါ်သောသူသည် မည်သို့သောသူဖြစ်မည်ကို ကျွန်ုပ်စိတ်ထဲက တွေးကြည့်မိသည်။ တယ်လီဖုန်းဖြင့် သူမက ပြောစဉ်ကပင် ကျွန်ုပ်သည် အလွန်သိချင် လာသည်။ လူပုလေးမှ ဆင်ကောင်လောက်ကြီးအထိ ကျွန်ုပ်သည် စဉ်းစားထားမိသည်။ သို့ရာတွင် ကျွန်ုပ်တွေ့ရသည်မှာ ကျွန်ုပ် မစဉ်းစားမိနိုင်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေသည်။

ထိုအချိန်တွင် နွေဥတု အလယ်လောက်တွင်ဖြစ်၍ အခန်းရှိ ခန်းဆီးလိုက်ကာများကိုပင် မချသေးပေ။ လန်ဒန်မြို့ကြီးသည် နေဝင်ခါနီးဖြစ်၍ ရွှေဝါရောင်သန်းနေသည်။ ကျွန်ုပ်သည် ရှုမျှော်ခင်းကို ကြည့်နေစဉ် ပြင်သစ်နိုင်ငံ နိုင်ငံရေးထိပ်တန်းပုဂ္ဂိုလ် တစ်ယောက် ပေါ်ပေါက်လာသည်။

ကျွန်ုပ်အခန်းထဲသို့ဝင်လာစဉ်တွင် သူက ကျွန်ုပ်ကို မှတ်မိသည်။ ဟာ ... ခင်ဗျားကိုတွေ့ရသည်ဆိုပြီး ဝမ်းသာအားရနှင့် ကျွန်ုပ်အား အားရပါးရ လက်ဆွဲနှုတ်ဆက်သည်။ ကျွန်ုပ်ကို ထမင်းစားဖိတ်ခေါ်သောအိမ်ရှင်မသည် ကမ္ဘာလောကကြီးကို ကောင်းကျိုးပေးနိုင်သော အမျိုးသမီးဖြစ်ပါသည်ဟု ပြောပါသည်။

သူသည် အလွန်အံ့ဩစရာကောင်းသော မိန်းမမဟုတ်ပါလား။ ယခု အင်္ဂလိပ်နှင့်ပြင်သစ်ပြည်တို့သည် တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးမှုဆက်ဆံမှုကောင်းလာသည်။ ဂျာမနီနှင့်လည်း သင့်မြတ်လာကြသည်။ ၁၉၀၃ ခုနှစ်က ဒွက်ဘုရင် ပဲရစ်မြို့သို့ရောက်လာကာ ညကစ၍ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီတို့ သည် မဟာမိတ်ဖြစ်လာကြသည်။ ဤကဲ့သို့ဖြစ်အောင် ဒီအမျိုးသမီးအိမ်ရှင်မက ဖန်တီးပေးခြင်းဖြစ်သည်။ အမျိုးသမီးသည် ဂျာမနီလူမျိုးဖြစ်သည်။

www.burmeseclassic.com



၁ှူမသည် တစ်ကမ္ဘာလုံး၏အေးချမ်းမှုကိုပေးသော ငြိမ်းချမ်းရေး ဖန်တီးရှင်ဖြစ်သည်။

ကျွန်ုပ်တို့စကားပြောနေစဉ် မာတာဟာရီသည် အခန်းထဲသို့ ဝင်ရောက်လာသည်။ ကျွန်ုပ်သည် သူမကို ရုရှားနိုင်ငံတွင် မည်မျှ လှပကြောင်းဖော်ပြခဲ့သည်။ ယခုအခါ မည်ကဲ့သို့ ဖော်ပြရမည်ကိုပင် မသိတော့ပါ။ အကယ်၍ ကောင်းကင်ဘုံက နတ်သမီးတစ်ယောက်သည် ပြင်သစ်ပြည်က အဝတ်အစားများ ဝတ်လာသည်ဟုဆိုလျှင် ဤအမျိုးသမီးသာဖြစ်ရမည်ဟု ဆိုရပေတော့မည်။

ကျွန်ုပ်၏အနီးသို့ ရောက်သောအခါ သူမသည် ကျွန်ုပ်အား ခင်မင်လေးစားစွာဖြင့် နှုတ်ဆက်သည်။ ထို့နောက် ညှော်သည့်ထံသို့ သွားသည်။ သူမ၏ပြောင်လက်တောက်ပနေသော မျက်လုံးအစုံတို့သည် အလင်းရောင်ဖြင့် တောက်ပနေသည်။ အမှန်တော့သူမသည် နတ်သမီးကလေးကဲ့သို့ဖြစ်နေသည်။ ထိုညှော်သည်က သူမ၏လက်များကို ကုန်း၍နမ်းပေးသည်။ အလွန်ကြည်ညိုဖွယ်ရာကောင်းသော မယ်တော်မိနတ်သားကဲ့သို့ အလွန်ရှိသေပုံရသည်။ သူမက နှုတ်ဆက်လိုက်သောအခါ သူမ၏အသံများသည် စိတ်လှုပ်ရှား ဝမ်းမြောက်ပုံဖြစ်နေ၍ ပြင်သစ်အမျိုးသားကြီးမှာ ဒူးတွေပင် ကွေးညွတ်သွားလိမ့်မည်ဟု အောက်မေ့ရသည်။

သူမ၏ဖိတ်ခေါ်သော ကြေးနန်းကြောင့် ထိုသူသည် ပဲရစ်မြို့မှ လေယာဉ်ပျံဖြင့် လာခဲ့သည်။ ထိုစဉ်အခါတုန်းက လေကြောင်းခရီးသည် စိတ်ချရသည့်မဟုတ်သေး။ အသက်စွန့်၍လာခဲ့ရသည်။ လေယာဉ်ပေါ်ခါစက ဖြစ်သည်။ သူမက အရက်အမျိုးမျိုးဖြင့် ညှော်ခံသည်။ ထမင်းစား စားပွဲတွင် ထိုညှော်သည်အား ဂုဏ်ပြုသော





အားဖြင့် အစားအစာဟူသမျှသည် ပြင်သစ်အစားအစာများသာ ဖြစ်သည်။ ဖားခြေထောက်များ၊ ခရုများ၊ ငှက်ဥများစုံနေသည်။

ထို့နောက် သူမက ဤကဲ့သို့ စွန့်စားလာရသည်မှာ ဘေးရန်များပါသည်။ သို့ရာတွင် ဘုရားသခင်သည် အမြဲတမ်းစောင့်ရှောက်၍ ဘေးရန်ကင်းနိုင်ပါသည်။ ကျွန်မ ညစဉ် ဘုရားရှိခိုးတိုင်း ကျွန်မ ချစ်သော သူများ၏နာမည်ကို ဖော်ပြပြီးလျှင် ဘုရားသခင်စောင့်ရှောက်ပါစေဟု ဆုတောင်းပါသည်ဟု ပြောသည်။

ပြင်သစ်ညှော်သည်တော်ကြီးမှာ ညစာစားပြီးသောအခါ အလွန်ကျေနပ်ပုံရသည်။

ထို့နောက် မာတာဟာရီက ပြောသည်။ ကျွန်မသည် မကြာမီပဲ ကမ္ဘာ့ငြိမ်းချမ်းရေးကို ရလိမ့်မည်ဟု ယုံကြည်ပါသည်။ ရလည်း ရပါလိမ့်မည်။ ရှင်ကလည်း ကျွန်မမိတ်ဆွေကောင်းဖြစ်၍ ကျွန်မ၏လျှို့ဝှက်ချက်ကို ပြောကြားခြင်းဖြစ်ပါသည်။ ကျွန်မသည် ကိုင်ဇာဘုရင်၏ ကမ္ဘာလုံးဆိုင်ရာ ကြက်ခြေနီ သူနာပြုအတွက် ငွေများကို လက်ခံရန်သွားသောအခါ ဂျာမနီပြည်၏စစ်သဘော်ပုံများကို ဖြတ်ပြီးလျှင် စာတမ်းတစ်ခုချိတ်ဆွဲထားပါသည်။ စာတမ်းမှာ "ဓါး–လှံ–လက်နက်များကို လယ်ထွန်စက်လုပ်ရမည်။ စစ်မဖြစ်စေရ" ဟု ချိတ်ဆွဲ ထားပါသည်။

အံ့သြစရာကောင်းပါသည်ဟု ပြင်သစ်ညှော်သည်ကြီးက ဆိုပါသည်။

ထို့နောက် သူကပြောသည်မှာ ပြင်သစ်ပြည်၏ စစ်ဝန်ကြီးချုပ်အဆိုအရ လက်နက်တပ်ဆင်ရန် ငွေကြေးများ မလုံလောက်။ သေနတ်အသစ်များ မရောင်းနိုင်။ ခါတ်ငွေ့များကိုလည်း သိုးများကို



www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်နေသည်၊ များများမထုတ်လုပ်နိုင်။

မာတာဟာရီက ပြောသည်။ ကျွန်မပြောသည့်အတိုင်းပဲ ကမ္ဘာ့ငြိမ်းချမ်းရေးရမှာပါဟု ဆိုသည်။

ပြင်သစ်ညှိသည်တော်ကြီးက ခင်ဗျားလို မြင့်မြတ်သော အမျိုးသမီးများကြောင့် အင်္ဂလိပ်စကားပုံတစ်ခုတွင် "ပုခက်လွှဲသော လက်သည် ကမ္ဘာကြီးကိုအုပ်စိုးသည်ဟု ဆိုပါသည်" ဟု ပြောပြန်သည်။

ကျွန်ုပ်သည် အိမ်သို့ပြန်ရန် သူတို့အား နှုတ်ဆက်သည်။ လှေကားထစ်သို့ရောက်သောအခါ မာတာဟာရီက "ပြင်သစ်ညှိသည်တော်ကြီးက ကျွန်မကို သိပ်ချစ်နေသည်။ ရှင် ဘယ်လိုသဘောရပါသလဲ" ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်။ ဒါပေမဲ့ ဘာကြောင့် ကျွန်ုပ်ကို ဖိတ်ခေါ်ရပါသလဲ" ဟုမေးလိုက်သည်။ ထို့နောက် သူမက ရယ်မောလျက် ကျွန်မသည် ဇာတ်မင်းသမီးဖြစ်ခဲ့သဖြင့် ပွဲကြည့်သူရှိမှ ကျေနပ်ပါသည်ဟု ပြောသည်။ ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ကျွန်မကို မမေ့ပါနှင့်ဦးဟု ကျွန်ုပ်အားပြောကြားသည်။

ပထမ ကမ္ဘာစစ်ကြီးပြီးခါနီးတွင် အိုင်ယာလန်၊ ဒတ်ဘလင်မြို့၌ သူမကို တစ်ခါတွေ့ခဲ့ရသည်။ အိုင်ယာလန်ပြည်ရှိ ဂျာမန်များက သူမကို စပိန်ပြည်သို့ပို့ခဲ့သည်။ ထိုနေရာမှ သူမသည် လွတ်ရာသို့ ထွက်ပြေးခိုင်းသည်။ တစ်ကမ္ဘာလုံးရှိ ပုလိပ်နှင့်စုံထောက်အဖွဲ့တို့သည် သူမနောက်ကို တကောက်ကောက် လိုက်ရှာနေကြောင်းကို သူသိသည်။

သူမသည် ပြင်သစ်ပြည်သို့ ပြန်လာပြီးလျှင် ရှေ့တန်း





စစ်မျက်နှာများ၌ ကချေသည်အဖြစ် အသုံးတော်ခံပြန်သည်။ တစ်ခုသောညတွင် သူမသည် ပြင်သစ်ရှေ့တန်းတပ်များမှ ဂျာမန်များရှိရာသို့ကူးသွားသည်ကို လူအများက တွေ့ရှိကြသည်။ သူမသည် ပြင်သစ်ပြည်သို့ပြန်လာသောအခါ အဖမ်းအဆီးခံရ၍ ပဲရစ်မြို့သို့ ပို့လိုက်သည်။ ထို့နောက် သူမကို သူလျှိုမယ်ဘဝဖြင့် သေဒဏ်ပေးလိုက်သည်။

၁၉၁၇ ခုနှစ်၊ အောက်တိုဘာလတွင် သူမ၏လက္ခဏာတွင် ပါသည့်အတိုင်း သူမအား သေဒဏ်အပြစ်ပေးခံရသည်။ သူမအား သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ရန်အမိန့်၌ မျက်နှာကို အဝတ်ဖုံးခွင့်မပြု။ သူမသည် ပြုံးပြုံးလေးပင် ပြင်သစ်တို့က ပစ်သတ်ခြင်းကို ခံယူသွားလေသည်။

ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရို

■



www.burmeseclassic.com

ဂုံပြိုးနှ်ဂးၜဓးထစဗုံနှ် ငြိင်လန်စဍ္ဍသာဓးဇၞးဍကြဓးဍဠဓ ငွံးဇၞးသာဓဍှဝ်ကြှ်လ
ဗ္ဗုးဂုံးလဓးပြွိုင်ဍဂဇ ယန္ဒုစဉ်ဗလလဂ ဂးဍဝိဇးဇၞင်လိ်နှ်ဂဍ္ဍဂွသလဗ ဂြှိုပ်



www.burmeseclassic.com

www.burmeseclassic.com



ပုဂံမြို့ လောကထိပ်ပန်ဂူဘုရားအတွင်းမှ မဟာသမယကျေးစေနန်းကို
သရုပ်ဖော်ရေးဆွဲထားသော နံရံဆေးရေးပန်းချီပုံ



နဝတခေတ်ကထောက်လှမ်းရေးဌာနကြီးမှူး
ဗိုလ်မှူးချုပ်ခင်ညွန့်

www.burmeseclassic.com

www.burmeseclassic.com



ရှေးမြန်မာမင်းများ လက်ထက်ကထောက်လှမ်းရေး
စာအုပ်ရေးခဲ့သည့် ဗိုလ်မှူးကြီး စန်းပွင့်

## အခန်း ( ၂ )
## ရှေးခေတ်က မြန်မာ့ထောက်လှမ်းရေး

ဆက်လက်၍ ရှေးခေတ်က မြန်မာ့ထောက်လှမ်းရေးသမိုင်းကို ဖော်ပြပါမည်။

ကျွန်တော် ရေးကြည့်ပါသည်။ သို့ရာတွင် ဗိုလ်မှူးကြီးစန်းပွင့် ရေးသည့် ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးစာအုပ်ကို ဖတ်မိတော့ သူ့စာအုပ်မှာ အလွန်ပြည့်စုံကောင်းမွန်လှပါသဖြင့် သူ့စာအုပ်မှ အရေးကြီးသည့်အပိုင်းများကို ထုတ်နုတ်ဖော်ပြအပ်ပါသည် ခင်ဗျာ။

သောင်းဝေဦး
၁၈. ၇. ၂၀၁၆

❖ ❖ ❖

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ထောက်လှမ်းရေး သမိုင်းအစ

ရေးသူ - ဗိုလ်မှူးကြီးစန်းပွင့်

### နိဒါန်း

မျက်မှောက်ခေတ်တွင် ကမ္ဘာပေါ်၌ အင်အားကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ထောက်လှမ်းရေးအဖွဲ့အစည်း ထောက်လှမ်းရေးစွမ်းရည် ကောင်းမွန်သော နိုင်ငံတို့သည် ထိပ်တန်းနိုင်ငံများအဖြစ် ရပ်တည်နေကြောင်း တွေ့ရပေမည်။ ထောက်လှမ်းရေးအဖွဲ့အစည်းဆိုသည်မှာ ကန့်လန့်ကာနောက်ကွယ်မှ အစိုးရ **Invisible Government** ဟူ၍ပင် တင်စားပြောဆိုကြသဖြင့် နိုင်ငံတစ်နိုင်ငံအတွက် မည်မျှ အဓိကကျသည်၊ မည်မျှအရေးပါသည်ကို ရှင်းပြရန်ပင် လိုမည်မဟုတ်ပေ။ ထို့ကြောင့် မည်သည့်ခေတ်၊ မည်သည့်ကာလမဆို ထောက်လှမ်းရေးသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်သော အဖွဲ့အစည်း၊ မလုပ်မဖြစ်သောလုပ်ငန်းတာဝန် ဖြစ်ပေသည်။ နှစ်ပေါင်းထောင်နှင့်ချီ၍ သမိုင်းစဉ်ရှည်လျားခဲ့သော မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက် ထောက်လှမ်းရေးရှိခဲ့ကြမည်၊ လုပ်ခဲ့ကြမည် ဖြစ်ပါသည်။ သို့တမန်များဖြင့်ဖြစ်စေ ထောက်





လှမ်းမှုလုပ်ခဲ့ကြပုံများကို ရေးသားမှတ်တမ်းတင်ထားခြင်းမှာ အနည်းအကျဉ်းသာ တွေ့ရပါသည်။ ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ထားခြင်းမှာ မရှိသလောက်ပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရှေးမြန်မာမင်းများသည်လည်း ခေတ်အခါအလိုက် စွမ်းဆောင်နိုင်ခဲ့ကြသည်သာဖြစ်၍ မျက်မှောက်ခေတ်အတွက် သင်ခန်းစာယူဖွယ်ရာများ အမှန်ပင် ရှိမည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်၍ ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးနှင့်ပတ်သက်သော ဖြစ်ရပ်ဖြစ်စဉ်များကို ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ ရာဇဝင်၊ သမိုင်းမှတ်တမ်းများမှ လေ့လာတွေ့ရှိသမျှ ကောက်နုတ်တင်ပြမည် ဖြစ်ပါသည်။ ထို့ပြင် ခေတ်ကို ထင်ဟပ်နေသည့် စာပေကျမ်းဂန်များနှင့် ဆက်စပ်သုံးသပ်မှ ပိုမိုပြည့်စုံမည်ဟု ယူဆသဖြင့် ခေတ်အလိုက် ပေါ်ပေါက်ခဲ့သည့် စာပေကျမ်းဂန်များထဲမှ ထောက်လှမ်းရေးနှင့်ဆိုင်သည့် အတွေးအခေါ်၊ အယူအဆ၊ နည်းနာနိဿယ၊ လမ်းညွှန်ချက်များကိုလည်း ကောက်နုတ်တင်ပြမည်ဖြစ်ပါသည်။

### ထောက်လှမ်းရေးဆိုသည်မှာ အဘယ်နည်း

မျက်မှောက်ခေတ်၌ ထောက်လှမ်းရေးဆိုသည့် စကားရပ်သည် အလွန်လူသိများသော စကားရပ် ဖြစ်သည်။ ပထမကမ္ဘာစစ် (၁၉၁၄–၁၉၁၈) နှင့် ဒုတိယကမ္ဘာစစ် (၁၉၃၈–၁၉၄၅) အပြီးတွင် သူလျှိုဇာတ်လမ်း၊ စာပေ၊ ရုပ်ရှင်ဇာတ်ကားများကြောင့် ပို၍ လူသိများလာခဲ့ပါသည်။ ထောက်လှမ်းရေးဆိုသည်မှာ အဘယ်နည်း ဟုမေးလျှင် အတိုချုံး၍ ပြည့်စုံသည့်အဖြေပေးနိုင်ရန် ခက်ခဲကြောင်း တွေ့ရပေလိမ့်မည်။ ထောက်လှမ်းရေးဆိုသည့်စကားရပ်၏ အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



သည် အလွန်ကျယ်ပြန့်သဖြင့် မည်သည့်အဓိပ္ပာယ်ကို မေးလိုပါသနည်းဟု ပြန်၍မေးရမည့်သဘော ရှိပါသည်။ စကားရပ်သက်သက်အဓိပ္ပာယ်ကိုသာ မေးလိုခြင်း ဖြစ်သည်ဟုဆိုလျှင် ထောက်လှမ်းသည်ဆိုသည်မှာ မြန်မာအဘိဓာန် (ထောက်လှမ်း။ ကြိယာ– မေးမြန်းစုံစမ်းသည်) ဟု အဓိပ္ပာယ် ဖွင့်ထားပါသည်။ ထောက်လှမ်းရေးဆိုသည့် အဓိပ္ပာယ်ကို အကျဉ်းချုပ်ဖော်ပြရလျှင် ကြားသိအပ်သော အဖြစ်အပျက်၊ အကြောင်းအရာများ၏ အခြေအနေကို သိအောင် မေးမြန်းစုံစမ်းမှုလုပ်ခြင်းပင် ဖြစ်သည်ဟု ဆိုရပါမည်။

## အဘယ်ကြောင့်ထောက်လှမ်းရေးလုပ်ရပါသနည်း

ကျောက်ခေတ်မှစ၍ ရှေးခေတ်လူသားများသည် ပထမဦးစွာ မိမိတို့ဘဝ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်၊ သားရဲတိရစ္ဆာန်များ၏အန္တရာယ်၊ အုပ်စုတစ်စုနှင့်တစ်စု တိုက်ခိုက်ကြသည့် အန္တရာယ်များမှ ကာကွယ်နိုင်ရန် ထောက်လှမ်းမှုများ လုပ်ခဲ့ကြရသည်။ ထောက်လှမ်းရေးအသိ၊ ထောက်လှမ်းရေးအတတ်ပညာဆိုသည်မှာ လူ့သမိုင်းအစ၊ ကျောက်ခေတ်လူသားများဘဝကပင် စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ကျောက်ခေတ်လူသားများသည် မိမိတို့ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်၊ တောရိုင်းတိရစ္ဆာန်များ၏အန္တရာယ်၊ အုပ်စုချင်းတိုက်ခိုက်ကြသည့်အန္တရာယ်နှင့် အစားအစာအတွက် သားကောင်များကို ရှာဖွေသည့်အခါ ဘဝပေးထောက်လှမ်းရေးအသိ၊ ဘဝပေး ထောက်လှမ်းရေးအတတ်ပညာများကို အသုံးချကြရပေသည်။ ဥပမာ – သားကောင်များ ဖမ်းဆီးရန်အတွက် ခြေရာခံခြေရာကောက်ခြင်း၊





လေမှန်တိုင်းတိုက်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသည့် ရာသီဥတု သဘာဝဘေးအန္တရာယ်များကို ရှောင်တိမ်းနိုင်ရန်အတွက် စူးစမ်းမှတ်သားခြင်း၊ အုပ်စုတစ်စုနှင့်တစ်စု တိုက်ခိုက်ကြသည့်အခါ ကြိုတင်ချောင်းမြောင်း လေ့လာခြင်းများသည် ထောက်လှမ်းရေးအသိ၊ ထောက်လှမ်းရေးအတတ်ပညာများ၏ အခြေခံအစပင် ဖြစ်သည်။ မြန်မာနိုင်ငံ ရှမ်းပြည်နယ်၊ တောင်ကြီးဒေသ၊ ရွာင်အနီး ပြဒါးလင်းဂူထဲတွင် ကျောက်ခေတ်လူသားများ၏ အသုံးအဆောင်များ၊ ဂူနံရံ၌ ရေးဆွဲထားသည့် သားကောင်များ၏ ပုံများ တွေ့ရှိခဲ့ရသည်။ ရေးဆွဲထားခဲ့သည့် အရုပ်များသည် ပြီးစီးသည့်အထိ ရေးဆွဲထားခြင်းမဟုတ်ဘဲ တစ်ဝက်တစ်ပျက်သာ ရေးဆွဲထားသဖြင့် သတင်းပို့ **Message** အရုပ်များသာ ဖြစ်သည်ဟု ပညာရှင်များက ခန့်မှန်းခဲ့ကြသည်။ မြန်မာနိုင်ငံမှ ရှေးအကျဆုံး ထောက်လှမ်းရေးဆိုင်ရာ အထောက်အထားဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကျောက်ခေတ်လူသားဘဝမှ လူ့သမိုင်းစဉ် တိုးတက်ပြောင်းလဲ မြင့်မားလာသည်နှင့်အမျှ ထောက်လှမ်းရေးအသိ၊ ထောက်လှမ်းရေးပညာများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သည်။ သုံးစွဲရန်နှင့် စိုက်ပျိုးရန် လိုအပ်သည့် ရေအရင်းအမြစ်ရရှိနိုင်သော ပထဝီဝင်နောက်ခံကို အမှီပြုပြီး နောက်ဆုံး မြို့ပြနိုင်ငံငယ်များမှ နိုင်ငံအဆင့်သို့ ပြောင်းလဲတိုးတက်လာခဲ့သည်။ သာဓကအားဖြင့် ရေအရင်းအမြစ်ယဉ်ကျေးမှု **Hydrolic Culture** ဟု သတ်မှတ်ကြသည့် ယူဖရေးတီးစ်နှင့် တိုက်ဂရစ်စ် မြစ်နှစ်သွယ်ကြားမှ မက်ဆိုပိုတေးမီးယားယဉ်ကျေးမှု၊ နိုင်းမြစ်ဝှမ်းမှ အီဂျစ်ယဉ်ကျေးမှု၊ ဧရာဝတီမြစ်ဝှမ်းမှ ကျောက်ခေတ်အညာသားယဉ်ကျေးမှု **Anyathian Culture** စသည်



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်ပေါ်လာခဲ့သည်။ လူ့သမိုင်းစဉ် ပြောင်းလဲလာသကဲ့သို့ ထောက်လှမ်းမှုများမှာလည်း အဖွဲ့အစည်းပုံစံ ဖွဲ့စည်းလုပ်ဆောင်လာကြသည်။ နိုင်ငံအဆင့်ရောက်လာသည့်အခါ ထောက်လှမ်းရသည့် ဦးတည်ချက်များကလည်း ပြောင်းလာကြသည်။ နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ၏ ပြည်တွင်းပြည်ပ လုံခြုံရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ထောက်လှမ်းရေးအဖွဲ့အစည်းများ ထားရှိထောက်လှမ်းကြသည်။ အချုပ်အားဖြင့် ထောက်လှမ်းရေးဆိုသည်မှာ ကျောက်ခေတ်လူသားဘဝကပင် မရှိမဖြစ်၊ ရှိခဲ့လုပ်ခဲ့ကြရသည့် လုပ်ငန်းဖြစ်သဖြင့် နိုင်ငံအဆင့်ရောက်လာသည့်အခါ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်သော အဖွဲ့အစည်းဖြစ်သကဲ့သို့ နိုင်ငံ့အကျိုးစီးပွားအတွက် မလုပ်မနေလုပ်ရမည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပေသည်။

## မည်သည့်အရာများကို ထောက်လှမ်းကြပါသနည်း

လူ့သမိုင်းစဉ် တိုးတက်ပြောင်းလဲသည်နှင့်အမျှ ထောက်လှမ်းမှုများမှာလည်း တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်အိမ်ထောင်ချင်း၊ မျိုးနွယ်စုတစ်စုချင်းအတွက်သာမဟုတ်တော့ဘဲ ပြောင်းလဲတိုးတက်လာမည် ဖြစ်သည်။ လူ့သမိုင်းစဉ် တိုးတက်ပြောင်းလဲလာသည့်နည်းတူ ထောက်လှမ်းရေး အသိပညာ၊ အတတ်ပညာများလည်း တိုးတက်ပြောင်းလဲလာခဲ့သည်။ မြို့ပြနိုင်ငံငယ်အဆင့်မှ နိုင်ငံဟူ၍ ဖြစ်လာသည့်အခါ အုပ်ချုပ်သူ လူတန်းစားများလည်း ပြောင်းလဲလာသည်။ သက်ဦးဆံပိုင်ဘုရင်စနစ်၊ အစိုးရအဖွဲ့စနစ် စသည်ဖြင့် ပြောင်းလဲခဲ့လေသည်။ ထောက်လှမ်းမှုမှာလည်း တစ်ဦးတစ်ယောက်၊ တစ်အိမ်ထောင်၊ တစ်မိသားစု၊ မျိုးနွယ်တစ်စုအတွက်သာ မဟုတ်





တော့ဘဲ အုပ်ချုပ်သူအတွက်၊ အစိုးရအဖွဲ့အစည်းအတွက်၊ နိုင်ငံအတွက် ဖြစ်လာကြသည်။ နိုင်ငံဟူ၍ ပေါ်ပေါက်လာသည့်အခါ ပြည်တွင်းပြည်ပ ထောက်လှမ်းမှုများ လုပ်လာကြသည်။ ပြည်တွင်းထောက်လှမ်းမှု၏ ရည်ရွယ်ချက်မှာ အုပ်ချုပ်ရေးယန္တရား ချောမွေ့စေရန်နှင့် ပြည်တွင်းလုံခြုံရေးအတွက် ဖြစ်သည်။ ပြည်ပထောက်လှမ်းမှုမှာ အိမ်နီးချင်းနိုင်ငံများက မိမိနိုင်ငံအား မကျူးကျော်နိုင်စေရန် ကြိုတင်ကာကွယ် ထောက်လှမ်းမှုလုပ်ခြင်း ဖြစ်သည်။ အချို့အင်အားကြီးနိုင်ငံများမှာ မိမိတို့နိုင်ငံ လုံခြုံရေးအပြင် အခြားနိုင်ငံများ အပေါ် စစ်ရေး၊ နိုင်ငံရေးအသာစီးရရှိရန်၊ ဩဇာလွှမ်းမိုးနိုင်ရန် ထောက်လှမ်းရေးလုပ်လာကြသည်။ ပြည်တွင်း ပြည်ပ ထောက်လှမ်းကြသည့်အခါ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး [illegible] အရေးပါသောကဏ္ဍများကို အဓိကထားတတ်ကြပေသည်။

## မြန်မာနိုင်ငံတွင် မည်သည့်အချိန်ကစ၍ ထောက်လှမ်းရေး လုပ်ခဲ့ပါသနည်း

သမိုင်းမှတ်တမ်းမတင်မီခေတ် **Prehistoric Period** ကပင်ဖြစ်စေ၊ သမိုင်းမှတ်တမ်းတင်သည့်ခေတ် **Historic Time** မှာပင်ဖြစ်စေ မြန်မာနိုင်ငံမှာလည်း ထောက်လှမ်းရေးလုပ်ခဲ့ကြမည်သာဖြစ်သည်။ မင်းနားတစ်ထောင်ဆိုသည့်စကားသည် ရှေးဘုရင်များမည်သို့သတင်းရသည်ကို ဖော်ပြနေသဖြင့် ထောက်လှမ်းရေး လုပ်ခဲ့ကြောင်း အလွန်ထင်ရှားပါသည်။ ထောက်လှမ်းရေးလုပ်ဆောင်မှုများနှင့်ပတ်သက်၍ ရာဇဝင်သမိုင်း မှတ်တမ်းများ၌ အထောက်အထား များများစားစား မတွေ့ရသော်လည်း မြန်မာနိုင်ငံ၌ ပျူခေတ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ထောက်လှမ်းရေးလုပ်ခဲ့ကြသည်ဟု ဆိုနိုင်သည်။ ပျူခေတ်တွင် ယဉ်ကျေးမှုအဆင့်အတန်း အလွန်မြင့်မားခဲ့ကြောင်း ကမ္ဘာသိပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင်း၌ ပျူလူမျိုးများသည် မြောက်ဘက်၌ ရွှေလီမြစ်အထက်ပိုင်း၊ တောင်ဘက်၌ မုတ္တမ၊ ထားဝယ်၊ ရောဝတီမြစ်၊ အနောက်ဘက်၌ ယောနယ်ထိ ကျယ်ပြန့်စွာ နေထိုင်ခဲ့ကြသည်။ ထိုသို့ ကျယ်ပြန့်လှသောနိုင်ငံ၏ ကာကွယ်ရေးအတွက် ခံတပ်မြို့ **Garrison Town** ၉ မြို့ တည်ဆောက်ခဲ့ကြသည်ဟု သမိုင်းပညာရှင်များက ဆိုပါသည်။ သီပေါ၊ ရွှေလီမြစ်အနီးရှိ ကန်သီတာ၊ မြင်းခြံ၊ မောရိယ၊ ဟာလင်း၊ သဲကုန်း၊ ထီးချိုင့်၊ မိုင်းမော၊ တောင်တွင်းကြီး စသည့်မြို့များပင် ဖြစ်သည်။ ထိုခံတပ်မြို့များသည် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်မှ ရန်သူကို မျှော်မှန်းတည်ဆောက်ခဲ့သည်ဟု ယူဆရသည်။ အထူးသဖြင့် ထိုခေတ်က နန်ချောင်များ **Nan Chao** ၏ ရန်ကို ကြိုတင်ထောက်လှမ်းနိုင်ရန် ဖြစ်မည်ဟု ယူဆပါသည်။ တရုတ်မှတ်တမ်းများတွင် ၈ ရာစုခန့်က ပျူလူမျိုး ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သို့ ရောက်သည့်အကြောင်း၊ သဘင်အကနှင့် တူရိယာသမားများ၊ တူရိယာပစ္စည်းများပါရှိကြောင်းနှင့် တီးပုံ၊ ကပုံ၊ သီဆိုပုံများကို ရေးသားမှတ်တမ်းတင်ထားကြောင်း သိရှိရ၏။ ပျူများသည် ထိုအချိန်ကတည်းက တောရိုင်းကြက်ကို အိမ်မွေးကြက်အဖြစ် မွေးမြူနေကြပြီဟုလည်း သိရသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ကြက်မွေးမြူရေးကို ပျူလူမျိုးများက စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ပျူခေတ်တွင် ပျူစာပေရှိသကဲ့သို့ အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဘာသာပါဠိစာပေများနှင့် သက္ကတစာပေများ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရ၏။ ထိုအထောက်အထားများအရ ပျူလူမျိုးတို့၏





အသိဉာဏ်နှင့် ယဉ်ကျေးမှုအဆင့်အတန်း အလွန်မြင့်မားကြောင်း သိရှိရသဖြင့် ထောက်လှမ်းရေးအသိဉာဏ်မြင့်မားပြီး ထောက်လှမ်းမှုများလည်း လုပ်ခဲ့ကြမည်မှာ သေချာလှပါသည်။

ပုဂံခေတ်တွင် ထောက်လှမ်းရေးဆိုသည့် ဝေါဟာရကို တိုက်ရိုက်မတွေ့ရသေးသော်လည်း စုံစမ်းထောက်လှမ်းရန် စေလွှတ်ခြင်း၊ စုံစမ်းမှုပြုလုပ်ခြင်း၊ တမန်စေလွှတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ပုဂံခေတ်နောက်ပိုင်း ပင်းယ၊ စစ်ကိုင်းခေတ်၊ ပထမ အင်းဝခေတ်မှစပြီး ရှေးမြန်မာမင်းများသည် ကိုယ်တိုင်စနည်းနာ ထောက်လှမ်းသကဲ့သို့ အထောက်တော်များနှင့်လည်း ထောက်လှမ်းခဲ့ကြောင်း မှတ်တမ်းမှတ်ရာများ ၌ တွေ့ရှိရ၏။ ကုန်းဘောင်ခေတ်တွင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ စနစ်တကျ လုပ်ဆောင်ခဲ့သလို ပြည်တွင်းပြည်ပနိုင်ငံများအထိ အထောက်တော်များ စေလွှတ်ထောက်လှမ်းခဲ့ကြောင်း တွေ့ရပါသည်။

## ရှေးမြန်မာမင်းများလက်ထက်က မည်သည့်နည်းနာများဖြင့် ထောက်လှမ်းရေးလုပ်ခဲ့ကြပါသနည်း

ပုဂံခေတ်မှ ကုန်းဘောင်ခေတ် (အေဒီ ၁၁-၁၉ ရာစု) အထိ ရှေးမြန်မာမင်းများသည် သံတမန်များ၊ စာပေ၊ ဘာသာရေး၊ ယဉ်ကျေးမှုများနှင့်ဆိုင်သည့် ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ပြီး အထင်အရှားထောက်လှမ်းသောနည်း (သို့မဟုတ်) ပြောင်ထောက်လှမ်းသောနည်းနှင့် သူလျှို၊ အထောက်တော်များစေလွှတ်ပြီး မထင်မရှား လျှို့ဝှက်ထောက်လှမ်းသောနည်းဟူ၍ နည်း ၂ မျိုးဖြင့် ထောက်လှမ်းခဲ့ကြသည်။ စစ်ရေးအတွက် သူလျှိုစေလွှတ်ထောက်

www.burmeseclassic.com



လုမ်းသကဲ့သို့ တမန်စေလွှတ်ထောက်လှမ်းခဲ့ကြောင်း အထင်အရှား တွေ့ရပါသည်။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက် ထိုနည်းနာ ၂ ရပ်ဖြင့် ထောက်လှမ်းခဲ့ကြပါသည်။ စင်စစ် ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ထိုနည်းများအတိုင်းသာ ထောက်လှမ်းခဲ့ကြောင်း တွေ့ရပေသည်။ မျက်မှောက်ခေတ်တွင် သိပ္ပံပညာများ တိုးတက်ထွန်းကားလာသဖြင့် နည်းပညာနှင့် အထောက်အကူပစ္စည်းများ တိုးတက်လာသော်လည်း ထောက်လှမ်းရေးနည်းနာ အနေဖြင့် ထိုနည်းနာ ၂ ရပ်ကိုပင် အဓိကအခြေခံပြီး လုပ်ဆောင်နေကြရဆဲ ဖြစ်ပါသည်။

❖ ❖ ❖





## ထောက်လှမ်းရေးဆိုင်ရာ ဝေါဟာရများ

**ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးဆိုင်ရာ ဝေါဟာရများ**

ပုဂံခေတ်တွင် ထောက်လှမ်းရေးဆိုသည့်စကားရပ်၊ အထောက်တော်နှင့် သူလျှိုဆိုသည့် အသုံးအနှုန်းများ မတွေ့ရသေးပေ။ စုံစမ်းထောက်လှမ်းရသူကို (ပင်ဝှက်သည်) ဟူ၍ သုံးနှုန်းပြီး သံတမန်ကို (တမန်) ဟူ၍ သုံးနှုန်းကြောင်းသာ အနည်းအကျဉ်း တွေ့ရပါသည်။ နန်းတွင်းအရှုပ်အရှင်းများ၊ မိဖုရားအရှုပ်အရှင်းများ စုံစမ်းရသောသူကို (ပင်ဝှက်သည်) ဟု သုံးနှုန်းကြောင်း ကျောက်စာများတွင် တွေ့ရ၏။

ပထမအင်းဝခေတ်မှစပြီး စနည်းနာသည်၊ ထောက်လှမ်းသည်၊ သူလျှို၊ အထောက်တော်၊ သံ၊ တမန်၊ မြင်းထောက်၊ လှေထောက်၊ နားခံ၊ ကင်းစမ်းထိုး၊ ကင်းထောက်၊ ကင်းတို၊ ကင်းရှည်၊ စစ်လျှင် စသည့် ထောက်လှမ်းရေးအသုံးအနှုန်းများ သုံးနှုန်းလာကြောင်း တွေ့ရပါသည်။

စနည်းနာ ဆိုသည်မှာ မြန်မာစာအဖွဲ့မှ ထုတ်ဝေသည့်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာအဘိဓာန်၌ စနည်းနာ၊ စနဲနာ၊ ကြိယာ– လူအများ ပြောသံဆိုသံကို ထောက်လှမ်းသည်ဟု အဓိပ္ပာယ်ဖွင့်ပြီး၊ ထောက်လှမ်းသည် ဆိုသည်မှာ ထောက်လှမ်း၊ ကြိယာ–မေးမြန်းစုံစမ်းသည်ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ စနည်းနာခြင်းနှင့် ထောက်လှမ်းခြင်းမှာ အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။

သူလျှို ဆိုသည်မှာ သူလျှို–ဒလျှို၊ နာမ်–သတင်းကို လျှို့ဝှက်ထောက်လှမ်းသူဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ပါသည်။ ဦးဘဦး ရေးသားသည့် မြန်မာအုပ်ချုပ်ရေးပညာ၊ သံတမန် အခန်း၌ နည်းအမျိုးမျိုးနှင့် သွေးဆောင်ဖြားယောင်းပြီး ကိစ္စအဝဝကို အလိုရှိသည့်အခါ အောင်မြင်စွာ ပြီးမြောက်စေရန် အယုံသွင်းတတ်ကြသူများကို သူလျှိုဟုခေါ်သည်။ သူလျှိုလုပ်ငန်းဆိုသည်မှာ ပြည်တွင်းပြည်ပနှင့်ဆိုင်သည့် စုံထောက်လုပ်ငန်းဟူ၍ ဆိုပါသည်။

ဒလန် ဆိုသည်မှာ မြန်မာအဘိဓာန်၌ ဒလန်၊ နာမ် – တစ်စုံတစ်ယောက်၏အကျိုးအတွက် အခြားသူကို လှည့်ဖြားပြီး ဆောင်ရွက်ပေးသူဟူ၍ အဓိပ္ပာယ်ဖွင့်၏။ ဒလန်ဆိုသည်မှာလည်း ထောက်လှမ်းမှုလုပ်ငန်း၌ ဆက်နွှယ်ပါဝင်နေပါသည်။

အထောက်တော် ဆိုသည်မှာလည်း သူလျှိုနှင့်အတူတူပင် ဖြစ်သည်။ အခြေအနေအရပ်ရပ်ကို စုံစမ်းထောက်လှမ်း သတင်းပေးပို့ရသူ ဖြစ်သည်။ သာမန်အရပ်သားသုံး အထောက်ဟူသော စကားမှ ဘုရင်မှ စေလွှတ်စုံစမ်းခိုင်းသည့်သူဖြစ်သဖြင့် အထောက်တော်ဟူ၍ သုံးသည့်သဘောပင် ဖြစ်သည်။

မြင်းထောက်၊ လှေထောက် နှင့်ပတ်သက်၍ မြင်းထောက် ဆိုသည်မှာ စုံစမ်းထောက်လှမ်း၍ ရရှိသော သတင်းများကို မြင်းစီး၍





သတင်းပို့ပေးသူဖြစ်သည်။ လှေထောက်ဆိုသည်မှာ ရေကြောင်းလမ်းမှ စုံစမ်းထောက်လှမ်းသတင်းပေးပို့ရသူ ဖြစ်သည်။

သံတမန် ဟူသည် တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည်၊ မင်းတစ်ဦးနှင့်တစ်ဦး၊ လူတစ်ယောက်နှင့်တစ် ယောက်ကြား သွားလာဆက်သွယ်သူ ဖြစ်သည်။ သံတမန်ကို တမန်၊ တံဆေး၊ သုံ့သေး၊ သံ၊ မင်းစေ ဟူ၍ ၅ မျိုးခွဲ သုံးခဲ့ကြောင်း၊ အရှင်မှာတိုင်း ဆိုင်သူကို တမန်၊ မင်းနှစ်ပါး သင့်မြတ်အောင်ဆိုသူကို တံဆေး၊ သူ့ စကားကိုထောက်၍ ယုတ်လွန်မရှိဆိုသူကို သုံ့သေး၊ လိုသည်ကို တောင်းလာသူကို သံ၊ မှာတိုင်းဆို၍ စေဖက်ရမှ သွားသူကို မင်းစေဟုခေါ်ကြောင်း မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၃) တွင် လေ့လာတွေ့ရှိရ၏။ ယခုအခါ သံတမန်ဟုသာ သုံးစွဲပါသည်။

မြန်မာအဘိဓာန်တွင် သံနှင့်တမန် အဓိပ္ပာယ်အတူတူပင် ဖြစ်သည်ဟု ဆိုပါသည်။ သံ(သက္ကတ) နာမ် – မင်းတစ်ပါးက အခြားမင်းတစ်ပါးထံ နိုင်ငံအရေးအခင်းကိစ္စ ဆောင်ရွက်ရန် စေလွှတ်ခြင်းခံရသူ၊ အခြားနိုင်ငံသို့ သွားရောက်နေထိုင်၍ နိုင်ငံကိစ္စအဝဝကို နိုင်ငံကိုယ်စားဆောင်ရွက်ရသူဟု အဓိပ္ပာယ်ဖွင့်၏။ ရှေး မြန်မာမင်းများလက်ထက်က မင်းတစ်ပါးနှင့်တစ်ပါး မိတ်ဆက်ရန် လာသော တမန်၊ ရန်ဘက်အဖြစ် စစ်ထိုးရန်လာရောက်အကြောင်း ကြားသော တမန်၊ စစ်ပြေငြိမ်းရန်လာရောက်သော တမန်ဟူ၍ ၃ မျိုးရှိသည်ဆို၏။ ရှေးမြန်မာတို့ အလေးထားခဲ့သည့် အဋ္ဌာရသ ၁၈ ရပ်တွင် ကေတု–သံတမန်အတတ်ကိုလည်း ပညာရပ်တစ်ခုအဖြစ် ထည့်သွင်းထားသည်ကို တွေ့ရ၏။ မည်သို့သောတမန်ဖြစ်စေ ထောက်လှမ်းမှု ပြုလုပ်ကြသည်သာ ဖြစ်ပါသည်။ သံတမန်အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးကို အသုံးချပြီး ထောက်လှမ်းရေးလုပ်ကြသည်သာ ဖြစ်သည်။ မည်သည့်သံတမန်မဆို ခြောင်သူလျှို၊ အထင်အရှားသူလျှိုများသာ ဖြစ်ပါသည်။

**နားခံ** ဆိုသည်မှာလည်း ထောက်လှမ်းရေးလုပ်ရသူများပင် ဖြစ်ပါသည်။ ပထမအင်းဝခေတ်မှစပြီး မြို့ပြအုပ်ချုပ်ရေးဘက် နားခံ၊ စစ်ဘက်နားခံဟူ၍ ၂ မျိုးရှိကြောင်း တွေ့ရသည်။ နှစ်မျိုးစလုံးမှာ ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသူများပင် ဖြစ်သည်။ လွှတ်တော်နှင့် မြို့တိုက်တို့တွင် တာဝန်ထမ်းဆောင်ရသော နားခံတော် ဆိုသည့် အမတ်ကြီးနှင့် ယခုတင်ပြမည့် ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ရသော နားခံ ၂ မျိုးမှာ သီးခြားစီဖြစ်ပါသည်။ နန်းတွင်း မြို့တိုက်နှင့် လွှတ်တော်ကနားခံကို နားခံတော်ကြီး (စမြောင်မှူး) ဟု ခေါ်သည်။ နားခံတော်ကြီးမှာ ရာထူးအဆင့်အတန်းမြင့်မား၏။ ရောထွေးမသွားစေလိုသည့်အတွက် ထည့်သွင်းရှင်းလင်းတင်ပြခြင်း ဖြစ်သည်။ ဦးတင်(၁၈၆၁–၁၉၃၃)၏ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ စတုတ္ထတွဲ၌ မြို့ပြအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ခန့်ထားသော နားခံမှာ မြို့ဝန်နှင့် စစ်ကဲတို့ကို ကူညီဖို့ရန်နှင့် မြို့ဝန်၊ ရေဝန်၊ အခွန်ဝန်၊ စစ်ကဲတို့၏ အမှုအကျင့်ကို ထောက်လှမ်းပြီး နေပြည်တော်သို့ သတင်းပို့ရသည်ဟု ဆိုသည်။ စစ်ကဲနှင့် နားခံတို့က တရား ရာဇဝတ်မှုများကိုလည်း ရုံးတက်ပြီး စီရင်ဆုံးဖြတ်ခွင့်ရှိသည်ဟု သိရ၏။ စစ်ကဲက ရာဇဝတ်ဝန်နှင့်တူပြီး နားခံက စုံထောက်အရာရှိနှင့် တူကြောင်း၊ မြို့ငယ်လျှင် နားခံတစ်ဦး၊ မြို့ကြီးလျှင် နားခံ ၅ ဦး ခန့်ထားသည်ဟု ဆိုသည်။

**စစ်ဘက်နားခံ** နှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်ဦး





ကာလ၊ စာဆိုအမတ်ကြီး လက်ဝဲသုန္ဒရ (၁၇၂၃–၁၇၉၉) ရေးဖွဲ့သီကုံးပြီး မိုလ်မှူးဘသောင်းတည်းဖြတ်သည့် သေနင်္ဂဗျူဟာ စစ်သမိုင်းနှင့် ဗျူဟာစက္ကီမျိုး၌ တပ်သား ၅၀၀၊ အကြပ် ၅၀၊ သွေးသောက် ၁၀၊ တပ်မှူး ၅၊ မိုလ် ၁ ပါဝင်သောတပ်မှာ လက်ရုံးရည် နှလုံးရည်ဆိုင်ရာ အရာရှိနှစ်ဦးပါကြောင်း၊ ၎င်းတို့ ၂ ဦးမှာ တပ်ရေးနှင့် စစ်နားခံဖြစ်ကြောင်း၊ စစ်နားခံဆိုသည်မှာ တပ်နှင့် တပ်သားများကို ထိန်းသိမ်းစောင့်ရှောက် ပဲ့ပြင်ဆုံးမရသူဖြစ်ကြောင်း၊ တပ်များအပေါ် စုံထောက်သူလည်း ဖြစ်ကြောင်း၊ တပ်များ ကောင်း၊ မကောင်း ကြည့်ရှုပြီး အထက်မိုလ်ချုပ်ထံ အစီရင်ခံရသူလည်း ဖြစ်ကြောင်း ဖော်ပြပါရှိ၏။

**ကင်းစမ်းထိုး** ဆိုသည်မှာ ရန်သူအသွားအလာ၊ အနေအထား၊ အခြေအနေကို မထင်မရှား သွားရောက်ထောက်လှမ်း စုံစမ်းစေခြင်းပင် ဖြစ်ပါသည်။

**ကင်းထောက်** ဆိုသည်မှာ ကင်းစမ်းထိုးအတိုင်းပင် ဖြစ်ပါသည်။

**ကင်းမ** ဆိုသည်မှာ တပ်မကြီး၏ရှေ့မှ ချီတက်ရသော ကင်းတပ်ကြီး၊ ထိုကင်းတပ်ကြီးမှ တပ်ခွဲလွှတ်၍ ထောက်လှမ်း စုံစမ်းရပါသည်။

**ကင်းရှည်** ဆိုသည်မှာ အဝေးမှာရှိသောရန်သူ၏ စစ်အလား အလာကို ကြိုတင်ထောက်လှမ်းရသည့်သူ ဖြစ်ပါသည်။

**ကင်းတို** ဆိုသည်မှာ အနီးအနားရှိ ရန်သူစစ်အလား အလာကို ကြိုတင်ထောက်လှမ်းရသူဟူ၍ သေနင်္ဂဗျူဟာကျမ်းတွင် အဓိပ္ပာယ်ဖွင့်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်လျှင် ဆိုသည်မှာ စစ်တိုက်နေသောအချိန်၊ စစ်ချီနေသောအချိန်၊ စခန်းချနေသောအချိန်၊ ရေတပ်များ လှည့်ပတ်သွားလာနေသောအချိန် သို့မဟုတ် ကျောက်ချနေသောအချိန်အတွင်းမှာ ရန်သူ့သတင်းကို စုံစမ်းထောက်လှမ်းပြီး သက်ဆိုင်ရာကို သတင်းပို့ရသူများ ဖြစ်သည်။ အရေးကြီးသည့်တာဝန်မှာ စစ်တပ်များကို ရှေ့ဆောင်သွားရခြင်း၊ ရန်သူ့ဒေသနှင့်အင်အားကို မိုလ်ချုပ်တို့ထံ သတင်းပို့ရခြင်းဖြစ်၏။ စစ်လျှင်ဆိုသူတို့သည် ရန်သူ့ကင်းထောက်စစ်သည်တို့ကို နိုင်နင်းသောအင်အားရှိလျှင် ဖျက်ဆီးခွင့်ရှိသည်။ သို့ရာတွင် အခွင့်ကောင်းရတိုင်း မတိုက်ရ၊ လျှို့ဝှက်ထားခြင်းမှာ အကောင်းဆုံးဖြစ်သည်ဟု ဦးဘဦး၏ မြန်မာအုပ်ချုပ်ရေးပညာကျမ်း၊ စစ်ဆင်စစ်တိုက်နည်းအခန်း၌ ဖော်ပြထားပါသည်။

❖ ❖ ❖





## ပုဂံခေတ် ထောက်လှမ်းရေး

အနော်ရထာ (၁၀၄၄–၁၀၇၇) မတိုင်မီကတည်းက ပုဂံ (အရိမဒ္ဒနပူရ) ကို တည်ထောင်ခဲ့သော်လည်း နှစ်ပေါင်း ၂၀၀ ခန့်အထိ အခိုင်အမာမရှိခဲ့သေးဟု သမိုင်းဆရာများက ဆိုပါသည်။ အေဒီ (၁၀၄၄) မှာ အနိရုဒ္ဓဒေဝ (ခေါ်) အနော်ရထာမင်း နန်းတက်ခဲ့ပြီး စောမွန်နစ်မင်း (၁၂၉၈–၁၃၃၄) ထိ နှစ်ပေါင်း ၃၅၀ ခန့် ကြာမြင့်ခဲ့သည်။ သမိုင်းစဉ်ရှည်လျားခဲ့ပြီး ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည့် ပုဂံခေတ်တွင် ရာဇဝင်သမိုင်းမှတ်တမ်းများ၌ ရှင်ဘုရင်များ၏ ထောက်လှမ်းရေးလုပ်ဆောင်မှုများကို မှတ်တမ်းတင်ထားခဲ့ခြင်း မတွေ့ရပေ။ ပုဂံခေတ်၏ နိုင်ငံတော်အကျယ်အဝန်းကို အေဒီ ၁၁၉၆ ထိုး ဓမ္မရာဇိကဘုရား မြန်မာကျောက်စာ၌ အခိုင်အမာတွေ့ရှိရပါသည်။ ပုဂံ၏အရှေ့ကိုလားသော် သံလွင်မြစ်၊ အနောက်ကိုလားသော် မဏိပုရ၊ မြောက်ကို လားသော် ငဆောင်ချမ်း၊ တောင်ကိုလားသော် ထားဝယ်၊ တနင်္သာရီ၊ သလင်းကြီး Cape of Salang ဟူ၍ ပါရှိပါသည်။ အရှေ့တောင်အာရှ၌ ကျယ်ဝန်းခန့်ညားသည့် နိုင်ငံ၏တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် စစ်ရေး၊ အုပ်ချုပ်ရေးများ၌ ထောက်လှမ်းရေးလုပ်ငန်းကို မလွှဲမသွေ လုပ်ရပေလိမ့်မည်။ ထောက်လှမ်းမှုမရှိဘဲ ထိုမျှကြီးမားသော နိုင်ငံတော်ကြီးကို တည်ဆောက်ရန် မဖြစ်နိုင်ပေ။ ထို့ပြင် မြန်မာ့နယ်စပ်ကို စောင့်ရှောက်ရန်နှင့် သတင်းရရှိရန်အတွက် အချက်အချာကျသောနေရာတိုင်း၌ ကင်းစခန်းများ ချထားခဲ့ပေသည်။ ထိုသို့ ချထားသောကင်းကို ကြေးပိုက်ကင်းသည်ဟု ခေါ်ကြောင်း အေဒီ ၁၂၄၈ ကျောက်စာအရ သိရပါသည်။ ပုဂံခေတ်၌ တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာ စသော ပြည်ပနိုင်ငံများသို့ သံတမန်များ စေလွှတ်ဆက်ဆံခြင်းရှိခဲ့သဖြင့် ပြည်တွင်းပြည်ပထောက်လှမ်းမှုများ လုပ်ခဲ့ပေလိမ့်မည်ဟု သုံးသပ်နိုင်ပါသည်။

ပုဂံခေတ်၌ ပြည်ပဆက်ဆံမှုအနေဖြင့် သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံများသို့ သံအဖွဲ့များ မကြာခဏ စေလွှတ်ခဲ့ကြောင်း သိရသည်။ အလားတူပင် စောခင်နှစ်မင်း၊ ညောင်ဦးစောရဟန်း၊ စုက္ကတေး၊ အနော်ရထာ၊ ကျန်စစ်မင်း၊ အလောင်းစည်သူမင်းများလက်ထက်၌လည်း တရုတ်ပြည်နှင့် အဆက်အဆံရှိခဲ့ကြောင်း သိရ၏။ စောခင်နှစ်မင်းသည် တရုတ်ပြည် ယူနန်ဘုရင်ထံသို့ သွားတော်ဦးစီးသည့် သံတမန်များနှင့် သဘင်ကချေသည်များ စေလွှတ်ခဲ့သည်ဟု စုံစမ်းထောက်လှမ်းသည့်သဘောပါရှိသော အထောက်အထား အနည်းအကျဉ်း တွေ့ရပေသည်။

အေဒီ ၁၂၈၃ ခုနှစ် တရုတ်ပြေးမင်းဟု ခေါ်ဆိုကြသည့် နရသီဟပတေ့မင်း (အေဒီ ၁၂၅၆–၁၂၈၇) လက်ထက်တွင် ကူဗလိုင်ခန် (အေဒီ ၁၂၁၆–၁၂၉၄) ၏ မွန်ဂိုတာတာတပ်များက မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ တကောင်းအရပ်အထိ





ရောက်ရှိလာ၏။ နရသီဟပတေ့မင်းသည် ပုဂံမှ ပြည်အနောက်ဘက် လှည်းကျအရပ်သို့ ပြောင်းရွှေ့စံနေပြီး စစ်ရေးအခြေအနေမလှသည့်အတွက် စစ်ပြေငြိမ်းရန် စီစဉ်ခဲ့ပါသည်။ ရှင်ဒိသာပါမောက္ခကို တရုတ်ပြည် တယ်တူ (T'ai-Tu ယခု – ပေကျင်း)ရှိ ကူဗလိုင်ခန်မင်းကြီးထံ တမန်အဖြစ် စေလွှတ်ခဲ့ပေသည်။ ရှင်ဒိသာပါမောက္ခ၏ ဆောင်ရွက်မှုကြောင့် စစ်ပြေငြိမ်းခဲ့သည်။ ထိုအကြောင်းကို ရှင်ဒိသာပါမောက္ခက ကျောက်စာရေးထိုးခဲ့၏။ ရှင်ဒိသာပါမောက္ခ၏ ကျောက်စာအကြောင်းရေ (၂–၃) တွင် အနန္တပိစည်နှင့် မဟာပိုအမတ်ကြီးတို့အား –

"နင်တိုင် တရုက်၏အလာအလာကိုဝ် သိဩင်မူလိယ်ဟု စိယ်တ်မူ၏"

ဟု ပါရှိပါသည်။ မှန်းဆကြည့်ပါက ထောက်လှမ်းစုံစမ်းခိုင်းသည့်သဘော တွေ့ရ၏။ ထို့အပြင် ရှင်ဒိသာပါမောက္ခ၏ ကျောက်စာကြောင်းရေ (၄) ၌–

"ဤအမူက ကြီစွာ။ တုမ်တပဲလေ လွှတ်သည် မဟိ"

ဆိုပြီး တွေ့ရှိရပါသည်။ တုမ်တပဲဆိုသည့် ဝေါဟာရအနက်ကို မန္တလေးတက္ကသိုလ် မြန်မာစာပါမောက္ခ ဆရာကြီး ဦးချမ်းမြ(မြကေတု)က သူလျှို၊ အထောက်တော်ပင်ဖြစ်ကြောင်း ပုဂံခေတ်က ပင်ဇုက်သည် စာမေသုတေသနဆောင်းပါးထဲတွင် ဖော်ပြထား၏။ ရှင်ဒိသာပါမောက္ခ၏ ကျောက်စာကြောင်းရေ ၁၀ တွင် –

"ပုကံမဟာရစ်(စသော) မင်းတိုင်ကာ တန်မန်ကိုဝ် မခါပ်ပျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပါရှိသည်။ စာကြောင်း ၁၁ တွင်–

"(ငါ)ကိုဝိလျှင် ငါတိုဝိတန်မန်မှုလျှင် အံ့ဟုရုယ်"

ဟု ပါရှိသည်။ ပုဂံမဟာရစ် စသောမင်းတို့ကား တမန်ကို မချုပ်ရာဟု ဆိုထားခြင်း၊ ငါ့ကို တမန်အဖြစ်စေသည်ဟု ဆိုထားခြင်းများကို ထောက်ရှုခြင်းအားဖြင့် ထိုခေတ်က သံတမန်ဆက်ဆံမှုများ ကောင်းစွာရှိနေပြီ ဖြစ်သည်။ သံတမန်ကိုသတ်ရန် မဆိုထားနှင့် ချုပ်နှောင်ထားခြင်းမျိုးပင်လျှင် မလုပ်ရဟု ဆိုထားသဖြင့် သံတမန်နှင့်ပတ်သက်၍ ကျင့်ဝတ်စောင့်ထိန်း လိုက်နာမှုအဆင့်အတန်း မြင့်မားနေပြီဖြစ်ကြောင်း တွေ့ရသည်။ အေဒီ ၁၂၄၃ ခုနှစ်တွင် ရေးထိုးခဲ့သည့် ပုဂံမြို့ မင်းနန်သူရွာ၏ အရှေ့မြောက်ဘက် ဖိုးကလုန်ဘုရားကျောက်စာ၌ နန်းတွင်းမိဖုရား၊ မောင်းမမိသံတို့အမွေဆက်ခံမှုအရှုပ်အရှင်း၊ နိုင်ငံထက်စီးနင်း မတရားလုပ်မှုကို 'ပင်ဝှက်သည်' ဟုခေါ်သည့် အမျိုးသမီးအထောက်တော်က ဘုရင့်ထံလျှောက်ထားသည့်အတွက် အမှုမှန်ကို ဘုရင်က သိရှိ ဆုံးဖြတ်ခဲ့သည့်အကြောင်း ရေးထိုးထား၏။ ထိုကျောက်စာကို ကျစွာမင်း အေဒီ (၁၂၃၅–၁၂၄၉)လက်ထက်က ရေးထိုးခဲ့ခြင်းဖြစ်သည်။ ကျောက်စာပါ အမျိုးသမီးအထောက်တော်နှင့်ပတ်သက်၍ ဆရာကြီးမြကေတုက 'ပုဂံခေတ်က ပင်ဝှက်သည်' ဆိုသည့် ဆောင်းပါးတွင် အပြည့်အစုံ ရှင်းလင်းဖော်ပြထားသည်။ ကျစွာမင်း (အေဒီ ၁၂၃၅–၁၂၄၉)၊ ဥဇနာမင်း (၁၂၄၉–၁၂၅၆) တို့လက်ထက်က နန်းတွင်းမိဖုရား မောင်းမမိသံများနေသည့် နန်းဆောင်တွင် (ပင်ဝှက်သည်) ဟု ခေါ်သည့် အမျိုးသမီးအထောက်တော်များ ခန့်ထားကြောင်း၊ ပင်ဝှက်သည်၏တာဝန်မှာ မိဖုရား မောင်းမမိသံအချင်းချင်း နိုင်ထက်





စီးနင်း နှိပ်စက်ကလူပြုခဲ့လျှင် ဘုရင့်ထံလျှောက်ထားရန်ဖြစ်ကြောင်း၊ ပင်ဝှက်သည်ကို လျှို့ဝှက်ထားခြင်းမဟုတ်ဘဲ အထင်အရှားရှိသည်ဟု ဆိုထားပါသည်။ ပင်ဝှက်သည် ဆိုသည့်စကားသည် ပန်ဝှက်သည် ဆိုသော စကားအရင်းအမြစ်မှလာသည်ဟု ယူဆရပါသည်။ ပန်ဆိုသည်မှာ ပန်ကြားခြင်း၊ ဝှက်ဆိုသည်မှာ လျှို့ဝှက်ခြင်း၊ သည်မှာ အလုပ်အမှုရှိသူဟု အနက်အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ပင်ဝှက်သည် ဆိုသည်မှာ လျှို့ဝှက်သောသတင်းရပ်များကို ဘုရင့်ထံ ပန်ကြားရသူဟု ဆိုလိုခြင်းဖြစ်သည်။ ပုဂံခေတ်က မိဖုရား၊ မောင်းမမိသံများနေထိုင်ကြသည့် အနောက်ဆောင်တွင် ကြီးကြပ်အုပ်ထိန်းရန် ခန့်ထားခံရသူကို (အမိသင်တော်)ဟု ခေါ်ပါသည်။ ကျောက်စာပါဖြစ်စဉ်အရ ကျစွာမင်းလက်ထက်တွင် (အမိသင်တော်) ဟုခေါ်သော မောင်းမမိသံ၊ မိဖုရားများအပေါ် အုပ်ထိန်းရသူ မရှက်သည် အမည်ရှိသည့် မောင်းမမိသံတစ်ဦး ရှိခဲ့၏။ ထိုအမိသင်တော် မရှက်သည် သေခါနီးတွင် သူ့မိဘများထံက အမွေရသည့် မြေနှင့် ကျွန်များ၊ ဘုရင်က ပေးသနားထားသော မြေနှင့်ကျွန်များကို သူလှူဒါန်းထားသည့် ဂူဘုရား၌ လှူဒါန်းခဲ့သည်။ လှူဒါန်းမှုကို ရေစက်မချခဲ့ဟု ဆို၏။ အမိသင်တော်မရှက်သည် သေပြီးသည့်အခါ ဆင်ထိန်း ယရည်းရပ်၏မယား (အိုဝ်ကဲ)ဆိုသူက အမိသင်တော် မရှက်သည် လှူခဲ့သော ကျွန်များအနက် 'ဝေနှင့်ဝေချောင်'သည် သူ့မိဘကပေးခဲ့သည့် အမွေကျွန်များ ဖြစ်သည်၊ အမိသင်တော် မရှက်သည်နှင့် မည်သို့မျှမသက်ဆိုင်၊ အမိသင်တော်မရှက်သည်က အဘယ်ကြောင့် ဘုရားမှာလှူခဲ့ရသနည်းဟုဆိုကာ ကျွန်များကို ဘုရားသို့မပို့ဘဲ ထိပ်တုံးခတ်နှောင်ဖွဲ့ထားခဲ့သည်။ ထိုသို့ နိုင်ထက်



www.burmeseclassic.com

www.burmeseclassic.com



စီးနင်း အရှုပ်အရှင်းပြဿနာပေါ်သည့်အခါ အမျိုးသမီးအထောက်တော်ပင်ဝှက်သည်က ဘုရင့်ထံ အကျိုးအကြောင်း လျှောက်ထားခဲ့သည်။ ဘုရင်က အဖြစ်မှန်ကိုသိရှိခဲ့သဖြင့် အမိသင်တော်မရှက်သည့် မသေခင်က ဘာမှမပြောဘဲ ယခုမှပြောဆိုခြင်းသည် မသင့်လျော်၊ မရှက်သည့် လှူခဲ့သောမြေနှင့်ကျွန်ကို အနိုင်အထက်ပြုလုပ်လျှင် ၁ ဆကို ၃ ဆ ပြန်လျော်စေဟု အမိန့်တော်ချမှတ် ဖြေရှင်းခဲ့ကြောင်း ကျောက်စာတွင် ရေးထိုးပါရှိ၏။ ပုဂံခေတ်က မိန်းမသားအထောက်တော်ပင် ဖြစ်သော်လည်း မှန်လျှင်မှန်သလို မည်သူ့မျက်နှာမျှမထောက်၊ ပြတ်ပြတ်သားသား လေးလေးနက်နက် တာဝန်ထမ်းဆောင်ခဲ့ခြင်းသည် ချီးမွမ်းစရာဖြစ်သည်ဟု ဆရာကြီးမြကေတုက ရေးသားထားပေသည်။ ထိုကျောက်စာပါ အထောက်အထားများအရ ပုဂံခေတ်က ပြည်တွင်းပြည်ပ စစ်ရေး အုပ်ချုပ်ရေးများတွင် ထောက်လှမ်းမှုကို စနစ်တကျလုပ်ဆောင်ခဲ့သည်ဟု ယူဆပါသည်။

## ပုဂံခေတ် ထောက်လှမ်းရေးအသိပညာ ရရှိနိုင်သောစာပေများ

ပုဂံခေတ်မတိုင်မီ ခရစ်နှစ်အစောပိုင်းကာလကပင် မြန်မာနိုင်ငံ၌ ပျူ၊ မွန်၊ ရခိုင်တို့သည် ကုန်သွယ်ခရီးသွားများကတစ်ဆင့် အိန္ဒိယယဉ်ကျေးမှုများနှင့် စတင်ထိတွေ့ခဲ့ကြပါသည်။ ထေရဝါဒ၊ မဟာယာန၊ ဟိန္ဒူ၊ ဗြဟ္မဏ ဘာသာယုံကြည်သက်ဝင်မှုများ ရောက်ရှိလွှမ်းမိုးခဲ့ပြီး ဖြစ်သည်။ ဗုဒ္ဓဘာသာပါဠိပိဋကတ်စာပေများ၊ သက္ကတဘာသာစာပေများ ရောက်ရှိခဲ့ပါသည်။ ပုဂံခေတ်အုပ်ချုပ်ရေးတွင် ဗုဒ္ဓစာပေတတ်ကျွမ်းသော ပုဂ္ဂိုလ်များအား အုပ်ချုပ်ရေးရာထူးများကို ပေးအပ်ခန့်ထားစေခဲ့သည့် သမိုင်းအထောက်အထား





များ ရှိနေပါသည်။ ထို့ကြောင့် မြန်မာတို့သည် ပထမဦးဆုံး ထောက်လှမ်းရေးအသိပညာများကို ဗုဒ္ဓပိဋကတ်စာပေများ၊ သက္ကတဘာသာနှင့် ရေးသားထားသည့် စာပေကျမ်းဂန်များမှ ရရှိနိုင်သည်ဟု ဆိုရပါမည်။

## ထေရဝါဒဗုဒ္ဓဘာသာ ပါဠိစာပေများမှ ရရှိနိုင်သော ထောက်လှမ်းရေးအသိပညာ

ပုဂံ၌ အနော်ရထာမင်းမတိုင်မီကတည်းက ဗုဒ္ဓသာသနာ ရောက်ခဲ့ပြီးဖြစ်၏။ ဗုဒ္ဓသာသနိက စေတီ ပုထိုးများ ရှိခဲ့ပြီးဖြစ်သည်။ ငကျွဲနားရှောင်၊ ဖူးဘုရား စသော ထူပါစေတီများသည် အနော်ရထာမတိုင်မီက တည်ခဲ့သော ဘုရားများဖြစ်သည်ဟု သမိုင်းပညာရှင်များက ဆိုသည်။ ပုဂံသီရိပစ္စယာအရပ်က ဖက်လိပ်ဘုရား နှစ်ဆူ၌ ငါးရာငါးဆယ်နိပါတ်တော် မြေမီးဖုတ်ဇာတ်ရုပ်ချပ် **Terra-cotra Plaques** ရုပ်လုံး၊ ရုပ်ကြွ **Reliefs** များကို တွေ့ရှိရပါသည်။ ပုဂံမြို့ လောကထိပ်ပန်ဘုရားရှိ နံရံဆေးရေးပန်းချီမှာလည်း မဟောသဓဇာတ် (မဟာ ဥမ္မင်္ဂဇာတ်)အား မင်တ **Ink-inscription** ဖြင့် ရေးဆွဲပုံဖော်ထားသည်ကို တွေ့ရှိရပါသည်။ မဟောသဓဇာတ်တော်အပြင် ရာဇောဝါဒဇာတ်တော်၊ ဝမ္မကီသုကရဇာတ်တော်၊ စူဠကာလိင်္ဂဇာတ်တော်များမှာလည်း တိုင်းရေးပြည်မှု၌ သူလျှို(အထောက်တော်)များအတွက် သင်ခန်းစာယူဖွယ်ရာများကို တွေ့ရှိရ၏။ မောင်းထောင်ဆရာတော် (၁၇၉၈–၁၈၆၃) ၏ ပုဂံမြို့ ဇာတကစဉ်ကွက်ပုံစာရင်း၌ လေ့လာတွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၂၈၃ | ဝမ္မကီသူကရဇာတ် | ကျားကို ဝက်များပက်၍ သေဟန် ဝက် ၂၊ ကျား ၁၊ ရသေ့စဉ်းလဲသေဟန် ၁၊ သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ်မင်း ၁။ |
| ၁၅၁ | ရာဇောဝါဒဇာတ် | ရထားထိန်း ၁၊ ပြဟ္မဒတ်မင်း စီးသော မြင်းရထား ၁၊ ရထား ထိန်း ၁ နှင့် ဘာလ္လိကစီးသော မြင်းကသောရထား ၁၊ ခရီး ရင်ဆိုင်တွေ့ဟန်။ |
| ၃၀၁ | စူဠကာလိင်္ဂဇာတ် | မြင်းစီးလျက် အဿကမင်း ကာလိင်္ဂမင်းစစ်ထိုးဟန် ရင် ဆိုင် ၂၊ ၎င်းတို့ အနီး ကိုယ် စောင့်နတ်ချင်း တိုက်ဟန်၊ နွားဖြူနွားနက်ဖွေ့ဟန် ၂၊ ဘုရား လောင်းရသေ့ သခ်မ်း တွင် ၁။ |
| ၅၂၀ | ဂဏ္ဍတိန္ဒုကဇာတ် | တည်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ် ၁၊ ပဉ္စာလရာဇ် မင်း အိပ်ဟန် နန်းဆောင်နှင့် ညအခါ ၎င်းတည်ပင်စောင့် နတ် လာ၍ဆုံးမဟန်။ |





| | | |
|---|---|---|
| ၅၄၂ | ဥမင်္ဂဇာတ် | ဝိဒေဟရာဇ်မင်းကြီး ပြသာဒ် နှင့် ၁၊ မဟောသဓ လျှောက် ဟန် ၁၊ သုခမိန်လေးယောက် လျှောက်ဟန် ၄။ |

အထက်ဖော်ပြပါ ဇာတ်တော်များကို မောင်းထောင်ဆရာတော်၏ ဇာတကစဉ်ကွက်ပုံစာရင်းထဲ၌သာမက ညောင်ဦး ရွှေစည်းခုံစေတီ ပထမပစ္စယံ၌ရှိသည့် စဉ့်ကွက်များကိုလည်း ယခုတိုင် တွေ့မြင်နိုင်ပါသည်။ ရွှေစည်းခုံစေတီ၏ ဒုတိယပစ္စယံ တောင်ဘက်မျက်နှာ လှေကားအနောက်ဘက်ခြမ်းရှိ စဉ့်ကွက်ဇာတ်ကွက် အမှတ် (၂၈၆) တွင် ဝက် ၃ ပုံ၊ လဲနေသူ ၂ ပုံ၊ သစ်ပင်စောင့်နတ် ၁ ပုံ ပါဝင်သော ဝမ္မကီသူကရဇာတ်ကို တွေ့မြင်ရမည် ဖြစ်သည်။ တတိယပစ္စယံ အရှေ့ဘက်မျက်နှာ လှေကားတောင်ဘက်ခြမ်း ဇာတ်ကွက်အမှတ် (၄၃၃) တွင် မဟောသဓဇာတ်၊ တတိယပစ္စယံ မြောက်ဘက်လှေကား အရှေ့ဘက်ခြမ်းဇာတ်ကွက် အမှတ် (၅၇၈) တွင် ဝမ္မကီသူကရဇာတ်၊ ဇာတ်ကွက်အမှတ် (၅၈၉) တွင် ရာဇောဝါဒဇာတ် (လူပုံ၊ မင်းပုံ၊ ရသေ့ပုံ) ၃ ပုံအား တွေ့ရှိနိုင်သည်။

အလားတူ အာနန္ဒာဂူဘုရားအထက်ပစ္စယံမှာလည်း ဇာတ်ကွက်အမှတ် (၉၂) တွင် မဟောသဓဇာတ်တော်ကို တွေ့ရှိရသည်။ ထိုဇာတ်တော်ကြီးတစ်ခုတည်းကို ဇာတ်ကွက်ပေါင်းများစွာဖြင့် သရုပ်ဖော်ထား ပြီး ဇာတ်ကွက်အမှတ်စဉ် (၆၄၇) မှ (၉၇၄၀) အထိ စုစုပေါင်းဇာတ်ကွက် ၉၆ ကွက်မျှ ပါရှိလေသည်။ မဟောသဓဇာတ်ကွက်တွင် အမှတ် (၇၁၃–၇၁၄) တို့၌ –



www.burmeseclassic.com

www.burmeseclassic.com



၅၁၃။ မဟောသဓက ကြက်တူရွေးကို ကေဝဋ်အမတ်လာသည့်အကြောင်း စုံစမ်းရန် ပဉ္စလရာဇ်တိုင်းသို့ စေလွှတ်ဟန်။ ကြက်တူရွေးမှာ မဟောသဓ၏ ပေါင်ပေါ်၌ နားနေဟန်၊ ရှေ့မှာ ရှိခိုးဟန် ၂ ဦး။

၅၁၄။ ကြက်တူရွေးက စုံစမ်းပြန်လာပြီး ဘုရင်နှင့် မဟောသဓ သွားလျှင် အသတ်ခံရလိမ့်မည်ဟု ပြန်ပြောဟန်၊ ရှေ့မှာ လူ ၄ ဦး ထိုင်နေဟန်။

ငါးရာ့ငါးဆယ်နိပါတ်တော်များနှင့် အကျွမ်းတဝင်ရှိနေပြီဖြစ်၍ ထိုဇာတ်တော်များမှလည်း ထောက်လှမ်းရေးနှင့် သက်ဆိုင်သည့်အသိပညာများ ရရှိနိုင်ပါသည်။ ငါးရာ့ငါးဆယ်နိပါတ်တော်အပြင် အခြားသော သုတ္တန် ပိဋကတ်၊ ဝိနယပိဋကတ် စသောကျမ်းဂန်များတွင်လည်း ရှင်ဘုရင်များအတွက် စစ်ရေး၊ အုပ်ချုပ်ရေးသာမက ထောက်လှမ်းရေးနှင့်ဆိုင်သော အတွေးအခေါ် အသိပညာများ လေ့လာရရှိနိုင်သည်ကို တွေ့ရပါသည်။

ငါးရာ့ငါးဆယ်နိပါတ်တော်မှ မဟောသဓဇာတ်တော်မှ ရှင်ဘုရင်များအတွက် မင်းကျင့်တရား၊ မှူးမတ်များအတွက် ကျင့်ဝတ်များနှင့် နိုင်ငံကို မည်သို့သာယာဝပြောအောင် လုပ်ဆောင်အုပ်ချုပ်ရမည်၊ လုံခြုံအောင် စစ်ရေးနှင့် မည်သို့ဆောင်ရွက်ရမည် ဆိုသည်များကို လေ့လာအတုယူဖွယ်ရာ ပါရှိပါသည်။ အထူးသဖြင့် နိုင်ငံတော်လုံခြုံရေးအတွက် ထောက်လှမ်းရေးနှင့်ပတ်သက်၍ သူလျှိုများ စေလွှတ်ထောက်လှမ်းစေခဲ့ခြင်း၊ လူသာမက ကျေးငှက်များကိုပါ လေ့ကျင့်အသုံးချခဲ့သဖြင့် လျှို့ဝှက်ချက်များကို ကြိုတင်





မည်မျှအရေးကြီးကြောင်း သင်ခန်းစာပေးထားပါသည်။

## မဟောသဓဇာတ်တော်လာ သူလျှိုစစ်ဆင်ရေး

မဟောသဓဇာတ်တော်သည် ဝိဒေဟရာဇ်တိုင်း၊ မိတ္ထိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီးထံ အသက်အငယ်ဆုံး ပညာရှိသုခမိန်အဖြစ် ခစားခဲ့သည့် ဘုရားအလောင်းတော် မဟောသဓ၏ဇာတ်ကြောင်း ဖြစ်ပါသည်။ မဟောသဓကို ဝိဒေဟရာဇ်မင်းကြီးက သားအမှတ် ချီးမြှင့်မြှောက်စားပြီး သုခမိန်အဖြစ် ခစားစေရုံသာမက စစ်ဘုရင်သေနာပတိအဖြစ်ပါ ခန့်အပ်တာဝန်ပေးခဲ့လေသည်။ စစ်သေနာပတိအဖြစ် တာဝန်ပေးခံရသည့်အခါ မဟောသဓသည် နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်ဖွယ်ကိစ္စများကို စီမံဆောင်ရွက်ခဲ့၏။ မြို့တော်ကို ချဲ့ထွင်ပြီး မြို့ပြင်သို့ ရန်သူများ အဆောတလျင် မကပ်နိုင်အောင် တံတိုင်းနှစ်ထပ်၊ ကျုံးသုံးထပ် ကာရံခဲ့သည်။ မြို့တွင်းသောက်သုံးရေအတွက် ရေကန်ကြီးများ တူးဖော်ပြီး ရေမပြတ်စေရန် စီစဉ်ခဲ့သည်။ ပတ်ဝန်းကျင်နိုင်ငံပေါင်း ၁၀၀ မှ ထီးဆောင်းမင်းများ၏ သတင်းများကို စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့သည်။ ကြိုတင်သတင်းရရှိရေးအတွက် မဟောသဓ၏ ဖွားဖက်တော် ၁၀၀၀ အနက် စိတ်ချရသည့် ဖွားဖက်တော် ၁၀၀ အား ရွေးချယ်ပြီး သူလျှိုအဖြစ် စေလွှတ်ရန် စီစဉ်ခဲ့သည်။ သူလျှိုအဖြစ် စေလွှတ်မည့်သူများကို သက်ဆိုင်ရာနိုင်ငံက ပြည့်ရှင်မင်းအနီးအပါး ခစားနိုင်အောင် ပြည့်ရှင်မင်းကြီးအကြိုက် လက်ဆောင်ပဏ္ဏာများ ထည့်ပေးသည်။ မည်သို့လျှောက်ထားခစားပြီး မည်သို့သတင်းရယူကြမည်ဆိုသည်ကို အသေအချာ မှာကြားသည်။ ထိုသို့

www.burmeseclassic.com



သူလျှိုများစေလွှတ်မြှုပ်နှံထားရှိသောကြောင့် ကပိလတိုင်း၊ ဥတ္တရပဉ္စာလရာဇ်ပြည်၊ စူဠနီဗြဟ္မဒတ်မင်း၏ စစ်ရေးပြင်ဆင်မှုများကို ကြိုတင်သိရှိခဲ့ပေသည်။

ပဥ္စာလရာဇ်ပြည် စူဠနီဗြဟ္မဒတ်မင်းထံ၌ ခစားနေသည့် မဟောသဓာ၏သူလျှိုက စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်၊ လက်နက် စုဆောင်းပြင်ဆင်မှုများကို တွေ့ရသည့်အခါ စစ်ရေးပြင်ဆင်မှုပြုနေကြောင်း။ မည်သည့် ရည်ရွယ်ချက်ရှိသည်ကို မသိကြောင်း၊ သတိထားနေပါရန် မဟောသဓာထံ စာဖြင့်သတင်းပို့ခဲ့သည်။ ထိုအခါ မဟောသဓာက စူဠနီဗြဟ္မဒတ်မင်း၏ အကြံအစည်ကို တိတိကျကျ သတင်းရရှိစေရန် အသေအချာ မွေးမြူလေ့ကျင့်ထားသော ကျေးသားကို စေလွှတ်ခဲ့၏။ စူဠနီဗြဟ္မဒတ်မင်းနှင့် သုခမိန်ကေဝဋ်အမတ်ကြီးတို့ လျှို့ဝှက်တိုင်ပင်ပြောဆိုသည့် စကားများကို မဟောသဓာ၏သူလျှိုကျေးသားက ထောက်လှမ်းကြားသိခဲ့ပါသည်။ ကေဝဋ်အမတ်က ပတ်ဝန်းကျင်နိုင်ငံ ၁၀၀ အား သိမ်းပိုက်ရန်နှင့် မည်သို့ပရိယာယ်ဝေဝုစ်သုံးပြီး သိမ်းပိုက်မည်ဆိုသည်ကို လျှောက်ထားရာ စူဠနီဗြဟ္မဒတ်မင်းကြီးက သဘောတူခဲ့သည်။ ထိုသို့တိုင်ပင်သည်ကို ကြားသိရသော ကျေးသားသည် မဟောသဓာထံ ပြန်လည်လျှောက်တင်ခဲ့လေသည်။ ထိုသို့ကြိုတင်သတင်းရရှိသည့်အတွက် မဟောသဓာသည် လိုအပ်သည့် စစ်ရေးပြင်ဆင်မှုများပြုလုပ်နိုင်ခဲ့သဖြင့် အင်အားမဆာမတန်များပြားသော စူဠနီဗြဟ္မဒတ်မင်းသည် မိတ္ထီလာပြည်ကို တိုက်ခိုက်သည့်အခါ မသိမ်းပိုက်နိုင်ဘဲဖြစ်ခဲ့ရသည်။ စူဠနီဗြဟ္မဒတ်မင်းအာက်၌ မြှုပ်နှံထားသည့် မဟောသဓာ၏သူလျှိုများအပြင် စစ်အတွင်း၌ ပါးနပ်သည့်ဒလန်များ စေလွှတ်ပြီး





အဖျက်အမှောင့်များ မွှေနှောက်လုပ်ကြံခဲ့သဖြင့် စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်များသည် စစ်မနိုင်သည့်အပြင် ဗရုတ်ဗရက် ထွက်ပြေးကြရသည်အထိ ဖြစ်ခဲ့ရပေသည်။ စစ်ရေး၌ မအောင်မြင်နိုင်ခဲ့သည့် စူဠနီဗြဟ္မဒတ်မင်းသည် ဝိဒေဟရာဇ်မင်းကြီးကို သမီးတော်နှင့် လက်ဆက်ရန် ဖြားယောင်းပြီး ဝိဒေဟရာဇ်နှင့် မဟောသဓာကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့၏။ ထိုကြံစည်မှုကိုလည်း သူလျှိုကျေးသားကြောင့် မဟောသဓာသည် ကြိုတင် သတင်းရရှိခဲ့လေသည်။ ရန်သူ့အကြံအစည်ကို ကြိုတင်သိရှိသည့် မဟောသဓာသည် ဝိဒေဟရာဇ်မင်းကြီး၏ အသက်ကိုပါ ကယ်နိုင်ခဲ့သည့်အပြင် စူလနီဗြဟ္မဒတ်မင်း၏ သမီးတော်နှင့်ပါ လက်ဆက်ပေးနိုင်ခဲ့သည်အထိ စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။

မဟောသဓာသည် သူလျှိုဒလန်အဖြစ် လူကိုသာမက ကျေးသားကိုပါ လေ့ကျင့်အသုံးချခဲ့ကြောင်း တွေ့ရှိရ၏။ မဟောသဓာ၏ သူလျှိုများသည် အရေးကြီးသည့်သတင်းများကို ကြိုတင်ရယူနိုင်ခဲ့ရုံသာမက ရန်သူ့အတွင်း၌ အဖျက်၊ အမှောက်၊ ဝါဒဖြန့်ချိမှုများကိုပါ လုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။ မိမိနိုင်ငံထက် အဆမတန် အင်အားကြီးမားသည့် ရန်သူကို သူလျှိုစစ်ဆင်ရေးဖြင့် အနိုင်ယူခဲ့သည်ဟု ဆိုရပါမည်။ မဟောသဓာဇာတ်တော်အား လေ့လာပါက အင်အားနည်းသည့်နိုင်ငံငယ်လေးများ၏ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော် ကာကွယ်ရေးအခန်းကဏ္ဍတွင် ထောက်လှမ်းရေးသည် အဓိကအရေးကြီးဆုံးဖြစ်ကြောင်း တွေ့ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



## မဟောသဓဇာတ်တော်လာ လျှို့ဝှက်ရေးနှင့် ထောက်လှမ်းမှု

မဟောသဓဇာတ်တော်မှာ မင်း၊ မှူးမတ်၊ အကြီးအကဲ၊ ခေါင်းဆောင်များ၊ အမှုထမ်းများ၊ သူလျှိုများ၊ အထောက်တော်များအတွက် လျှို့ဝှက်ရေးနှင့်ပတ်သက်၍ အလွန်အရေးကြီးသည့် သင်ခန်းစာပေးထားပါသည်။ လျှို့ဝှက်အပ်သောစကားကို မည်သူ့ကိုမှ မပြောအပ်၊ မည်သို့စောင့်ထိန်းရမည်၊ မစောင့်ထိန်းဘဲ ပြောခဲ့လျှင် မည်သည့်အကျိုး၊ အပြစ်ရနိုင်သည်ဆိုသည်များကို သင်ခန်းစာပေးထားသည်။ ဇာတ်တော်ထဲတွင် ဝိဒေဟရာဇ် မင်းကြီးက မဟောသဓသုခမိန်ကို သေနာပတိအရာပေးပြီး ချီးမြှောက်သည့်အခါ သေနက၊ ကာမိန္ဒ၊ ဒေဝိန္ဒ၊ ပက္ကုသ အမတ်ကြီး ၄ ဦးတို့က မနာလိုဝန်တို ဖြစ်ကြလေသည်။ မဟောသဓ၏ ပျက်စီးရာပျက်စီးကြောင်း ကြံစည်ကြ၏။ သေနကအမတ်က မဟောသဓကို လျှို့ဝှက်အပ်သည့်စကားအား မည်သူ့ကို ပြောအပ်သနည်းဟု မေးမည်။ မဟောသဓက မည်သူ့ကိုမျှ မပြောအပ်ဘူးဟု ဖြေလိမ့်မည်။ ထိုအခါ မင်းကြီးဆိသွားပြီး ကုန်းချောစကားလျှောက်ထားကြမည်ဟု တိုင်ပင်ဆွေးနွေးသည့်အခါ အားလုံးသဘောတူကြသည်။ ထို့နောက် မဟောသဓ၏အိမ်ကိုသွားကာ စကားစရှာ ရေလာမြောင်းပေးပြီး ယင်းတို့လိုချင်သည့်အဖြေကို ရအောင် မေးကြသည်။ မဟောသဓကလည်း မိမိလျှို့ဝှက်အပ်သည့်စကားကို သူတစ်ပါးတို့အား မပြောအပ်ဟု ဖြေလေသည်။ အမတ် ကြီး ၄ ဦးသည် ယင်းတို့အကြံအစည်အတိုင်း ဘုရင့်ထံသွားရောက်ပြီး မဟောသဓသည် အရှင့်စီးပွားကို နှုတ်ကသာ လိုလားဟန်ပြသော်လည်း စိတ်ထဲက မဖြောင့်မမှန် အကောက်ကြံသူဖြစ်သည်ဟု ကုန်းချောလျှောက် ထား





ကြ၏။ အစဦးတွင် မင်းကြီးက ယုံကြည်တော်မမူ။ မဟောသဓသည် အကောက်ကြံဖောက်ပြန်မည့်သူမဟုတ်ဟု ဆိုသည်။ အမတ်ကြီးများက အရှင့်အကျိုးအတွက် လျှောက်ထားခြင်း ဖြစ်ပါသည်။ ယုံတော်မမူလျှင် မဟောသဓကို ရာဇပရိယာယ်နှင့် လျှို့ဝှက်အပ်သည့်စကားကို မည်သူ့ကို ပြောအပ်သနည်းဟု မေးစေလိုကြောင်း၊ အကောက်ကြံသူမှန်ပါက မည်သူ့ကိုမျှ မပြောအပ်ပါဟု ဖြေဆိုလျှင် ယင်းတို့လျှောက်ထားသည့်စကားကို ယုံကြည်တော်မူပါလိမ့်မည်ဟု လျှောက်ထားကြသည်။ မင်းကြီးလည်း ယုံမှားသံသယ ဖြစ်သွားခဲ့၏။

တစ်နေ့တွင် မင်းကြီးက အမတ်ကြီးများကို လျှို့ဝှက်အပ်သည့်စကား မည်သူ့ကို ပြောအပ်သနည်းဟု မေးမြန်းပါသည်။ သေနကအမတ်ကြီးက မင်းကြီးကိုယ်တိုင် ယင်းတို့ ၄ ဦးနှင့် အလိုတူ အလိုပါဖြစ်အောင် ကြံစည်စဉ်းစားပြီး အရှင့်အလိုတော်ကိုသိမှ ဆန္ဒတော်နှင့်လည်းညီအောင် အမေးတော်လည်း ပြေလည်အောင် စဉ်းစားပြီး လျှောက်ထားပါမည်။ အရှင်မင်းကြီးသည် ပြည်ကြီးဝန် ရွက်ဆောင်တော်မူရသည့် အရှင်ဖြစ်၍ လျှို့ဝှက်သည့်စကားကို မည်သူ့ကို ပြောအပ်သည်၊ မည်သူ့ကိုမပြောအပ်ဆိုသည်ကို မပြတ်ဆင်ခြင် သတိရှိတော်မူသည်နှင့်အညီ အရှင်မင်းကြီး၏အလိုတော်ကို ဆိုတော်မူစေလိုကြောင်း လျှောက်တင်သည်။ ထိုအခါ မင်းကြီးသည် ကာမဂုဏ်ကျူးသည့်မင်းဖြစ်သဖြင့် သူ့အလိုနှင့်လျော်စွာ လိမ္မာသည့် မယားကောင်းကို ပြောအပ်သည်ဟု ဖြေပါသည်။

သေနကအမတ်က သူတို့အကြံအတိုင်း အကွက်ဝင်လာပြီဆိုပြီး ဝမ်းသာစွာနှင့် လျှို့ဝှက်အပ်သည့် စကားကို အဆွေခင်ပွန်းကောင်းအား ပြောအပ်သည်ဟု စပြီးဖြေသည်။ ပက္ကုသအမတ်က

www.burmeseclassic.com



ညီရင်းအစ်ကိုတို့ကို ပြောအပ်သည်၊ ကာမိန္ဒအမတ်က အဖနှင့် အကျင့်တူ အဖအလိုလိုက်ပြီး အဖနစ်မြိုက်ရာ ပြုတတ်သည့် အနုဇာတသားကို ပြောအပ်သည်။ ဒေဝိန္ဒအမတ်က မိခင်အား ပြောအပ်သည်ဟု ဖြေကြသည်။

မဟောသဓအမတ်အလှည့်ရောက်သည့်အခါ လျှို့ဝှက်အပ်သည့်အမှုကို လျှို့ဝှက်မှသာ ကောင်းပါသည်။ လျှို့ဝှက်အပ်သည့်အမှုကို မလျှို့ဝှက်ဘဲ သူတစ်ပါးအား ပြောမိလျှင် နောင်မကောင်းဖြစ်တတ်ပါသည်။ မိမိ လိုအပ်သည့်အကျိုး မပြည့်စုံသေးသမျှ ကာလပတ်လုံး လျှို့ဝှက်အပ်သည့်အမှုကို မည်သူ့ကိုမျှမသိစေအပ်သည့်အတွက် မပြောမဆို နှုတ်စောင့်စည်းပြီး ချုပ်တည်းသည်းခံရမည်။ မိမိအလိုပြည့်စုံမှသာ ပြောလိုလျှင် ပြောဆိုရမည်ဟု လျှောက်ထားပါသည်။ ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကြီးတို့ နားသွင်းကုန်းချောထားသည်နှင့် ကိုက်ညီနေသဖြင့် မျက်နှာမသာမယာဖြစ်သွားသည်။ မဟောသဓအမတ်က မင်းကြီးနှင့်အမတ်ကြီးများ၏ မျက်နှာအမူအရာကို တွေ့မြင်သည်နှင့် ဤပြဿနာစကားကို မမေးခင်ကတည်းက အမတ် ၄ ဦး သည် သူ့အကျိုးပျက်စီးအောင် မင်းကြီးကို ပြောဆိုလျှောက်ထားပြီး အားလုံးသဘောတူ သူ့အလိုစမ်းချင်သည့်အတွက် ဤသို့မေးမြန်းခြင်းဖြစ်ရမည်ဟု သိရှိလိုက်သည်။

ပြဿနာစကားဖြေစဉ်မှာပင် နေဝင်ပြီဖြစ်သဖြင့် မဟောသဓသည် မင်းကြီးကို ရှိခိုးပြီး နန်းတော်မှ ထွက်ခဲ့သည်။ မင်းကြီးနှင့် အမတ်ကြီး ၄ ဦး၏ အဖြေစကားသည် ပညာရှိစကားမဟုတ်။ သူတို့တစ်ဦးချင်းနှင့် ပတ်သက်သည့်အကြောင်းခြင်းရာရှိရမည်ဟု





မဟောသဓက တွေးမြင်မိသည်။ သို့ဖြစ်၍ ယခုပင် ဤကိစ္စသိအောင် လုပ်မည်ဟုကြံရွယ်ပြီး နန်းတော်တံခါးဝအနီး ထမင်းပွဲခုံအတွင်း၌ ဝင်ရောက်ပုန်းခိုနေခဲ့သည်။ အမတ်ကြီး ၄ ဦးမှာ ဘုရင်ကြီးနှင့် ကျန်ခဲ့ရာမှ ဆက်လက်ပြီး ကုန်းချောလျှောက်ထားကြသည်။ ဘုရင်ကြီးသည် အမတ်ကြီး ၄ ဦးသည် သူတို့အကြံအစည် အောင်မြင်၍ ဝမ်းမြောက်ဝမ်းသာဖြင့် နန်းတော်ကဆင်းခဲ့ပြီး မဟောသဓ ပုန်းအောင်းနေသည့် ထမင်းပွဲခုံ၌ ထိုင်ကြပါသည်။ မဟောသဓကို လုပ်ကြံရန်ကိစ္စ တိုင်ပင်ကြီး သေနကအမတ်ကို အားလုံးက တာဝန်ပေးကြသည်။

ထို့နောက် လျှို့ဝှက်အပ်သည့်စကား မည်သူ့ကိုပြောအပ်သနည်းဆိုသည့်အမေးကို တစ်ဦးချင်း ဖြေဆိုခဲ့ကြခြင်းနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေး ပြောဆိုကြသည်။ သေနကအမတ်က ပြည့်တန်ဆာမတစ်ဦးနှင့် ပျော်ပါးစဉ် လက်ဝတ်တန်ဆာများကို တွေ့ရှိရာ လိုချင်သဖြင့် ပြည့်တန်ဆာမကို သတ်ဖြတ်ခဲ့ကြောင်း၊ အလောင်းကို ဘဏ္ဍာတိုက်ထဲ ဝှက်ထားခဲ့ကြောင်း၊ ယင်းကိစ္စကို သူ့အိမ်သားများအပါအဝင် မည်သူ့ကိုမှ မပြောကြောင်း၊ စိတ်ချရသည့် အဆွေခင်ပွန်းတစ်ဦးကိုသာ ပြောပြကြောင်း၊ ထိုအဆွေခင်ပွန်း နှုတ်စောင့်သဖြင့် ယခုထိ မင်းကြီး မသိသေးကြောင်း၊ ထို့ကြောင့် လျှို့ဝှက်သည့်စကား အဆွေခင်ပွန်းကိုသာ ပြောသင့်သည်ဟု ဖြေဆိုခဲ့ကြောင်း ပြောပြသည်။

ပက္ကုသအမတ်က သူ၏ပေါင်မှာ နူနာရှိသဖြင့် သူ့ညီဖြစ်သူက နေ့စဉ်ဆေးလိမ်းပေးရကြောင်း၊ နူနာရှိသည်ကို သူ့ညီမှတစ်ပါး မည်သူမျှမသိကြောင်း၊ ထို့ကြောင့် လျှို့ဝှက်အပ်သည့်စကား



www.burmeseclassic.com

www.burmeseclassic.com



ညီရင်းအစ်ကိုကိုသာ ပြောသင့်သည်ဟု ဖြေခဲ့ကြောင်း ပြောဆိုသည်။

ကာမိန္ဒအမတ်က သူမှာ တစ်လတစ်ကြိမ် နရဒေဝီဘီလူး ဖမ်းသည့်အခါ ခွေးရူးကဲ့သို့ လှည့်ပတ်အော်မြည်နေရကြောင်း၊ သူ၏သားကိုသာ ပြောပြပြီး ရောဂါဖြစ်မည့်နေ့တိုင်း တိုက်ခန်းထဲသွင်း၍ တံခါးပိတ်ထားခိုင်းရကြောင်း၊ အော်သံမကြားအောင် အပြင်၌ အတီးအမှုတ်ပွဲသဘင် လုပ်ရကြောင်း၊ သူ့သားမှတစ်ပါး မည်သူမျှမသိကြောင်း။ ထို့ကြောင့် လျှို့ဝှက်အပ်သည့်စကား သားကိုသာ ပြောသင့်သည်ဟု ဖြေခဲ့ကြောင်း ပြောပြသည်။

ဒေဝိန္ဒအမတ်က မင်းကြီးအား သိကြားမင်းပေးထားသည့် ပတ္တမြားကို မင်းကြီးမသိအောင် ခိုးယူပြီး သူ၏မိခင်အား အပ်ထားကြောင်း။ မင်းကြီးထံ အခစားဝင်သည့်အခါ မိခင်ထံမှ ပတ္တမြားကို တောင်းပြီး အခစားဝင်ကြောင်း။ ပတ္တမြား၏အာနုဘော်ကြောင့် မင်းကြီးက နေ့စဉ် ရိက္ခာ၊ ငွေကြေး ချီးမြှင့်ကြောင်း။ ဤကိစ္စ မိခင်မှအပ မည်သူမျှမသိကြောင်း။ ထို့ကြောင့် လျှို့ဝှက်အပ်သည့် စကား မိခင်ကိုသာ ပြောအပ်သည်ဟု ဖြေခဲ့ကြောင်း အသီးသီး ပြောဆိုကြလေသည်။

မဟောသဓသည် အမတ်ကြီးများ၏ တိုင်ပင်ပြောဆိုမှုများကို အသေးစိတ် ကြားသိမှတ်သားခဲ့ပါသည်။ ထိုည၌ ဝိဒေဟရာဇ် မင်းကြီးလည်း မဟောသဓကို လုပ်ကြံရန်ကိစ္စ ဥဒုမ္ဗရဒေဝီမိဖုရားကြီးကို ဖွင့်ဆိုပြောပြခဲ့သည်။ ထိုသတင်းကို မိဖုရားကြီးကလည်း မဟောသဓထံ ချက်ချင်း လျှို့ဝှက်အသိပေးခဲ့၏။ မင်းကြီးနှင့် အမတ်ကြီးများ၏ အကြံအစည်ကို သိသဖြင့် နံနက်လင်းသည့်အခါ မဟောသဓသည် နန်းတွင်းသို့ ခါတိုင်းကဲ့သို့ စောစောမဝင်ဘဲ





နေမြင့်မှလာသည်။ သေနကအမတ်ကြီးလည်း လုပ်ကြံခွင့်မရဘဲ ဖြစ်သွားလေသည်။ မဟောသဓသည် နန်းဝရောက်လျှင် မင်းကြီးရှိရာသို့ ရှိခိုးပြီး မဝင်ဘဲ ရပ်နေပါသည်။ မင်းကြီးက ဝင်ခဲ့ဟု ဆိုမှသာ ဝင်ရောက်ခစား၏။ မင်းကြီးက မသိဟန်ဆောင်ပြီး ခစားဝင်ချိန်မှာမဝင်ဘဲ နေမြင့်မှဝင်လာသည်မှာ အကြောင်းတစ်စုံ တစ်ရာ ရှိလေသလောဟု မေးမြန်းလိုက်သည်။ မဟောသဓက လျှို့ဝှက်အပ်သည့်စကားပြဿနာ၌ မယားကောင်းကို ပြောအပ်သည်ဟု မင်းကြီး အမိန့်တော်ရှိပြီးမှ နန်းတော်က ပြန်ခဲ့ကြောင်း၊ အိမ်ပြန်ရောက်၍ ညအိပ်မည်ပြုချိန်တွင် မင်းကြီးက သူ့ကိုလုပ်ကြံဖို့ အမတ်ကြီး ၄ ဦးထံ သံလျက်ပေးအပ်ခဲ့ကြောင်း၊ ဤကိစ္စကို မင်းကြီးက မိဖုရားကြီးကို ပြောပြခဲ့သဖြင့် အကြောင်းစုံ ကြားသိရကြောင်း။ ထို့ကြောင့် ခါတိုင်းကဲ့သို့ မဝင်ဝံ့၍ နေမြင့်မှ ဝင်လာရကြောင်း လျှောက်ထားခဲ့၏။

မင်းကြီးက မိဖုရားကြီးကို မဟောသဓအား အသိပေးရကောင်းလားဟု ဒေါသဖြင့် ကြည့်ပါသည်။ မင်းကြီးကို မဟောသဓက မိဖုရားကြီးအား မျက်တော်မရှုသင့်ကြောင်း။ မိဖုရားကြီးမပြောလည်း ဆင်ခြင်မျှော်တွေးပြီး သိရှိနိုင်ကြောင်း။ အမတ်ကြီး ၄ ဦး၏စကားကို မည်သူမျှ လာမပြောသော်လည်း ပညာဖြင့် သိခဲ့ကြောင်း ဖြေသိမ့် လျှောက်ထားလိုက်သည်။ ဆက်လက်ပြီး မဟောသဓသည် ယမန်နေ့က ကြားသိခဲ့သည့် အမတ်ကြီး ၄ ဦး၏ လျှို့ဝှက်ချက်များကို လျှောက်ထားလေသည်။ သေနကအမတ်ကြီးက ပြည့်တန်ဆာမကို သတ်ဖြတ်ပြီး လက်ဝတ်တန်ဆာယူခဲ့ခြင်းနှင့် ပတ်သက်၍ အဆွေခင်ပွန်းတစ်ဦးကိုသာ အသိပေးခဲ့ကြောင်း၊ ဤသည်ကို အစွဲပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်အပ်သည့်စကားကို အဆွေခင်ပွန်းကိုသာ ပြောသင့်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း။ ပက္ကုသအမတ်၏ပေါင်တွင် နူနာရောဂါရှိကြောင်း၊ သူ၏ညီတစ်ဦးတည်းကိုသာ အသိပေးထားသည်ကို အစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကား ညီရင်းအစ်ကိုကိုသာ ပြောအပ်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း။ ကာမိန္ဒအမတ်မှာ နတ်ပူးဝေဒနာရှိကြောင်း၊ သားတစ်ဦးတည်းကိုသာ အသိပေးထားသည်ကို အစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကား သားကိုသာ ပြောအပ်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း။ ဒေဝိန္ဒအမတ်က မင်းကြီးထံမှ ပတ္တမြားခိုးထားကြောင်း၊ မိခင်တစ်ဦးတည်းကိုသာ အသိပေးထားသည်ကို အစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကား အမိကိုသာ ပြောအပ်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း ကြားသိသမျှ အသေးစိတ် လျှောက်ထားခဲ့ပါသည်။

အမတ်ကြီး ၄ ဦးလည်း ယင်းတို့၏အပြစ်ကို ဝန်ခံကြ၏။ အမတ်ကြီး ၄ ဦးကို မင်းဒဏ်ပေးပြီးသည့်အခါ မဟောသဓာကဤအပြစ်များကိုမြင်၍ လျှို့ဝှက်အပ်သောစကားကို မည်သူ့ကိုမျှ မပြောအပ်ဟု လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ အဆွေခင်ပွန်း စသည့်သူများကို ပြောအပ်သည်ဟု ဆိုသူများမှာ ယခု ကြီးစွာ ပျက်စီးဆုံးရှုံးခြင်းရောက်ရသည်ကို နှလုံးထားတော်မူပါဟု မင်းကြီးအား လျှောက်ထားသည်။ ဆက်လက်၍ မင်းကြီးအား တရားလမ်းကျင့်စဉ်ရှိသည့်အတိုင်း ပြလိုသည့်အတွက် ဂါထာ ၆ ပုဒ်ဖြင့် လျှောက်ထားခဲ့ပေသည်။

(၁) လျှို့ဝှက်အပ်သည့်အမှုကို မလျှို့ဝှက်ဘဲ သူတစ်ပါးအား ပြောကြားခဲ့လျှင် နှောင်မကောင်းဖြစ်တတ်သည်။ အကြင်





ပညာရှိသည် မိမိလိုအပ်သည့်ကိစ္စ အကျိုးမပြည့်စုံသေးသမျှ ကာလပတ်လုံး လျှို့ဝှက်အပ်သည့်အမှုကို မည်သူ့ကိုမျှ မသိစေအပ်သည့်အတွက် မပြောမဆို နှုတ်စောင့်စည်းပြီး ချုပ်တည်း သည်းခံရမည်။ မိမိအလိုပြည့်စုံသည့်အခါ ပြောလိုသူကို ပြောဆိုရာ၏။

(၂) ရွှေအိုးကို သူတစ်ပါးအား မခိုးယူစိမ့်သောငှာ လုံခြုံစွာ စောင့်ရှောက်သကဲ့သို့ မိမိ၌ လျှို့ဝှက်အပ်သည့်အမှုကို လိုရာကိစ္စ မပြီးသေးသမျှကာလပတ်လုံး သူတစ်ပါးတို့အား မသိစေအပ်။ လျှို့ဝှက်အပ်သောအမှုကို မိမိမှတစ်ပါး သူသိလေက ထိုသိသောသူက မိမိကို မကောင်းကြံတတ်၊ ပြုတတ်၏။

(၃) လျှို့ဝှက်အပ်သည့်အမှုကို ပြောမှားချေက လျင်စွာအပြစ်ကို ပေးတတ်သောသူကား –

(က) မိန်းမလည်းတစ်ယောက်၊

(ခ) မချစ် မနှစ်သက်လိုသော ရန်သူလည်း တစ်ယောက်၊

(ဂ) ဥစ္စာစည်းစိမ်၊ အဝတ်တန်ဆာ တစ်စုံတစ်ခုနှင့် မေးကာမ်းဖြားယောင်းပြီး အဆွေခင်ပွန်း ဖွဲ့တတ်သည့်သူလည်း တစ်ယောက်၊

(ဃ) စိတ်ထဲမဖြောင့်မမှန် အကောက်ကြံလျက် နှုတ်ဖြင့် အကျိုးလိုယောင်ပြုပြီး သူ့အပြစ်ကို ရှာချင်၍ ချိုသာနာဖွယ်စကားနှင့် ချော့စားတတ်သူသည်လည်း တစ်ယောက်၊

ထိုလေးယောက်တို့ကို လျှို့ဝှက်အပ်သောစကား ပြောမှား



www.burmeseclassic.com

www.burmeseclassic.com



ချေက လျင်စွာ အမှုရောက်တတ်၏။

(၄) လျှို့ဝှက်အပ်သောအမှုကို အကြင်သူသည် အကယ်၍ ကြားသိငြားအံ့၊ ထိုကြားသိသောသူအား ထိုအမှုကို မဖော်ပြစေခြင်းငှာ မိမိကို ကျွန်ကဲ့သို့ပြု၍ ထိုသူဆဲဆိုသော်လည်း သည်းခံသဖြင့်သာ နေရာ၏။

(၅) အကြင်သူသည် မိမိလျှို့ဝှက်အပ်သောအမှုကို သူတစ်ပါး သိလေသည်ရှိသော် ထိုသူသိလေသည်မှစ၍ ပြင်းထန်သော ထိတ်လန့်ခြင်းသည်ဖြစ်ရာ၏။ ထိုသို့ တစိုးရိမ်ရိမ်ရှိရာသော ကြောင့် လျှို့ဝှက်အပ်သော စကားကို သူတစ်ပါးအား မပြောအပ်။

(၆) တိုင်ပင်အပ်သောအမှုကို ယုံမှတ်သောသူတို့နှင့် တိုင်ပင်လိုသော်လည်း နေ့အခါဖြစ်မူ ဆိတ်ကွယ်ရာ အရပ်၌သာ အသံကို အပြင်မထွက်စေရဘဲ အရှည်အလံမဆို လိုရာစကားတွင်၍သာ တိုးတိုးသက်သက် တိုင်ပင်ရာ၏။ အဘယ်ကြောင့်နည်းဟူမူကား တိုက်နံရံတွင်းမှနေ၍လည်းကောင်း၊ အိပ်ပျော်ယောင်ဆောင်၍လည်းကောင်း၊ တစ်ပါးစကားပြောဆိုယောင်ပြု၍လည်းကောင်း၊ မှောင်ကွယ်ရာကနေ၍လည်းကောင်း သူတစ်ပါးအကြံအစည်ကို ခိုးတတ်သောသူသည် ချောင်းမြောင်းလျက် နားထောင်တတ်၏။ ထိုသို့ ချောင်းမြောင်း၍ နားထောင်တတ်သောသူ ကြားသဖြင့် မိမိအကြံအစည် အတိုင်အပင်ပျက်ခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် လျှို့ဝှက်အပ်သောစကားဟူသည်ကို သူတစ်ပါး မသိရအောင် လုံ့လသတိရှိစေရာ၏။





## ငါးရာ့ငါးဆယ် နိပါတ်တော်လာ ကဏှတိက္ခာကဇာတ်

ငါးရာ့ငါးဆယ်ဇာတ်တော်ထဲတွင် မြတ်စွာဘုရားက ပသေနဒီကောသလမင်းကြီးကို ဆုံးမတော်မူရာမှာ အကြောင်းပြုပြီး ဟောကြားထားသည့် ကဏှတိက္ခာကဇာတ်ဟု ရှိပါသည်။ လွန်လေပြီးသောကာလက ကပိလတိုင်း ဥတ္တရပဉ္စာလပြည်တွင် ပဉ္စာလမင်းကြီး မင်းပြုခဲ့ပါသည်။ ထိုမင်းသည် အဂတိလေးပါး လိုက်စားမြီး မေ့မေ့လျော့လျော့နေသကဲ့သို့ မှူးမတ်များကလည်း တရားမစောင့်။ တိုင်းသူပြည်သားများကို အခွန်အတုတ်များနှင့် နှိပ်စက်ကြသည်။ ရှာနေပြည်သူများသည် နေ့တွင် မင်းမှုထမ်းများကို ကြောက်ရွံ့သဖြင့် တောထဲသို့ ပုန်းရှောင်နေရပါသည်။ နေ့တွင် မင်းမှုထမ်းတို့ လာရောက်လုယက်သကဲ့သို့ ညတွင် သူခိုးသူဝှက်တို့၏ လုယက်ခြင်းကို ခံကြရသည်။ ပဉ္စာလမင်းကိုးကွယ်ပသသည့် ဘုရားအလောင်းတည်ပင်စောင့်နတ်သည် နှစ်စဉ်ပသသည့်ကျေးဇူးကိုထောက်ထား၍ ဤသို့ဖြစ်ပျက်နေသည်များကို မင်းကြီးအား ကိုယ်ထင်ပြကာ သတိပေးခဲ့သည်။ ဗဟိုအချက်အချာအရပ်ဒေသနှင့် နယ်ပယ်ဒေသများကို သတင်းဦးစွာရရှိရန် လှည့်ပတ်သွားလာသင့်သည့်အကြောင်း၊ ထိုသို့ လှည့်ပတ်သွားလာမှသာ ကြားသင့်သည်များကို ကြားရ၊ မြင်သင့်သည်များကို မြင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အကျိုးရှိသည့်အမှုကို လုပ်ဆောင်နိုင်မည့်အကြောင်း သတိပေးခဲ့သည်။ စင်စစ် ကိုယ်တိုင်စနည်းနာရန် သတိပေးဆုံးမခြင်း ဖြစ်ပါသည်။ ပဉ္စာလမင်းလည်း ကိုယ်တိုင်နန်းကထွက်ပြီး နန်းတော်သို့ပြန်လာမြီး တရားနှင့်အညီ မင်းပြုခဲ့ပါသည်။ ထိုဇာတ်တော်ကို ဥပမာပြု၍ ပသေနဒီကောသလမင်းကြီးအား အဂတိလေးပါးလိုက်စားခြင်းကို စွန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းပြုလော့ဟု မြတ်စွာဘုရားက ဟောကြားခဲ့သည်။ ထိုဓာတ်ကကို ထောက်ရှုပြီး မင်းဆိုသည်မှာ မေ့မေ့လျော့လျော့နေ၍ မရ၊ ပြည်သူများ၏ ခံစားချက်၊ ပြည်သူများ၏ကြား၌ ဖြစ်ပျက်နေသည်များကို သိရှိရန်လိုအပ်ကြောင်း၊ ပြည်သူများနှင့် ပခုံးချင်းထိထားမှ တစ်မှဟုတ်ချင်း သိနိုင်မည်ဖြစ်ကြောင်း၊ အဖြစ်မှန်များကို သိရှိရန် ဒေသအနှံ့၊ ပြည်သူတို့ကြား၌ မထင်မရှား ရောနှောသွားလာပြီး ကိုယ်တိုင်လှည့်လည် စနည်းနာသင့်ကြောင်း ထောက်လှမ်းရေးအသိပညာပေးထားပါသည်။

## မိလိန္ဒပဥှာပါဠိတော်

ခုဒ္ဒကနိကာယ်ဝင်၊ သုတ္တန်ပိဋကတ်၊ မိလိန္ဒပဥှာပါဠိတော် မြန်မာပြန်ကျမ်း ရမ္မကထာတွင် ထောက်လှမ်းရေးအသိပညာများ ရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ ထောက်လှမ်းရေးလုပ်ငန်း၌ အရေးအကြီးဆုံး သိရှိအပ်သည်မှာ လျှို့ဝှက်ရေးပင် ဖြစ်သည်။ လျှို့ဝှက်အပ်သည့်အကြောင်းအရာကို မတိုင်ပင်သင့်သည့်အရပ်ဒေသ၊ မတိုင်ပင်သင့်သည့် အရပ်နေရာတို့၌ တိုင်ပင်လျှင် ဖြစ်လာမည့် အကျိုးပျက်စီးမှု၊ လျှို့ဝှက်အပ်သည့်အရာအား မတိုင်ပင်သင့်သည့် ပုဂ္ဂိုလ်ကို တိုင်ပင်လျှင် ဖြစ်လာမည့်အကျိုးပျက်စီးမှု၊ လျှို့ဝှက်အပ်သည့်အရာကို တိုင်ပင်လျှင် ပေါက်ကြားစေတတ်သည့် ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ နာဂသေနမထေရ်နှင့် မိလိန္ဒမင်းကြီးတို့၏ အမေးအဖြေများ၌ ပါရှိ၏။ လျှို့ဝှက်ရေးဆိုသည်မှာ လူတစ်ဦးချင်းမှ နိုင်ငံတော်အဆင့်ထိ အရေးကြီးသည့်ကိစ္စဖြစ်၍ လုံခြုံမှုလိုအပ်သည်။ မိမိလုံခြုံမှုကို မည်သို့ထိန်းသိမ်းရမည်ဆိုသည့် ပညာရနိုင်သကဲ့သို့





သူတစ်ပါးထံက သတင်းရရှိရန် မည်သို့လုံခြုံမှုများ ကျိုးပေါက်နိုင်သနည်း ဆိုသည်ကိုလည်း လေ့လာဆောင်ရွက်နိုင်ပါသည်။ နာဂသေနမထေရ်နှင့် မိလိန္ဒမင်းကြီးတို့၏ အမေးအဖြေများမှာ ပါရှိသည့် လျှို့ဝှက်ရေးနှင့်ဆိုင်သော ပညာယူဖွယ်ရာများမှာ –

### လျှို့ဝှက်အပ်သည်များကို မတိုင်ပင်သင့်သည့်အရပ် ၈ ပါး

(၁) မညီညွတ်သောအရပ်
(၂) ဘေးရန်ရှိသောအရပ်
(၃) အလွန်လေထန်သောအရပ်
(၄) နံရံစသည်ဖုံးကွယ်ရာအရပ်
(၅) နတ်စင်နတ်ကွန်းအရပ်
(၆) ခရီးလမ်းမ
(၇) စစ်မြေပြင်အရပ်
(၈) ရေဆိပ်တို့ ဖြစ်ပါသည်။

- ❑ မညီညွတ်သည့်အရပ်၌တိုင်ပင်သော် အကျိုးမှာ ပြန့်ကြဲ၏။ လွင့်စင်၏။ လျောကျ၏။ မပြီးမြောက်နိုင်။
- ❑ ဘေးရန်ရှိသောအရပ်၌ စိတ်နှလုံးတုန်လှုပ်၏။ ကောင်းမွန်မှန်ကန်သောအကျိုး အမြင်နိုင်။
- ❑ အလွန်လေထန်သောအရပ်၌ အသံသည် မထင်ရှား။
- ❑ နံရံ စသည့်ဖုံးကွယ်ရာအရပ်၌ ချောင်းမြောင်းနားထောင်သူတို့ လာတတ်ကုန်၏။
- ❑ နတ်စင်၊ နတ်ကွန်း၌ တိုင်ပင်သော် အကျိုးသည် နှောင့်နှေးလေးဖင့်စွာ သက်ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



- ခရီးလမ်းမ၌ တိုင်ပင်သော် အကျိုးသည် အချည်းနှီးဖြစ်တတ်၏။
- စစ်မြေပြင်အရပ်၌ တိုင်ပင်သော် လှုပ်ရှားခြင်းဖြစ်၏။
- ရေဆိပ်၌တိုင်ပင်သော် ပေါက်ကြားလွယ်၏ဟု ပါရှိပါသည်။

**လျှို့ဝှက်တိုင်ပင်မှုကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ် ၈ ဦး**

(၁) ရာဂစရိုက်ရှိသူ
(၂) ဒေါသစရိုက်ရှိသူ
(၃) မောဟစရိုက်ရှိသူ
(၄) မာနစရိုက်ရှိသူ
(၅) လာဘ်၌လိုချင်တပ်မက်သူ
(၆) ပျင်းရိသူ
(၇) အကြံတစ်ခုတည်းကိုသာ စူးစိုက်ကြံစည်တတ်သူ
(၈) ငယ်ရွယ်မိုက်မဲသူ တို့ဖြစ်ပါသည်။

**လျှို့ဝှက်အပ်သည်များကို အထက်ပါ ၈ ဦးနှင့် တိုင်ပင်သော်**

- ရာဂစရိုက်ရှိသူသည် ရာဂ၏အစွမ်းဖြင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- ဒေါသစရိုက်ရှိသူသည် ဒေါသ၏အစွမ်းဖြင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- မောဟစရိုက်ရှိသူသည် မောဟ၏အစွမ်းဖြင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- မာနစရိုက်ရှိသူသည် မာန၏အစွမ်းဖြင့် တိုင်ပင်အပ်သော





အကျိုးကို ပျက်စီးစေ၏။

- လာဘ်၌ လိုချင်တပ်မက်အားကြီးသူသည် လောဘ၏အစွမ်းဖြင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- ပျင်းရိသောသူသည် ပျင်းရိသည့်အဖြစ်ကြောင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- အကြံတစ်ခုတည်းကိုသာ စူးစိုက်ကြံစည်သူသည် အကြံတစ်ခုတည်းကိုသာ စူးစိုက်ကြံစည်သောကြောင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- ငယ်ရွယ်မိုက်မဲသောသူသည် ငယ်ရွယ်မိုက်မဲသည့်အဖြစ်ကြောင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏ဟု ပါရှိပါသည်။

**လျှို့ဝှက်တိုင်ပင်ချက်ကို ဖျက်ဆီးတတ်သူ (သို့မဟုတ်) ပေါက်ကြားစေတတ်သူ ပုဂ္ဂိုလ် ၉ ဦး**

(၁) ရာဂများသူ
(၂) ဒေါသများသူ
(၃) မောဟများသူ
(၄) ကြောက်လန့်တတ်သူ
(၅) လာဘ်အာမိသ၌ အလေးပြုသူ
(၆) မိန်းမ
(၇) သေသောက်ကြူးသူ
(၈) ပဏ္ဍုက်
(၉) သူငယ်တို့ ဖြစ်ပါသည်။

www.burmeseclassic.com



လျှို့ဝှက်တိုင်ပင်ချက်ကို ဖျက်ဆီးတတ်သူ (သို့မဟုတ်) ပေါက်ကြားစေတတ်သူ ပုဂ္ဂိုလ် ၉ ဦး

- ရာဂစရိုက်ရှိသူသည် ရာဂ၏အစွမ်းဖြင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- ဒေါသစရိုက်ရှိသူသည် ဒေါသ၏အစွမ်းဖြင့် လျှို့ဝှက်အပ်သောအတိုင်အပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- မောဟစရိုက်ရှိသူသည် မောဟ၏အစွမ်းဖြင့် လျှို့ဝှက်အပ်သောအတိုင်အပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- လာဘ်လာဘ၌ အလေးပြုသူသည် လာဘ်လာဘဟူသော အကြောင်းကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- မိန်းမသည် ပညာနည်းသည်အဖြစ်ကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- သေသောက်ကြူးသူသည် သေရည်သေရက် သောက်စားခြင်း၌ လျှပ်ပေါ်သည့်အဖြစ်ကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- ပဏ္ဍုက်သည် စိတ်ထားမတည့်မတ်သောကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- သူငယ်သည် စိတ်နေနုနယ်ပြောင်းလဲလွယ်သောကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်ဟု ပါရှိပါသည်။





အင်္ဂုတ္တိုရ်၊ ဝိနယပိဋက၊ ရှုဋ္ဌဝဂ္ဂ

ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ရသူများတွင် ပါဝင်သည့် တမန်နှင့်ပတ်သက်၍ မည်သည့်အရည်အချင်းနှင့် ပြည့်စုံသူအား တမန်အဖြစ် ရွေးချယ်ရမည်ဆိုသည်ကို အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ ဒူတေယျသုတ်နှင့် ဝိနယပိဋက၊ ရှုဋ္ဌဝဂ္ဂပါဠိတော်များတွင် လေ့လာတွေ့ရှိရပါသည်။

တမန်အင်္ဂါ ၈ ပါး

(၁) နားလည်း ထောင်တတ်ရမည်၊
(၂) မြန်လည်း ပြောတတ်ရမည်၊
(၃) သင်ယူလည်း သင်ယူတတ်ရမည်၊
(၄) ဆောင်လည်း ဆောင်တတ်ရမည်၊
(၅) သိလည်း သိတတ်ရမည်၊
(၆) သိစေလည်း သိစေတတ်ရမည်၊
(၇) အကျိုးစီးပွား ရှိ မရှိ၌လည်း လိမ္မာရမည်၊
(၈) ငြင်းခုံခြင်းလည်း မပြုတတ်ဟု ပါရှိပါသည်။

ကြမ်းတမ်းစွာပြောဆိုတတ်သော ပရိသတ်သို့ရောက်လျှင်လည်း မတုန်လှုပ်။ စကားကိုလည်း မယုတ်စေ။ သတင်းစကားကိုလည်း မဖုံးလွှမ်း။ ယုံမှားခြင်းကင်းသည့်စကားကိုလည်း မပြောဆိုတတ်။ မေးမြန်းသည့်အခါ အမျက်မထွက်သည့်ပုဂ္ဂိုလ်ကိုလည်း တမန်အဖြစ် စေလွှတ်သင့်သည်ဟု ဆိုပါသည်။

ပုဂံခေတ်တွင် မင်းများ၏ ထောက်လှမ်းရေးလုပ်ဆောင်မှုကို



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်သမိုင်းမှတ်တမ်းများ၌ မှတ်တမ်းမှတ်ရာ များများစားစား မတွေ့ရသော်လည်း ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ပြီးဖြစ်သဖြင့် ထောက်လှမ်းမှုလုပ်ငန်းများ မလွဲမသွေ လုပ်ခဲ့ကြမည်ဖြစ်ပါသည်။ တွေ့ရှိရသော ကျောက်စာအထောက်အထားများအရ သံတမန်နှင့်အထောက်တော်များ ထားရှိသည်ကို အထင်အရှားတွေ့ရ၏။ ပုဂံခေတ်တွင် ထွန်းကားနေပြီဖြစ်သော ဗုဒ္ဓဘာသာပါဠိစာပေနှင့် သက္ကတစာပေများအရ ထောက်လှမ်းမှုနှင့်ဆိုင်သော အသိပညာများ လေ့လာရရှိနိုင်ကြောင်း တွေ့ရပေသည်။ ပုဂံခေတ်တွင် မြန်မာမင်းတို့သည် ထိုစာပေများကို ကောင်းစွာ လေ့လာကြမည်ဖြစ်၏။ ယဉ်ကျေးမှုအသိပညာ အဆင့်အတန်း မြင့်မားကြသဖြင့် ထောက်လှမ်းမှုများလည်း စနစ်တကျ အဆင့်အတန်းမြင့်မားစွာ လုပ်ဆောင်ခဲ့ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

❖ ❖ ❖

ဗိုလ်မှူးကြီးစန်းပွင့်စာအုပ်မှာ ရှေးမြန်မာတို့၏ ပုဂံမင်းဆက်မှသည် ကုန်းဘောင်မင်းဆက်အထိ အလွန်ပြည့်စုံစွာ ရေးသားထားပါသည်။ အားလုံးပါအောင် ရေးသားရန် ချုံ့ပစ်ရန် အခက်အခဲရှိပါသည်။ သို့ဖြစ်ပါ၍ စာဖတ်ပရိသတ်ကြီး အမြွက်မျှသိသာပါရန် ပုဂံခေတ်ကိုပဲ ကူးယူဖော်ဆောင်ပါသည်။ အကျယ်သိလိုပါက ဗိုလ်မှူးကြီးစန်းပွင့်၏ 'ရှေးမြန်မာမင်းများ၏ တပ်ထောက်လှမ်းရေး' စာအုပ်ကို ဖတ်ရှုကြည့်ရန် ဖြစ်ပါသည်ခင်ဗျား။

သောင်းဝေဦး

၁၉. ၇. ၂၀၁၆



## အခန်း ( ၃ )

## လွတ်လပ်ရေးရပြီးခေတ် မြန်မာ့တပ်မတော်ထောက်လှမ်းရေး

ရှေးမြန်မာမင်းများလက်ထက်က ထောက်လှမ်းရေးသမိုင်းကို ဗိုလ်မှူးကြီးစန်းပွင့်၏စာအုပ်အား ကိုးကားဖော်ပြခဲ့ပါသည်။

ယခုဆက်လက်ပြီး လွတ်လပ်ရေးရပြီး ဒီဘက်ပိုင်း မြန်မာနိုင်ငံ ထောက်လှမ်းရေးသမိုင်းအား ဆက်လက်ဖော်ပြပါမည်။

ဤသမိုင်းကို ရေးရာ၌ ကျွန်တော့်ထက်ပိုပြီး အသေးစိတ်လေ့လာရေးသားခဲ့သည့် ဆရာကိုအောင်စွမ်း၏ 'အာဏာရှင်ခေတ်က ကျော်ကြားခဲ့သော ဆရာတပည့်နှစ်ဦး' စာအုပ်အား ကိုးကားပြီး ထိုစာအုပ်ထဲမှ စာပိုဒ်များကို ရွေးချယ်ဖော်ပြလိုက်ပါသည်ခင်ဗျား။

သောင်းဝေဦး

၁၈. ၇. ၂၀၁၆

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့

ရေးသူ-အောင်စွမ်း

ဗမာ့တပ်မတော်တွင် ထောက်လှမ်းရေးကို စိတ်ဝင်စားမှု အရှိဆုံးပုဂ္ဂိုလ်မှာ ဗိုလ်ချုပ်ကြီးနေဝင်း ဖြစ်ပါသည်။ ၎င်းကိုယ်တိုင် အမြဲကြီးကြပ်ခဲ့ပြီးလေ့ကျင့်သင်ကြားမှုမှစ၍ ၎င်းကိုယ်တိုင် ညွှန်ကြားလေ့ရှိပါသည်။ ၁၉၅၈ ခုနှစ်ခန့်မှစ၍ ထောက်လှမ်းရေးသင်တန်းများကို စနစ်တကျ ပြန်လည်ပြုလုပ်ရန် ဗိုလ်မှူးချုပ်တင်ဦးက ကြိုးစားခဲ့ရာတွင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးကြီးလွင်တို့က ညွှန်ပြကူညီခဲ့ကြောင်းသိရပါသည်။

ယခင်တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့များကို စစ်မြေပြင်ထောက်လှမ်းရေးသဘောတရားလောက်နှင့် လုံခြုံရေးပညာများကိုသာ မတောက်တခေါက် သင်ကြားရစေပြီး တာဝန်ပေးရသဖြင့် ထောက်လှမ်းရေးအမှုထမ်း ရွေးချယ်မှုမှစပြီး တပ်ဖွဲ့စည်းမှုအထိ ဖြစ်သလိုသာ စခန်းသွားကြရပါသည်။ ထောက်လှမ်းရေးတပ်ဖွဲ့များ အနေနှင့် တပ်များအားရင်း၊ စစ်ဌာနချုပ်များအားရင်း ထိထိရောက်ရောက် မကူညီနိုင်ခဲ့ကြပါ။ ထို့ကြောင့် ထိုစဉ်အခါက တပ်မတော်






မြန်မာ့တပ်မတော်ထောက်လှမ်းရေးအား စတင်ဖွဲ့စည်းခဲ့သည့် ဗိုလ်ချုပ်ကြီး နေဝင်း

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂-ခုနှစ်တွင် အာဏာသိမ်း၍
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို
တည်ထောင်ခဲ့သည့် ဗိုလ်ချုပ်ကြီးနေဝင်း



တရုတ်ပြည်ခရီးစဉ် ၌ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဒုချုပ်ဗိုလ်မှူးချုပ်အောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ - ခုနှစ်က အာဏာသိမ်းခေါင်းဆောင်
ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဒုချုပ်ဗိုလ်မှူးချုပ်အောင်ကြီး



စီအိုင်အေ တွင်သင်တန်းတက်၍ မြန်မာ့တပ်မတော်
ထောက်လှမ်းရေးတပ်ဖွဲ့အား စတင်ဖွဲ့စည်းခဲ့သည့်
ဗိုလ်မှူးချုပ်မောင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်တင့်ဆွေ
မိသားစုနှင့်အတူ



စစ်ဆင်ရေးများသည် "ဇီးပွက်ရာ ငါးစာချ" ဟူသကဲ့သို့ စိတ်မှန်းနှင့်ဇွတ်၊ သတင်းကြားနှင့်ဇွတ်၊ စစ်ဆင်ရေးလုပ်ရသကဲ့သို့ ဖြစ်ခဲ့ကြပါသည်။ ရန်သူနှင့် ထိပ်တိုက်တိုးမှသော်ဇွတ်၊ ရန်သူက လာတိုက်မှသော်ဇွတ်၊ စစ်ဆင်တိုက်ခိုက်ကြရပြီး မိမိတပ်များက ထောက်လှမ်းရေးစီမံချက်ဖြင့် စစ်ဆင်တိုက်ခိုက်နိုင်သည့်အခြေအနေမှာ မရှိသလောက်ပင် ဖြစ်ခဲ့ရပါသည်။

တပ်မတော်၏အင်အားမှာ တဖြည်းဖြည်း ကြီးထွားလာခဲ့သော်လည်း သောင်းကျန်းသူများ၏အင်အားမှာ လျော့နည်းသွားခြင်း မရှိသလောက်ဖြစ်ခဲ့ရပါသည်။ ယင်းကဲ့သို့သော အခြေအနေမျိုးတွင် တပ်မတော်တွင်း၌ ထူးခြားချက်တစ်ရပ် ပေါ်ပေါက်ခဲ့ရပါသည်။

တချိန်က ကရင်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံရပြီး ပြန်လည်လွှတ်မြောက်ခဲ့သော ဗိုလ်မှူးချုပ်ဟောင်း ဦးမောင်မောင်သည် ဗမာ့တပ်မတော်တွင် အတော်ထင်ရှားသူတစ်ဦးဖြစ်ခဲ့ပါသည်။ အလွန်လေ့လာသူဖြစ်၍ ယခင်က နိုင်ငံရေးသမားဟောင်းကြီးများကပင် လေးစားခြင်းကိုခံရသူဖြစ်ပါသည်။ ဗမာ့တပ်မတော်က ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု၏ တပ်မတော်ပီပီ "မှု" ထက် "လူ" ကို အရေးထား အဆုံးအဖြတ်ပြုသွားသည်များ အများအပြား ရှိခဲ့ပါသည်။

ဗိုလ်မှူးချုပ်ဟောင်း ဦးမောင်မောင်သည် သောင်းကျန်းမှု မချုပ်ငြိမ်းသမျှ နိုင်ငံတိုးတက်မှုကို အဟန့်အတားပြုနေမည်ဟု ယုံကြည်သူဖြစ်ပါသည်။ သောင်းကျန်းမှုနှိမ်နင်းရေးတွင် တပ်မတော်မှ ထောက်လှမ်းရေးတပ်ဖွဲ့များကို အလွန်အားမရဖြစ်ခဲ့သူဖြစ်ပါသည်။ ဗိုလ်မှူးကြီးလွင်မှာ ဗိုလ်မှူးချုပ်မောင်မောင်အား အလွန်ကြောက်ရကြောင်း မကြာခဏပြောလေ့ရှိပါသည်။ ဗိုလ်မှူးတင်ဦးနှင့် ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်မှာ အကြီးအကျယ်ပဋိပက္ခဖြစ်ခဲ့ကြပြီး ဗိုလ်မှူးတင်ဦးက ခြံကြီးများဝယ်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးများကို အကြီးအကျယ် လုပ်ခဲ့ပါသည်။

ဗိုလ်မှူးမောင်မောင်သည် ထောက်လှမ်းရေးတပ်ဖွဲ့များကို အားမရရာမှ အမေရိကန် စီအိုင်အေနှင့် အဆက်အသွယ်ရခဲ့ပြီး လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းများလုပ်ရန် အကြီးအကျယ် စီစဉ်ခဲ့ပါသည်။ ထိုအချိန်မှာပင် ဗိုလ်မှူးတင်ဦးကလည်း ဘောင်ဒရီလမ်းတွင် ထောက်လှမ်းရေးသင်တန်းများကို စတင်၍ ကိုင်တွယ်လေ့ကျင့်ခဲ့ပါသည်။ ဗိုလ်မှူးတင်ဦးသည် အင်္ဂလန်တွင် တပ်ထိန်းသင်တန်းတက်ခဲ့ရသဖြင့် စစ်သုံ့ပန်းများ ကိုင်တွယ်ထိန်းသိမ်းခြင်းကို ကောင်းစွာသဘောပေါက်နားလည်ခဲ့သူဖြစ်ပါသည်။ နောက်ပိုင်းတွင် ဗိုလ်မှူးလေးမောင် (ပြည်သူ့တရားသူကြီးအဖွဲ့ဝင်)နှင့်အတူ နိုင်ငံခြားထောက်လှမ်းရေးသင်တန်းများကို လျှို့ဝှက်တက်ရောက်ရသူလည်း ဖြစ်ပါသည်။ ဗိုလ်မှူးချုပ်မောင်မောင် ပြုလုပ်သော ထောက်လှမ်းရေးအဖွဲ့အား ဗိုလ်ချုပ်ကြီးနေဝင်းမှ ဖျက်သိမ်းခဲ့ပြီးနောက် ဗိုလ်မှူးတင်ဦးသည် ဗိုလ်မှူးလေးမောင်၏အကူအညီဖြင့် ထောက်လှမ်းရေးသင်တန်းများကို အင်တိုက်အားတိုက်ပြုလုပ်ခဲ့ပါသည်။ သူတို့အားအထူးအကူအညီဖြစ်စေခဲ့သူမှာ အင်္ဂလန်ရှက်ဖီးရဲသိပ္ပံသို့ သင်တန်းတက်ခဲ့ပြီးမှ အလုပ်မခန့်သော ဗိုလ်မှူးအေးလွင်ဖြစ်ပါသည်။ ဗိုလ်မှူးအေးလွင်အားတွေ့ရှိ၍ တပ်မတော်အရာရှိအဖြစ် ခန့်အပ်ခဲ့ကြပါသည်။

ဗိုလ်မှူးလေးမောင်မှာ ဗိုလ်မှူးတင်ဦးအား ပုဂ္ဂိုလ်အရ အလွန်လေးစားပြီး အထူးအကူအညီပေးခဲ့သူ ဖြစ်ပါသည်။ ရန်ကုန်





တက္ကသိုလ်တွင်ရှိစဉ်က မောင်ကျဘမ်းဘွဲ့ရသည်အထိ စကားပြောရာတွင် အောင်မြင်ခဲ့သူ ဖြစ်ပါသည်။ စာအလွန်ဖတ်ပြီး ဗဟုသုတအလွန်ကြွယ်ဝသူဖြစ်၍ သူ၏သင်တန်းကိုတက်ရသူများမှာ ဗုဒ္ဓတရားကို အလွန်ကြည်ညိုပြီး လူကောင်းများဖြစ်သွားကြသကဲ့သို့ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးတင်ဦးတို့အားလည်း အထူးကြည်ညိုလေးစားမှုကို ဖြစ်စေခဲ့သူဖြစ်ပါသည်။

ဗိုလ်မှူးအေးလွင်မှာ တက္ကသိုလ်တွင် ဓာတုဗေဒဆရာလုပ်ခဲ့သူဖြစ်ပြီး အင်္ဂလန်ရဲသိပ္ပံမှ ဆင်းလာခဲ့သူဖြစ်ရုံမျှမက အမေရိကန် အီလီနွိုင်းရှိ အသုံးချသိပ္ပံကျောင်းမှ မှုခင်းစုံစမ်းရေးသိပ္ပံဘွဲ့ကိုလည်း ရရှိသူဖြစ်ပါသည်။ ထောက်လှမ်းရေးသင်တန်းများတွင် အလွန်အရေးပါသော သိပ္ပံပညာရပ်များအား သင်ပေးနိုင်ခဲ့သူ ဖြစ်ပါသည်။ ၎င်းတို့သုံးဦး၏ကြိုးစားမှုကြောင့် လေ့ကျင့်ပေးပြီးသူ တပ်မတော်အရာရှိ အကြပ်တပ်သားများ အများအပြားရရှိခဲ့ပါသည်။ တော်လှန်ရေးအစိုးရတက်ပြီးနောက် ဗိုလ်မှူးတင်ဦးသည် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးကြီးလွင်တို့ သဘောတူညီချက်ကိုရယူပြီး ထောက်လှမ်းရေးတပ်သစ်များဖွင့်ရန် ကြိုးစားခဲ့ပါသည်။

ထောက်လှမ်းရေးသင်တန်းတက်ပြီး၍ တပ်အတွေ့အကြုံရရှိပြီးသော တပ်မတော်မှ အရာရှိများ၊ အကြပ်၊ တပ်သားများအား သက်ဆိုင်ရာ တိုင်း၊ တပ်မ၊ တပ်ရင်းများ၏ ထောက်ခံချက်ရယူ၍ အသစ်ဖွဲ့သော ထောက်လှမ်းရေးတပ်များတွင် တာဝန်ပေးခဲ့ပါသည်။ တပ်များနှင့် နီးစပ်ဝင်ဆန့်မှုရှိပြီး ထောက်လှမ်းရေးပညာ တတ်မြောက်ပြီးသူများကို အသုံးချလာခြင်းဖြစ်၍ တပ်များ၏ အကူအညီရရှိခြင်း၊ ပြည်သူလူထုကြားတွင် ပိရိစွာ နေထိုင်တတ်ခြင်း စသည်



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် ထောက်လှမ်းရေးလုပ်ငန်းများများ သိသိသာသာ အောင်မြင်လာခဲ့ပါသည်။

❖ ❖ ❖

## ဆက်စပ်နေသော အကြောင်းတရားအချို့

မြန်မာနိုင်ငံအား ယိုယွင်းပျက်စီးနေသော အခြေအနေများမှ ကယ်တင်ရန်ဟူသော အကြောင်းပြချက်ဖြင့် ယခင် တပ်မတော် ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်းက ဦးဆောင်ပြီး ၁၉၆၂–ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် အာဏာသိမ်းခဲ့ပါသည်။ တော်လှန်ရေး အစိုးရလက်ထက်မှာပင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေငြာခြင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ခြင်း၊ လူထုလူတန်းစားအဖွဲ့အစည်းများကို ဖွဲ့စည်းပေးခြင်း၊ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်းကြီး ဖွင့်လှစ်၍ နိုင်ငံရေးသဘောတရားများကို ဖြန့်ဖြူးပေးခြင်းစသည့် အရေးပါသော ဆောင်ရွက်ချက်များကို လုပ်ဆောင်ခြင်း၊ တိုင်းရင်းသားညီညွတ်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းရေးအတွက်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံမှုအတွက် စစ်မှန်သော ဘက်မလိုက်ဝါဒကို ကျင့်သုံးရေးအတွက်လည်းကောင်း အလေးထားဆောင်ရွက်ခဲ့ခြင်းများရှိပါသည်။

၁၉၇၄ ခုနှစ်တွင် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်း၍ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံအဖြစ် ထူထောင်ခဲ့ပါသည်။ အခြေခံဥပဒေကို ပြဋ္ဌာန်းခြင်းမပြုမီအထိ မြန်မာနိုင်ငံ၏





နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးကိစ္စရပ်များမှာ တည်ငြိမ်မှုရှိခဲ့ပြီး ကမ္ဘာ့အလယ်မျက်နှာမငယ်ရသည့် အခြေအနေတွင်ရှိပါသည်။ စစ်ရေးအောင်မြင်မှုများမှာ အားရဖွယ်ရာဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးသည်မှစ၍ သောင်းကျန်းသူများ၏ လက်တွင်း၌ရှိခဲ့သော အရှေ့ရိုး၊ အနောက်ရိုး၊ အလယ်ရိုးတို့၏တလျှောက်မှ အချက်အချာကျသော နေရာတိုင်းကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး သောင်းကျန်းသူများမှာ နယ်စွန်နယ်ဖျား၌သာ နည်းအမျိုးမျိုးဖြင့်အသက်ဆက်ရန် ကြိုးစားနေရသောဘဝသို့ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စီးပွားရေးတွင်လည်း ရွှေနှင့် နိုင်ငံခြားငွေများကို ကျောထောက်နောက်ခံပြု၍ ငွေကြေးလည်ပတ်မှုများ မှန်ကန်မှုရှိသင့်သလောက်ရှိခဲ့သဖြင့် သွင်းကုန်ထုတ်ကုန်အချိုးအစားများ ပုံပျက်ပန်းပျက် မဖြစ်ခဲ့ကြောင်း တွေ့ရပါသည်။ စီးပွားရေးဘက်တွင် အခြေအနေ သင့်တင့်ကောင်းမွန်သည်နှင့်အမျှ လူမှုရေးဘက်တွင်လည်း အားရစရာအခြေအနေများ ရှိခဲ့ပါသည်။

ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးမှစ၍ အဘက်ဘက်တွင် ဂုဏ်ယူစရာဖြစ်ခဲ့ပါသည်။ အားကစားဘက်တွင် အာရှချန်ပီယံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ပါသည်။

တော်လှန်ရေးအစိုးရလက်ထက်တွင် လွတ်လပ်ရေးကြိုးပမ်းမှုတလျှောက်၌ ဗိုလ်ချုပ်ကြီးနေဝင်းနှင့်အတူ ပါဝင်လုပ်ဆောင်ခဲ့သူ သက်တူရွယ်တူ ပုဂ္ဂိုလ်အများအပြားပါရှိခဲ့ပါသည်။

ထိုပုဂ္ဂိုလ်တို့သည် နိုင်ငံရေးလုပ်သက်အရလည်းကောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးမှစ၍ အတွေ့အကြုံများအရလည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တပြေးတည်းရှိခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်ကြပါသည်။ ဤအချက်မှာ ဗိုလ်ချုပ်နေဝင်း၏ အုပ်စိုးမှုတလျှောက်တွင် အထူးဂရုပြုထိုက်သော အချက်တစ်ချက် ဖြစ်ပါသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီမှ အာဏာသိမ်းပြီးနောက် ယခင် ပထစအဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့်အတူ ဝန်ကြီးဟောင်းများ သန့်ရှင်းဖဆပလအဖွဲ့၊ တည်မြဲဖဆပလအဖွဲ့တို့မှစ၍ မြေပေါ်ရှိ နိုင်ငံရေးအဖွဲ့ဟောင်းများမှ ခေါင်းဆောင်ဟောင်းများ၊ ယခင်တပ်မတော်မှ အရေးယူခံခဲ့ရသော တပ်မတော်ခေါင်းဆောင်ဟောင်းများ စသည်တို့အား တော်လှန်ရေးကောင်စီမှ ထိန်းသိမ်းခဲ့ပါသည်။ ဦးနုနှင့် နိုင်ငံရေးသမားဟောင်း တော်တော်များများအား မင်္ဂလာဒုံရှိ ယခုဗဟိုနိုင်ငံရေးတက္ကသိုလ်နေရာတွင်ရှိခဲ့သော လေ့ကျင့်ရေးတပ်တွင် ထိန်းသိမ်းထားခဲ့ပါသည်။

ယင်းသို့ ဦးနုနှင့် နိုင်ငံရေးသမားဟောင်းများ၊ အခြားအရေးကြီးသောပုဂ္ဂိုလ်များအား လေ့ကျင့်ရေးတပ်တွင် ထိန်းသိမ်းထားစဉ် လေ့ကျင့်ရေးတပ်မှ အရာရှိအချို့နှင့် အခြားအဆင့်အချို့တို့မှ ဦးနုအား ကြည်ညိုသဖြင့် ကိုယ်တိုင်သွားရောက်၍ ကန်တော့ခဲ့ကြပါသည်။ ၎င်းကိစ္စကို လေ့ကျင့်ရေးတပ်မှူး ဒုဗိုလ်မှူးကြီးလှမောင်က သိရှိသွားပြီး သက်ဆိုင်ရာသို့ သတင်းပို့သဖြင့် ဦးနုနှင့် အခြားထိန်းသိမ်းထားသူများအား မင်္ဂလာဒုံ ရေကြည်အိုင်ရှိ ဗဟိုထောက်လှမ်းရေးတပ်သို့ ချက်ချင်းပြောင်းရန်စီစဉ်ပြီး ပြောင်းရွှေ့ခဲ့ပါသည်။ အခြားအဆင့်များ၏ အိမ်ထောင်သည်လိုင်းအတွက် ဆောက်ထားသော အဆောက်အဦများကို ချက်ချင်း သံဆူးကြိုးများ ကာရံပြီး ထားရှိခဲ့ရပါသည်။





ထိုအချိန်က ဗဟိုထောက်လှမ်းရေးတပ်၏တပ်မှူးမှာ ဒုတိယဗိုလ်မှူးကြီးရဲမြင့်ဖြစ်၍ ဒုတပ်မှူးနှင့် နည်းပြအရာရှိချုပ်မှာ ဗိုလ်မှူးချုပ်ဟောင်း ဦးတင်ဦးဖြစ်ခဲ့ပါသည်။ ဗိုလ်မှူးရဲမြင့်က အုပ်ချုပ်မှုလိုအပ်ချက်အဝဝအတွက် တာဝန်ယူပြီး လုံခြုံရေးနှင့် ထောက်လှမ်းရေးသင်တန်းများကို ဗိုလ်မှူးတင်ဦးက တာဝန်ယူခဲ့ပါသည်။ ဤအကြောင်းများကို တင်ပြနေရခြင်းမှာ ဗိုလ်ချုပ်ကြီးနေဝင်း၏ အုပ်ချုပ်မှုနှင့်ပတ်သက်၍ အရေးပါသောကွင်းဆက်များ ဖြစ်နေခြင်းကြောင့် တင်ပြခြင်းဖြစ်ပါသည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်မှူးချုပ်ဟောင်းတင်ဦး

ရေးသူ-အောင်စွမ်း

ဗိုလ်ချုပ်ကြီးနေဝင်း၏ နိုင်ငံရေးသြဇာအတက်အကျနှင့် အထူးသက်ဆိုင်သူဖြစ်ပါသည်။ မုဒုံမြို့မှဖြစ်၍ ၎င်း၏ညီအစ်ကိုရင်းများမှာ လွတ်လပ်ရေးလှုပ်ရှားမှုတွင် ကျဆုံးခဲ့ရပါသည်။ ၁၀-တန်းအောင်ပြီး ဂျပန်ခေတ် တပ်မတော်တွင် တပ်သားအဖြစ်ဝင်ရောက်ခဲ့ပြီး ဂျပန်ခေတ်ဗိုလ်သင်တန်းကို တက်ခဲ့သူဖြစ်ပါသည်။ ဗိုလ်မှူးကြီးနေဝင်းတို့ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ ဂျပန်မှပြန်လာစဉ်က မုဒုံဘက်သို့ရောက်ရှိစဉ် ဗိုလ်မှူးချုပ်တင်ဦး၏ မိသားစုနှင့်တွေ့ရှိပြီး ဗိုလ်ချုပ်ကြီးနေဝင်းအား အပ်နှံခဲ့ကြောင်းသိရပါသည်။

ဗိုလ်မှူးချုပ်တင်ဦးသည် ဂျပန်တော်လှန်ရေးပြီး၍ ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်တက်ရောက်ခဲ့ပြီး ပြည်တွင်းသောင်းကျန်းမှုများကြောင့် တပ်မတော်ဗိုလ်သင်တန်းသို့တက်၍ တပ်ထဲသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ၎င်းသည် တက္ကသိုလ်တွင် စီးပွားရေးပညာရပ်ကို သင်ကြားခဲ့ရပြီး မာ့(က်)ဝါဒကို လေ့လာခဲ့သူဖြစ်ပါသည်။ ရဲဘော်ချမ်းအေးတို့ တောခိုစဉ်က ၎င်းအား လာခေါ်ရာတွင် ၎င်းအနေနှင့်

မြရတနာစာပေ



လမ်းစဉ်ပါတီခေတ်က နစ်ကိုကျော်၍ တစ်ခွဲဟု နာမည်ကြီးခဲ့သည့် ဗိုလ်မှူးချုပ်တင်ဦး(မျက်မှန်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



နဝတခေတ်က ထောက်လှမ်းရေးအရာရှိကြီးများ (ဘယ်မှညာ) ဗိုလ်မှူးကြီးကျော်သိန်း၊
ဗိုလ်မှူးကြီးသိန်းဆွေ၊ ဗိုလ်မှူးကြီးကျော်ဝင်း(နောင်ထောက်လှမ်းရေးညွှန်)



ဆိုရှယ်လစ်ဝါဒကို သဘောကျကြောင်း၊ သို့သော်လည်း လက်နက်ကိုင်လမ်းစဉ်ကို လက်မခံနိုင်သဖြင့် မလိုက်လိုကြောင်း ငြင်းခဲ့သည်ဟု သိရပါသည်။

စာပေကို အလွန်လေ့လာလိုက်စားသူဖြစ်ပြီး ထောက်လှမ်းရေးပညာကိုလည်း အလွန်တန်ဖိုးထားသူဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကပင် ဗိုလ်ချုပ်ကြီးနေဝင်း၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းအား အလွန်ကြည်ညိုပြီး တစ်ဆူတည်းသောဘုရားအဖြစ် ကိုးကွယ်ခဲ့သူဖြစ်ပါသည်။ ထောက်လှမ်းရေးအရာရှိများ၏ ညီခံပွဲများတွင် ဗိုလ်မှူးချုပ်တင်ဦး ပြောလေ့ရှိသောစကားများမှာ "ခင်ဗျားတို့ ကျွန်တော့်ကို အထင်သေးချင်လည်း သေးကြဗျာ။ ကျွန်တော့်မိဘတွေက ဗုဒ္ဓဘာသာဖြစ်ပေမယ့် ကျွန်တော်တော့ ဗုဒ္ဓဘာသာအဖြစ်နဲ့ အလေးအနက် မလုပ်ခဲ့ရသေးပါဘူး။ ကျွန်တော်အနေနဲ့ **My Religion is to do go** ဆိုတဲ့စကားကို သဘောကျတယ်ဗျ။ ကျွန်တော်က အရက်တော့သောက်တယ်ဗျာ။ ဒါပေမယ့် ကျွန်တော့်သိက္ခာကိုတော့ အမြဲထိန်းသိမ်းဖို့ ကြိုးစားခဲ့ပါတယ်။ သူများယုံကြည်ကိုးကွယ်တာကိုလည်း ကျွန်တော် ဘယ်တော့မှ အထင်မသေးခဲ့ဘူး" ဟူ၍ဖြစ်ပါသည်။

ဗိုလ်မှူးချုပ်တင်ဦးသည် လူကြီးများ၏ညီခံပွဲများတွင် ပင်တိုင်စကားပြောခဲ့သူဖြစ်ပါသည်။ စကားစပ်မိသည့်အခါတိုင်း ပြောခဲ့သော စကားတစ်လုံးမှာ "ကျွန်တော်မှာ ဘုရားတစ်ဆူပဲရှိပါတယ်။ အဲဒီဘုရားကတော့ ဗိုလ်ချုပ်ကြီးနေဝင်းပါပဲ" ဟူသောစကားပင်ဖြစ်ပါသည်။ ကျွန်တော်က "ဗိုလ်ချုပ်ပြောတာတွေကိုလည်း တော်တော်ကြားခဲ့ရတယ်။ ကျွန်တော် မသိတာကိုမေးရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်က သေသေချာချာရှင်းပြခဲ့ပါတယ်။ ဒါပေမယ့် အဆဲခံရတဲ့ အထဲမှာတော့ ကျွန်တော်က ထိပ်ကပါပဲ'' ဟူ၍လည်း အမြဲဂုဏ်ယူ တတ်ပါသည်။

ဗမာ့တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်း ဆောင်ရာ၌ ဗိုလ်မှူးဗကို (ဒါရိုက်တာ မင်းသား)၊ ဗိုလ်မှူးအုန်းမောင် (ယခင် ပြည်တွင်းအခွန်ညွှန်ချုပ်)တို့ထံမှ ထောက်လှမ်းရေးပညာ ရယူခဲ့ပုံကိုလည်းကောင်း၊ ဗိုလ်မှူးကြီးကိုနိုင်နှင့် ထောက်လှမ်းရေး လောက အတွေ့အကြုံများကိုလည်း နှုတ်ခမ်းမွေး အဘလွင်ထံမှ ထောက်လှမ်းရေးပညာ ရရှိခဲ့ပုံကိုလည်းကောင်း မကြာခဏ ထုတ် ဖော်ပြောတတ်ပါသည်။ ထောက်လှမ်းရေးနှင့် ပတ်သက်သော စာအုပ်များ၊ စစ်နှင့်ပတ်သက်သောစာအုပ်များကို ကိုယ်တိုင်ဖတ်ရှုရုံ မျှမကဘဲ အခြားအရာရှိများကိုပါဖတ်ခိုင်းပြီး ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်လေ့ရှိပါသည်။

နိုင်ငံရေးသဘောတရားကိုလည်း လွန်စွာလေ့လာသူ ဖြစ် ပါသည်။ ၁၉၅၂ ခုနှစ်ခန့်က တပ်မတော်မှ ပြုစုခဲ့သော သဘော တရားမှတ်စုများမှစပြီး မာ့(က)စ်လီနင်ဝါဒများ မော်စီတုံးနှင့် စတာလင်တို့၏ ရေးသားချက်များကို အလွတ်လောက်နီးနီးပင် ရသည်ဟု ဆိုနိုင်လောက်အောင် လေ့လာထားသူဖြစ်ပါသည်။ ၎င်း၏ မိတ်ဆွေများက ဗဟိုနိုင်ငံရေးသိပ္ပံမှ သင်ကြားနေသော သင်တန်း များကို တက်ရောက်ပြီးပြီလားဟု မေးသောအခါတွင် တက်ဖို့အခါ အခွင့်မရသေးကြောင်းကို အမြဲပြောခဲ့ပါသည်။

❖ ❖ ❖





## သမိုင်းဝင်စာတ်ကောင်တစ်ဦးအား မေ့မြူနှဲခြင်း

ရေးသူ - အောင်စွမ်း

၁၉၂၈ ခုနှစ်ဖွား ဗိုလ်မှူးချုပ်ဟောင်းတင်ဦးသည် ဖက်ဆစ် ဂျပန်တော်လှန်ရေးတွင် ပါဝင်ခဲ့သောအခါ အသက် (၁၅) နှစ်သာ ရှိသေးသည်။ အရွယ်ငယ်သော်လည်း လူကောင်ထွားသည့် ကိုတင်ဦး သည် တိုင်း (၁)၊ တပ်ရင်း (၁၀၆) တွင် တပ်ကြပ်ကြီးအဖြစ်ဖြင့် ပဲခူးအရှေ့၊ စစ်တောင်းမြစ်အရှေ့ခြမ်းတွင် ပါဝင်ဆင်နွှဲခဲ့သည်။ တော်လှန်ရေးပြီးဆုံးသောအခါ တပ်ထဲသို့ ပြန်မဝင်တော့ စာသင် ခန်းဘက်သို့ ဦးလှည့်လိုက်သည်။

ပညာရေးကို စူးစူးနစ်နစ်လိုက်စားခဲ့သဖြင့် ၁၉၅၀ ပြည့် နှစ်တွင် ရန်ကုန်တက္ကသိုလ် B.A နောက်ဆုံးနှစ် ကျောင်းသား ဖြစ်၍နေချေပြီ။ နောက်ဆုံးနှစ်စာမေးပွဲဖြေဆိုရန် (၂) လအလိုတွင် ထိုစဉ်ကာလက ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၏ ခေါ်ယူမှုကြောင့် မငြင်းဆန်သာသဖြင့် တပ်ထဲသို့ ပြန်လည်ရောက် ရှိခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ရေးအရာရှိလုပ်ရင်း၊ ထောက်လှမ်းရေးအရာရှိလုပ်ရင်း ထောက်လှမ်းရေးပညာကို ဗိုလ်ချုပ်

ကြီးမှ ထဲထဲဝင်ဝင် သင်ကြားစေခဲ့သည်။ ပြည်တွင်းသင်တန်းများကို သာမက ၁၉၅၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ပို့၍လည်း ထောက်လှမ်းရေးပညာကို သင်ယူစေခဲ့သည်။ ဤသို့ဖြင့် ကာကွယ် ရေးဦးစီးချုပ်၏ ထီးရိပ်ကိုခိုရင်း ရာထူးလည်း ကြီးလာသည်။ ပညာ လည်း ကြီးလာသည်။ သြဇာလည်း ကြီးလာသည်။

၁၉၆၂ ခုနှစ်တွင် ထိုစဉ်က ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် ကြီးနေဝင်းသည် သမိုင်း၏မျက်နှာသာပေးမှုအရ စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်ရေးအာဏာ၊ တရားဥပဒေပြုအာဏာ (၃) ရပ်လုံးကို တစ်ပြိုင်တည်းရယူပိုင်ဆိုင်သူ ဖြစ်၍လာသည်။ ဗိုလ်မှူးချုပ်ဟောင်း တင်ဦးသည် ဗိုလ်ချုပ်ကြီးနေဝင်း၏ တာဝန်ပေးမှုကို ကျေပွန်အောင် ဆောင်ရွက်ရင်း ၁၉၇၂–၇၃ ခုနှစ်တဝိုက်သို့ ရောက်ရှိလာသောအခါ အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူးဖြစ်၍လာပါသည်။

❖ ❖ ❖

## ထိုစဉ်ကာလ ပြည်တွင်းစာစခြအနေ

မဆလအစိုးရသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို အသုံးပြုပြီး ပါတီဦးဆောင်မှု ကောင်စီကြီးကြပ်မှုဆိုသည့် ကြေးကြော်သံတွေနှင့် စတင်လည်ပတ်ချိန်မှစပြီး ပြည်သူတွေ၏ စားဝတ်နေရေးသည် ကြပ်တည်းကျဉ်းမြောင်းလာခဲ့သည်။ တစ်နေ့ တစ်ခြား ဆိုးရွားရွ၍လာခဲ့သည်။ ပါတီကောင်စီဖြစ်သည်နှင့်အညီ နေရာအနှံ့တွင် ပါတီကောင်စီများကသာ စီးပွားရေး နိုင်ငံရေး။





လမ်းစဉ်ပါတီခေတ်က ဧည့်ခံပွဲတစ်ခုတွင်တွေ့ရသည့် ဦးနေဝင်းနှင့်ဇနီးဒေါ်ခင်မေသန်း

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





အုပ်ချုပ်ရေး၊ တရားစီရင်ရေး ... စသည့် နယ်ပယ်အားလုံးကို ချုပ်ကိုင်လွှမ်းမိုးထားကြသည်။ အသံနှင့်အလံသာ လွှမ်းမိုးနေပြီး လက်တွေ့တွင် အဆီ၊ အသား မပါရှိသည့်အတွက် လူထုတစ်ရပ်လုံး သည် ဖိနှိပ်မှုပေါင်းစုံကို ခါးကော့အောင်ခံခဲ့ကြရသည်။ အဆုံးတွင် မခံမရပ်နိုင်သည့် လူထုက လမ်းပေါ်ထွက်လာခဲ့ကြသည်။ ဆန့်ကျင် တွန်းလှန်ခဲ့ကြသည်၊ ရုန်းကန်တိုက်ပွဲဆင်ခဲ့ကြသည်။ လူထုတိုက်ပွဲ ကြီးများသည် သဘာဝကျစွာ တုံ့ပြန်ထွက်ပေါ်လာခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဇွန်လ ၆ ရက် ကျောင်းသားလှုပ်ရှားမှုနှင့် မှိုင်းရာပြည့် အရေးအခင်းများသည် ဆက်တိုက်ဆိုသလို ထွက်ပေါ်လာခဲ့သည်။ အရှေ့ကလှုပ်ရှားမှု၊ မီးမောင်းလှုပ်ရှားမှု ... စသည့် နိုင်ငံရေး လှုပ်ရှားမှုများ ပေါ်ထွက်လာခဲ့သည်။ လူထုတိုက်ပွဲကြီးများ၊ နိုင်ငံရေး လှုပ်ရှားမှုများ၊ စစ်အုပ်စုဖြိုချရေး၊ ကြံစည်အားထုတ်မှုမှန်သမျှ ကိုလည်း ဦးနေဝင်းဦးဆောင်သည့် မဆလအစိုးရသည် ရက်ရက် စက်စက် ပြင်းပြင်းထန်ထန် ဖြိုခွင်းနှိပ်ကွပ်ခဲ့သည်။

အရေးတော်ပုံများ၊ သပိတ်တိုက်ပွဲကြီးများ၊ နိုင်ငံရေး လှုပ်ရှားမှုကြီးများ၊ လုပ်ကြံရေး ကြံစည်အားထုတ်မှုများကို စနစ်တကျ ဖြိုခွင်းရှင်းလင်းပစ်ခဲ့သည်။ ယာယီအားဖြင့် အသာစီးရ၊ အနိုင်ရ အောင် ဖြေရှင်းနိုင်ခဲ့ကြသော်လည်း တစ်ပြည်လုံး၏ စီးပွားရေးပြိုပျက် ကျဆင်းရမှုများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်နေ့တစ်ခြား ဆင်းရဲမွဲတေငတ်ပြတ်လာရမှုများ၊ အစိုးရဆန့်ကျင်ရေးစိတ်ဓာတ်များ သည် ရပ်တန့်မသွား၊ ဆက်လက်တိုးပွားလျက် ရှိခဲ့ပေသည်။

တိုင်းပြည်စီးပွားရေးအခြေအနေမှာ တစ်နေ့တစ်ခြား ဆိုးရွား လာနေသော်လည်း အုပ်စိုးသူ မဆလအစိုးရအတွက် အသင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ချောင်စရာ အခွင့်အလမ်းကြီးတစ်ခု ရမြဲရနေခဲ့ပါသည်။ တိတိပပပြောရ ခွင့်ပြုစေလိုပါသည်။ ထိုစဉ်ကာလက ဖြစ်ပေါ်တည်ရှိနေသည့် နိုင်ငံတကာအခြေအနေမှာ – အရှေ့အုပ်စု၊ အနောက်အုပ်စု၊ ဆိုရှယ်လစ်ဂိုဏ်း၊ အရင်းရှင်ဂိုဏ်းဆိုသည့် အုပ်စုကြီး (၂) ခု၊ ဂိုဏ်းကြီး (၂) ဂိုဏ်းတိုက်ပွဲ ဖြစ်ပါသည်။ ဆိုရှယ်လစ်ဆိုင်းဘုတ်ချိတ်ထားသည့် မဆလအစိုးရကို အရှေ့အုပ်စုကလည်း ကိုယ့်ဂိုဏ်းနွယ်ဝင်ဖြစ်ရေး၊ အနည်းဆုံး ကိုယ့်လူအဖြေရေတွက် တွက်ချက်နိုင်ရေးအတွက် စည်းရုံးရေးအမြင်နှင့် အလေးပေးကြည့်နေခဲ့ကြသည်။ အနောက်အုပ်စုကလည်း မဆလလို့ပြောပြော၊ ဘာပြောပြော ပြည်တွင်း၌ ကွန်မြူနစ်ဆန့်ကျင်ရေး ပြတ်ပြတ်သားသားလုပ်နေတာ တစ်ခုတည်းနှင့် မဆလကို အမှတ်ပေးပြီး ကျောထောက်နောက်ခံပြုပေးခဲ့ကြသည်။ အမေရိကန်သည် ဗီယက်နမ်စစ်ပွဲအတွင်း ခြေကျုံ့နေစဉ်ကလည်း ကွန်မြူနစ်ဆန့်ကျင်ရေး ပြင်းထန်လှသည့် ဗမာပြည် စစ်အုပ်စုကို ကွန်မြူနစ်ဆန့်ကျင်ရေး သေနင်္ဂဗျူဟာအရ ကျောထောက်နောက်ခံပြုပေးခဲ့သည်။ ၁၉၇၅ ခုနှစ်၊ ဗီယက်နမ်မှ အမေရိကန်တို့ ခွက်ခွက်လန်အောင် အရေးနိမ့်ပြီး ဆုတ်ခွာပေးခဲ့ရသည့် နောက်မှာလည်း နောက်ထပ် ကွန်မြူနစ်နိုင်ငံတွေ မပေါ်ပေါက်ရေးအတွက် ဗမာပြည်စစ်အုပ်စုကို ကျောထောက်နောက်ခံပြုပေးခဲ့ပါသည်။ ယင်းသို့သော အနေအထားအရပ်ရပ်ကြောင့် မဆလအစိုးရအပေါ် အရှေ့အုပ်စုမှလည်း မရှုတ်ချခဲ့ပေ။ အနောက်အုပ်စုကလည်း မမြင်ချင်ယောင်ဆောင်နေခဲ့ပါသည်။ အစိုးရ၏ လူထုတိုက်ပွဲနှိမ်နင်းရေးများကို အားလုံးက လက်ရှောင်နေခဲ့ကြပါသည်။ ရေငုံနှုတ်ပိတ်နေခဲ့ကြပါသည်။ မဆလအစိုးရကို ဘယ်သူကမှ





ဆေးဖော်ကြောဖက်မလုပ်ရေးဆိုသည့် သဘောထားမျိုးမရှိခဲ့ကြပေ။ မြန်မာပြည်နှင့် နယ်နိမိတ်ချင်းဆက်နေသည့် တရုတ်ပြည်ကြီးကလည်း ၁၉၆၇ ခုနှစ်က တရုတ်–ဗမာ အရေးအခင်းအပြီးတွင်မူ နေဝင်း စစ်အုပ်စုဆန့်ကျင်ရေးဆိုသည့်သဘောဖြင့် ကျယ်ကျယ်လောင်လောင် အော်ဟစ်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီကို ပုံအောအကူအညီပေးခဲ့သည်။ ၁၉၇၄–၇၅ ဝန်းကျင်တွင် တစ်ဖက်က ကမ္ဘာသုံးခုပေါ်လစီဖြစ်နေပါသည်။ ကမ္ဘာသုံးခုပေါ်လစီက တရုတ်ပြည်ကြီးအပါအဝင် တတိယကမ္ဘာကို မဏ္ဍိုင်ထား၊ ဒုတိယကမ္ဘာကိုစည်းရုံး၊ အနိမ့်ဆုံးကြားထား၊ ပထမကမ္ဘာကို ဦးတည်တိုက်ဆိုတဲ့ နိုင်ငံတကာနိုင်ငံရေးဆိုင်ရာ သေနင်္ဂဗျူဟာချမှတ်ထားရှိချိန်ဖြစ်ပါသည်။ ပထမကမ္ဘာတွင် အမေရိကန်နှင့် ဆိုဗီယက်နှစ်နိုင်ငံပဲရှိသော်လည်း ဆိုဗီယက်ကို အဓိကဦးတည်တိုက်ခိုက်သည့် သေနင်္ဂဗျူဟာဖြစ်ပါသည်။

ယင်းသို့သော နိုင်ငံတကာအခြေအနေလက်အောက်တွင် မဆလအုပ်စုသည် ပြည်တွင်းအကျပ်အတည်းများနှင့် ထိပ်တိုက်ရင်ဆိုင်နေရသော်လည်း နိုင်ငံတကာမျက်နှာစာတွင်မူ အနေချောင်မြဲချောင်နေပါသည်။ အခွင့်အလမ်းအသစ်များ ရရှိမြဲရှိနေပါသည်။ ၁၉၇၆ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းကြီးဖြစ်သည့် အိုအီးစီဒီ **(OECD)** ခေါ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ကြီးက မဆလအစိုးရကို အကူအညီပေးရန်အတွက် မြန်မာပြည်ကူညီရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။ မဆလအစိုးရအတွက် စီးပွားရေးကဏ္ဍတစ်ခုတွင် ဖွံ့ဖြိုးရေးဆိုတာတွေအထိ ပုံအောနိုင်လုပ်နိုင်ခွင့်ရရှိလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၆ ခုနှစ် မိုင်းရာပြည့်နောက်ပိုင်း (၆) လတစ်ကြိမ်၊ (၉) လတစ်ကြိမ်နီးပါး ပေါ်ထွန်းခဲ့သည့် အုံနှင့်ကျင်းနှင့်ချီ ပါဝင်ဆင်နွှဲခဲ့ကြသည့် လူထုတိုက်ပွဲကြီးများ ယာယီရပ်စဲသွားခဲ့ပါသည်။ ယင်းသို့ လူထုတိုက်ပွဲကြီးများ ယာယီရပ်စဲသွားခဲ့သော်လည်း မဆလ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများသည် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ဆက်လက်ပေါက်ဖွားနေခဲ့ပါသည်။ အစိုးရအုပ်စိုးမှုကို နည်းမျိုးစုံနှင့် ဆန့်ကျင်အန်တုနေခဲ့ပါသည်။ ဥပမာတစ်ခုအနေဖြင့် ပြောကြားရပါက ၁၉၇၄–၇၅ ခုနှစ် စာသင်နှစ်အတွက်သတ်မှတ်ထားသည့် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းအဖုံးကိစ္စသည် လူထုအကြား ပြောကြဆိုကြသံများ ထွက်ပေါ်လာခဲ့ပါသည်။ မျက်နှာဖုံးပန်းချီရေးဆွဲသူမှာ ပန်းချီဆရာ ကျော်မင်းမောင်ဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်တွင် (၇–၇–၇၇) အမှီ တိုက်ဆိုင်ပြီး ထွက်ပေါ်လာခဲ့သည့် စီးပွားရေးတက္ကသိုလ်အဖုံးကြီးသည်လည်း အနီရောင်အောက်ခံပေါ်တွင် အနက်ပိန်းရိုက်ပြီး ထွက်ပေါ်လာခဲ့ပါသည်။ ဝ/သ တက္ကသိုလ်မျက်နှာဖုံးဂယက်ကြောင့် မဂ္ဂဇင်းစာအုပ်မျက်နှာဖုံးများလည်း ပန်းချီအတွက် ကြိုတင်ခွင့်ပြုချက်ယူရမယ်လို့ သတ်မှတ်လာသည့်အခါ ဘာပန်းချီမှ မသုံးတော့ဘဲ ကြိုတင်စဉ်းစားမှုရှိထားသည့်အတိုင်း အနက်ရောင်အဖုံးကြီးနှင့် ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

ယင်းသို့ နိုင်ငံရေးအရ တစ်ပါတီတည်း ထင်သလိုချုပ်ကိုင်၊ စီးပွားရေးနယ်ပယ်ကို လက်ဝါးကြီးအုပ်၊ အုပ်ချုပ်ရေးနယ်ပယ်ကို မင်းမူ၊ စာပေအနုပညာနှင့် ပညာရပ်ဆိုင်ရာ နယ်ပယ်တွေအထိ စွပ်ဖက်ခြေရှုပ်ခဲ့ပြီး တိုင်းပြည်တစ်ပြည်လုံးကို စိုးမိုးအုပ်ချုပ် ဗိုလ်လုပ်နေခဲ့သည့် မဆလအစိုးရသည် ၁၉၇၇ ခုနှစ်တွင် တတိယ





အကြိမ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီညီလာခံကို ကျင်းပခဲ့ပါသည်။

ညီလာခံမကျင်းပမီနှင့် ညီလာခံအပြီးတွင် မဆလအုပ်စုက ကျယ်ကျယ်လောင်လောင် ဟစ်ကြွေးပြောဆိုလာသည်မှာ "မြန်မာ့စီးပွား လက်တွေ့တွင်မူကား ခါးကော့အောင် ခါးခါးသည်းသည်း ခံစားနေကြရသည့် ပြည်သူလူထုတစ်ရပ်လုံးနှင့် စီးပွားရေး၊ နိုင်ငံရေးလေ့လာသုံးသပ်တတ်သူ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များကမူ စီးပွားရေး ဦးမော့လာသည်မှာ ဟုတ်ပါလိမ့်မည်။ တကယ့်အခြေခံ စီးပွားရေးအုတ်မြစ် ပဲ့စင်ကြီးတစ်ခုလုံး စုံးစုံးမြုပ်စပြုနေပြီဖြစ်လို့ ဦးမော့လာသည့်သဘောပါလို့ မှတ်ချက်ပြုကြပါသည်။ ဦးမော့လို့ ပဲ့နစ်နေပြီလို့ သတ်မှတ်သည့် သဘောဖြစ်ပါသည်။

၁၉၇၇ ခုနှစ် တတိယအကြိမ်ညီလာခံကြီးတွင် ထူးခြားသည်မှာ ပါတီညီလာခံမဲပေးရွေးချယ်ပွဲတွင် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းထက် နံပါတ် (၂) ပုဂ္ဂိုလ်ဖြစ်သည့် ဦးစန်းယုက မဲအများဆုံးရရှိသွားခဲ့ခြင်းဖြစ်ပါသည်။ ဒုတိယလိုက်သူများမှာ ဦးသန်းစိန်(ရခိုင်) (ဗိုလ်မှူးကြီးဟောင်း သန်းစိန်)နှင့် ဦးထွန်းလင်း (ဗိုလ်မှူးကြီးဟောင်း ထွန်းလင်း)တို့ဖြစ်ကြသည်။ ဦးနေဝင်း ဒေါသူပုန်ထဆွေ့ဆွေ့ခုန်ခဲ့ပြီး သန်းစိန်၊ ထွန်းလင်း၊ ကျော်ဇော အတွင်းရေးမှူးအဖွဲ့ဂိုဏ်း၏ လက်ချက်လို့ ကောက်ချက်ဆွဲကာ သူ၏ဖြုတ်ထုတ်ပေါ်လစီကို ၁၉၇၇ ခုနှစ်တွင် လက်တွေ့အကောင်အထည်ဖော်ခဲ့ပါသည်။ သန်းစိန်၊ ထွန်းလင်း၊ ကျော်ဇောတို့သာမက မဆလ ပါတီဗဟိုကော်မတီတွင်းက ထိပ်သီးအတော်များများကိုပါ ရှင်းပစ်ခဲ့ပြီး ပါတီသန့်ရှင်းရေးကိုလုပ်ဆောင်ခဲ့ပါသည်။ ဦးနေဝင်း၏ လက်မရုံ့ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်ဟောင်းတင်ဦး၏ ထောက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းရေးဖိုင်(ဦးနေဝင်းကလွဲလို့ ထိပ်သီးအားလုံး၏ လှုပ်ရှားမှု၊ အထူးသဖြင့် ပြစ်မှုကျူးလွန်မှုများကို အချိန်မရွေး ထုတ်ယူအသုံးပြုနိုင်အောင် ထောက်လှမ်းရေးက တကောက်ကောက်လိုက်ပြီး စုစည်းမှတ်တမ်းပြုထားသည့် ဖိုင်) ကို အသုံးပြုပြီး ရာထူးနေရာကနေ ထုတ်ပယ်ဖယ်ရှားပစ်ရုံသာမက တရားစွဲဆိုပြီး အရေးယူပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ သမီးများ၊ သားများ၏မင်္ဂလာဆောင်ကိစ္စ၊ နို့ဆီဗူးကိစ္စ၊ ဓာတ်ဆီ၊ ပိုထုတ်ရောင်းစားသည့်ကိစ္စ ... စသည့်ကိစ္စမျိုးများနှင့် အရေးယူအပြစ်ပေးခြင်းများဖြစ်ပါသည်။

၁၉၇၇ ခုနှစ်တွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ ကြိုးပမ်းအားထုတ်လှုပ်ရှားမှုများနှင့် စစ်ရေးအခြေအနေများကိုလေ့လာကြည့်ပါက ဗမာပြည်ကွန်မြူနစ်ပါတီသည် အင်အားကြီးဆုံးဖြစ်ခဲ့ပါသည်။ မဆလအစိုးရ၏ အဓိကအတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းကြီးနေရာတွင် ရှိမြဲရှိနေခဲ့ပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီက မဆလအစိုးရကို "နယ်ချဲ့ပေါင်းစုံ မှီခို၊ ပဒေသရာဇ်မြေရှင်စနစ်ကို ဆက်လက်ထိန်းသိမ်းကာကွယ် လုပ်ဆောင်၊ စစ်တပ်ဖျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်အတိုင်း ကျင့်သုံးအကောင်အထည်ဖော်နေသည့်အစိုးရ"လို့ သတ်မှတ်ထားပါသည်။ မဆလအစိုးရသည် နယ်ချဲ့စနစ်၊ ပဒေသရာဇ် မြေရှင်စနစ်၊ စစ်တပ်ဖျူရိုကရက် လက်ဝါးကြီးအုပ်၊ အရင်းရှင်စနစ်ဆိုသည့် စနစ်ဆိုးကြီး (၃) ခုစလုံးကို ကိုယ်စားပြုသည့် သဘောဆောင်နေခြင်းကြောင့် ဦးတည်ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ်ပါသည်။ ဗကပသည် အရှေ့မြောက်တစ်ခွင်တွင် အင်အား အဆမတန်ကြီးထွားလာခဲ့ပါသည်။ တပ်ပေါင်းစုစည်းရုံးရေးကို ချဲ့ထွင်လုပ်ကိုင်လာနိုင်ခဲ့ပါသည်။ ဗကပ





လိုလားသည့် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပါသည်။

အဓိက အတိုက်အခံ နိုင်ငံရေးပါတီကြီးဖြစ်သည့် ဗကပစစ်ရေးလှုပ်ရှားမှုကြီးများ၊ အရှေ့မြောက်ဒေသတခွင်တွင် ဖော်ထုတ်နိုင်ခဲ့ပါသည်။ တင်ပြခွင့်ပြုစေလိုပါသည်။ ၁၉၇၇ ခုနှစ်တွင် ခြူးရွှေ–ပန်ကောက် တိုက်ပွဲကြီးများအပါအဝင် ဟိုပန်ဒေသတခွင် တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပါသည်။

၁၉၇၇ ခုနှစ်တွင် အထူးခြားဆုံးတိုက်ပွဲမှာ ဗကပတို့၏ မိုးမိတ်မြို့သိမ်းတိုက်ပွဲဖြစ်ပါသည်။ အစိုးရဘက်က လေတပ်နှင့်အကြီးအကျယ် ပြန်လည်ခုခံ တိုက်ခိုက်ရယူခဲ့ရပါသည်။

ဗကပ အပါအဝင် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများသည် ယင်းကဲ့သို့ နိုင်ငံရေးလှုပ်ရှားမှုနှင့် စစ်အစိုးရဆန့်ကျင်ရေးတိုက်ပွဲကြီးကို ဖော်ထုတ်ဆင်နွှဲနိုင်လာကြသော်လည်း မဆလအစိုးရ၏ အသဲနှလုံးဖြစ်သည့် ရန်ကုန်မြို့၏အနီးဆုံး ပဲခူးရိုးမအခြေခံဒေသနှင့် မြစ်ဝကျွန်းပေါ်အခြေခံဒေသများကိုမူ ၁၉၇၅ ခုနှစ် နှောင်းပိုင်းမှစပြီး လက်လွှတ်ဆုံးရှုံးခဲ့ကြပါသည်။ ပြည်မ မဟုတ်သည့် ပြည်နယ်ဒေသများနှင့် နယ်စပ်ဒေသများကိုသာ အခြေခံပြီး လှုပ်ရှားနေခဲ့ကြရပါသည်။

မဆလ စစ်အစိုးရသည် စီးပွားရေးဦးမော့လာပြီလို့ ကြွေးကြော်ပြီးမှ ဘတ်ဂျက်လိုငွေပြမှုများကို ကုစားနိုင်ဖို့ အခွန်အကောက်များ၊ တိုးမြှင့်ကောက်ခံမှုများ လုပ်ဆောင်လာရပါသည်။ ၁၉၇၄ ခုနှစ် ဆန်ပြဿနာပေါ်ပြီးနောက် စက်ရုံအလုပ်ရုံနှင့် ဝန်ထမ်းဌာနများတွင် အစိုးရက ဆန်ထုတ်ပေးမှုများ လုပ်ဆောင်ရသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆန်ကို အရှုံးခံရောင်းပေးရသည့်အတွက် အစိုးရအနေဖြင့် အရှုံးပေါ်ခဲ့ရပါသည်။ ရင်းနှီးမြှုပ်နှံနိုင်မှုကဏ္ဍတွင်လည်း ထိခိုက်လာခဲ့ရပါသည်။

နောက်ပိုင်းတွင် လူထုတိုက်ပွဲကြီးများအဆင့်ထိ မရောက်ခဲ့သော်ငြားလည်း အစိုးရဆန့်ကျင်ရေး ဦးတည်ချက်နှင့် နိုင်ငံရေးလှုပ်ရှားမှုများကိုမူ အဆက်မပြတ်တွေ့ကြုံခဲ့ရပါသည်။ ၁၉၇၈ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့တွင် (၇) ဇူလိုင်အထိမ်းအမှတ်အဖြစ် ဖောက်ခွဲဖော်ကျူးရန်အတွက် ကြိုးစားခဲ့သည့် ကျောင်းသားလှုပ်ရှားမှုတစ်ခုပေါ်ပေါက်ခဲ့ပါသည်။ အစိုးရက ဦးအောင် ဖမ်းဆီးနှိပ်ကွပ်ပစ်နိုင်ခဲ့ပါသည်။ တဆက်တည်းမှာပင် ၁၉၇၈ ခုနှစ် ဗကပမြေအောက်လှုပ်ရှားမှု၌ လူပေါင်းရာကျော် ဖမ်းဆီးထောင်ချခြင်းခံခဲ့ရပါသည်။

၁၉၇၉ ခုနှစ်၊ စက်တင်ဘာလထဲတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေးမှ ဗကပ၏ လမ်းစဉ်ပေါ်လစီဆိုင်ရာ ဆုံးဖြတ်ချက်များ ထွက်ပေါ်လာပါသည်။ ဥက္ကဋ္ဌ သခင်ဗသိန်းတင် တက်လာစကတည်းက ဖြုတ်ထုတ်သတ် ပါတီတည်ဆောက်ရေး မှားတယ်။ စစ်ရေးလမ်းစဉ် မှားတယ်ဆိုတာတွေကို ဖော်ပြခဲ့ပြီးဖြစ်သော်ငြားလည်း လက်တွေ့တွင်မူ ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလကျမှ ဆုံးဖြတ်ချက်များ ကျလာခဲ့ပါသည်။ တရားဝင်လမ်းစဉ်အသစ် ပေါ်လာသည့်သဘောဖြစ်ပါသည်။ (၆၄) လမ်းစဉ်ကို တရားဝင်ဖယ်ရှားပစ်လိုက်သည့်သဘောဆောင်ပါသည်။

မင်းရန်အောင်စစ်ဆင်ရေး ထင်တိုင်းမပေါက် ဖြစ်ခဲ့ပြီးသည့်နောက်ပိုင်းတွင် သာသနာသန့်ရှင်းရေးနှင့် တည်တံ့ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပ





နိုင်ခဲ့ပါသည်။ သံဃာ့ဝန်ဆောင်အဖွဲ့ကြီးကိုလည်း အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပါသည်။ အထိမ်းအမှတ်အဖြစ် ၁၉၈၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ၂/၈၀ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြီးကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၁၉၆၃ ခုနှစ်က ကြေညာခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်မျိုးဖြစ်ပါသည်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်၏သက်တမ်းသည် ဩဂုတ်လအထိဖြစ်ပါသည်။

၂/၈၀ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ နိုင်ငံရေးအကျဉ်းသားများအားလုံး ထောင်ထဲမှ လွတ်မြောက်ခွင့်ရလာခဲ့ပါသည်။ သခင်စိုး၊ မန်းငွေအောင်၊ မန်းဒါဝိတ်၊ ဦးထွေးမြင့်၊ ဦးခင်မောင်မြင့် ... တို့အပါအဝင် အလုပ်သမားသပိတ်၊ ကျောင်းသားသပိတ်၊ မီးမောင်းလှုပ်ရှားမှု၊ ၇၈ မြေအောက် ဗကပလှုပ်ရှားမှုစသည့် နိုင်ငံရေးနှင့် ထောင်ကျအပြစ်ပေးခံထားရသူများအားလုံး လွတ်မြောက်လာခဲ့ပါသည်။ ဘိန်းဘုရင် လော်စစ်ဟန်နှင့် ဗိုလ်ကြီးအုံးကျော်မြင့်အမှုတွင် ပါဝင်ခဲ့ကြသူများလည်း ပြန်လည်လွတ်မြောက်လာခဲ့ကြပါသည်။

အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ၂/၈၀ကိုရယူပြီး လက်နက်ချလာသူ၊ လက်နက်ကိုင်လမ်းစဉ် စွန့်လာသူများလည်း အများအပြားပေါ်လာခဲ့ပါသည်။ ဗကပ အနောက်မြောက်စစ်ဒေသက ဗိုလ်သက်ထွန်းတို့အဖွဲ့ လက်နက်ချလာပါသည်။ တစ်ပွဲတစ်လမ်း အကဲစမ်းဖို့အတွက် လက်နက်ကိုင်တော်လှန်ရေးလုပ်လိုက်သည့် ဝန်ကြီးချုပ်ဟောင်း ဦးနုလည်း လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး ပြန်လာခဲ့ပါသည်။ ဗိုလ်မှူးအောင်၊ စောကြာဒိုး၊ ဗိုလ်ရန်နိုင်၊ ဂျင်မီးယန်း၊ ရန်ကုန်ဘဆွေ စသည့်ပုဂ္ဂိုလ်များလည်း ၂/၈၀ ကိုရယူပြီး ပြန်

www.burmeseclassic.com



ခဲ့ကြပါသည်။ (အဲဒီအချိန်ကစပြီး ပါလီမန်ဒီမိုကရေစီပါတီရဲ့ လက်နက်ကိုင်တော်လှန်ရေးကြီးလည်း နိဂုံးချုပ်သွားပြီလို့ ဆိုရမည် ဖြစ်ပါသည်။) ဟိုအဖွဲ့က ဒီအဖွဲ့က လက်နက်ချလာကြသူများလည်း အများအပြားရှိခဲ့ပါသည်။ ဗိုလ်သက်ထွန်းအဖွဲ့နှင့် ပါလီမန်ဒီမိုကရေစီ ဦးနုအဖွဲ့မှ ပြန်လာကြသူများမှာ အများဆုံးဖြစ်ပါသည်။

တစ်ဖက်တွင်မူ ပြည်သူလူထုကြီးတစ်ရပ်လုံး၏ စားဝတ်နေရေးအခြေအနေမှာ ဆိုးသထက်ဆိုးပြီး လာခဲ့ပါသည်။ စက်ရုံ အလုပ်ရုံများတွင် အလုပ်သမားထု၏ ဆုပေး၊ ဒဏ်ပေးစနစ်ဆိုတာ ၏အောက်တွင် ဆုပေးတာက မရှိသလောက်ဖြစ်ပြီး ဒဏ်ပေးတာတွေက တိုးတိုးပြီး ရရှိလာခဲ့ပါသည်။ နာမည်ပျက်သွားသည့် အလုပ်သမားကောင်စီ၏ နေရာအစားထိုး နာမည်ပြောင်း ဖွဲ့စည်းလာသည့် အလုပ်သမားအစည်းအရုံးဆိုတာကလည်း အလုပ်သမားအကျိုးအတွက် ဖွဲ့စည်းဖြစ်ပေါ်လာတာမဟုတ်ဘဲ မဆလပါတီကြီး၏ ဒေါက်တိုင်အဖြစ်သာ ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်ပါတယ်။ ဖိနှိပ်ရေးကိရိယာတစ်ခုအဖြစ်သာ အသုံးတော်ခံနေခဲ့ပါသည်။ အလုပ်သမားအစည်းအရုံး မဝင်မနေရဆိုတာနှင့် ခြိမ်းခြောက်ပြီး လစာထဲက ငွေဖြတ်တာခံကြရပါသည်။ အစည်းအရုံးဝင်မဟုတ်ပါက ဆန်မပေးဘူး၊ ဆပ်ပြာရောင်းမပေးဘူးဆိုသည့်အတွက် ဝင်ကြရသူတွေက အများစုကြီး ဖြစ်ပါသည်။

လခစားဝန်ထမ်းများ၏ ဘဝများသည်လည်း အလုပ်သမားများ၏ဘဝနှင့် ထူးမခြားနားသာဖြစ်ပြီး အလုပ်သမားအစည်းအရုံးသို့ မဝင်မနေရ စည်းရုံးရိုက်သွင်းခြင်း ခံခဲ့ကြရပါသည်။ ဟိုကဖြတ်၊ ဒီကဖြတ်နှင့် လကုန်လို့လခထုတ်သည့်အခါ လစာတဝက်လောက်သာ





အိမ်ပြန်ပါလာနိုင်သူတွေမှာ မရှိသလောက်ပင် ဖြစ်ပါလိမ့်မည်။ အစစ ကြီးမြင့်လာသည့် ကုန်ဈေးနှုန်းများ၊ အထွေထွေစရိတ်များ၊ လစာနှင့်မလောက်သည့်အတွက် အောက်ဆိုက်မန်းနီးရှာကြရင်း လက်ဖက်ရည်ဖိုးတောင်းတတ်သည့် အကျင့်စရိုက်တွေပါ ရလာပါတော့သည်။

မြို့နေဆင်းရဲသားများ၏ဘဝမှာ ထမင်းတစ်လုပ်အတွက် အလုပ်မျိုးစုံကို ဂျင်ဂျင်လည်အောင် လုပ်ကိုင်စားသောက်ကြရင်း ကိုယ့်ကုန်ဝယ်စာအုပ် ကိုယ့်ဟာကိုယ် ကိုင်ဝယ်ခွင့်မရသူတွေက အများဆုံးဖြစ်လာပါသည်။ ရောင်းချပေါင်နှံစရာအတွက် တန်ဖိုးအရှိဆုံးက ကုန်ဝယ်စာအုပ်ပဲရှိတော့သည့်အတွက် ကုန်ဝယ်စာအုပ်ကိုတောင် ငွေရှင်ထံ အပ်နှံပေါင်နှံ ရောင်းချစားသောက်နေရသည့် ဘဝမျိုးဖြစ်ပါသည်။

တိုင်းပြည်၏ လူဦးရေအများစုကြီးဖြစ်သည့် လယ်သမားတွေ၏ဘဝမှာ ဖွက်ကျောပြာစုရုံမက ကိုယ့်လယ်၊ ကိုယ့်ယာလေး ကိုယ့်ဟာကိုယ် ကြိုးစားပန်းစား လုပ်ကိုင်နေရင်းက အလိုလိုနေရင်း မင်းပြစ်မင်းဒဏ်သင့်သူများ ဖြစ်လာနေကြပါသည်။ အစိုးရ၏ စပါး ပိုမိုတိုးတက်ဝယ်ယူရရှိရေးအတွက် ကျင့်သုံးလာသည့် ပုတ်လုန်ကျီလှန် စစ်ဆင်ရေးများ၊ အတင်းဝင်ရောက်ရှာဖွေစစ်ဆေးမှုများကို ခံခဲ့ကြရပါသည်။ တာဝန်ကျေစပါး မရောင်းချနိုင်လို့ မြို့ပြခေါ်ယူပြီး နေလှန်းတာ၊ ကိုယ့်ထမင်းထုပ်နှင့်ကိုယ် လာရောက်အချုပ်ခံခိုင်းတာတွေ၊ စီမံကိန်းဝင်သီးနှံ အစိုက်ခိုင်းတာ ဘယ်လိုမှ တွက်ချေမကိုက်မှန်း သိသိကြီးနှင့် စိုက်ပျိုးကြရသည်။ သီးနှံမထွက်လို့ မရောင်းနိုင်တာကို "ကိုတာ" အတိုင်းပြည့်မီအောင် ဝယ်သွင်းရမယ်ဆိုလို့ အပြင်ကနေ ရှာဖွေဝယ်သွင်းကြရသည့်ဒုက္ခများ စသဖြင့် ပြောလို့ကောင်



www.burmeseclassic.com

www.burmeseclassic.com



ယုံနိုင်ဖွယ်မရှိသည့် အဖြစ်သနစ် ဒုက္ခပေါင်းစုံကို တွေ့ကြုံရင်ဆိုင်ခဲ့ရပါသည်။ ပြောမဆုံးပေါင် တောသုံးထောင် အဖြစ်မျိုးတွေနှင့် ကျောကော့အောင် ခံစားခဲ့ကြရပါသည်။ တောင်သူလယ်သမားဦးကြီးများလို့ဆိုပြီး ဦးကြီး ဦးကြီးနှင့် အခေါ်ခံရသည့် လယ်သမားအခုတော့ ဦးကြီး၏ခေါင်းကို ဖနောင့်နှင့်ပေါက်ရုံတင်မက ငယ်ထိပ်ကိုပါ သေနတ်ဒင်နှင့် ဆောင့်တာခံခဲ့ရသည့်အဖြစ်မျိုးများမှာ အနတ္တကမပင်ဖြစ်ပါသည်။

စနစ်သစ်ပညာရေး၊ ဆိုရှယ်လစ်ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး ... စသည့် စမ်းသပ်ပညာရေးမျိုးစုံကို မဆုံးနိုင်အောင်စမ်းသပ်ခံခဲ့ရပါသည်။ ပညာရေးတစ်ခုလုံးလည်း ကမောက်ကမ ဖြစ်ခဲ့ရပါသည်။ ပညာရေးအဆင့်အတန်းမှာ တစ်နေ့တခြား နိမ့်ကျလာခဲ့ပါသည်။ ကျောင်းသူကျောင်းသားများကို လမ်းစဉ်လူငယ်၊ ရှေ့ဆောင်လူငယ်အဖွဲ့များသို့ မဝင်ဝင်အောင် ဖြားယောင်းမှု၊ သိမ်းသွင်းမှုများကို နည်းမျိုးစုံနှင့်လုပ်ကိုင်ခဲ့ရုံသာမက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ၊ အသုံးလုံးကြေသင်တန်းများ၊ နွေရာသီလုပ်အားပေးလုပ်ငန်းများအထိ ထည့်သွင်းလုပ်ကိုင်စေခဲ့ပါသည်။ အဆိုးဆုံးမှာ နိုင်ငံရေးသိပ္ပံဘာသာဆိုပြီး တက္ကသိုလ်ကောလိပ်နှင့် ကျောင်းများတွင် ပြဋ္ဌာန်းသင်ကြားခြင်းဖြစ်ပါသည်။ နိုင်ငံရေးသိပ္ပံဘာသာဆိုသည့် မဆလသဘောတရား၊ ဘာသာရပ်သည် တချို့အတန်းများ၊ အချို့ဘာသာတွဲများ၌ မသင်မနေရ ဘာသာရပ်ဖြစ်လာပါသည်။

၁၉၈၈ ပြည့်ကနေစပြီး နှစ်နှစ်လောက်အတွင်း ဆက်တိုက်လိုလို ကြေညာပြီး ထုတ်ပြန်ပေးအပ်ခဲ့တာက နိုင်ငံရေးသမားဟောင်း





ကြီးများအတွက်လို့ဆိုသည့် "နိုင်ငံ့ဂုဏ်ရည်ဘွဲ့"များဖြစ်ပါသည်။ တိုင်းပြည်၏ လွတ်လပ်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတွင် စွမ်းစွမ်းတမံ တာဝန်ကျေပွန်ခဲ့ကြသူများကို နိုင်ငံတော်က ပေးအပ်ချီးမြှင့်ဂုဏ်ပြုတာဆိုသည့် "နိုင်ငံ့ဂုဏ်ရည်ဘွဲ့" ဖြစ်ပါသည်။ ယင်းသို့ ချီးမြှင့်မြှောက်ကာ ဂုဏ်တင်ပြောဆိုပြီးမှ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက "အခုလို နိုင်ငံဂုဏ်ရည်ဘွဲ့တွေအတွက် ပေးအပ်တဲ့ငွေကြေးများသည် ပင်လယ်ထဲကနေ ဖမ်းဆီးရမိလိုက်သည့် မှောင်ခိုစက်လှေကြီးတစ်စီးပေါ်မှ မှောင်ခိုကုန်ပစ္စည်းတွေ ရောင်းချရာကနေရတာပါ" လို့ဆိုလိုက်သည့်အတွက် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရသူတွေ ခိုးလိုးခုလုဖြစ်စရာ ကြုံရပါသည်။ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရသူတွေမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ တိုင်းပြည်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရှေ့တန်းကပါဝင်ခဲ့သူများ ပါရှိခဲ့သလို၊ တော်လှန်ရေးကောင်စီအစိုးရအဖွဲ့ဝင်များလည်း ပါရှိခဲ့ပါသည်။ တမင်တန်းညှိပြီး နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ပေးခဲ့ခြင်းမျိုးဖြစ်ဟန်တူပါသည်။ လွတ်လပ်ရေး တိုက်ပွဲဝင်တလျှောက် ပါဝင်ခဲ့သူများသည် ဒုတိယအဆင့်လောက်သာ သတ်မှတ်ခံရပါသည်။ မဆလ ပါတီဝင်ဟောင်းကြီးများမှာမူ ပထမဆင့်အဖြစ် သတ်မှတ်ခံခဲ့ရပါသည်။ အံ့သြဖွယ်ရာပင်။ ယင်းထက် ပိုမိုအံ့သြဖွယ်ရာကောင်းသည်မှာ လွတ်လပ်ရေးတိုက်ပွဲဝင်သမိုင်းစဉ်များတွင်လည်း ထင်ထင်ရှားရှား ပါဝင်ခဲ့ပါလျက် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်း၏ ပုဂ္ဂိုလ်ရေးအမြင်ကပ်မှုကြောင့် တမင်ချန်လုပ်ထားခြင်းခံရသူများလည်းရှိခဲ့ပါသည်။ ဥပမာအားဖြင့် ဆရာ ရာဇျန်လို၊ သခင်ဗမောင်လိုမျိုးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၁ ခုနှစ်တွင် မဆလပါတီ၏ စတုတ္ထအကြိမ် ပါတီညီလာခံကြီးကျင်းပခဲ့ပါသည်။ ကျင်းပခါနီး ကျင်းပဆဲ၊ ကျင်းပပြီး နောက်ပိုင်းအထိ စတုတ္ထအကြိမ်ပါတီညီလာခံ ကြိုဆိုထောက်ခံ ဂုဏ်ပြုအထိမ်းအမှတ်ပြပွဲများ၊ ဝိုင်းချီးကျင်းပကြပြီး ရုံးလုံးကျွတ်၊ ဌာနလုံးကျွတ်၊ ဘာလုံးကျွတ်၊ ညာလုံးကျွတ်၊ ပါတီဝင်လျှောက်လွှာ ပေးအပ်ပွဲများ၊ အဆိုမြုလွှာတင်ပွဲများ၊ ဖန်တီးဖော်ထုတ်မဂ်လာ ယူခဲ့ပါသည်။ မဆလအစိုးရ၏ အာဘော်အရ တိုင်းပြည်စီးပွားရေး သည် အတော်အတန် အောင်မြင်တိုးတက်လာခဲ့သလို နိုင်ငံရေးအခြေ အနေမှာလည်း အင်မတန် တည်ငြိမ်နေခဲ့သည်ဟု ဆိုပါသည်။

တကယ့်အခြေအနေမှာမူ တိုင်းပြည်၏စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီမံခန့်ခွဲရေးများ အားလုံးသည် တစ်နေ့တခြား ဆိုးဝါးနေခဲ့ပြီဖြစ်သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကြီး၏ ဒုတိယ မဏ္ဍိုင်လို့ ဆိုထားသည့် ၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်းကြီး သည်လည်း ရေစုန်မျောနေပြီဖြစ်ပါသည်။ ၁၉၇၀ ပြည့်နှစ် သမဝါယမ စီမံကိန်းကြီး စတင်အကောင်အထည်ဖော်စက "ထုတ် လုပ်သူနှင့် စားသုံးသူကြား မတရားသဖြင့် အမြတ်ထုတ်နေသည့် ကုန်သည်ပွဲစား ကြားလူတန်းစားကို အပြတ်ဖယ်ရှားပြီး သမဝါယမ စနစ်နှင့် ပြည်သူလူထုကြီး အကျိုးခံစားနိုင်ရန်ဆိုသည့် ဝါဒဖြန့်ချိ အော်ဟစ်ခဲ့တာများသည်လည်း "ကုန်သည်ပွဲစား ကြားလူတန်းစား" ကို ဖယ်ရှားပစ်ပြီး ပါတီကောင်စီနှင့် အာဏာပိုင်အဆင့်ဆင့် အမှု ဆောင်အဆင့်ဆင့်က ဝင်ရောက်ခြယ်လှယ် ဘုံးပစ်လိုက်ကြ၊ စား သောက်ပစ်လိုက်ကြသည့်အတွက် "သားဝ မယားဝစီမံကိန်း" ကြီး လို့ နာမည်ထွက်နေခဲ့ပါသည်။ စာရင်းလိမ်၊ စာရင်းတုမျိုးစုံ၊ ကိန်း





ဂဏန်း အလိမ်အညာမျိုးစုံနှင့် ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းမျိုးစုံ သည် စတုတ္ထအကြိမ်ပါတီညီလာခံကြီးနောက်ပိုင်း ဆက်လက် သက်ဝင်လှုပ်ရှားအောင်မြင်နေခဲ့ပါသည်။ ၁၉၈၁ ခုနှစ်တွင် ဦးနေဝင်း သမ္မတရာထူးမှ အနားယူလိုက်ပါသည်။ စတုတ္ထအကြိမ် ပါတီညီလာခံ ကြီးကနေ စတုတ္ထလေးနှစ် စီမံကိန်းများကို ချမှတ်ပေးလိုက်ကြသည့် အပြင် "အနှစ် ၂၀ နှစ်ရှည်စီမံကိန်း" ကြီး၏ ရည်မှန်းချက်အတိုင်း "စတုတ္ထလေးနှစ်စီမံကိန်း" လမ်းညွှန်မှုများကို အောင်မြင်အောင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်" လို့ ဆော်ဩလိုက်ပါသည်။ ဦးစန်းယု သမ္မတကြီးဖြစ်လာသည်။

ဦးနေဝင်း၏ ကျောထောက်နောက်ခံဖြင့် ရှေ့တန်းရောက် လာသည့် အမျိုးသားထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ဗိုလ်မှူးချုပ် ဟောင်းတင်ဦးသည်လည်း ဦးနေဝင်းတစ်ယောက်ထဲကိုသာ တိုက်ရိုက် အစီရင်ခံခဲ့ပါသည်။ မဆလအစိုးရအဖွဲ့တစ်ခုလုံးထက် အာဏာ ကြီးထွားလာခဲ့ပါသည်။ မဆလပါတီကြီး၏ တွဲဖက်အထွေထွေ အတွင်းရေးမှူးကြီးလည်း ဖြစ်၍လာခဲ့ပါသည်။ သို့ဖြစ်သည့်အတွက် အနောက်တိုင်းစာနယ်ဇင်းတွေက ဦးနေဝင်းသည် နံပါတ် (၁)၊ ဦးစန်းယုသည် နံပါတ်(၂)၊ ဗိုလ်မှူးချုပ်ဟောင်းတင်ဦးသည် နံပါတ်(၃) မဟုတ် "(၁) နှင့် (၂) ကြားက "တစ်ခွဲ" ဖြစ်သည်လို့တောင် ပြောဆိုလာရသည်အထိ တန်ခိုးထွားလာပါသည်။ ဗိုလ်မှူးချုပ် ဟောင်း တင်ဦး၏ ထောက်လှမ်းရေးအခြေပြု "များဂေဟာ" များ မွေးမြူရေးစီမံကိန်းကြီးများသည် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင် သံကြားအားလုံးကနေ တစ်ခဲနက် အမွှမ်းတင်ဝါဒဖြန့်ချိခြင်းခံရသည် အထိ ကြီးကျယ်သည့် လုပ်ဆောင်မှုကြီးများ ဖြစ်ခဲ့ပါသည်။ "သာ



www.burmeseclassic.com

www.burmeseclassic.com



စကိုင်း'' စိုက်ပျိုးရေးဆိုသည်မှာလည်း မျက်နှာပွင့်လှပါသည်။

ပဲခူးတိုင်း အုတ်ဖိုမြို့နယ်မှ တာဝန်ယူပိုလ်ဟောင်းကြီး ဦးမာယ၏ တစ်ဧက စပါးတင်း (၃၀၀) ကျော် ထွက်တယ်ဆိုသည့် အောင်မြင်မှုကြီးကြောင့် ဦးနေဝင်းကိုယ်တိုင်က မြို့နယ်ကောင်စီဥက္ကဋ္ဌခန့်ပေးခဲ့ပြီး သူ့ထက်ငါ အထွက်ပြိုင်၊ အအောင်ပြိုင်ကာ (အဲဒီနှုန်းတွေအတိုင်း စပါးတွေတိုးတိုးတောင်းတာ လယ်သမားအများစုကြီးက ကျောကော့အောင်ခံနေရပေမယ့်) မဆလလမ်းစဉ်ကြီးသည် သတင်းစာများပေါ်တွင် အောင်ပွဲခံနေခဲ့ပါသည်။ (ဦးမာယ၏ တစ်ဧက စပါးတင်း (၃၀၀) ကျော်ထွက်တယ်ဆိုတာ တကယ်က ပိပိရိရိလိမ်ညာခဲ့သည့် လုပ်ကြံလည်ဆယ်မှုကြီးသာဖြစ်ပါသည်။)

၁၉၈၂ ခုနှစ်၊ မတ်လကစပြီး ''ဗကပ မြေအောက်လှုပ်ရှားမှုကြီး ''တစ်ခုကို စစ်အစိုးရက ဖော်ထုတ်ဖမ်းဆီးကာ လုပ်ဆောင်လာခဲ့ပါသည်။ စစ်ဆင်ရေးတစ်ခုအဖြစ်သတ်မှတ်ကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ဆရာဝန်များ၊ ရှေ့နေများ၊ ဝန်ထမ်းများသာမက စစ်တပ်အတွင်းက စစ်ဗိုလ် (၂) ဦး၊ ဘီအက်စ်အိုင် (BM) က ဝန်ထမ်းတစ်ဦး အပါအဝင် ပါဝင်ခဲ့သူ လူပေါင်း (၂၀၀) နီးပါးရှိ မြေအောက်လှုပ်ရှားမှုကြီးဖြစ်ခဲ့ပါသည်။ မြေအောက် (UG) လှုပ်ရှားမှုသမိုင်းတွင် အများဆုံးအဖမ်းခံခဲ့ရသည့် လှုပ်ရှားမှုကြီးဖြစ်ပါသည်။ ၂/၈၀ အမိန့်ကြောင့် နိုင်ငံရေးအကျဉ်းသားမှန်သမျှ လွတ်မြောက်သွားကြကာ ခြောက်ကပ်နေခဲ့သည့် အင်းစိန်အကျဉ်းထောင် တိုက်ခန်းများအတွင်း ခန်းလုံးပြည့်ပြန်ဖြစ်သွားခဲ့ရသည့် အစုလိုက်၊ အပြုံလိုက် အဖမ်းဆီးခံရမှုကြီးဖြစ်ခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် မန်းငွေတောင်၏ ကွန်မန်နိုလှုပ်ရှားမှုသည်လည်း ပေါ်ပေါက်လာခဲ့ပြန်ပါသည်။





၁၉၈၃ ခုနှစ်တွင် တစ်ပြည်လုံးအံ့အားသင့်သွားရသည့်အမှုကြီးတစ်ခု ရုတ်တရက်ပေါ်လာခဲ့ပါသည်။ တစ်ခွဲကြီးလို့ နာမည်ကြီးခဲ့သည့် ထောက်လှမ်းရေးအကြီးအကဲကြီး၊ မဆလပါတီ တွဲဖက်အတွင်းရေးမှူးကြီး ဗိုလ်မှူးချုပ်ဟောင်းတင်ဦးကိုယ်တိုင် အဖမ်းခံလိုက်ရပြီး ထောင်တွင်းအကျဉ်းခံလိုက်ရသည့်အမှုကြီး ဖြစ်ပါသည်။ နာမည်ထင်ပေါ်လာပြီဆိုပါက ကြာရှည်နာမည်ကြီးခွင့် ပေးလေ့မရှိသည့် ဥက္ကဋ္ဌကြီးဦးနေဝင်း၏ အမူအကျင့် အလေ့အထအတိုင်း အသာလေး ကပ်ဖြုတ်ပစ်လိုက်သည့် ဖြုတ်ထုတ်ဖယ်ရှားမှုကြီးတစ်ခုဖြစ်ပါသည်။ ဗိုလ်မှူးချုပ်ဟောင်းတင်ဦးနှင့်အတူ ဖမ်းဆီးဖယ်ရှားအပြစ်ပေးခြင်းခံလိုက်ရသူမှာ ပြည်ထဲရေးဝန်ကြီး ဦးဘိုနီ ဖြစ်ပါသည်။ ဦးနေဝင်းက ဗိုလ်မှူးချုပ်ဟောင်းတင်ဦး၏လက်စွဲတော် ထောက်လှမ်းရေးအရာရှိပေါင်းများစွာကို ဖယ်ရှားပစ်လိုက်သလို ဗိုလ်မှူးချုပ်ဟောင်း တင်ဦး၏ ပျားဂေဟာနှင့် ပျားမွေးမြူရေးစီမံကိန်း၊ ဘောစကိုင်းစိုက်ပျိုးရေး စီမံကိန်းအားလုံးကိုလည်း နှေးချင်းညချင်း ဖယ်ရှားခဲ့ပါသည်။

❖ ❖ ❖

## ရှေးရိုးမွန်မြန်မာမိသားစု

ဗိုလ်မှူးချုပ်ဟောင်းတင်ဦးနှင့် ညီအစ်ကို အန်ကယ် ဦးအောင်ခင်တို့ဖခင် ဦးစိန်သည် ရှေးမွန်မြန်မာကြီးတစ်ယောက်ဖြစ်သည်။ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်၊ ကြံ့ခိုင်မြင့်မောင်းသည်။ မျိုးချစ်စိတ်အပြည့်ရှိသည်။ ရိုးဂုဏ်အပြည့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သားသမီး၊ သားမယားအပေါ် ချစ်ခင်တွယ်တာသည်။ အာဏာမရှိသော်လည်း ရပ်ရွာအပေါ် ဩဇာရှိသည်။ သို့သော်ကံကြမ္မာက ထိုဦးစိန်အမည်ရှိ ပုဂ္ဂိုလ်ကြီးအပေါ်၌လည်း မျက်နှာသာမပေးခဲ့။ ကံကြမ္မာက ဦးစိန်အား မုဆိုးဖိုနှစ်ထပ်ကွမ်းဖြစ်စေခဲ့သည်။ သို့သော် ဦးစိန်သည် ရောက်ရှိနေသည့်အနေအထားအပေါ် စိတ်မပျက်ခဲ့။ လောကကြီးအပေါ် မနာကြည်းခဲ့။ မုဆိုးမတစ်ထပ်ကွမ်း ဒေါ်ငွေသင်နှင့် နှစ်ယောက်တစ်ဘဝ ထူထောင်လိုက်သည်။ ရွှေလက်မြဲမြဲတွဲ၍ အရှေ့မိုးကောင်းကင်ဘက်သို့ ဆက်လက်ခရီးထွက်ခဲ့ကြသည်။ လမ်းခရီး၌ လယ်ကွင်းကိုဖြတ်ခဲ့ကြသည်။ ရိုးပြတ်ကိုကျော်ခဲ့ကြသည်။ ရုန်းရင်း၊ ကန်ရင်း၊ ရင်ဆိုင်ရင်းနှင့်ပင် သားရတနာ ၅ ဦး၊ သမီးရတနာ ၅ ဦး ပွားစည်းခဲ့သည်။ အဘဦးစိန်နှင့် အမေဒေါ်ငွေသင်တို့၏ သားသမီးအမည်များကို အောက်တွင်ဖော်ပြခွင့်ပြုစေလိုပါသည်။

| | | |
|---|---|---|
| ၁။ | ဒေါ်မြသောင်း | (ကွယ်လွန်) |
| ၂။ | ဗကမိုးဟိန်း (ခ) မြသိန်း | (ကွယ်လွန်) |
| ၃။ | ဗိုလ်အောင်ကျော် | (ကွယ်လွန်) |
| ၄။ | ဒေါ်စောလင်း | (ကွယ်လွန်) |
| ၅။ | ဒေါ်စောဝင်း | (ကွယ်လွန်) |
| ၆။ | ဒေါ်အေးကြင် | (ကွယ်လွန်) |
| ၇။ | ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း) | (မျက်မှန်ကြီး၊ ကွယ်လွန်) |
| ၈။ | တပ်ကြပ်ကြီးမျိုးသွယ် | (ကွယ်လွန်) |
| ၉။ | ဒေါ်တင်တင်အေး | ဂျပန်စစ်သံမှူး ဗိုလ်မှူးကြီးမောင်ကျော် ၏ဇနီး |





| | | |
|---|---|---|
| ၁၀။ | ဦးအောင်ခင် | ဘောက်ထော်တွင်နေထိုင်ဆဲ လယ်စိုက်ရှင်၊ ဒုထွေဂျာ(ငြိမ်း) |

❖ ❖ ❖

## သူရဲကောင်းတို့၏ပခင်

သားကြီးဖြစ်သူ ဗိုလ်မိုးဟိန်း၊ ငယ်အမည် မြသိန်းသည် မုဒုံသို့ BIA တပ်ရောက်ရှိစဉ်ကတည်းကပင် BIA တပ်နှင့်အတူ ရဲဝံ့စွန့်စားလိုက်ပါခဲ့သူဖြစ်သည်။ ရဲစွမ်းသတ္တိရှိခြင်း၊ အနေအထိုင် တည်ကြည်ခြင်း၊ ရိုးဂုဏ်ရှိခြင်းတို့ကြောင့် အများ၏လေးစားခြင်း ခံရသူဖြစ်သည်။ မျိုးချစ်စိတ်အပြည့်ရှိသည်။ ဖက်ဆစ်ဂျပန်တို့၏ လေပေးမဖြောင့် အကြောမတည့်။ သို့ဖြစ်၍ ထိုစဉ်ကာလ စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်မိုးဟိန်း အား ကျောက်ဆည်သို့ တာဝန်ပေးစေလွှတ်ခဲ့သည်။ BIA တပ်ဖျက်ခါနီးတွင် ကျောက်ဆည်၌ပင် တိုက်ဖို့က်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ဒုတိယသားဖြစ်သူ ဗိုလ်အောင်ကျော်သည်လည်း ဗမာ့ကာကွယ်ရေးတပ်မတော် စစ်အမြောက်တပ်၌ အမှုထမ်းဆောင်ခဲ့သူဖြစ်သည်။ ရိုးဂုဏ်ရှိခြင်း၊ မျိုးချစ်စိတ်ရှိခြင်းတို့က ထိုစဉ်ကာလ စစ်သေနာပတိဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းအား အမှတ်ထင်ထင် ဖြစ်စေခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလအတွင်း တိတိပပ ပြောရလျှင် ၁၉၄၄ ခုနှစ်၊ ဧပြီလအတွင်း ယာဉ်မတော်တဆတိုက်မှုဖြင့်

www.burmeseclassic.com



ရက်တရက် ကွယ်လွန်သွားခဲ့သည်။ ဖာတိရပ်ရွာ ကန်တော်ကြီး ဘုရားဝင်းအတွင်း သဂြိုလ်ခဲ့သည်။ အထိမ်းအမှတ်အဖြစ် ကျွန်းတုံးကြီးကို အမှတ်တရ စိုက်ထူခဲ့သော်လည်း ယခုအခါ အမှတ်တရ စိုက်ထူထားသော ကျွန်းတုံးကြီးကို မတွေ့ရှိရတော့။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရံတော်တပ်ရင်း တပ်ရင်းမှူး ဖြစ်ခဲ့ကြောင်းကိုမူ သူ၏ပင်စင်စာအုပ်၌ ဖော်ပြထားရှိချက်အရ သိရှိရပါသည်။

တတိယသားဖြစ်သူ တကာကမျိုးသွယ်(ငယ်နာမည် အသွယ်) သည်လည်း ရေဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ လက်ပံစုကျေးရွာ အနီးတွင် **KNDO** သောင်းကျန်းသူ စောဘသိန်းအဖွဲ့နှင့် တွေ့ဆုံ တိုက်ပွဲဖြစ်ပွားခဲ့ရာ ရဲရင့်ပြောင်မြောက်စွာ တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့သည်။ ပြည်တွင်းစစ်မီးကြီး အရှိန်အဟုန်ဖြင့် တောက်လောင်ဆဲကာလ၊ တိတိပြောရလျှင် ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လဆန်းတွင် ကျဆုံးသွားခဲ့ခြင်းဖြစ်သည်။

စတုတ္ထသားဖြစ်သူ ကိုတင်ဦးသည်လည်း မခေပါ။ နောင်တော်ကြီးများ၏ခြေရာကို နင်းခဲ့သည်။ အသက် (၁၆) နှစ် မပြည့်သေးသော်လည်း လူကောင်ထွားသဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် တပ်မတော်တွင် တာဝန်ထမ်း ဆောင်ခွင့်ရခဲ့သည်။ ဂျပန်ခေတ်စစ် တက္ကသိုလ် တတိယပတ်သင်တန်းဆင်းဖြစ်သည်။ စစ်ကြီးပြီးသော် တပ်မတော်သို့ ပြန်မဝင်တော့။ တက္ကသိုလ်သို့ပြန်တက်ခဲ့သည်။ **BA** နောက်ဆုံးနှစ်ဖြေဆိုရန် လပိုင်းမျှသာလိုတော့သည့်အချိန်၊ ထိုစဉ်ကာလ တပ်မတော်၏အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ကြီးနေဝင်းသည် ဘယ်ကဘယ်လို ခြေထောက်ပေါက်ကာ မုဒုံသို့ ရောက်ရှိသွားသည်





မသိ။ အဘဦးစိန်နှင့် ဒေါ်ငွေသင်တို့အား သွားရောက်တွေ့ဆုံခဲ့သည်။ ၎င်းမျက်စေ့တပ်နေသော ကိုတင်ဦးအား ၎င်း၏မိဘများထံ ကတိ အထပ်ထပ်ပေးကာ ခေါ်ယူခဲ့သည်။

ဗိုလ်ချုပ်ကြီးသည် ကိုတင်ဦးအား တပ်မတော်သို့ ဝင်ရောက်စေပြီး အနီးကပ်ထားရှိကာ စိတ်တိုင်းကျ ပုံဖော်သွန်းလောင်းခဲ့သည်။ ကိုတင်ဦးသည် ပင်ကိုယ်ကလည်း ရဲစွမ်းသတ္တိရှိခြင်း၊ သစ္စာရှိခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ လုံ့လဥဿာဟကောင်းခြင်းတို့ကြောင့် တပ်မတော်တွင် ထိပ်တန်းနေရာများသို့ ရောက်ရှိစေခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ ယုံကြည်ကိုးစားအားထားမြှောက်စားခြင်းခံခဲ့ရသည်။ ထင်ပေါ်ကျော်ကြားမှု၊ ဩဇာအရှိန် အဝါကြီးမားမှုမှာ အကြားအလပ် မရှိခဲ့ပေ။

❖❖❖

## ဗိုလ်မှူးချုပ်တင်ဦး(မျက်မှန်ကြီး)၏ကျဆုံးခန်း

ဗိုလ်မှူးချုပ်တင်ဦး(မျက်မှန်ကြီး)သည် ပါတီတွဲဘက် အထွေထွေအတွင်းရေးမှူးဖြစ်လာသောအခါ လုပ်ငန်းတာဝန်များနှင့် မအားလပ်နိုင်အောင်ဖြစ်လာသည်။ ခေါင်းမဖော်နိုင်အောင်ဖြစ်လာသည်။ ဦးနေဝင်းထံသို့ ခါတိုင်းလို နေ့စဉ်အခစားမရောက်နိုင်တော့။ ဤသို့ နေ့စဉ်အခစားမဝင်ရောက်နိုင်သောအခါကြားတွင် သပ်လျှိုသူများ ပေါ်ပေါက်လာတော့သည်။ ရေမြေ့ရှင်ကြီးနှင့် အိမ်ရှေ့စံကိုယ်တော်လေးအကြား ယခင်လိုလမ်းကြောင်း မဖြောင့်ဖြူးတော့၊ စိုးရိမ်စိတ်တွေ၊ သင်္ကာမကင်းမှုတွေက ကြားခံလာသည်။ ဆိုလိုသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောတိုင်းမအောင်မြင်၊ ထင်တိုင်းလည်းမပေါက်တော့ပါ။

ဤသို့သောအနေအထားတွင် ဗိုလ်မှူးချုပ်တင်ဦး၏သားကြီး ကိုစောလွင်၏မင်္ဂလာကိစ္စ ပေါ်ပေါက်လာသည်။ မင်္ဂလာပွဲတွင် ခြံတွေ၊ တိုက်တွေ၊ ကားတွေ၊ စိန်ထည်၊ ရွှေထည်များ လက်ဖွဲ့ကြသည်။ လက်ဖွဲ့ပစ္စည်းကိုပင် ကားနှင့်တိုက်ယူရသည့်အထိဖြစ်ခဲ့သည်။ ကိုစောလွင်တို့ဇနီးမောင်နှံသည် ပျားရည်ဆမ်းခရီးကို ဘန်ကောက်သို့သွားရောက်ခဲ့သည်။ ထိုစဉ်က ထိုင်းအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကိုစောလွင်တို့ ဇနီးမောင်နှံအား အိမ်ရှေ့မင်းသား၏ သားတော်တစ်ပါးအလား မှတ်ယူကာ ကောဇောနီခင်း၍ ကြိုဆိုခဲ့သည်။ အပြောက် (၂၁) ချက် ဖောက်၊ မဖောက်တော့ ကျွန်တော် မသိခဲ့ပါ။ ဤအခင်းအကျင်းကို ကြားသိခဲ့ရသော ဒေါ်စန္ဒာဝင်းက ဖခင်ကြီး ဦးနေဝင်းထံ သတင်းပေးပို့ခဲ့သည်။ ဒီရွှေ ဒီမျှတော့ဖြစ်ကုန်ပြီဟု လျှောက်တင်ခဲ့သည်။

ဤတွင် ရေမြေ့ရှင်ကြီး ဦးနေဝင်း ရွှေစိတ်တော်ခုသွားသည်။ ငါ့အသက်ထင်ရှားရှိနေပါသေးလျက် ဤရွှေဤမျှ အတင့်ရဲလာခြင်းအပေါ် မကျေနပ်ခဲ့၊ အလွမ်းကျယ်လာခြင်းအပေါ် မျက်မာန်တော်ရှခဲ့သည်။ ဦးစန်းယုအမှူးပြုသော အစိုးရအဖွဲ့ကလည်း ၎င်းတို့အစိုးရအဖွဲ့ထက်ကျော်လွန်ပြီး မိုးကောင်းနေသည့်အတွက် အလုပ်မတွင်ကျယ်သည်များကို အရဲကိုး၍ လျှောက်တင်ကြသည်။

ထိုရောအခါ ရေမြေ့ရှင်ကြီးသည် အမှား အမှန်နှင့် မဆိုးဖြတ်ခဲ့၊ မီးလောင်လာမည်စိုး၍ သားကောင်ကို ချနင်းလိုက်လေတော့သည်။ တိတိပပပြောရသော် ဗိုလ်မှူးချုပ်တင်ဦး(မျက်မှန်ကြီး) တစ်ယောက် နိုင်ငံပိုင်ပစ္စည်းများ အလွဲသုံးစားလုပ်မှုဖြင့် အဖမ်းခံရလေတော့သည်။ ဗိုလ်မှူးချုပ်တင်ဦး(မျက်မှန်ကြီး)သည် သူ့အမှုအတွက် ရှေ့နေမငှား ကိုယ်တိုင်လျှောက်လဲချက်ပေးခဲ့သည်။ ဖြစ်ရပ်မှန်တို့ကို မခြွင်းမချန် ပြောကြားခဲ့သည်။ သို့သော် ခေတ်ကာလအလျောက် မမှားသော်လည်း မှားခဲ့ရသည်။ မှန်နေသော်လည်း မမှန်ဖြစ်ခဲ့ရသည်။ အဆုံးတွင် ထောင်ဒဏ်အပြစ်ပေးခြင်းခံရတော့သည်။

ငင်းကိုယ်တိုင်အကောင်အထည်ဖော်ခဲ့သော ရေကြည်အိုင်တွင် အကျဉ်းသားအဖြစ် တစ်လှည့်တစ်ဖန် ပြန်လည်ရောက်ရှိခဲ့သည်။ ငါးပေရှိသော ကွပ်ပြစ်ပေါ်တွင် အရပ်ခြောက်ပေတစ်လက်မရှိသော ဗိုလ်တင်ဦးသည် ခွေခေါက်ကာ အိပ်ခဲ့ရသည်။ (၈၈) အရေးအခင်းကာလ အင်းစိန်ထောင်ဆူသဖြင့် ထောင်ကျအကျဉ်းသားများကို လွှတ်ပေးခဲ့သော်လည်း ဗိုလ်တင်ဦးကိုမူ လွှတ်မပေးခဲ့ပေ။ နောက်ပိုင်းတွင် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ လွှတ်လာခဲ့သည်။

ထောင်ကလွှတ်တော့ ဗိုလ်တင်ဦးအတွက် မြေမရှိ၊ အိမ်မရှိ ကျောချစရာမရှိ။ ဤသည်ကိုကြားသိရသော ဗိုလ်နေဝင်းက သမီးဖြစ်သူ စန္ဒာဝင်းကိုလွှတ်ပြီး ကမ္ဘာအေးဘုရားလမ်း၊ ဘိုးဘွားရိပ်သာရှေ့၊ စမ်းရေတွင်းလမ်းရှိ တိုက်အိမ်တစ်အိမ်တွင် ခေတ္တနေစေခဲ့သည်။ နောက်ပိုင်းတွင် ဗဟန်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ မိုးကုတ်ဝိပဿနာကျောင်းတိုက်ရှေ့၊ မင်္ဂလာဂါးဒင်းဟိုတယ်နှင့် ကပ်လျက်ခြံ (အကျယ် မြေငါးမူးခန့်ရှိသောမြေနေရာ) အား ချထားပေးခဲ့လေသည်။

ဗိုလ်တင်ဦး ကွယ်လွန်သောအခါ ဗိုလ်နေဝင်းလာရောက်၍ ကျန်ရစ်သူမိသားစုအား အားပေးစကား ပြောကြားသည်။ ၎င်း၏သား




မြရတနာစာပေ
www.burmeseclassic.com

www.burmeseclassic.com

တပည့် ဗိုလ်တင်ဦး၏အလောင်းအပေါ် ၎င်းနှစ်နှစ်သက်သက် ဝတ်ဆင်ခဲ့သည့် ပတ်လည်ဆင်ပုဆိုးကြီးကို လွှမ်းခြုံပေးခဲ့သည်။ ဗိုလ်တင်ဦးတစ်နေကျ မျက်မှန်ကိုလည်း အသက်ဝိညာဉ် ကင်းမဲ့နေပြီဖြစ်သည့် ဗိုလ်တင်ဦး၏မျက်နှာတွင် တပ်ဆင်ပေးခဲ့သည်။ "ဒါမှ မျက်မှန်ကြီးဆိုတဲ့နာမည်နဲ့ လိုက်ဖက်ပေမပေါ့"ဟု ရယ်ရယ်မောမော ပြောကြားခဲ့ပါသည်။


ယခုအခါတွင် ဦးနေဝင်းရော၊ ဗိုလ်မှူးချုပ်ဟောင်းတင်ဦးပါ ကွယ်လွန်ခြင်း၏ကမ္ဘာတစ်ဖက်သို့ ရောက်ရှိကုန်ပြီဖြစ်သည်။ ရောက်ရာအရပ်တွင် ဆရာတပည့်နှစ်ယောက် ထောက်လှမ်းရေး ပညာဖြင့် အင်ပါယာသစ်တစ်ခု ထူထောင်နေရန် ကြိုးပမ်းနေမည် လား။ ဆိုရှယ်လစ်စနစ်နှင့် တိုင်းပြည်ထူထောင်ခဲ့ရာတွင် မအောင် မြင်ခဲ့သဖြင့် မြန်မာ့နည်းမြန်မာ့ဟန်စနစ်တစ်ရပ်ဖြင့် အကောင် အထည်ဖော်ဖို့ (သို့) စိတ်မကျေပွဲနွှဲဖို့ ကြိုးပမ်းနေကြမည်လား။ သို့တည်းမဟုတ် မမြဲသောအနိစ္စတရား၏သဘောကိုသိမြင်ပြီး ရုပ်၊ နာမ်ချုပ်ငြိမ်းရာ နိဗ္ဗာန်ရွှေပြည်သို့မျှော်မှန်းပြီး ကျင့်ကြံအားထုတ် နေမည်လား သိချင်စမ်းပါဘိ။

❖❖❖

## ဗိုလ်မှူးချုပ်တင်ဦး၏ နောက်ဆုံးနေ့များ

ဗိုလ်မှူးချုပ်တင်ဦးသည် စီးပွားရေးပညာကို ရန်ကုန် တက္ကသိုလ်တွင်သင်ယူခဲ့ရုံမျှမကဘဲ ၎င်းကိုယ်တိုင်လည်း စီးပွားရေးနှင့် နိုင်ငံရေးကို အလွန်စိတ်ဝင်စားသူတစ်ဦးဖြစ်ပါသည်။ စိုက်ပျိုးရေး





လမ်းစဉ်ပါတီခေတ်က တစ်ခွဲဟု ကျော်ကြားခဲ့သည့် ဗိုလ်မှူးချုပ် တင်ဦး

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး(၁)ဘ၀ နိုင်ငံတော်အကြီးအကဲနှင့်အတူ နိုင်ငံခြားခရီးစဉ်တစ်ခုတွင်ဇနီးနှင့်အတူ အမှတ်တရ



မွေးမြူရေးနှင့် ပတ်သက်၍လည်း စာအုပ်အမျိုးမျိုးကိုဖတ်ပြီး ကိုယ်တိုင်လက်တွေ့စမ်းသပ်လုပ်ကိုင်ခဲ့သူဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားခဲ့သောနိုင်ငံဖြစ်သဖြင့် တောင်သူလယ်သမား၏ လူနေမှုအဆင့်မြင့်မားလာမှသာ အမှန်တကယ် တိုးတက်သော နိုင်ငံတစ်ခုဖြစ်လာနိုင်မည်ဟု ယုံကြည်သူလည်း ဖြစ်ပါသည်။ တောင်သူလယ်သမားများ၏ ဘ၀အခြေအနေတိုးတက်လာရန် လုပ်ဆောင်ရာတွင် ၎င်းတို့၏ ဘ၀နှင့် ဆက်စပ်နေသည်များကိုလည်း တပြေးညီလုပ်ဆောင်ပေးသွားရမည်ဟု နားလည်ထားသူဖြစ်ပါသည်။ သူ့ပို၍ နားလည်သည်မှာ "သူလုပ်လိုသောအရာများကို ဗိုလ်ချုပ်ကြီးနေဝင်း၏ သဘောတူညီချက်ရရှိမှသာ လုပ်ဆောင်နိုင်မည်" ဟူသောအချက်ဖြစ်ပါသည်။ ထိုသဘောတူညီချက်ရရှိရန်အတွက်ကိုလည်း ဆရာလုပ်သကဲ့သို့မဖြစ်အောင် အချိန်ယူပြီး အခါအခွင့်သင့်သည့်အခါများတွင် တင်ပြပြီး လုပ်သွားရမည်ဖြစ်ကြောင်းကိုလည်း အထူးနားလည်သူဖြစ်ပါသည်။

လုပ်ရမည့်အလုပ်များကို နားလည်သော်လည်း လုပ်ချင်တိုင်း လုပ်၍မရသည်ကို သိရှိထားသဖြင့် အခြားသူများကိုလည်း ကိုယ်ချင်းစာတတ်သူဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းကို အလွန်နားလည်ပြီး ဗိုလ်ချုပ်ကြီး၏ ကောင်းကျိုးအတွက်လည်း အထူးဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ သို့ရာတွင် ရှေ့မှသွားလေသူများ၏ အကြောင်းကိုလည်း ကောင်းစွာသိခဲ့သူဖြစ်၍ တစ်နေ့နေ့တွင် သူလည်း ထိုလမ်းကို လိုက်ပါရမည်ဟု နားလည်ထားကြောင်းကို ထောက်လှမ်းရေးမှအရာရှိများနှင့် အေးအေးဆေးဆေး ရင်ဖွင့်တိုင်း ဖွင့်ဟခဲ့ပါသည်။ အချို့ခပ်အေးအေးပုဂ္ဂိုလ်များက "မဖြစ်နိုင်ပါဘူး။ ဗိုလ်ချုပ်ကြီးရဲ့ဘ၀ဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာဝပဲ။ သူ့ဘာဝဟာလည်း ဗိုလ်ချုပ်ဘာဝပဲ။ သားသမီးရင်းထက် တောင်အရေးပါနေတဲ့သူပဲ။ ၎င်းထင်သလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး'' ဟူ၍ ထင်မြင်ချက်ပေးခဲ့ကြပါသည်။ ထိုသို့ အကျဉ်းအကြပ်အခြေအနေမျိုးတွင်မှာပင် ''ကျွန်တော်လုပ်နိုင်သ၍တော့ တိုင်းပြည်အကျိုးနဲ့ ဗိုလ်ချုပ်ကြီးရဲ့အကျိုးအတွက်ကို လုပ်ပေးသွားမယ်လို့ သံန္နိဋ္ဌာန်ချထားတယ်ဗျာ'' ဟူ၍ မကြာခဏပြောလေ့ရှိခဲ့ ပါသည်။ လုပ်လည်း လုပ်ခဲ့သူဖြစ်ပါသည်။

၁၉၇၀ ခုနှစ်များနောက်ပိုင်းတွင် ထောက်လှမ်းရေးမှ အရာရှိများအား ဝန်ကြီးဌာနများသို့ပို့ခဲ့ပါသည်။ ထိုသို့ပို့ခဲ့သူများအားလည်း သေချာစွာ ညွှန်ကြားပြီးမှ စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ ''ခင်ဗျားတို့ကိုပို့တာ အဓိကကတော့ အလုပ်လုပ်နိုင်အောင်လို့ပဲ။ ခင်ဗျားတို့လည်း အကျိုးရှိနိုင်သလို တိုင်းပြည်အတွက်လည်း အကျိုးရှိနိုင်တယ်။ ခင်ဗျားတို့ကို ဆရာလုပ်ဖို့ ပို့တာမဟုတ်ဘူး။ အလုပ်ကို သေသေချာချာနားလည်အောင် ကြိုးစား။ ဝန်ထမ်းအများစုရဲ့ လေးစားမှုကို ရအောင်လုပ်။ ဝန်ကြီးကစပြီး လက်ခံလာအောင် ဆက်ဆံရေးကို အထူးဂရုစိုက်ပါ။ ခင်ဗျားတို့မှာ ထောက်လှမ်းရေး အတွေ့အကြုံတွေ ထောက်လှမ်းရေးပညာတွေ ရှိပြီးသားပဲ။ အရပ်ဘက်က လူတွေလက်ခံနိုင်အောင်လို့ ဘွဲ့ရပြီးသူတွေ ရွေးပို့တာပဲ။ အခက်အခဲရှိရင် ဝန်ကြီးကို သဘောပေါက်အောင်တင်ပြပြီး စိတ်ရှည်ရှည်နဲ့ သည်းခံပြီး ဆောင်ရွက်ပါ။ ထူးခြားတဲ့အခြေအနေရှိရင် တင်ပြပါ။ ကျန်တာတွေကတော့ ခင်ဗျားတို့မှာ အတွေ့အကြုံရှိပြီးသားပဲ၊ လုပ်သင့်တာကိုလုပ်သွားကြပါ'' ဟူ၍ မှာကြားပြီး တာဝန်ထမ်းဆောင်ရမည့် ဝန်ကြီးဌာန၏အခြေအနေအရပ်ရပ်ကို ရှင်းပြပြီးမှ





စေလွှတ်လေ့ရှိပါသည်။

နိုင်ငံခြားသို့ တာဝန်ဖြင့် သွားရောက်ကြရသည့်အခါများတွင်လည်း ''ခင်ဗျားတို့ ထောက်လှမ်းရေးက လူတွေဆိုတာကို မေ့မသွားကြနဲ့။ ကိုယ့်ဆိုင်ရာအလုပ်အတွက် လေ့လာသလို ဆက်စပ်တွေ့ကြုံရတာတွေကိုလည်း တိုင်းပြည်အတွက် အကျိုးရှိတာတွေဖြစ်ရင် လေ့လာခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေကိုတင်ပြပြီး၊ တင်ပြရင်လည်း ဆရာလုပ်သလိုမဖြစ်စေနဲ့။ အကြံပေးတဲ့သဘော၊ ကြုံကြိုက်လို့လက်ဆောင်ပါးတဲ့သဘောမျိုးနဲ့ တင်ပြနိုင်အောင် ကြိုးစားကြ'' ဟူ၍ မှာကြားလေ့ရှိပါသည်။ ထောက်လှမ်းရေးမှ အရာရှိများကလည်း ၎င်းမှာကြားသည့်အတိုင်း လေ့လာတင်ပြခဲ့ကြပါသည်။

ထိုသို့တင်ပြချက်များတွင် မည်သည်ကနောင်ကြိုးမှမရှိဘဲ နိုင်ငံအတွက်အကျိုးရှိနိုင်မည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းနှင့် ပတ်သက်ပြီး ရနိုင်သောအခွင့်အလမ်းများကို ရရှိအောင်လုပ်ဆောင်ရေး၊ ကမ္ဘာ့ဘဏ်နှင့် အာရှဘဏ်များ၏ အကူအညီကို မှန်မှန်ရရှိနိုင်ရေး၊ နိုင်ငံတကာနှင့်ဆက်ဆံပြီး မိမိနိုင်ငံအတွက် မထိခိုက်ဘဲ ရရှိနိုင်သော အခွင့်အလမ်းမှစ၍ အကျိုးရှိနိုင်သောသတင်းများကို စုပေါင်းတင်ပြခဲ့ကြပါသည်။ ဝန်ကြီးဌာနများက လုပ်ဆောင်ခြင်းမရှိသည့်ကိစ္စများကို ဗိုလ်ချုပ်တင်ဦးအား တင်ပြသောအခါတွင် ''ခင်ဗျားတို့ တင်ပြတာကို ကျွန်တော်သိတယ်။ ဆန္ဒမစောကြနဲ့။ လုပ်နိုင်တဲ့အခွင့်အလမ်းပေါ်တဲ့အခါမှာ လုပ်ကြလိမ့်မယ်။ ဝန်ကြီးတွေလည်း လုပ်ချင်တိုင်းလုပ်လို့ရတာမဟုတ်ဘူး'' ဟူ၍ ပြန်ပြောပြတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားငွေရရှိရန် အကြောင်းပြချက်ဖြင့် သစ်တောများ ပြုန်းသွားသလောက်နီးနီး ဖြစ်နေခြင်းများ၊ သစ်များကို ကုန်ချော အဖြစ်ပို့လျှင် များစွာပို၍ အကျိုးရှိနိုင်သော်လည်း သစ်လုံးလိုက်ပို့ နေရသဖြင့် နစ်နာနေခြင်းများ၊ သစ်စက်များကို နိုင်ငံခြားမှ အကူအညီဖြင့်တည်ဆောက်နိုင်ခြင်းများကို တင်ပြသောအခါတွင် "အဲဒီကိစ္စကို သူသိကြောင်း သက်ဆိုင်ရာဝန်ကြီးလည်းသိကြောင်း အခြေအနေပေးလာရင်တော့ လုပ်နိုင်တော့မည့်အကြောင်း" များကို ပြန်၍ရှင်းပြခဲ့ပါသည်။ အရာရှိတစ်ဦးက နိုင်ငံခြားမှ အကူအညီရနိုင် ကြောင်းများကို တင်ပြသောအခါတွင် ဗိုလ်ချုပ်တင်ဦးက ဒေါပွပွနှင့် ရင်ဖွင့်ပါတော့သည်။ "ရမှန်းတော့ ကျုပ်လည်း သိတာပေါ့ဗျ။ လုပ်လို့ရမယ်ဆိုရင် စက်မှု (၁) ဝန်ကြီး ဗိုလ်မှူးကြီးချိန်နဲ့ တိုင်ပင် လို့ပြောမှာပဲ။ ကိုချိုကလည်း သူမှာခိုင်းထားတာတွေရှိပြီးသားဆိုတော့ ခုလောလောဆယ်တော့ မဖြစ်နိုင်သေးဘူး။ နောက်မှ ဖြစ်နိုင်မှာပဲ လို့ပြန်ဖြေမှာပဲ။ ကျုပ်လည်း အရင်တုန်းက ကိုချိုကို အထင်တောင် မှားခဲ့တယ်။ ဒီနိုင်ငံမှာ စက်မှုမထွန်းကားအောင် လိမ်လိမ်မာမာနဲ့များ အဖျက်လုပ်ငန်း လုပ်နေသလားလို့တောင် ထင်ခဲ့မိတယ်။ သူ့ကို ဆိုရင်လည်း နိုင်ငံကြီးတွေက စက်ရုံအလုပ်ရုံတွေ တည်ဆောက် ပေးဖို့ ကမ်းလှမ်းတာတွေရှိတာပဲ။ သူလုပ်ချင်တာလုပ်လို့မရလို့သာ လိမ်လိမ်မာမာနဲ့ ငြင်းထုတ်ခဲ့ရတာချည်းပဲ" ဟူ၍ပြောခဲ့ပါသည်။

ဖရီးထရိတ် (Free Trade) ခေါ် စက်မှုနိုင်ငံကြီးများက လုပ်အားခသက်သာမှုရှိသည့် နိုင်ငံများတွင် စက်ရုံများတည်ပြီး ကုန်ပစ္စည်းထုတ်လုပ်သောလုပ်ငန်းများကို မလေးရှား၊ ထိုင်ဝမ် အစရှိသည့်နိုင်ငံများ၌ အများအပြား လေ့လာတွေ့ရှိရပါသည်။ ထို





လုပ်ငန်းမှာ မြန်မာနိုင်ငံနှင့်အလွန်သင့်တော်ကြောင်း တွေ့ရှိရပါသည်။ မိမိနိုင်ငံအနေနှင့်ကျွမ်းကျင်သောအလုပ်သမားများ ရရှိလာနိုင်ခြင်း၊ အလုပ်လက်မဲ့ပြဿနာကိုဖြေရှင်းနိုင်ခြင်း၊ လေဆိပ်၊ ရေဆိပ်နှင့် အလုပ်သမားများအတွက် အခကြေးငွေများကို နိုင်ငံခြားဝင်ငွေဖြင့် ရရှိနိုင်ခြင်း စသည့်အကျိုးများကို ရရှိမည်ဖြစ်ပါသည်။ သွင်းလာသော ကုန်ကြမ်းများကို ကြီးကြပ်စစ်ဆေးပြီးပြန်ထွက်သွားသော ကုန်ချော ပစ္စည်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးနိုင်သဖြင့် မှန်မကန်လုပ်၍ မရနိုင်ပါ။ မီးလောင်ခြင်း၊ ခိုးယူခံရခြင်းများစွာရှိပါကလည်း သေချာ စွာစစ်ဆေးအရေးယူနိုင်ပါသည်။ အကောက်ခွန်မဲ့သွင်းခွင့်ပြုခြင်းသည် သတ်မှတ်ထားသော စက်ရုံအတွက်သာဖြစ်၍ စက်ရုံမှအပသို့ တစ်နည်းနည်းနှင့်ထွက်သွားလျှင် အကောက်ခွန်ဥပဒေအရ အရေး ယူခံရမည်သာဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော မလေးရှား နိုင်ငံတွင် အထက်ပါလုပ်ငန်းမျိုးများမှာ အထူးပင် အောင်မြင်မှုရရှိ နေကြောင်း သိရပါသည်။

မိမိနိုင်ငံမှ အရင်းအနှီးမထုတ်နိုင်သေးသောကာလတွင် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်မှုရနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ယင်းသို့မလုပ်ဆောင်နိုင်ရခြင်း၏ အကြောင်းအရင်းကို ပြန်၍ လေ့လာသောအခါတွင် ဗိုလ်ချုပ်ကြီး နေဝင်း၏ သဘောတူညီချက်မရရှိသေး၍ မလုပ်နိုင်ခြင်းဖြစ်ကြောင်း သိလာရပါသည်။

အချို့လုပ်ငန်းများမှာ ကြိုးနီစနစ်ကြောင့်လည်းကောင်း ဝန်ကြီးအချို့၏ အားနည်းချက်များကြောင့် လည်းကောင်း အကောင်



www.burmeseclassic.com

www.burmeseclassic.com



အထည်မဖော်နိုင်ဘဲ တိုင်းပြည်အတွက် အကျိုးအမြတ်မရရှိခဲ့သည်များ ရှိခဲ့ပါသည်။ ဥပမာအားဖြင့် ပို့ကုန်တိုးမြှင့်ရေးအတွက် တွန်းအားပေးနိုင်ရန် အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ခဲ့ခြင်းမျိုး ရှိခဲ့ပါသည်။ စတင်လုပ်ရာတွင် မည်သည့်ဝန်ကြီးကမှ တာဝန်မယူခဲ့ဘဲ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ကြည်သိန်းအား ဥက္ကဋ္ဌအဖြစ်ခန့်အပ်၍ ဆောင်ရွက်စေခဲ့ပါသည်။ ဗိုလ်မှူးကြီး ကြည်သိန်းသည် တပ်မတော်လူဟောင်းဖြစ်ပြီး ဆက်ဆံရေးကောင်းမွန်သောကြောင့် လုပ်ငန်းမှာ အားရစရာကောင်းအောင် အောင်မြင်ခဲ့ပါသည်။ ထိုအခါတွင်မှ ဝန်ကြီးအဖွဲ့က တာဝန်ယူဆောင်ရွက်မည်ဆိုကာ ကုန်သွယ်ရေးဝန်ကြီးကို ဥက္ကဋ္ဌခန့်၍ ပို့ကုန်တိုးမြှင့်ရေးကို ဆက်လက်ဆောင်ရွက်ပါသည်။ ဝန်ကြီးသည် ဝန်ကြီးလေသံနှင့် အာဏာသုံးလာသော်အခါတွင် ဌာနအသီးသီးမှ အကြီးအကဲများသည် အစည်းအဝေးပင် မတက်ရောက်ကြတော့ဘဲ အထက်တန်းစာရေးလောက် အရာရှိငယ်လောက်သာ တက်ရောက်ကြပါတော့သည်။ ထိုနှစ်မှစ၍ လုပ်ငန်းကျဆင်းခဲ့ရာ ကမ္ဘာ့စီးပွားရေးကို ထပ်ခါတီလဲအကြောင်းပြရသည်အထိ ပို့ကုန်အခြေအနေ ဆိုးဝါးသွားခဲ့ရပါသည်။

ကုလသမဂ္ဂနှင့် ယင်းလက်အောက်ခံအဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ထမ်းများ ရွေးချယ်ခန့်အပ်လေ့ရှိပါသည်။ ထိုအဖွဲ့အစည်းများတွင် မိမိနိုင်ငံမှ လူခံများရှိလျှင် လုပ်ငန်းလုပ်ရာ၌ ပိုမိုလွယ်ကူမှုရှိနိုင်ပါသည်။ အခြားနိုင်ငံများက ဝန်ထမ်းများ ခန့်ထားနိုင်အောင် ကြိုးစားကြသလောက် မြန်မာနိုင်ငံများမှ တာဝန်ခံများမှာမူ စိတ်ဝင်စားမှုမရှိခဲ့ကြပါ။ အလုပ်ခန့်အပ်လွှာရထားသူများပင် မြန်မာ့နိုင်ငံ နိုင်ငံခြားရေးရုံးမှ ထောက်ခံခြင်းမပြုသဖြင့် လက်လွှတ်





ခဲ့ရပါသည်။ တစ်ခါက ပိုလန်နိုင်ငံတွင် ပိုလန်သူများနှင့် အိမ်ထောင်ကျကြပြီး ဒေါက်တာဘွဲ့၊ မာစတာဘွဲ့များစသည့် ပါရဂူဘွဲ့များဖြင့် ကုလသမဂ္ဂမှစပြီး အခြားနိုင်ငံကြီးများက အလုပ်ခန့်အပ်ထားရသူများ ရှိခဲ့ကြပါသည်။ သို့သော်လည်း နိုင်ငံခြားရေးရုံးမှ ထောက်ခံချက်မပေးသဖြင့် အလုပ်လက်မဲ့များ ဖြစ်နေခဲ့ကြရပါသည်။ ယခင်စီမံ/ဘဏ္ဍာ ဒုဝန်ကြီး ဗိုလ်မှူးကြီးအေးကို သွားရောက်ခဲ့စဉ်က တင်ပြကြသဖြင့် ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီး ဦးလေးမောင်ထံသို့ ဆက်လက်တင်ပြရာ ချက်ချင်းလုပ်ပေးခဲ့၍ အလုပ်များရခဲ့ကြကြောင်း သိရပါသည်။

နိုင်ငံခြားရေးရုံးလိုရုံးများတွင် လူကြီးတစ်ဦး၏ သားတစ်ယောက်သည် နိုင်ငံခြားသံရုံးများတွင် သံအမတ်ကြီးထက် တန်ခိုးကြီးပြီး လုပ်ချင်ရာလုပ်ခဲ့သည်အထိဖြစ်ခဲ့ပါသည်။ လူကြီး၏သားဖြစ်၍ ဝန်ထမ်းတိုင်းက အလွန်ကြောက်ကြရပြီး သူခိုင်းသမျှ လုပ်ပေးခဲ့ကြရသည်။ ယင်းကဲ့သို့ မလိုလားအပ်သော အကြောင်းများကို ဗိုလ်မှူးချုပ်တင်ဦးအား တင်ပြကြသည့်အခါတွင်လည်း သည်းခံကြရန်သာ ပြောကြားခဲ့ပါသည်။ သူ၏အဖြေမှာ "ခင်ဗျားတို့ အရင်တက်ကိုသွားကတည်းက မှာလိုက်တယ် မဟုတ်လား။ ဘာမဆို လုပ်ချင်ရာကို ဇွတ်မလုပ်နဲ့။ မှူးကိုအရင်ချဖို့ တိုင်ပင်ပြီးလုပ်ကြ။ မှူးချပြီးမှ မှူးအတိုင်းလုပ်နိုင်မှလုပ်ကြလို့ ကျုပ်ပြောခဲ့တာ မှတ်မိတယ် မဟုတ်လား။ အဲဒါမျိုးတွေဖြစ်မှာစိုးလို့ပဲ။ မှူးနဲ့လုပ်ရင် အဲဒီလိုကောင်တွေ ဘယ်ရှိနိုင်မလဲ" ဟူ၍ဖြစ်ပါတယ်။

မှူးချ၍လုပ်ရာတွင်လည်း အခက်အခဲများ များစွာရှိခဲ့ကြကြောင်းသိရပါသည်။ ဥပမာ ဝန်ထမ်းခန့်ထားရေးတွင် ယှဉ်ပြိုင်၍



www.burmeseclassic.com

www.burmeseclassic.com



အရွေးခံစေရန် စနစ်တကျ စီစဉ်ခဲ့ကြရပါသည်။ ရေးဖြေစာမေးပွဲကို မအောင်လျှင် မည်သူ့ကိုမှမရွေးချယ်ရန် ဖြစ်ပါသည်။ သို့သော်လည်း ချွင်းချက်မရှိဘဲမှ မစစ်ဆေးဘဲ ခန့်အပ်မပေးသဖြင့် လူကြီးများ၏ ငြိုငြင်ခြင်းကိုခံခဲ့ကြရသည်။ ဗိုလ်ချုပ်ကြီးနေဝင်းအား ဦးစားပေးရသော အလေ့အထသည် လူကြီးမှန်က ဦးစားပေးရမည့် အလေ့အထ အဖြစ်သို့ ရောက်ရှိသွားခဲ့သဖြင့် လူကြီးတိုင်းက ဦးစားပေးခံချင်လာကြကြောင်းကို တွေ့ရှိခဲ့ရပါသည်။

ထောက်လှမ်းရေးမှအရာရှိများ ဝန်ကြီးဌာနအသီးသီးသို့ ရောက်ရှိကြပြီးနောက် လုပ်ငန်းများအထူး အောင်မြင်ခဲ့ကြပါသည်။ သို့သော်လည်း ဗိုလ်ချုပ်တင်ဦး၏ မူချ၍ စနစ်တကျဆောင်ရွက်စေမှုကြောင့် လူကြီးအများ၏ မကျေနပ်မှုကို ခံခဲ့ကြရပါသည်။ ဗိုလ်ချုပ်တင်ဦးအားလည်း အင်ပါယာချဲ့သည်။ သူ့လူတွေကို နေရာပေးသည်ဟူ၍ အမျိုးမျိုးပုတ်ခတ်ခြင်းကိုခံလာခဲ့ရပါသည်။ ယင်းကိစ္စများကို ဗိုလ်မှူးချုပ်တင်ဦးအား တင်ပြသောအခါတွင် "ခင်ဗျားတို့ တာဝန်ထမ်းဆောင်တဲ့အတွက် ဌာနတွေမှာ တကယ်အကျိုးရှိသလား။ မရှိဘူးလား ဝန်ထမ်းအများစုရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုရသလား။ မရဘူးလားဆိုတာ ကျုပ်ကို မှန်မှန်ပြောစမ်း" ဟု ပြန်မေးတတ်ပါသည်။

အမှန်အကျိုးရှိကြောင်း ဝန်ထမ်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်းရကြောင်း။ ဥပမာအားဖြင့် အကောက်ခွန်ဦးစီးဌာနဆိုလျှင် ထောက်လှမ်းရေးအရာရှိများ မရောက်ရှိမီ ၁၉၇၃ ခုနှစ်အထိ နိုင်ငံတော်က သတ်မှတ်ထားသော အခွန်တော်ငွေများကို ရရှိအောင် ကောက်ခံနိုင်သောနှစ် တစ်နှစ်မှမရှိကြောင်း အရာရှိများရောက်ရှိပြီး





နှစ်စဉ်ပင် ပြည့်မီရုံမကဘဲ ပိုမိုကောက်ခံနိုင်ခဲ့ကြောင်း။ ဖမ်းဆီးမှုရာခိုင်နှုန်းမှာလည်း များစွာမြင့်တက်ခဲ့ကြောင်း။ အာရှတိုက်တွင် သံတမန်များအမည်ဖြင့် မှောင်ခိုတင်သွင်းမှုများကို ပထမဦးစွာ အောင်မြင်အောင် ဖော်ထုတ်နိုင်ခဲ့သောနိုင်ငံဖြစ်ခဲ့ကြောင်း။ မိမိနိုင်ငံ၏ တရားဥပဒေများကို မလေးစားဘဲ အကောက်ခွန်မဲ့ သွင်းခွင့်ပြုထားသည့် သံရုံးကားများကို ခွင့်ပြုချက်မရယူဘဲ ရောင်းဝယ်မှုများကို ထိရောက်စွာအရေးယူနိုင်ခဲ့ခြင်း များရှိခဲ့သဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာ တက်ခဲ့ကြောင်း။ အခြားဌာနများတွင်လည်း အလားတူအောင်မြင်မှုများ ရရှိခဲ့ကြောင်းကို ပြန်လည်တင်ပြသောအခါတွင် "ခင်ဗျားတို့ကို လွှတ်ကတည်းက တိုင်းပြည်အတွက်အကျိုးရှိဖို့ ပါလို့ပြောထားခဲ့သားပဲ အကျိုးရှိရင် ဘာဖြစ်လို့ ဆက်မလုပ်ရတာလဲ။ မလုပ်လည်း ပြုတ်ချင်တဲ့နေ့ပြုတ်မှာပဲ လုပ်လည်းပြုတ်ချင်တဲ့နေ့ပြုတ်မှာပဲ။ အဲဒီတော့ လုပ်ရင်းပြုတ်တာ ပိုပြီးမကောင်းဘူးလား။ ဆက်သာလုပ်ကြ" ဟူ၍ ပြောခဲ့ပါသည်။

အခြေခံဥပဒေပြဌာန်း၍ ရွေးကောက်ပွဲများ ပြီးသော အခါတွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ အစိုးရအခြေအနေမှာ အထူး စိတ်ချရလောက်အောင် ခိုင်မာလာသည်ဟု ဆိုနိုင်ပါသည်။ ဗိုလ်ချုပ်ကြီးနှင့်အတူ လုပ်ကိုင်ခဲ့သော လူဟောင်းကြီးအားလုံးကိုလည်း ဖယ်ရှားခဲ့ပြီးဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးနှင့်တစ်ချိန်တည်း နိုင်ငံရေးနယ်ပယ်သို့ရောက်ခဲ့ကြသော နိုင်ငံရေးသမားအများအပြားသည်လည်း ဆန့်ကျင်နိုင်လောက်အောင် အခြေအနေများ မရှိကြတော့ပါ။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ဗိုလ်ချုပ်ကြီး၏ လူကောင်း၊ လူတော်စနစ်အရ လက်ရွေးစဉ်ဖြစ်လာကြသော



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်များသည်လည်း နိုင်ငံရေးအမြင်ရင့်ကျက်သူများ မဟုတ်ကြသဖြင့် လူပိန်းတွေးတွေးပြီး လုပ်လာခဲ့ကြကြောင်းကိုလည်း တွေ့လာခဲ့ရပါသည်။ "သစ္စာရှိဖို့သည်သာ အဓိက၊ ထိုက်တန်သော အရည်အချင်းရှိလာအောင် ကြိုးစားရန်မလို" ဟူသော ယုံကြည်ချက်များလည်း ရှိလာခဲ့ကြပါတော့သည်။ ထိုသို့ယုံကြည်လာကြသည်နှင့်အမျှ အခွင့်ရသမျှကို ရဲတင်းစွာ ယူလာကြပါတော့သည်။

"ဒို့ဟာ ဒီရာထူးမျိုးကို တခြားအစိုးရမျိုးလက်ထက်မှာ ဘယ်ရနိုင်မှာလဲကွ။ ဗိုလ်ချုပ်ကြီးနေဝင်းလို လူမျိုးကြောင့်သာ ဒို့ဟာ ဒီအခြေအနေမျိုးကို ရလာခဲ့တာပဲ။ သူ့အပေါ်မှာ သစ္စာရှိဖို့ကလွဲရင် ဘယ်သူ့မှ သစ္စာရှိဖို့မလိုဘူးကွ" ဟူ၍ပင် ရဲရဲတင်းတင်း ပြောသူများ ရှိလာခဲ့ကြပါသည်။ နိုင်ငံတော်ကောင်စီမှပြုလုပ်သော ဂေါက်သီးဖလားပွဲများတွင် အချို့လူကြီးများသည် အရည်နည်းနည်းသောက်ပြီးသည်နှင့် ဗိုလ်ချုပ်တင်ဦး ကြားလောက်သောနေရာမှ "ခွေးကို လူမထင်ဘူးကွ" ဟူ၍ပင်စောင်းမြောင်းပြောဆိုခြင်းများရှိလာသည်ကို တွေ့မြင်လာရပါသည်။ ဗိုလ်ချုပ်တင်ဦးသည်လည်း ထက်မြက်သော လူတစ်ယောက်ဖြစ်သဖြင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်များအား အပြတ်ရှင်းခဲ့သည်များရှိခဲ့သည်။ ထောက်လှမ်းရေးအရာရှိများ၏ ညှိနှိုင်းပွဲများတွင် လူများရှင်းလင်းသွားသောအခါ၌ ဗိုလ်ချုပ်တင်ဦးက ထိုပုဂ္ဂိုလ်မျိုးများ၏အကြောင်းများကို ပြောပြတတ်ပါသည်။ ပြီးလျှင် "ဒီလိုလူမျိုးတွေကြောင့် ဗိုလ်ချုပ်ကြီးဟာ ပြည်သူလူထုရဲ့ ဆန့်ကျင်မှုခံရနိုင်တယ်။ တပ်မတော်ကိုလည်း ပြည်သူက အထင်မှားသွားနိုင်တယ်။ ကျွန်တော်ရှိနေသရွေ့တော့ ဒီလိုလူမျိုးတွေကို ရှင်းမှာပဲ" ဟု ပြောင်ပင်ပြောတတ်ပါသည်။





ထိုသို့ပြောင်းလဲလာသော အခြေအနေများသည် ဗိုလ်မှူးချုပ်တင်ဦးအတွက် အလွန်အန္တရာယ်များလှပါသည်။ နိုင်ငံရေးအမြင်မရှိဘဲ ကိုယ်ကျိုးကိုသာ ကြည့်တတ်သူများ၏ မလိုလားအပ်ဆုံးတစ်ဦးဖြစ်လာခဲ့သည်နှင့်အမျှ အန္တရာယ်အလွန်များလှကြောင်းကို ၎င်းကိုယ်တိုင်လည်းသိရှိခဲ့သည်။ ထောက်လှမ်းရေးမှ ရင်းနှီးသူများက သတိပေးသောအခါတွင် "သမိုင်းပေးတာဝန်အရ လုပ်ရတာ ရှောင်သွားလို့ ဘယ်ရနိုင်ပါမလဲဗျာ" ဟူ၍ပြန်ပြောခဲ့ပါသည်။ အေးအေးဆေးဆေးနေသောအခါများတွင် "ကျွန်တော်တို့လူကြီးတွေထဲမှာ ဘဝကိုမေ့လာသူတွေ များလာကြပြီ။ ပဒေသရာဇ်တွေလို ဆွေစဉ်မျိုးဆက် မင်းမျိုးလုပ်ချင်လာကြပြီ။ ကိုယ်လူကြီးဖြစ်သလို ကိုယ့်သားသမီးတွေကိုလည်း လူကြီးဖြစ်အောင် လုပ်ပေးလာကြပြီ၊ အခွင့်အလမ်းမှန်သမျှကို ပြည်သူတွေနဲ့မျှပြီး မခံစားချင်ကြတော့ဘူး။ ဒို့ခံစားထိုက်လို့ခံစားရတာဆိုတာမျိုး ဖြစ်လာကြပြီ။ တိုင်းပြည်ရဲ့ကံကြမ္မာလို့ပဲယူဆရတော့မှာပေါ့ဗျာ" ဟူ၍ပြောတတ်ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ တာဝန်ရှိသူများ၊ ကောင်စီအဆင့်ဆင့်တွင် တာဝန်ရှိသူများနှင့် တပ်မတော်မှ အရာရှိကြီးအချို့တို့သည် အခွင့်အရေးအမျိုးမျိုးကို ရရှိကြပြီး လူတန်းစားအသစ်တစ်ရပ်ကို ထူထောင်ခဲ့ပြီးဖြစ်လာခဲ့ပါသည်။

တာဝန်ကို အဓိကထားရသော တပ်မတော်မှပင် လူကြီးများ၏သားများကို အခြားသောတပ်မတော်အရာရှိများနှင့် အတိအလင်းပင် ခွဲခြားလာကြောင်းသိရပါသည်။ "လူကြီးတွေ စိတ်အနှောင့်အယှက်မဖြစ်အောင်လို့ လူကြီးတွေရဲ့သား အရာရှိတွေကို ရှေ့တန်းကို မပို့တော့" ဟုပင် ထုတ်ဖော်၍ ပြောလာခဲ့ကြပါသည်။ ထိုအရာရှိများ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရှေ့တန်းဆိုသည်မှာ ရန်ကုန်မှအပဖြစ်သော အေးချမ်းသော မြို့များသို့ စေတီမျှပို့ခြင်းသာ ဖြစ်ပါသည်။ နယ်ဘက်ဝန်ကြီးဌာနများတွင် အထူးရွေးချယ်ခံရသူများအဖြစ်နှင့် ခန့်ထားခဲ့သည်များလည်း ရှိခဲ့ပါသည်။ ခေတ်စားနေသော သဘော်သားအဖြစ်ကိုလည်း လူကြီးများ၏သားများ၊ ဆွေမျိုးများသာ အများဆုံး ရရှိခဲ့ပါသည်။

ပို၍ဆိုးဝါးသည်မှာ အလွန်တည်ငြိမ်သိက္ခာရှိခဲ့သော တက္ကသိုလ်နယ်မြေအတွင်းသို့ မမှန်ကန်သောနည်းများဖြင့် ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။ သာမန်ဉာဏ်ရည်အဆင့်မရှိသူများပင် ဂုဏ်ထူးလေးငါးခုကို ရရှိလာခဲ့ကြသည်။ နိုင်ငံတော်ငွေဖြင့် နိုင်ငံခြားသို့ ဘွဲ့လွန်သင်တန်းတက်ရောက်သူများသည် ဆိုင်ရာစာမေးပွဲမအောင်က မြန်လာကြရပါသည်။ နိုင်ငံတော်က ဆက်လက်၍ ထောက်ပံ့ခြင်းများ မပြုတော့ပါ။ သို့သော်လည်း လူကြီးများနှင့် ပတ်သက်လာသူများကို အကြောင်းအမျိုးမျိုးပြပြီး ဆက်လက်၍ထားခဲ့ကြပါသည်။ ဆက်ထားလျှင်ပင် မအောင်မြင်သောအခါ မိမိနိုင်ငံသို့ပြန်လာပြီး နိုင်ငံခြားတွင် ဘွဲ့လွန်သင်တန်းတက်ခဲ့ပြီး၍ဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံတွင်းမှ ဘွဲ့လွန်သင်တန်းကို အောင်မြင်ပြီးဟု အသိအမှတ်ပြုရန်ပင် စီစဉ်ခဲ့ကြပါသည်။

စီးပွားရေးလုပ်သူများနှင့် ပတ်သက်၍လည်း အလွန်မတရားအခွင့်အလမ်းများ ယူခဲ့ကြပါသည်။ ဝန်ကြီး ဌာနများမှ လုပ်ငန်းများကို အမည်ခံ၍ မိုက်ကြေးခွဲခြင်းဖြစ်ပါသည်။ သာမန်လုပ်ကိုင်စားသောက်သူများ မရရှိနိုင်သည့်လုပ်ငန်းများကို ရအောင်လုပ်ပေးမည်ဟု နားလည်မှုယူ၍ မတန်တဆမိုက်ကြေးခွဲကြပါသည်။

ဥပမာအားဖြင့် လုပ်ငန်းတစ်ခုသည် သိန်းနှစ်ဆယ်ခန့်





အကျိုးရှိမည်ဖြစ်လျှင် ဆယ်သိန်းပေးရမည်ဟု တောင်းပါသည်။ လုပ်မည့်သူကလည်း လုပ်ရမည့်အချိန်၊ အခြားပါတီကောင်စီမှစ၍ ပေးရန်ရှိသည်များကို တွက်ချက်ပြီး ငါးသိန်းခန့်ကျန်မည်။ လေး၊ ငါးခြောက်လအတွင်း အလုပ်ပြီးမည် စသည့် ရနိုင်မည့်အမြတ်များကို တွက်ပြီး အခြားလုပ်ရန်လည်း မလွယ်ကူသဖြင့် မိုက်ကြေးခွဲမှန်း သိလျက်နှင့်ပင် သဘောတူကြရပါသည်။

အလားတူအဖြစ်အပျက်မျိုးမှာ တခါတရံဖြစ်ခြင်းမျိုး မဟုတ်ဘဲ ရဲတင်းစွာ ပွင့်ပွင့်လင်းလင်း လုပ်ဆောင်နေကြခြင်းဖြစ်သည်။ တော်တော်ကြီးကြီး လူကြီးတစ်ဦးကမူ "တခြားလူတွေစားမည့်အစား ကိုယ့်လူတွေစားရရင် ပိုကောင်းတာပေါ့ကွာ" ဟူ၍ပင် မိုက်မိုက်ကန်းကန်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အခွင့်အရေးယူပုံများမှာ "ပြောမရှုံ ကြုံဖူးမှသိမည်" ဟူသော စကားပုံအတိုင်း ဖြစ်ပါသည်။ အခွင့်ထူးခံလူတန်းစားနှင့် ပြည်သူပြည်သားများ၏ အခြေအနေမှာ မိုးနှင့်မြေကဲ့သို့ပင် ကွာခြားလာခဲ့ပါသည်။ ဥပမာအားဖြင့် အခွင့်ထူးခံလူတန်းစားများ အသုံးပြုသောလမ်းကိုသာ ပြုပြင်မြီး ပြည်သူလူအများအသုံးပြုသော မြို့လယ်လမ်းမကြီးများကိုမူ ဖြစ်သလိုထားခဲ့ကြပါသည်။ အများပြည်သူများ ဖြေဖျော်ရသည့် ရုပ်ရှင်ရုံများဆိုလျှင် အခွင့်ထူးခံ လူတန်းစားများ မလာရောက်ကြတော့သဖြင့် ဖြစ်ချင်တိုင်းဖြစ်ခဲ့ရပါသည်။ ရန်ကုန်မြို့လယ်မှ ဂုဏ်ရုံကဲ့သို့သော ရုံသည်ပင် အိမ်သာပမာ စုတ်ပြတ်ညစ်ပေနေပါတော့သည်။

အဆိုးဝါးဆုံးမှာ ပြည်သူပြည်သားများအတွက် ဘဝလုံခြုံရေးဟူ၍ ဘာမျှမရှိတော့ခြင်းပင်ဖြစ်ပါသည်။ အခွင့်ထူးခံလူတန်းစားများမှ

www.burmeseclassic.com



လွှဲ၍ တိုင်းသူပြည်သားများအတွက် နိုင်ငံတွင်းသို့ တရားဝင်တင်သွင်းလာသော ဆေးဝါးဟူ၍ လုံးဝမရှိခဲ့ပါ။ ဘီပီအိုင်မှထုတ်သော ဆေးဝါးများကိုလည်း အခွင့်ထူးခံလူတန်းစားများထံမှ တစ်ဆင့်သာ တန်ဘိုးကြီးစွာ ဝယ်ယူခဲ့ကြရပါသည်။ လူတစ်ယောက်အတွက် တန်ဘိုးအရှိဆုံးသော အသက်ရှင်မှုကိုပင် အာမခံချက်လုံးဝမရှိတော့ပါ။ နိုင်ငံအတွင်းရှိ လုပ်သားပြည်သူအများစုမှာ အခွင့်ထူးခံလူတန်းစားများကဲ့သို့ နိုင်ငံတော်အပေါ် အားထားနိုင်သောအရာဟူ၍ လုံးဝမရှိတော့သော အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

ဤသို့သော အခြေအနေဆိုးကြီးများကို ဒိုင်ခံ၍ပြုပြင်ရန်ကြိုးစားအားထုတ်ခဲ့သူမှာ ဗိုလ်ချုပ်တင်ဦးပင်ဖြစ်ခဲ့ပါသည်။ ဤအခြေအနေဆိုးများဖြစ်လာရခြင်း၏အကြောင်းရင်းသည် ၎င်း၏တစ်ဆူတည်းသော ဘုရားဖြစ်သည့် ဗိုလ်ချုပ်ကြီးနေဝင်း၏ ခေါင်းမာမှု၊ မာနထောင်လွှားမှု၊ အမျက်စောင်မာန်ကြီးမှုများကြောင့်သာ ဖြစ်သည်ကို ကောင်းစွာသိရှိခဲ့သည်သာဖြစ်ပါသည်။ ကမ္ဘာ့အခြေအနေအရ နိုင်ငံတကာနှင့် ဆက်သွယ်မှုမရှိဘဲ မဖြစ်နိုင်မှန်းသိသော်လည်းကိုယ်ကျိုးတစ်ခုတည်းသာ အဓိကထားတတ်သော တစ်ဆူတည်းသောဘုရားကြောင့် နိုင်ငံတကာ၏ ဝိုင်းပယ်မှုကိုခံခဲ့ရပါသည်။

ခေါင်းဆောင်ကြီးဖြစ်သူ ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံရေးကစားရာတွင် လက်ဖျားခါရလောက်အောင် တော်သူဖြစ်သော်လည်း ပြည်သူလူထုအပေါ်ထားရှိသော စေတနာမှာ ခေါင်းပါးလှသဖြင့် ပြည်သူတစ်ရပ်လုံးမှာ ဒုက္ခမျိုးစုံကို ကုန်းရုန်း၍ ခံခဲ့ကြရပါသည်။ ပြည်သူလူထုကို အံ့အားသင့်သွားအောင် အခြားနည်းဖြင့် နိုင်ငံရေး မျက်လှည့်ပြရန်မရှိတော့သဖြင့် သူ့အား အစဉ်ကျိုးနွံသစွာ





ရှိခဲ့သူများကို ရက်စက်စွာ ပစ်ပယ်ခဲ့သည့်အတိုင်း ဗိုလ်ချုပ်တင်ဦးကိုလည်း ဝိုင်းပယ်လိုက်ပါတော့သည်။

ဗိုလ်မှူးချုပ်တင်ဦးသည် မျှော်လင့်ထားသည့်အတိုင်းဖြစ်လာခြင်းဖြစ်သဖြင့် များစွာထိခိုက်ပုံမရခဲ့ပါ။ သို့သော်လည်း ၎င်းအားအကျဉ်းချ၍ အမှုစစ်နေစဉ်ကာလတွင် အမှုအကြောင်းအရာများကို သတင်းစာများတွင် ဖတ်၍အကြီးအကျယ် ဒေါကန်ပါတော့သည်။ ၎င်း၏ထံသို့ မှန်မှန်သွားရောက်ခဲ့သော ညီဖြစ်သူ ဦးအောင်ခင်အား "ဒါကိုနိုင်ငံရေးအရ သတ်ရင်ခံနိုင်တယ်ကွာ။ အခုတော့ ကလေးကလား အကျင့်စာရိတ္တအရ သတ်တာမျိုးတော့ မခံနိုင်ဘူး။ ဒါကိုတော့ဆန့်ကျင်ရမှာပဲ"ဟုဖွင့်၍ပြောခဲ့ပါသည်။ ဦးအောင်ခင်သည် တရားသမားတစ်ဦးဖြစ်၍ သည်းခံရန်နှင့် တရားနှင့်ဖြေရန် ပြန်ပြောခဲ့ကြောင်းသိရပါသည်။ သို့သော်လည်း မကြာမီမှာပင် ဗိုလ်ချုပ်တင်ဦးကတရားသူကြီးအဖွဲ့သို့ ပြင်ပပုဂ္ဂိုလ်များ၏ရှေ့မှောက်တွင် မဟုတ်ဘဲသီးခြားတွက်ဆိုခွင့်ပြုရန် တောင်းခံထားကြောင်း ပြောပြပါသည်။

ဦးအောင်ခင်က "သတင်းစာတွေမှာပါဝင်တဲ့ အမှုအကြောင်းအရာတွေဟာ စဉ်းစားကြည့်တတ်သူများအတွက် မဖြစ်နိုင်ကြောင်းကို နားလည်နိုင်ပါတယ်၊ တပ်မတော်မှာ အဆင့်ဆင့်ခွင့်ပြုချက်ရရှိပြီးမှသာ လုပ်ငန်းများ လုပ်ဆောင်နိုင်တာကို နားလည်နိုင်ပါတယ်။ သိန်းပေါင်းများစွာတန်ကြေးရှိတဲ့ လုပ်ငန်းတွေအတွက် လုပ်ဆောင်ထားချက်များဟာလည်း အထင်အရှားရှိပါတယ်၊ ဒါကြောင့် အကျင့်စာရိတ္တကိုထိခိုက်နိုင်ဖို့မရှိပါဘူး" ဟု ရှင်းပြကြောင်းသိရပါသည်။ ဗိုလ်ချုပ်တင်ဦးသည် သမိုင်းလေ့လာသူတစ်ဦးဖြစ်၍ ဦးအောင်ခင်အား "အခုလောလောဆယ်မှာ သိရှိသူအချို့ရှိလို့ အမှန်ကိုသိရှိနိုင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နောင်နှစ်ငါးဆယ်၊ တစ်ရာဖြစ်လာတဲ့အခါမှာ ကိုယ်သာ တရားခံကြီး ဖြစ်သွားမှာပဲ။ ကိုယ်ကျင့်တရားကြောင့်ဆိုတဲ့အဖြစ်မျိုးတော့ အရောက် မခံနိုင်ဘူး။ နိုင်ငံရေးအရဖြစ်တယ်ဆိုတာမျိုးကိုပဲ ပေါ်လွင်အောင် လုပ်မယ်'' ဟုပြောကြောင်း သိရပါသည်။

ဦးအောင်ခင်အား ''အမှန်တရားကို ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးသာ သိတာ။ အမှန်တွေထုတ်ဖော်လိုက်ရင် ဗိုလ်ချုပ်ကြီးဟာ ကျွန်တော့်ကို အကြီးအကျယ်ဒေါပွမှာဘဲ။ သိပ်ပြီးဒေါပွရင် ဘာလုပ်မလဲ ကွပ်မျက်ရုံရှိတာပဲ။ ဒါကြောင့် ဗိုလ်ချုပ်ကြီးနှင့် ကျွန်တော် သိတဲ့ကိစ္စတွေကို တရားရုံးမှာအစစ်ခံမယ်'' ဟူ၍ ရှင်းပြကြောင်း သိရပါသည်။

ဦးအောင်ခင်သည် အလွန်စိုးရိမ်မှုဖြစ်ခဲ့ပြီး ဗိုလ်ချုပ်တင်ဦးနှင့် ရင်းနှီးသူအချို့အားပြောပြသည်ဟု သိရပါသည်။ သို့သော်လည်း ဗိုလ်ချုပ်တင်ဦးကဲ့သို့ ဗိုလ်ချုပ်ကြီးထံသို့ တင်ပြနိုင်သူမရှိသဖြင့် အဖြစ်မှန်ကို ဗိုလ်ချုပ်ကြီး သိရှိနိုင်ခြင်းရှိမည်မဟုတ်ပါ။

ဗိုလ်မှူးချုပ်တင်ဦး ယူဆသည့်အတိုင်းပင် ဗိုလ်ချုပ်ကြီးသည် အလွန်ပင်ဒေါပွခဲ့ကြောင်းသိရပါသည်။ သို့သော်လည်း ဗိုလ်မှူးချုပ်တင်ဦး မျှော်မှန်းသကဲ့သို့ ကွပ်မျက်သည့်အခြေအနေမရောက်ဘဲ တစ်မျိုးတစ်ဖုံ ဖြစ်သွားခဲ့ပါသည်။ ကြုံကြိုက်သည်မှာ ထိုအချိန်က ဗိုလ်မှူးချုပ်တင်ဦးနှင့်ထောက်လှမ်းရေးတပ်ကို သံယောဇဉ်ရှိသော လူကြီးတစ်ဦးက ရင်းနှီးသော ထောက်လှမ်းရေးအရာရှိများကို ပြောပြခဲ့ရာတွင် ဒုက္ခဆိုတာ တစ်ခုတည်း မလာတတ်ကြောင်း၊ စုပြုံပြီး လာတတ်ကြောင်း၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာမျိုးဖြစ်ကြောင်း၊ အခြေအနေအရ လူကြီးများအနေနှင့် ဆုံးဖြတ်ချက်တစ်ခု





ကို အများသဘောတူချခဲ့တာရှိကြောင်း၊ အဲဒါကတော့ တောင်ကိုရီးယားနိုင်ငံမှ ခေါင်းဆောင်များကို မြန်မာပြည်၌ လုပ်ကြံခံရမှုတွင် ထောက်လှမ်းရေးတပ်က တာဝန်ပေါ့လျော့၍ဖြစ်ရကြောင်း၊ ထောက်လှမ်းရေးတပ်၌သာ တာဝန်ရှိကြောင်းကို ဆုံးဖြတ်ပြီး ဗိုလ်ချုပ်ကြီးထံသို့ တင်ပြခဲ့ကြောင်းများကို စိတ်မကောင်းစွာ ပြောကြားခဲ့ပါသည်။ ထိုသို့ တင်မပြလျှင်လည်း မီးခိုးကြွက်လျှောက်လိုက်လျှင် လူကြီးများပါ တာဝန်ရှိနေ၍ဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရသည်။ ထိုသို့ တိုက်ဆိုင်နေသောအကြောင်းများကြောင့် ဗိုလ်မှူးချုပ်တင်ဦး မျှော်လင့်သလို ကွပ်မျက်သည့်အဖြစ်သို့မရောက်ရှိဘဲ ထောက်လှမ်းရေးတပ်များမှ အရာထမ်း အမှုထမ်းအားလုံးကို ထမင်းချက်နှင့် ယာဉ်မောင်းများပါမကျန် အလုပ်မှ ရပ်ဆိုင်းခြင်းခံခဲ့ရပါတော့သည်။

ထောက်လှမ်းရေးတပ်များမှ အမှုထမ်းများမှာ တစ်သက်လုံး သစ္စာကြီးစွာ ကြိုးစားလုပ်ဆောင်ခဲ့ခြင်း များကို မထောက်ထားဘဲ ရက်စက်စွာဖြုတ်ချခံရသဖြင့် ဒုက္ခအမျိုးမျိုးရောက်ခဲ့ရပါသော်လည်း ရဲဘော်အများအပြားသည် ဂျိုးဖြူရေပိုက်ကြီး၌ ဝါးလုံးများတင်၍ သစ်ကိုင်းများခုတ်မိုးပြီးလည်းကောင်း၊ မင်္ဂလာဒုံတပ်များအနီးမှ လှိုဏ်မြောင်းများကို ရှင်းလင်း၍လည်းကောင်း ဖြစ်သလိုနေထိုင်ကြရသူများ အများအပြားပင် ရှိခဲ့ပါသည်။ သစ္စာရှိသူချင်းအတူတူ သစ္စာရှိခြင်း၏ အကျိုးကို မခံစားရဘဲ လူ့အခွင့်အရေးဆုံးရှုံးခြင်းကို ဝန်ထမ်းစည်းကမ်းအရ အရေးယူရန်ဖြစ်သော်လည်း တစ်ပါတီအာဏာရှင်စနစ်၏ဆိုးကျိုးကြောင့် ဘာမျှဖော်ဒကတက်ပိုင်ခွင့်မရှိဘဲ ခေါင်းငုံ့ခံခဲ့ကြပါသည်။ သက်ဦးဆံပိုင်ဘုရင်များခေတ်ထက်ပင် ဆိုးဝါးစွာ ခံစားခဲ့ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## သဘိုရကို အစဉ်ထာဝရမှတ်တော့၊ နှင်းသာအနှာတဖြစ်မည့်

### (တစ်နှင့်တစ်ခွဲအကြောင်း ရေးချင်ရာရေး)

ရေးသူ - အောင်စွမ်း

### တစ်ရံရောအခါက

၁၉၈၉ ပြည့်နှစ်လွန်ကာလများ။ မေလဆန်းလာပြီဖြစ်သော်လည်း မိုးကမရွာသေး။ အာဏာရာဇာ နေမင်းကြီးက အပူရှိန်တွေ ထုတ်လွှင့်ဆဲပင်။ နေကပူ၊ ရင်ထဲကပူနှင့်အပူတွေကြီးနေသော ကျွန်တော်သည် ဆောက်တည်ရာမရဖြစ်ပြီး တစ်စုံတစ်ခု ရှုနိုး၊ တွေရှုနိုးအထင်နှင့် (၄၃) ကားပေါ်က ဆင်းလိုက်သည်။ မှယ်လမု ဘုရားဝင်းထဲသို့ ရောက်ရှိသွားသည်။ အားကိုးအားထားအနေဖြင့် ဘုရားကို တစ်ဝကြီးရှိခိုးဦးတင်လိုက်သည်။ ပရိတ်တွေရွတ်သည်။ မေတ္တာတွေ ပို့သည်။ နိစ္စပါတ်လုပ်ငန်းများ ပြီးဆုံးသွားသောအခါ အရိပ်အာဝါသကောင်းသော တစ်နေရာတွင် အရိပ်ခိုလိုက်သည်။

စိတ်တွေက ပရိုရောက်ဒီရောက်နှင့် တောင်စဉ်ရေမရ ပြေးလွှားခုန်ပေါက်နေသည်။ ကစဉ့်ကလျားဖြစ် နေသော စိတ်တွေကို





ကြိုးစားစုစည်းကြည့်လိုက်သည်။ ယင်းနောက် ပတ်ဝန်းကျင်ကို ဖြန့်ကြက်ကြည့်လိုက်သည်။ ဤတွင် ဆရာစကြာ ကြည့်ဆွေဟူသော ဗေဒင်ဆိုင်းဘုတ်က ကျွန်တော့်အား ဆီးကြိုနေလေသည်။ သို့နှင့် စိတ်ပြေလက်ပျောက်သဘောဖြင့် ဗေဒင်မေးရန် ဟောခန်းအတွင်းသို့ ဝင်လိုက်လေသည်။

နံရံတွင် တန်ခိုးကြီးဘုရားပုံတော်များကို ချိတ်ဆွဲထားပြီး ဘုရားပန်းတွေ ဝေဝေဆာဆာနှင့် အလင်းတိုင်နှင့် အမွှေးတိုင်နှင့် ပူဇော်ထားလေသည်။ ရွှေငှက်ပျော (၃) ဖီး ရွှေအုန်းနှင့် ဘုရားပွဲ ပေးထားလေသည်။ ဆရာစကြာ ကြည့်ဆွေက လယ်ဝေးသား ဖြစ်သည်။ အသားလတ်လတ်၊ အရပ်ပုတ်ပုတ်နှင့် ဖြစ်သည်။ အနေအေးသော်လည်း လေကြောတည့်သွားပါက စကားဖောင်ဖွဲ့တတ်သူမို့ တဒင်္ဂအတွင်း ရင်းနှီးခင်မင်သွားလေသည်။ ဆရာက လက်ရှိအတိုင်း မဟော၊ အာရုံခံဟောပေးသည်။ ရောက်သည့်အချိန်ပေါ်မူတည်၍ တိုင်ထောင်ပြီးဟောပေးသည်။ ဒိုးဒိုးဒေါက်ဒေါက် ဟောပေးသဖြင့် အာရုံငြိစေသည်။ ယကြာ မလုပ်နိုင်။ ဘုရားသာ ပူဇော်လေးစား ညွတ်တွားနိုင်းသဖြင့် စိတ်ထဲကကြိုက်ပြီး လေးစားမိခဲ့သည်။ ဗေဒင်ဟောပြီးသော်လည်း လေပေးဖြောင့်နေသဖြင့် တော်တော်နှင့်မပြန်ဖြစ်။ ထိုနေ့က ကျွန်တော် အိမ်သို့နေချိုမှပြန်ဖြစ်သည်။

ဆရာနှင့်ကျွန်တော် ရင်းနှီးမှုကြာရှည်လာသောအခါ စနေ၊ တနင်္ဂနွေလိုရုံးပိတ်ရက်များတွင် ကျွန်တော့်အား မျှော်နေတတ်လေသည်။ တွေ့လျှင် တည်ဆဲအစိုးရမင်းများ၏ အားနည်းချက်၊ အားသာချက်များကို သူ့ထက်ငါ အပြိုင်ပြောရင်း ရင်ထဲက အခုအခံများကိုကြိတ်ခြေကြသည်။ ကြာသော် သူ၏ မူလဇာတိရပ်ကို မေးပြော



www.burmeseclassic.com

www.burmeseclassic.com



ပဲနှင့် သိရှိလာရသည်။ သူသည် အကြောင်းကြောင်းသော အကြောင်းများကြောင့် တပ်မတော်နှင့် မြစ်ကူးချောင်းခြား ဖြစ်သွားခဲ့ရသူတစ်ဦး ဖြစ်နေကြောင်းကိုလည်း ရိပ်စားမိခဲ့သည်။ ဆရာသည် တရားမဝ္ဖ အရိပ်အာဝါသအောက်သို့ ခိုလှုံရောက်ရှိနေပြီဖြစ်သည့်တိုင် တည်ဆဲ အစိုးရမင်းများအပေါ် မကျေနပ်သည့် အခုအခံစိတ်များက ရှိနေဆဲပင်။ အကြောင်းပေါင်းတိုက်ဆိုင်လာသည့်အခါတိုင်း ထိုအငုပ်စိတ်များသည် ထိုးထိုးထောင်ထောင်နှင့် ရှေ့သို့ရောက်ရှိလာသည်ကိုလည်း တွေ့လိုက်ရလေသည်။

ဆိုကြပါစို့။ တိုင်းပြည်တွင် ဒီမိုကရေစီတော်လှန်ရေးကြီး အရှိန်အဟုန်မြင့်မားလာသောအခါ လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် သူ၏အစိုးရအပေါ် ၎င်း၏အစာမကြေမှုသည် မပုံးနိုင်မဖိနိုင်၊ ဘွားကနဲ ပေါ်လာတော့သည်။ အဆုံးတွင် စာတမ်းအဖြစ် အန်ကျထွက်လာပါတော့သည်။ ထိုစာတမ်းကိုလည်း ကျွန်တော့်အား ပေးဖတ်စေပြီး ဝေဖန်ချက်တောင်းခံပါသည်။

သူ၏စာတမ်းတွင် ဒီမိုကရေစီကျင့်စဉ်နှင့်အတူ တက်ရောက်လာခဲ့သော ဦးနုအစိုးရအား ဖယ်ရှားပြီး ဦးနေဝင်းသည် ဆိုရှယ်လစ်ဆိုင်းဘုတ်ချိတ်ကာ အာဏာရှင်စနစ်ထူထောင်ခဲ့ပုံ၊ အာဏာရှင်စနစ်အဖြစ် ဓားမိုးကာ ခါးတွင်ဗျောက်ထိုးပြီး အုပ်ချုပ်ခဲ့ပုံ၊ ယင်းသို့ ကြုံတောင့်ကြုံခဲ ပွဲတော်ကာလကြီးတွင် အာဏာရှင်အဝန်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ ယင်းတို့နှင့် နီးစပ်သော ပုဂ္ဂိုလ်များသာ အခွင့်အရေးတွေ ရရှိပုံ၊ ပြည်သူအများစု ခါးသီးသော ဘေးဒုက္ခမျိုးစုံကို အလူးအလဲ ခံစားရင်း ဆင်းရဲတွင်းနစ်နေပုံနှင့် သံယံဇာတပေါကြွယ်ဝပါလျက် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ်သို့ ကျရောက်သွားပုံတို့ကို ရေးသား





ထားပါသည်။

၎င်းပြင် သမိုင်းဝင် တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦကို ဖြိုခွင်းခဲ့ပုံ၊ လမ်းစဉ်ပါတီကို ဦးစွာဆန့်ကျင်တောခိုခဲ့သော ဗိုလ်ကြီးကျော်စွာမြင့်၊ ဦးနေဝင်း ဦးဆောင်သော လမ်းစဉ်ပါတီခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခဲ့သော ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ချုပ်ကြီး သူရတင်ဦး၊ မျက်မှန် ဦးတင်ဦးတို့အား ဖြုတ်၊ ထုတ်ပြီး နိုင်ငံရေးအသေသတ်ခဲ့ပုံ၊ ဝိုင်းပယ်ခဲ့ပုံများကို အသေးစိတ်ဖတ်ရှုခဲ့ရပေသည်။

ကျွန်တော်သည် တပ်မတော်အရာရှိဟောင်း စကြာကြည်ဆွေ၏စာတမ်းကိုဖတ်ပြီး မူးနောက်ရီဝေနေလေသည်။ မန္တလေးဘီယာ မသောက်ဘဲနှင့် မူးနောက်နေခြင်းဖြစ်သည်။ မန္တလေးနန်းတွင်းအရေးတော်ပုံ ဇာတ်လမ်းကြီးကို ပြန်ကြည့်နေရသလိုပင် ဖြစ်နေတော့သည်။ အားကြီးသူသာ အနိုင်ယူသည့်သဘောကို ဆင်ခြင်မိလာသည်။ အာဏာသည် အသုံးချတတ်လျှင်ဆေး၊ အသုံးမချတတ်ပါက ဘေးဖြစ်ကြောင်းကိုလည်း ရိပ်စားမိလာသည်။ သို့နှင့် ကျွန်တော်၏ အသိဉာဏ်တစ်ထွာတစ်မိုက်နှင့် အားမနာလျှာမကျိုး ဝေဖန်သမှုပြုခဲ့လေသည်။ ဆရာစကြာကြည်ဆွေသည် ပြုံးပြုံးပြုံးပြုံးနှင့် ကျွန်တော့်အား ကြည့်နေလေသည်။ ဘာမျှတော့မပြောခဲ့။

ထို့ ထိုမျှသဘောထားကောင်းမွန်သော တပ်မတော်အရာရှိဟောင်း စကြာကြည်ဆွေသည် ယခုအခါ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်ပါသည်။ ဦးနေဝင်းအစိုးရ၏ ဇာခန်းဆီးနောက်ကွယ်မှ ဖြစ်ရပ်အချို့ကို ဝေဖန်သမှုပြုထားသည့် သူ၏ စာတမ်းကား ကျွန်တော်၏လက်ထဲတွင် ယနေ့ထက်တိုင် ရှိနေဆဲပြီ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ယင်းစာတမ်းပါ အဖြစ်အပျက်များသည် နှစ်ပေါင်း (၄၀) ကျော် (၅၀) နီးပါးက အဖြစ်အပျက်ဖြစ်၍ သမိုင်းဖြစ်၍သွားလေပြီ။ ယနေ့ကာလကဲ့သို့ ပွင့်လင်းမြင်သာမှုရှိသည့်ကာလတွင် အများပြည်သူအား အသိပေးဖို့အချိန်တန်ပြီဟု ယူဆမိပါသည်။ ထိုသို့ယူဆမိသည့်အလျောက် စာဖတ်ပရိသတ်ရှေ့မှောက်သို့ အရောက်ပို့ဆောင်ပေးလိုက်ပါသည်။ ကျေနပ်နှစ်သိမ့်နိုင်လိမ့်မည်ဟု ယူဆမိပါသည်။

ယနေ့မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံးနိုင်ငံများစာရင်းတွင်ပါဝင်လျက်ရှိနေပြီ။ လွန်ခဲ့သော ၂၅ နှစ်ခန့်အထိ ကမ္ဘာ့စပါးကျီဟူ၍လည်းကောင်း၊ အရှေ့တောင်အာရှတွင် သယံဇာတပစ္စည်း အကြွယ်ဝဆုံးနိုင်ငံ ဟူ၍လည်းကောင်း နိုင်ငံတကာက သိရှိခဲ့ကြသည်။ ၂၅ နှစ်ကျော်ကာလအတွင်း ဘာကြောင့် ဤမျှအခြေအနေ ဆိုးဝါးခဲ့ရပါသနည်း။ "ကြောင်းကျိုးဆက်တရားအရ ဤအကျိုးတရားမျိုး ဖြစ်ပေါ်လာရသည့် အကြောင်းတရားများသည် အများအပြားရှိမည်မှာအမှန်ပင်ဖြစ်ပါသည်။" ယင်းတို့အနက်မှ အဓိကကျသောအကြောင်းတရားများကို သိရှိပါက အနာဂတ်မြန်မာပြည်သစ် ပေါ်ပေါက်လာရေးအတွက် လွန်စွာအကျိုးရှိမည်ဟု ယုံကြည်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့်အရေးအခင်းအားလုံးတွင် နိုင်ငံရေးသည် အဓိကအကျဆုံးနှင့် အခြေခံအကျဆုံးဖြစ်ပါသည်။ နိုင်ငံရေးဦးဆောင်မှု မှန်ကန်သည်နှင့် အမျှ ကျန်အရေးအခင်းများ၏အောင်မြင်မှုကိုလည်း မုချရရှိမည်သာဖြစ်ပါသည်။ နိုင်ငံရေးပိုင်းတွင် သဘောတရားနှင့် လက်တွေ့





ပေါင်းစပ်နိုင်သော နိုင်ငံရေးမျိုးဖြစ်ရပါမည်။ နိုင်ငံရေးကိုဦးဆောင်မှုပေးမည့် ခေါင်းဆောင်ကောင်းသည်လည်း အမှန်ပင်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၅ နှစ်ကျော် ကျင့်သုံးခဲ့သော နိုင်ငံရေးစနစ်ကို မှန်သည်၊ မှားသည်ဟု ဝေဖန်ဆန်းစစ်ကြရန်အတွက် ဆိုင်ရာပညာရှင်များက တာဝန်ယူကြစေလိုပါသည်။ ကျွန်တော့်အနေနှင့်မူ ကျွန်တော် တာဝန်ထမ်းဆောင်စဉ်အတွင်း ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကိုသာ ဖော်ပြလိုပါသည်။ ကျွန်တော်၏အတွေ့အကြုံများကို တင်ပြခြင်းဖြင့် အနာဂတ်မြန်မာပြည်ကို ထူထောင်မည့်သူများအတွက် ဆောင်သင့်သည်များကိုဆောင်ပြီး ရှောင်သင့်သည်များကိုရှောင်ပြီး နိုင်ငံ၏အကျိုးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

ကျွန်တော်၏ တင်ပြချက်များသည် ပုဂ္ဂိုလ်ရေးအရ နစ်နာစေလိုသောဆန္ဒ လုံးဝမပါဝင်ပါ။ ဖြစ်ရပ်အမှန်များကို ကြား၊ သိ၊ တွေ့၊ မြင်ခဲ့ရသည့်အတိုင်းသာ တင်ပြခြင်းဖြစ်ပါသည်။ ကျွန်တော်၏တင်ပြချက်များသည် သမိုင်းအထောက်အထားအနေနှင့်သော်လည်းကောင်း၊ အနာဂတ်ခေါင်းဆောင်များအတွက် အထောက်အကူအဖြစ်နှင့်သော်လည်းကောင်း၊ ကူညီနိုင်မည်ဆိုပါက ကျွန်တော် တင်ပြကျိုးနပ်ပြီဟု ယုံကြည်ယူဆမိပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၂-ခုနှစ်တွင် တာဝန်မှအနားယူခဲ့ရသည့်
ဗိုလ်ချုပ်မှူးကြီးစောမောင်

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့အား အပြီးအပိုင်ဖျက်သိမ်းခဲ့သည့်
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

www.burmeseclassic.com

www.burmeseclassic.com



၁၀၅မိုင်အရေးအခင်းတွင် ထောက်လှမ်းရေးတပ်ဖွဲ့များကို
ပြတ်သားစွာအရေးယူခဲ့သည့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )

## ကျွန်တော်နှင့် တပ်မတော်ထောက်လှမ်းရေးများ

### တပ်မတော်ထောက်လှမ်းရေးနှင့် ကျွန်တော့်ကွပ်ကဲမှုအောက်က Y.C.D.C လှယဥ်ကျေးမယ်တစ်ဦးအကြောင်း

၁၉၉၅-၉၆ ခုနှစ် ကျွန်တော် မြို့တော်စည်ပင်ရောက်တော့ ကျွန်တော့်ကွပ်ကဲမှုအောက်တွင် အောက်ပါဌာနကြီး လေးခုရှိ၏။

အခွန်ဌာန

တိရစ္ဆာန် ဆေးကုနှင့် သားသတ်ရုံများဌာန

ရာဖြတ်ဌာန

ကျန်းမာရေးဌာန

ဌာနမှူးအားလုံးမှာ စစ်ဗိုလ်လူထွက်များဖြစ်ကြ၏။ ဒီခေတ် အခေါ်တော့ မိုးပေါ်ကကျလာသည့် မိုးကျရွှေကိုယ်များပေါ့ ခင်ဗျား

အခွန်ဌာနမှူးက ဗိုလ်မှူးတင်မောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



တိုက္ကဌာနမှူးက ဗိုလ်မှူးသန်းလွင်

ရာဖြတ်ဌာနမှူးက ဗိုလ်မှူးတင်မောင်

ကျန်းမာရေးဌာနမှူးက ဒုဗိုလ်မှူးကြီး နိုင်တင့်စန်း

ဗိုလ်မှူး တင်မောင်မြင့်နှင့် ဒုဗိုလ်မှူးကြီး နိုင်တင့်စန်းတို့မှာ St.Paulian များဖြစ်၍ ရွှတ်ရှက်ဖွတ်ဖက်များ ကောင်းစွာရပြီး အနိုဟိုတို ဘာသာရပ်များ၌ အတော်အစွမ်းထက်သူများ ဖြစ်ကြပါပေသည်။ ကောင်းကောင်းလည်း Dance တတ်ကြ၏။ နာမည်က Johnny နဲ့ Peter တဲ့။

ဗိုလ်မှူးတင်မောင်နှင့် ဗိုလ်မှူးသန်းလွင်တို့ကား အသက် ၆၀ နားကပ်နေသည့် လူရိုးကြီးများဖြစ်ကြပါ၏။ ကျွန်တော်နှင့် ၂ နှစ် ၃ နှစ်တွဲပြီးနောက် အငြိမ်းစားယူသွားကြပါသည်။ OTS အပတ်စဉ် ၃၀ မှ ဖြစ်ကြသည်။

ကျန်းမာရေးဌာနမှူး ဒုဗိုလ်မှူးကြီး နိုင်တင့်စန်းသည်ကား သီချင်းအဆိုကောင်း၏။ စာပေ၊ ကဗျာ၊ လင်္ကာ ဝါသနာပါ၏။ အနုအလှက်လေးများကိုလည်း ခံစားတတ်၏။ သမုဒ္ဒယလေးများကိုလည်း ခံစားတတ်၏။ ဘွဲ့နှစ်ခုရထားသည့် ဆရာဝန်ကြီးလည်းဖြစ်၏။ ထို့ကြောင့် သူ့အား Y.C.D.C တွင် စာပေပြန်ကြားရေးနှင့် အနုပညာဌာနကို တာဝန်ပေးထား၏။ ဒါ့အပြင် Y.C.D.C ကွပ်ကဲမှုအောက်မှ လုယဉ်ကျေးမယ်များကိုလည်း ကွပ်ကဲရန် တာဝန်ပေးထားခဲ့ရပြန်၏။

ထိုစဉ်က Y.C.D.C ၌သည် ဘာဖွင့်ပွဲ ညဖွင့်ပွဲများ၌ လုယဉ်ကျေးမယ်များကို ဗန်းကိုင်အဖြစ် ပွဲထုတ်လေ့ရှိသည်။

လမ်းဖွင့်ပွဲများ

ဈေးဖွင့်ပွဲများ

ခန်းဖွင့်ပွဲများတွင် Y.C.D.C လုယဉ်ကျေးမယ်များသည် ပြယုဂ်ကောင်းကောင်းနှင့် ဗန်းကိုင်ကြရ၏။ ယခုခေတ် အကယ်ဒမီ ဗန်းကိုင်များလိုပေါ့ ခင်ဗျာ။

Y.C.D.C ကို ကျွန်တော်ရောက်သွားသောအခါ ထိုစာပြန်နှုတ်ကြီးကို မြို့တော်ဝန်ကြီးက ကျွန်တော့်အား လွှဲပေးခဲ့၏။ ရောက်ပြီး ဘာမှမကြာခင်တွင် ကျွန်တော်က ၅၁ နှစ်မြောက် တပ်မတော် စာပေပြိုင်ပွဲ ဝတ္ထုတိုပြိုင်ပွဲ ပထမဆုရလိုက်သဖြင့် ဖြစ်၏။

"ဗိုလ်မှူးသောင်းဝေက စာပေဆုတွေ ဘာတွေ ရထားတာဆိုတော့ စာပြန်နှုတ်ကို သူ့လွှဲပေးလိုက်ပါ" ဟု ကော်မတီအစည်းအဝေးတစ်ခုတွင် မြို့တော်ဝန်ကြီးက အဆုံးအဖြတ်ပေးလိုက်ရာ ကျွန်တော်သည် စာပြန်နှုတ်ဥက္ကဋ္ဌကြီး ဖြစ်လာ၏။

"ဘယ်လိုလဲ ကိုသောင်းဝေ သူငယ်ချင်း။ ခင်ဗျား ကောင်မလေးတွေ ကိုင်နေပြီလား"

ကျွန်တော့်ထက် ကော်မတီဝင်စီနီယာကျသည့် ဗိုလ်မှူးကြီး အောင်စိုးက တစ်ရက်တွင် ကျွန်တော့်အား မေးလေသည်။ သူနှင့် ကျွန်တော်သည် ဗိုလ်ကြီးဘဝကတည်းက သိလာကြသူများ ဖြစ်ကြ၏။ Y.C.D.C သို့ သူက တစ်နှစ်ကျော်ကျော် စောရောက်နေသူဖြစ်၏။ DSA 8th intake ကဖြစ်၍ ကော်မရှင်လည်း ကျွန်တော့်ထက် စီနီယာကျပါသည်။ တပ်မ (၇၇) တွင်လည်း တပ်ရင်းမှူး အတူတူလုပ်ခဲ့ကြဖူး၏။ သူက ခလရ (၂) တပ်ရင်းမှူး ကျွန်တော်က ခလရ (၆) တပ်ရင်းမှူး။ အသက်ကမူ သူနှင့် ကျွန်တော် မတိမ်းမယိမ်းပါပေ။







www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာလဲ အစ်ကို"

"လုယဉ်ကျေးမယ်တွေလေဗျာ။ ခင်ဗျားကိုင်နေပြီလား။ ခင်ဗျား ကွပ်ကဲနေပြီလား"

"ဗျာ ... မကိုင်ရပါဘူးဗျာ။ မသိလည်း မသိပါဘူး"

"ဟ ... အဲဒါ ခင်ဗျားအောက်ကလေ။ ဒေါက်တာ နိုင်တင့်စန်းက ခင်ဗျားကို မလွှဲဘူးလား။ ကောင်မလေးတွေက ခင်ဗျားအောက်က"

သူက ပြုံးစစနှင့် ပြောလေသည်။ ကောင်မလေးတွေက ကျွန်တော့်အောက်ကတဲ့။

"ကျွန်တော့်မလွှဲလည်း အရေးမကြီးပါဘူး အစ်ကိုရာ။ သူ့ဟာသူ နေပါစေ။ ကျွန်တော် စိတ်မဝင်စားပါဘူး"

"ဟ ... စိတ်မဝင်စားလို့ မရဘူး သူငယ်ချင်း။ ဒါ တာဝန်လေဗျာ"

"ထားလိုက်ပါ အစ်ကိုရာ။ သူ့ဟာသူ နေပါစေ"

ကျွန်တော်သည် ထိုကဲ့သို့ ပြောပြီး Y.C.D.C လုယဉ်ကျေးမယ်များ ကိစ္စကို မေ့ထားလိုက်ပါသည်။ မယ်ကိစ္စပြဿနာသွားရှာလိုက်ရင် ဘေးက ကိုယ့်ကို တစ်မျိုးထင်ကြမှာ စိုးပါသည်။ သူတို့ မကိုင်ရလည်း အရေးမကြီးပါ။ မယ်တွေက ပြဿနာတွေက ခပ်များများ။ ထို့ကြောင့် ဝေးလေကောင်းလေ။ So far So good ဆိုပြီး ဥပေက္ခာပြုပြီး နေခဲ့ပါသည် ခင်ဗျာ။

❖ ❖ ❖





## လှယဉ်ကျေးမယ်တစ်ဦးနှင့် ပြဿနာကြီးတစ်ခု

Y.C.D.C ရောက်ပြီး နှစ်နှစ်ကျော်အကြာတွင် မယ်များနှင့် ပတ်သက်ပြီး ပြဿနာကြီးတစ်ခု ဖြစ်ပွားလေတော့သည်။

ပြဿနာက ဒီလိုပါ ခင်ဗျာ။

၁၉၉၈ ခုနှစ် နှစ်စတွင်ဖြစ်၏။

တစ်နေ့သော နံနက်ခင်း ရုံးချိန်အတွင်း၌ ကျွန်တော့်ရုံး အဖွဲ့မှူး ကိုဇော်လင်းက သတင်းပို့လာသည်။

"အဘ ... သတင်းပို့စရာ ရှိပါတယ်"

"ပြောပါ"

"အဘ လှယဉ်ကျေးမယ်တစ်ယောက် ထောက်လှမ်းရေးက ဆွဲသွားတယ် ခင်ဗျ"

"ဟင် ... ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာကိစ္စတဲ့လဲ"

"မသိပါဘူး ခင်ဗျ"

"ဘယ်လောက်ကြာပြီလဲ"

"အဲ ... နှစ်ပတ်လောက်တော့ ရှိပြီတဲ့ ခင်ဗျ"

"ခင်ဗျား ဘယ်သူပြောတာလဲ"

"သူတို့ မယ်တွေဆီက ကြားခဲ့တာပါ။ ဌာနကိုမေးတော့ မသိတဲ့လူများပါတယ်"

"ဗိုလ်မှူးကြီး နိုင်တင့်စန်းနဲ့ ဒေါက်တာ ဒေါ်ရီရီသိန်းတို့ရော မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရီရီသိန်းမှာ မယ်များကို အနီးကပ် ကြီးကြပ်ရသည့် မယ် In Charge ဖြစ်ပါသည်။ ကျန်းမာရေးဌာန၏ ဒုဌာနမှူးဖြစ်ပြီး အပျိုကြီးလည်းဖြစ်၏။

"ဗိုလ်မှူးကြီး နိုင်တင့်စန်းတော့ သိတယ်ပြောပါတယ်"

"အဲဒါဆို အဲဒီလူခေါ်ဗျာ။ ဒီလူ တော်တော်ညံ့တဲ့လူ။ ကိုယ့်လူ သူများခေါ်သွားတာ ငြိမ်နေတယ်။ သတင်းတောင် လာပို့ ဖော်မရဘူး တော်တော်မိုက်တယ်"

ဗိုလ်မှူးကြီး နိုင်တင့်စန်း ရောက်လာသည်။

"ဗိုလ်မှူးကြီးဆီက မယ်တစ်ယောက် ထောက်လှမ်းရေးက လာခေါ်သွားတယ်ဆို"

"ဟုတ်ပါတယ်"

"ဘယ်လောက်ကြာပြီလဲ"

"နှစ်ပတ်တော့ ကျော်သွားပါပြီ"

"ခင်ဗျားဗျာ ... ဒါများ ငြိမ်ခံနေတယ်။ ကျွန်တော့် သတင်းပို့ရောပေါ့။ အခု ကောင်မလေးက ဘယ်မှာလဲ။ ဘယ်ခေါ်သွား တာတဲ့လဲ"

"မသိပါဘူး ခင်ဗျ"

"ခေါ်သွားခံရတာ ဘယ်သူလဲ"

"တက္ကသိုလ် လှယဉ်ကျေးမယ်ပါ"

Y.C.D.C လှယဉ်ကျေးမယ်များမှာ အားလုံး ၁၀ ဦးခန့် ရှိပါသည်။

ရန်ကုန်တိုင်း လှယဉ်ကျေးမယ်

ပြည်ထောင်စု လှယဉ်ကျေးမယ်





တက္ကသိုလ် လှယဉ်ကျေးမယ်

တိုင်းနဲ့ပြည်နယ် လှယဉ်ကျေးမယ်

ကျန်မယ်များမှာ ရန်ကုန်တိုင်းမှ ခရိုင်အဆင့် လှယဉ်ကျေး မယ်များဖြစ်ကြပါသည်။

လူများအဖြင့် အားလုံးကိုတော့ ကျွန်တော် မမှတ်မိပါ။ မှတ်မိသလောက် ပြောရရင်ဖြင့် ...

ပြုံးရွှေစင်ချို

တင်မမမျိုး

လှိုင်ထိပ်ထားခင်

အိသန္တာကျော်

သီဂီတိုး တို့ဖြစ်ကြ၏။

အားလုံးမှာ ခန္ဓာကိုယ်ဖွံ့ဖြိုးပုံ အတော်ကောင်းကြပါ၏။ ၃၄/၂၂/၃၆ ပတ်ဝန်းကျင်နှင့် အရပ်က ၅ ပေ ၄ လက်မ အနိမ့်ဆုံး ဖြစ်ပြီး အတော်များများမှာ ၅ ပေ ၆ လက်မ၊ ၅ ပေ ၇ လက်မ ထိရှိကြ၏။ International Standard များပါပေ။

ကျွန်တော်သည် ယခုကိစ္စဖြစ်ချိန်ထိ ထိုမယ်များနှင့် တစ်ခါမှ လည်း စကားမပြောဘူးပါ။ ခေါ်လည်း မတွေ့ဖူးပါ။ အလွန်ကင်း ရှင်းစွာ နေခဲ့ပါသည်။ သို့ရာတွင် ကိုယ့်လူကို သူများက ကြက် ကလေး ငှက်ကလေး ဆွဲသွားတာမျိုးလည်း လာလုပ်သွားတာဆိုတော့ သည်းမခံနိုင်ပါ ခင်ဗျာ။ ကျွန်တော့်တွင် အကာအကွယ်ပေးဖို့ တာဝန် ရှိသည်မှာ ခံယူမိပါသည်။ ထောက်လှမ်းရေးဆိုသော သူများကိုလည်း သတင်းမပို့ ဘာမပို့နှင့် ယခုလို လုပ်သွားသည့်အတွက် လုံးဝ မကျေနပ်ပါ။ စိတ်ဆိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဗိုလ်မှူးကြီး နိုင်တင့်စန်း ခင်ဗျား ဒီကိစ္စကို သိအောင်စုံစမ်း။ လာခေါ်သွားတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့က ဘယ်တပ်ဖွဲ့လဲ ရအောင်မေးဗျာ၊ စုံစမ်းဗျာ။ ကျွန်တော် လုံးဝ မကျေနပ်ဘူး။ ခုပဲ မြို့တော်ဝန်ကြီးကို သွားသတင်းပို့မယ်"

ဤနေရာတွင် ကျွန်တော်၏ ခံယူချက်ကို ရှင်းလင်းတင်ပြလိုပါသည်။ ထိုစဉ်က ထောက်လှမ်းရေးအဖွဲ့အစည်း၏ အကြီးအကဲမှာ ဗိုလ်ချုပ်ကြီးခင်ညွန့်ဖြစ်ပါသည်။

ကျွန်တော်တို့ Y.C.D.C ၏ အကြီးအကဲမှာ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီးက ကျွန်တော်တို့အဖွဲ့အစည်းအား တိုက်ရိုက်ဖုပ်ချုပ်နေခြင်း ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လက်ထောက်သာ ဖြစ်ပါသည်။

ကျွန်တော်တို့ ဗိုလ်ချုပ်မှူးကြီး တိုက်ရိုက်ကွပ်ကဲနေသော အဖွဲ့အား အဘယ့်ကြောင့် ဗိုလ်ချုပ်ကြီးခင်ညွန့် လူတွေက လာပြီး ဒီလိုလုပ်ရပါသလဲ။ ကျွန်တော် မကျေနပ်ပါ။ မခံနိုင်ပါ။ သက်သက် အနိုင်ကျင့်သည်။ စော်ကားမော်ကားလုပ်သည်ဟု ယူဆပါသည်။

ထို့ကြောင့် ထိုနေ့က ချက်ချင်းပင် မြို့တော်ဝန် ဦးကိုလေးထံ သွားပြီး သတင်းပို့လိုက်ပါသည်။ အကြောင်းစုံ ရှင်းလင်းတင်ပြပါသည်။

"မြို့တော်ဝန်ကြီး ဖြစ်စဉ်ကတော့ အဲဒီလိုပါ"

"ကောင်မလေးကို ညဘက် အိမ်လာခေါ်သွားတာတဲ့ ခင်ဗျာ။ ကျွန်တော် မကျေနပ်ပါဘူး။ သတင်းမပို့ ဘာမပို့နဲ့"

"မြို့တော်ဝန်ကြီး ဗိုလ်ချုပ်မှူးကြီး သတင်းပို့ပြီး ရှင်းပေးပါ





ခင်ဗျ။ ကောင်မလေးကို ပြန်ခေါ်လို့ရရင်လည်း ပြန်ခေါ်ပေးပါ။ ဘယ်မှာ ထိန်းသိမ်းထားတယ်ဆိုတာလည်း သူ့ဇာနက မသိဘူးတဲ့ ခင်ဗျာ"

မြို့တော်ဝန်ကြီးက ကျွန်တော်၏ တင်ပြချက်ကို နားထောင်ပြီး ...

"ကောင်းပါပြီလေ ကိုယ် သတင်းပို့ပေးပါမယ်။ ကဲကဲ ... ဗိုလ်မှူးသောင်းဝေ ပြန်ပြန်"

ကျွန်တော်က ရှူးရှူးရှဲရှဲနှင့် တင်ပြနေရာ ဒေါသပါသွားသဖြင့် မြို့တော်ဝန်ကြီးက နှစ်သိမ့်လွှတ်လိုက်၏။

နောက်နေ့တွင်တော့ ထိုမယ်တက္ကသိုလ်လေး ပြန်လွှတ်လာ၏။

ကျွန်တော်နှင့် လာတွေ့ပါသည်။ မယ်တက္ကသိုလ်လေးက ကျွန်တော့်တွေ့တော့ ရှိုက်ကြီးတငင်ငိုသည်။ သူ့ခေါ်စစ်သည့်ကိစ္စမှာ မဟုတ်ရပါကြောင်း မျက်ရည်စက်လက်နှင့် ရှင်းပါသည်။ ကျွန်တော်က ဘာမှ ပြန်မပြောလိုက်ပါ။ စိတ်အေးအေးနဲ့ နေရန်သာ မှာလိုက်ပါသည်။

သူ့ကိစ္စကို ကျွန်တော်လည်း ကျွန်တော့်နည်း ကျွန်တော့်ဟန်ဖြင့် စုံစမ်းထားပြီးဖြစ်၏။ ကျွန်တော့်ရုံးအဖွဲ့မှူးမှာ ထောက်လှမ်းအရာရှိကြီးတစ်ဦး၏ ဆွေမျိုးရင်းချာဖြစ်နေသဖြင့် စုံစမ်းရတာ သိပ်မခက်ခဲပါ။ ရုံးအဖွဲ့မှူးကိုပင် တာဝန်ပေးပြီး စုံစမ်းခိုင်းလိုက်ခြင်းဖြစ်၏။ ထိုပြင် ရန်ကုန်၌ ထောက်လှမ်းရေး ၆/၇ တို့တွင် ကျွန်တော့်တပည့်များ၊ သူငယ်ချင်းများရှိပါသည်။ စသုံးလုံးတွင်လည်း Chief က ကျွန်တော်နှင့် ဗိုလ်သင်တန်း၊ တစ်ပတ်တည်းဆင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ C.I.D Chief ကလည်း ကျွန်တော်နှင့် ဗိုလ်သင်တန်းတစ်ပတ်တည်းဆင်းဖြစ်၏။ သူတို့ကို မေးလို့ရတာ မေးရပါတော့သည်။

ဟိုယခင် ထောက်လှမ်းရေး (၇) တပ်မှူးမှာလည်း ကျွန်တော့်သူငယ်ချင်း ကျွန်တော်နှင့် ဗိုလ်သင်တန်းတစ်ပတ်တည်းဆင်းဖြစ်၏။

ထို့ကြောင့် အကြောင်းစုံ သိရပါတော့သည်။

ထိုမယ်လေးကို ခေါ်စစ်သည့်ကိစ္စမှာ အောက်ပါအတိုင်းဖြစ်၏။

၁၉၉၇ ခုနှစ်က အနားပေးခံရသည့် ဒုဗိုလ်ချုပ်ကြီးအဆင့် ဝန်ကြီးတစ်ဦးနှင့် ထိုမယ်လေးတို့သည် လူမှုရေးရှုပ်ထွေးမှုများ ရှိခဲ့သည်။ ထိုကိစ္စ ဟုတ်၊ မဟုတ် ခေါ်စစ်ခြင်းသာဖြစ်၏။

သူတို့ ဘယ်လိုမေး၍ ကောင်မလေးကို ဘယ်လိုစစ်တယ်ဆိုသည်ကိုတော့ မသိပါ။ သူခေါ်သွားသည့်နေရာကတော့ ကျိုက်ဝိုင်းဘုရားလမ်းက S.B Special Branch က လူနေအိမ်ဆောင်များတွင်ဟု သိရပါသည်။

နောက်တစ်ပတ်ခန့်အကြာတွင် ထိုမယ်ကလေးကို တစ်ခါလာခေါ်သွားပြန်ပါသည်။ ဒီတစ်ခါတော့ အမ်အိုင်က Y.C.D.C ကျန်းမာရေးဌာနကို သတင်းပို့ပြီးမှ ခေါ်ပါသည်။ Y.C.D.C က မခံမှန်း ထောက်လှမ်းရေးများ သိသွားပုံရ၏။

ထပ်ခေါ်သွားပြီး တစ်ညအိပ်အကြာတွင် ပြန်လွှတ်လိုက်၏။ ပြန်လွှတ်လာတော့ မယ်ကလေးက ကျွန်တော့်ဆီ သူပြန်ရောက်ကြောင်း သတင်းပို့လာ၏။

"ဒီတစ်ခါ ဘာကိစ္စခေါ်တာလဲ"

"ထွက်ဆိုချက်တွေ လက်မှတ်ထိုးခိုင်းတာပါ"





"ထိုးခဲ့လား"

"မထိုးလို့မှ မရတာ အဘရယ်၊ ထိုးခဲ့ရတာပေါ့"

"ဒါဆို ပြီးသွားပြီလား"

"ဟုတ်ကဲ့ . . . ပြီးသွားပြီလို့ ပြောပါတယ်"

"အဘကို သမီး တစ်ခု တင်ပြချင်ပါတယ်"

"ပြောပါ"

"မဟုတ်တဲ့နဲ့ စွပ်စွဲခံရတာ သမီး သိပ်ရှက်ပါတယ်။ ဌာနမှာလည်း မျက်နှာမပြရဲတော့ပါဘူး"

ထိုမယ်ကလေးမှာ သာမန် ရုပ်ပြဗန်းကိုင်မယ်သက်သက်မဟုတ်ပါ။ Y.C.D.C တွင် အရာရှိအဆင့် တာဝန်ထမ်းဆောင်နေသည့် ပညာတတ်ဘွဲ့ရတစ်ဦးလည်း ဖြစ်ပါ၏။ သူ့အား ခွဲမှူးအဆင့်နှင့် ဌာနတွင် တာဝန်ပေးထားပါသည်။

"အဲဒီတော့ သမီးက ဘာလုပ်ချင်လဲ"

"သမီး စီးပွားရေးတက္ကသိုလ်မှာ MBA သွားတက်ချင်ပါတယ်"

"ဘယ်လောက်ကြာမှာလဲ"

"၂ နှစ်ပါ။ အဲဒါ အဘ ထောက်ခံခွင့်ပြုပေးပါ"

"ထောက်ခံတာ ရပါတယ်။ ခွင့်ပြုတာကတော့ မြို့တော်ဝန်ကြီးနဲ့ ကော်မတီက ခွင့်ပြုရမှာလေ ကိုယ် ခွင့်ပြုလို့မရဘူး"

"ပြီးတော့ ရှိပါသေးတယ်"

"ပြောပါ"

"သမီး MBA တက်နေချိန်မှာ Scholarship သဘောမျိုးနဲ့ လစာပြည့်ရချင်ပါတယ်။ အဘ တင်ပြပေးပါ"

"ကောင်းပါပြီလေ။ တင်ပြပေးမယ်။ လျှောက်လွှာတင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ''

နောက်နေ့တွင် သူမက လျှောက်လွှာ လာတင်သည်။ ကျွန်တော်က လျှောက်လွှာကို မြို့တော်ဝန်ကြီးထံ လူကိုယ်တိုင် သွားရောက်၍ တင်ပြပေးလိုက်၏။

"ကောင်မလေးက သူ့ကို သင်တန်းတက်နေတုန်း လစာပြည့် ပေးဖို့ တင်ပြထားပါတယ် မြို့တော်ဝန်ကြီး''

"အေးလေ ... ခင်ဗျား ထောက်ခံရင် ခွင့်ပြုပေးရမှာပေါ့''

"သူ့လစာက ဘာမှရှိတာမှ မဟုတ်ဘဲ မြို့တော်ဝန်ကြီးရယ်။ ပေးလိုက်ရလို့ ကျွန်တော်တို့ကော်မတီမှာ ပြဿနာမရှိပါဘူး''


"အင်း ... အင်း ... ဒါဆိုလည်း ခွင့်ပြုလိုက်ကြတာပေါ့ဗျာ။ ကောင်မလေးကမဟုတ်ဘဲ အပြောခံရတော့ ရှက်သွားမှာပေါ့ဗျာ။ စာသွားသင်တာ ကောင်းပါတယ်။ သွားသင်ပါစေ။ သနားစရာကောင်းပါတယ်ဗျာ''

ဤသို့ဖြင့် ထိုမယ်တက္ကသိုလ်လေးသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ MBA ဘွဲ့အား သွားရောက်တက်ခွင့်ရသွားပြီး သင်တန်းတွင်လည်း ထူးချွန်စွာ အောင်မြင်လာခဲ့သဖြင့် ကျွန်တော်နှင့် မြို့တော်ဝန်ကြီးမှာ ဝမ်းသာအားရနှင့် မုဒိတာပွားခဲ့ကြရပါသည်။ ပို့လိုက်ရကျိုးနပ်တာပေါ့ ခင်ဗျာ။

များမကြာမီတွင် ထိုမယ်ကလေးသည် **State Scholar** နိုင်ငံခြားပညာတော်သင် စာမေးပွဲဝင်ဖြေရာ အောင်မြင်သွားပြီး ဂျာမဏီနိုင်ငံသို့ ပညာတော်သင်အဖြစ်ဖြင့် ထွက်ခွာသွားခဲ့ရပါသည် ခင်ဗျာ။

■





၁၉၉၈-ခုနှစ်က ထောက်လှမ်းရေးမှ ခေါ်ယူ စစ်ဆေးသော စာရေးသူ၏ ကွပ်ကဲမှုအောက်မှ မယ်တက္ကသိုလ်လေး

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်ထိ လှပနေဆဲဖြစ်သော အကယ်ဒမီမင်းသမီးကြီး စိုးမြတ်သူဇာ



## ကြုံခဲ့ဖူးသော ထောက်လှမ်းရေးများအကြောင်း

ကျွန်တော့်မယ်လေးကို ဖမ်းသွားသည့် ထောက်လှမ်းရေးများမှာ တကယ်တော့ ကျွန်တော့်သူငယ်ချင်းနဲ့ ကျွန်တော့်ညီတပည့်များသာ ဖြစ်ကြပါသည်။

ဒါကိုလည်း နောင်နှစ်ပေါင်းများစွာကြာမှ သိခဲ့ရပါသည်။

ဒီအကြောင်းကို နောက်ပိုင်းတွင် ကျွန်တော် ထပ်ရှင်းပါဦးမည်။

ဤအခန်းတွင် ကျွန်တော်သိသောကြုံခဲ့ဖူးသော **Military Intelligence** ခေါ် စစ်ထောက်လှမ်းရေးများအကြောင်းကို ကျွန်တော်ကြုံဆုံခဲ့သမျှ ရေးပြချင်ပါသည်။ သူတို့နှင့်ပတ်သက်ပြီး ကျွန်တော်လည်း အတော်ခံစားခဲ့ရဖူးပါသည်။

စစ်ထောက်လှမ်းရေးများသည် ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးသည့် နောက်ပိုင်းတွင် တဖြည်းဖြည်း ပြည်သူ့ချဉ်ဖတ်ဖြစ်လာ၏။ မည်မျှပင် ကောင်းသော ခြေလျင်စစ်သားဖြစ်ပါစေ အမ်အိုင်ခေါ် စစ်ထောက်လှမ်းရေးကို ရောက်သွားသည်နှင့် ဘဝပြောင်းသွား၏။ ချဉ်ဖတ်အိုးကြီးထဲ ရောက်သွားသည့် အသီး



www.burmeseclassic.com

www.burmeseclassic.com



အရှက်များပမာ အချိန်ကာလ အနည်းငယ်ကြာသွားသည်နှင့် သူတို့တစ်တွေလည်း ချဉ်သွားတော့၏။ သူတို့ကို ဖျက်ဆီးလိုက်သည်များကတော့ လုပ်ပိုင်ခွင့်နှင့် အာဏာဖြစ်ပါ၏။

ထောက်လှမ်းရေးတွင် ၂ မျိုးရှိသည်။

ပထမတစ်မျိုးက **Combat Intelligance** တိုက်ပွဲထောက်လှမ်းရေး။

တိုက်ပွဲထောက်လှမ်းရေးဆိုသည်မှာ စစ်တိုက်ရာတွင် အသုံးပြုရသည့် အသုံးဝင်သည့် သတင်းအချက်အလက်များကို ထောက်လှမ်းရခြင်းပင်ဖြစ်၏။

**အဓိကမှာ**

ရန်သူ

ဥတု

မြေအနေအထား

ဒေသခံပြည်သူလူထုတို့နှင့် သက်ဆိုင်သောသတင်းများကို ရအောင် ထောက်လှမ်းရခြင်းပင် ဖြစ်လေသည်။ တိုက်ပွဲအတွက် စစ်မြေပြင် အချက်အလက်များကို ထောက်လှမ်းပေးခြင်းပင် ဖြစ်၏။

နောက်တစ်ခုကတော့

**Ccounter Intelligence** တန်ပြန်ထောက်လှမ်းရေး

ဒါကျတော့ စစ်တိုက်သည့် ကိစ္စသာမကတော့ပါ။ ဒါ့ထက်အများကြီး ပိုကျယ်ပြန့်သွားပြီ။ သူ့ဘက် ကိုယ့်ဘက် နိုင်ငံရေးအခြေအနေများ၊ စီးပွားရေးအခြေအနေများ၊ လူမှုရေး အခြေအနေများ၊ သံတမန်ဆက်ဆံရေးများ၊ အနာဂတ်တွင် ပြောင်းလဲလာမည့် အသွင်သဏ္ဌာန်များ၊ ပြည်တွင်း၌ လှုပ်ရှားနေသည့် နိုင်ငံရေးအဖွဲ့





အစည်းများ၊ ၎င်းတို့၏ ခေါင်းဆောင်များ အထူးသဖြင့် အစိုးရကို ဆန့်ကျင်နေသည့် **Anti government Organization** များ၊ ထိုအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်နေသူများ စသည်တို့ကို ထောက်လှမ်းရလေသည်။ **Personal** တွေ အများကြီးပါ၏။

**Counter Intelligence** ကြောင့် ထောက်လှမ်းရေးတို့ ပါဝါတက်လာ၏။ လုပ်ပိုင်ခွင့်တွေ အများကြီးရလာ၏။

တော်လှန်ရေးကော်စီတက်လာပြီး လေးလအကြာတွင် ဆဲဗင်းဂျူလိုင် အရေးအခင်းဖြစ်လာလေသည်။ ကျောင်းသားအချို့ တောခိုသွားကြသည်။ ဒါတွေကို ထောက်လှမ်းရေးက **Watch** လုပ်ရသည်။ ဖမ်းတန်သင့် ဖမ်းရသည်။ အလားတူပင် မြေပေါ် **BCP Cells** တွေကိုလည်း ထောက်လှမ်းရေးကပင် ဖမ်းရပြန်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဆန့်ကျင်သူများအားလည်း ထောက်လှမ်းရေးများကပင် ဖမ်းရ၏။ စီးပွားရေးသမားများကို နှိပ်ကွပ်ရာတွင်လည်း သူတို့ပါပင်။ စုဇကာ စစ်ဆင်ရေး၊ ဘာစစ်ဆင်ရေး၊ ညာစစ်ဆင်ရေးစသည်ဖြင့် လမ်းစဉ်ပါတီခေတ် ၂၆ နှစ်တွင် အစိုးရနှင့်စီးပွားရေးသမားများ ထိပ်တိုက်တိုးကြရာ အစိုးရက ထောက်လှမ်းရေးများကိုပင် လက်ကိုင်တုတ်လုပ်ခဲ့၏။ စီးပွားရေးသမားတွေကို နှိမ်နင်းခဲ့သည်။

ဒါသာမက သာသနာတော်သန့်ရှင်းရေးဆိုပြီး ထောက်လှမ်းရေး **Report** များအရ နာမည်ကြီးဘုန်းကြီးများကို ဖမ်းပြီး လူထွက်ခိုင်းခဲ့၏။

ဥပမာ

လူမှုရေးရှုပ်ထွေးသော သိမ်ဖြူဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



သိမ်ဖြူဆရာတော်သည် သိမ်ဖြူဆေးတိုက်ကြီးဖွင့်ပြီး ဆေးကုပေး၏။ သိပ်နာမည်ကြီးလာသောအခါ မာတုဂါမများနှင့် လူမှုရေးရှုပ်လာ၏။ သူနှင့်ပတ်သက်သူများထဲတွင် ဆရာဝန်မများ စစ်တပ်မှ ဗိုလ်မှူးမများပင် ပါသည်ဟုဆိုလေသည်။

သိမ်ဖြူဆရာတော်ပြီးတော့ တောင်တွင်းကြီးဆရာတော်။

တောင်တွင်းကြီးဆရာတော်ကလည်း မာတုဂါမများနှင့် လူမှုရေးရှုပ်ထွေးသည်။ အထူးသဖြင့် ရန်ကုန်ရှုပ်ရှင်လောကမှ မင်းသမီးများနှင့် ပတ်သက်နေသည်ဆိုသည်။

မင်းသမီးများသည် သူ့ထံလာပြီး ရင်ခွေ့လုံ့ ခါတ်ကူးလိုက်ပါက အကယ်ဒမီ သေချာသည်ဟု ပြောကြ၏။

ယနေ့ အကယ်ဒီမီ နှစ်ခါသုံးခါရထားပြီး အမေခန်း၌ ရုပ်ရှင်ရိုက်နေရဆဲ မင်းသမီးကြီးတစ်ဦးသည် ထိုခေတ်ထိုကာလက နာမည်ကြီးခါစ မင်းသမီးဖြစ်၏။ သရုပ်ဆောင်ကောင်းသော်လည်း အကယ်ဒမီနှင့် မနီးစပ်ခဲ့။ တောင်တွင်းကြီးဆရာတော်နှင့် တွေ့ပြီး ခါတ်ကူးလိုက်မှ အကယ်ဒမီ ချိတ်တော့သည်ဟု ပြောစမှတ်ပြုကြသည်။

ထိုဆရာတော်နှင့်ပတ်သက်၍ နောက်ထပ် ပြောစရာတစ်ခု ရှိသေး၏။

တစ်ခါတုန်းက ရန်ကုန် လုံခြုံရေးယူရသည့် တပ်ရင်းတစ်ရင်း (သနက ၅) မှ တပ်ရင်းမှူးသည် ဥက္ကဋ္ဌကြီး ဦးနေဝင်း လမ်းကြောင်းအတွက် မင်္ဂလာဒုံ ကျိုက္ကလို့ ကျိုက္ကလဲ့ အနီးတွင် နေ့စဉ်လိုလို လမ်းလုံခြုံရေးယူရ၏။

တောင်တွင်းကြီးဆရာတော်၏ကျောင်းမှာ ကျိုက္ကလို့





ကျိုက္ကလဲ့အနီးတွင်ရှိရာ တပ်ရင်းမှူးသည် သူ၏ TAC Head **Quarter** အား ဘုန်းကြီးကျောင်းမှာ စတည်းချလိုက်၏။ လပေါင်းများစွာ စတည်းချခဲ့ရာ ဆရာတော်နှင့် တဖြည်းဖြည်း ရင်းနှီးလာ၏။ အထူးခင်မင်လာ၏။

ထိုသို့ ရှိနေစဉ် တပ်ရင်းမှူး၏ဇနီးသည် မမျှော်လင့်ဘဲ ရုတ်ခြည်းကွယ်လွန်သွား၏။ နှစ်ပေါင်းများစွာ ပေါင်းသင်းလာသည့် ငယ်လင်ငယ်မယားဖြစ်၍ တပ်ရင်းမှူးမှာ အကြီးအကျယ် ပူဆွေးသောကရောက်တော့၏။ မစားနိုင် မအိပ်နိုင် တမှိုင်မှိုင်တတွေတွေ ဖြစ်နေ၏။

တာဝန်အရ လမ်းလုံခြုံရေး သွားယူသည့်အခါ ရှေးယခင်ကနှင့် မတူသည့် တပ်ရင်းမှူးအား တောင်တွင်းကြီးဆရာတော်က တွေ့သည်နှင့် မေးတော့၏။

"ဒကာ တပ်ရင်းမှူး မျက်နှာမကောင်းပါလား။ ဘာများ ထူးလို့လဲ"

"တပည့်တော်ဇနီး ရုတ်တရက် ဆုံးသွားလို့ပါ ဘုရား"

"တပည့်တော်တို့က ငယ်လင်ငယ်မယားတွေပါ ဘုရား။ တပည့်တော်တို့က တစ်ယောက်နဲ့တစ်ယောက် သိပ်သံယောဇဉ်ကြီးကြတာ ဘုရား။ သူမရှိရင် တပည့်တော် မနေတတ်ဘူး ဘုရား"

တပ်ရင်းမှူး စကားကြားတော့ ဆရာတော်က ပြုံးလေသည်။

"ဩော် ... တပ်ရင်းမှူး နက်ဖြန် စောစောကျောင်းကို လာခဲ့ပါ။ ဘုန်းကြီး တပ်ရင်းမှူးကိစ္စကို နည်းနည်းပါးပါး ကြည့်ပေးပါ့မယ်"

နောက်တစ်နေ့၌ ဇနီးသည်အတွက် အလွန်ပူဆွေးသောက



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသော တပ်ရင်းမှူးအား ဆရာတော်က ရုပ်ရှင်လောကမှ ငယ်ငယ်ချောချောတက်သစ်စ မင်းသမီးလေးများနှင့် မိတ်ဆက်ပေးလေသည်။

"ကဲ ... တပ်ရင်းမှူး သိပ်ပြီး ပူဆွေးမနေနဲ့တော့။ အစားရဖို့လိုသာ သဘောထား။ အဲဒီအထဲက ကြိုက်တာသာရွေးတော့"

ဤသို့နှင့် တပ်ရင်းမှူးသည် ကွယ်လွန်သူဇနီးသည်ကြီးကို လုံးဝမေ့လျော့သွားပြီး ဘုန်းကြီးကျောင်းမှ သူယောင်မယ်လေးများနှင့် တစ်ယောက်ပြီးတစ်ယောက် ပျော်ပါးတော့သည်ဟု ဆို၏။ ယခင်မိန်းမကြီးအကြောင်းလည်း လုံးဝမပြောတော့။ နုနုငယ်ငယ်လေးများ၏ ချိုမြသောအရသာကို သူစွဲသွားတော့၏။

တောင်တွင်းကြီး ဆရာတော်ကို အရေးယူတော့ ထိုတပ်ရင်းမှူးကိုပါ အရေးယူလိုက်ရပါသည်။ (ထိုအရာရှိကြီးမှာ ကျွန်တော်နှင့်ရင်းနှီးပါသည်။ စာရေးသူ)

နောက် ဘုန်းကြီးတစ်ပါးကတော့ ပုပ္ပါးဆရာတော်ဖြစ်သည်။

ပုပ္ပါးဆရာတော် ဦးပရမဝဏ္ဏသိဒ္ဓိသည် ဖြူဖြူချောချောဖြစ်၏။

ပုပ္ပါးတွင် အလွန်နာမည်ကြီး၏။ ပုပ္ပါးမယ်တော်ကြီး၏သားအဖြစ် လူသိများ၏။ လောကီအံစီရင်တွေလည်း ကောင်းသည်ဟု ဆိုကြ၏။ အပြော၊ အဟောလည်း ကောင်း၏။ ပုပ္ပါးတွင် သူ့ခေတ်က သူမပါရင်မပြီး ဖြစ်၏။ Super Star ဖြစ်၏။

ထုံးစံအတိုင်း သိပ်နာမည်ကြီးလာတော့ မိန်းမတွေ ဝိုင်းအုံလာကြသည်။ တစ်နိုင်ငံလုံးလိုလိုက လာကြ၏။ မန္တလေးဈေးချိုကအမျိုးသမီးများ ထိပ်ကပဲဟု ဆိုကြသည်။ ထိုအမျိုးသမီးများနှင့်





လူမှုရေးရှုပ်ထွေးရုံသာမက ပုပ္ပါးတွင်လည်း မိန်းမငယ်လေးတစ်ဦးနှင့် ဖောက်ပြန်နေသည်ဟု သတင်းထွက်၏။ အတူနေသည်ဟုလည်း ပြောကြ၏။ ကလေးတစ်ယောက်ပင် ရနေသည်ဟု ဆိုကြ၏။

သတင်းတွေများလာပြီး နာမည်သိပ်ကြီးလာတော့ ပုပ္ပါးဆရာတော်ကိုလည်း အရေးယူခဲ့ရ၏။ လူထွက်ခိုင်းခဲ့ရ၏။ ဦးပရမဝဏ္ဏသိဒ္ဓိမှသည် ရသေ့ကြီးဦးပြည့်စုံဘ၀ ရောက်သွားလေတော့သည်။

နောက်ဆုံးတစ်ပါးကတော့ ယောက်ကော်ဆရာတော်ဖြစ်၏။ ယောက်ကော်ဆရာတော်သည်လည်း လောကီအစီအရင်များနှင့် နာမည်ကြီး၍ ရောက်လေရာ ဘုရားတည်၊ ကျောင်းဆောက်၏။

သူသည်လည်း မာတုဂါမ တရှန်းရှန်းနှင့်ဖြစ်၏။ သူသွားလေရာ မာတုဂါမတွေက လိုက်ကြ၏။ ထိုမာတုဂါမအုပ်စုမှာ သူနှင့်မလွှတ်မကင်းတွေ အများကြီးပါသည်ဟုဆို၏။ ဒါ့အပြင် အချို့ကမူ ဆရာတော်သည် ဂူတွင်လိင်ကဲ့ပြီး စိတ်ဖောက်သည်ဟု ဆိုကြပြန်၏။ ဟိုတက်ဒီဘက် ချွန်သည်ဟု ဆို၏။ မည်သို့ပင်ဖြစ်စေ ယောက်ကော်ဆရာတော်လည်း မာတုဂါမတရှန်းရှန်းနှင့် နာမည်ကြီးလွန်းမက ကြီးလာတော့ အစိုးရက အရေးယူတော့၏။

အထက်ပါ ဘုန်းကြီးများအား ရှင်းလင်းရာ၌ အဓိကဇာတ်လိုက်မှာ အမ်အိုင် ခေါ် စစ်ထောက်လှမ်းရေးများဖြစ်ကြ၏။ ထောက်လှမ်းရေးမှ ထိုဘုန်းကြီးများအသိုင်းအဝိုင်း၌ Penetration Agent တွေ ထည့်ထား၏။ ကပ္ပိယ၊ ဘုန်းကြီးကျောင်းသား၊ ယာဉ်မောင်း၊ တရားထောက် ဘုန်းကြီးဝတ် စသည်စသည် အစုံပါ၏။

အတွင်းထိုးထည့်ထားသည့် ထိုသူတွေက ဓာတ်ပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



နိုးရိုက်ထားဧ။ အသံတွေ တိတ်တဆိတ် နိုးသွင်းထားဧ။ ထို သက်သေများဖြင့် ဘုန်းကြီးများအား အကြပ်ကိုင်ခဲ့ဧ။ အနိုင်ယူခဲ့ဧ။ ရှင်းလင်းခဲ့ဧ။

ဤသို့အားဖြင့် နာမည်ကျော်ဆရာတော်ကြီး လေးပါးအား ရှင်းလင်းခဲ့သည်။ လေးဦးဂိုဏ်းချေမှုန်းရေး ဇာတ်လမ်းတွဲကြီး၌ နာမည်ကျော် အမ်အိုင် ခေါ် ထောက်လှမ်းရေးက အဓိကကျခဲ့ပါသည် ခင်ဗျား။

## ထောက်လှမ်းရေးမှအသွင် ယူထားသူများအကြောင်း

ထောက်လှမ်းရေးများသည် တစ်ဦးတစ်ယောက်ကို သို့ မဟုတ် သင်းဖွဲ့တစ်ခုခုကို ချေမှုန်းတော့မည်ဆိုပါက သူတို့၏ ထိုး ဖောက်အထောက်တော် Penetration Agent ထိုးထည့်ထားဧ။

ကျွန်တော်သည် 7th Junly ဇူလိုင် ၇ ရက်ကို မှီသော ရန်ကုန်တက္ကသိုလ်ကျောင်းသားဖြစ်ဧ။ ထိုကိစ္စအပြီး၌ အမ်အိုင်မှ ကျောင်းသားအချို့ကို မေးဧ။ တက္ကသိုလ်ထားပေးဧ။ သူတို့ဆီမှ Collecting of Information လုပ်ဧ။ ကျွန်တော့်အတန်းတူ သူငယ်ချင်းတစ်ဦးသည် စစ်ထွက်ဖြစ်ဧ။ သူသည် အသက် ၂၀ သာသာတွင် တက္ကသိုလ်ကျောင်းသားဖြစ်လာသည်။ အလွန်အေး ဆေးပြီး ရိုးရိုးကုပ်ကုပ်နေသည်။ စကားလည်း အလွန်နည်းဧ။ ထိုစဉ်က လူကြိုက်နည်းသော ဘာသာတွဲဖြစ်သည့် စိတ်ကြိုက် မြန်မာစာ၊ ပါဠိနှင့် ဗုဒ္ဓအဘိဓမ္မာတို့ကို ယူလေသည်။ စိတ်ကောင်းရှိ၍ ခင်မင်စရာကောင်းသူတစ်ဦးဖြစ်ဧ။ စကားနည်း၍ အပေါင်းအသင်း





လည်း နည်းသူဖြစ်သောကြောင့် မထင်မရှားနှင့် ကျောင်းပြီးသွားသူ ဖြစ်ဧ။ အဆောင်နေကျောင်းသား မဟုတ်။ Day Scholar ဖြစ်သည်။ သူကား နောင်တွင် MI Agent ဖြစ်နေလေသည်။ ဒါကို ကျွန်တော် တပ်ထဲဝင်ပြီး စစ်ဗိုလ်ဖြစ်မှ သိတော့ဧ။

တောင်တွင်းဆရာတော်ကို ဖမ်းဆီးစဉ်ကလည်း သနက (၄) မှ ၎င်းဘုန်းကြီးကျောင်းအား Raid လုပ်ရသည်။ မာတုဂါမ များနှင့် ငြိစွန်းကြောင်း သက်သေပြရန် အထောက်အထားရှာရာ ဘာမှမတွေ့ဟု ထိုစဉ်က ရှာဖွေရေးအဖွဲ့ခေါင်းဆောင် အရာရှိက ပြောသည်။ ထိုအရာရှိမှာ တပ်ထဲတွင် သင်တန်းတစ်ခု၊ နှစ်ခု ကျွန်တော်နှင့် အတူတက်ခဲ့ဖူးသူဖြစ်ဧ။ အလွန်ခင်မင်ခဲ့ကြသည်။

သူသည် ဘာမှရှာမရသဖြင့် အကြပ်ရိုက်နေစဉ် ဘုန်းကြီး ကျောင်းအပေါ်ထပ်မှ ဘုန်းကြီးနှင့်အတူနေသည့် ဦးပဉ္စင်းတစ်ပါးက ဘုန်းကြီးအလစ်၌ ကျောင်းအောက်ကို လက်ညှိုးထိုးပြလေသည်။

ထိုအခါမှ ကျောင်းအောက်ထပ်ကို အသေအချာ ထပ်ရှာကြဧ။

လားလား အောက်ထပ်တွင် လူမသိသူမသိ လျှို့ဝှက် မြေတိုက်ကို ရှာတွေ့ကြဧ။ မြေတိုက်ထဲ၌ မာတုဂါမများ နေထိုင် သည့် ခုတင်၊ အိပ်ရာ၊ ခြင်ထောင်များ။ မိန်းမအသုံးအဆောင် အဝတ် အစားများ။ ဘရာစီယာ ရင်စီးများ။ Under Wear များကအစ တွေ့ကြ ရလေသည်။ ယုတ်စွအဆုံး ဘာညာကွိကွ ဟိုဆေးဒွေပါ တွေ့သည် ဆိုဧ။ ထိုဦးပဉ္စင်းမှာလည်း ထိုကိစ္စအတွက် ကြိုတင်ပြီး ထိုကျောင်း တိုက်သို့ MI မှစေလွှတ်ထားသူဟု ထိုအရာရှိက ကျွန်တော့်အား ပြောပြပါသည်။

ထိုသို့ Penetration Agent အဖြစ် စေလွှတ်တာဝန်ပေး



www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဆိုပါက သူတို့အား အသွင်တူအောင် သင်တန်းပေးရသည်။

ဥပမာ

ဘုန်းကြီးလုပ်တော့မည်ဆိုပါက ဘုန်းကြီးနှင့်တူအောင်

တက္ကသိုလ်ကျောင်းသားလုပ်မည်ဆိုပါက တက္ကသိုလ်ကျောင်းသားနှင့်တူအောင်

အရောင်းအဝယ်သမား လုပ်တော့မည်ဆိုပါက အရောင်းအဝယ်သမားနှင့်တူအောင်

သတင်းစာဆရာ ဂျာနယ်လစ်လုပ်တော့မည်ဆိုပါက ဂျာနယ်လစ်နဲ့တူအောင် စသည် စသည်တို့ဖြစ်၏။

သင်တန်းများကို ဗဟိုထောက်လှမ်းရေးတပ်များတွင် အများဆုံးပို့ချပေးလေသည်။

ဗဟိုထောက်လှမ်းရေးတပ်၌ ထိုအသွင်ယူနည်းများသာမက ဓာတ်ပုံခိုးရိုက်နည်း၊ သော့အမျိုးစုံကို ဖွင့်နည်း၊ အလက်ထရွန်နစ်ပစ္စည်းများနှင့် ကွန်ပျူတာ အသုံးပြုနည်း၊ ဆက်သွယ်ရေးစက်အမျိုးစုံနှင့် စကားပြောနည်း၊ သတင်းပို့နည်း၊ လက်နက်ငယ်အသေးစား အမျိုးစုံကို အသုံးပြုနည်း၊ ဖောက်ခွဲဖျက်ဆီးရေးများပြုလုပ်နည်း၊ အနီးကပ်ကိုယ်ခံပညာအမျိုးစုံနှင့် လုံးထွေးသတ်ပုတ်နည်းများ အမျိုးစုံပါဝင်လေသည်။

ကျွန်တော်သည် ငယ်စဉ်က ထောက်လှမ်းရေးကို အလွန်စိတ်ဝင်စား၏။ ရွှေဥဒေါင်း၏ စုံထောက်ဦးစံရှား၊ ဒဂုန်ရွှေမျှား၏ စုံထောက် ဦးထင်ကျော်ဝတ္ထုများကို အသဲအမဲ ဖတ်ခဲ့ဖူး၏။ ထောက်လှမ်းရေးမှူးကောင်းတစ်ယောက်ဖြစ်လိုခဲ့၏။ သို့ရာတွင် ကံဇာတာမပါ၍ ထိုသင်တန်းများ မတက်ခဲ့ရပါ။ စစ်တပ်တွင် ပထမ





အရာရှိငယ်များအား Combat Intelligence ခေါ် တိုက်ပွဲထောက်လှမ်းရေးသင်တန်းများ ပေး၏။ လူရွေးပေးခြင်းဖြစ်၏။ ၎င်းအထဲမှ အလားအလာရှိသူများကို ထပ်ရွေးပြီး Counter Intelligence ခေါ် တန်ပြန်ထောက်လှမ်းရေး သင်တန်းခေါ်ပြန်သည်။ Counter တွင် Grading အမှတ်ကောင်းသူများအား MI Corp ခေါ် လှမ်းသို့ခေါ်ယူလေသည်။ အစမ်း လေးငါးခြောက်လ တွဲဖက်သုံးပြီးသော အခါ၌မူကား အမြဲတမ်း ထိုအဖွဲ့အစည်းကြီး၏လူ ဖြစ်သွားလေတော့သည်။ ကျွန်တော်တို့ခေတ်ကာလက ထောက်လှမ်းရေး အလွန်မိုးကောင်းနေသဖြင့် ထောက်လှမ်းရေးသို့ ပြောင်းရပြီဆိုပါက တကယ့်ရတနာပုံဆိုက်လေတော့သည်။

ထိုသူများသည် တကယ်လည်း ဘဝပြောင်းသွားကြလေသည်။ မတန်မရာ လုပ်ပိုင်ခွင့်တွေရသွားကြပြီး ဘယ်သူမှ လူမထင်သူများ ဖြစ်သွားကြလေတော့သည်။ ထောက်လှမ်းရေး Corp ရောက်သွားသူတစ်ဦးသည် အလွန်ရာထူးငယ်သည့် ဒုတပ်ကြပ်လောက်က ခြေလျင်တပ်ရင်းမှ အကြီးဆုံး ဒုဗိုလ်မှူးကြီးအဆင့် တပ်ရင်းမှူးလို အရာရှိကြီးကို ထိမဖွဲ့ပါ ဆက်ဆံလေသည်။ အရိုအသေ Respect ကို တပ်မတော်ထုံးတမ်းစဉ်လာအတိုင်း မပေးလိုကြတော့။ အလွန် ဘဝင်မြင့်သွားကြတော့၏။ အဿပြာ ပဲဝက်ရသည့် ဝိဒေဟရာဇ်ပုတ်သင်များ ဖြစ်သွားကြတော့၏။ သူတို့တပ်ဖွဲ့အကြီးအကဲမှလွဲ၍ ဘယ်သူ့မှ လူမထင်သူများ ဖြစ်သွားကြတော့၏။ ဒုတပ်ကြပ်နဲ့ တပ်ကြပ်အဆင့်က မတန်မရာ ဝေါက်ကွင်းဆင်းပြီး ဝေါက်တွေ ဘာတွေ ရိုက်တော့၏။

ဝေါက်ရိုက်တာ လွယ်မှတ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဂေါက်ဆက်က သိန်းနဲ့ချီပေးရသည်။

အဝတ်အစားကလည်း သိန်းချီပေးရသည်။

ဂေါက်ရှူးက တစ်ရံ လေးငါးသောင်း။

ဂေါက်သီးတစ်လုံး သုံးလေးထောင်

ဂေါက်တစ်ပွဲကစားရင် Caddy Fee နဲ့ Green Fee တား တာသောက်တာက အနည်းဆုံးသောင်းဂဏန်း ထွက်၏။

ဒီငွေတွေ ဘယ်ကရသလဲ။

ဒီရာထူးနဲ့ ဒီငွေတွေ ပေးနိုင်ပါ့မလား။

ဒီလခနဲ့ ပေးနိုင်ပါ့မလား။

သာမန်တော့ မပေးနိုင်ပါဘူး။

အဲ . . . ပေးနိုင်ပါသည် ခင်ဗျာ။ ပေးနိုင်လို့ ရိုက်တာပေါ့ ခင်ဗျာ။ အဲဒီငွေတွေ ဘယ်ကရသလဲ။ လုပ်ပိုင်ခွင့်ကြောင့် ဝင်လာတဲ့ ငွေတွေပါ ခင်ဗျာ။ သူပေး လူပေးတွေပေါ့ ခင်ဗျာ။

အဲဒီတော့ ရာထူးခပ်ငယ်ငယ် ဒုတပ်ကြပ် တပ်ကြပ်တောင် ဒါလောက်ဖြစ်နေရင် ထောက်လှမ်းရေးတပ်မှူးလောက် ဖြစ်သွားပြီ ဆိုပါက ထိုနယ်တွင် ဘုရင်တစ်ပါးသဖွယ် မင်းမူတော့၏။ မင်းမူ နိုင်အောင်လည်း သူ့အဖွဲ့အစည်းက ပံ့ပိုး၏။ Backing ပေး၏။ တာဝန်ယူ၏။

ထို့ကြောင့် ထောက်လှမ်းရေးတပ်ဖွဲ့များသည် သူတို့အဆင့် ဆင့်၌ တစ်ဦးကိုတစ်ဦး အပြည့်အဝ တာဝန်ယူကြသည်။ ထောက်ခံ ကြသည်။ Backing ပေးကြသည်။ ဒါသည် ဟိုးအောက်ခြေ ရဲဘော် အဆင့်မှသည် အမြင့်ဆုံးထောက်လှမ်းရေးမှူးချုပ်အဆင့် NIB Chief အဆင့်ထိ ဖြစ်တော့သည်။





၂၀၀၄ ခုနှစ်က ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ထလရအဖွဲ့အား အရေးယူသည့်အခါ ထောက်လှမ်းရေးရုံး အသီးသီး၌ နိုင်ငံနံပတ်တစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဓာတ်ပုံ၊ နိုင်ငံနံပါတ်နှစ် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဓာတ်ပုံများကို မတွေ့ရဘဲ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ပုံတစ်ခုတည်းကိုသာ တွေ့ရ သည်ဟု ထိုရုံးများကို စီးနင်းရှာဖွေသူများက ဆိုခဲ့လေသည်။

ဤသည်မှာ ထောက်လှမ်းရေး၏ အသွင်ယူမှုကိစ္စများနှင့် ဆက်စပ်ဖော်ပြခြင်းဖြစ်ပါသည်။ ပြောမည်ဆိုပါက ထောက်လှမ်းရေး နှင့်ပတ်သက်ပြီး ပြောစရာများကား တစ်ထောင့်တစ်ည ပုံပြင် များပမာ ဖြစ်ပါသည် ခင်ဗျာ။

## ကျွန်တော်နှင့်ထောက်လှမ်းရေးများတွေ့ဆုံခြင်း

ကျွန်တော်သည် အရာရှိငယ်ဘဝမှသည် အရာရှိကြီးဘဝ အထိ ထောက်လှမ်းရေးများနှင့် အကြိမ်ကြိမ်ဆုံခဲ့ရ၏။ အမ်အိုင် ခေါ် တပ်မတော်ထောက်လှမ်းရေးများနှင့် ပထမဆုံးစတွေ့သည်မှာ ၁၉၇၂ ခုနှစ်က ဖြစ်သည်။

ထိုစဉ်က ကျွန်တော်သည် ခလရ (၁၉) တွင် ဗိုလ်အဆင့်ဖြင့် တပ်ရေးဗိုလ်ကြီးလုပ်နေ၏။ တစ်ရက်တွင် ကကလှမ်းမှ ဗိုလ်ကြီး သန်းထွန်းဆိုသူ ရောက်လာ၏။ ကိစ္စမှာ ရတခမှတပ်များ ဆိုက်ဖာ ဝက်စာပေါက်ကြားမှုဖြစ်၏။ တပ်က ဆိုက်ဖာတွေ ပေါက်ပြီး KNU တွေဆီရောက်နေကြကြောင်း ဖမ်းဆီးရမိ စာရွက်စာတမ်းများ ကြားဖြတ်စက်သတင်းများ သိရသည့်အခါ ကကကြည်းက ဗိုလ်မှူးကို



www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းရတော့သည်။

လှမ်းက ဒါကို ဆင်းစစ်သည်။

ဗိုလ်ကြီးသန်းထွန်းက ရောက်ရောက်ချင်း တပ်ရင်းမှူးနှင့် တွေ့သည်။ သူသည် ရန်ကုန်က ဖာပွန်ကို ဒါကိုတာလေယာဉ်ဖြင့် တိုက်ရိုက်လာခြင်းဖြစ်၏။ တပ်ရင်းမှူးနှင့်တွေ့ပြီး ကျွန်တော့်ကို တပ်ရေးရုံးခန်းမှာပင် တွေ့သည်။

"ကဲ ... ဗိုလ်ကြီးသောင်းဝေ၊ ဗိုလ်ကြီးတို့ ရတခတပ်တွေ ကပို့တဲ့ စီဒီ ၅၅ ဆိုက်ဖာတွေပေါက်ပြီး KNU ဗဟိုကိုရောက် နေတယ်။ ဗိုလ်ကြီးတို့ စီဒီ ၅၅ စက်ကို ဘယ်လိုသုံးသလဲ။ ကျွန်တော့် ကို ကြေးနန်းတွေဝှက် ဖော်ပြပါဗျာ"

ဟု မျက်နှာထားတင်းတင်းနှင့် ပြောလေသည်။ သူ့ပုံက ဂျာမန်ဂက်စတာပို ပုံပေါက်နေ၏။ သူက ဂက်စတာပိုဆိုတော့ ကျွန်တော်တို့က တရားခံ ဂျူးတွေပေါ့။

ထိုကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်က တပ်ရင်းထောက် လှမ်းရေး တပ်ကြပ်ကြီး ခင်ညိုနှင့် တပ်ကြပ် အောင်လှတို့ကိုခေါ်၍ စီဒီ ၅၅ စက်ဖြင့် ဝှက်စာဝှက်သွင်းခြင်း ဖော်ယူခြင်းများကို လက်တွေ့ လုပ်ပြရတော့၏။

ကျွန်တော့်တပည့်များလုပ်တာကို ကြည့်ပြီး သူဘာမှ မပြောပါ။ စီဒီ ၅၅ စက်က ၂ ဆင့်သွင်း ၂ ဆင့်ဖော်ရသည့်စက် ဖြစ်၏။ ဆွစ်ဇာလန်ကလုပ်သည့်စက် ဖြစ်သည်။ အဖော်ရ အလွန် ခက်သည်။ သာမန် ရိုးရိုးဆိုက်ဖာကျွမ်းကျင်သူတွေ ဖော်မရနိုင်ပါ။ သို့ရာတွင် KNU တွေက ဖော်နိုင်နေ၏။ KNU တွင် Signal ကျွမ်းကျင်သူတွေ အများကြီးရှိပါသည်။ ၁၉၄၉ KNDO တွေ





တောခိုစဉ်ကပင် Signal တပ်က အရာရှိအရာခံ အကြပ်တပ်သား ကရင်တွေ အများကြီးပါသွား၏။ ပြောရမည်ဆို အားလုံးလိုလိုပင် ဖြစ်ပါသည်။ ထို့ကြောင့် KNU က Signal သမားတွေ အထင် မသေးပါနှင့်။ သာမန်ဝှက်စာလောက်ကတော့ အပျော့ပေါ့။

ဗိုလ်ကြီးသန်းထွန်းသည် ဝှက်စာဖော်တာ သွင်းတာကြည့်ပြီး ဝှက်ပြီး ဖော်ပြီးသား စာကြမ်းများကိုပါ တစ်နေကုန်လိုက်စစ်တော့၏။ ကျွန်တော့်မှာ ဘယ်မှမသွားရ၊ တရားခံလို သူနားထိုင်နေရသည်။ တပ်ရင်းထောက်လှမ်းရေး တပ်စိတ်တစ်စိတ်လုံးလည်း အနားမှာ အသင့်နေပေးနေရသည်။ တစ်နေကုန် သူစစ်ချင်တာတွေ သူ မေးချင်တာတွေမေးပြီး ထိုနေ့က ရိပ်သာမှာ ညအိပ်သည်။ သူ့အား ကောင်းကောင်းမွန်မွန် ပြုစုရ၏။ နောက်တစ်နေ့ နေ့လယ် UBA လေယာဉ်ဖြင့် ရန်ကုန်ပြန်သွားသည်။ မပြန်မီ တပ်ရင်းမှူးကို ဝင်တွေ့ သွား၏။ ဘာတွေပြောသွားမှန်းတော့ မသိ။

ကျွန်တော့်ကိုတော့ ပြန်သွားသည်အထိ ဘာမှမပြောသွားပါ။

ထိုစီဒီ ၅၅ စက် ဆိုက်ဖာပေါက်ကြားမှုမှာ နောင်တွင် အဖြေရှာတွေ့ပါသည်။ ရတခ ဆိုက်ဖာဌာနမှ လက်အောက်ခံတပ်များ အဖော်ရလွယ်အောင် မြန်မြန်ဖော်နိုင်အောင် စီဒီ ၅၅ အား ၂ ဆင့် မဖွက်တော့ဘဲ တစ်ဆင့်တည်း ဖွက်ရာမှ မြစ်ဖျားခံသည်ဟု သိရကြောင်းပါ ခင်ဗျာ။ KNU ကိုများ အထင်သေးလို့ဗျာ။

သို့ရာတွင် ဘာပဲဖြစ်ဖြစ် ကိုယ်နှင့်မသက်ဆိုင်သည့်ကိစ္စ တစ်ခုတွင် တပ်ရေးဗိုလ်ကြီးတစ်ယောက်အား တရားခံပုံစံ ဆက်ဆံ သဖြင့် ပထမဆုံးအကြိမ် ကျွန်တော့်၏စိတ်ထဲ၌ ခိုးလိုးခုလုနှင့် အမ်အိုင်ကို မကျေနပ်မှုတစ်ခု စတင်ခဲ့ပါသည် ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယအကြိမ် တောက်လှမ်းရေး၏ ဒုက္ခပေးမှုနှင့်ကြုံရခြင်း

၁၉၈၁ ခုနှစ်တွင် ကျွန်တော်သည် သနက (၁) သို့ တပ်ခွဲမှူး ဗိုလ်မှူး Major officiating ရာထူးနှင့် ရောက်သွား၏။

သနက (၁) မှာ ကျိုင်းတုံဒေသတွင် စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေရ၏။ ၁၉၈၂ ခုနှစ် မိုးဦးကျစဥ်၌ ကျွန်တော်သည် တပ်ခွဲတစ်ခွဲနှင့် လွယ်မွေ လေတပ်စခန်း၏ ရှေ့ကာအဖြစ် လှုပ်ရှား တာဝန်ကို ထမ်းဆောင်နေရ၏။ လွယ်မွေတွင် လေတပ်မှ Radar Squadron တစ်ခု ရှိ၏။

ကျွန်တော်သည် လွယ်မွေကို Firm Base လုပ်ပြီး လွယ်မွေ အရှေ့ဘက် ပါခါ၊ နောင်ပတ္တိုင်၊ နောင်လုံ၊ ခွန်ပုတ်မှသည် အစွန်ဆုံး မိုင်းငေါင်း ထင်းရှူးတောင်၏အထိ လှုပ်ရှားရသည်။ မိုင်းငေါင်း ထင်းရှူးတောင် ကျော်သွားပါက နမ့်မလွေချောင်းရှိသည်။ နမ့်မလွေချောင်း၏ ဟိုမှာဘက်ကမ်းတွင်ကား ဗကပကော့ ၈၁၅ တပ်မဟာနှင့် နာမည်ကျော် ဝမ်ကျင်းဆန်တောက်ဒေသရှိလေသည်။

ဤရှေ့ကာ Screen တာဝန်ကို ကျွန်တော်သည် ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလမှ မိုးတွင်း ဩဂုတ်လအထိ တာဝန်ထမ်းဆောင် ခဲ့ရသည်။ ရှေ့ထွက်လိုက် လွယ်မွေပြန်ဝင်လိုက်ဖြင့် ထွက်ချီဝင်ချီ လုပ်နေရသည်။ တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေးက ကျွန်တော့် တပ်ခွဲမှ ခွဲထုတ်လှုပ်ရှားဖြစ်၍ စိတ်ပူသဖြင့် တစ်ခွဲတစ်ခွဲလုံး လူ ၉၀ ကျော်ခန့် ဖြည့်ပေးထား၏။ အရာရှိက ကျွန်တော်အပါအဝင် လေးဦးဖြစ်၏။ စက်လတ်တစ်လက်နှင့် အမ် ၇၉ လေးလက်





ပေးထား၏။ လူ ၉၀ ကျော်ခန့် ကွပ်ကဲရသဖြင့် ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် စစ်သူကြီးတစ်ယောက် ကဲ့သို့ ထင်နေ၏။

လွယ်မွေလေတပ်ကလည်း သူတို့လုံခြုံရေးကို လာလုပ် ပေးနေသည့် ကျွန်တော့်အား တပ်ခွဲမှူး၊ တပ်ခွဲမှူးနှင့် အဲထူးဦးစား ပေးကြ၏။ ဖေဖော်ဝါရီ မတ် နှစ်လတော့ အတော်ကိုအဆင်ပြေပြီး စားကောင်းသောက်ကောင်းနှင့် နေလို့ထိုင်လို့ အလွန်ကောင်းပေ သည်။ သို့ရာတွင် ထိုအရသာက ကြာကြာမခံပါ ခင်ဗျာ။

ထိုနှစ် ၁၉၈၂ ခုနှစ် မတ်လကုန်ခါနီးတွင် ကကလှမ်းမှ **ချေဦးစစ်ဆင်ရေး** အမည်ဖြင့် ရှမ်းအရှေ့တွင် ဗကပသတင်းများ စုဆောင်းရန် တပ်ဆွယ်အသေးလေးများ အနှံ့အပြားဖွင့်တော့၏။

ထိုသို့ဖွင့်ရာတွင် လွယ်မွေလည်းပါ၏၊ ကကလှမ်းမှ တပ်ကြပ် ကြီးတစ်ဦးနှင့် တပ်ကြပ်တစ်ဦးကို စေလွှတ်ပြီး ဆွယ်ကလေးတစ်ခု လာဖွင့်သည်။ သူတို့နှစ်ဦးသည် လွယ်မွေရွာတွင်း အိမ်ငှားနေပြီး သတင်းစုဆောင်းကာ ကျိုင်းတုံဗျူဟာသို့ ပို့တော့၏။

သူတို့ သတင်းများက ဘယ်ကရမှန်းမသိပါ။ လွယ်မွေ သကာဆဖတွေဆီကလား ဘာလားလဲ မသိပါ။ ကျွန်တော်နှင့်ကတော့ မေးထူးခေါ်ပြောအဆင့်သာဖြစ်ပါသည်။ သူက ထောက်လှမ်းရေးက တပ်ကြပ်ကြီးဆိုပြီး ခပ်တင်းတင်းနေ၏။ ကျွန်တော်ကလည်း Area Commander ဆိုပြီး သူ့ကို သိပ်အလေးမထားပါ။ ကိုယ် လုပ်စရာရှိ တာတွေကို စီမံချက်တင်ပြီး သွားလာရှင်းလင်းလုပ်ကိုင်နေပါသည်။ တိုင်ပင်စရာရှိရင် လွယ်မွေလေတပ်မှ တပ်မှူး ဗိုလ်မှူးဌေးမောင် (ပုဏ္ဏား) နှင့်သာ တိုင်ပင်ပါသည်။

ဤကိစ္စ၏ အကျိုးဆက်ကား ကျွန်တော့်တပ်ခွဲသည်



www.burmeseclassic.com

www.burmeseclassic.com



လွယ်မွေ့တွင် ဖင်အေးအောင်မနေရတော့ပါ။ တစ်ညအိပ်ပြီးသည်နှင့် ကျိုင်းတုံဗျူဟာမှ သတင်းတွေချမေးပြီး ဟိုနေရာရှင်းခိုင်း ဒီနေရာ ရှင်းခိုင်းနှင့် တိုက်ရိုက်ခိုင်းလာပါတော့သည်။ အရင်ကလို ကျွန်တော် တင်ပြသည့်စီမံချက်များကို လက်မခံတော့ပါ။

"ဟာ ... ဘယ်လိုဖြစ်တာပါလိမ့်"

ကျွန်တော်တို့တပ်ခွဲ အရာရှိလေးဦး ခေါင်းချင်းရိုက်ရပါ တော့သည်။

တစ်ရက်တွင် ကျွန်တော်တို့တပ်ခွဲ လွယ်မွေ့ပြန်ဝင်ပြီး ည မအိပ်လိုက်ရ၊ ကျိုင်းတုံဗျူဟာမှ အရှေ့ဘက် နောင်လုံခွန်ပုတ်အထိ ချက်ချင်းပြန်ထွက်ခိုင်းသဖြင့် အတော်တော့အောင့်သွား၏။

ကျွန်တော်နှင့် ဗိုလ်ကြီးသူရခင်မောင်လတ်တို့ နှစ်ဦးသည် လွယ်မွေ့မှ ပြန်အထွက်တွင် **Army Rum** ကုန်နေ၍ ရမ်အစား **Country Liquor** များဝယ်ယူရန် လွယ်မွေ့မှ တစ်ဆိုင်တည်း သာရှိသည့် လိုင်စင်ရ ဒေသထွက် ယမကာဆိုင်သို့ ဝင်လိုက်သည့် အခါ ဆိုင်တစ်ဆိုင်လုံးတွင် အရက်သောက်နေသူ ၂ ဦးသာရှိ၏။ တခြားသူ ဟုတ်ပါရိုးလား။ ထောက်လှမ်းရေးတပ်ကြပ်ကြီးနှင့် သူ့တပည့်တပ်ကြပ်တို့ ၂ ဦးဖြစ်၏။

သူတို့သည် ညနေအချိန်ဖြစ်၍ အတော်တွေနေကြပေပြီ။

"ဟာ ... ဗိုလ်ကြီးတို့ပါလား။ ဘာတွေဖြစ်နေကြတာလဲ ဗိုလ်ကြီးရဲ့"

တပ်ကြပ်ကြီးက ပြုံးဖြဲဖြဲနှင့် မေးလေသည်။

ကျွန်တော်ကလည်း သူတို့ကို နဂိုကတည်းက ခပ်ချဉ်ချဉ်မို့

"ဟာဗျာ ... အခုပဲ နောင်လုံခွန်ပုတ်က ပြန်လာတာ။





ညနေစာတောင် ချက်မစားရသေးဘူး။ အဲဒါ ဗကပ သုံးလေးရာ ရောက်လာလို့ သွားရှင်းပါတဲ့ဗျာ။ ဒုက္ခပါပဲ။ ဘယ်ကောင်ကများ သွားချွန်လိုက်သလဲမသိဘူး။ ဘယ်က သတင်းတွေရနေလဲ မသိဘူး"

"ဟဲ ဟဲ ဟဲ ... ဗိုလ်ကြီး အဲဒါ ကျွန်တော်တို့ပေးလိုက်တဲ့ သတင်းလေ"

"ဟင် ... ခင်ဗျားတို့က အဲဒီသတင်း ဘယ်ကရတာလဲ"

"နောင်ဟိုင် သကဆဖက ပေးတဲ့သတင်းပါ"

"ဟာဗျာ ... ခင်ဗျားတို့ ကျွန်တော့်မေးပါဦးဗျာ။ နောင်ဟိုင်ကို မနေ့ကပဲ ကျွန်တော်ရောက်ပါသေးတယ်။ ဘာသူပုန်မှ မရှိပါဘူး"

ထိုအခါ ထိုတပ်ကြပ်ကြီးက ထိမထင်ဟန်ဖြင့် ...

"ကျွန်တော်ကတော့ မှန်တာ မမှန်တာ အပထား။ ကျွန်တော်တို့ရတဲ့ သတင်းကိုတော့ ပေးရမှာပဲလေ။ ကျွန်တော့် တာဝန်က ဒီကိစ္စလုပ်ဖို့လာတာလေ။ ဟဲ ... ဟဲ ... ဟဲ"

သူက အရက်ကလေး ခပ်ထွေထွေဖြင့် ပြောလေ၏။

"အေး ... ခင်ဗျား သတင်းပေးတာတော့ ကိစ္စမရှိဘူး။ ကျုပ်နဲ့ ကျုပ်တပ်ခွဲကတော့ လျှာထွက်နေပြီ"

"ဒါကတော့ ဗိုလ်ကြီးတို့ကိစ္စပဲလေ"

သူ၏ မခန့်လေးစားနှင့် ပြောသည့်လေသံကို ကျွန်တော် အတော်ချဉ်သွား၏။ ဘာမှလည်း လုပ်လို့မရ၊ ထို့ကြောင့် မခံချင် စိတ်ဖြင့် ...

"အေးပေါ့ဗျာ ... ခင်ဗျားတို့ လုပ်ထားနှင့်ကြဦးပေါ့"

ဟု မကျေမနပ်နှင့် အငေါ်တူးကာ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စအတွက် အကျိုးဆက်ကား အတော်ကြီးမားပါသည်။

နောက်နေ့တွင် ဗျူဟာက ကျွန်တော့်တပ်ခွဲကို စစ်တွက်တွေ လိမ်ဖို့နေကြောင်း။ မသွားဘဲနှင့် အသွားပြနေကြောင်း စွပ်စွဲချက်တွေနှင့် အပြစ်ရှာစွဲချက်တင်ပါတော့သည်။

ထိုစဉ် ကျိုင်းတုံရှေ့တန်း တပ်မ (၈၈) တပ်မမှူးမှာ ဗိုလ်မှူးကြီးသန်းရွှေ (ယခု အငြိမ်းစားဗိုလ်ချုပ်မှူးကြီး) နှင့် ဗျူဟာမှူးမှာ ဗိုလ်မှူးကြီးသိန်းဟန် (ယခု အငြိမ်းစား ဗိုလ်မှူးချုပ်) တို့ ဖြစ်ကြပါ၏။

ထိုစွဲချက်ကို ဗျူဟာက တပ်မမှူးရှေ့တွင် ရှင်းလင်းတင်ပြတော့၏။

ထိုအခါတွင် ကိုယ့်လူတွေအတွက် ရင်ဘတ်နှင့် တားခံတတ်သည့် တပ်ရင်းမှူးဗိုလ်မှူးကြီး ကိုလေး (အငြိမ်းစားမြို့တော်ဝန်) က ထိုအစည်းအဝေး၌ သူ့တပ်ခွဲမှူး ဗိုလ်မှူးသောင်းဝေ အလွန်ရိုးကြောင်း။ မလိမ်တတ် မညာတတ်ကြောင်း။ ခိုင်းရင်ခိုင်းတဲ့အတိုင်း လုပ်တတ်သည့် အမိန့်နာခံသော စစ်သားကောင်းတစ်ဦးသာ ဖြစ်သည့်အကြောင်း တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေရှေ့တွင် ထပ်ပြီး တင်ပြတော့သည်။

တပ်ရင်းမှူးကြီး အလျှောက်ကောင်း၍ အထောင်းသက်သာသွားပါ၏။ ကျွန်တော့်ကို တပ်မမှူးနှင့် ဗျူဟာမှူးက ခွင့်လွှတ်သွား၏။ သို့ရာတွင် အိုင်အိုဗိုလ်ကြီးတင်ဖေက ...

"ဗက တင်ဖေမှ ခွဲမှူးအတွက်။ ထောက်လှမ်းရေးနှင့် တည့်အောင်ပေါင်းရန် ရင်းမှူးက မှာပါသည်။ ယခုကိစ္စမှာ သူတို့ပို့လိုက်သည့်သတင်းကြောင့် ဖြစ်ပါသည်။ ခွဲမှူးအပြောအဆို ဆင်ခြင်ရန်လိုသည်ဟု ရင်းမှူးက ပြောပါသည်"





ပြန်စီစစ်တော့ အရက်ဆိုင်ထဲတွင် ကျွန်တော်နှင့် စကားများခဲ့သည့် ထောက်လှမ်းရေးတပ်ကြပ်ကြီး၏ လက်ချက်ဖြစ်ပါသည်။

ကျွန်တော်တို့ အလွန်အတွင်းအားကောင်း၍ ဘာမှမဖြစ်ခဲ့ပါ။ သာမန်ဆို စစ်ဆင်ရေးအစီရင်ခံစာ လိမ်ပြကာ ပြုတ်တတ်ပါသည်။ **DSA 9th intake** မှ ဒုဗိုလ်မှူးကြီးမောင်ဒွေး စစ်ဆင်ရေးအစီရင်ခံစာ လိမ်ပြလို့ ပြုတ်သွားတာ ကျွန်တော့်ရှေ့ မျက်ဝါးထင်ထင် ဖြစ်ပါသည်။ ၁၉၉၀ ကပါ ။ အဲဒီတုန်းက တိုင်းမှူးက ဗိုလ်ချုပ်မောင်အေးပါ။

ယခုလည်း အတော်အတွင်းအားကောင်းသောကြောင့် ဒီချောက်က လွတ်ခဲ့တာပါ။

ကျွန်တော့်တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေးက ကျိုင်းတုံ ဗျူဟာမှူး ဗိုလ်မှူးချုပ်သိန်းဟန်နှင့် ဗိုလ်သင်တန်း တစ်ပတ်တည်း ဖြစ်၏။

ကျွန်တော်က ဗိုလ်မှူးချုပ်သိန်းဟန်၏ဇနီး မခင်သော်တာနှင့် တက္ကသိုလ်တွင် ၂ နှစ် အတူကျောင်းတက်ခဲ့သည့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်ခဲ့၏။ ဒါတွေ ဒါတွေက ကယ်လိုက်ခြင်းပါပေ။

ဤသည်ကား ကျွန်တော်တပ်ခွဲမှူး ဗိုလ်မှူးဘဝက ထောက်လှမ်းရေးမှ ဒုတိယအကြိမ် ဒုက္ခပေးလိုက်ခြင်းပါ ခင်ဗျား။

## Y.C.D.C မှာ ပြန်ဆုံကြပြန်ခြင်း

တပ်ထဲတွင် အရာရှိငယ်ဘဝ၌ ထောက်လှမ်းရေးမှ ဒုက္ခပေးတာ တစ်ခါနှစ်ခါ ခံခဲ့ရပြီးနောက် ကျွန်တော်သည် အတော်လူရည်လည်သွားပါသည်။ ထောက်လှမ်းရေးနှင့် တည့်အောင်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ထို့ကြောင့် နောက်ထပ် ဘာပြဿနာမှ မပေါ်တော့ပါ။ အားလုံး အေးအေးချမ်းချမ်းနှင့် ပြီးဆုံးခဲ့၏။ ဗိုလ်မှူးကြီးအဆင့် နည်းဗျူဟာမှူးအထိ ဖြစ်လာခဲ့လေသည်။ နည်းဗျူဟာမှူး လေးနှစ်ခန့်အကြာတွင် နဝတအမိန့်ကြော်ငြာစာဖြင့် Y.C.D.C သို့ ရောက်လာ၏။

Y.C.D.C ကား လိုတာအစုံ အကုန်ရသောဌာနကြီးဖြစ်၏။ မြို့တော်ဝန် ဗိုလ်မှူးကြီးကိုလေးကလည်း အပေးအကမ်း ရက်ရောသူဖြစ်၏။ ထို့ကြောင့် ၁၉၉၅ နှစ်ကုန် ကျွန်တော့် Y.C.D.C ရောက်ချိန်တွင် Y.C.D.C ၌ လူကျိုတ်ကျိုတ်တိုးပြီး အခွင့်အရေးအမျိုးစုံအား ဝိုင်းအုံလုယက်နေကြသည့် ကာလအချိန်သမယ ဖြစ်ပါပေ၏။

တိုက်ခန်း၊ မြေကွက်၊ ဆိုင်ခန်းလျှောက်သူများက ရှေ့ဆုံးက ဖြစ်၏။

ဒါပြီးတော့ အလုပ်လျှောက်သူများ။ အလုပ်ကလည်း အခွန်ဌာနမှ လုပ်ချင်သတဲ့၊ ဂိတ်တွေမှာ ပိုက်ဆံကောက်ချင်တာတဲ့။ ဒါမှလည်း ပိုက်ဆံနိုက်လို့ ရမှာကိုး။ တိုင်းပြည်နဲ့ Y.C.D.C ကို ချစ်လို့တော့ မဟုတ်ပါ။

ထိုသို့သော သူများထဲတွင် ထောက်လှမ်းရေးတွေကလည်း လက်မနေးပါ ခင်ဗျာ။ ပါပါသည်။ ထောက်လှမ်းရေး (၆)၊ ထောက်လှမ်းရေး (၇)၊ ထောက်လှမ်းရေး (၁၂)၊ ထောက်လှမ်းရေး (၂၆)၊ ထောက်လှမ်းရေးအကူနှင့် ဗဟိုထောက်လှမ်းရေးတပ်တို့ ပါဝင်လေသည်။

သူတို့သည် လျှောက်လွှာအမျိုးမျိုးကိုင်ကာ ဟိုဟာလျှောက် ဒီဟာလျှောက်နှင့် လျှောက်ကြ၏။

သတင်းရယူရေးအတွက်ဟု အကြောင်းပြကာ ဘုရင့်နောင်





ပွဲရုံတန်းလို နေရာမျိုးနှင့် အောင်မင်္ဂလာ အဝေးပြေးဂိတ်လိုနေရာမျိုးတွင် သူတို့ရုံးဖွင့်ရန် အခန်းအလကားတောင်း၏။ ထိုစဉ်က အခွန်ဌာနမှူး ဗိုလ်ကြီး တင်အောင်ဝင်းကလည်း သူတို့နှင့် ပုလင်းတူဘူးဆို့ဖြစ်၍ သူတို့တောင်းတာ ပေးခဲ့လေသည်။ သူ့အထက်က တာဝန်ရှိသူ ကျွန်တော်ကိုတောင် အသိပေးတင်ပြခြင်း မလုပ်ခဲ့ပါ။

ကျွန်တော် Y.C.D.C မှာ တာဝန်ထမ်းဆောင်စဉ်က ထောက်လှမ်းရေးတပ်မှူးများကား . . .

ထလရ (၆) ဗိုလ်မှူးစည်သူ

ထလရ (၇) ဗိုလ်မှူး လှသက်မောင်

ထလရ (၁၂) ဗိုလ်မှူး နေစိုး

ထလရအကူ ဗိုလ်မှူးကြီးဝင်းမြင့်

ဗဟိုထလရတပ် ဗိုလ်မှူးကြီးလှအောင် (ယခု မထသဉက္ကဋ္ဌ) တို့ဖြစ်ကြ၏။

ထိုသူများထဲ၌ လောဘသက္ကာယကြီးပြီး မကြာခဏ Y.C.D.C ကို ဒုက္ခပေးသူများကား ဗိုလ်မှူးနေစိုးနှင့် ဗိုလ်မှူးကြီးဝင်းမြင့်တို့ဖြစ်၏။

ပထမ ဗိုလ်မှူးနေစိုးအကြောင်း ပြောပါမည်။

ဗိုလ်မှူးနေစိုးသည် ၁၉၈၈ အရေးအခင်းကာလအပြီး၌ ထောက်လှမ်းရေး၏ တာဝန်ပေးချက်အရ NLD လူငယ်အဖွဲ့သို့ ဝင်ရောက်သွားခဲ့သည်။ တဖြည်းဖြည်းနှင့် ဒေါ်အောင်ဆန်းစုကြည် အနီးသို့ ရောက်သွားလေသည်။ ထိုအခါ NLD ၏ အရေးကြီးသတင်းအချက်အလက်များအား ကကလှမ်းသို့ ပေးပို့နိုင်ခဲ့၏။ ဤကဲ့သို့ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် MI Chief ဗိုလ်ချုပ်ကြီးခင်ညွန့်



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာသာပေးခြင်းကို ခံခဲ့ရ၏။

နှစ်အတန်ကြာ NLD တွင် တာဝန်ထမ်းဆောင်ပြီးသော အခါတွင် သူ့အား Penetration Agent မှန်း သိသွားသဖြင့် ကကလှမ်းမှ ပြန်ခေါ်ပြီး ရန်ကုန်ထောက်လှမ်းရေး (၁၂) တပ်မှူးအဖြစ် ခန့်ခဲ့တော့၏။

ဗိုလ်မှူးနေစိုးသည် အရပ်အမောင်းကောင်းကောင်းနှင့် ရုပ်ကခပ်သန့်သန့်ဖြစ်၏။ ဘယ်တော့မှ ယူနီဖောင်းမဝတ်။ အမြဲတမ်း လိုလို သူ့အား အရပ်ဝတ်နဲ့သာ တွေ့ရတတ်၏။ သူသည် Y.C.D.C မှ တိုက်ခန်း၊ မြေကွက်၊ ဆိုင်ခန်း စသည်များအား မလွတ်တမ်း လျှောက်၏။ မရပါက တစ်ခုမဟုတ်တစ်ခု ပြဿနာရှာ၏။ ထို့ကြောင့် သူလျှောက်လာပါက Y.C.D.C မှ မဖြစ်မနေ ပေးရတော့သည်။ ရန်ကုန်တွင် ထောက်လှမ်းရေး (၁၂) ၏ စီးပွားရေးလုပ်ငန်းများမှာ အတော်များ၏။ အင်းလျားလမ်းနှင့် ကမ္ဘာအေးစေတီလမ်းဆုံ အင်လျားကန်စောင်းရှိ ယခုပြုပြင်ဆဲပန်းခြံတွင် ယခင်က Pink Lady အမည်ရှိ Restaurant နှင့် Karaoke Club ရှိသည်။ အတော်နာမည်ကြီး၏။ ထို Pink Lady မှာ ထလရ (၁၂) အပိုင်ဟု သိရ၏။ ထို့ပြင် ရန်ကုန်လေဆိပ်ရှိ Penguin Hotel Restaurant မှာလည်း အစကနဦးက သူတို့အပိုင်ဟု ဆိုကြပြန်သည်။ လေဆိပ်အဝင် ကျောက်ကုန်းဖြတ်လမ်းပေါ်က ဆိုင်အချို့လည်း ထောက်လှမ်းရေးမှ ဆိုင်များဟု ပြောကြသည်။ ဗဟိုထောက်လှမ်း ရေးတပ်နှင့် ကပ်လျက်ရှိ၏။

ဗိုလ်မှူးနေစိုးသည် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ အရှိန်ဝါနှင့် အလွန်မောက်မာသည်။ မည်သူ့မှ ဂရုမစိုက်။ ထို့ကြောင့် သူ့အား





မျက်စေ့စပါးမွေးစူးသူများ များလှ၏။ သူသည် ဝန်ကြီးများ တိုင်းမှူး များကိုပင် မမာမခန့် ဆက်ဆံသူဟုလည်း နာမည်ကျော်ကြား၏။

၂၀၀၄ ခုနှစ် ထောက်လှမ်းရေးတပ်ဖွဲ့ကြီးအား အမြစ်ပြတ် ချေမှုန်းရေးပြုလုပ်သည့်အခါ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်း အဝေးခန်းမ၌ ဗိုလ်မှူးနေစိုးက တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေအား အစည်း အဝေးတွင် မချေမငံဖြင့် ကလန်ကဆန် ပြန်ပြောလေသည်။

ခိုင်းတုန်းက ခိုင်းချင်တာခိုင်းပြီး အခုမှ သူတို့ကို ခုလို အရေးယူတာ မတရားကြောင်း၊ လုံးဝမကျေနပ်ကြောင်း။ တစ်ချိန် ချိန်တွင် တွေ့မည်ဖြစ်ကြောင်း စသည်စသည်တို့ဖြစ်၏။

သူ၏ မချေမငံ့ လူရှေ့သူရှေ့ ပြောဆိုမှုကို တိုင်းမှူးက လျစ်လျူမရှုပါ။ ချက်ခြင်း လက်ထိတ်ခတ်၍ အချုပ်ခန်းထဲ ထည့် လိုက်ပါသည်။ သူနှင့် တိုင်းမှူး ရာထူးက လေးငါးခြောက်ဆင့် ကွာပါသည်။ သူက ဗိုလ်မှူး။ ဟိုက ဗိုလ်ချုပ်။

ထိုစဉ်က ထလရ အားလုံးကို ရန်ကုန်ရှိတပ်ပေါင်းစုံက အချုပ်ခန်းများထဲသို့ ပို့လိုက်ပါသည်။ အမှုစစ်တော့ ဗိုလ်မှူးနေစိုးအား ထောင်အနှစ် ၂၀၀ ချလိုက်ပါသည် ခင်ဗျား။

နောက်တစ်ယောက်က ဗိုလ်မှူးကြီးဝင်းမြင့်ပါ။

သူသည် မြောက်ဥက္ကလာ သုခမ္မလမ်းမကြီးအဆုံးရှိ အောင် မင်္ဂလာအဝေးပြေးဂိတ်နှင့် မျက်နှာချင်းဆိုင် အမှတ် (၂) ထောက် လှမ်းရေးအကူတပ် တပ်မှူးကြီးဖြစ်သည်။ Colonel ဖြစ်သည်။ သို့ရာတွင် သူသည်လည်း ဗိုလ်မှူးနေစိုးကဲ့သို့ ယူနီဖောင်းလုံးဝ ဝတ်လေ့ဝတ်ထ မရှိပါ။ မတတ်သာမှသာ မလွှဲမရှောင်သာသည့် အချိန်များတွင်သာ ယူနီဖောင်းဝတ်လေ့ရှိ၏။ ဆံပင်ခပ်ရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com



အရပ်ခပ်ပြွတ်ပြွတ်နှင့် ခပ်ဝဝဖြစ်ပါသည်။

သူသည် ဗိုလ်မှူးနေစိုးကဲ့သို့ကား မမောက်မာပါ။ သို့ရာတွင် လောဘသက္ကာယ အလွန်ကြီး၏။ Y.C.D.C မှ ရတာ အကုန်ယူ၏။ အောင်မင်္ဂလာအဝေးပြေးဝင်းထဲရှိ စည်ပင်ပိုင်ဧည့်ရိပ်သာ တည်းခိုခန်းကို အတင်းတောင်း၏။ မပေးတော့ ပြဿနာရှာ၏။ သူ့လူတွေက ခဏခဏ တည်းခိုခန်းအား လာစစ်၏။

နောက်တော့ တည်းခိုခန်းကို သူ့ကိုပေးလိုက်ရ၏။ လုံခြုံရေးအကြောင်းပြကာ စည်ပင်ပိုင်အိမ်တစ်လုံးကို အောင်မင်္ဂလာအဝေးပြေးဝင်းထဲ ရုံးခန်းဖွင့်ရန်တောင်းပြန်၏။ ပေးလိုက်ရပါသည်။ အဝေးပြေးဝင်းထဲ၌ စည်ပင်ပိုင်အိမ် ၃ လုံးရှိရာ သူတို့ တစ်လုံးပေးလိုက်ရ၏။

ထိုစဉ်က အခွန်ဌာနမှူး ဗိုလ်ကြီးတင်အောင်ဝင်းနှင့် ထောက်လှမ်းရေး အကူတပ်မှူး ဗိုလ်မှူးကြီးဝင်းမြင့်တို့သည် အကျိုးတူပူးပေါင်းကြ၏။ သူတို့သည် ယောက်ျားခြင်း ပူးပေါင်းသည့်အဆင့်ကို ကျော်လွန်ကာ ဗိုလ်ကြီး တင်အောင်ဝင်းဇနီး မတင်နုရီနှင့် ဗိုလ်မှူးကြီးဝင်းမြင့်ဇနီးတို့နှစ်ဦးကား ပူးပေါင်းကာ VIDEO ကုမ္ပဏီထောင်သည့်အဆင့်ထိ ရောက်သွားလေတော့သည်။

ဗိုလ်မှူးကြီးဝင်းမြင့်သည် ထိုမျှသာမက ကျိုက္ကဆံကားလေးတန်းအနီး၌ Karaoke Club နှင့် Restaurant ပါ ဖွင့်လေသည်။ စင်တင်တေးဂီတပါ ပါဝင်၏။ ထောက်လှမ်းရေးက အပြည့်အဝအကာအကွယ်ပေးသဖြင့် ထိုဆိုင်သည် ဖွင့်လျှင်ဖွင့်ခြင်းပင် တစ်ဟုန်ထိုး နာမည်ကြီး၍ စည်းကားလာခဲ့၏။ ၂၀၀၄ နောက်ပိုင်းတွင်မှသာ တဖြည်းဖြည်း ခန်းခြောက်သွားခဲ့ခြင်းဖြစ်၏။

၂၀၀၄ ခုနှစ် ထောက်လှမ်းရေးများ ဖြုတ်ထုတ်ရှင်း ချေမှုန်း





ရေးပွဲကြီးတွင် ဗိုလ်မှူးကြီးဝင်းမြင့်လည်း ပြေးမလွတ်ခဲ့ပါ။ ထောင်အနှစ် ၇၀ အပြစ်ပေးခြင်း ခံခဲ့ရပါသည်။ ထိုစဉ်က ကြမ်းခင်းဈေးမှာ ဒုဗိုလ်မှူးကြီးနှင့်အထက် အနှစ် ၂၀ ဖြစ်ပါ၏။ ဘာမှ သိပ်ကြီးကြီးကျယ်ကျယ် ပုဒ်မတပ်စရာ မရှိပါက အနှစ် ၂၀။ ထိုအထဲမှာမှ နည်းနည်းနာမည်ကြီးသူ၊ အဖွဲ့အစည်းအတွင်း၌ အရေးပါအရာရောက်သူများဆိုပါက အနှစ်လေးငါးခြောက်ဆယ် ခုနှစ်ဆယ် အပြစ်ပေးပါသည်။

ကျွန်တော်နှင့် ရင်းနှီးသည့် ပုဂံ Cyber Tec; မှ ဗိုလ်မှူးကြီးတင်ဦးသည် Technician ဖြစ်ကာ ကွန်ပျူတာနှင့် အီလက်ထရောနစ်များ ကျွမ်းကျင်သူဖြစ်၏။ ဗိုလ်ချုပ်ကြီးခင်ညွန့်သားဒေါက်တာရဲနိုင်ဝင်းနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်၏။ ထို့ကြောင့် သူ့အားထောင် ၇၅ နှစ်ခန့် ချခဲ့သည်ဟု ထင်ပါသည်။

အခြားဌာနကြီးမှူးဖြစ်ကြသည့် ဗိုလ်မှူးချုပ်သိန်းဆွေ (လေ) ဗိုလ်မှူးချုပ် မြင့်ဇော်တို့ကား နှစ်ကြီးသမားဖြစ်ကြ၏။ သူတို့သည် ထောက်လှမ်းရေးတွင် Key Man များဖြစ်ကြ၏။ ထို့ကြောင့် သူတို့အား Heavy Punishment ပေးပုံရ၏။ ဗိုလ်ချုပ်ကြီးခင်ညွန့် PSO ဗိုလ်မှူးနိုင်ဌေးသည်လည်း နှစ်ကြီးသမားဖြစ်၏။ သူသည် ရုပ်ရှင်လောကမှ မင်းသမီးများနှင့် ရှုပ်ထွေးပွေလီမ်နေသူဖြစ်၏။ ဒါတွေကို သူ့ဆရာ Chief ကြီး သိချင်မှ သိပါလိမ့်မည်။ သိချင်လည်း သိပါလိမ့်မည်။ ရေရေရာရာ မပြောနိုင်ပါ။

နောက်ဆုံးတစ်ခုကတော့ Y.C.D.C မှ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တိုက်တွန်းမှုကြောင့် အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ၏ ပော်တယ် ဝယ်ခဲ့ရသည့်ကိစ္စဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဟော်တယ်ကြီးကို သိန်း ၅၀၀၀ ဖြင့် ဝယ်ပြီးပြင်ခဲ့သည်။ ဖွင့်သည်။ တာဝန်ခံမှာ စာရေးသူ ကျွန်တော်ဖြစ်သည်။ အောင်မြင်လာတော့ ဝခေါင်းဆောင် ဘောက်ယုံချမ်း၏သမက် အိုက်ပေါက်က သူ့ရောင်းရန် ကျွန်တော့်ကို ပြောလာ၏။

ကျွန်တော်က ကျွန်တော် ပြုစုပျိုးထောင်ပြီး Y.C.D.C မှ ဝန်ထမ်းများကို အလုပ်ပေးထားရာ ထိုဟော်တယ်ကို မရောင်းလိုပါ။ ထို့ကြောင့် မရောင်းနိုင်ဟု အိုက်ပေါက်ကို ပြောလိုက်၏။ ထိုအခါ ဘာလုပ်တယ်ထင်ပါသလဲ။ အိုက်ပေါက်၏ အပေါင်းအသင်း ထောက်လှမ်းရေးနှင့် NIB က အင်းလျားလိပ်မြူး ဟော်တယ်တွင် ဘိန်းဖြူများအရောင်းအဝယ်လုပ်နေကြောင်း မြို့တော်ဝန်ကြီးဆီ စာများပို့တော့သည်။ လက်မှတ်ထိုးသူက ရဲမှူးကြီးဇော်ထွန်းအောင် ဖြစ်၏။

စာတွေ ထွက်ပါများသော် မြို့တော်ဝန်ကြီးက ကျွန်တော့်အားခေါ်၍ အကျိုးအကြောင်းကို မေးသည်။ကျွန်တော်က ရှင်းပြ၏။ နောက်ဆုံးတော့ ထိုဟော်တယ်မှာ ၁ နှစ်သာသာသာခံပြီး အိုက်ပေါက်တို့ ဝအဖွဲ့ကို ပြန်ရောင်းလိုက်ရတော့၏။ မရောင်းရင် ထောက်လှမ်းရေးနှင့်ပေါင်းပြီး မကြာခဏ ရန်ရှာနေမည်ဖြစ်လေသည်။ ကျွန်တော့်အတွက် ရန်သူတွေ ပေါ်လာမည်။ ထို့ကြောင့် မြို့တော်ဝန်ကြီးက …

"ခင်ဗျား … ရန်သူများပါတယ်ဗျာ။ ရောင်းလိုက်ပါတော့"

ဟု ဆိုလေသည်။ ဤသို့အားဖြင့် ထောက်လှမ်းရေးကောင်းမှုကြောင့် အကယ်ဒမီဟော်တယ်အား ဝတွေကို ရောင်းလိုက်ရတော့၏။





ဤနေရာတွင် အိုက်ပေါက်အကြောင်း နည်းနည်းပြောချင်သည်။ အိုက်ပေါက်သည် အသက် ၃၀ ကျော်ခန့် စာမတတ် ပေမတတ် ဝဖြစ်၏။ လူက ပုပုဝဝ ဂင်တိုတို အသားမည်းမည်းနှင့် ဝပုံ လုံးဝပေါက်သူဖြစ်၏။ သူသည် ဝခေါင်းဆောင် ဘောက်ယုံချမ်း၏ သမက်ဖြစ်၍ ငွေကိုရေလိုသုံးနိုင်၏။ သော်တာဆွေ၏ ကျွန်တော့် ဘဝဇာတ်ကြောင်းထဲက မိုးကုတ်ကိုမြဲမောင်လိုလူဖြစ်၏။ သူသည် ရန်ကုန်တွင်ဖွင့်ထားသည့် ဝဆက်ဆံရေးရုံး၏ အကြီးအကဲလည်း ဖြစ်၏။ ထောက်လှမ်းရေးမှလည်း သူ့ကို အပြည့်အဝ Backing ပေးခံရသူလည်းဖြစ်၏။ သူ့တွင် ငွေအမြောက်အမြားရှိရာ Y.C.D.C ကရော ထောက်လှမ်းရေးကရော အားလုံး၏ အရေးပေးခံရ၏။ သူက ငွေကို လုံးဝဂရုမစိုက်။ မရိုက်တတ်ရိုက်တတ်နှင့် ဂေါက်တုတ် အကောင်းစားများနှင့် ရိုက်၏။ တစ်ချောင်း သိန်းသုံးလေးငါးဆယ် ပေးရသည့် Driver များကို ကိုင်တတ်၏။ တစ်ခါတစ်ရံ ရိုက်မကောင်းလို့ဟုဆိုကာ ဂေါက်တုတ်များကို ဂေါက်ကွင်း၌ နီးစပ်ရာ လူများကို အလကားပေးပစ်တတ်၏။

သူသည် Y.C.D.C မှ မြို့တော်ဝန်ကြီး၏ PSO ဗိုလ်ကြီး အောင်ဇော်ဟိန်းနှင့် ဆရာကြီးတင်ဖေးတို့နှင့် အထူးခင်၏။ အထူးသဖြင့် အသက်အရွယ် သိပ်မကွာသည့် ဗိုလ်ကြီးအောင်ဇော်ဟိန်းနှင့် ပိုအတွဲများ၏။ သူ့ဘေးတွင် Y.C.D.C ဂေါက်သမားများ ဝိုင်းအုံ နေတတ်ကြ၏။

စကားပြောလျှင် မြို့တော်ဝန်ကြီးကိုပင် မင်းနဲ့ငါနဲ့ ပြောတတ်၏။ မြို့တော်ဝန်ကြီး နိုင်ငံခြားသွားလျှင်လည်း လိုက်ပါသွားတတ်ပြီး ဟောင်ကောင်၊ စင်ကာပူ စသည်တို့တွင် ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ခံတတ်၏။ သူ့တာဝန်မှာ Y.C.D.C လူကြီးများ ထောက်လှမ်းရေးမှ အကြီးအကဲများနှင့် တည့်အောင်ပေါင်းသင်းရန်သာ ဖြစ်၏။ ငွေကုန်ချင်သလောက် ကုန်ပါစေ။ ပြဿနာ သူ့မှာ မရှိ။ နိုင်ငံခြားတွင်လည်း Bank Account ဖွင့်ထားသူလည်း ဖြစ်၏။ ငွေမည်းများကို ငွေဖြူဖြစ်အောင် ခဝါချနေသည်ဟု ယူဆရ၏။ ထို့ကြောင့် ကျွန်တော်ကွပ်ကဲနေသည့် အကယ်ဒမီဟော်တယ်ကို အတင်းမရမက ဝယ်ယူနေခြင်းဖြစ်ပုံရလေသည်။

ကျွန်တော့်ကိုလည်း ဗိုလ်ကြီးအောင်ဇော်ဟိန်းနှင့် ပေါင်း၍ မီကာဆား MICASA တွင် ညစာများ တည်ခင်းကျွေးမွေးသည်။ Wet Dinner ဖြစ်လေသည်။ သူ၏ အပေးအကမ်း ရက်ရောမှုကြောင့် Y.C.D.C တွင် အိုက်ဟောက်၊ အိုက်ဟောက်နှင့် လူသိများ၏။ လူကြိုက်များ၏။ ခေါ်ချင်ပြောချင်သူ ပေါင်းချင်သင်းချင်သူ များလှ၏။

တစ်ခါသော် သူနှင့် Y.C.D.C မှ အရာရှိငယ်တစ်စု ဆီဒိုးနား ဟော်တယ်တွင် စားသောက်နေကြရာ ညနေပိုင်းသို့ အကူးအချိန်၌ မမျှော်လင့်ဘဲ Parlour တွင် ထိုင်မှိုင်နေသည့် ယနေ့နာမည်ကျော် အကယ်ဒမီ မင်းသမီးကြီးတစ်ဦးနှင့် သွားတွေ့ကြသည်။

Y.C.D.C မှ အရာရှိငယ်တစ်ဦးက ထိုမင်းသမီးနှင့် အတော် ခင်လေသည်။

"ဟာ ... မင်းသမီး ဘာဖြစ်နေလဲ။ တစ်ယောက်တည်း ပါလား။ ဘာများအကူအညီပေးရမလဲ။ မျက်နှာလည်း မကောင်း ပါလား"

"မပြောချင်ပါဘူးရှင်။ အပေါ်ကပိုင်းမှာ ရှုံးလာလို့"

"ဟုတ်လား"





"ဟုတ်တယ် ကြွေးတောင်တင်လာတယ်"

"ဘယ်လောက်လဲ"

"သိပ်မများပါဘူး။ ခြောက်သိန်းထဲပါ။ ငွေပါရင် ခြောက်သိန်းလောက် ခဏလှည့်ပါလား။ ပြန်ပေးမယ်လေ"

ထိုမင်းသမီးညီအစ်မတစ်တွေမှာ ရုပ်ရှင်လောက၌ လောင်းကစားနာမည်ကြီးသူများဖြစ်၏။ လောင်းကစားကြောင့် အိမ်ထောင်ကွဲနေကြသူများဖြစ်၏။

"ကျွန်တော်တော့ ခြောက်သိန်းမပါဘူး။ ဒါပေမဲ့ အဖွဲ့တွေ ပါတယ်။ သူတို့သွားမေးပေးမယ်"

"လုပ်စမ်းပါရှင်။ ဒီငွေက ဒီညပေးခဲ့ရမှာမို့ပါ"

"မင်းသမီး ခဏစောင့်ဗျာ။ ကျွန်တော် ပြန်လာခဲ့မယ်"

ထိုအရာရှိက သူတို့ထမင်းဝိုင်းသို့ ပြန်လာပြီး သူ့အပေါင်းအသင်းများကို အကျိုးအကြောင်းပြောပြ၏။ အားလုံးက ငြိမ်သွားကြ၏။ ထိုအခါ အိုက်ဟောက်က ...

"အဲဒီ ပိုက်ဆံ ငါပေးမယ်ကွာ။ ငါ့မှာ ပါတယ်"

"ဒါပေမဲ့ မင်း မင်းသမီးကိုပြော၊ ပိုက်ဆံပြန်မပေးနဲ့တော့"

"ဘာပြန်ပေးရမှာလဲ"

"မင်းတို့ သိရဲ့သားနဲ့"

အားလုံးက ပြုံးကြလေသည်။

ထိုအရာရှိက မင်းသမီးကို အိုက်ဟောက်ထံမှ ငွေခြောက်သိန်းယူပြီး သွားပေးလိုက်၏။ ၎င်းနောက် မင်းသမီးကို အိုက်ဟောက်နှင့် တွေ့ပေးလိုက်သည်။ အပေးအယူတည့်သွားကြ၏။ သူတို့နှစ်ဦးလည်း အဆင်ပြေသွားကြ၏။ ကိုယ်လိုချင်တာ ကိုယ်အသီးသီးရသွားကြ၏။

www.burmeseclassic.com



နှစ်ဦးနှစ်ဖက် အဆင်ပြေသွားကြ၏။ အိုက်ဟောက်အတွက် ငွေခြောက်သိန်းသည်ကား ကလေးမုန့်ဖိုးသာသာမျှသာ ဖြစ်ပါပေသည်။

ပွဲပြီးသွားတော့ အိုက်ဟောက်က မိတ်ဆက်ပေးသူ Y.C.D.C က အရာရှိအား ...

"မင်း မင်းသမီးကို နောက်တစ်ခါ ခေါ်ခဲ့ပါဦးကွာ။ ငါ ထပ်တွေ့ချင်သေးတယ်"

ဟု မှာလေသည်။

ဤသည်မှာ ကျွန်တော်သိသော အိုက်ဟောက်အကြောင်းပါ ခင်ဗျာ။

၂၀၀၄ ခုနှစ် ထောက်လှမ်းရေး ပြိုလဲပျက်စီးသွားသောအခါ အိုက်ဟောက်လည်း မြန်မာနိုင်ငံမှ ဟောင်ကောင်ကျွန်းသို့ အပြီးထွက်ခွာသွားသည်ဟု သိရပါသည် ခင်ဗျာ။

## ကျွန်တော်နှင့် ထောက်လှမ်းရေးတပ်မှူးကြီးများ

ကျွန်တော်သည် တပ်ထဲတွင် အနှစ်သုံးဆယ်ကျော်နေလာ၍ Y.C.D.C တွင် ယူနီဖောင်းအစိမ်းဝတ်ပြီး ရှစ်နှစ်နေခဲ့ရာ ယူနီဖောင်းသက် အနှစ် ၄၀ ဟု ဆိုသော်ရပါ၏။

တပ်မတော်မှ ထောက်လှမ်းရေးတပ်မှူးကြီးများကို အားလုံးလိုလို သိပါသည်။ ထိပ်ဆုံးက ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဆိုပါက ဟိုးလွန်ခဲ့တဲ့ အနှစ် ၄၀ ကျော်ကပင် စသိခဲ့ရသည်။ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ၁၉၆၉ ခုနှစ်လောက်တွင် တိုင်းမှူးဗိုလ်ချုပ်တင့်ဆွေ၏ PSO ဘဝနှင့် ရတခသို့ ရောက်လာ၏။ ရတခတွင် ခလရ (၁၉)





မှ ပြောင်းသွားသည့် ကျွန်တော်နှင့် ဗိုလ်သင်တန်း တစ်ပတ်တည်းဆင်း ဗိုလ်တက်ထွန်းရှိ၏။ ဗိုလ်တက်ထွန်းသည် မုဒုံမှ ဆရာဝန်ကြီးသားဖြစ်၏။ ရတခဂျီဝမ်း ဗိုလ်မှူးကြီးသီလနှင့် တူအရီးတော်၏။ ခလရ (၁၉) တွင် သုံးနှစ်ခန့် တာဝန်ထမ်းဆောင်ပြီး ရတခ စခန်းရုံးသို့ ပြောင်းသွားလေသည်။ မအူမလည်တောသား ကျွန်တော်သာ ခလရ (၁၉) တွင် ပေါင်းစင်းစင်းနှင့် ကျန်ခဲ့၏။

ကျွန်တော်သည် မော်လမြိုင် ရတခရောက်တိုင်း ဗိုလ်တက်ထွန်းဆီ ဝင်လေ့ရှိ၏။ ထိုစဉ်အခါကပင် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စသိခဲ့ကြ၏။ ခင်တော့ မခင်သေးပါ။ တွေ့ဖူးမြင်ဖူးရုံသာဖြစ်ပါသည်။

၁၉၈၀ ခုနှစ်၌ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒုဗိုလ်မှူးကြီးအဆင့်ဖြင့် ခလရ (၂၀) တပ်ရင်းမှူး ဖြစ်လာပြီး ဗထူး စစ်ဦးစီးတက္ကသိုလ်သို့ လာတတ်၏။ စစ်ဦးစီးတက္ကသိုလ်တွင် ဗိုလ်ချုပ်အေးကျော်လည်း တက်နေ၏။ ဗိုလ်ချုပ်အေးကျော်က ခလရ (၁၉) မှ ကျွန်တော့်တပ်ခွဲမှူးဟောင်းဖြစ်၍ သင်တန်းအတွက် စာအုပ်စာစောင်များ ကျွန်တော်က ရှာပေးလေ့ရှိသည်။

တစ်ရက်တွင် ကျွန်တော်သည် ဗထူးတပ်နယ်ဈေးရှိ အိမ်မှ ဗိုလ်ချုပ်အေးကျော်ကို သွားတွေ့၏။ ထိုစဉ်က ကျွန်တော်သည် ဗထူးတိုက်ခိုက်ရေးကျောင်း၌ တပ်ရေးဗိုလ်ကြီးလုပ်နေချိန်ဖြစ်၏။

ဗိုလ်ချုပ်အေးကျော်အခန်းနှင့် ဗိုလ်ချုပ်ကြီးခင်ညွန့်အခန်းတို့မှာ အခန်းချင်းကပ်နေ၏။

ကျွန်တော် သွားတွေ့ချိန်တွင် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗိုလ်ချုပ်အေးကျော်တို့ စကားပြောနေကြသည်။ သင်တန်းအားရက် တနင်္ဂနွေနေ့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . မောင်ရင့်ကို ကိုတွေ့ဖူးတယ်ကွ။ ကိုအေးကျော် သူက ဘယ်ကလဲ"

"ဟာဗျာ . . . ကိုခင်ညွန့်ကလည်း ဗိုလ်သောင်းဝေလေ။ ကျွန်တော်တို့ ရတခအဖွဲ့တွေပေါ့။ ကိုခင်ညွန့်တပည့် ကိုတက်ထွန်းနဲ့ တစ်ပတ်တည်းလေ။ သူတို့က ၁၉ မှာ ကျွန်တော့် တပ်စုမှူးတွေလေ"

"ဩော် . . . ဒါ့ကြောင့် မောင်ရင်ကို ကိုယ်တွေ့ဖူးနေ တာကိုး"

"ကိုအေးကျော် ခင်ဗျားက ဗပည့်တွေဘာတွေက စာအုပ် စာတမ်းတွေလာပို့တော့ အတော်အဆင်ပြေနေတာကိုး"

"ဟော့ . . . ကိုယ့်လည်း စာအုပ်တွေ ရှာပေးစမ်းပါကွ။ Thesis နဲ့ Command Study အတွက် စာအုပ်စာတမ်း ကိုယ်လည်း နည်းနည်းလိုတယ်ကွ"

"ဗိုလ်မှူးကြီး လိုတာပြောပါ ခင်ဗျ။ ရှာလို့ရပါတယ် ခင်ဗျ"

ရန်ကုန်တွင် အစ်ကို စာရေးဆရာ မောင်နှင်းဆွေက စာအုပ်များလုပ်နေရာ လိုတာတွေ သူ့အားရှာခိုင်းရသည်။ သူက နာမည်ကြီး သိုင်းဝတ္ထုများရေးနေသည့် အောင်မြင်ကျော်ကြားနေသည့် စာရေးဆရာ။

"အေးကွာ ကိုယ်က အခု ဗြိတိန်တိုက်ပွဲအကြောင်း ရေးမလို့ကွ။ မှာလို့ ရှာလို့ရရင် ရှာပေးစမ်းပါကွာ"

"ရပါတယ် ခင်ဗျ၊ ဗိုလ်မှူးကြီး လေးငါးဆယ်ရက် စောင့်ပေးပါ ခင်ဗျ"

ဗိုလ်ချုပ်ကြီးခင်ညွန့်လိုသော စာအုပ်များကို ရန်ကုန်တွင်





ရှာရာ မကြာမီ ရောက်လာ၏။ ကျွန်တော် သွားပို့လိုက်သည်။

"အေးကွာ ကျေးဇူးပါပဲ"

စာအုပ်ဖိုး ပိုက်ဆံထုတ်ပေးသည်။ လုံးဝမယူလိုက်ပါ။

ထိုအချိန်မှစ၍ သူတို့ စစ်ဦးစီးတက္ကသိုလ်ဆင်းသည်အထိ ကျွန်တော်သည် မကြာခဏ ဗိုလ်ချုပ်ကြီးခင်ညွန့်ဆီသို့ ရောက်ဖြစ်တော့၏။ ခင်မင်မှုလည်း ပိုမိုလာခဲ့၏။ ရံဖန်ရံခါ ကျွန်တော့်ဇနီးပါ ပါသွား၍ ဇနီးသည်ကိုလည်း ဗိုလ်ချုပ်ကြီးခင်ညွန့်က ထိုကတည်းက သိနေခဲ့လေသည်။ လူဆိုသည်မှာ အကူအညီလိုသည့်အခါတွင် ပေးတတ်သူအား သတိရကြစမြဲ မဟုတ်လား ခင်ဗျာ။ ဤကိစ္စ၏ အကျိုးဆက်အား နောင်အခါများတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျွန်တော့်အား အပြန်အလှန် ကူညီစောင့်ရှောက်မှုများ ပြုခဲ့ပါသည် ခင်ဗျာ။ အထူးသဖြင့် Y.C.D.C တွင် တာဝန်ထမ်းဆောင်ချိန်၌ ဖြစ်ပါ၏။

နည်းနည်းပြောစရာ ကျန်ပါသေးသည်။

၁၉၈၈ ခုနှစ်၌ ကျွန်တော် ခလရ (၆) တပ်ရင်းမှူးဖြစ်လာတော့ စစ်ရုံးသွားသတင်းပို့သည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စစ်ရုံးတွင် တွေ့တော့၏။

"ဟော့ . . . မင်း ဘယ်ရောက်နေလဲ"

"ကျွန်တော် အခု ခလရ (၆) တပ်ရင်းမှူးဖြစ်နေပါပြီ ခင်ဗျ"

"ဟေ . . . တို့ဆီရောက်နေပါလား။ အေးအေး . . . ကောင်းတယ် ကောင်းတယ်။ ကြိုးစားကွ ကြားလား"

"ဟုတ်ကဲ့ပါ ခင်ဗျ ဗိုလ်ချုပ်"

၁၉၉၁ ကျတော့ စစ်ကိုင်းတပ်မ (၃၃) မှာ ဗျူဟာမှူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာသွားပြီး သုံးနှစ်ကျော်လေးနှစ်ထဲ ရောက်သွားပြီ။ ထို့ကြောင့် ရန်ကုန်မှာနေသည့် ဇနီးသည်က ဗိုလ်ချုပ်ကြီးကို သွားတွေ့သည်။

"ဟဲ့ ... ကရင်မ ဘာလဲ"

"ဗိုလ်ချုပ်ကြီး အိမ်ကဗိုလ်မှူးက စစ်ကိုင်းမှာ ကြာနေလို့ ဗိုလ်ချုပ်ကြီး စစ်သံလေး ဘာလေး ပို့ပေးလို့ မရဘူးလား"

ဗိုလ်ချုပ်ကြီးက တစ်ချက်ပြုံးလိုက်သည်။

"ဟဲ့ ... သိမ်မလောပါနဲ့ ကရင်မရဲ့။ ငါ ကြည့်ပါဦးမယ်"

ဤသို့ဖြင့် ၁၉၉၅ ခုနှစ် နှစ်ကုန်တွင် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ထောက်ခံမှု၊ မြို့တော်ဝန်ဦးကိုလေး၏ တင်ပြချက်တို့နှင့်အတူ နဝတ အမိန့်ကြော်ငြာစာဖြင့် ကျွန်တော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကောက်မတီဝင် ဖြစ်လာပါသည် ခင်ဗျား။

ဒီကိစ္စနှင့်ပတ်သက်ပြီး ပြောစရာရှိပါသေးသည်။ တပ်မှနယ်ဘက်ပြောင်းတော့ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးကို သွားသတင်းပို့ရသည်။ ဗိုလ်ချုပ်မြင့်ဆွေမှ တစ်ဆင့်ဖြစ်၏။ ထိုစဉ်က ဗိုလ်ချုပ်မြင့်ဆွေမှာ စစ်ရုံးဂျီဝမ်း ဒုဗိုလ်မှူးကြီးသာဖြစ်၏။

ထိုနေ့က ဗိုလ်ချုပ်ကြီး မောင်အေးသည် ထမင်းစားခန်းထဲတွင် အရပ်ဝတ်ဖြင့် ထမင်းစားနေ၏။

"နောက်မှ တွေ့မယ် ပြောလိုက်ကွာ"

ဟု ပြန်ပြောလေသည်။

တကယ်တော့ မတွေ့ချင်၍ ဖြစ်ပါ၏။

ကျွန်တော်သည် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ချဉ်းကပ်ပြီး အကြံအဖန်လုပ်ကာ တပ်မှ နယ်ဘက်ပြောင်းသွားသည်ဟု သူ ယူဆ၏။





[illegible]တိုစိုက်ကွင်းသို့ရောက်လာသည့် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စာရေးသူမှ စိုက်ကွင်းထွက်စပါးနှင့် ကောက်ပဲသီးနှံများအကြောင်းရှင်းလင်းတင်ပြနေစဉ်။(၂၀၀၀-ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၈ - ခုနှစ် စာရေးသူ အမျိုးသားစာပေဆုရစဉ်က
ဗိုလ်ချုပ်ကြီးခင်ညွန့်မှ ဆုချီးမြှင့်နေစဉ်



ကျွန်တော် ပြောင်းတာ သူမသိပါ။ မြို့တော်ဝန်ဦးကိုလေးမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တိုက်ရိုက်တင်ပြပြီး ဗိုလ်ချုပ်ကြီးခင်ညွန့်က ထောက်ခံ၍ ကျွန်တော် Y.C.D.C ရောက်ရခြင်းပါ။ ဒါကို ဗိုလ်ချုပ်ကြီး မောင်အေးက မသိလိုက်ခြင်းဖြစ်ပါ၏။ သူ့ကပ်ကဲမှုအောက်က လူကို သူမသိဘဲ ပြောင်းသွား၍ မကျေနပ်ပါ။ ကျွန်တော့်လည်း စကားမပြောတော့ပါ။ ၁၉၉၉ လောက်ကျမှ UDO စခန်းကို လာစစ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် သူအတူလာအိပ်သည့်အခါမှ ကျွန်တော့်ကို မပြောမဖြစ် စကားပြောပါတော့၏။

ဗိုလ်ချုပ်ကြီးခင်ညွန့်မှုကား ကျွန်တော် ကွပ်ကဲနေသည့် UDO စခန်းသို့ မကြာခဏ ရောက်လာပြီး အားပေးစကားများ ပြောပါသည်။

ဒါသာမကပါ ၁၉၉၈ ခုနှစ်က ကျွန်တော် အမျိုးသားစာပေဆုရတော့ သူကိုယ်တိုင် ဆုပေးရင်း ကျွန်တော့်အား ...

"ဗိုလ်သောင်းဝေ ဆက်ကြိုးစားဦးကွ"

ဟု ဆိုကာ တရင်းတနှီး အားပေးဖော်ရပါသည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကျွန်တော်သည် အထက်ပါအတိုင်း ရင်းနှီးကျွမ်းဝင်ခဲ့ပါသည် ခင်ဗျာ။ ဒါကို သူ့တပည့်ထောက်လှမ်းရေးက ပုဂ္ဂိုလ်များ မသိခဲ့ကြပါ။

နောက်တစ်ယောက်ကတော့ ထောက်လှမ်းရေး ဒုချုပ် ဗိုလ်ချုပ်ကျော်ဝင်းပါ။

ဗိုလ်ချုပ်ကျော်ဝင်းနှင့် ကျွန်တော်သည် ၁၉၆၉ ခုနှစ်တွင် စသိကြ၏။ ရတခ ကန်သုံးဆင့်၌ တပ်တွင်း ပညာပေးသင်တန်း၌ တွေ့ကြခြင်းဖြစ်သည်။

www.burmeseclassic.com



သူက ခလရ (၉၇) ကော့ကရိတ်က ကျွန်တော်က ခလရ (၁၉) ဖာပွန်က။ သူက OTS 38 က ကျွန်တော်က OTS 36 က။ သူသည် တက္ကသိုလ်ကျောင်းသားဘဝမှာပင် ဒေါ်မိုးနှင့်ရ၍ အိမ်ထောင်သည် ဖြစ်နေလေ၏။

သူ့တွင် သမီးနှစ်ယောက်နှင့် သားတစ်ယောက်ရှိ၏။ ထိုသင်တန်းကာလက သူ့သားငယ် ကျော်ကျော်မှာ ၂ နှစ်ခန့်သာရှိမည်ထင်၏။ ဒေါ်မိုးနှင့် ကျော်ကျော်တို့သည် မကြာခဏ ကျောင်းသို့လိုက်လာတတ်၏။

ဗိုလ်ချုပ်ကျော်ဝင်းသည် တင်းနစ်ကောင်း၏။ ထိုစဉ်က သူနှင့် ဗိုလ်ကြီးသူရကျော်ကျော်ချို့တို့မှာ တင်းနစ်သရဲများဖြစ်ရာ ကျောင်းကွင်း၌ အမြဲတင်းနစ်ကစားကြ၏။ သူတို့သည် ရတခ လက်ရွေးစင်များ ဖြစ်ကြ၏။ တစ်ရက်တွင် ဗိုလ်ကြီးသူရကျော်ကျော်ချို့မှ အဆောင်လက်ဖွဲ့တစ်ခုကို ဝယ်ယူရန်စီစဉ်နေ၏။ စမ်းသပ်ရန်သေနတ်သမားလို၏။ ကျွန်တော်က လက်ဖြောင့်သေနတ်သမားဘွဲ့ခံထားရာ ကိုကျော်ဝင်းက ကျွန်တော့်အား စမ်းသပ်ပစ်ခတ်ပေးရန် အကူအညီလာတောင်း၏။ ကျွန်တော်က ပါလာသည့် ပစ္စတိုဖြင့် လက်ဖွဲ့အား ကြက်လည်ပင်းချည်ကာ ပစ်ပြရ၏။ တစ်ချက်တည်းနှင့် ကြက်မခမျှ အနီစွသဘောနှင့် ကိစ္စချောသွားတော့၏။ ဤကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ကြီးသူရကျော်ကျော်ချို့တို့ ဗိုလ်ချုပ်ကျော်ဝင်းတို့နှင့် အလွန်ပင်ရင်းနှီးသွားတော့၏။

၁၉၈၀ ခုနှစ်၌ ကိုကျော်ဝင်း ဗထူးသို့ ခွဲမှူးသင်တန်းလာတက်၏။ ခင့်မင်ရင်းစွဲရှိ၍ အိမ် ခဏခဏ လာလည်သည်။ ထမင်းစားသည်။ ကြက်တောင်ရိုက်သည်။ အိမ်ဘေးက GE ကြက်





တောင်ရုံ၌ ဖြစ်၏။

ဒီနောက် ကျွန်တော် တပ်ခွဲမှူး ဗိုလ်မှူးနှင့် သနက (၁) ပြောင်းရတော့ သူက ကျိုင်းတုံရှေ့တန်း တပ်မ (၈၈) ဂျီသရီးဖြစ်သည်။ ကျိုင်းတုံတစ်ခါမှ မရောက်ဖူးသော ကျွန်တော့်အား လေဆိပ်သို့ Nissan Carrier ကားဖြင့် ကိုယ်တိုင်ကားမောင်းကာလာကြိုသည်။ တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေးနှင့် မိတ်ဆက်ပေး၏။

"ဟောဒီမှာ တပ်ရင်းမှူးကြီး ခင်ဗျာ၊ တပ်ရင်းမှူးကြီးရဲ့ ဗိုလ်မှူးအသစ်ကလေးပါ ခင်ဗျာ"

ဟု မိတ်ဆက်ပေးရာ တပ်ရင်းမှူးကြီးက ပြုံးပြုံးကြီး ဆီးကြို၏။ ကိုကျော်ဝင်းက နှုတ်စ အာစ လျှာစလည်း အလွန်ကောင်းပေသည်။ ပြောတတ် ဆိုတတ်ပေသည်။ အလိုက်ကန်းဆိုးလည်း အလွန်သိသူဖြစ်သည်။

ရေစက်တွေက မကုန်ပါ။ ၁၉၈၈ ခုနှစ် ကျွန်တော် ခလရ (၆) ရွှေပြည်သာတပ်ရင်းမှူးဖြစ်တော့ သူက ဒုတပ်ရင်းမှူးဖြစ်နေ၏။ သူ့အကူအညီအများကြီး ယူခဲ့ရပါသည်။

ခလရ (၆) မှာ တပ်ဆိုးထဲတွင်ပါ၏။ စစ်ရေးစွမ်းရည်ရှိသော်လည်း ရေး ၃ ကတော့ အတော်စပ်ပေသည်။ ကိုကျော်ဝင်း အကူအညီဖြင့် တပ်ကို နိုင်အောင်ကိုင်ခဲ့ရပါသည်။ အရေးကြီးသည့် Key များကို သူ့ထံမှရယူခဲ့ရ၏။ အတူနေခဲ့သည့် တစ်နှစ်နီးပါးကာလ၌ ကျွန်တော့်အား အများကြီး အကူအညီပေးသွားခဲ့လေသည်။ တပ်ရင်းညှော်ခံပွဲများ၌ Apron ခါးပတ်ကာ ကိုယ်တိုင်ချက်ပြုတ်လုပ်ကိုင်ခဲ့လေသည်။

"ဒုတပ်ရင်းမှူးကြီးက အချက်အပြုတ် တယ်ကောင်းပါလား



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ဘယ်တုန်းက တတ်ထားတာလဲ"

"ဝန်ကြီးချုပ် ဦးမောင်မောင်ခနဲ့ နိုင်ငံခြားခရီးစဉ်တွေ ခဏခဏလိုက်ခဲ့ရတုန်းက ဗမာထမင်း ချက်ချက်ကျွေးရလို့ မဖြစ်ချေဘူးဆိုပြီး ကန်တော်ကြီးဟော်တယ်မှာ သုံးလလောက် သွားသင်ထားခဲ့တာလေ"

"ဪ ... တော်ပါပေတယ်ဗျာ"

ကျွန်တော့်ဆီမှနေပြီး ကရင်ပြည်နယ်သို့ တပ်ရင်းမှူးနှင့် ပြောင်းရ၏။ နောက်တော့ ကကလုံမ်းရောက်သွားသည်။ ကကလုံမ်းမှာ ဒုချုပ်ဖြစ်သွားပြီး ဗိုလ်ချုပ်အဆင့်သို့ ရောက်သွား၏။ ဗိုလ်ချုပ်အဆင့်မှာပင် ကျွန်တော်နှင့်တွေ့တိုင်း သူက စအလေးပြု၏။ လူဆုံတိုင်း ကြုံတိုင်းလည်း မိတ်ဆက်ပေးရာ၌ –

"ဒါ ... ကျွန်တော့်တပ်ရင်းမှူး ဗိုလ်မှူးကြီးသောင်းဝေပါ"

ဟု အမြဲပြောလေ့ရှိ၏။

ဤသို့သောသူနှင့် ကျွန်တော်တို့၏ငယ်သံယောဇဉ်များကို သူထောက်လှမ်းရေးက အရာရှိအရာခံ အကြပ်တပ်သားများက မသိကြပါ ခင်ဗျာ။

ကကလုံမ်းတွင် ဌာနကြီးလေးငါးဆယ်ခုရှိ၏။

ဌာနမှူးကြီးများမှာ –

ဗိုလ်မှူးကြီး သိန်းဆွေ (လေ)

ဗိုလ်မှူးကြီး ကျော်သိန်း

ဗိုလ်မှူးကြီး ခင်အောင်

ဗိုလ်မှူးကြီး မြင့်ဇော်

ဗိုလ်မှူးကြီး ကျော်ဟန်





ဗိုလ်မှူးကြီးမြင့်အောင်ကျော်

ဗိုလ်မှူးကြီး သန့်ထွန်း

ဗိုလ်မှူးကြီး စန်းပွင့်

ဗိုလ်မှူးကြီး လှအောင် စသူတို့ ဖြစ်ကြ၏။

ထိုသူအားလုံးနှင့် ကျွန်တော်သိသည်။ ဗိုလ်မှူးကြီးစန်းပွင့်နှင့် ခလရ (၆၁) မှာ တစ်တပ်ထဲ အတူနေခဲ့ဖူးသည်။ ဗိုလ်မှူးကြီး မြင့်ဇော်က ခလရ (၆၂) မှဒုံတပ်ကဖြစ်ရာ မှဒုံနှင့် ကျောက်တစ်လုံး ဟိုတက်တစ် ဒီဘက်တစ်မို့ ရင်းနှီးခဲ့သည်။ သူက DSA 14[th] intake ကဖြစ်၏။ ကိုမြင့်ဇော်အစ်မအရင်း မှုမှုနှင့် ကျွန်တော်သည် ကောလိပ်တွင် ကျောင်းနေဖက်သူငယ်ချင်းဖြစ်ခဲ့၏။

ကိုခင်အောင်ကိုတော့ ကျွန်တော် ဗထူးတိုက်ခိုက်ရေးကျောင်းမှာရှိစဉ်က ရပခတွင် ခဏခဏတွေ့ဖူးနေပါသည်။ ထို့ကြောင့် သိသည်။ သူညီ ဒေါက်တာဝင်းအောင်နှင့် ပိုခင်၏။ မိုးမိတ်မှာ အတူနေခဲ့ရသည်။

ကိုလှအောင်တို့၊ ကိုကျော်သိန်းတို့နှင့်လည်း အတော်ခင်ပါသည်။

ကိုလှအောင်နှင့်က Y.C.D.C ဂေါက်ကွင်းမှာ မကြာခဏ ဆုံနေကျဖြစ်၏။ ကိုသန်းထွန်းကိုတော့ မသိပါ။ TV မှာသာ တွေ့ဖူးပါသည်။

ဗိုလ်မှူးကြီးသိန်းဆွေကား ကျွန်တော်နှင့် ခမည်းခမက် ဗိုလ်မှူးကြီးသန်းဇင်နှင့် အထူးခင်သည်။ ထို့ကြောင့် သူ့သားငယ်နှင့် ကျွန်တော့်သမီးငယ် မင်္ဂလာဆောင်တော့ ဗိုလ်မှူးကြီးသိန်းဆွေ လာပါသည်။ ဗိုလ်မှူးကြီးသန်းဇင်က မိတ်ဆက်ပေး၍ သိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးတာလည်တော့ မရင်းနှီးခဲ့ပါ။

ကျွန်တော်တို့ အပတ်စဉ်ကလည်း ထောက်လှမ်းရေးရောက် သူတွေ လေးငါးဦးရှိသည်။

ဗိုလ်မှူးကြီး မောင်မောင်သန်း C.I.D Chief

ဗိုလ်မှူးကြီး သန်းမြင့် ဝဝဝ Chief ဗိုလ်မှူးကြီးဝင်းကြည် – ထလတ (၇) တပ်မှူး

ဗိုလ်မှူး သိန်းအောင် (အရှည်ကြီး)

ဗိုလ်မှူးကြီး ညီပု

ဗိုလ်မှူး လှအောင်

ဗိုလ်မှူး သောင်းတင်

ဗိုလ်ကြီး မြင့်စန်း စသူတို့ပါပေ။

မည်သို့ဆိုစေ မြန်မာနိုင်ငံ၏ မကြာသေးမီနှစ်များက ထောက်လှမ်းရေးတွင် တာဝန်ယူသွားသူများသည် အားလုံးလိုလို ကျွန်တော်နှင့် မစိမ်းသူများဖြစ်ကြောင်းပေါ် ခင်ဗျာ။

## မြန်မာနိုင်ငံထောက်လှမ်းရေးနှင့် ကျွန်တော့်အမြင်

မြန်မာနိုင်ငံစစ်ထောက်လှမ်းရေးများသည် ဟိုးရှေးယခင် နိုင်ငံရေးအစိုးရများလက်ထက်က ပေါ်လွင်ထင်ရှားခြင်းမရှိ။ သူတို့ကို ဘာလုပ်ပိုင်ခွင့်မှ ပေးမထား။ သူတို့၏တာဝန်မှာ Combat Intelligene တိုက်ပွဲထောက်လှမ်းရေးမျှသာဖြစ်၏။

သို့ရာတွင် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ တက်လာပြီးသည့်နောက်တွင်မူ တပ်မတော်ထောက်လှမ်းရေးများသည်





Combat ထက် Counter များကို ပိုဦးစားပေးလာရတော့၏။ အတွင်းလူများ သုတ်သင်ရှင်းလင်းရေးအား ထောက်လှမ်းရေးမှပင် Data Collect လုပ်ပေးရ၏။

ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ထောက်လှမ်းရေးအကူအညီဖြင့် သူ့ယှဉ်နိုင်မယ့်သူ၊ အလားအလာရှိသူများကို တစ်ယောက်ပြီး တစ်ယောက် ဖြုတ်ခဲ့၏။ သူ၏ လက်ကတုံးတောင်ဝှေးမှာ မျက်မှန်ကြီး ခေါ် ဗိုလ်မှူးချုပ်တင်ဦး ဖြစ်၏။ ဗိုလ်မှူးချုပ်တစ်ဦး၏လက်ချက်ဖြင့် ထိပ်ပိုင်းခေါင်းဆောင်များစွာ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွားကြရ၏။ နောက်ဆုံးတော့ လက်သံသိပ်ပြောင်သည့် ဗိုလ်မှူးချုပ်တင်ဦးလည်း ကျဆုံးရလေသည်။ သူဆောက်ခဲ့သည့် ရေကြည်အိုင်မှာပင် သူ ပြန်နေသွားခဲ့ရ၏။

သူနောက်တက်လာသည့် ဗိုလ်မှူးကြီးအောင်ကိုးမှာ သိပ်ကြာကြာ မခံပါ။ ချွန်ဒူးဝမ် အရေးအခင်းခေါ် အာဇာနည်ကုန်းဗုံးကွဲမှုနှင့် လွင့်သွားရပြန်၏။

နောက်ဆုံးတော့ ဗိုလ်မှူးကြီးခင်ညွန့်ကို ရွေးခဲ့၏။ တပ်မ (၄၄) ဗျူဟာမှူးမှနေပြီး ဗိုလ်ချုပ်တင့်ဆွေက ခေါ်ပေးလိုက်ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဦးနေဝင်းလက်ထက်မှစ၍ MI Chief ဖြစ်လာရာ ၂၀၀၄ ခုနှစ်အထိ ထိုရာထူး၌ အနှစ် ၂၀ ခန့်မြဲသွား၏။ ကြာသွား၏။ ထို့ကြောင့် ထောက်လှမ်းရေးတပ်ဖွဲ့ကြီးတစ်ခုလုံး၏ အတွင်းရေးများကို အားလုံးသိလေသည်။ ထိုရာထူးမှာပင် ဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်ချုပ်ကြီးအဆင့် ရောက်ခဲ့၏။

မြန်မာနိုင်ငံ ထောက်လှမ်းရေးများ ဘာကြောင့် နာမည်ပျက်ရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



အလွယ်ဆုံးပြောရပါက မတန်တဲရာ လုပ်ပိုင်ခွင့်တွေ ပေးထား၍ဖြစ်၏။ သူတို့သည် တစ်ပါတီ အာဏာရှင်စနစ် တည်မြဲရေးအတွက် လက်ကိုင်တုတ်များဖြစ်၏။ ပမာဆိုသော် ဟစ်တလာခေတ်က ဂျာမန် ဂက်စတာပိုများ ကဲ့သို့လည်းကောင်း၊ စတာလင်ခေတ်က KGP နှင့် အော့ဂပု ပုလိပ်အဖွဲ့သို့လည်းကောင်း၊ ဂျပန်ဝန်ကြီးချုပ် တိုကျိုခေတ်က ကင်ပေတိုင်များကဲ့သို့လည်းကောင်း အာဏာရှိကြသူများဖြစ်၏။

အာဏာကိုအကြောင်းပြု၍ ခြိမ်းခြောက်၏။ မတရားမှုများကျူးလွန်၏။ သူတို့ကို ဘယ်သူမှ မပြောရဲကြ။ အားလုံးက သူတို့နှင့်တည့်အောင်ပေါင်းကြရ၏။ မတန်မရာတွေရပြီး ဝိဒေဟရာဇ်ပုတ်သင်များဖြစ်သွားကြ၏။ သူတို့ကို အာဏာကဖျက်ဆီးလိုက်၏။

ကောင်းတာကတော့ ဘယ်သူကိုမှ ထောက်လှမ်းရေးတွင်ကြာကြာမထားတာ ကောင်းသည်။ ကြာကြာထားရင် သူလက်သူခြေဖြစ်သွားမည်။ ခြေလျင်တစ်တစ်လှည့် ထောက်လှမ်းရေးတစ်လှည့်ထားသင့်သည်။ Chief ကိုလည်း သုံးလေးနှစ်တစ်ခါ ပြောင်းပေးသင့်သည်။ ဒါကို နိုင်ငံအကြီးအကဲလုပ်သူများ သတိချပ်ရမှာ ဖြစ်ပါသည်။

မေးစရာရှိပါသည်။

ဒါဆိုရင် ထောက်လှမ်းရေး မလိုအပ်တော့ပါပြီလော။

လိုအပ်ပါသည်ခင်ဗျာ။ ထောက်လှမ်းရေးဆိုတာ ပြည့်မျက်လုံးသဖွယ်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအချို့ကို ကြည့်ပါ။

အမေရိကန်မှာ CIA နဲ့ FBI။

အင်္ဂလန်မှာ MI-5 နဲ့ MI-6 စသည့်လူများ။





အစ္စရေးမှာက MOSSAD

ရုရှားမှာက KGB။

အားလုံးအစွမ်းထက်ကြသော ထောက်လှမ်းရေးများဖြစ်ကြ၏။ သူတို့သည် အစိုးရ၏ လိုအပ်သည့် သတင်းအချက်အလက်များကို ရယူပေးနေသော အဖွဲ့အစည်းကြီးဖြစ်သည်။ သူတို့သည် အရေးကြီးသတင်းအချက်အလက်များကို အစိုးရှောင့် သမ္မတ၊ ဝန်ကြီးချုပ်တို့အား အမြဲတန်း Feed လုပ်နေရသည်။

သတင်းအချက်အလက်များသည် အရေးကြီး၏။

စတုတ္ထအကြိမ် အာရပ် အစ္စရေး စစ်ပွဲတုန်းက အာရပ်တွေစစ်ပြင်နေတာကို မော့ဆက်အဖွဲ့ကြီးက သတင်းမရခဲ့။ အစ္စရေးတို့အငိုက်မိသွားခဲ့၏။ စစ်ပွဲအစပိုင်း၌ အလွန်အထိနာခဲ့ရလေသည်။

ဒုတိယကမ္ဘာစစ်တုန်းကလည်း ဂျာမန် ရုရှား နယ်စပ်၌ဂျာမန်တွေ စုရုံးပြီး စစ်ပြင်နေတာကို KGB က အမှန်အကန်သတင်းမပေးနိုင်ခဲ့။ ထိုကိစ္စ၏အကျိုးဆက်ကား ရုရှားမြို့တော်ကြီးမော်စကိုကျလုကျခဲဖြစ်သွားပြီး လူ ၆ သန်းခန့် အသေခံခဲ့ရ၏။

အလားတူပင် ဒုတိယကမ္ဘာစစ်၌ ဂျပန်တွေ ပုလဲဆိပ်ကမ်းကိုအလစ်အငိုက်ယူပြီး တိုက်မယ့်သတင်း အမေရိကန်တွေ မရခဲ့။ တကယ် ကျော့ချမှဘားပြမှန်း သိခဲ့ကြရ၏။

ဒါတွေအားလုံး ထောက်လှမ်းရေးတွေရဲ့ အလုပ်မဟုတ်ဘူးလားဗျာ။ ဒါဆို ထောက်လှမ်းရေးထားဖို့ မလိုဘူးလား။ လိုတာပေါ့။

ကိုယ့်နိုင်ငံကို ဘယ်သူက မျက်စောင်းထိုးနေသလဲ။ အိမ်နီးချင်းနိုင်ငံတွေ၏ အခြေအနေက ဘယ်လိုရှိလဲ။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကရော ကိုယ့်နိုင်ငံကို ဘယ်လိုသဘောထားသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေသိအောင် လုပ်ရပါမည်။ သံတမန်များကား စရေးဝင် ထောက်လှမ်းရေးသမားများဖြစ်ကြပါသည်။ သံတမန်အဖွဲ့အစည်းအတွင်း၌ပင် ထောက်လှမ်းရေးသမားများ ထည့်သွင်းထားရ၏။ ထားကြ၏။

မြန်မာ့ထောက်လှမ်းရေးသမားများက အချင်းချင်း ဖြုတ်ထုတ်ရှင်းလုပ်ဖို့ကို အဓိက ကြိုးစားကြ၏။ အပေါ်ကလည်း ငါ့ကို ဘယ်သူယှဉ်လာမလဲ၊ ဘယ်သူ့ကို Watch လုပ်ရမလဲ စသည်ဖြင့်သာ စိုးရိမ်ပြီး Counter ကိစ္စတွေ ဖိနှိပ်တတ်၏။ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ၊ နိုင်ငံရေးကိစ္စ။

ဒါနဲ့ ပတ်သက်ပြီး ကျွန်တော့်တပ်မမှူး ဖြစ်ခဲ့ဖူးသည့် ဗိုလ်ချုပ်ကြီးထွန်းကြည်က အောက်ပါအတိုင်း ပြောခဲ့ဖူး၏။

"ဟော့ကောင်ရဲ့ … ထောက်လှမ်းရေးက ဒို့လူကြီးတွေကို စောင့်ကြည့်ပြီး စာအုပ် ၂ အုပ်လုပ်ထားတာကွ"

"အဆိုးချည်းပဲ ရေးထား မှတ်ထားတာက တစ်အုပ်၊ အကောင်းချည်းပဲ ရေးထား မှတ်ထားတာက တစ်အုပ်ကွ"

"ဖြုတ်ချင်ရင် အဆိုးရေးတဲ့ စာအုပ်ထုတ်ပြရောကွာ။ ချီးမြှင့်မြှောက်စားချင်ရင် အကောင်းချည်းပဲ ရေးထားတဲ့ စာအုပ်ထုတ်ပြရောကွာ"

"ဒါဘာခက်လို့လဲကွာ" ဟု လွန်ခဲ့သည့် နှစ်ပေါင်းအတော်ကြာက ကျွန်တော့်အား ပြောပြဖူးပါသည်။

သူသည်လည်း ထောက်လှမ်းရေးကို Allergic ရှိသူဖြစ်၏။ သိပ်ကြည့်ရသူ မဟုတ်ပါ။ ထောက်လှမ်းရေးကို ကြည့်မရသူများထဲ၌ DSA အပတ်စဉ် (၁) မှ ဗိုလ်ချုပ်ကြီး ထွန်းကြည်နှင့် ဗိုလ်ချုပ်ကြီး မောင်အေးတို့ ထိပ်ဆုံးက ဖြစ်လေသည်။





မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံထောက်လှမ်းရေးအဖွဲ့ကြီးအား ပြည်သူမျက်မုန်းကျိုးသူများ မဖြစ်အောင်ကတော့ အတော်လုပ်ယူရပါဦးမည်။ သူတို့ လုပ်ထားခဲ့တာလဲ အနှစ်လေးငါးဆယ် ရှိခဲ့ပြီ။ မုန်းမယ်ဆိုလည်း မုန်းစရာပေါ့။

လူမုန်းများအောင် သူတို့ကို လုပ်ပိုင်ခွင့်တွေ သိပ်မပေးပါနဲ့။

မိမိအာဏာတည်မြဲရေးအတွက် သူတို့ကို လက်ကိုင်တုတ် မလုပ်ပါနဲ့။

တန်ရာတန်ရာသာ တာဝန်ပေးပါ။

ဘယ်နေရာရောက်ရောက် တပ်မတော်ထုံးစံအတိုင်း Due Respect ပေးနိုင်းပါရန်။ ဒီလို Due Respect မရှိ၍ ရမခတိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က မူဆယ်ထောက်လှမ်းရေးနှင့် ၁၀၅ မိုင် ထောက်လှမ်းရေးတို့ကို အပြတ်ချေမှုန်းခဲ့တာ ဖြစ်ပါသည်။ မူဆယ် ၁၀၅ မိုင် အမှုကြီးကစပြီး ထလရ ပြာသာဒ်ကြီးတစ်ခုလုံး မီးလောင်ခဲ့ရပါသည်။

တပ်မတော်ထောက်လှမ်းရေးများကို နိုင်ငံရေးကိစ္စများ၌ တာဝန်မပေးသင့်ပါ။ Combat Intelligence ကိစ္စများ၌သာ အဓိကနိုင်းသင့်ပါသည်။ နယ်ဘက်ကိစ္စများအား ရဲတပ်ဖွဲ့ကိုသာ တာဝန်ပေးလိုက်ပါက တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့များ လူမုန်းများသည့်ကိစ္စများမှ ကင်းဝေးသွားမည်ဟု ထင်မြင်ယူဆမိကြောင်းပါခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

## ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာနိုင်ငံထောက်လှမ်းရေး

မြန်မာ့သမိုင်းလွတ်လပ်ရေး ဒီဘာက်ခေတ်တွင် ကျော်ကြားသော ထောက်လှမ်းရေးတပ်မှူးကြီးနှစ်ဦး ရှိခဲ့၏။

တစ်ယောက်က လမ်းစဉ်ပါတီခေတ်က ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးချုပ်တင်ဦး ဖြစ်၏။

နောက်တစ်ယောက်က နဝတ၊ နယက၊ နအဖခေတ်က ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖြစ်၏။

ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၁၉၈၃ ခုနှစ် အာဇာနည်ဗိမာန်ဗုံးပေါက်ကွဲမှုဖြစ်ရာတွင် လက်ရှိထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ကိုးအား တာဝန်မှရပ်စဲပြီး ဗိုလ်မှူးကြီးခင်ညွန့် ထောက်လှမ်းရေးမှူးချုပ် ဖြစ်လာ၏။

ထိုကာလမှ ၂၀၀၄ ခုနှစ်အထိ အနှစ် ၂၀ ကျော်ခန့် ထောက်လှမ်းရေးမှူးချုပ်တာဝန် ယူခဲ့၏။

သူ တာဝန်ယူနေစဉ်ကာလတွင် အဖြစ်အပျက်အမျိုးစုံနှင့် ကြုံခဲ့ရ၏။ ၁၉၈၈ ခုနှစ် အရေးအခင်းကြီးကို ဖြတ်သန်းခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ပေါင်းစုံနှင့် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့၏။

ခိုင်းတာတွေ သူ လုပ်ခဲ့ရ၏။

ထို့ကြောင့် ပြဿနာပေါင်းစုံ ကြုံရ၏။

အာဏာရတာ အချိန်ကြာလာသည်နှင့်အမျှ သူ့လူတွေက အမှုပေါင်းစုံ ကျူးလွန်လာကြ၏။ ထိုအခါ တပည့်မကောင်း ဆရာခေါင်းဖြစ်၏။ တပည့်တွေ ကျူးလွန်မှုများအားလုံး သူ တာဝန်ယူခဲ့ရ၏။ နိုင်ငံတကာသွားခဲ့ရ၍ တွေ့ကြုံ မြင်ကြားမှုများကို နံပါတ် ၁/၂ သို့ တင်ပြခဲ့ရာ ခေါင်းဆောင်ကြီးများနှင့် သဘောထား ကွဲလွဲခဲ့၏။

အပေါ်မှာ သဘောထားကွဲလွဲနေချိန်၌ အောက်ကမလိမ္မာဘဲ ပြဿနာများကို ရှာခဲ့ရာ နောက်ဆုံး ၁၀၅ မိုင်ကိစ္စ ပေါ်လာ၏။ ဒါက **Immediate Cause** တခြား **Remote Causes** များကလည်း အများကြီး။

နောက်ဆုံးတော့ ၁၀၅ မိုင်ကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အပေါင်းပါများ အရေးယူခံရ၏။ ထောက်လှမ်းရေး တစ်ဖွဲ့လုံး အမြစ်ပြတ်ချေမှုန်းခံရ၏။

ဒီကိစ္စများနှင့်ပတ်သက်၍ ဆရာသန်းဝင်းလှိုင်မှ သူ၏ 'ဦးခင်ညွန့် သို့မဟုတ် ရက်စက်မှုအပေါင်း သရုပ်ဆောင်ခဲ့သူ' စာအုပ်၌ အသေးစိတ်ဖော်ပြခဲ့ရာ စာရှုသူများ ဆက်စပ်လေ့လာနိုင်ရန် ကူးယူဖော်ပြအပ်ပါသည် ခင်ဗျား။

သောင်းဝေဦး

၁၈.၅. ၂၀၁၆

❖ ❖ ❖





## ဘဝဇာတ်ကြောင်း

"မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်ကြုံ" ဆိုသလို နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် ရာထူးမှ ရုတ်တရက် အဖြုတ်ချခံလိုက်ရသည့် ဦးခင်ညွန့်၏ မှုန်းတည့်ချိန်တွင် နေဝင်ကိန်းဆိုက်ခဲ့ရသော ဘဝဇာတ်လမ်းကလည်း စိတ်ဝင်စားစရာကောင်းပေသည်။

ဗိုလ်ချုပ်ကြီးဟောင်းဦးခင်ညွန့်ကို ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် ၁၃၀၁ ခုနှစ်၊ သီတင်း ကျွတ်လဆန်း ၁၁ ရက် တနင်္လာနေ့ နံနက် ၉း၄၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ ဦးမင်းလွင်လမ်း၊ အိမ်အမှတ် ၄ ၌ အဖ အထက်တန်းရှေ့နေ ဦးဘညွန့်နှင့် အမိ ဒေါ်စိန်ရှင်တို့မှ ဖွားမြင်ခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မွေးဇာတာ –




**Wikipedia** အခမဲ့စွယ်စုံကျမ်း အွန်လိုင်းစာမျက်နှာ၌ ဦးခင်ညွန့်၏မွေးသက္ကရာဇ်ကို ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ဟူ၍လွဲမှားစွာဖော်ပြထားသည်။

မွေးချင်း (၆) ဦးအနက် အထွေးဆုံးသားဖြစ်သည်။ မွေးချင်းများမှာ –

၁။ ဦးအောင်မြင့် + ဒေါ်မေသန်း

၂။ ဒေါ်အေးမြင့်

၃။ ဒေါ်တင်မြင့် + ဦးထွန်းအုံ





၄။ ဒေါ်သန်းရီ + ဦးအောင်ဝင်း

၅။ ရဲမှူးကြီးဟောင်း စိန်ထွန်းအောင် + ဒေါ်ထွေးညွန့်

၆။ ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့် + ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ဖြစ်သည်။ ဖခင် ဦးဘညွန့်သည် အသက် ရရ နှစ်အရွယ် ၁၉၇၅ ခုနှစ်ကပင် ကွယ်လွန်သွားခဲ့သော်လည်း သူ့မိခင်ကြီး ဒေါ်စိန်ရှင်သည် အသက် ၉၄ နှစ်အရွယ်အထိ အသက်ရှည်ကာ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ကျမှ ကွယ်လွန်သွားခဲ့သည်။ မိခင်ကြီး၏ ကြွင်းကျန်သော ရုပ်ကလာပ်ကို ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျောက်တန်းမြို့နယ်၊ ပါဒကြီးသုသာန်၌ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့က ကွယ်လွန်သွားသော သမီးဖြစ်သူ ဒေါ်သန်းရီ၏အုတ်ဂူဘေးတွင် ဘေးချင်းယှဉ်၍ ဂူသွင်းသင်္ဂြိုဟ်ထားသည်။

ဗိုလ်ချုပ်ခင်ညွန့်သည် တရုတ်–ဗမာ ကပြားဖြစ်၍ မိခင်ဘက်မှ အဘိုးအဘွားများမှာ သုံးခွဖာတိ ဦးကျော်ဒွန်း + ဒေါ်ဝွန်းတို့ဖြစ်သည်။ ဗိုလ်ချုပ်ခင်ညွန့်သည် ၁၉၈၃ ခုနှစ်၌ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဖြစ်လာချိန်မှစ၍ သူ့ဘဝရာဇဝင်နောက်ကြောင်း သဲလွန်စမှန်သမျှကို ခြေရာခံ၍မရအောင် မိပိရိရိ ဖျောက်ဖျက်ခဲ့သောကြောင့် သူ့ဘဝနောက်ကြောင်း အချက်အလက်များကို ရှာဖွေရသည်မှာ ခက်ခဲပင်ပန်းလှသည်။

သို့သော် အမည်မဖော်လိုသော သူနှင့်ငယ်စဉ်က ကျောင်းနေဖက်တစ်ဦးက စာရေးသူအား အောက်ပါအတိုင်း ပြောပြခဲ့သည်။

"ကိုခင်ညွန့်ဟာ ကျောင်းနေစဉ်ကတည်းက ယဉ်ကျေးသိမ်မွေ့ပြီး စကားပြောချိုသာသူဖြစ်ပါတယ်။ လူတစ်ဖက်သားကို နားဝင်အောင်၊ သဘောကျအောင်၊ သူ့ကိုအထင်ကြီးအောင် စကားပြောပါ့မယ်

www.burmeseclassic.com



ဝေဝုစ် ကြွယ်ဝစွာနဲ့ ပြောဆိုတတ်တယ်ဗျ။ သူက စကားတစ်ခွန်းကို ပြောမယ်ဆိုရင်လည်း ရှေ့နောက်တွေးပြီးမှ ပြောဆိုတတ်တယ်။ ကိုယ့်ကိုအများအထင်ကြီးအောင် ဆိုက်နဲ့ကိုက်နဲ့ နေတတ်စားတတ်တယ်။ ဆံပင်ကိုလည်း အမြဲတမ်း ကြော့နေအောင် ဖြီးလိမ်းတတ်တယ်။ ဘဝင်မြင့်ပြီး ခပ်တည်တည်လည်း နေလေ့ရှိတယ်။ လူသဘော၊ လူမနောလည်း ကျေသူဖြစ်သော်လည်း သူ့အထင်ကြီးရင် အလွန်ကြီးတတ်ပြီး၊ အထင်အမြင်သေးရင် အလွန်အထင်အမြင်သေးတတ်တယ်။ မိန်းမလို မိန်းမရလည်း ပြောတတ်တယ်။ လူတစ်ဖက်သားအကြောင်း မြှောက်ပင့်ပြောတတ်သလို သူနဲ့အကြောမတွဲ့သူတွေဆိုရင်လည်း နှိမ့်ချပြီး အားမနာတမ်းလည်း ပြောဆိုတတ်တယ်။

သူ့စိတ်ကို အကဲခတ်ရတာ ခက်တယ်။ စိတ်နှစ်ခွ၊ အလုပ်နှစ်မျိုးလုပ်ကိုင်တတ်သူ။ သူ့စိတ်က မီးခွက်တစ်ခွက် ရေတစ်မှုတ်ဗျ။ တစ်ခုခုလုပ်ခါနီးမှာ စဉ်းစားတတ်ပေမယ့် တကယ်တမ်း လက်တွေ့အကောင်အထည်ဖော်တဲ့အခါ တဖွတ်ထိုး တဖောက်ကန်း လုပ်တတ်ကိုင်တတ်တာကိုလည်း တွေ့ရတယ်။

သူဟာ အပြင်ပန်းက အလွန်သိမ်မွေ့၊ ယဉ်ကျေးနေပုံပေါက်ပေမယ့် သူ့အပေါ် မကောင်းကြံသူများ၊ ကျောသွားသူများကို ဘယ်သောအခါမှ ခွင့်လွှတ်တတ်တဲ့စိတ်မရှိဘဲ မရရအောင် ပြန်လက်စားချေတတ်တယ်။ သူကစိတ်တိုပြီး ဒေါသလည်း ကြီးတတ်တယ်။ ဘဝင်မြင့်စိတ်ကြီးဝင်တတ်သလို သဝန်လည်း တိုတတ်တယ်။ ဘယ်သူသေသေ ငဘောမာရင်ပြီးရောဆိုသလို သူ့အတွက် အောင်မြင်ကျော်ကြား၊ ဘဝတက်လမ်းအတွက် ဘယ်သူကိုမဆို





ကျော်ခွနင်းချေတတ်တဲ့ မကောင်းကြံစိတ် အမြဲရှိပြီး ရက်စက်တတ်တယ်။

သူ့ထူးခြားချက်ကတော့ အရာရာကို လိမ်မာပါးနပ်စွာလုပ်ကိုင်ပြောဆိုတတ်တယ်။ ပရိယာယ်ကြွယ်ဝပြီး ရဲရင့်ပြတ်သားတယ်။ အလုပ်ကိုလည်း စည်းနဲ့ကမ်းနဲ့ လုပ်ကိုင်တတ်သလို ဉာဏ်လည်း အလွန်များတယ်။ သူ့ကိုပေါင်းရင် သတိထားပေါင်းရတယ်။ အရှုးလင်တော်သလို သတိထားနေရတယ်၊ ကိုယ်မှားတာနဲ့ ခံရပြီသာမှတ်။ ဒီလူက ဘဝရည်မှန်းချက် ကြီးမားတယ်ဆိုပေမယ့် ဝမ်းနည်းဝမ်းသာမှုဒဏ်ကို ခံနိုင်စွမ်းမရှိဘူး။ တစ်နည်းပြောရရင် လောကဓံတရား ၈ ပါးကို ရင်ဆိုင်နိုင်စွမ်းမရှိဘူးပေါ့။

တစ်ယူသန်ပြီး မိမိမှန်လျှင် ဖွတ်လုပ်တတ်တယ်။ ဒါကြောင့် သူ့ထိပ်ဆုံးရောက်ပြီး အောက်ပြုတ် ကျသွားတယ်ထင်တယ်။ သူ့ဘဝဟာ ငယ်ငယ်တုန်းကတော့ ခေါက်ရှာငှက်လိုအနိမ့်အမြင့်သိပ်များတယ်၊ သူ့အသက် ၄၀ အထိ သူလိုငါလို သာမန်ပါပဲ။

အဲ .... ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးကို စစ်တပ်က လက်နက်အားကိုးနဲ့ ဖြိုခွင်းပြီးတဲ့နောက် သူ အတွင်းရေးမှူး (၁) ဖြစ်လာကတည်းက သူ့ဘဝဟာ ရွှေရောင်တောက်ပလာတယ်လို့ ထင်ပါတယ်ဗျာ။ နောက်ပိုင်း သူနဲ့ မတွေ့ဖြစ်တော့တဲ့အတွက် သူ့အကြောင်း ကျွန်တော် ဘာမှမသိတော့ပါဘူး။ ၂၀၀၄ ခုနှစ်မှာ သူ့အဖြုတ်ခံလိုက်ရတာကိုတော့ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ ဒါပါပဲ''

ဗိုလ်ချုပ်ခင်ညွန့်သည် ကျောက်တန်းရှိ အခြေခံမူလတန်းကျောင်း၊ မြို့မကျောင်း ခေါ် အခြေခံပညာ အလယ်တန်းကျောင်း



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၁)၊ အခြေခံပညာအထက်တန်းကျောင်းမှတို့၌ ပညာသင်ကြားခဲ့ပြီး၊ တက္ကသိုလ် ဝင်တန်းအောင်မြင်ပြီးနောက် ရန်ကင်းကောလိပ်သို့ ဆက်လက်ပညာဆည်းပူးခဲ့သည်။

ထို့နောက် ၁၉၅၈–၅၉ ခုနှစ်တွင် ရန်ကင်းကောလိပ်မှ ရန်ကုန်တက္ကသိုလ်ရောက်ရှိကာ စစ်ကိုင်းဆောင်၌ အဆောင်နေကျောင်းသားအဖြစ် ပညာဆက်လက်ဆည်းပူးခဲ့သည်။ ထိုစဉ်က သူ၏အဆောင်မှူးမှာ ဦးကျော်အောင်(စာရေးဆရာကျော်အောင်) ဖြစ်ပြီး လက်ထောက်အဆောင်မှူးမှာ ဦးကျင်တင့်(နောင် ပုသိမ်တရားရုံးရှေ့နေ)ဖြစ်သည်။ တက္ကသိုလ်၌ သူနှင့်အရင်းအနှီးဆုံး သူငယ်ချင်းနှစ်ဦးမှာ ဖက်ရှင်ဝမ်းဆက်ဝတ်၍ ကနွဲ့ကလျ မိန်းမလျာဆန်လှသဖြင့် ကိုခင်ညွှန့်ကို ရင်းနှီးသောကျောင်းသားများက 'အညွှန့်' ဟု ခေါ်ခဲ့ကြသည်ဟုဆိုသည်။

ဦးခင်ညွှန့်သည် တက္ကသိုလ်ပညာသင်နေဆဲ ရုပ်ရှင်ဒါရိုက်တာ ဦးချင်းစိန်၏ (ရွှေညာမောင် ရုပ်ရှင်ကုမ္ပဏီ)သို့ ရုပ်ရှင်မင်းသားလုပ်ရန် လျှောက်ထားခဲ့ရာ ပယ်ချခံရသည်။ ထို့နောက် တက္ကသိုလ်ပညာကို ဘွဲ့ရသည်အထိ ဆုံးခန်းတိုင် မသင်တော့ဘဲ စစ်ထဲဝင်ရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ၁၉၅၉ ခုနှစ်၊ မှော်ဘီ ဗိုလ်သင်တန်းကျောင်း **Officer's Training School** အပတ်စဉ် (၂၅) သို့တက်ရောက်ခဲ့သည်။ ဗိုလ်သင်တန်းကျောင်းဆင်းပြီးနောက် သူသည် လှိုင်လင်မြို့ရှိ ခလရ (၁၈)သို့ ကနဦး တာဝန်ချထားခြင်းခံရသည်။ ယင်းနောက် နှစ်အနည်းငယ်အကြာတွင် နမ့်စန်မြို့သို့ ပြောင်းရွှေ့တာဝန်ကျခဲ့၍ ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ခံရသည်။ သူ၏ဆရာရင်းမှာ ဗိုလ်မှူးကြီးတင့်ဆွေ(နောင် ဗိုလ်ချုပ်) ဖြစ်သည်။





ဗိုလ်မှူးကြီးတင့်ဆွေ အနောက်တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူးဘဝကပင် ဗိုလ်ကြီးခင်ညွှန့်သည် ဗိုလ်မှူးကြီးတင့်ဆွေ၏ ကိုယ်ရေးအရာရှိ **P.S.O** အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ဗိုလ်မှူးကြီးတင့်ဆွေဆိုသူမှာ အခြားသူမဟုတ် မဆလခေတ်၌ စက်မှု(၁)ဝန်ကြီးနှင့် မဆလပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဖြစ်ခဲ့သူပင်ဖြစ်သည်။ သူ၏အခြားတပည့်တစ်ဦးမှာ ဇေကမ္ဘာကုမ္ပဏီနှင့် မြရိပ်ညိုဟိုတယ်အုပ်စု၏ မန်နေဂျင်းဒါရိုက်တာ ဦးခင်ရွှေ (ယခု ကြံ့ဖွံ့ပါတီ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) ဖြစ်သည်။ ဤနေရာ၌ အလျဉ်းသင့်၍ ဗိုလ်ချုပ်ခင်ညွှန့်၏ ဆရာရင်းအကြောင်းကိုလည်း တင်ပြလိုပါသည်။

ဗိုလ်ချုပ်တင့်ဆွေ၊ (ကြည်း ၅၃၆၇) ကို ၁၉၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖျာပုံမြို့၌ အဖ ကန်ထရိုက်တာ ဦးဘသောင်၊ အမိ ဒေါ်သင်တို့မှ ဖွားမြင်ခဲ့သည်။ ဖျာပုံမြို့ အစိုးရအထက်တန်းကျောင်းတွင် အင်္ဂလိပ်–မြန်မာ ဆယ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၃ ခုနှစ် မတ်လ တွင် ပျဉ်းမနားမြို့ရှိ ဗမာ့လွတ်လပ်ရေးတပ်မတော် **Burma Defence Army, B.D.A** တပ်ရင်းသို့ ဝင်ရောက်ခဲ့ပြီး ပျဉ်းမနား ဘီဒီအေတပ်ရင်း (၆)၊ တပ်ခွဲ (၅) တွင် တာဝန်ထမ်းရွက်ခဲ့ရသည်။ ယင်းနောက် ဗိုလ်သင်တန်း တက်ရောက်ရန် စာမေးပွဲဝင်ဖြေခွင့်ရရှိခဲ့သည်။ ဝင်ခွင့်စာမေးပွဲအောင်သောအခါ မင်္ဂလာဒုံတွင် ဖွင့်လှစ်ထားသော ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းသို့တက်ရောက်ခဲ့သည်။ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း၏ကျောင်းအုပ်ကြီးမှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဇေယျဖြစ်သည်။ ၁၉၄၄ ခုနှစ် မတ်လ ၃ တွင် ဒုတိယပတ်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လောင်း ၄၀ ထဲမှ သင်တန်းသား အယောက် ၃၀ ဦးကို ကြည်းတပ်အတွက် ရွေးချယ်၍ ဂျပန်ပြည် ဘုရင့်စစ်တက္ကသိုလ်သို့ ပညာသင်စေလွှတ်ခဲ့ရာ ဗိုလ်လောင်းတင့်ဆွေလည်း ပါဝင်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ တွင် အမှတ်(၂) ဗမာ့သေနတ်ကိုင်တပ်ရင်း (မိတ္ထီလာ)၌တပ်ခွဲမှူး၊ တပ်ပေါင်းဗိုလ်မှူး၊ ၁၉၅၆ ခုနှစ်တွင် မေမြို့(ပြင်ဦးလွင်) ဗိုလ်သင်တန်းကျောင်း ဒုတိယ ကျောင်းအုပ်ကြီးနှင့် နည်းပြချုပ် ၁၉၅၆ ခုနှစ်တွင် မုံရွာရှိ ကယား တပ်ရင်း တပ်ရင်းမှူး၊ ၁၉၅၈ ခုနှစ်တွင် မိတ္ထီလာသံချပ်ကာ တပ်ရင်းမှူးနှင့် တပ်မ (၁) စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် ထမ်းရွက်ခဲ့သည်။

ထို့နောက် တပ်မတော်(ကြည်း)၊ စစ်တိုင်းကြီးများကို ၁၉၆၁ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းပုံ ဖယားအမှတ် ကဖ ၂ကာ ၆၁ အရ ပြင်ဆင်ဖွဲ့စည်းရာစစ်တိုင်းကြီး (၅)တိုင်း ဖြစ်လာခဲ့သည်။ ဒု-ဗိုလ်မှူးကြီး တင့်ဆွေသည် ပုသိမ်မြို့ရှိ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိုင်းမှူးအဖြစ် တာဝန်ပေးအပ်ခံရသည်။ ထိုမှတစ်ဖန် ၁၉၆၅ ခုနှစ်တွင် ဗထူးမြို့ရှိ စစ်ဦးစီးတက္ကသိုလ်သို့ ကျောင်းအုပ်ကြီး အဖြစ် ပြောင်းရွှေ့ရသည်။

ယင်းနောက် ၁၉၆၆ ခုနှစ်၊ မေလတွင် တပ်ရင်း ၁၂ ရင်း ဖြင့် တပ်မ (၇၇)ကို မှော်ဘီမြို့တွင် ဖွဲ့စည်းသောအခါ တပ်မမှူးအဖြစ် ထမ်းရွက်ရသည်။ တပ်မ (၇၇) ရှေ့တန်းဌာနချုပ်ကိုမူ ပြည်မြို့၌ထား ရှိသည်။ တပ်မ (၇၇) ဖွဲ့စည်းရခြင်းမှာ ပဲခူးရိုးမတွင်ရှိသော ဗမာပြည်ကွန်မြူနစ်ပါတီကို အပြီးသတ်ချေမှုန်းရန် ဖြစ်သည်။





ယင်းနောက် ၁၉၆၉ ခုနှစ် ဇွန်လတွင် မော်လမြိုင်မြို့ရှိ အရှေ့တောင်တိုင်းစစ်ဌာန၏ တိုင်းမှူးအဖြစ် ခန့်အပ်ခံရသည်။ ၁၉၇၄ ခုနှစ်တွင် အရပ်ဘက်သို့ ပြောင်းရွှေ့၍ တိုင်းလုံခြုံရေးနှင့် အုပ်ချုပ် မှုကော်မတီဥက္ကဋ္ဌနှင့် လမ်းစဉ်ပါတီ တိုင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပထမအကြိမ် ပါတီညီလာခံတွင် ပါတီလုပ်ငန်းစီစစ်ရေးကော်မတီဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးအဖြစ် တာဝန်းထမ်းရွက်ခဲ့ သည်။ ထို့နောက် ၁၉၇၆ ခုနှစ်တွင် အမှတ်(၁) စက်မှုဝန်ကြီး ဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တာဝန်ပေးအပ်ခြင်းခံရသည်။

❖❖❖

## နိုင်ကော်၍ ချုပ်ပေါ်ရောက်ခဲ့ရ

ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်၏ဆရာရင်းသည် ဗိုလ်ချုပ် တင့်ဆွေ ဖြစ်သည်။ ဗိုလ်ချုပ်တင့်ဆွေ မြောက်ပိုင်းတိုင်း၌ စစ်ဦးစီးမှူး (ပထမတန်း)အဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကပင် ဦးခင်ညွန့်သည် ဗိုလ်အဆင့်ဖြင့် သူ၏ ကိုယ်ရေးအရာရှိအဖြစ်မှ တပ်ရင်းမှူး၏ ကိုယ်ရေးအရာရှိအဆင့်အထိ ဗိုလ်ချုပ်တင့်ဆွေ၏လက်အောက်တွင် ၈ နှစ်ခန့် သားအဖပမာ ထမ်းရွက်ခဲ့ရသည်။ ဗိုလ်ချုပ်တင့်ဆွေ၏ ကိုယ်ရေးအရာရှိထမ်းရွက်ပြီးနောက်၊ တပ်မတော်ထောက်လှမ်းရေး သင်တန်းသို့ တက်ခွင့်ရခဲ့သည်။ သင်တန်း၌ အခြားသူ့ထက် ပိုမို



www.burmeseclassic.com

www.burmeseclassic.com



ထူးချွန်သဖြင့် စစ်ထောက်လှမ်းရေးမှူး ဒုဗိုလ်မှူးကြီး တင်ဦးကပင် ချီးကျူးခဲ့ရသည်။ ဘာတီးလ်လင့်တနာ Bertil Lintner က ဗိုလ်ခင်ညွန့်သည် အရှေ့ဂျာမနီ G.D.R ၌ ထောက်လှမ်းရေးသင်တန်းတစ်ခု တက်ခဲ့ဖူးသည်ဟု Asia Weekly စာစောင်၌ ရေးသားခဲ့ဖူးသည်။

ယင်းနှင့်ပတ်သက်၍ မြတ်ခိုင်ပြုစုသည့် "ဦးခင်ညွန့်နှင့် အင်တာဗျူး" စာအုပ်စာမျက်နှာ ၅၆ ၌ အောက်ပါအတိုင်း ဖွင့်ဟထားသည်။

"ကျွန်တော့်ပထမဆရာက ဗိုလ်ချုပ်တင့်ဆွေပေါ့ဗျာ။ ဒုတိယဆရာကတော့ ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ တတိယဆရာက ဗိုလ်ချုပ်ကြီးနေဝင်းပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တောက် ၁၉၈၃ ခုနှစ်ကျမှ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့တွေ့တာ။ ထောက်လှမ်းရေးညွှန်ကြားရေးမှူးဖြစ်ပြီး လှမ်းရောက်မှ ဗိုလ်ချုပ်ကြီး နေဝင်းနဲ့တွေ့တာ။ အဲဒီကျတော့မှ တစ်ယောက်နဲ့တစ်ယောက် သိတယ်။ ဗိုလ်ချုပ်ကြီးသူရကျော်ထင်ကနေ အပ်လိုက်တာ။ သူ့အိမ်ခေါ်သွားပြီး ဒါ ထောက်လှမ်းရေးညွှန်ကြားရေးမှူးအသစ် ဗိုလ်မှူးကြီးခင်ညွန့်ပါဆိုပြီး ကျွန်တော့်ကို သွားအပ်ပေးတယ်။ ဘာမှသိပ်ပြီး ထွေထွေထူးထူး ပြောမနေဘူး။ အေးအေး ... ကြိုးစားလုပ်ပေါ့ကွာတဲ့။ အဲဒီမှာ ကျွန်တော့်ကို ဂေါက်မရိုက်နဲ့ဆိုပြီး ဗိုလ်ချုပ်ကြီးသူရကျော်ထင်က ပြောတာ။ အဲဒါကို ကျွန်တော် တော်တော်စွဲတယ်။ သူမရှိသော်ငြား လည်း ကျွန်တော် မှတ်ထားတယ်။

တောင်ကိုရီးယားသမ္မတ ချွန်ဒူးဝမ်လာတဲ့ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလအတွင်းမှာ တပ်မတော် ထောက်လှမ်းရေးညွှန်ကြား





ရေးမှူး ကိုအောင်ကိုးက ဂေါက်ကွင်းမှာ ဂေါက်ရိုက်နေတယ်။ အဲဒါ လုံခြုံရေး ကျိုးပေါက်တယ်တဲ့။ ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဆိုတာက လူကြီးတွေအကြီးအကဲတွေရဲ့ လုံခြုံရေး။ နိုင်ငံတော်က ဧည့်သည်တော်ကြီးတွေရဲ့ လုံခြုံရေး၊ ပြည်သူတွေရဲ့ လုံခြုံရေး။ အဲဒီအချိန်မှာ ကိုအောင်ကိုးက ဂေါက်ရိုက်နေတာ။ ကျွန်တော်လည်း ဂေါက်ရိုက်တာ မကြိုက်ဘူး။ မင်းတို့ အလုပ်ချိန်မှာ မရိုက်နဲ့။ ရိုက်ချင်ရင် အလုပ်ပြင်ပမှာရိုက်။ ငါ ဂေါက်မရိုက်တာ မင်းတို့အသိကွာ လို့အမြဲတမ်းပြောခဲ့ပါတယ်"

မှန်ပေသည်။ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)မှ သမ္မတကြီးချွန်ဒူးဝမ်နှင့်အဖွဲ့ ချစ်ကြည်ရေးခရီးရောက်ရှိလာခဲ့သည်။ အောက်တိုဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့ဝင်များနှင့် မတွေ့ဆုံမီ နံနက်ပိုင်း၌ အာဇာနည်ဗိမာန်သို့ သွားရောက်၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ မြှုပ်နှံထားသည့် ဂူဗိမာန်ကို လွမ်းသူ့ပန်းခွေချ အလေးပြုရန် စီစဉ်ထားသည်။

သို့သော် အာဇာနည်ဗိမာန်သို့ ကိုရီးယားသမ္မတနိုင်ငံမှ သမ္မတကြီးရောက်ရှိမလာမီ မြန်မာနိုင်ငံမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စစ်သည်တော်များ၊ ပြည်တွင်းပြည်ပမှ သတင်းထောက်များ အပါအဝင် ကိုရီးယား သမ္မတနိုင်ငံမှ သမ္မတကြီးနှင့်အတူ မြန်မာနိုင်ငံသို့ လိုက်ပါလာခဲ့သောအဖွဲ့ဝင်အချို့လည်း ကြိုတင်ရောက်ရှိနေသည်။

သမ္မတချွန်ဒူးဝမ်နှင့်အဖွဲ့ လိုက်ပါလာသော မော်တော်ယာဉ်တန်းသည် တက္ကသိုလ်ရိပ်သာလမ်းရှိ စိမ်းလဲ့ကန်သာ အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



ညှော်ဂေဟာမှ ထွက်လာအပြီး ယခင် ဝိဇယရုပ်ရှင်ရုံအနီးသို့ ရောက်ရှိ နံနက် ၁၀ နာရီ ၂၅ မိနစ်အချိန်တွင် အာဇာနည်ဗိမာန်အတွင်းမှ ကြီးမားသော ဗုံးပေါက်ကွဲသံကြီးနှင့် အာဇာနည်ဗိမာန်အဆောက်အအုံကြီး၏ အမိုးဒိုင်းကြီးပြုတ်ကျကာ အုတ်ကွဲစ်မိုးများ၊ မျက်နှာကြက်များ ပျက်စီးလွင့်စင်ကုန်သည်။ ပေါက်ကွဲပြိုကျမှုကြောင့် အာဇာနည်ဗိမာန်အတွင်း၌ ရောက်ရှိနေသော မြန်မာအစိုးရအဖွဲ့ဝင်များ၊ သတင်းထောက်များ၊ ကိုရီးယားသမ္မတနိုင်ငံမှ ညှော်သည်တော်များ၊ ကိုရီးယားသံအမတ်ကြီး အပါအဝင် ၂၁ ဦး သေဆုံးပြီး ၄၆ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြသည်။ သေဆုံးသူများအနက် ကိုရီးယားညှော်သည်တော် ၁၇ ဦးနှင့် မြန်မာနိုင်ငံသား လေးဦးတို့ ပါဝင်ခဲ့သည်။

ဤသို့ဖြစ်ပွားနေစဉ် တာဝန်ရှိတပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အောင်ကိုးသည် တပ်မတော်ဂေါက်ကွင်း၌ အပေါင်းအဖော်များဖြင့် ဂေါက်ရိုက်ကစားနေသည်ဟု ဆိုသည်။

အာဇာနည်ကုန်း ဗုံးဖောက်ခွဲမှုနှင့် ပတ်သက်၍ ကျူးလွန်ခဲ့သော တရားခံများကို ပြည်သူ့ရဲသတင်းတပ်ဖွဲ့က အပူတပြင်းရှာဖွေဖော်ထုတ်ရာ အောက်တိုဘာလ ၁၀ ရက်နေ့ ည ၉း၄၅ နာရီတွင် ပုဇွန်တောင်ချောင်းအတွင်း ရေကူးနေသူ မြောက်ကိုရီးယားနိုင်ငံမှ ဗိုလ်မှူးအဆင့် ဇင်မိုအားလည်းကောင်း၊ အောက်တိုဘာလ ၁၁ ရက်နေ့ နံနက် ၆ နာရီတွင် ကော့မှူးမြို့နယ် သခွတ်ပင်ကျေးရွာ မြောက်ဘက်၌ ဗိုလ်ကြီးအဆင့်ရှိသူ ဆင်ကီးချူး (အသေဖမ်းဆီးရမိသူ)ကိုလည်းကောင်း၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် ကော့မှူးမြို့နယ်၊ သခွတ်ပင်ကျေးရွာနှင့် ကွင်းဝိုင်းကျေးရွာအကြား ဒိုက်ပုံအောက်တွင် ဗိုလ်ကြီးအဆင့်ရှိသူ ကင်မင်ချူးတို့ကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးမိသော မြောက်ကိုရီးယားနိုင်ငံမှ တရားခံ ဇင်မိုနှင့် ကင်မင်ချူးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂၊ ၃၀၇ နှင့် လက်နက်အက်ဥပဒေ ပုဒ်မ ၁၉(စ) တရားစွဲဆို၍ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၁၀/၈၃) တွင် တရားစွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ)/၃၄ အရ အပြစ်ရှိသည့်အတွက် သေဒဏ်ကျခံစေရန်နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၇ အရ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည့်အတွက် တစ်သက်တစ်ကျွန်း ကျခံစေရန်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် (၁၅/၈၃)တွင်တရားစွဲဆိုထားသည့် လက်နက်အက်ဥပဒေပုဒ်မ ၁၉(စ) အရ ထောင်ဒဏ်သုံးနှစ်ကျခံစေရန် မင်္ဂလာဒုံမြို့နယ်တွင် ရုံးထိုင်သော ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး၊ အဖွဲ့ဝင်များအဖြစ် ဦးမြတ်တိုးနှင့် ဦးတင်ညွန့်တို့ပါဝင်သည့် ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့ အမှတ် (၈) က စီရင်ချက် အမိန့်များ ချမှတ်ခဲ့လေသည်။

အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှုကြောင့် မဆလပါတီဥက္ကဋ္ဌ ဦးနေဝင်းသည် ဒေါသပေါက်ကွဲကာ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ကိုးအား ရာထူးမှဖယ်ရှား၍ ၎င်းနေရာ အစားထိုးခန့်အပ်နိုင်ရန်အတွက် ဗိုလ်ချုပ်တင့်ဆွေ (ကြည်း–၅၃၆၇)နှင့် ဗိုလ်ချုပ်ကြီးသူရကျော်ထင် (ကြည်း–၅၃၃၂) တို့ကို တာဝန်ပေးအပ်ခဲ့ရာမှ ဗိုလ်မှူးကြီးခင်ညွန့်ကို ၎င်းတို့နှစ်ဦးက ထောက်ခံတင်ပြပြီး ဦးနေဝင်းထံ သွားရောက်အပ်နှံပေးခဲ့သည်။




မြရတနာစာပေ

www.burmeseclassic.com



ဤသို့ဖြင့် ဗိုလ်မှူးကြီးခင်ညွန့်သည် ၁၉၈၃ ခုနှစ် အောက်တိုဘာလတွင် တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်လာခဲ့လေသည်။

## တပ်မတော်ထောက်လှမ်းရေးအကြီးအကဲများ

| စဉ် | ရာထူးအမည် | အကြီးအကဲအမည် | သက်တမ်းကာလ |
|---|---|---|---|
| ၁။ | တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး | ဗိုလ်မှူးကြီးလွင် | ၁၉၄၈–၁၉၄၉ |
| ၂။ | " | ဗိုလ်မှူးကြီးချစ်ခင် | ၁၉၄၉–၁၉၅၂ |
| ၃။ | " | ဗိုလ်မှူးချုပ်တင်ဦး | ၁၉၅၂–၁၉၅၅ |
| ၄။ | " | ဗိုလ်မှူးကြီးအောင်ဖေ | ၁၉၅၅–၁၉၆၀ |
| ၅။ | " | ဗိုလ်မှူးကြီးမျိုးအောင် | ၁၉၆၀–၁၉၆၂ |
| ၆။ | " | ဗိုလ်မှူးကြီးထံညွန့် | ၁၉၆၂–၁၉၈၃ |
| ၇။ | " | ဗိုလ်မှူးကြီးအောင်ထိုး | ၁၉၈၃ |
| ၈။ | စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် | ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် | ၁၉၈၃–၂၀၀၄ |
| ၉။ | တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် | ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ | ၂၀၀၄–၂၀၀၅ |
| ၁၀။ | " | ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် | ၂၀၀၅–၂၀၁၀ |
| ၁၁။ | " | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ၂၀၁၀–၂၀၁၄ |
| ၁၂။ | " | ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး<br>စစ်ဆင်ရေးအထူးအဖွဲ့-၆(နဝတ) | ၂၀၁၄–မှ ယနေ့အချိန်ထိ |





တပ်မတော်ထောက်လှမ်းရေးမှူးဘဝ၌ ဗိုလ်ချုပ်ကြီးနေဝင်း (ကြည်း–၁၅၀၂) ထံမှ ပညာမျိုးစုံရရှိခဲ့ပုံကိုလည်း ၎င်းစာအုပ်၌ –

"နိုင်ငံတကာ ဆက်ဆံရေး၊ နိုင်ငံခြားသားနဲ့ စကားပြောနည်း၊ ပြောဟန် ကျွန်တော်သူ့ဆီက သင်ရတာပဲ။ တခြားလူဆီက မရဘူးဗျ။ နိုင်ငံခြားသားနဲ့တွေ့တဲ့အခါမှာ ပြောဟန်၊ ဆိုဟန်၊ နိုင်ငံခြားသားနဲ့ ဆက်ဆံရေးကို ဗိုလ်ချုပ်ကြီးနေဝင်းက သင်ပေးခဲ့ပါတယ်။ ကျွန်တော့်ကို နောက်ပိုင်းကျတော့ သူစိတ်ချသွားပြီးတော့ ဗိုလ်ခင်ညွန့်ရေ ဟိုလူနဲ့သွားတွေ့ချေဆိုရင် သွားတွေ့ရတယ်။ မင်း အဲဒီလူနဲ့ သွားစကားပြောလိုက်။ အဲဒီလိုဗျ။ နောက်ပြီး သူ့စတိုင်လ်ပေါ့ဗျာ။ နိုင်ငံခြားသားနဲ့ ပြောတဲ့စတိုင်လ်ကို မှတ်ထားတယ်။ နိုင်ငံခြားသား ကြီးတယ်၊ ငယ်တယ် ဒီလိုမဟုတ်ဘူးဗျ။ အဲဒီစတိုင်လ်ကို ကျွန်တော် သိပ်ကြိုက်တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ စတိုင်က ဘယ်သူနဲ့ တွေ့တွေ့ အမေရိကန်နဲ့တွေ့လည်း သူ့စတိုင်လ်က ဟန်မပျက်ဘဲ။ အောက်ကျို့ပြီးနေတာမဟုတ်ဘူး။ ဟန်နဲ့မာန်နဲ့ ဒီလိုဆက်ဆံတာ။ တိန့်ရှောင်ဖိန်ကြီးနဲ့တွေ့တုန်းကဆိုရင် အဲဒီတုန်းက တံခါးဖွင့်စတဲ့အချိန်ကိုးဗျ။ ခင်ဗျားတို့ တံခါးဖွင့်လိုက်ပြီဆိုရင် ခြင်တွေ၊ ယင်တွေ ဝင်လာမှာပေါ့ဗျတဲ့။ ဟိုက ခြင်တွေ၊ ယင်တွေ ဝင်မယ်ဆိုတာ ကျွန်တော် သိပါတယ်တဲ့။ ဝင်ချင်ဝင်ပါလေ့စေတဲ့၊ ကျွန်တော့် အိမ်ထဲရောက်တော့မှာပဲ ကျွန်တော် နှိမ်နင်းရမှာပေါ့ဗျာတဲ့။ အိမ်ထဲ ရောက်မှနှိမ်နင်းမယ်တဲ့။ အဲဒီလို ခေါင်းဆောင်အချင်းချင်းတွေ့တဲ့ အခါမှာလည်း သူ့ငယ်သူ့ငယ်ချင်းလိုပဲ စကားပြောတယ်။ အောက်ကျို့ ပြီးတော့ အောက်ကနေ သူက တိုင်းပြည်ကြီးပဲဆိုတာမျိုး မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမ္မတက သမ္မတပဲလေ။ ဝန်ကြီးချုပ်က



www.burmeseclassic.com

www.burmeseclassic.com



 နေကြီးချုပ်ပဲ။ အတူတူပဲလေ။ နိုင်ငံ သေးတယ်၊ ငယ်တယ် မဟုတ်ဘူး။ အဲဒီလို ခွဲခြားလို့မရဘူး။ သူ့ရဲ့ Status ကတော့အတူတူပဲ။ အဲဒါကို ကျွန်တော် ကြိုက်တယ်ဗျ။ သူက အဲဒီပုံစံမျိုး''

ဟူ၍ဖော်ပြထားသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက မျက်မှန်ကြီးဗိုလ်မှူးချုပ်တင်ဦးထက်သူ့ကို ပို၍ယုံကြည်ခဲ့ပုံကိုလည်း ဤသို့ ဆိုခဲ့သည်။

''သူနဲ့ လုပ်ရင်းကိုင်ရင်း သူ့ခန့်မှန်းမှာပေါ့ဗျာ။ သူက အကဲခတ်တတ်တယ်ဗျ။ လူကဲခတ်တာတော့ သူများနဲ့မတူဘူး။ လူ့ရဲ့ ရုပ်လက္ခဏာနဲ့ လူကဲခတ်တာ နှစ်ယောက်မရှိဘူး။ လူရဲ့ ရုပ်လက္ခဏာနဲ့ လူကဲခတ်တတ်တယ်။ နောက်တော့ သူ့မိသားစုနဲ့ပါ ကျွန်တော်က ရင်းနှီးတာကိုးဗျ။ သားသမီးတွေနဲ့၊ မြေးတွေနဲ့ နေလာတာ။ နောက်တစ်ခုက သူ့ရဲ့ လုပ်ငန်းကိုင်ခန်းအနေနဲ့ ဥပမာ သူ့ရုံးမှာ စာရွက်စာတမ်းတစ်ခုခု ပေးလိုက်ရင် အဲဒါသူ့စာရွက်ကို ကြည့်နေတာ။ သူပေးလိုက်တာက ဘယ်သူ့ကိုပေးလိုက်စမ်းဆိုတာမျိုး။ လမ်းမှာဖတ်သလား။ ကြည့်သလားဆိုတာ။ လမ်းမှာ မသိမသာ ဖတ်သွားရင် သိတယ်။ သူက အဲဒါကို ချောင်းကြည့်တယ်။ ဒါ့တပည့် ဘယ်လောက်ယုံရသလဲ။ မယုံရဘူးလဲဆိုတာ အဲဒါ။ သူက အိမ်ပေါ်ကနေ အိမ်အောက်ဆင်းလည်း သေနတ်က ကိုင်လာတာပဲ၊ နောက်တော့ ခရီးသွားတော့ သူ့ခါးပတ်ကြီးချွတ်ပြီး ကျွန်တော့်ကို မင်းပတ်ထားဆိုပြီး ပေးတယ်။ သေနတ်ကို ဘယ်တော့မှ သူများကိုမပေးဘူး''

ဤသို့ဖြင့် ဗိုလ်ချုပ်တင့်ဆွေ၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ အာဏာရှင်အဖေကြီး ဗိုလ်ချုပ်ကြီးနေဝင်းတို့၏မြှောက်စားမှုကြောင့် ဗိုလ်ခင်ညွန့်လည်း မမျှော်လင့်ဘဲ စိုင်ကော်၍ချုပ်ပေါ် ရောက်ခဲ့ရ





လေသည်။ ပုံပြင် မဟုတ်ပါလေ။

❖ ❖ ❖

## မိသားစုဝင်များ

ဦးခင်ညွန့်သည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ခနောင်အရှေ့ကျေးရွာနေ ဦးတင်ညွန့် (ရွှေမော်ဓန်း လူမှုယဉ်ကျေးမှု ကူညီရေးအဖွဲ့ ရာသက်ပန် (နာယက)နှင့် ဒေါ်ခင်ညွန့်တို့၏သမီးဖြစ်သူ ဒေါက်တာခင်ဝင်းရွှေနှင့် ၁၉၅၉ ခုနှစ်တွင် လက်ထပ်ထိမ်းမြား၍ သားဇော်နိုင်ဦး (ဒုဗိုလ်မှူးကြီးဟောင်း)၊ ဒေါက်တာရဲနိုင်ဝင်း (ပုဂံဆိုက်ဘာတက်)နှင့် သမီး သင်းမြတ်မြတ်ဝင်းတို့ ထွန်းကားခဲ့သည်။ ကိုဇော်နိုင်ဦး၏ဇနီးမှာ ဒေါက်တာခင်သန္တာမြင့်ဖြစ်ပြီး၊ ဒေါက်တာရဲနိုင်ဝင်း၏ဇနီးမှာ စက်ဘမှူးသူ မရီလှဲ့ဝင်းဖြစ်သည်။ သမီး သင်းမြတ်မြတ်ဝင်းခင်ပွန်းမှာ ကိုတင်ထွဋ်ဖြစ်သည်။

ဦးခင်ညွန့်၏သမက် ကိုတင်ထွဋ်မှာ ယခင် မဆလအစိုးရခေတ် ဒုဝန်ကြီး ဦးပေါ်ခမ်းသန်း၏သား ဖြစ်သည်။ ယခုအခါ နိုင်ငံခြားငွေ လက်ဝယ်ထားရှိမှု၊ သွင်းကုန်ထုတ်ကုန် အက်ဥပဒေ၊ လိုင်စင်မဲ့ကား သုံးစွဲမှုစသောပုဒ်မများကြောင့် ထောင်ဒဏ် နှစ် ၂၂၀ ကျခံနေရသည်မှာ မလွတ်မြောက်သေးပေ။ ဒေါက်တာခင်ဝင်းရွှေ၏ အမြွှာအစ်မတော်စပ်သော ဒေါ်ဝင်းမေ၏သား ကျော်ကျော်မိုးကိုလည်း ဒေါက်တာ ရဲနိုင်ဝင်း၏ အမှုတွဲအဖြစ် ထောင်ဒဏ်တစ်သက်တစ်ကျွန်းနှင့် ၃၅ နှစ်ချမှတ်ထားသည်။

ဇနီးဖြစ်သူ ဒေါက်တာခင်ဝင်းရွှေ၏ မွေးချင်းများမှာ (ဦးကျော်စိုး) – ဒေါ်အေးစော၊ (ဒေါက်တာ သန်းငြိမ်း)–ဒေါ်ခင်အေး၊



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်အုန်း–ဒေါ်ဝင်းမေ၊ (ဗိုလ်ချုပ်ကြီးဟောင်း)–ဒေါက်တာခင်ဝင်းရွှေ၊ ဦးကြည်သန်း–ဒေါ်သန်းသန်းအေး၊ ဒေါ်မြင့်ရီ၊ ဦးတင်မောင်ဝင်း–ဒေါ်ခင်လေး၊ ဦးမျိုးသန့် – ဒေါ်စန်းစန်းမြင့်၊ ဒေါ်စန်းစန်းဝင်း၊ ဦးခင်မောင်အေး–ဒေါ်ခင်မမ တို့ဖြစ်သည်။

ဦးခင်ညွန့်၏ ယောက်ဖတော်စပ်သူ ဒေါက်တာသန်းငြိမ်းသည် ယခင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်ပြီး နောင်တွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (N.D.F) ကိုတည်ထောင်ခဲ့သူဖြစ်သည်။

ဒေါက်တာသန်းငြိမ်းကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် ခနောင်အရှေ့ကျေးရွာတွင် အဖ-ဦးတင်ညွန့်နှင့် အမိဒေါ်ခင်ညွန့်တို့မှ ၁၉၃၈ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့မ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကာ၊ ၁၉၆၃ ခုနှစ်၌ ရန်ကုန်ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ တက္ကသိုလ်တက်နေစဉ်အတွင်း ရန်ကုန်ဆေးတက္ကသိုလ်ကျောင်းသားသမဂ္ဂတွင် ပါဝင်၍ ကျောင်းသားလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။

ဒေါက်တာသန်းငြိမ်းသည် ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် ဦးဆောင်ပါဝင်လှုပ်ရှားမှုကြောင့် ပင်စင်အပေးခံခဲ့ရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကျောက်တန်းမြို့နယ်သို့ဝင်ရောက်ခဲ့ကာ မြို့နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ခုနှစ် မေ ၂၇ တွင် ကျင်းပသော ပါတီစုံရွေးကောက်ပွဲတွင် ကျောက်တန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။





၁၉၉၆ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးခံပြီး ၁၉၉၇ ခုနှစ်တွင် ဆေးခန်းဖွင့်သည်ကို အကြောင်းပြု၍ တရားစွဲဆိုခံရကာ ဆမလက်မှတ် သိမ်းဆည်းခြင်းခံခဲ့ရပြီး အောက်တိုဘာလတွင် မရမ်းကုန်းမြို့နယ် လူငယ်ဖွဲ့စည်းရေးကိစ္စ ဆောင်ရွက်မှုဖြင့် ဒေါက်တာဒေါ်မေဝင်းမြင့် (လက်ရှိ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် N.L.D ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်) နှင့်အတူ ဖမ်းဆီးခံခဲ့ရကာ ထောင်ဒဏ် ၇ နှစ် ချမှတ်ခံခဲ့ရသည်။ အကျဉ်းထောင်အသီးသီးတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး လွတ်ရက်စေ့သော်လည်း ပုဒ်မ ၁၀(က) ဖြင့်ထပ်မံ၍ တစ်နှစ်စီတိုးကာ သုံးကြိမ်တိုင်တိုင် ဆက်လက်ချုပ်နှောင်ခံခဲ့ရပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာတွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ ပြန်လည်လွတ်မြောက်ပြီးနောက် အဖွဲ့ချုပ် ရန်ကုန်တိုင်း ဒုတိယဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းရွက်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီအထောက်အကူပြု အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာစာတမ်း ပြုစုသည့်အဖွဲ့တွင် လည်းပါဝင်ခဲ့သည်။

၂၀၁၀ ခုနှစ်တွင် N.L.D ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး ၂၀၁၀ ခုနှစ် မတ်လတွင် N.L.D ပါတီထပ်မံမှတ်ပုံတင်ရန်နှင့် ရွေးကောက်ပွဲဝင်သင့်ကြောင်းကို ဦးဆောင်ဆွေးနွေးခဲ့သူဖြစ်ပြီး N.L.D ပါတီမှတ်ပုံတင်ခြင်းမပြုတော့သဖြင့် ပါတီ၏ တရားဝင်သက်တမ်းကုန်သည့် ၂၀၁၀



www.burmeseclassic.com

www.burmeseclassic.com



ပြည့်နှစ် မေလ ၆ ရက်နေ့အထိ N.L.D ပါတီ၌ ရှိနေခဲ့ကာ ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် ဒီမိုကရေစီစနစ်သို့ သွားရောက်ရန်ဟုဆိုကာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ N.D.F ကို ၂၀၁၀ ခုနှစ် ဖွန်လတွင် တည်ထောင်ခဲ့သူတစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ မှတ်ပုံတင်ကျပြီးနောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ကျန်းမာရေးအခြေအနေအရ ပါတီဥက္ကဋ္ဌအဖြစ်မှ ပါတီခေါင်းဆောင်အဖြစ်သို့ ပြောင်းလဲကာ ကွယ်လွန်ချိန် ၂၀၁၄ ခုနှစ် မေလ ၂၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

❖ ❖ ❖

## ဇာတ်တူသားစားခဲ့ခြင်း

ဗိုလ်ချုပ်ခင်ညွန့်နှင့် ဗိုလ်ချုပ်ကြီးသန်းရွှေပေါင်း၍ သူနှင့်အတူတကွ လုပ်ကိုင်ခဲ့သော နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို အကြွက်စေ့ရေ့ ကုလားဖန်ထိုး ဖြုတ်ချပြီးနောက် ခပ်ရင့်ရင့် ခပ်စွာစွာ စစ်တိုင်းမှူးများဖြစ်ကြသော အနောက်မြောက်တိုင်းစစ်ဌာနချုပ် (ယခုအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်) တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဘ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးသောင်တို့ကို ဝန်ကြီးများအဖြစ် ရာထူးပေး၍ အပေါ်သို့ကန်တင်လိုက်ပြီး တပ်နှင့်အဆက်အသွယ် ဖြတ်တောက်ပစ်လိုက်သည်။





၁၉၉၂ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် စစ်ရေးချုပ် ဗိုလ်ချုပ်မြင့်အောင်ကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြသောင်းကို သမဝါယမဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဗိုလ်ချုပ်ထွန်းကြည်ကို ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဗိုလ်ချုပ်ကျော်ဘကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဗိုလ်ချုပ်အေးသောင်ကို အလုပ်သမားဝန်ကြီးဌာနသို့လည်းကောင်း အသီးသီး ပြောင်းလဲခန့်အပ်ခဲ့သည်။

စစ်တိုင်းမှူးတာဝန်များကနေ ရုပ်သိမ်း၍ တပ်နှင့် အဆက်ဖြတ်ခံခဲ့ရသော်လည်း ဗိုလ်ချုပ်အဆင့် စစ်ဘက်ဆိုင်ရာ ရာထူးများကို ဆက်လက်ထားရှိပြီး ထိုစဉ်က မြိုးမြိုးမြက်မြက်လေးစားရသည့် ဝန်ကြီးဌာနများကိုပေးကာ နှစ်သိမ့်လိုက်ရသည့်အတွက် ခပ်စွာစွာ တိုင်းမှူးတစ်စု အငိုက်မိသွားခဲ့လေသည်။ စက်တင်ဘာလ ၂၄ ရက်နေ့မှာပင် ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်းနှင့် ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်တို့ကိုလည်း ဒုတိယဝန်ကြီးချုပ်အဖြစ် ပြောင်းရွှေ့ခန့်အပ်ထားလိုက်ပြီး လေတပ်၊ ရေတပ်တို့နှင့် အဆက်အသွယ်ဖြတ်တောက်လိုက်သည်။

လစ်လပ်သွားသော ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် စစ်တိုင်းမှူးများနေရာတွင် ဗိုလ်ချုပ်ကြီးသန်းရွှေ ယုံကြည်စိတ်ချသူများဖြင့် အစားထိုးခန့်အပ်ခဲ့သည်။ တပ်မမှူးနေရာများတွင် စစ်ရုံးချုပ်၏ အရေးကြီးသည့် နေရာများ၌လည်း သူ့တပည့်ရင်းများကို ချက်ချင်း တာဝန်ပေးအပ်ခဲ့သည်။ ထိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဆက်ဖြတ်ခံရပြီး အထက်ကိုအတင်ခံလိုက်ရသည့် ဗိုလ်ချုပ်များကိုနှစ်သိမ့်ရန် ကြိုးပမ်းသည့်အနေဖြင့် ၁၉၉၃ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး အဆင့်ရာထူးများတိုးပေး၍ ဗိုလ်ချုပ်ကြီးသန်းရွှေသည် သူကိုယ်တိုင်လည်း ထိုနေ့မှပင် ဗိုလ်ချုပ်မှူးကြီး ရာထူးကို တိုးမြှင့်ရယူလိုက်သည်။ ထိုနေ့ တစ်ရက်တည်းမှပင် နဝတ အတွင်းရေးမှူး (၁) နှင့် ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်ညွန့်ကို ဒုတိယဗိုလ်ချုပ်ကြီး ရာထူးအဆင့်တိုးမြှင့်ပေးလိုက်ရာ ဗိုလ်ချုပ်ခင်ညွန့်လည်း ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်သွားလေသည်။ တစ်ဆက်တည်း ထိုနေ့မှာပင် တစ်နှစ်နီးပါးခန့် လစ်လပ်ထားခဲ့သော ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကိုလည်း အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်အေးကို ခန့်အပ်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ဒုတိယကာကွယ်ရေးဦးစီးချုပ်ရာထူးကို ဗိုလ်ချုပ်မောင်အေးအား မပေးချင်သော်လည်း ဗိုလ်ချုပ်မောင်အေးနှင့် စစ်တက္ကသိုလ်အပတ်စဉ် တစ်ခုတည်းတက်ခဲ့သော ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်အုပ်စု၏ ကျေနပ်ထောက်ခံမှုရရှိစေရန် ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်ကလည်း သူတို့အား တပ်နှင့် အဆက်ဖြတ်ခံလိုက်ရသော်လည်း သူတို့နှင့် စစ်တက္ကသိုလ်တစ်ခုတည်း၊ အပတ်စဉ်တစ်ခုတည်းဆင်းခဲ့သည့် ဗိုလ်ချုပ်မောင်အေးသည် တစ်နေ့တွင် တပ်မတော်အကြီးအကဲဖြစ်လာခဲ့ပါက သူတို့အတွက်လည်း အာမခံချက်နှင့် အခွင့်အရေးများ ပိုမိုရရှိလိမ့်မည်ဟု မျှော်လင့်မိခဲ့သည်။ သို့သော် များမကြာမီအတွင်းမှာပင် ဗိုလ်ချုပ်ကြီးမောင်အေးသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုကျော်၍ ဘာမှ မလုပ်ရဲသည့်အပြင် ဗိုလ်သန်းရွှေ





အကြိုက်ကိုသာ လိုက်နာလုပ်ဆောင်ပေးနေရသဖြင့် ယူကျုံးမရ ဒေါသဖြစ်ခဲ့ရလေသည်။

ထိုစဉ်က တပ်နှင့်အဆက်ဖြတ်ခံလိုက်ရသော ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်က သူ၏ "နှစ် (၅၀) ကျော် ကိုယ်တွေ့များ" စာအုပ်စာမျက်နှာ ၃၇၀ ၌ –

"... သိပ်မကြာပါဘူး။ ရက်လည်း မမှတ်မိတော့ပါဘူး။ ဗိုလ်ချုပ်မြင့်အောင်(ကွယ်လွန်) ကျွန်တော့် မန္တလေးရောက်လာခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးသန်းရွှေက လွှတ်လိုက်တာပါ။ ကျွန်တော့်ကို ကုန်သွယ်ရေးဝန်ကြီး တာဝန်ပေးလိုကြောင်း၊ သဘောထားပြန်ကြားဖို့ မှာလိုက်ကြောင်းပြောပါတယ်။ ကျွန်တော်က ဗိုလ်ချုပ်မြင့်အောင်ကို "ကျွန်တော် စစ်သားပါ၊ စစ်သားဆိုတာ ခိုင်းတာလုပ်၊ စေရာသွား၊ ပေးတဲ့အမိန့်အတိုင်း လိုက်နာရမည့်သူ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က နှစ်ပေါင်း ၄၀ လောက် တပ်ထဲမှာ နေလာသူဖြစ်တော့ တပ်ကိုချစ်တယ်။ တပ်ထဲမှာပဲနေချင်တယ်၊ အပြင်မသွားချင်ဘူး။ ကုန်သွယ်ရေးဝန်ကြီးလည်း မလုပ်ချင်ဘူး။ ပြန်သတင်းပို့လိုက်ပါ" ဟုပြောလိုက်မိသည်။ ဗိုလ်ချုပ်မြင့်အောင်လည်း ပြန်သွားပြီး ကျွန်တော်ပြောတဲ့အတိုင်း သတင်းပို့လိုက်သလား။ မသိဘူး။ တော်တော်နဲ့ ဘာမှပြန်မလာတော့ဘူး"

ဒါပေမဲ့ ၃၊ ၄ လလောက်ကြာတော့ ကိုမြင့်အောင် နောက်တစ်ခေါက်ရောက်လာပြန်တယ်။ သူနဲ့ ကျွန်တော်က ညီလို၊ အစ်ကိုလို ခင်တယ်။ တစ်ဦးနဲ့တစ်ဦးက အတော်ချစ်တယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘာထပ်ပြောလိုက်သလဲတော့ မသိဘူး။ ကိုမြင့်အောင်က "လူကြီးတွေ ပြောတဲ့အတိုင်း လုပ်စေချင်တယ်။ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကွက်သွားရင် မကောင်းဘူး၊ ပြောတဲ့အတိုင်း သဘောတူလိုက်ပါ'' လို့အကြံပေးတယ်။ ''ကျွန်တော်လည်း အတော် စဉ်းစားပြီးပါပြီ။ လူကြီးတွေ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်ပါဘူး။ သူ့အစီအစဉ်ကိုက ကျွန်တော့်ကို တပ်ထဲမှာ မထားချင်လို့နေမှာပါ။ ဗိုလ်ချုပ်ပြန်သွားရင် ပြောလိုက်ပါ၊ စစ်သားပီပီ နိုင်းတာလုပ်ပါမယ်လို့''

ကျွန်တော့်အထင်တော့ ကျွန်တော့်ကို ဗိုလ်ချုပ်မှူးကြီးစောမောင်ရဲ့တပည့်ရင်းလို့ ယူဆပုံရပါတယ်။ တကယ်တော့ ကျွန်တော်က ဗိုလ်ချုပ်မှူးကြီးစောမောင်ရဲ့ ဂျီဝမ်းအဖြစ် အချိန်ကာလ ၆ လတောင် မပြည့်ပါဘူး အနီးကပ်နေခဲ့ရတာက အဲဒီအချိန်တိုတိုလေးပါ။ ဗိုလ်ချုပ်ကြီးသန်းရွှေနဲ့ နေရတာက တပ်မ (၈၈) မှာ ဒုတိယတပ်မမှူးနဲ့ တပ်မမှူး၊ အချိန် ၂ နှစ်ပါ။ တိုင်းမှူးနဲ့ ဂျီဝမ်းက အဆင့်သိပ်ကွာတော့ ရုံးချိန်လောက်ပဲတွေ့ရပြီး၊ ဒုတိယတပ်မမှူးနဲ့ တပ်မမှူးနဲ့ တပ်မမှူးကတော့ တစ်ချိန်လုံး စားအတူ၊ သွားအတူ တပူးတွဲတွဲ အနီးကပ်ရင်းနှီးမှု ပိုရှိပါတယ်။

တကယ်တော့ ကျွန်တော်ကတော့ ခေါင်းဆောင်မရွေးပါဘူး။ ကိုယ့်ကျောပေါ်တက်ခွတဲ့လူ၊ ကိုယ့်သခင်၊ ကိုယ့်ဂျော်ကီလိုပဲ စစ်သားပီပီယူဆပါတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင်လက်အောက်မှာလည်း ကိုယ့်တာဝန်ကျေပွန်အောင် ကြိုးကြိုးစားစား လုပ်ခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအောက်ရောက်လို့ လျော့သွားမယ်မရှိပါဘူး။ ဒါကိုတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကောင်းကောင်းသိပါတယ်''

ဟူ၍ ရေးသားထားလေသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထောက်လှမ်းရေး





ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တိုးတိုးတိတ်တိတ် တိုင်ပင်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက် အမှတ် ၁/၉၇ ကို ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ထုတ်ပြန်ကြေညာ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)ကို ဖျက်သိမ်းပစ်လိုက်သည်။ ကြေညာချက်၌ နိုင်ငံတော်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန် ရည်မှန်း၍ ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ကြောင်း ဖော်ပြထားသည်။

ထိုနေ့မှာပင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ **State Peace and Development Council** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

၁။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ – ဥက္ကဋ္ဌ
၂။ ဗိုလ်ချုပ်ကြီးမောင်အေး – ဒုတိယဥက္ကဋ္ဌ
၃။ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် – အတွင်းရေးမှူး(၁)
၄။ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး – အတွင်းရေးမှူး(၂)
၅။ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့် – အတွင်းရေးမှူး(၃)
၆။ ဗိုလ်မှူးချုပ်ညွန့်သိန်း – အဖွဲ့ဝင်
၇။ ဗိုလ်မှူးချုပ်ကျော်သန်း – အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ် (လေ)
၈။ ဗိုလ်ချုပ်အောင်ထွေး – အဖွဲ့ဝင်
(တိုင်းမှူး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်)



www.burmeseclassic.com

www.burmeseclassic.com



၉။ ဗိုလ်ချုပ်ရဲမြင့် – အဖွဲ့ဝင်
(တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်)
၁၀။ ဗိုလ်ချုပ်ခင်မောင်သန်း – အဖွဲ့ဝင်
(တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်)
၁၁။ ဗိုလ်ချုပ်ကျော်ဝင်း – အဖွဲ့ဝင်
(တိုင်းမှူး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်)
၁၂။ ဗိုလ်ချုပ် သိန်းစိန် – အဖွဲ့ဝင်
(တိုင်းမှူး၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်)
၁၃။ ဗိုလ်ချုပ်သူရ၊ သီဟသူရစစ်မောင် – အဖွဲ့ဝင်
(တိုင်းမှူး၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်)
၁၄။ ဗိုလ်မှူးချုပ်သူရရွှေမန်း – အဖွဲ့ဝင်
(တိုင်းမှူး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်)
၁၅။ ဗိုလ်မှူးချုပ်မြင့်အောင် – အဖွဲ့ဝင်
(တိုင်းမှူး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်)
၁၆။ ဗိုလ်မှူးချုပ်မောင်ဘို – အဖွဲ့ဝင်
(တိုင်းမှူး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်)
၁၇။ ဗိုလ်မှူးချုပ် သီဟသူရတင်အောင်မြင့်ဦး – အဖွဲ့ဝင်
(တိုင်းမှူး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်)
၁၈။ ဗိုလ်မှူးချုပ်စိုးဝင်း – အဖွဲ့ဝင်
(တိုင်းမှူး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်)
၁၉။ ဗိုလ်မှူးချုပ်တင်အေး – အဖွဲ့ဝင်
(တိုင်းမှူး၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်)

တို့ဖြစ်ကြသည်။





တစ်ဆက်တည်း ထိုနေ့မှာပင် နဝတ စစ်ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ၁၃ ဦးနှင့် ဗိုလ်ချုပ် ၁ ဦးတို့ကို အစုလိုက်၊ အပြုံလိုက် ဖြုတ်ထုတ်၍ ဗိုလ်ချုပ်ကြီးမောင်အေးသည် တစ်စုံတစ်ရာ ဝင်ရောက်ကာကွယ်ပေးခြင်းမရှိခဲ့သည့်အပြင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်နှင့်အဖွဲ့က ရင်ထုမနာဖြစ်ခဲ့ရသည်။

သို့သော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တို့သည် နဝတအဖွဲ့ကို ဖျက်သိမ်းခဲ့စဉ်က ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝဖြင့် လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ ဖြုတ်ထုတ်ခံလိုက် ရသော ဒုတိယဗိုလ်ချုပ်ကြီးများအုပ်စုကို နအဖအဖွဲ့၏ အကြံပေးအဖွဲ့ အနေဖြင့် ခန့်အပ်ကာ ခေတ္တခဏချွေးသိပ်ထားခဲ့သည်ကို တွေ့ရ သည်။ ဤသို့ နဝတစစ်ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ၁၃ ဦးနှင့် ဗိုလ်ချုပ်တစ်ဦးတို့ကို ဖယ်ရှားခဲ့ပြီးနောက် နောက်ကွယ်၌ တပ်တွင်းမငြိမ်မသက်ဖြစ်မှုများနှင့် တပ်တွင်းပုန်ကန်မှုများ ပေါ်ပေါက် လာမည်မလားဆိုသည့် စိုးရိမ်စိတ်ကြောင့် ယင်းတို့ကို အကြံပေးအဖွဲ့ အဖြစ် ဟန်ပြတာဝန်ပေး၍ စောင့်ကြည့်နေခဲ့သည်။ အကြံပေးအဖွဲ့ ဖွဲ့စည်းခဲ့ပုံကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက် အမှတ် (၃/၉၇)ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ် ရေးထိုး၍ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာ ချက်အပြည့်အစုံမှာ –

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အကြံပေး အဖွဲ့ **Advisory Group** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း လိုက်သည်။

၁။ ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



၂။ ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်
၃။ ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်
၄။ ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ
၅။ ဒုတိယဗိုလ်ချုပ်ကြီး မြသင်း
၆။ ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင်
၇။ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ
၈။ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်
၉။ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်
၁၀။ ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်
၁၁။ ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်
၁၂။ ဒုတိယဗိုလ်ချုပ်ကြီး ကျော်မင်း
၁၃။ ဒုတိယဗိုလ်ချုပ်ကြီး မောင်လှ
၁၄။ ဗိုလ်ချုပ် စိုးမြင့်

ယင်းသို့ ဒုတိယဗိုလ်ချုပ်ကြီးများကို အစုလိုက်အပြုံလိုက် ဖယ်ရှားလိုက်သော်လည်း တပ်အတွင်း၌ တစ်စုံတစ်ရာရိုက်ခတ်မှုမရှိသည့်အတွက် ၇ လနီးပါးအကြာ ၁၉၉၈ ခုနှစ် ဇွန်လ ၅ ရက် သောကြာနေ့တွင် အကြံပေးအဖွဲ့ဝင်အားလုံးကို လုံးဝဖျက်သိမ်းလိုက်ကြောင်း နအဖအဖွဲ့က ကြေညာခဲ့သည်။ အသစ် ပြန်လည်ဖွဲ့စည်းလိုက်သည့် နအဖစစ်ကောင်စီအဖွဲ့ဝင် ၁၉ ဦးထဲ၌ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နေ့တွင် ဖွဲ့စည်းခဲ့သော နဝတစစ်ကောင်စီအဖွဲ့ဝင်များအနက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်မောင်အေး၊ ဗိုလ်ချုပ်ခင်ညွန့်နှင့် ဗိုလ်ချုပ်တင်ဦး ၄ ဦးတို့သာ ဆက်လက်ပါဝင်ပြီး





ကျန်အဖွဲ့ဝင်များမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စိတ်ကြိုက်ခေါင်းဆောင်ရွေးချယ်ထားသူများသာဖြစ်ကြသည်။

ထိုအချိန်မှစ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာများအားလုံးသည် တစ်စတစ်စဖြင့် စစ်အာဏာရှင်လက်သစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထဲသို့ ရောက်ရှိသွားသည်ကို ထိုစဉ်က အင်မတန်ပါးနပ် တတ်သိပါသည်ဆိုသော ဗိုလ်ချုပ်ခင်ညွန့်သည် ရိပ်စားမိပုံမပေါ်ခဲ့ချေ။

ဗိုလ်ချုပ်ခင်ညွန့်သည် ဖာတ်တူသားစားခဲ့ရုံမျှက မိမိအား ကြည့်ရှုစောင့်ရှောက် မြေတောင်မြှောက်ပေးခဲ့သော ဦးနေဝင်းကို အေဒီလမ်းနေအိမ်မှ ဖယ်ရှားခိုင်းပြီး ဦးနေဝင်း၏ အနီးကပ်လုံခြုံရေးတပ်ဖွဲ့မှ အရာရှိ အရာခံ အကြပ်တပ်သားအားလုံးကို သက်ဆိုင်ရာတပ်ဖွဲ့များသို့ ပြန်ပို့ခိုင်းခြင်း၊ G.S.M မိုဘိုင်းတယ်လီဖုန်း တင်သွင်းရောင်းချခွင့်လိုင်စင်ကို တစ်ဦးတည်းမူပိုင်အဖြစ် ဒေါ်ခင်စန္ဒာဝင်းအား ပေးထားမှုကို ပြန်လည်ပိတ်ပင်ခြင်း၊ ဦးနေဝင်း၏သမက် ဦးအေးဇော်ဝင်းနှင့် မြေးသုံးယောက်ဖြစ်သည့် အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့ကို နိုင်ငံတော်အာဏာသိမ်းရန် ကြံစည်မှု၊ နိုင်ငံတော်လုပ်ကြံမှုနှင့် ၂၀၀၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ဖမ်းဆီးအရေးယူမှု၊ ဦးနေဝင်းအား နေအိမ်အကျယ်ချုပ်ချထားမှုစသည့်ကိစ္စရပ်များကို မိမိ၏အာဏာနှင့် ရာထူးထိခိုက်မည်စိုးရိမ်၍ တစ်လုံးတစ်ပါဒမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ပြန်မပြောရဲသည့်အပြင် ၎င်းလုပ်သမျှကို ခေါင်းညိတ်လုပ်ကိုင်ပေးခဲ့ရသည်။

နောက်ဆုံး ဦးနေဝင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ယေဓ (ယခင် အေဒီလမ်း) နေအိမ်၌ ကွယ်လွန်သွားသောအခါ ခုတိဂ



www.burmeseclassic.com

www.burmeseclassic.com



သွင်းရန် မဆိုထားဘိ စစ်သင်္ချိုင်း၌ပင် သင်္ဂြိုဟ်ခွင့်မရဘဲ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအမိန့်ဖြင့် ချက်ချင်း ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ခိုင်းသည်ကိုပင် မတားမြစ်နိုင်ခဲ့ချေ။

ဦးခင်ညွန့်နှင့် အင်တာဗျူးစာအုပ်၌ –

"ဘာပဲဖြစ်ဖြစ် ... သူဆုံးတော့ နာရေးတောင် တပ်မတော်ရဲ့ခေါင်းဆောင်ကြီးတွေအားလုံးကို တပ်မတော်ရဲ့ စစ်သင်္ချိုင်းမှာ နေရာပေးထားတယ်။ အဲဒီမှာတောင် နေရာမရရှာဘူး။ ကျွန်တော်လည်း ညံ့တာပေါ့ဗျာ။ ကျွန်တော်လည်း ညံ့တဲ့အထဲပါသွားတာပေါ့။ ကိုယ့်ရဲ့ဖခင်လိုဖြစ်တဲ့ပုဂ္ဂိုလ်၊ ကိုယ့်ဆရာသမားကြီးလို အဲဒီလို နေရာမပေးနိုင်တာ ကျွန်တော် ညံ့တာပေါ့ဗျာ။ ကိုယ့်ကိုယ်ကို ငါ တော်တော်ညံ့သွားပြီထင်တယ်လို့။

သူနောက်ဆုံးခရီးကတော့ ဘာပဲပြောပြော အခမ်းအနားတောင် တင့်တောင့်တင့်တယ်လေး မဖြစ်သင့်ဘူးလား။ တပ်မတော်ရဲ့ခေါင်းဆောင်ကြီးတွေ အစဉ်အလာအရတော့ ဒီလိုပဲဖြစ်ခဲ့တာပဲ။ ဒီလိုပဲ လုပ်ခဲ့တာပဲ။ အစဉ်အလာအရ ဖြစ်သင့်ပါတယ်။ အခြားတပ်ကပင်စင်ပေးတဲ့ အကြီးအကဲတွေတောင်မှ နေရာလေးရသေးတာပဲ။ သူက မရလိုက်ဘူးဆိုတော့ မိသားစုကတော့ **Feel** ဖြစ်မှာပေါ့လေ။ ဒါပေမဲ့ မစန္ဒာတို့က နေတတ်တယ်" ဟူ၍ ဖော်ပြထားသည်။

❖ ❖ ❖

### ရက်စက်မှုအပေါင်းသရဖူဆောင်းခဲ့သူ

ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း ခင်ညွန့်သည် ၎င်းတာဝန်ထမ်းဆောင်ခဲ့သော ၁၉၈၄ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ





နှစ် ၂၀ ကာလအတွင်း ဆောင်ရွက်ချက်များကို လေ့လာကြည့်ပါက စစ်အာဏာရှင်စနစ် တည်တံ့ရေးအတွက် ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသားလူထုတစ်ရပ်လုံးကို ဖမ်းဆီးထောင်ချ၊ နှိပ်စက်ညှဉ်းပန်း၊ ဗိုလ်ကျပြီးထင်ရာစိုင်း လုပ်ကိုင်ခဲ့မှုအားလုံးကို ယခုအခါ ဖုံးကွယ်ချင်ဖျောက်ဖျက်ချင်၍ မရတော့ပေ။

ဗိုလ်ချုပ်ခင်ညွန့်လက်ထက် ထောက်လှမ်းရေးစစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များ၊ ရဲဘက် အလုပ်ကြမ်းစခန်းများတွင် နှိပ်စက်ညှင်းပန်းခံရမှုကြောင့် ၁၉၈၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဒီမိုကရေစီလှုပ်ရှားသူ၊ နိုင်ငံရေးအကျဉ်းသား သေဆုံးသူပေါင်း ၃၀၀ နီးပါးရှိသော်လည်း ၁၂၇ ဦးကိုသာ မှတ်တမ်းတင်နိုင်ခဲ့သည်။

ထောက်လှမ်းရေးအာဏာပိုင်များသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နှိပ်စက်ညှဉ်းပန်းမှုများကို အစီအစဉ်ရှိရှိဖြင့် စဉ်ဆက်မပြတ် လုပ်ကိုင်ခဲ့ကြသည်။ ထိုသို့ နှိပ်စက် ညှဉ်းပန်းမှုများကြောင့် စစ်ကြောရေးစခန်းတွင်း၌ သေဆုံးခဲ့ရသလို အကျဉ်းထောင်ရဲဘက်အလုပ်ကြမ်း စခန်းများ၌လည်း အသက်ဆုံးရှုံးခဲ့ရသည်။ မသေမပျောက်ကျန်ရှိသူများလည်း ထောင်ပြင်ရောက်ပြီး မကြာမီမှာပင် စစ်ကြောရေးစခန်းများမှ ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များကြောင့် ကွယ်လွန်ခဲ့ရလေသည်။

စစ်ကြောရေးစခန်းနှင့် အကျဉ်းထောင်အတွင်း သေဆုံးသွားခဲ့ရသော နိုင်ငံရေးအကျဉ်းသားများကို များသောအားဖြင့် သေဆုံးသူရုပ်အလောင်းကိုမိသားစုများ မတွေ့ရမီမှာပင် ခွဲစိတ်အတုပြုလုပ်ပြီး မီးရှို့သင်္ဂြိုဟ်ပစ်လိုက်ကြသည်။ ထို့ပြင် ကျန်ရစ်သူမိသားစုကိုလည်း ရေငုံနှုတ်ပိတ်နေရန်နှင့် ဖြင်ပသို့မပြောရန် ငွေကြေးဖြင့် လာဒ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိလည်းကောင်း၊ ခြိမ်းခြောက်၍လည်းကောင်းပြုလုပ်လေ့ရှိသည်။ ရှာပနတွင် ထောက်လှမ်းရေး အာဏာပိုင်များ၏ ညွှန်ကြားချက် အတိုင်းသား ပြုလုပ်ခဲ့ရပြီး ရှာပနပို့ဆောင်သူများသည် ထောက်လှမ်းရေးများ၏ စောင့်ကြည့်မှုနှင့် စာရင်းမှတ်ယူမှုများကို ခံခဲ့ရသည်။

ထောက်လှမ်းရေး အာဏာပိုင်တို့သည် နိုင်ငံရေးအကျဉ်းသားများကို ညဘက်လူခြေတိတ်ချိန်၌ ခိုးချောင်ခိုးဝှက်ဖမ်းလေ့ရှိပြီး ဖမ်းသောအခါ မည်သည့်အခါမှ ဖမ်းဝရမ်းမပါဘဲ ဥပဒေမဲ့ဖမ်းဆီး၍ ခေါင်းစွပ်စွပ်၊ လက်ထိပ်နောက်ပြန်ခတ်ကာ ကားထဲတွင် မှောက်အိပ် ခေါ်ဆောင်သွားတတ်သည်။ စစ်ကြောရေးစခန်းတွင် မှတ်တမ်း တင်မှတ်ပုံရိုက်ချိန်မှအပ နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းမေးမြန်း တော့သည်။

ထောက်လှမ်းရေးစစ်ကြောရေးစခန်း၌ နှိပ်စက်ညှဉ်းပန်း မှုများသည် အရက်စက်အကြမ်းကြုတ်ဆုံး ဖြစ်သည်။ ဖမ်းဆီးခံရ သူတိုင်း စစ်ကြောရေးကာလ၌ မအိပ်စက်ရခြင်း၊ အစားအသောက်နှင့် ရေဖြတ်တောက်ခြင်းခံရခြင်းအပြင် အိမ်သာသွားခွင့် ပိတ်ပင်ခံရခြင်း တို့ကိုလည်း ခံရလေသည်။ စစ်ကြောမေးမြန်းသည့် ထောက်လှမ်းရေး များ၏ ကျေနပ်လောက်သည့်အဖြေမရသည့်အခါ နိုင်ငံရေးအကျဉ်း သားများကိုသာမက မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများကိုပါ ဖမ်းဆီးမည်၊ နှိပ်စက်မည်၊ မုဒိမ်းကျင့်မည်၊ သတ်ဖြတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်းခံကြရသည်။

ထောက်လှမ်းရေးစစ်ကြောရေးစခန်းများ၌ နှိပ်စက်မှု အမျိုးပေါင်းမှာလည်း စုံလင်လှသည်။ အများဆုံးပြုလုပ်သည့် နှိပ်စက် မှုမှာ လူမဆန်စွာရိုက်နှက်ခြင်းဖြစ်သည်။ သတိမေ့မြောနေချိန်တွင်





အတင်းအဓမ္မ သတိပြန်ရအောင်လုပ်၍ ထပ်မံညှဉ်းပန်းလေသည်။ အခြားနှိပ်စက်မှုများမှာ နာရီပေါင်းများစွာ ရပ်ခိုင်းခြင်း၊ ကြိုးဖြင့် ဇောက်ထိုးဆွဲထားခြင်း၊ ညှို့သကြိုးပေါ်၌ သံမြင်းလုံးဖြင့် အသား အရေများ ညိုမည်းယောင်ကိုင်းသည်အထိ လှိမ့်ခြင်း၊ အချိန်ကြာမြင့် စွာ "လေယာဉ်ပျံစီးခိုင်းခြင်း"၊ "မော်တော်ဆိုင်ကယ်" စီးခိုင်းခြင်း၊ "ဆီမီးခွက်အကဲ ကခိုင်းခြင်း"၊ "မိကျောင်းသွား သွားခိုင်းခြင်း"၊ "ကြိုးလုံးကြီးများ၊ ချိန်းကြိုးများဖြင့် ချည်နှောင်ခြင်း"၊ "ခန္ဓာကိုယ် (သို့မဟုတ်) ဦးခေါင်းပေါ်သို့ နာရီကြာမြင့်စွာ ရေတစ်စက်စက်ချခြင်း၊ "စီးကရက်မီးဖြင့်ထိုးခြင်း"၊ "ဖယောင်းစက်ချခြင်း"၊ "လျှပ်စစ် ကျင်စက်ဖြင့် ထိုးခြင်း" တို့ဖြစ်သည်။

တစ်ယောက်တည်း ပိတ်လှောင်ထားခြင်းကို သုံး၍ စိတ်ပိုင်း ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ပြုလုပ်ကြသည်။ နိုင်ငံရေး အကျဉ်းသားတစ်ဦး ဖမ်းဆီးခံရသောအခါ သူ့ကို မည်သည့်နေရာတွင် ထားသည်ကို မိသားစုဝင်များကို သိခွင့်မရပေ။ ထိုကာလသည် အစိုးမရချေ။ ရက်သတ္တပတ်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်း များစွာပင် ကြာတတ်သည်။ တစ်ယောက်တည်း ပိတ်လှောင်ထားခြင်း သည် တစ်ဦးတစ်ယောက်မှ မသိအောင် ညှဉ်းပန်းနှိပ်စက်တော့မည့် ရှေ့ပြေးနိမိတ်လက္ခဏာပင်ဖြစ်သည်။ တစ်ယောက်တည်း ပိတ် လှောင်ထားခြင်းကြောင့် ခန့်မှန်းမရနိုင်သော စိတ်ဒုက္ခများကလည်း ဖြစ်ရလေ့ရှိသည်။ နာရီပေါင်းများစွာ ခေါင်းစွပ်ထားခြင်း၊ ဥပဒေ ကြောင်းအရ ချေပခွင့်မပေးခြင်း၊ အထီးကျန် တိုက်ပိတ်ထားခြင်း၊ အလွန်အမင်း အကြောက်လွန်အောင် ပြုလုပ်ခြင်း၊ မှားယွင်းစွာ ထုတ်ပြန်ကြေညာခြင်းတို့သည်လည်း စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်း



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်မှုများဖြစ်သည်။

စစ်ကြောရေးကာလတွင် မှဒိမ်းကျင့်မည်ဟု ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ လိင်တံကို လျှပ်စစ်ဖြင့်တို့ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်း၊ ခွေးဖြင့် ရှူးတိုက်ခြင်းတို့ကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပြုလုပ်လေ့ရှိသည်။

နိုင်ငံရေးအကျဉ်းသားတစ်ဦးအား ထောက်လှမ်းရေးအာဏာပိုင်များက စစ်ကြောမေးမြန်း၍ ကျေနပ်သောအခါ စစ်ကြောရေးစခန်းမှ အကျဉ်းထောင်သို့ ပို့လိုက်ကြသည်။ အကျဉ်းထောင်အတွင်း၌လည်း အထွေထွေရက်စက်ကြမ်းကြုတ်မှုကိုလည်း ခံကြရပြန်သည်။ အကျဉ်းထောင်အတွင်း၌ ကျွမ်းကျင်မှုမရှိသော ကျန်းမာရေးကုသမှုများနှင့်လည်း ရင်ဆိုင်ကြရသည်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များ၏ အခြေအနေသည် ကမ္ဘာပေါ်တွင် အဆိုးဝါးဆုံးစာရင်း၌ ပါရှိသည်။ အကျဉ်းထောင်တိုင်းသည် သန့်ရှင်းမှုမရှိသည့်အပြင် သတ်မှတ်ထားသောဦးရေထက်များစွာပိုလျှံအောင်ထားသဖြင့် ကျပ်သိပ်စွာ နေထိုင်အိပ်စက်ရသည်။ ပိုးဟပ်၊ ခြင်၊ ဖြုတ်၊ ကြွမ်းပိုးများ ကိုက်ခံရမှုကြောင့် မကြာမီ ဝဲခွဲတော့သည်။ အဆောင်များ၊ တိုက်ခန်းများတွင် အင်းဆက်ပိုးမွှားကောင်များအပြင် ကြွက်များလည်း အမြောက်အမြားရှိသည်။ ထောင်ကျအကျဉ်းသားတိုင်း ပါးလွှာသောချည်ထည်တစ်စုံကိုသာ ဝတ်ဆင်ရ၍ အုတ်သမံလင်းပြင်ပေါ်တွင် အိပ်စက်ကြရမှုကြောင့် အဆုပ်ရောဂါ၊ လေးဖက်နာရောဂါများ ရရှိကြသည်။ တိုက်ခန်းအတွင်းတွင် ဂန်ဖလား ခေါ် အင်တုံကိုသာ အိမ်သာအဖြစ် အသုံးပြုရပြီး လောက်ကောင်များ၊ အနံ့ဆိုးများနှင့် တစ်နေ့တာလုံးနေရကာ





တစ်ရက်မှ တစ်ကြိမ်သာ စွန့်ပစ်ခွင့်ရသည်။

နိုင်ငံရေးအကျဉ်းသားများသည် ကူးစက်ရောဂါရှိသော အခြားသာမန်ရာဇဝတ်အကျဉ်းသားများနှင့်လည်း တစ်ခန်းတည်း အတူနေရသည်များလည်းရှိသည်။ တစ်နေ့တစ်ကြိမ်သာ ရေချိုးခွင့်၊ တစ်ခါတစ်ရံ တစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ်သာ ရေချိုးခွင့်ရသည်။ ရေချိုးရာ၌လည်း ထမင်းစားပြန်းကန်ပြားနှင့် ၇ ခွက်၊ ၈ ခွက်သာ ချိုးခွင့်ရပြီး လုံလောက်သောဆပ်ပြာ မရချေ။ ဝတ်စုံများ ညစ်ပတ်ပေရေနေသော်လည်း တစ်ပတ်မှ တစ်ခါသာ လျှော်ဖွတ်ခွင့်ရသည်။ အမျိုးသမီးနိုင်ငံရေးအကျဉ်းသူများအတွက် တစ်လတစ်ခါ ဓမ္မတာလာချိန်တွင် အခက်အခဲများနှင့် ကြုံတွေ့ရသည်ဟု ဆိုသည်။

ထောင်မှကျွေးသော အစားအစာများသည် အရည်အသွေး ညံ့ဖျင်း၍ မသန့်ရှင်းသည့်အပြင် လုံလောက်အောင် ဝလင်အောင် မစားရချေ။ နိုင်ငံရေးအကျဉ်းသားများသည် ပျော့လွန်းသောထမင်း သို့မဟုတ် မာလွန်းသောထမင်း၊ ရေလုံပြုတ်ဟင်းနှင့် အညံ့ဖျင်းဆုံး ငါးပိရည်အနည်းငယ်သာ ရရှိသည်။ တစ်ပတ်လျှင် တစ်နပ်စာသာ အသား (သို့မဟုတ်) ငါး (သို့မဟုတ်) ဘဲဥရရှိသည်။ အစားအစာများသည် တစ်ခါတစ်ရံ ထမင်းများတွင် ခဲများ၊ သဲများ၊ အမှိုက်စများ ရောနှောနေတတ်သည်။

နိုင်ငံရေးအကျဉ်းသားများသည် သန့်ရှင်းလုံလောက်သော အစားအစာရရှိရန် မိသားစု၏ ထောင်ဝင်စာကိုသာ အားကိုးတည်မှီ၍ နေကြရသည်။ ထို့ကြောင့် အကျဉ်းသားတိုင်း ထောင်ဝင်စာတွေ့ခွင့်ရရှိရေးသည် အမှန်တကယ်လိုအပ်သော အရေးကိစ္စဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးများရရှိရန်လည်း မိသားစုထောင်ဝင်စာကိုသာ အဓိက အားကိုးပြုကြရပါသည်။

နေထိုင်မကောင်း၊ ရောဂါရရှိပါက နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်ဆေးရုံ သို့မဟုတ် ပြင်ပဆေးရုံတွင် တက်ရောက်ကုသမှုခံနိုင်ရန်အတွက် ထောက်လှမ်းရေး၏ခွင့်ပြုမိန့် မပေးပါက ထောင်အာဏာပိုင်များက လက်ပိုက်ကြည့်နေမည်သာ ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားသေဆုံးရမှု၌ ထောင်အာဏာပိုင် များ၏ ညှဉ်းပန်းမှုများကြောင့်သာမဟုတ် ရာဇဝတ်အကျဉ်းသား များ၏ နှိပ်စက်ညှဉ်းပန်းမှုကြောင့်လည်း သေဆုံးခဲ့ရသည်။

နိုင်ငံရေးလှုပ်ရှားတက်ကြွသူ နိုင်ငံရေးသမားများကို တရားရုံး၌ တရားသူကြီးသည် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်မရှိဘဲ ထောက်လှမ်းရေးအာဏာပိုင်တို့၏ ညွှန်ကြားချက်အတိုင်း ထောင်ချ စီရင်လေ့ရှိသည်။

ဖမ်းဆီးခံရပြီးနောက် ပျောက်ဆုံးသွားသော နိုင်ငံရေး အကျဉ်းသားများ၏ဖြစ်ရပ်သည် သက်သေပြရန် လွန်စွာခက်ခဲသော ကိစ္စဖြစ်သည်။ ပျောက်ဆုံးသွားသူအများစုမှာ ညှဉ်းပန်းနှိပ်စက်ခံရ၍ သေဆုံးသွားသူများ ဖြစ်သည်။ ပျောက်ဆုံးသွားသူများ၏ မိသားစု အတွင်း၌လည်း ကောလာဟလနှင့် ဝေဝါးဝါးသတင်းများ ကြားသိ ရသောကြောင့် မျှော်လင့်ရလိမ့်နိုးနိုးဖြစ်စေသည်။

နိုင်ငံရေးအကျဉ်းသားများ ထောင်မှလွတ်လာပြီးသောအခါ အခက်အခဲပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အဓိကအခက် အခဲမှာ ထောင်တွင်းမှ ခံစားရရှိသော ရောဂါဘယအတွက် ပြည့်စုံ လုံလောက်သော ဆေးပါးကုသမှုခံယူရန် ငွေကြေးမတတ်နိုင်ခြင်းပင်





ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများသည် ထောင်ကျနေစဉ် စိတ်ပိုင်း ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုနှင့်လည်းရင်ဆိုင်ကြရသည်။ များသောအား ဖြင့် နိုင်ငံရေးအကျဉ်းသားများသည် အိမ်ထောင်ဦးစီးများဖြစ်ကြသည်။ ယင်းတို့သေဆုံးသွားသောအခါ ကျန်ရစ်သူမိသားစုသည် စီးပွားရေး အကြပ်အတည်းပေါင်းစုံကြုံတွေ့ရပြီး စိတ်ဖိစီးမှုများလည်း ခံစားကြရ သည်။ သားသမီးပညာရေး ရပ်တန့်သွားခဲ့ရသည်။

နိုင်ငံရေးအကျဉ်းသားများ သေဆုံးသည့်အခါ ထောက်လှမ်း ရေးအာဏာပိုင်များ၏ ရိုင်းစိုင်းယုတ်မာမှုကြောင့် သေဆုံးသူ၏ မိသားစုဝင်များသည် အခက်အခဲပေါင်းများစွာတွေ့ကြုံကြရသည်။ သေဆုံးရခြင်းနှင့်ပတ်သက်၍ မည်သည့်အရေးယူမှုမှမရှိအောင် လုပ်သည့် သေဆုံးချိန်ခွဲစိတ်မှတ်တမ်းအတုများသည် ဖြစ်ရပ်မှန် များကို ထိန်ဝှက်ဖျောက်ဖျက်ခြင်းဖြစ်သည်။ သေဆုံးမှုအပေါ် မိသားစု က ဖော်ထုတ်ရန် ကြိုးပမ်းလျှင်လည်း ကန့်ကွက်ချုပ်ချယ်ခံရပြီး အာဏာပိုင်များ၏ အရေးယူမှုပင်ခံကြရသည်။

ဗိုလ်ချုပ်ခင်ညွန့်လက်ထက် ထောက်လှမ်းရေးစစ်ကြောရေး စခန်းတွင် သေဆုံးသွားခဲ့ရသူများ၊ အကျဉ်းထောင်အတွင်း သေဆုံး သူများ၊ ရဲဘက်စခန်းများ၌သေဆုံးသူများ၊ ထောင်မှလွတ်ပြီးမကြာမီ သေဆုံးခဲ့ရသူများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

မည်သို့ဆိုစေ၊

ယခုအခါ ဗိုလ်ချုပ်ခင်ညွန့်သည် သူ့လက်ထက်၌ ဖမ်းဆီး နှိပ်စက်ထောင်ကျခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားများသည် အစိုးရ ၏တည်ဆဲဥပဒေဖောက်ဖျက်၍ အရေးယူခံရသည်ဟု လျှာအရိုးမရှိ လျှောက်ပြောနေသော်လည်း အမှန်စင်စစ် နိုင်ငံတော်၏အာဏာကို



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့လက်ထဲမှ မတရားသိမ်းပိုက် အုပ်ချုပ်ထားသည့် စစ်အစိုးရက ချမှတ်ထားသည့် ဥပဒေများသည် မှန်ကန်မှုမရှိနိုင်ပေ။ စစ်အာဏာရှင်တို့ လုံခြုံရေးနှင့် အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် လုပ်ရပ်များကိုသာ ကာကွယ်ဟန့်တားရန်ချမှတ်ထားသည့် အမိန့်များ၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များ၊ ညွှန်ကြားချက်များသာဖြစ်ပြီး လူထုကိုနှိပ်ကွပ်မည့် ယန္တရားများပင်ဖြစ်ပါသည်။

နိုင်ငံရေးသမားများ၊ လွှပ်ရှားတက်ကြွသူများက လွတ်လပ်စွာစုဝေးကာ၊ စီတန်းလမ်းလျှောက်ဆန္ဒပြ၊ တရားဟော၊ ပါတီတည်ထောင်လှုပ်ရှားမှုမှန်သမျှကို သိမ်းကြုံးဖမ်းဆီးအရေးယူခဲ့မှုသည် မည်သည့်ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သနည်း။ ဆောင်ရွက်မှုအားလုံးသည် တရားဥပဒေ၊ တရားမျှတမှု စံနှုန်းများဖြင့်လည်း ကိုက်ညီမှုမရှိခဲ့သည်ကို လူတိုင်းသိရှိကြသည်။ စစ်မိန့်ပေးလျှင် မည်သူမဆို ခေါင်းငုံ့ခံ၍ နေထိုင်ရမည်ဆိုသည့် စစ်ကျွန်ပြုရေးအတွေးအခေါ်ဘက်မှ အခမဲ့ရှေ့နေလိုက်ပေးနေသော ဗိုလ်ချုပ်ခင်ညွန့်သည် လက်ရှိအစိုးရအကြိုက်ပြောကာ မိမိအပေါ် ယုံကြည်လာစေရန်အတွက် ကြိုးပမ်းနေမှုများသာဖြစ်ကြောင်း ပေါ်လွင်နေပေသည်။

ဗိုလ်ချုပ်ခင်ညွန့်၏ အင်တာဗျူး၌ စစ်အာဏာရှင်လက်ထက်တုန်းက "ဘယ်သူက ဘာပြောခဲ့ကြသလဲ၊ အခုမှ လာပြောတဲ့သူတွေအားလုံးဟာ အရူးတွေပဲ၊ အရူးခိုးပန်းလျှောက်ပြောနေတာပါ။ အရူးနဲ့အကောင်း ဖက်ဖြစ်စရာမလိုဘူး" ဟူ၍ပြောခဲ့သော ဗိုလ်ချုပ်ခင်ညွန့်၏ အန်ထွက်လာသော ရင်တွင်းစကားများသည် အားမတန်မာန်လျှော့မချိသွားဖြဲ ကြုံးဝါးနေမှုများသာဖြစ်နေပါသည်။





ထို့ပြင် "အခု ဒီမိုကရေစီခေတ်အခါမှာ အပြစ်တွေ ဖော်တယ်ဆိုရင်လည်း ကျွန်တော်က တာဝန်ပေးလို့ လုပ်ခဲ့တာလေဗျာ။ ကျွန်တော့်သဘောနဲ့ ကျွန်တော်လုပ်ခဲ့တာ တစ်ခုမှမရှိပါဘူး။ တာဝန်အရ လုပ်ခဲ့တာ၊ ထောက်လှမ်းရေးဆိုတာ ခေါ်စစ်ရတယ်၊ ထောင်ချရတယ်လေဗျာ။ မျက်မှန်ကြီး (ဗိုလ်မှူးချုပ်တင်ဦး) တုန်းကလည်း ဒီလိုပါပဲ၊ ကျွန်တော်တို့ကတော့ ဟိုသင်းပေါ့ဗျာ၊ ရှေ့ကနေ အကုန်လုံးလုပ်ပေးရတယ်၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ခိုင်းတာတော့ အကုန်လုပ်ရတယ်ပေါ့လေ။ အမှန်ဆိုရင်တော့ မြန်မာဘုရင်လက်ထက်တုန်းကဆိုရင်ပေါ့ ပါးကွက်အာဏာသားပေါ့ဗျာ။ (ရယ်လျက်)" ပြောဆိုချက်များသည် စကားထဲမှ ဇာတိပြလျက်ရှိသည်မို့ အကျယ်မပြောလိုတော့ပေ။

သို့သော် ဗိုလ်ချုပ်ခင်ညွန့်သည် မိမိလုပ်ခဲ့သမျှကို ယနေ့တိုင်နောင်တရဖို့ဝေးစွ မိမိအပြစ်ကို သူတစ်ပါးအပေါ်လွှဲချကာ မိမိ၏အပြစ်ကို မမြင်နိုင်ခဲ့သူပီပီ မိမိအပြစ်ကို စဉ်းလဲကောက်ကျစ်သောငှက်မှုဆိုးသည် ငှက်တို့မမြင်အောင် မိမိကိုယ်ကို သစ်ရွက်သစ်ခက်တို့ဖြင့် ဖုံးကွယ်ထားသလို ဖုံးကွယ်ထားနေသော်လည်း မကောင်းသတင်း အပုတ်နံ့သည် မသေခင်ကပင် ခွေးလေးပျားတောအနံ့ဖြစ်နေပါတော့သည်။

❖ ❖ ❖

အထက်ပါဖော်ပြချက်များမှာ ဆရာသန်းဝင်းလှိုင်၏ ဖော်ပြချက်များပါခင်ဗျား။

သောင်းဝေဦး

၁၉၊ ၇၊ ၂၀၀၆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

## ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖော်ပြချက်များ

ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၁၉၈၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အနှစ် ၂၀ ကျော် တပ်မတော်ထောက်လှမ်းရေးမှူးချုပ်တာဝန် ယူခဲ့၏။ နဝတ အတွင်းရေးမှူး (၁) ဖြစ်၍လည်း အခြားရာထူးများ အများကြီး ရှိ၏။ ဝန်ကြီးချုပ်လည်း လုပ်ခဲ့၏။

သူ ရာထူးမှဖယ်ရှားခံရပြီး နေအိမ်အကျယ်ချုပ်ချထားရာမှ လွတ်မြောက်လာသောအခါ စာအုပ် ၂၊ ၃ အုပ် ရေးခဲ့သည်။ သူ ကောင်းတာတွေ အများကြီးလုပ်ခဲ့ပါသည်။ သူ၏စာအုပ်ထဲမှ ကျွန်တော်နှစ်သက်သည့် စာ ၂ ပုဒ်အား ရွေးချယ်ထည့်သွင်း ထားပါသည်။

စာဖတ်ပရိသတ်ကြီးမှ ဖတ်ရှုလေ့လာ အကဲဖြတ်ကြရန် ဖြစ်ပါသည်ခင်ဗျား။

**သောင်းဝေဦး**

၁၈၊ ၇၊ ၂၀၁၆

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## နဝတဝတ္တုမှားကြီး

**ရေးသူ - ဗိုလ်ချုပ်ကြီးဦးခင်ညွန့်**

ကာလအားဖြင့်တော့ ၁၉၉၀ ပြည့်နှစ်အတွင်းလောက်ကပါ။ နဝတအစိုးရ တာဝန်ယူစကာလဆိုတော့ တိုင်းပြည်တိုးတက်အောင် ကြိုးပမ်းကြမယ်လို့ စိတ်ဆန္ဒပြင်းပြနေချိန်ပါ။ တိုင်းပြည်ရဲ့စီးပွားရေးက ချွတ်ခြုံကျနေတယ်လို့လည်း ဆိုနိုင်တာပါ။ မှောင်ခိုစီးပွားရေးကလည်း အရှိန်မြင့်နေတဲ့ကာလဆိုတော့ တရားမဝင် ကုန်သွယ်မှုတွေက ပတ်ဝန်းကျင်မှာရှိနေကြတဲ့ အိမ်နီးချင်းနိုင်ငံတွေဆီကို စီးဆင်းမျောဝင်နေတဲ့အချိန်ပေါ့။ ကျွန်တော်တို့နိုင်ငံမှာက နည်းပညာပိုင်း အားနည်းတာတွေကြောင့် တန်ဖိုးမြင့်ကုန်ချောတွေ မလုပ်နိုင်လို့ ကုန်ကြမ်းအနေနှင့်ပဲ ကုန်သည်ပွဲစားများက တရားဝင်ရော၊ တရားမဝင်ရော အိမ်နီးချင်းနိုင်ငံတွေနဲ့ အရောင်းအဝယ်ဖြစ်နေကြချိန်ပါ။ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေလည်း အထူးသဖြင့် ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတွေကို လွယ်လွယ်ကူကူပဲ ပို့ဆောင်ပြီး အလုပ်ဖြစ်နေကြတဲ့အချိန်ပါ။

အလွန်နှမြောစရာကောင်းတာကတော့ မိုးကုတ်က တွင်း





ဗိုလ်ချုပ်ကြီး ခင်ညွန့်

www.burmeseclassic.com



သီတဂူဆရာတော်ဘုရားကြီးအား ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးတို့က ဖူးမြော်ကြည်ညို၊စဉ်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



၂၀၀၄-ခုနှစ် သင်္ကြန်က ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဒုဗိုလ်ချုပ်မှူးကြီးမောင်အေး

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်စမ်းထီ နှင့် ဗိုလ်ချုပ်ကြီးခင်ညွန့် တို့တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပတ္တမြားအရိုင်းတွေဟာ ထိုင်းနိုင်ငံသို့ မှောင်ခိုစီးပွားရေးလမ်းကြောင်းကနေ အရောင်းအဝယ်တွေ ဖြစ်နေကြကြောင်း သတင်းအစအနတွေ ပေါ်ပေါက်ခဲ့ပါသည်။ သတင်းဖြစ်ပေါ်တဲ့နေရာကတော့ မန္တလေးမြို့မှာပါ။ သတင်းစတင်ရရှိတာကတော့ မိုးကုတ်နယ်မြေက ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ကွက်တစ်ခုက ထူးဆန်းသော၊ တန်ဖိုးကြီးမားသည့် ပတ္တမြားတစ်လုံး တူးဖော်ရရှိကြောင်း၊ ကျောက်မျက်လုပ်ကွက်ပိုင်ရှင်များက တရားဝင်လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ စီးပွားရေးသမားတစ်ဦးထံသို့ လက်လွှဲရောင်းချလိုက်ကြောင်း သတင်းကွင်းဆက် ထပ်မံရရှိခဲ့ပါသည်။

အဆိုပါသတင်းကို မန္တလေးမှာရှိတဲ့ ထောက်လှမ်းရေးတပ်ကကကလှမ်းသို့ တင်ပြလာသဖြင့် စစ်ဦးစီးမှူး(ပထမတန်း) တာဝန်ပေးထားသည့် ဗိုလ်မှူးသန်းထွန်းကို ဦးဆောင်စေလျက် ထိုအမှုကို စုံစမ်းဖော်ထုတ်ရန် တာဝန်ပေးခဲ့ရာ ထိုအမှုနှင့်ပတ်သက်၍ အမှုကိုင်အရာရှိအဖြစ် ထောက်လှမ်းရေးအကူတပ်မှ ဗိုလ်မှူးကျော်ငြိမ်းကို အသေးစိတ် အချက်အလက်များပေး၍ စုံစမ်းဖော်ထုတ်စေပါသည်။

ထိုအမှုနှင့်ပတ်သက်၍ ပါဝင်ပတ်သက်သူများကို ခေါ်ယူစစ်ကြောမှုများ၊ အသေးစိတ်လေ့လာစုံစမ်းမှုများပြုလုပ်ပြီးသောအခါ ပါဝင်ပတ်သက်သောသူများကို အရေးယူနိုင်ရန် ခိုင်ခိုင်လုံလုံ အချက်အလက်များ ရရှိထားပြီးသော်လည်း ပတ္တမြားအရိုင်းတုံးကြီးမှာ ထိုင်းနိုင်ငံ၊ မဲဆောက်သို့ ရောက်ရှိနေပြီဆိုတာ သိခဲ့ရပါသည်။

ဤဖြစ်စဉ်ဖြစ်ရပ်နှင့်ပတ်သက်၍ ပါဝင်ပတ်သက်သူများကို



www.burmeseclassic.com

www.burmeseclassic.com



အရေးယူမှာလား၊ မဲဆောက်ကို ရောက်သွားသည့် ပစ္စည်းကို ရအောင်ပြန်ယူမှာလားဆိုတာကို ဆုံးဖြတ်ရပါမည်။ ထိုင်းနိုင်ငံထဲသို့ ရောက်ရှိနေသော ပစ္စည်းကို ပြန်ယူဖို့ဆိုရာမှာ ခေါ်ယူထိန်းသိမ်းထားသူတစ်ဦးကို ယုံကြည်စိတ်ချစွာဖြင့် ပြန်လွှတ်ပြီး မဲဆောက်သို့ လွှတ်လိုက်ရပါမည်။ ပစ္စည်းနှင့်ပတ်သက်နေသူအား ယုံကြည်စိတ်ချစွာဖြင့် ပစ္စည်းသွားယူဖို့ဆိုတာကို လုပ်သင့်၊ မလုပ်သင့် စဉ်းစားရပါမည်။ ထိုသို့ စဉ်းစားဆုံးဖြတ်ရမည့်ကိစ္စရပ်၏နှင့်ပတ်သက်၍ ဗိုလ်မှူးသန်းထွန်း၏သဘောထားကို မေးမြန်းရာ ပစ္စည်းပြန်ရဖို့ကို ဦးစားပေးဆောင်ရွက်သင့်ပါသည်ဟု တင်ပြလာပါသည်။

ကျွန်တော့်အနေနှင့်ကလည်း သဘာဝပုံဆောင်ခဲ ပတ္တမြားရိုင်းတုံးကြီးသည် နိုင်ငံပိုင်တန်ဖိုးကြီးမားသည့် ပစ္စည်းကြီး ပြန်လည်ရရှိရေးကို ဦးစားပေးရမည်။ ယုံကြည်ဖွယ်ရှိသည့်ပုဂ္ဂိုလ်ကို လွှတ်လိုက်လို့ ပြန်မလာရင်လည်း အမှုကတော့ ပျက်ယွင်းသွားစရာမရှိပါ။ ဒါကြောင့် ဗိုလ်မှူးသန်းထွန်းကိုပဲ အသေးစိတ်မှာကြားပြီး ပတ္တမြားကြီးပြန်လည်ရရှိရေးကို ဆောင်ရွက်ရန် ဆုံးဖြတ်တာဝန်ပေးလိုက်ပါသည်။

ဗိုလ်မှူးသန်းထွန်းကလည်း ပစ္စည်းသွားယူမည့်ပုဂ္ဂိုလ်ကို အသေးစိတ်မှာကြားမှုများ ပြုလုပ်ပါသည်။ မဲဆောက်ရောက်လို့ ပစ္စည်းရလျှင် မြဝတီသို့ ချက်ချင်းကူးလာပြီး မြဝတီရှိ ထောက်လှမ်းရေးတပ်ဆွယ်သို့ ဝင်ရောက်၍ ထိုတပ်ဆွယ်မှတစ်ဆင့် ဗိုလ်မှူးသန်းထွန်းထံ ဖုန်းဖြင့် ဆက်သွယ်မှုပြုလုပ်ရန်၊ ဘယ်သူက မေးမြန်းသည်ဖြစ်စေ ဆောင်ရွက်သည့်အကြောင်းအရာကိစ္စကို မည်သူ့ကိုမှ မပြောရန်၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို အသေးစိတ်မှာကြားပြီး





ယုံကြည်စိတ်ချစွာဖြင့် ထိုပုဂ္ဂိုလ်အား စေလွှတ်လိုက်ပါသည်။

မဲဆောက်သို့ လွှတ်လိုက်သောပုဂ္ဂိုလ်သည် ၁၀ ရက်ခန့်ကြာသောအခါ မြဝတီသို့ ပြန်ရောက်ရှိလာပြီး ထောက်လှမ်းရေးတပ်ဆွယ်မှတစ်ဆင့် ဗိုလ်မှူးသန်းထွန်းထံ ဖုန်းဆက်သွယ်မှုပြုလာသဖြင့် တလရ တပ်ဆွယ်မှူးအား ဘာမှမေးမြန်းခြင်းမပြုဘဲ သယ်န်းညီနောင်တဝ်စခန်းအတွင်း ပို့ထားရန်၊ ၎င်းနှင့်အတူ တပ်ဆွယ်မှူးပါ အတူနေရန်၊ ဘာအကြောင်းအရာမှ မေးမြန်းခြင်းမပြုရန် ပြောကြားလိုက်ကြောင်း သိရသည်။

မဲဆောက်သို့ လွှတ်လိုက်သောပုဂ္ဂိုလ်သည် ပစ္စည်းနှင့်အတူ သယ်န်းညီနောင်စခန်းသို့ ရောက်နေပြီဖြစ်ကြောင်း ဗိုလ်မှူးသန်းထွန်းက တင်ပြသဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌတို့ကို တင်ပြကာ ရဟတ်ယာဉ်တောင်းခံပြီး ဗိုလ်မှူးသန်းထွန်းကိုပါ ထိုရဟတ်ယာဉ်ဖြင့် လိုက်ပါသွားရန် စီစဉ်ပေးလိုက်ပါသည်။

မဲဆောက်သို့ လွှတ်လိုက်သောပုဂ္ဂိုလ်မှာ မြဝတီသို့ ညနေစောင်းမှ ရောက်လာသဖြင့် နောက်နေ့မနက်ကျမှ ရဟတ်ယဉ်ကို စေလွှတ်နိုင်ခဲ့ပါသည်။ ရဟတ်ယာဉ်သည် ဘားအံ့တွင်ရှိသော တပ်မမှူးကို တပ်စစ်ဆေးရန်အတွက် အကြိုခေါ်ယူသွားရသဖြင့် ရဟတ်ယာဉ်ပေါ်တွင် ဘာကိစ္စလာတာလဲ၊ ဘာလုပ်ဖို့လာတာလဲ စသည်ဖြင့် မေးမြန်းမှုများ လုပ်သော်လည်း ဗိုလ်မှူးသန်းထွန်းက လိမ္မာပါးနပ်စွာ ဖြေကြားခဲ့ရကြောင်း သိရပါသည်။ သယ်န်းညီနောင်ရောက်တော့ ပစ္စည်းယူသော ပုဂ္ဂိုလ်နှင့် ပစ္စည်းကိုပါ ယူဆောင်ကာ ရန်ကုန်သို့ ပြန်ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဗိုလ်မှူးသန်းထွန်း လွှဲအပ်ပေးသည့် ပတ္တမြားကြီးကို ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေတို့ထံ တင်ပြကာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ထံ လွှဲအပ်ပေးလိုက်ပါသည်။ ထိုနေ့မှာပင် နဝတပတ္တမြားကြီးဟု အမည်သတ်မှတ်ပေးလိုက်ကြပါသည်။

လူကို အရေးယူမှာလား။ ပြည်ပကိုရောက်နေပြီဖြစ်သော ပစ္စည်းကို ရအောင်ပြန်ယူမှာလားဆိုသည့် မေးခွန်းနှင့်ပတ်သက်လို့ တိုင်းပြည်အတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် စဉ်းစားဆုံးဖြတ်ချက်သည် အခြေအနေအကြောင်းကြောင်းပေါ်တွင် တည်မှီပါသည်။ ဆုံးဖြတ်မှုက မှန်သည်ဟု ထင်မှတ်သော်လည်း ရလဒ်ကောင်း ရချင်မှရပါမည်။ အခြေအနေ အကြောင်းကြောင်းတွေပေါ် တည်မှီပြီး ဆုံးဖြတ်ရတာဖြစ်တာကြောင့် ယခု နဝတ ပတ္တမြားကြီးကို ထိုင်း နိုင်ငံသို့ ရောက်ရှိနေပြီးမှ ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်ခြင်း သည် ဆောင်ရွက်ပေးသူ၏ ရိုးသားမှုလည်း ပါပါသည်။ မဲဆောက် ကတစ်ဆင့် လက်လွှဲရောင်းဖို့ အသင့်မဖြစ်သေးတာလည်း ပါပါ သည်။ ကံကောင်းထောက်မတာလည်း ပါသည်လို့ ဆိုနိုင်ပါသည်။ ဒါကြောင့် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရာတွင် အခြေအနေ၊ အချိန် အခါနှင့် အကြောင်းအရာအရပ်ရပ်ကို အခြေခံကာ ဖြစ်နိုင်ချေရှိတာကို စဉ်းစားချမှတ် ဆုံးဖြတ်ရတာပါ။

❖ ❖ ❖





## မိုင်းရှူးရတနာမြေ

ရေးသူ - ဗိုလ်ချုပ်ကြီးခင်ညွန့်

၁၉၉၂ ခုနှစ်က ဖြစ်ပါသည်။ မိုင်းရှူးမြို့၏ အရှေ့ဘက် ၅ မိုင်၊ ၆ မိုင်ခန့်အကွာ တောင်ကျောပေါ်တွင် ပတ္တမြားကဲ့သို့ ကျောက်နီများထွက်ရှိနေကြောင်း ဒေသခံတိုင်းရင်းသားများက မိုင်းရှူးပတ္တမြားဟု ခေါ်ဆိုပြီး မိုင်းတုံ၊ မိုင်းဆတ်ဒေသမှတစ်ဆင့် ထိုင်းနိုင်ငံဘက်သို့ သွားရောက်ရောင်းချနေကြောင်း အောက်ခြေ ထောက်လှမ်းရေးတပ်များက သတင်းတင်ပြကြပါသည်။ ရရှိသော သတင်းအချက်အလက်များကို အခြေခံလျက် နဝတမှ သတ္တုတွင်း ဝန်ကြီးဌာနသို့ မေးမြန်းခဲ့ရာ မိုင်းရှူးဒေသကထွက်ရှိသော ကျောက် များသည် ရတနာတန်းဝင်ကျောက်များ မဟုတ်ကြောင်း၊ စီးပွားဖြစ် ထုတ်ယူနိုင်ခြင်း မဖြစ်နိုင်ကြောင်း ပြန်လည်တင်ပြခဲ့ပါသည်။ ဝန်ကြီး ဌာနက ထိုကဲ့သို့ဆိုသော်လည်း အောက်ခြေထောက်လှမ်းရေးတပ် များကမူ မိုင်းရှူးဒေသမှာ ကျောက်တူးသူများ တစ်နေ့တခြား ပိုမိုများပြားလာကြောင်း၊ ထိုင်းနိုင်ငံနယ်စပ်က ရှာကလေးသည် ၎င်းကျောက်နီများကို တစ်ဆင့်ခံ ဝယ်/ရောင်း လုပ်ငန်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးမှာ ကြီးပွားချမ်းသာလာကာ တိုက်တာအိမ်ခြေများဖြင့် မြို့တစ်မြို့ကဲ့သို့ စီးပွားဖြစ်ထွန်းလာကြကြောင်း။ မိမိတို့ ဒေသခံ တိုင်းရင်းသားများက တူးလို့ရသည့် ကျောက်နီများကို လစ်ပိုပုလင်း တစ်ပုလင်းလုံးစာ ရောင်းမှ ထိုင်းဘတ်ငွေ ၃၀၀ ခန့်သာရရှိကြောင်း။ မြန်မာတိုင်းရင်းသားတွေက ကျောက်နီအရိုင်းအတိုင်း ရောင်းချနေသဖြင့် ထိုင်းဘက်က စီးပွားရေးသမားများက ထိုင်းနယ်စပ်က ကျောက်နီအရိုင်းများကို မီးဖုတ်ခြင်းဖြင့် တန်ဖိုးမြင့်ရရှိကာ စီးပွားဖြစ်နေကြကြောင်း သတင်းများ ထပ်မံရရှိခဲ့ပါသည်။

ထိုအချိန်မှာပင် နိုင်ငံတော်အကျိုးစီးပွားကို လိုလားသူ မိုးကုတ်မှ ပုဂ္ဂိုလ်တစ်စုက မိုင်းရှူးကထွက်ရှိသည့်ကျောက်ကို မီးဖုတ် အပ္ပပေးပြုပြင်လိုက်ပါက မိုးကုတ်ပတ္တမြားကဲ့သို့ အရောင်အသွေး ဖြစ်ထွန်းလာပါကြောင်း။ မီးဖုတ်လိုက်သည့်အခါ အမည်းစက်တွေ ပျောက်သွား၍ စနစ်တကျသွေးလိုက်လျှင် မိုးကုတ်ပတ္တမြားကဲ့သို့ အရောင်အသွေးဖြစ်ထွန်းလာပါကြောင်း၊ မိုးကုတ်ကျောက်ကဲ့သို့ ကြိုးမပါသော်လည်း နီရဲသော ပတ္တမြားအရောင်အသွေးအတိုင်း ဖြစ်လာသဖြင့် တန်ဖိုးမြင့်ဈေးကွက်ဝင်သွားပါကြောင်း။ နမူနာလုပ်ပြမည်ဖြစ်ကြောင်း ဗိုလ်မှူးသန်းထွန်းထံ ဆက်သွယ်လာသဖြင့် ထိုပုဂ္ဂိုလ်များ၏ နည်းစဉ်အတိုင်း ကျောက်နီအရိုင်းတုံးများအား မီးဖုတ်ပြသည့်အစီအစဉ်ကို ထောက်လှမ်းရေးအကူတပ်တွင် ပြသခဲ့ရာ ၎င်းတို့တင်ပြထားသည့်အတိုင်း အမည်းစက်တွေ ပျောက်သွားပြီး နီရဲလာသည့် ရတနာတန်းဝင်ကျောက်မျက်များ ဖြစ်လာတာကို တွေ့ခဲ့ရပါသည်။

မိုးကုတ်မှ ထိုပုဂ္ဂိုလ်များ၏ တင်ပြချက်အရ ရတနာ





နယ်မြေတစ်ခု ပေါ်ထွန်းလာနိုင်သည့်အလားအလာကို မျှော်တွေးကာ ထောက်လှမ်းရေးအကူတပ်မှ ဗိုလ်မှူးကျော်ငြိမ်းကို ဦးဆောင်စေလျက် သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိသူအချို့ကိုပါ လိုက်ပါစေလျက် မိုင်းရှူးဒေသ ကျောက်တူးနေသည့်နေရာသို့ လျှို့ဝှက်စွာ လေ့လာ စုံစမ်းမှုပြုလုပ်ရန် စေလွှတ်ခဲ့ပါသည်။

အဆိုပါ မိုင်းရှူးဒေသကျောက်မျက်များ ခိုးတူးနေကြသည့် လူအုပ်စုမှာ ရာချီရှိနေသည်ကို ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပြီး အချက်အလက်များ စုံလင်စွာ မေးမြန်းစုံစမ်းစေလျက် ပြန်လည် တင်ပြစေပါသည်။ အဆိုပါ စုံစမ်းရေးအဖွဲ့သည် နှစ်ပတ်ခန့် လေ့လာ စုံစမ်းမှုများပြုလုပ်ရာ အမှန်တကယ်ပင် ရတနာနယ်မြေတစ်ခု ဖြစ်လာနိုင်သည့် အလားအလာနှင့် အချက်အလက်အပြည့်အစုံကို ရရှိသဖြင့် စုံစမ်းလေ့လာတွေ့ရှိချက်များကို ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများဖြင့် နဝတဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့အား တင်ပြလိုက်ရာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးကိုပါ ခေါ်ယူလျက် ရတနာနယ်မြေအဖြစ် သတ်မှတ်ကြေညာရန် စီမံခဲ့ပါသည်။

ကျွန်တော်တို့နိုင်ငံအနေနှင့်က နည်းပညာချို့တဲ့မှုရော၊ ဗဟုသုတနည်းပါးမှုရော၊ ဌာနဆိုင်ရာများ၏ ဝီရိယစိုက်ထုတ်မှု အားနည်းတာရော၊ မှောင်ခိုစီးပွားရေးကို အားပေးသယောင်ပြုနေကြတာကိုရော၊ အားနည်းမှုတွေကတော့ စုံလို့ပါပဲ။ ဒါကြောင့်လည်း ဆင်းရဲနွမ်းပါးမှုကနေ ဖောက်မထွက်နိုင်တာဖြစ်သည်။ သန့်ရှင်းသော အစိုးရအဖွဲ့၊ မှန်ကန်သော စီမံခန့်ခွဲမှု၊ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလိုသော စိတ်ဆန္ဒခံယူချက်၊ ဇွဲ၊ လုံ့လ၊ ဝီရိယအားတို့ဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြမည်ဆိုလျှင် တိုင်းပြည်တိုးတက်မည်၊

www.burmeseclassic.com



အေးချမ်းသာယာမည်၊ ဆင်းရဲ၊ ချမ်းသာ ကွာဟချက် ကျဉ်းမြောင်းလာမည်ဟု ယုံကြည်ပါကြောင်း တင်ပြရပါသည်။

ကျွန်တော်တို့ နောင်အနာဂတ်အတွက် ကြိုးပမ်းကြရာမှာ နိုင်ငံတော်အတွင်းမှာ ကျန်ရှိနေသေးသည့် မြေပေါ်မြေအောက် သယံဇာတများကို နိုင်ငံတကာက ကျွမ်းကျင်သည့် နည်းပညာရပ်များဖြင့် တန်ဖိုးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ပြီး ထိုက်တန်သည့်တန်ဖိုးကို **နိုင်ငံတော်က** အမှန်တကယ်ရရှိအောင် တာဝန်ရှိသူများက စီမံဖန်တီးပေးနိုင်ကြရန် မိုင်းရှူးရတနာမြေဖြစ်ရပ်ကို သင်ခန်းစာယူနိုင်ရန် တင်ပြလိုက်ရပါသည်။

■



နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်ကြီး ခင်ညွန့် မိန့်ခွန်းပြောကြားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသော တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၃-ခုနှစ်က ငြိမ်းချမ်းရေးဆွေးနွေးရန် ရန်ကုန်သို့ရောက်နေသည့် KNUဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောဘိုမြ အား ဗိုလ်ချုပ်ကြီးခင်ညွန့်မှ (၇၆)နှစ်မြောက် မွေးနေ့ပွဲ ကျင်းပပေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ငြိမ်းချမ်းရေး အတွက်
ရန်ကုန်တွင်လူချင်းတွေ့ဆုံ
ဆွေးနွေးခဲ့သည့် ကေအင်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြ

www.burmeseclassic.com

www.burmeseclassic.com



## ကရင်အမျိုးသားအစည်းအရုံး (KNU) အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရယူခဲ့ခြင်း

ရေးသူ - ဗိုလ်ချုပ်ကြီးခင်ညွန့်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရအဖွဲ့သည် ၁၉၈၉ ခုနှစ်က စတင်ကာ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးဖြစ်ထွန်းလာအောင် နိုင်ငံတော်အကြီးအကဲ၏ သဘောထားခံယူချက်နှင့်အညီ ငြိမ်းချမ်းရေး၏ ပထမခြေလှမ်းဖြစ်သည့် **အပစ်အခတ်**ရပ်ဆဲရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် အတွင်းရေးမှူး(၁)သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ယုံကြည်လေးစားမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါသည်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာဖြစ်ထွန်းရေးကို ဦးတည်လျက် ကြိုးပမ်းဆောင်ရွက်ခဲ့တာပါ။ ဒါကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနီးပါးဟာ ငြိမ်းချမ်းရေးကို ဦးတည်လျက် အပစ်အခတ်ရပ်စဲရေးမှာ ပါဝင်ခဲ့ကြတာလို့ ယုံကြည်ပါသည်။ သူတို့ယုံကြည်[ကြ]

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လို့လည်း သူတို့ဒေသတွေကို ကိုယ်တိုင် အခေါက်ခေါက် အခါခါ ရောက်ရှိပြီး သူတို့လိုလားချက်နှင့်အညီ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတွေရဲ့ လူနေမှုဘဝမြင့်မားရေးကို ကန့်သတ်ချက် တွေကြားထဲကနေ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ရခြင်း ဖြစ်ပါသည်။ တိုင်းရင်းသားတွေဘက်ကတော့ အားရကျေနပ်မှုရှိလိမ့်မယ်လို့ ယုံကြည်ခဲ့တာပါ။ ကျွန်တော့်ကို အရေးယူပြီးသည့်နောက်ပိုင်းမှာတော့ ဘယ်လိုတွေဖြစ်ကြတယ်ဆိုတာတော့ ကျွန်တော် မသိနိုင်တော့ပါ။

ယခုအကြောင်းအရာကတော့ ကရင်အမျိုးသားအစည်းအရုံး (KNU) အဖွဲ့အစည်းနှင့်ပတ်သက်လို့ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို အသိပေးလိုပါသည်။ အခြားသော တိုင်းရင်းသားဒေသတွေအားလုံးနီးပါး အပစ်အခတ် ရပ်စဲရေးတွေ ဖြစ်ထွန်းနေကြပြီ၊ ကရင်ပြည်နယ်တစ်ခုပဲကျန်တော့သည့်မို့ ဒါကိုတော့ ကြိုးစားမှ ဖြစ်မယ်ဆိုပြီး နိုင်ငံတော်အကြီးအကဲဖြစ်သူထံ တင်ပြခွင့်ပြုချက်ယူခဲ့ရပါသည်။ နိုင်ငံတော်အကြီးအကဲရဲ့ သဘောတူညီမှုရရှိလျှင် ရရှိခြင်း ၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှာ အစိုးရရဲ့ ထိုးစစ်ဆင်မှုအားလုံးကို ရပ်ဆိုင်းကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ အတွင်းရေးမှူး (၁)ကလည်း ငြိမ်းချမ်းရေးဖြစ်ထွန်းလိုသော ဆန္ဒစွဲဖြင့် ၁၉၉၃ ခုနှစ်ထဲတွင် ကယားပြည်နယ် လွိုင်ကော်၊ မွန်ပြည်နယ်ရေးနှင့် သံဖြူဇရပ်၊ ကရင်ပြည်နယ် ဘားအံနှင့် ကော့ကရိတ်မြို့နယ်က မြဝဒီကျေးရွာတို့အထိ လှည့်လည်ကာ ငြိမ်းချမ်းရေးဖိတ်ခေါ်သံပေးကာ ငြိမ်းချမ်းရေးဆွေးနွေးမှုများ လာရောက်ပြုလုပ်ကြရန် လိုလိုလားလား ဖိတ်ခေါ်ခဲ့ပါသည်။

၁၉၉၃ ခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်ရှိ





စစ်သံမှူး ဗိုလ်မှူးကြီးသိန်းဆွေမှတစ်ဆင့် ကေအင်ယူအနေဖြင့် မဟုတ်ဘဲ ဒီအေဘီ (Democratic Alliance of Burma) အနေဖြင့် ပြည်ပနိုင်ငံတစ်ခုတွင် ကုလသမဂ္ဂမှကိုယ်စားလှယ်ပါဝင်ပြီး ဆွေးနွေးလိုကြောင်း ကမ်းလှမ်းလာပါသည်။ နိုင်ငံတော်အစိုးရကတော့ ကေအင်ယူအဖွဲ့နှင့်သာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ပြန်ကြားခဲ့သဖြင့် နှစ်ဖက်အဆက်အသွယ်များ ပြတ်တောက်ခဲ့ပါသည်။

ကေအင်ယူသည် ၁၉၉၅ ခုနှစ်၊ မတ်လတွင် နိုင်ငံတော်အစိုးရသို့ ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း စာများ ပေးပို့လာပါသည်။ တစ်ဖက်ကလည်း ငြိမ်းချမ်းရေးအကျိုးဆောင် ပုဂ္ဂိုလ်ကြီးများဖြစ်ကြသော ဦးအေစိုးမြင့်၊ ဦးထွန်းအောင်ချိန်၊ ဦးစောရစ်ချတ်၊ ဦးစော်မာဂေကြီး၊ ဦးဟန်ဆင်သဒေါနှင့် ဦးခွန်မြတ်တို့နှင့်ပါ ဆက်သွယ်မှုရရှိကာ ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ပြန်လည်အသက်ဝင်လာတာကို တွေ့ရှိရပါသည်။

ကေအင်ယူအဖွဲ့က တရားဝင်တွေ့ဆုံဆွေးနွေးမှု မပြုလုပ်မီ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ သဘောထားကို အလွတ်သဘော လာရောက်ရှင်းပြပေးရန် မေတ္တာရပ်ခံချက်အရ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလတွင် တပ်မတော်ထောက်လှမ်းရေးမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ကာ ရှင်းလင်းပြခဲ့ပါသည်။ ၁၉၉၅–၉၆ ခုနှစ်အတွင်းတွင် တပ်မတော်ထောက်လှမ်းရေးမှ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရှင်းလင်းပြမှု အကြိမ်ပေါင်း ခုနစ်ကြိမ်တိတိ စိတ်ရှည်လက်ရှည် ဆောင်ရွက်ပေးခဲ့ရာ ထိုအချိန်မှစတင်ကာ အချင်းချင်း နားလည်မှုများ ဖြစ်ထွန်းခဲ့ကြပါသည်။

၁၉၉၆ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မော်လမြိုင်မြို့



www.burmeseclassic.com

www.burmeseclassic.com



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်သိန်းနှင့် ဒုတိယတပ်မတော် ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ကျော်ဝင်းတို့ ခေါင်းဆောင်သော တပ်မတော်ကိုယ်စားလှယ်အဖွဲ့နှင့် ကေအင်ယူမှ စစ်ဦးစီးချုပ် ဦးတာမလာဘော ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၁၉၉၅ ခုနှစ်မှစတင်ကာ ငြိမ်းချမ်းရေး ဆွေးနွေးနိုင်မှု မရှိသော်ငြားလည်း အချိန်အခါမရွေး ဆက်သွယ်မှုပြုလုပ်နိုင်ရန် ကေအင်ယူဘက်မှ ထောက်လှမ်းရေးတာဝန်ခံ ဦးစိုးစိုးနှင့် တပ်မတော်ဘက်မှ ဗိုလ်မှူးကြီး စန်းပွင့်တို့အား **Contact Point** များအဖြစ် သတ်မှတ်လျက် ငြိမ်းချမ်းရေးဆက်လက်ဆွေးနွေးနိုင်ရေးအတွက် ဆက်သွယ်ဆက်ဆံမှုများ ပြုလုပ်ခဲ့ကြပါသည်။

ဗိုလ်မှူးကြီးစန်းပွင့်နှင့် ငြိမ်းချမ်းရေးအကျိုးဆောင် ဦးခွန်မြတ်တို့သည် ကေအင်ယူခေါင်းဆောင်ကြီး ဦးစောဘိုမြနှင့် ဘန်ကောက်မြို့နှင့် မဲဆောက်မြို့တို့တွင် မကြာခဏ တွေ့ဆုံမှုများ ပြုလုပ်ခဲ့ရာ အလွန်ပင်ရင်းနှီးမှုများ ဖြစ်ပေါ်ခဲ့ကြပါသည်။ ထိုသို့သော အခြေအနေများကြောင့် ၂၀၀၃ ခုနှစ်ထဲတွင် ဦးစောဘိုမြက ၎င်း၏ လုံခြုံရေးကို တာဝန်ယူမည်ဆိုလျှင် ရန်ကုန်မြို့သို့ လာရောက်ဆွေးနွေးလိုကြောင်း ကမ်းလှမ်းလာခဲ့ရာ ထိုအချိန်တွင် ကျွန်တော်က ဝန်ကြီးချုပ်တာဝန် စတင်ယူနေပြီဖြစ်တာကြောင့် နိုင်ငံတော်အကြီးအကဲကို တင်ပြပြီး ခွင့်ပြုချက်ရသည်နှင့် လုံခြုံရေးတာဝန်ယူမည်ဖြစ်ကြောင်း အဖြေပေးခဲ့ပါသည်။ ထိုအချိန်မှစတင်ကာ ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် ကြိုတင်ဆောင်ရွက်မှုများ ကြိုတင်





စီစဉ်မှုများ ဆောင်ရွက်ခဲ့ကြတာပါ။

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကေအင်ယူမှ ဦးစိုးစိုး၊ ဦးစောဖောဒို၊ ဦးစောဂျော်နီတို့ ဦးဆောင်သောအဖွဲ့အား ရန်ကုန်မြို့သို့ စေလွှတ်၍ တပ်မတော်ထောက်လှမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ပဏာမဆွေးနွေးမှု စတင်ခဲ့ကြပါသည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ကေအင်ယူဥက္ကဋ္ဌ ဦးစောဘိုမြ၊ ဦးထိန်မောင်၊ ဦးတူးတူးလေး၊ ဦးဒေးဗစ်ထော၊ ဦးစောဂျော်နီတို့ ခေါင်းဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို ခေါ်ယူရန် တပ်မတော်လေယာဉ်ကို ဘန်ကောက်သို့ စေလွှတ်ခဲ့ရာ ဘန်ကောက်ရှိ မြန်မာသံအမတ်ကြီးနှင့် စစ်သံမှူးတို့က စနစ်တကျ စီမံဆောင်ရွက်ပေးမှုဖြင့် အဆိုပါ ကေအင်ယူ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် လုံခြုံစိတ်ချစွာဖြင့် ရန်ကုန်သို့ ရောက်ရှိခဲ့ကြပါသည်။ အဆိုပါ ကေအင်ယူခေါင်းဆောင်ကြီး ခေါင်းဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို အင်းယားလမ်းရှိ တပ်မတော်ဧည့်ဂေဟာများတွင် ဂရုတစိုက် နေရာချထား ဧည့်ဝတ်ပြုခဲ့သည့်အပြင် ထိုနေ့ညနေမှာပင် ဝန်ကြီးချုပ်ဖြစ်သူ ကျွန်တော်ကိုယ်တိုင် တပ်မတော်ဧည့်ဂေဟာသို့သွားရောက်ကာ ကေအင်ယူဥက္ကဋ္ဌကြီးနှင့်အဖွဲ့အား နှုတ်ဆက်၍ ဧည့်ဝတ်ပြုခဲ့ပါသည်။

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကေအင်ယူဘက်မှ ဦးတူးတူးလေး၊ ဦးဒေးဗစ်ထောင်တို့ ခေါင်းဆောင်သောအဖွဲ့နှင့် တပ်မတော်ထောက်လှမ်းရေးမှ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးမှုများ စတင်ဆောင်ရွက်ခဲ့ကြပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုမှာ အချိန်ရလာသည်နှင့်အမျှ တစ်ဖက်နှင့်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှု၊ လေးစားမှု၊ ညီရင်းအစ်ကိုသဖွယ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြောဆိုဆွေးနွေးမှုများကြောင့် တိုးတက်ဖြစ်ထွန်းမှု ရလဒ်ကောင်းများ ရရှိလာပါသည်။ နေ့စဉ် ဆွေးနွေးမှု ရလဒ်ကောင်း အခြေအနေများကို နေ့စဉ် ညနေတိုင်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား တင်ပြကာ လမ်းညွှန်ချက်များ ရယူဆောင်ရွက်ခဲ့ရပါသည်။ ဆွေးနွေးမှုများကလည်း အချိန်ရလာသည်နှင့်အမျှ ယုံကြည်လေးစားမှုများ ဖြစ်ထွန်းလာကာ အောင်မြင်မှုပန်းတိုင်သို့ ရောက်လုနီးပါး အခြေအနေကောင်းသို့ ဖြစ်ထွန်းခဲ့သည်ကို တွေ့ရပါသည်။

ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနေစဉ်ကာလမှာပင် ကေအင်ယူဥက္ကဋ္ဌကြီး ဦးစောဘိုမြ၏ ၇၇ နှစ်မြောက်မွေးနေ့ကာလနှင့် ကြုံကြိုက်နေသဖြင့် ကျွန်တော်ကိုယ်တိုင် တပ်မတော်ညွှန့်ပေါင်းဗဟာတွင် မွေးနေ့ညစာစားပွဲကို ဂုဏ်ပြုကျင်းပပေးခဲ့ရာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားမှု ပိုမိုဖြစ်ထွန်းခဲ့သည့်အပြင် မဲဆောက်ရှိ ဥက္ကဋ္ဌကြီး၏ဇနီးနှင့် ကျွန်တော်ကိုယ်တိုင် တယ်လီဖုန်းဆက်သွယ်ရရှိကာ မွေးနေ့ပွဲကျင်းပနေကြောင်း အစစအရာရာ အဆင်ပြေလျက်ရှိကြောင်းကိုပါ ပြောဆိုနိုင်ခဲ့ပါသည်။

### ဖထီးနှင့် ဖိုးဒို

ကျွန်တော်က ကေအင်ယူဥက္ကဋ္ဌကြီးကို ရင်းနှီးမှုဖြင့် ဖထီးလို့ ခေါ်တဲ့အခါ သူကလည်း ကျွန်တော့်ကို ဖိုးဒိုလို့ ရင်းရင်းနှီးနှီးခေါ်ခဲ့သည်အထိ ချစ်ကြည်ရင်းနှီးခဲ့ကြပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်ဖြစ်ထွန်းလို့ ပြန်ခါနီးကာလမှာ "ဖိုးဒို ... မင်းကိုတော့ ငါယုံတယ်ကွာ။ ငါ အခုပြန်သွားပြီး ငါ့အဖွဲ့ဝင်တွေကို အခြေအနေ





အရပ်ရပ် ရှင်းလင်းပြပြီးရင် မင်းဆီကို ငါ ပြန်လာခဲ့မယ်။ အဲဒီအခါမှာ ငြိမ်းချမ်းရေးလက်မှတ်ထိုးကြတာပေါ့ကွာ။ ငါ ပြန်လာခဲ့တဲ့အခါမှာ ငါ့ကို လေယာဉ်လွှတ်ပြီး ခေါ်ပေးကွာ" လို့ ပြောသွားခဲ့တာပါ။ ကျွန်တော်ကလည်း "ဖထီး ဘာမှမစိုးရိမ်နဲ့။ ကျွန်တော် လေယာဉ် လွှတ်ပြီးခေါ်ပေးမယ်။ စိတ်ချပြီးတော့ သွားပါ" လို့ ပြန်ပြောခဲ့တာကို ယခုအထိ အမှတ်ရနေတုန်းပါပဲ။ ဩော် ... ဆွေမျိုးမတော်ပြား သော်လည်းပဲ အတူနေလာရတဲ့အခါမှာတော့ ပိုမိုရင်းနှီးချစ်ကြည် လာပြီး ဆွေမျိုးသားချင်းတွေလိုပဲ ဖြစ်လာမိတာ အမှန်ပါပဲလေ။ အနေနီးတော့လည်း ဆွေမျိုးတွေလိုပဲပေါ့။

ဒါကြောင့်လည်း ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ ဆွေမျိုးတွေပါပဲ။ အနေဝေးနေကြတော့ သူစိမ်းတွေလို ဖြစ်နေကြတာပါ။ အနေနီးလာအောင်၊ လမ်းပန်းဆက်သွယ်ရေးတွေကောင်းအောင် လုပ်ပေးရမည်။ သူတို့ဒေသတွေ ဖွံ့ဖြိုးတိုးတက်လာအောင် တာဝန်ရှိသူတွေက လုပ်ကိုင်ပေးကြရမည်။ မျှဝေပေးသင့်တာတွေလည်း မျှဝေပေးကြရမည်။ ဆွေမျိုးသားချင်းတွေလို သဘောထားပြီး မိသားစုမပြိုကွဲအောင် သဘောထားခံယူချက်ဖြင့် စည်းရုံးတတ်ဖို့ လိုပါသည်။ ကိုယ်မစည်းရုံးတတ်လို့ သူတစ်ပါးက စည်းရုံးသွားမယ်ဆိုရင်တော့ ကိုယ့်အတွက် တစ်ချိန်ချိန်မှာ အန္တရာယ်ဖြစ်လာနိုင်ပါသည်။ အိမ်ထောင်တစ်ခုမပြိုကွဲအောင် ထိန်းသိမ်းဖို့မှာ အိမ်ထောင်ဦးစီးမှာ တာဝန်ရှိသလိုပါပဲ။ အိမ်ထောင်ဦးစီးဆိုတာက မိဘပါ။ မိဘက မထိန်းတတ်ရင် အပြင်ကသူစိမ်းက မွေးစားသွားနိုင်တာကိုတော့ သတိပြုကြရပါမည်။

ဒီသဘောတရားကို အလေးထားပြီး နောင်အနာဂတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုကြီး မပြိုကွဲစေရအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာဖြစ်ထွန်းနေရအောင် နိုင်ငံတော်မှာ တာဝန်ရှိသူများအနေဖြင့် မိဘကဲ့သို့ ကျင့်သုံးဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

❖❖❖

အထက်ပါ ဖော်ပြချက်များမှာ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖော်ပြချက်များပါခင်ဗျား။

သောင်းဝေဦး

၁၉၊ ၇၊ ၂၀၁၆

■





## အခန်း ( ၇ )

## စစ်ထောက်လှမ်းရေးများ၏ ရက်စက်မှုများ

နဝတ၊ နယက၊ နအဖခေတ်က စစ်ထောက်လှမ်းရေးများ၏ ဆိုးဝါးရက်စက်မှုများ လိုအပ်သည်ထက် အာဏာသုံးခဲ့မှုများကို စာရေးဆရာအပေါင်းက ရေးခဲ့ကြ၏။

ဒုဗိုလ်ချုပ်ကြီးထွန်းကြည်

သန့်ဇော် သန့်လျှင်

ဇော်သက်ထွေး

ဓာဂနာ

ဦးဝင်းတင်

သန်းဝင်းလှိုင်

စသူတို့က အမျိုးမျိုးရေးကြသည်။ သူတို့ပြောတာတွေ အတော်များများ အမှန်တွေပင် ဖြစ်ပါ၏။

အဲဒီလိုရေးတာတွေ အကုန်လုံးလျှောက်ထည့်ရင် စာအုပ်အထူကြီး ဖြစ်သွားပါမည်။ ထို့ကြောင့် ၎င်းတို့အထဲမှ ဒုဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထွန်းကြည်၏ ရေးသားချက်ကို ရွေးချယ်ပြီး ယခုစာအုပ်၌ ထည့်သွင်းဖော်ပြလိုက်ပါသည် ခင်ဗျား။

သော်င်းဝေဦး
၁၉. ၇. ၂၀၁၆

❖ ❖ ❖





## လှေလှော်ရင်း တက်ကျူး

ရေးသူ - ဒုဗိုလ်ချုပ်ကြီးထွန်းကြည်

ကျွန်တော်နှင့် ကျွန်တော့်အပေါင်းအသင်း ရောင်းရင်းများမှာ တိုင်းပြည်တိုးတက်သာယာ ဖွံ့ဖြိုးရေးအတွက် ကျရာတာဝန်များကို နှစ်ပေါင်း ၄၀ ကျော် မညည်းမညူ ဆောင်ရွက်ခဲ့ကြသည်။ မိမိအကြီးအကဲမှ တာဝန်ပေးလျှင် တိုင်းပြည်နှင့်လူမျိုးကို သစ္စာဖောက်သည်ကိစ္စမဟုတ်ပါက မှားသည်/မှန်သည် သိပ်မစဉ်းစား။ ဥပဒေနှင့် ညီ/မညီလည်း ထည့်မတွက်၊ တိကျစွာ လိုက်နာလုပ်ဆောင်သည်။ ယုတ်စွအဆုံး အသက်သေနိုင်သည့်၊ အသက်အန္တရာယ်ရှိနိုင်သည့် လုပ်ငန်းတာဝန်မျိုးကိုပင်လျှင် ငြင်းဆန်ဖို့ စိတ်မကူး။ တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့ကြသူများ ဖြစ်ကြသည်။ ကျွန်တော်တို့က တကယ့်စစ်သားများ **Real Soldier** တပ်မတော်ရဲ့ သစ္စာ ၄ ချက်ကို အစဉ်အမြဲ ဦးထိပ်ထားနေကြသူများ ဖြစ်ကြသည်။ တိုင်းပြည်၊ လူမျိုးနှင့် တပ်မတော်အပေါ် ဘယ်တုန်းကမှ သစ္စာမဲ့ခဲ့ကြသူများ မဟုတ်။

ကွယ်လွန်သူ ဗိုလ်ချုပ်မှူးကြီး စောမောင်က ကျွန်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်သည် ထင်သည်။ သေရေး ရှင်ရေးတမျှ အလွန်အရေးကြီးသော ၁၉၈၈ ခုနှစ် အာဏာသိမ်းသည့်ကိစ္စကိုပင် တိုင်ပင်အသိပေးခြင်း မရှိခဲ့။ အမှန်အတိုင်းပြောရရင် အာဏာသိမ်းနိုင်သည့် အခြေအနေရှိသည်ဟုသာ ကျွန်တော်တို့ သိသည်။ ဘယ်တော့ သိမ်းမည်၊ ဘယ်ရက် သိမ်းမည်ဆိုတာ ကျွန်တော်တို့ တိုင်းမှူးတွေ မသိ။ အာဏာသိမ်းသည့်နေ့၊ ညနေ ၄ နာရီ ရေဒီယို နားထောင်ပါလို့ စစ်ရုံးကပြောမှ ရေဒီယိုပေါ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် (၁/၈၈) ကို ကြားရမှ သိခြင်းဖြစ်သည်။ ထို့အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကြားမှ ကိုယ်ကိုယ်တိုင် အာဏာသိမ်း ခေါင်းဆောင်တစ်ဦးဖြစ်နေမှန်း သိရခြင်းဖြစ်သည်။

## နွေခေါင်ခေါင် မိုးကြိုးပစ်ခံရခြင်း

ကျွန်တော်တို့တစ်တွေ ကိုယ့်လုပ်ငန်းတာဝန် ကျေပွန်ရေးအတွက် နေ့မအား၊ညမအား ကြိုးစားလုပ်ကိုင်နေချိန် ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တစ်ဦးချင်း ခေါ်ယူတွေ့ဆုံကာ နိုင်ငံတော်အကြံပေးအဖွဲ့ဝင်အဖြစ် ပြောင်းလဲခန့်ထားလိုက်ကြောင်း ရှင်းပြသည်။ ဗိုလ်ချုပ်ကြီး မောင်အေးက တနင်္ဂနွေ ၂ ပတ် အိမ်မှာပဲနေဖို့၊ လုံးဝအပြင်မထွက်ဖို့ ဆက်ပြောသည်။ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးတို့လည်း ရှိသည်။ သူတို့ ၂ ယောက်ကတော့ ဘာမှမပြော။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အတော်တော်သည်။ စိတ်ဓာတ်စစ်ဆင်ရေးသမား ဖြစ်လို့လား မသိ။ စကားအရာ





အလွန်လိမ္မာပါးနပ်သည်။ ကျွန်တော်တို့ကို ဝန်ကြီးရာထူးက ဖြုတ်လိုက်သည်ဆိုသည့်စကား တစ်လုံးမှ မထွက်။

ဝန်ကြီးဘဝမှ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ပြောင်းလွှဲခန့်ထားခြင်းခံရသည့်အပြင် ၂ ပတ် အိမ်မှာပဲ နေရမည်။ ဘယ်မှ မသွားရဆိုသည့် ချုပ်ချယ်မှုက ပါနေသည်။ သူတို့ရဲ့ မျက်နှာအမူအရာ၊ အပြောအဆိုများကလည်း ခါတိုင်းလို မဟုတ်။ ကျွန်တော် နားလည်လိုက်သည်။ ဒီတော့ "နွေခေါင်ခေါင် မိုးကြိုးပစ်ခံရပြီ" လို့လည်း ကောက်ချက်ချလိုက်မိသည်။

## အဆန်မပါ အသံသာမြည်တဲ့ နဝတ

ကျွန်တော်တို့ တပ်မတော်က အာဏာသိမ်းလိုက်တော့ ဘုမသိ၊ ဘမသိနဲ့ နဝတအဖွဲ့ဝင် ဖြစ်သွားသည်။ တစ်ဖန် နဝတအဖွဲ့ဝင်အဖြစ်ဖြင့် နှစ်ပေါင်းများစွာ စစ်တိုင်းမှူးတာဝန်၊ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌတာဝန်နှင့် ကုန်သွယ်ရေးဝန်ကြီး တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ တပ်မတော်ရဲ့ အစဉ်အလာအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပါးစပ်မှ ထွက်သမျှ အမိန့်အဖြစ် ခံယူရသည်။ ဘယ်သူ မှ စောဒကတက်ခြင်း၊ ငြင်းဆန်ခြင်း၊ ဝေဖန်ခြင်း၊ ဆန့်ကျင်ခြင်း လုပ်လေ့မရှိ။ လုပ်ရင်လည်း ချက်ချင်းပြုတ်မှာ သေချာသည်။ ကံဆိုးလျှင် ထောင်ပါကျနိုင်သည်။ အားလုံး တစ်သဝေမတိမ်း လိုက်နာကြရသည်။ ကျွန်တော် နဝတအဖွဲ့ဝင် လုပ်ခဲ့သည့်အချိန် ၉ နှစ်ကျော် ကာလအတွင်း၊ နဝတအဖွဲ့ အစည်းအဝေးများ အကြိမ်ကြိမ် လုပ်သည်။ အဖွဲ့ဝင်များက တင်ပြခြင်းနှင့် ဆွေးနွေးခြင်းလောက်သာ ရှိသည်။ ပါဝင်ဆုံးဖြတ်ခြင်း

www.burmeseclassic.com



မျိုးတော့ ကျွန်တော် မှတ်မိသလောက် လုံးဝမရှိခဲ့။ အားလုံး နဝတဥက္ကဋ္ဌတစ်ယောက်တည်းမှ ဆုံးဖြတ်ချက်ချသည်။ မြန်မာမှာသာမက ကမ္ဘာမှာပါ နာမည်ကြီးလှသော နဝတအဖွဲ့ဆိုတာက ရုပ်ပြသာဖြစ်သည်။ အဖွဲ့ဝင်များအနေဖြင့် ဘာသြဇာအာဏာပါဝါမှ မရှိ။ အဖွဲ့အစည်းဆိုသော်လည်း အဖွဲ့က ဘာမှအလုပ်နိုင်၊ တစ်ဦးတည်း တစ်ယောက်တည်း ချုပ်ကိုင်ထားသည်။ ဒါကြောင့် ကျွန်တော် "အဆန်မပါ အသံသာမြည်တဲ့ နဝတ" လို့ ခေါင်းစဉ်တပ်လိုက်ခြင်း ဖြစ်သည်။

## တစ်သက်မမေ့၊ ထိုတစ်နေ့

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် (၁၅၊ ၁၁၊ ၉၇) ထိုနေ့ ထိုရက်ကိုတော့ တစ်သက်မမေ့ပါလို့ပဲ ပြောရမည်ထင်သည်။ သေသေချာချာ ရက်များရွေးပြီး လုပ်လိုက်သလားမသိ။ ရန်ကုန်တွင် ကျွန်တော့်သမီးအကြီးသာ ရှိသည်။ သမီးနှစ်ယောက်က ချောင်းသာ ရောက်နေသည်။ ကျန်တဲ့ သမီး ၁ ယောက်က သူ့အမေနဲ့အတူ မန္တလေးမှာ။ ကျွန်တော့်ကိုယ်ရေးအရာရှိ PSO ပင်လျှင် ရန်ကုန်မှာ မရှိ။ ဒုဗိုလ်မှူးကြီး ကျော်မြင့် (DG)၊ ဗိုလ်မှူးတင်ဖေ၊ ဗိုလ်ကြီး အောင်မင်းနိုင်၊ ဗိုလ်ကြီးကျော်ကျော်ဦး စသည့် ကျွန်တော့်တပည့်ရင်းများကတော့ 'စသုံးလုံး' (စစစ) ရောက်နေတာ အတော်ကြာပြီ။ သူတို့လိုချင်တဲ့ အဖြေမရမချင်း ဘယ်လောက်များ နှိပ်စက်ညှဉ်းပန်း နေကြမလဲ၊ တွေးတောင် မတွေးဝံ့။ သူတို့မိသားစုတွေအားလုံး စိတ်မချမ်းသာ၊ ကိုယ်မချမ်းသာ ဖြစ်နေကြသည်။ စစ်ဆေးသူတွေရဲ့ ချော့လုံး၊ ခြောက်လုံးတွေကြောင့် သွေးပျက်နေကြပြီ။ ကမ္ဘာပျက်သလို





ခံစားနေကြရပြီ။

ကျွန်တော့်ကိုလည်း နေ့ချင်းပြီး လွှဲဖို့ပြောသည်။ ကျွန်တော့်ကို ခေါ်ပြောတဲ့အချိန်က နေ့လယ် ၁၂ နာရီလောက်၊ နောက်ပြီး ရုံးပိတ်ရက်ကြီး။ ရုံးမှာ ဘယ်သူမှမရှိ။ ပစ္စည်းပစ္စယတွေက တပုံတခေါင်း။ ငွေရေးကြေးရေးကိစ္စတွေလည်း ပြန့်ကျဲနေသည်။ ရှင်းရမယ့်လူ၊ နိုင်းရမယ့်လူတွေအားလုံးကလည်း (စစစ) မှာ။ ကူမည့်သူလည်း မရှိတော့၊ ရုံးခန်းတွင်းမှာရှိတဲ့ ပစ္စည်းလောက်ပဲ သယ်ပြီး ထွက်လာခဲ့သည်။ အခြားနေရာတွေမှာ ပြန့်ကျဲရောက်ရှိနေတဲ့ ပစ္စည်းများ ကတော့ အားလုံး ကြွက်စားသွားသည်ဟု ကြားရသည်။ "ကရုဏာ ဖောင်ဒေးရှင်း" ပိုင် ပစ္စည်းများကိုပင် ချမ်းသာမပေး။ ကျွန်တော် စုထားသမျှ ပစ္စည်းတွေအားလုံး အကုန်ဘုံးသည်။

## သိကြားသာသနာ ရောက်ခဲ့ပါပြီ

"ကောင်းတဲ့သူ ကယ်တင်မည်၊ မကောင်းတဲ့သူ ဖယ်ရှားမယ်တဲ့" ဆိုတဲ့ သီချင်းအတိုင်း သိကြားသာသနာများ ရောက်ပြီလားမသိ။ ကျွန်တော်တို့အဖွဲ့အားလုံးလိုလို၊ ရာထူးမှ ဖယ်ရှားခြင်း ခံလိုက်ရသည်။ မကောင်းတဲ့သူဟု သတ်မှတ်ခံရ၍ ဖြစ်ပါလိမ့်မည်။ ကောင်းတဲ့သူများဖြစ်သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီး မောင်အေး၊ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဒုဗိုလ်ချုပ်ကြီးတင်ဦးတို့သာ အဖွဲ့ဝင်အဖြစ် ကျန်ရစ်ခဲ့သည်။ ဒုဗိုလ်ချုပ်ကြီးမောင်မောင်ခင် (ရေ) နှင့် ဒုဗိုလ်ချုပ်ကြီးတင်ထွန်း (လေ) တို့ကတော့ မူလရာထူးဖြစ်သော ဒုတိယဝန်ကြီးချုပ်တာဝန်က မပြုတ်။ သို့သော် နဝတအဖွဲ့ထဲမှာ းတော့ မပါတော့။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့သူ ဖယ်ရှားပြီးနောက် ကောင်းတဲ့သူများဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ **State Peace and Development Council** ကို ဖွဲ့စည်းခဲ့သည်။ တိုင်းပြည် တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်သစ်၊ လူသစ်ဖြင့် ဦးဆောင် လုပ်ကိုင်ခဲ့ကြသည်။

ဖယ်ရှားခံရသည့် မကောင်းတဲ့သူများထဲတွင် ကျွန်တော် ပါသည်။ ကျွန်တော့်လို ခပ်ကြပ်ကြပ်။ ခပ်ရမ်းရမ်း။ ထောင့်လည်း မကျိုး။ စွတ်လုပ်တတ်သူတစ်ယောက်ကို ဖယ်ရှားဖို့ ရွေ့တာတော့ မှန်ပါလိမ့်မည်။ ထောက်ခံပါသည်။ လက်လည်း ခံနိုင်ပါသည်။ သို့သော် တိုင်းပြည်အတွက် သစ္စာရှိရှိ တာဝန်သိသိဖြင့် ရိုးရိုးသားသား ကြိုးစားလုပ်ဆောင်သူများ ဖယ်ရှားတဲ့အထဲ ပါသွားသည်။ မကောင်း တဲ့လူအဖြစ် ရာထူးမှ ထုတ်ပယ်ခံခဲ့ကြရသည်။ တကယ်တော့ ကျွန်တော်ကလွဲပြီး ကျန်တဲ့ဗိုလ်ချုပ်တွေ အားလုံးလည်း ကောင်းကြ ပါတယ်။ လုံးဝမပြုတ်ဘဲ ကျန်ရစ်ခဲ့တဲ့ ဗိုလ်ချုပ်အချို့(အချို့)နဲ့ သိပ်မကွာကြပါဘူး။ သူမသာ ကိုယ်မသာတွေပါပဲ။ သိကြားမင်း မျက်စိလည်သွားသည်ထင်သည်။ 'မာတလိ' ပေးတဲ့ မမှန်သတင်း တွေ၊ အကွက်ဆင်တဲ့ သတင်းမှားတွေကို မှန်၏၊ မမှန်၏ လုံးဝ မစဉ်းစားဘဲ ယုံကြည်ပြီး လုပ်လိုက်သည်ထင်သည်။ သိကြားမင်း လုပ်လိုက်တဲ့အလုပ် ဘယ်လောက်မှန်တယ်၊ မှားတယ်ဆိုတာကိုတော့ သမိုင်းက သက်သေပြပါလိမ့်မည်။ ယခုလည်း ပြည်သူလူထုက သိသလောက် သိနေပါပြီ။ အဲ... ကျွန်တော့်ကို တန်ကြည်တော်င ဆရာတော်ဘုရားကြီးက စကားတစ်ခွန်း ပြောသည်။ သူက ကျွန်တော်စိတ်အေးအောင် တရားရေအေး တိုက်ကျွေးတာပါ။





ထောက်လှမ်းရေးနှင့် ပတ်သက်ပြီးသိမြင်သည်များအား ရေးသားခဲ့သည့်
ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းကြည်

www.burmeseclassic.com


www.burmeseclassic.com



ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းကြည် နှင့်ဇနီး ဒေါ်နီနီ(ခ)ဒေါ်ခင်မြတ်စု

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းကြည် ၊ ဇနီး ဒေါ်နီနီ(ခေါ်)ဒေါ်ခင်မြတ်စု နှင့်သမီးများ

www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီး စိတ်ထဲ ဘာမှမထားပါနဲ့။ ဘုန်းကြီးတို့ သိပါတယ်။ အားလုံး တစ်ကိုင်းတည်းဖြတ်တွေချည်းပါပဲ" တဲ့။

## ပြတ်ရသည့်အရေး တွေးမိတိုင်း စိတ်နာသည်

ကျွန်တော်တို့ကို မကောင်းလို့ဆိုပြီး သိကြားမင်းက ပယ်လိုက်ပြီ။ ဘာတွေ မကောင်းခဲ့တာလဲ။ ဘာအမှားတွေ လုပ်မိခဲ့လို့လဲ။ (၈၈) အရေးအခင်းကြီးကို စည်းစည်းလုံးလုံးနှင့် ညီညီညာညာ လက်တွဲပြီး ပြေလည်အောင် လုပ်ခဲ့ကြသူများ ဖြစ်သည်။ တကယ်တော့ ဒီလိုအရေးအခင်းကြီးမျိုးကို အဆင်ပြေအောင်လုပ်ဖို့ဆိုတာ သိပ်မလွယ်။ အန္တရာယ်လည်း များ၊ ခက်လည်း ခက်သည်။ နောက်ပြီး ဆန္ဒပြတဲ့ လူတွေကလည်း နည်းနည်းနောနော မဟုတ်။ လယ်သမားကလွဲရင် အားလုံးလောက်နီးပါးပါသည်။ ကျွန်တော်တို့ မန္တလေးမှာ ဦးဆောင်ပြီး ရှေ့တန်းက ဆန္ဒပြချီတက်နေကြသူများက ရဟန်း၊ သံဃာများ။ အလွန်ထိလွယ် ရှလွယ်၊ အန္တရာယ် ဖြစ်နိုင်ဖွယ်များလှသည်။ သွေးထွက်သံယို မဖြစ်ရအောင် အတော်ထိန်းခဲ့ရသည်။ သက်တော်ရှည်ဆရာတော် ဘုရားကြီးများ၏ အကူအညီများစွာ ယူခဲ့ရသည်။ တစ်ချက်လွဲလိုက်လျှင် တစ်သက်လုံး ဝက်ဝက်ကွဲသွားနိုင် သည့် အခြေအနေမျိုး ဖြစ်သည်။

ဒီလို အရေးအခင်းကြီးတစ်ခုကို သစ္စာရှိရှိ တာဝန်သိသိဖြင့် အဆင်ပြေအောင် ကျွန်တော်တို့ဆောင်ရွက်ခဲ့ကြသည်။ အရေးအခင်းပြီးပြန်တော့လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ချမှတ်ပေးထားသော တာဝန်ကြီး (၄) ရပ်ကိုသာမက နယ်မြေလုံခြုံရေးနှင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ဖွယ်ရှိသည်များကို နေ့မအား၊ ညမအား ကြိုးစား လုပ်ဆောင်ခဲ့ကြရသည်။ မိမိတို့၏ ကြိုးစား လုပ်ဆောင်ချက်များ မည်မျှအောင်မြင်သည်၊ ပြည်သူလူထုက မည်မျှကျေနပ်နေသည်ကို ပြောဖို့ပင်လိုမည် မထင်ပါ။ ကွက်ကွက်ကွင်းကွင်း၊ ထင်ထင်ရှားရှား တွေ့မြင်နေကြရပါသည်။ နောက် စစ်ဘက်မှ အရပ်ဘက်သို့ မပြောင်းချင်သော်လည်း "အထက်မှပေးအပ်သည့် အမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်" လို့ နေ့စဉ် သစ္စာဆိုထားသူ တစ်ဦးပီပီ ကျေကျေနပ်နပ် လိုက်နာလုပ်ဆောင်ခဲ့သည်။

အရပ်ဘက် ကုန်သွယ်ရေးဝန်ကြီးဘဝ ကျွန်တော့်လုပ်ရပ်များကလည်း ဖြုတ်ပစ်လိုက်ရအောင်အထိ အခြေအနေမဆိုးဟု ထင်သည်။ ကျွန်တော့်ကုန်သွယ်ရေးဝန်ကြီး၏ လုပ်ဆောင်ချက်များကို ကုန်သည်တွေကလည်း သဘောကျသည်။ ပြည်သူတွေကလည်း ကြိုက်သည်။ ကျွန်တော့်ဝန်ထမ်းတွေကလည်း ကျွန်တော့်လက်ထက် လုပ်ရကိုင်ရတာ အဆင်ပြေသည်ဟု ပြောကြသည်။ အားလုံး ပျော်ပျော်ရွှင်ရွှင် ကျေနပ်ကြသည်ဟု သိခဲ့ရသည်။ ပြည်တွင်းမှ မိမိတို့ ဝန်ကြီးဌာနများနှင့်သာမက ပြည်ပနိုင်ငံများမှ ပုဂ္ဂလိက ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ကုန်ကွယ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနှင့် ရင်းနှီးမှုများ များစွာတိုးတက်ခဲ့သည်။

ထို့ပြင် ကျွန်တော် လူကြီးများအား ခွာရာတိုင်းခြင်း၊ ပခုံးချင်းယှဉ်ခြင်း၊ မကောင်းပြောခြင်း၊ တစ်စင် ထောင်ခြင်း၊ လူအင်အားစုခြင်းများလည်း လုံးဝမလုပ်ခဲ့။ လူကြီးများကို ဆန့်ကျင်ဖို့ စိတ်ကူးထဲတောင် မထည့်ခဲ့။ တော်လှန်ဖို့ဆိုတာတော့ ဝေးရော။

သို့သော် ကျွန်တော် မှားသွားတာတစ်ခုတော့ ရှိခဲ့သည်။





ဘာလဲဆိုတော့ "ကရုဏာဖောင်ဒေးရှင်း" ကို ကျွန်တော် စေတနာ၊ ကရုဏာအရင်းခံဖြင့် အကောင်အထည်ဖော် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ "ပရဟိတ" လုပ်ငန်းဖြစ်၍ ဘယ်သူ့မှ မထိခိုက်၊ ဘယ်သူကမှ မကျေမနပ်ဖြစ်လိမ့်မည် မဟုတ်ဟု ယုံကြည်သည်။ ပြည်သူ့အကျိုး၊ ဆင်းရဲသားများအကျိုးဖြစ်၍ ဘာစည်းမှ ခြားထားခြင်းမျိုး မရှိဟု ထင်သည်။ ကမ္ဘာမှာရော၊ မြို့ထဲ အရပ်ထဲမှာရော၊ တောရွာဇနပုဒ်များအထိ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ အသီးသီး ရှိနေကြသည်။ ဒီလို ပရဟိတလုပ်ငန်းအဖွဲ့အစည်းများ များလေကောင်းလေ ဖြစ်သည်။ ကျွန်တော်က ကရုဏာဖောင်ဒေးရှင်း၏ လုပ်ဆောင်ချက်များ တိုးတက်ကောင်းမွန်ရေးအတွက် အစွမ်းကုန် (အစွမ်းကုန်) ဆောင်ရွက်သည်။ "ကရုဏာ ဖောင်ဒေးရှင်း" အောင်မြင်ရေးကို ပထမဦးစားပေးအဆင့် သတ်မှတ်ပြီး ဆောင်ရွက်သည်။ ကျွန်တော် ကျွန်တော့်ကိုယ် ကျွန်တော်၊ အိန္ဒိယမှ ကရုဏာရှင် မစ္စ မာသာထရီဇာကဲ့သို့ အောင်မြင်အောင် လုပ်မယ်လို့ပင် သိန္နိဋ္ဌာန်ချထားသည့်လုပ်ငန်းဖြစ်သည်။

ကျွန်တော့်အလုပ် ကောင်း၊ မကောင်းတော့ မသိ။ ကျွန်တော်တို့ မန္တလေးရောက်စဉ်က ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နှစ်စဉ် ငွေကျပ်သိန်းတစ်ရာ ထောက်ပံ့မည်ဖြစ်ကြောင်း ပြောသည်။

ကျွန်တော့် "ကရုဏာဖောင်ဒေးရှင်း" လုပ်ငန်းက ပညာရေးနှင့် ကျန်းမာရေးကော်မတီကို ယှဉ်သလို ဖြစ်သွားသည်။ ထို့ပြင် ကျွန်တော့်အောက်က ပုဂ္ဂိုလ်များကလည်း ကရုဏာဖောင်ဒေးရှင်းကို အလွန်အသားပေးသည်။ စေတနာရှင်များများပေါ်လာအောင် အလှူငွေပေးအပ်ပွဲ နေ့စဉ်လုပ်နိုင်အောင် ကြိုးစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုလည်း မလိုမုန်းထားသူများ မျက်မုန်းကျိုးအောင် ရာသက်ပန် နာယကဆိုပြီး သတင်းထဲထည့်သည်။ အမှန်ဝန်ခံ ရရင် ကျွန်တော်ကိုယ်တိုင်ကလည်း ပရဟိတလုပ်ငန်းဖြစ်နေ၍ သူတို့ အမွှမ်းတင်တာ ခပ်ကြိုက်ကြိုက်။ နောက်ဆုံးတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း ငွေသိန်းတစ်ရာ မပေးတော့။ ကျွန်တော့်အပေါ် သူ့သဘောထား ပြောင်းသွားသည်။ ဒီလိုသဘောထားပြောင်းသွား ခြင်းသည် ကျွန်တော်တို့ပြုတ်ရသည့်အကြောင်းတစ်ခုများ ဖြစ်လိမ့် မလား မပြောတတ်။

ဘာပဲဖြစ်ဖြစ် ကိုယ်အမှားလုပ်မိလို့၊ အပြစ်ရှိလို့ အပြုတ် ခံရတာဆိုရင်တော့ ဘာမှမပြောလိုပါ။ အခုတော့ ပေဒင်ကိန်းခန်း ကြောင့်လိုလို၊ ကျွန်တော်တို့ကို ပြုတ်ပြီး နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဖွဲ့မှ ရာထူးဆက်လက် တည်မြဲ မှာလိုလို အပြင်မှာ ပြောဆိုနေကြတော့ တိုင်းပြည်အတွက်ရော တပ်မတော်အတွက်ပါ လုံးဝမကောင်း။ ဒီလို လုပ်ချင်ရာ ကောက် လုပ်တဲ့ အစဉ်အလာမျိုးလည်း လုံးဝမရှိသင့်။ တကယ်တမ်း ဖြစ် သင့်တာက နိုင်ငံတော်ရဲ့ အဆင့်အမြင့်ဆုံး အဖွဲ့အစည်းဖြစ်သည့် နှင့်အညီ နဝတအဖွဲ့ဝင်အားလုံးပါသော အစည်းအဝေးမှာ အများ သဘောတူ ဆွေးနွေးဆုံးဖြတ်ချက်ချခြင်းမျိုး ဖြစ်ရမည်။ အခုတော့ အဖွဲ့ကို ဘေးချိတ်ထားပြီး တစ်ယောက်တည်း ထင်ရာလုပ်သည်။ ကျွန်တော်တို့နားထဲ လျှံနေအောင် ကြားရတာကတော့ "ကျန်ရစ်တဲ့ လူတွေကကော ဘာထူးလို့လဲ" တဲ့ "အားလုံး တစ်ကိုင်းတည်းကြီး တွေချည်းပါပဲ"တဲ့ ဆရာဝင်းတင့်ထွန်းကတော့ "စီးပွားရေးသောင်းကျန်း မှုကြောင့်သာ ပြုတ်ပယ်ရမယ်ဆိုရင် နဝတခေါင်း ဆောင်အားလုံး





တစ်ဦးမှ လွတ်မြောက်ဖွယ်ရာရှိမှာမဟုတ်ပါဘူး" တဲ့။

## ပြုတ်ကြရသည့်ကိစ္စ၊ တွေးဆလိုက်သည့်အခါ

ကျွန်တော်တို့ကို အဂတိလိုက်စားလို့၊ စီးပွားရေးသောင်း ကျန်းလို့၊ လာဘ်စားလို့ ပြုတ်ပစ်သည်ဟု မြန်မာနိုင်ငံတွင်းမှာသာမက ကမ္ဘာမှာပါ နာမည်ဆိုးကျော်သွားသည်။ ကျွန်တော်တို့ ဗိုလ်ချုပ် တွေအိမ်က ရွှေပိသာပေါင်း ဆယ်ချီပြီး ဖမ်းဆီးရမိတယ်။ ကားတွေ ဆယ်ချီပြီး သိမ်းဆည်းရမိတယ်။ တိုက်တွေ အလုံးပေါင်းများစွာ ပိုင်ဆိုင်နေတာတွေ တွေ့ရတယ်လို့ ဆိုပါတယ်။ စီးပွားရေး သောင်းကျန်းမှုကြောင့်သာ ပြုတ်ရမယ်ဆိုရင် နဝတခေါင်းဆောင် အားလုံး တစ်ဦးမှ လွတ်မြောက်ဖွယ်ရာ မရှိတဲ့အတွက် အခုလို ဗိုလ်ချုပ် ၁၄ ဦးကို ပြုတ်ပစ်လိုက်ခြင်းဟာ စီးပွားရေးသက်သက် လောက်ကိစ္စတော့ ဟုတ်ဟန်မတူဘူးလို့ စာရေးဆရာ ဝင်းတင့်ထွန်း က သူ့ရဲ့ "အမှောင်ကြားက မဟာပြည်" စာအုပ်မှာ ရေးသား ထားတာ ဖတ်ရှုရပါတယ်။

ဆရာဝင်းတင့်ထွန်းရဲ့ ရေးသားချက်တွေက မှန်တာလည်း ပါပါတယ်၊ မှားတာလည်း ရှိပါတယ်။ ကျွန်တော်တို့ ဗိုလ်ချုပ် ၁၄ ဦးကို ပြုတ်တာဟာ စီးပွားရေးသက်သက်ကြောင့် မဟုတ်ပါဘူး။ စီးပွားရေးကြောင့်သာ ပြုတ်ရမယ်ဆိုရင် နဝတခေါင်းဆောင်အားလုံး တစ်ဦးမှ လွတ်မှာမဟုတ်ဘူးလို့ဆိုတာ ကျွန်တော် လက်ခံပါတယ်။ တကယ်တော့ ကျွန်တော်တို့ကိုယ်တိုင်လည်း ဒီနေ့အထိ ဘာကြောင့် အပြုတ်ခံရမှန်း မသိသေး။ ဘယ်သူကမှလည်း မပြော။ ဗဟို လောက်လှမ်းရေးတပ် "ရှေကြည်အိုင်" ရှောက်မှ ပုဒ်မ ၁၃ နှို့၊



www.burmeseclassic.com

www.burmeseclassic.com



အမှု ၁၃ မှုဖြင့် အရေးယူရန် စီစဉ်ထားကြောင်း။ တစ်မှုလျှင် ထောင် ၇ နှစ်၊ စုစုပေါင်း နှစ်ပေါင်း ၁၀၀ နီးပါး ကျခံရနိုင်ကြောင်း။ အကယ်၍ အပြစ်ရှိကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးပေးလျှင် မရေးမယူတော့ဘဲ လွှတ်ပေးမည်ဖြစ်ကြောင်း။ ယခု ထောင်ထဲတွင် ၁၀ နှစ်ကျော်ကြာသည်အထိ မလွှတ်သေးသော ဗိုလ်မှူးကြီး သန်းထွန်း (ယခုတော့ လွှတ်သွားပါပြီ) က ကျွန်တော့်အိပ်ခန်းထဲ လာပြောသည်။ လူကြီးတွေက ပြောခိုင်းခြင်းဖြစ်ကြောင်းလည်း ပြောသည်။ လူကြီးဆိုတာက ဗိုလ်ချုပ်မှူးကြီးသန်းရွှေလား။ ဗိုလ်ချုပ် ခင်ညွန့်လားတော့ ကျွန်တော် မသိ။ မေးလည်း မမေးမိ။

ကျွန်တော်တို့ ၄ ယောက် (ကိုမြင့်အောင်၊ ကိုသိန်းဝင်း။ ကိုကျော်ဘနဲ့ ကျွန်တော်) ကို ထားဖို့ အင်းစိန်ထောင်တွင် အချုပ်ခန်းများ ပြင်နေကြောင်းလည်း ကြားသိထားရသည်။ အမှန်အတိုင်း ပြောရလျှင် ထောင်ထဲမှာ တစ်သက်လုံး သေသည်အထိ ဘယ်လိုမှ မနေနိုင်။ သူတို့ပြောတဲ့အတိုင်း ခံဝန်ချက်လက်မှတ် ထိုးပေးလိုက်တာက ကောင်းလိမ့်မည်ဟု တွေးမိသည်။ သူတို့အကြောင်း ကောင်းကောင်းသိသည်။ အကြင်နာ တရားတို့၊ ကိုယ်ချင်းစာနာမှုတို့ဆိုတာ သူတို့မှာ လုံးဝမရှိကြ။ လက်မှတ်ထိုးမပေးလျှင် မညှာမတာချမှာတော့ သေချာသည်။

အဲ ... ရွှေကိစ္စကတော့ ဆရာဝင်းတင့်ထွန်း မှားနေပါတယ်။ ပိဿာ ဆယ်ချီပြီး သိမ်းဆည်းမိတယ်ဆိုရင် မှားပါတယ်။ ဆရာ ဝင်းတင့်ထွန်းက ကျွန်တော့်ကို အထင်သေးလိုက်တာ။ ရွှေပိဿချိန် ဆယ်ဂဏန်း မဟုတ်ပါ။ ရွှေချိန် ၆ တန်ပါ။ ပိဿာနဲ့ တွက်ရင်တော့ ထောင်၊ သောင်း ဆိုပါတော့။ ကျွန်တော့်ခမည်း





ခမက်တွေရှိတဲ့ မုံရွာမြို့နယ် မုံရွေး ကြေးမုံကို ရွှေချိန် ၆ တန် ကားနဲ့ပို့တယ်လို့ သတင်းထွက်တာပါ။ ကျွန်တော့်ခမည်းခမက်တွေကို ခါးပြသတ်အောင် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် လုပ်ကြံထုတ်လွှင့် လိုက်တဲ့ သတင်းပေါ့။ မှန်ချင် မှန်မယ်၊ မှားချင် မှားမယ်။ ဒီသတင်းကို ကျွန်တော်တို့ ထောက်လှမ်းရေးက ကျွန်တော့်နာမည် ပျက်အောင် တီးတိုးသတင်းလွှင့်တယ်လို့ ထင်ပါတယ်။

ဒီပြဿနာတွေက ဒါလောက်နဲ့ပြီးသေးမှာ မဟုတ်ပါဘူး။ ပြီးဖို့လည်း မသင့်ပါဘူး။ အမှန်ပေါ်အောင်တော့ စစ်သင့်တာပေါ့။ ယခုလက်ရှိအစိုးရက မစစ်နိုင်ရင်လည်း နောင်တက်တဲ့ အစိုးရတွေက စစ်ပါ။ ကျွန်တော်တို့ကတော့ အစစ်ဆေးခံရန် အသင့်ရှိပါတယ်။ တကယ်မဟုတ်တာလုပ်လို့ အပြစ်ပေး အရေးယူခံရရင်လည်း ပြုံးပြုံးလေးနဲ့ ခံသွားမှာပါ။ အဲ ... အပြစ်မရှိတဲ့လူတွေ မှားပြီး အပြစ်ပေးခံရတာ၊ အပြစ်ရှိတဲ့လူ လွတ်နေတာမျိုး မရှိစေချင်ပါဘူး။

နောက်ပြီး ခံဝန်ချက်ဆိုတာကလည်း ဘာမှမဟုတ်။ စက္ကူ စုတ်။ ခံဝန်ချက်ထဲ ဘာတွေပါသလဲတော့ ကောင်းကောင်းမမှတ်မိတော့။ သိမ်းထားတဲ့စာရွက်လည်း ပျောက်သွားပြီ။ ကျွန်တော် မှတ်မိတာကတော့ စီးပွားရေးနှင့်ဆိုင်တာက ၄ မှု၊ အဲဒီအမှု ၄ မှုထဲက တစ်မှုက မုဒ္ဒံမှာ ခြံဝယ်ဖို့အတွက် မြန်မာ့ကုန်တိုက်ပြုပြင်မှု ဘဏ္ဍာငွေထဲက ငွေကျပ် ၁၅ သိန်း အလွဲသုံးစားလုပ်မှု ဖြစ်သည်။ သူတို့ခေါ်ယူစစ်ဆေးနေသော ကျွန်တော့်တပည့်များအား အတင်း လက်မှတ်ထိုးခိုင်းသည်ဟု သိရသည်။ သူတို့က ကုန်သွယ်ရေး ဝန်ကြီးတစ်ယောက်ကို အတော်အထင်သေးသည်။ ငွေလေး ၁၅ သိန်း မပြောနဲ့ သိန်း ၁၀၀ လောက် လိုချင်လျှင်လည်း ပေးချင်တဲ့သူ၊



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ အခွင့်အရေးစောင့်ပြီးနေတဲ့လူတွေက အများကြီး။ ငွေ ၁၅ သိန်းလောက်အတွက် သိက္ခာအကျမခံ။ မမှန်မကန် မလုပ်။

ကျွန်တော်တို့ စီးပွားရေးသောင်းကျန်းလို့ ဖြုတ်ရသည့် သဘောရောက်အောင် အမှုဆင်ကြခြင်းသာ ဖြစ်သည်။ တကယ်တော့ ကျွန်တော်တို့ကိုဖြုတ်တာ အဂတိလိုက်စားလို့မဟုတ်။ အောက်ဖော်ပြပါ အကြောင်းများကြောင့် ဖြုတ်သည်ဟု ယူဆသည်။

(က) ဘိုးတော်တို့၏ အမိန့်၊ ဗေဒင်ဆရာများ၏ဟောကြားချက်အရ ရာထူးဆက်လက်တည်မြဲစေရန် ဆောင်ရွက်ခြင်း။

(ခ) ထောက်လှမ်းရေးမှ ပေးပို့တင်ပြသော သတင်းနှင့် သုံးသပ်ချက်များအရ ဆောင်ရွက်ခြင်း။

(ဂ) ပြန်လည်းမပြော၊ ခိုင်းတာ အကုန်လုပ်ကြမည့် လူယုံလူသစ်များအား အစားထိုးခန့်ထားလိုခြင်း။

(ဃ) ခင်မင်ရင်းနှီးမှုအရ ပြောသင့်တာ ပြော၊ တင်ပြသင့်တာ တင်ပြ၊ လုပ်သင့်လုပ်ထိုက်တာကို ဇွက်စက် လုပ်တတ်သူများဖြစ်ကြသည့် ကျွန်တော်တို့အဖွဲ့နှင့် ဆက်လက် လက်မတွဲလိုခြင်း။

(င) အခြားအကြောင်းပေါင်းများစွာလည်း ရှိပါလိမ့်မည်။ အပြင်တွင် ထင်ကြေးအမျိုးမျိုးပေးနေကြသော ကောလာဟလသတင်းများကိုတော့ ထည့်မစဉ်းစားပါ။ အဓိကကတော့ ထောက်လှမ်းရေး၏ တင်ပြချက်များ၊ သုံးသပ်ချက်များကြောင့် ဖြစ်မည်ထင်ပါသည်။





ထောက်လှမ်းရေးက ဘာသတင်းတွေ ပို့နိုင်သလဲ

နယ်မြေခံ ထောက်လှမ်းရေးများ၏ အဓိက လုပ်ငန်းတာဝန်ထဲတွင် တိုင်းမှူးများ၏ စီးပွားရေးကိစ္စများနှင့် အခြားနယ်ဘက်အာဏာပိုင်များ၏ မသမာမှုများကို ကကလှမ်းသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်ဟု တိတိကျကျ သတ်မှတ်ထားသည်။ အရေးကြီးသော ရန်သူ့သတင်း ရရှိရေးအတွက်တော့ ဘယ်လောက်လုပ်သလဲ မသိ။ ကျွန်တော် အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်တွင် ဒုတိယတပ်မမှူး/တပ်မမှူးအဖြစ် ၄ နှစ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်/အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် ၇ နှစ်ခန့် တာဝန်ယူခဲ့သည့်အချိန်အတွင်း ရန်သူ့သတင်း တစ်ခါမှ ပေးပို့တင်ပြခြင်း မရှိခဲ့။ ကျွန်တော့်တိုင်းအတွင်းရှိ မိုးမိတ်၊ မဘိမ်းဘက်တွင် ကေအိုင်အေရော၊ ဗကပရော ရှိသည်။ ထို့အတူ ကုန်းသာ၊ ရဲရမန်းဘက်တွင် ဗကပ၊ ပျဉ်းမနား အရှေ့ခြမ်းတွင် ကယန်း လက်နက်ကိုင်အဖွဲ့အစည်းများ ရှိသည်။ သူတို့က အဆိုပါ ဗကပ၊ ကေအိုင်ကေနှင့် ကယန်းလက်နက်အဖွဲ့များ၏ သတင်းများကို စိတ်မဝင်စား။ မြို့တွင်းကသတင်းများ ရရှိရေးကိုသာ စိတ်ဝင်စားသည်။ **Counter Role**သာ လုပ်ချင်သည်။ **Combat Role**ကို လှည့်တောင်ကြည့်ပုံမပေါ်။ ကျွန်တော်တို့ တိုင်းမှူးများရဲ့ သတင်းရရှိရေးအတွက် ဦးစားပေးလုပ်နေရ၍ ရန်သူ့သတင်းရရေး အချိန်မပေးနိုင်သလားမသိ။

ကျွန်တော်တို့မြန်မာ့တပ်မတော်တွင် စစ်တိုင်းမှူး ၉ ဦးသာ ရှိသည်။ တိုင်းမှူးဖြစ်ဖို့ဆိုတာ သိပ်လွယ်တဲ့အလုပ် မဟုတ်။ တပ်ရင်းမှူး၊ စစ်ဗျူဟာမှူး၊ ဒုတပ်မမှူးနှင့် တပ်မမှူးတာဝန်များကို



www.burmeseclassic.com

www.burmeseclassic.com



ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများသာဖြစ်ပြီး စစ်သက်ကလည်း အနည်းဆုံး နှစ်ပေါင်း ၃၀ ကျော်။ သို့သော် လူ့သဘောသဘာဝ အရ အမှားများကင်းနိုင်မည် မဟုတ်။ လုပ်မှား၊ ကိုင်မှား၊ စေတနာ မှားများလည်း ရှိကြမည် ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီး စောမောင်က ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နေ့စွဲဖြင့် "တိုင်းမှူး/တပ်မမှူး များ အပါအဝင် တာဝန်ရှိသူ အဆင့်ဆင့် အနေဖြင့် တပ်မတော်မှ ချမှတ်ထားသော လုပ်ငန်းတာဝန်အရပ်ရပ် ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်မှာလည်း မိမိမျက်မြင်ပင် ဖြစ်သည်။ ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် စေတနာအလျောက် လုပ်ကိုင်ရင်း မှားယွင်းမှုများ ရှိနိုင်သည်သာဖြစ်ရာ ယင်းသို့ မှားယွင်း လုပ်ကိုင်မှုများသည် ကိုယ်ကျိုးအတွက် ဆောင်ရွက်မှုကြောင့် မဟုတ်ဟု တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ယုံကြည် သည်။ ထိုသို့ ယုံကြည်သည့်အလျောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့် အောက်ပါအချက်များကို ထပ်မံမှာကြားလိုက်သည်။

(က) ဘာမှစိုးရိမ်ကြောင့်ကြ အားငယ်နေစရာ မလို၊
(ခ) လုပ်စရာရှိသည်များကို ရဲရဲဝံ့ဝံ့လုပ်၊
(ဂ) သတိပေးပြောဆိုနေခြင်းများသည် ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် လုပ်ကိုင်နေသော တပ်မှူးများကို ရည်ညွှန်းပြောဆိုနေခြင်းမဟုတ်"

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်က အရာရာကို ကိုယ်ချင်းစာတရား ရှေ့ထားပြီး ဆောင်ရွက်သည်။ အကြွင်းနာတရားရော နားလည်မှုပါရှိသူဖြစ်သည်။ ကျွန်တော်တို့





ခက်ခက်ခဲခဲ လုပ်ကိုင်နေကြရတာကို သဘောပေါက်ပြီး အထက်ပါ အတိုင်း ညွှန်ကြားအားပေးသည်ဟု ထင်သည်။

ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်က သူ့အောက်မှာရှိတဲ့ ကျွန်တော်တို့ တိုင်းမှူး/တပ်မမှူးတွေကို ယုံကြည်စိတ်ချမှုအပြည့်အဝ ရှိနေပါလျက် ဘာကြောင့်များ ထောက်လှမ်းရေးက ကျွန်တော်တို့ တိုင်းမှူးတွေရဲ့သတင်းတွေကို အဓိကထား ထောက်လှမ်းနေရတာလဲ။ အရေအတွက် ၉ လောက်သာရှိတဲ့ တိုင်းမှူးတွေကိုမှ မယုံရင် ဘယ်သူ့သွားယုံရမလဲ။ ဒီကိစ္စ ကက(ကြည်း)ကပဲ ခိုင်းတာလား။ ထောက်လှမ်းရေးကပဲ 'ထွင်'လုပ်သလားတော့ ကျွန်တော် မသိ။ မစားကောင်းတဲ့အသီး စားသလိုပဲ၊ မလုပ်ကောင်းတဲ့အလုပ် လုပ်ကြခြင်း ဖြစ်သည်ဟု ပြောချင်ပါသည်။ အချင်းချင်း သွေးကွဲ အောင်လုပ်သည့် လုပ်ဆောင်ချက်ဖြစ်သည်ဟုလည်း ဆိုချင်ပါသည်။

ကျွန်တော့်အကြောင်း ထောက်လှမ်းရေးက ဘာတွေသတင်း ပို့သလဲ မသိ။ ကျွန်တော်ကတော့ ထောက်လှမ်းရေးအကြောင်း တစ်ကြိမ်တစ်ခါမှ တရားဝင် သတင်းပို့ခြင်း၊ တင်ပြခြင်းမျိုး လုံးဝမရှိခဲ့ဖူးပါ။ သူတို့ကိုလည်း စိတ်မဝင်စားပါ။ တပ်မတော်ရဲ့ အစဉ်အလာအရဆိုရင် ဘယ်လိုမှ ယှဉ်လို့မရတဲ့ အဖွဲ့အစည်းဖြစ်ပြီး သူတို့အကြောင်း စိတ်ကူးထဲတောင် သိပ်မထည့်မိခဲ့။ သူတို့ မဟုတ် တာလုပ်တာမျိုး၊ သူတို့ မကောင်းသတင်းများ မကြာခဏ ကြားရ ပါသည်။ သတင်းကလည်း အတော်ရှင်းပါသည်။ ဦးမြင့်အောင်ဆိုသူ တရုတ်အမျိုးသားတစ်ဦးက သူကိုယ်တိုင် လာတိုင်ခြင်းဖြစ်သည်။ ဦးမြင့်အောင်က သူပိုင်မြေကွက်တစ်ကွက်ကို ထောက်လှမ်းရေးတပ်မှ ဗိုလ်ကြီး ●●● က ငွေမပေးဘဲ ယူထားသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်း ကျွန်တော် ကာယကံရှင်ကိုလည်း ခေါ်မပြောလိုက်ပါ။ အထက်သို့လည်း မတင်ပြခဲ့ပါ။ အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်မှာ စိုးသည်။ သူတို့ အဆင်ပြေစဉ်က အပေးအယူသဘောမျိုး လုပ်ထားသည်ဟု ယူဆ၍ ဘာမှမလုပ်ခဲ့ပါ။ ကျွန်တော်လုပ်ရင် ယင်းအရာရှိ ထောင်ကျမှာ သေချာပါသည်။ ထောက်လှမ်းရေးနှင့်ပတ်သက်လာလျှင် တင်ပြစရာ များလှပါသည်။ ပြောမဆုံးပေါင်၊ တောသုံးထောင် ပြောလို့ပင် ကုန်မည်မထင်ပါ။ ဗကပ ဗိုလ်သက်ထွန်းက "မြင်းစီးပြီး ဓားလွတ်ကိုင်ရမ်းကားနေသည့် ပီကင်းပြန်များကိစ္စ၊ ဉက္ကဋ္ဌတွင် တာဝန်ရှိသည်" ဟု ပြောခဲ့သလို ထောက်လှမ်းရေးများ ထင်ရာစိုင်း၊ လုပ်ချင်ရာလုပ်နေသည့် ကိစ္စများမှာလည်း ကျွန်တော်တို့လူကြီးများတွင် တာဝန်ရှိသည်ဟု ထင်ပါသည်။ သူတို့ကသာ သိပ်လည်းမမြှောက်စား၊ ပစားလည်း သိပ်မပေးခဲ့ရင် ဒီလိုကိစ္စမျိုး ဖြစ်မည်မထင်ပါ။

အခုတော့ သူတို့က နယ်မြေဒေသ အသီးသီးမှာ 'ဗိုလ်'။ ဘယ်သူ့ကိုမှ ဗိုလ်မထား။ ဘယ်သူ့မှလဲ ဂရုမစိုက်၊ ကက(လှမ်း) ကလွဲရင် ဘယ်သူ့မှ လူမထင်။ မူးသည်၊ ရူးသည်၊ စီးပွားရေးသမားများထံမှ ငွေတောင်းသည်။ ဖမ်းချင်တဲ့သူ ဖမ်းပြီး၊ ငွေရရင် ပြန်လွှတ်သည်။ ငွေမရရင် တော်တော်နှင့်မလွှတ်။ တိုင်းမှူးတွေမှာ လူတစ်ယောက် ဖမ်းနိုင်၊ ဆီးနိုင်၊ ခေါ်ယူထိန်းသိမ်း စစ်ဆေးနိုင်ခွင့် မရှိတော့ လူတွေက တိုင်းမှူးမကြောက်၊ ထောက်လှမ်းရေးက ရဲဘော်၊ အကြပ်လောက်ကိုတော့ သေအောင်ကြောက်သည်။

ကျွန်တော်တို့ တိုင်းမှူးတွေထဲမှာ သဘောလည်း ကောင်း၊ ရိုးလည်း ရိုး၊ အေးလည်း အေးကြသူများ ရှိသည်။ ဝမ်းထဲက





မကျေနပ်သော်လည်း ထောက်လှမ်းရေးကို သင့်အောင်ပေါင်းသည်။ ကျွန်တော်တို့၊ ကိုမြင့်အောင်၊ ကိုကျော်ဘတို့ကတော့ သူတို့နှင့် သိပ်မတူ၊ သူတို့လို သဘောမကောင်း။ ခပ်ကင်းကင်းနှင့် ခပ်တင်းတင်း နေသည်။ တစ်မျှူးဘဝ ကျိုင်းတုံဘက် တာဝန်ထမ်းဆောင်စဉ်က အဖြစ်အပျက်လေးများကြောင့် ကျွန်တော့်အပေါ် သိပ်မကြည်။ တိုင်းမှူးဘဝ ရောက်ပြန်တော့လည်း ကျွန်တော့်ကို သိပ်ဂရုမစိုက်။ နေပုံ၊ ထိုင်ပုံ၊ သွားပုံ၊ လာပုံက ကျွန်တော့်ကွပ်ကဲမှုအောက်က စစ်သည်များနှင့်ပင် မတူ။ စစ်ဆင်ရေးအစည်းအဝေးကိုပင် လာတက်ချင်မှ တက်သည်။ တစ်ခါတလေ လာတက်ပြန်တော့လည်း အရပ်ဝတ်နဲ့။ အရာရှိ လေး၊ ငါး၊ ခြောက် ဆယ်က စစ်ယူနီဖောင်းနှင့်။ ကြည့်လို့လည်း မကောင်း။ လူကြီးကို မရိုသေ၊ အလေးမထားရာလည်း ရောက်လိမ့်မည်ဆိုတာ သူတို့ သိပုံမပေါ်။

ဒီတော့ ဒီထောက်လှမ်းရေးက အရာရှိတွေက ကျွန်တော်တို့အကြောင်း ဘာသတင်းတွေ ပို့မလဲ။ အမြင်ကပ်တော့ မကောင်းသတင်းပဲ ဦးစားပေးပို့မှာပေါ့။ ကောင်းသတင်းတော့ သိပ်ပို့မှာမဟုတ်ပါဘူး။ ဝန်ကြီးဘဝရောက်တော့ ပိုဆိုးသွားပြီ။ မကောင်းသတင်း အတင်းလနိုက်သည်။ မကောင်းသတင်းမရှိလျှင် ဖန်တီး Make UP ယူသည်။ နောက်ဆုံး ပြုတ်ရုံသာ မဟုတ်၊ ထောင်ကျသည်အထိဖြစ်အောင် အမှုဆင်သည်။ ဘယ်လိုမှ မလွတ်အောင် ပုဒ်မအမျိုးမျိုးဖြင့် စွဲသည်။ ထောင်ဒဏ် အနှစ် ၁၀၀ လောက် ကျအောင် စီစဉ်သည်။

လူထောင်ကျရုံသာမက ရှိသမျှပစ္စည်းအားလုံးကိုလည်း သိမ်းယူဖို့ စီမံသလား မသိ။ ကျွန်တော့်အိမ်၊ ကျွန်တော့်ခြံဝွ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလိုက်ပြီး ဓာတ်ပုံရိုက်သည်။ ကိုယ့်ရဲဘော်ရဲဘက်အချင်းချင်းလို့ သဘောမထား။ ရန်သူလို သဘောထားလုပ်သည်။ ခြံစောင့်၊ အိမ်စောင့်များကို ကြောက်ရွံ့တုန်လှုပ်နေအောင် ခြိမ်းခြောက်ဆဲသည်။ ကျွန်တော်တို့နဲ့ အဆက်အသွယ် မလုပ်ရဲအောင်လည်း ကြိမ်းမောင်းသလားတော့ မသိ။ ခြံစောင့်တွေ ကျွန်တော့်ဆီ အဆက်အသွယ် လုံးဝမလုပ်ဝံ့ကြ။

သို့သော် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ကျေးဇူးကြောင့် မန္တလေးတိုင်းမှူး လက်ထက်တုန်းက တည်ရှိနေသော ပစ္စည်းများ အသိမ်းမခံရ။ ရန်ကုန်က ပစ္စည်းအချို့ကိုသာ သိမ်းရန် အမိန့်ပေးသည်ဟု ကြားသိရသည်။ ခွက်လက်စွဲပြီး တောင်းစားနေရသည်အထိ ကျွန်တော့်ဘဝပျက်သွားအောင် စီစဉ်နေသူများ အတော်စိတ်ပျက်သွားကြမည် ထင်သည်။ ဘာကြောင့် ဒါလောက်အထိ ကျွန်တော်ရေးရသည်ကို အနည်းငယ် ရှင်းပြလိုပါသည်။ အထက်လူကြီးများက ကျူရိုးလေးနှင့် ဆုံးမခိုင်းတာကို သူတို့လူကြီးသဘောကျအောင်၊ သူတို့မျက်နှာရအောင် ပုဆိန်နှင့်ပေါက်ကြသည့်သူများ ထောက်လှမ်းရေးအဖွဲ့တွင် အများအပြား ရှိသည်။ ကျွန်တော် ယခင်စာအုပ်တွင် မိတ္တီလာမှ မလိုလားအပ်သော ဖြစ်ရပ်အကြောင်း အပြည့်အစုံဖော်ပြခဲ့ပါသည်။ ကိုယ့်အချင်းချင်း ယူနီဖောင်း အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်နေသော တပ်မတော်တပ်ထိန်း BCMP တစ်ဦးကို သူပုန်လည်း မဟုတ်၊ ရန်သူလည်းမဟုတ် ခေါင်းအိတ်စွပ်ဖို့ လိုမည် မထင်ပါ။ ရိုးရိုးတန်းတန်း ခေါ်မေးလို့ကော မရဘူးလား။ တပ်ထိန်းရဲဘော်က အရက်လည်း သောက်မထား။ ထွက်ပြေးမည့်သူလည်း မဟုတ်။ သူတို့ရဲ့ အတွင်းစိတ်ဓာတ်ကိုက အမြဲ စိတ်ရိုင်း





ဝင်နေပုံရသည်။ တွေ့ရင် ဆော်လိုက်မည်၊ ချလိုက်မည်ဟု စဉ်းစားနေပုံရသည်။ ဘာမှ မဟုတ် ရန်ငြိုးလည်းမရှိသည့် တပ်ထိန်းရဲဘော်ကိုပင် ဤသို့ပြုမူလျှင် ရန်သူဆိုလျှင်တော့ တွေးမင် မတွေးဝံ့။ ကျွန်တော်တို့က ရန်သူမဟုတ်သော်လည်း သူတို့ အမြင်မကြည်လင်သူများဖြစ်ရာ ကျွန်တော်တို့ရှိသမျှ အကုန်သိမ်းရအောင် ကြိုးစားကြသည်။ မင်းမဲ့စရိုက်ဆန်ဆန် ဝင်ရောက်စစ်ဆေးသည်။ အကုန်ဓာတ်ပုံရိုက် တင်ပြသည်။ သူတို့အကြောင်း ရေးလို့ပင် ကုန်နိုင်မည်မထင်ပါ။ ဘာကြောင့် ကျွန်တော် ရေးခဲ့သည်ကို ရှင်းလင်းလို၍သာ ရေးခြင်းဖြစ်ပါသည်။

## ကျူပင်ခုတ် ကျူငုတ်မကျန်

ကျွန်တော် ကုန်သွယ်ရေးဝန်ကြီးတာဝန် ထမ်းဆောင်စဉ်က ကျွန်တော့်အခန်းတွင် ဗိုလ်မှူးတင်ဖေ၊ ဗိုလ်ကြီးအောင်မင်းနိုင်၊ ဗိုလ်ကြီးကျော်ကျော်ဦးနှင့် ဗိုလ်မှူးမိုးကျော်တို့ ရှိကြသည်။ ဗိုလ်မှူးမိုးကျော်က ကျွန်တော့်အမျိုးသမီးဘက်က တူအရင်း။ ကျွန်တော့်ဘက်က မြေးအရင်း။ သူ့ဘဝတစ်လျှောက်လုံး အိမ်မှာနေသည်။ အရာရှိဖြစ်ပြန်တော့လည်း ကျွန်တော့်အိမ်မှာပဲ တွဲဖက်ထားတော့ သားသမီးနှင့်မခြား အိမ်မှုကိစ္စအားလုံး လုပ်သည်။

အခြားအရာရှိတွေ စသုံးလုံးက ခေါ်ယူစစ်ဆေးစဉ်က သူမပါ။ ကျွန်တော်တို့ပြုတ်ပြီး အိမ်မှာ အကျယ်ချုပ်ခံနေရသည့်အထိ သူက ဘာမှမဖြစ်သေး။ ကျွန်တော့်အိမ်ကို လာခွင့်မရသော်လည်း အပြင်က လုပ်စရာ ရှိတာလေးတွေ လုပ်ပေးနေခဲ့သည်။ ဒါကို ထောက်လှမ်းရေးက ကျေနပ်ပုံမပေါ်။ ဗိုလ်မှူးမိုးကျော်လက်ထဲတွင်

www.burmeseclassic.com



ရှိသော Walkie-Talkie ၃ ခုကို အကြောင်းပြု၍ ခေါ်ယူစစ်ဆေးတော့သည်။ ယင်း Walkie-Talkie ၃ ခုက ကျွန်တော် ကောသောင်းရောက်စဉ်က ယာဉ်တန်းတွင် အသုံးပြုဖို့ ဝယ်လာခြင်းဖြစ်သည်။ ကျွန်တော်တို့သာ မဟုတ်။ Trader Hotel တည်ဆောက်သည့် လုပ်ငန်းများနှင့် အခြားအထပ်မြင့်အဆောက်အဦကြီးများ တည်ဆောက်ရာတွင် အများအပြား သုံးနေကြသည်။ ပုန်းလျှိုးကွယ်လျှိုးသုံးခြင်း မဟုတ်။ ပြောင်သုံးနေကြခြင်း ဖြစ်သည်။ ဘယ်သူကိုမှ အရေးမယူ၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းလည်း လုံးဝမရှိ။ ဗိုလ်မှူးအဆင့်ရှိ PSO တစ်ယောက်ကျမှ အရေးယူခြင်းဖြစ်သည်။ အဓိပ္ပာယ်မရှိသည့် လုပ်ငန်းများ မည်မျှလုပ်ကြသည်၊ မလိုတစ်မျိုး လိုတစ်မျိုး ဘယ်လောက်လုပ်ကြသည်ကို ကောင်းစွာတွေ့နိုင်ပါသည်။

ကျွန်တော့်အကြောင်း ကောင်းကောင်းစစ်သည်။ ကျွန်တော် ဒုက္ခရောက်စေမည့် အချက်အလက်များ မေးသည်။ သိက္ခာကျစေမည့်အကြောင်းများ အတင်းထွက်ဆိုနိုင်းသည်။ သူတို့မေးတာတွေက အခြေအမြစ် မရှိ၊ မမှန်ကန်တော့ ဗိုလ်မှူးမိုးကျော်က သူတို့ဆန္ဒအတိုင်း မလုပ်၊ မှန်တာတွေကိုသာ ထွက်သည်။ နောက်ဆုံး သူတို့လိုချင်တာ မရတော့ အထက်ပါ Walkie-Talkie ၃ ခု လက်ဝယ်ထားရှိမှုနဲ့ စွဲချက်တင်သည်။ အင်းစိန်ထောင် ပို့သည်။ ထောင်ထဲမှာပဲ တရားရုံးဖွဲ့စစ်သည်။ အမှုကတော့ အထက်မှာတင်ပြတဲ့အတိုင်း လမ်းလျှောက်စကားပြောစက် ၃ လုံး လက်ဝယ်ထားရှိမှုနှင့် အခြားအမှုနှစ်မှု ဆွဲထည့်ပြီး အမှုလုပ်သည်။ ချပိုက်တဲ့ပြစ်ဒဏ်က ထောင် ၁၃ နှစ်။ ပြစ်မှုနှင့်ပြစ်ဒဏ် မျှတမှု ရှိ၊မရှိ မှန်၊မမှန်





စာဖတ်သူများ စဉ်းစားသာ ကြည့်ကြပေတော့။ စစ်အာဏာသိမ်းအဖွဲ့ဝင်လည်း စစ်ခေါင်းဆောင်များရဲ့ မတရားနှိပ်စက်မှုကိုတော့ ကောင်းကောင်းခံခဲ့ရပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့မြေပေါ်မှ ဇာတ်ခုန်းများ

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံဖြစ်သည်။ ဘုရားသားတော်များ ဖြစ်ကြသော ရဟန်း၊ သံဃာများက ဗုဒ္ဓဘာသာ တည်တံ့ခိုင်မြဲ တိုးတက်အောင် တရားတော်များနှင့်အညီ အပြင်းအထန် ကြိုးစားဆောင်ရွက်တော်မူနေကြသည်။ ဗုဒ္ဓဘာသာ ကွယ်ပျောက်မှေးမှိန် မသွားအောင်လည်း နေ့မအား ညမအား ကြိုးစားအားထုတ်နေကြသည်။ အထူးသဖြင့် ငြိမ်းချမ်းသာယာသော လူနေမှုဘဝ ဖြစ်ပေါ်ရေးအတွက် တရားရေအေးများ တိုက်ကျွေးတော်မူကြသည်။

အနန္တသတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ငြိမ်းချမ်းစေဖို့၊ ဒေါသခပ်သိမ်းကင်းငြိမ်းစေဖို့၊ ဆင်းရဲခပ်သိမ်း ငြိမ်းချမ်းစေဖို့၊ နှလုံးစိတ်ဝမ်း အေးချမ်းစေဖို့ တစ်ချိန်လုံး နေ့ညမပြတ် စိတ်ကောင်းစေတနာကောင်းဖြင့် ဆုတောင်းမေတ္တာ ပို့သနေကြသည်။

ဆရာတော်ဘုရားကြီးများ၏ မေတ္တာတော်က လူအများအတွက် အလွန်ထိရောက်လှသော်လည်း အကုသိုလ်ကံ အလွန်များနေသောသူအချို့အတွက်တော့ အကျိုးသက်ရောက်မှု ဘာ့ကြောင့်





မရှိရသလဲ မသိ၊ လူတိုင်းအပေါ် အနိုင်ကျင့်ချင်သည်၊ ရန်သူမဟုတ်ဘဲ နှိပ်စက်ညှဉ်းပန်းလိုကြသည်။ အပ်နှင့်ထွင်းရမည့်ကိစ္စကို ပုဆိန်ဖြင့် ပေါက်လိုကြသည်။ ကြီးသောအမှု ငယ်စေ၊ ငယ်သောအမှု ပပျောက်စေဖို့ မကြိုးစား။ ငယ်သောအမှု ကြီးစေ၊ ကြီးသောအမှု သောက်ကျိုးနဲ့အောင် လုပ်ကြသည်။ ကိုယ်သာ ကောင်းသည်၊ ကိုယ်သာ တိုင်းပြည်အပေါ် သစ္စာရှိသည်။ လူတိုင်းကို မိတ်ဆွေလို သဘောမထား။ ရန်သူလို သဘောထားသည်။ သူတို့ကို ပေးမှ၊ စွန့်မှ၊ ဆရာတင်မှ သဘောကျသည်။ သူတို့နောက် တကောက်ကောက်လိုက်မှ ကျေနပ်သည်။ မလိုက်သူများကို ရန်သူလို သဘောထားသည်။ ကိုယ့်အလုပ်ပစ်ပြီး ဘာမှမဆိုင်ဘဲ နောက်က အမြဲလိုက်နေသူများကလည်း နည်းနည်းနောနော မဟုတ်။ ကိုယ်ကိုယ်တိုင် နေ့တိုင်း သွားရောက်ရမည့် နေရာများကိုတော့ တစ်လနေမှ တစ်ခေါက်ပင် ရောက်ပုံမပေါ်။ ၄ နှစ်၊ ၅ နှစ်သာ လုပ်သွားသည်၊ တစ်ခေါက်မှ ရောက်မသွားသည့်နေရာများပင် ရှိသည်။

ကျွန်တော်တို့ကတော့ ကိုယ့်အလုပ်ကိုသာ လုပ်သည်။ နောက်ကလည်း မလိုက်။ တပ်မမှူး၊ တိုင်းမှူး သက်တမ်းတစ်လျှောက် ဖြစ်စဉ်လေးများကလည်း ရှိခဲ့တော့ ခွင့်လွှတ်ဖို့ နေနေသာသာ အာဃာတတရား လက်ကိုင်ထားပြီး အဆင်းတွန်းချဖို့ ကြိုးစားကြတော့သည်။ တွန်းချဖို့လောက်သာ မဟုတ်၊ ဘဝတစ်ခုလုံး ပျက်ပြားသွားအောင်၊ ကုန်းကောက်စရာပင် မရှိရအောင် အကွက်ဆင်ကြတော့သည်။

ကျွန်တော့်လုပ်ငန်းတွေကလည်း မနာလိုသူများ အမြင်ကပ်အောင် အောင်မြင်တိုးတက်နေသည်။ ကုန်သွယ်ရေးဌာနအနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ယခင်ကနှင့်မတူ၊ အလွန် လုပ်ရကိုင်ရ အဆင်ပြေကြောင်း၊ ပြည်တွင်းကရော ပြည်ပကပါ ပြောကြသည်။ ပြည်ပပို့ကုန်တိုးတက်လာမှုကိုလည်း **IMF - Myanmar- Recent Economic Developments (Washing Ton DC, IMF May 1997)** က အောက်ပါအတိုင်း ဖော်ပြထားသည်။

(က) ၁၉၉၁–၉၂ တွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းတင်ပို့မှု ၉.၃% သာ ရှိသော်လည်း ၁၉၉၄–၉၅ တွင် ပြည်ပ တင်ပို့မှု အားလုံး၏ ၂၁.၆% ရှိခဲ့ကြောင်း။

(ခ) ဆန်နှင့်ဆန်ထွက်ပစ္စည်းတင်ပို့မှု တန်ချိန်အားဖြင့်ဆိုလျှင် ၁၉၉၁–၉၂ တွင် ၁၈၃,၀၀၀ တန်၊ ၁၉၉၂–၉၃ တွင် ၁၉၈,၈၀၀ တန်၊ ၁၉၉၃–၉၄ တွင် ၂၁၆,၁၀၀ တန်၊ ၁၉၉၄–၉၅ တွင် တန်ချိန် တစ်သိန်း ကျော် (၁,၀၄၁,၀၀၀) ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း။

(ဂ) ငါး၊ ပုစွန်၊ တင်ပို့ရောင်းချနိုင်မှုများလည်း ၁၉၉၁–၉၁ တွင် ပြည်ပတင်ပို့မှုအားလုံး၏ ၁.၃ % သာ ရရှိခဲ့ရာမှ ၁၉၉၄–၉၅ တွင် ၁၃.၁ % ရှိခဲ့ကြောင်း။

(ဃ) တန်ချိန်အားဖြင့်ဆိုလျှင် ၁၉၉၁–၉၂ တွင် ၁၀,၃၀၀ တန်၊ ၁၉၉၂–၉၃ တွင် ၁၃,၅၀၀ တန်၊ ၁၉၉၃–၉၄ တွင် ၂၃,၂၀၀ တန်၊ ၁၉၉၄–၉၅ တွင် တန်ချိန် တစ်သိန်းနီးပါး ၉၆,၇၀၀ တန် တင်ပို့နိုင်ခဲ့ ကြောင်း။

မြန်မာနိုင်ငံအတွက် အဓိကပို့ကုန်ဖြစ်သည့် ဆန်တင်ပို့မှုမှာ သိသိသာသာ တိုးတက်လာခဲ့ကြောင်း။ ၁၉၉၁–၉၂ မှ ၁၉၉၃–၉၄ အတွင်း နှစ်စဉ် ပျမ်းမျှ တန်တန်ချိန် ၂ သိန်းကျော် (၂၁၄,၃၀၀)





သာ တင်ပို့နေခဲ့ရာမှ ၁၉၉၄–၉၅ ခုနှစ်တွင် ဆန်တန်ချိန် တစ်သန်း ကျော်အထိ (၁,၀၄၁,၀၀၀) ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်ဟု ဖော်ပြထားသည်။

အလားတူပင် ရေထွက်ပစ္စည်းကိုလည်း ၁၉၉၁–၉၂ တွင် တန်ချိန် ၁၀,၃၀၀ သာ တင်ပို့နိုင်ခဲ့သော်လည်း ၁၉၉၄–၉၅ ခုနှစ်တွင် တန်ချိန် ၉၆,၇၀၀ ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်ဟု ဖော်ပြထားသည်။ (ရေထွက်ပစ္စည်း တိုးတက်တင်ပို့နိုင်သည်မှာ ကျွန်တော် ဥက္ကဋ္ဌလုပ်သော ပင်လယ်ရေထွက်ပစ္စည်း တိုးတက်ထုတ်လုပ်ရေး ကော်မတီ၏ ဆောင်ရွက်ချက်ကြောင့်ဖြစ်သည်။)

ထို့ပြင် အောက်ပါလုပ်ငန်းအသီးသီး၏ အောင်မြင်မှုများကြောင့် မနာလို၊ ဝန်တိုမှုများ၊ မရှုစိမ့်မှုများလည်း ရှိသည်ထင်ပါသည်။

(က) **ဘာသာရေး**

ဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့များ စေလွှတ်ရာတွင် အောင်မြင်မှုများရနေခြင်း။

(ခ) **ကျန်းမာရေး**

ကရုဏာဖောင်ဒေးရှင်း၏ ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အထူးအောင်မြင် ကျော်ကြားနေခြင်း။

(ဂ) **ပညာရေး**

တက္ကသိုလ်၊ ကောလိပ်များတွင် တက်ရောက်ကြမည့် ဆင်းရဲနွမ်းပါးပြီး ပညာထူးချွန်သည့် ကျောင်းသူ ကျောင်းသား ၃၀၀ (နောက်နှစ်တွင် ၅၀၀) ကို တစ်လလျှင် ကျပ် ၉၀၀



www.burmeseclassic.com

www.burmeseclassic.com



နှန်းဖြင့် ထောက်ပံ့ရန် စီစဉ်နေခြင်းသည် ပညာရေးကော်မတီ၏လုပ်ငန်းကို ဝင်ရောက်စွက်ဖက်ရာရောက်ခြင်း။

(ယ) **လူမှုရေး**

အခြားဝန်ကြီးဌာနများနှင့်မတူ ရွှေစက်တော်၊ ပုဂံ၊ ကျိုက်ထီးရိုး စသည့်ဒေသများသို့ ဝန်ထမ်းများအား ပို့ဆောင်ပေးခြင်း။ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်ပေးခြင်း။

(ဃ) **အထွေထွေ**

မြန်မာ့ကုန်စည်ပြပွဲများ နှစ်စဉ် အောင်မြင်စွာ ကျင်းပပေးခဲ့ခြင်းကြောင့် ကုန်သွယ်မှုလုပ်ငန်းများ သိသိသာသာ တိုးတက်ဖြစ်ထွန်းလာခြင်း။

(စ) **ပင်လယ်ရေထွက်ပစ္စည်း တိုးတက်ထုတ်လုပ်ရေး ကော်မတီ**

မိမိဦးစီးဆောင်ရွက်နေသည့် ပင်လယ်ရေထွက်ပစ္စည်း ထုတ်လုပ်ရေးကော်မတီ၏ လုပ်ငန်းများ အထူးအောင်မြင်နေခြင်း၊

(ဆ) **ဆန်တန်ချိန် တစ်သန်းတင်ပို့ခြင်း**

မကြုံစဖူး ထူးထူးကဲကဲ ဆန်တန်ချိန် တစ်သန်းကျော် အောင်မြင်စွာ တင်ပို့ရောင်းချနိုင်ခဲ့ခြင်း စသည့် ကျွန်တော့် အောင်မြင်မှုများသည် ကျွန်တော်တို့၏ ဘဝအတွက် ကောင်းကျိုးမပေး။ ကျွန်တော်တို့ကို မလိုလားသူများအတွက် တွန်းအားပေးသလို ဖြစ်သွားသည် ထင်ပါသည်။





ကျွန်တော်နှင့် ဒုဗိုလ်ချုပ်ကြီးမြင့်အောင်တို့ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုလို ခင်သည်။ တိုင်းမှူးဘဝမှာတည်းက တစ်ဦးနှင့်တစ်ဦး အပြိုင်လုပ်ကြသည်။ (ကောင်းသောယှဉ်ပြိုင်ခြင်း)။ ဝန်ကြီးဘဝမှာလည်း အလားတူပင်၊ သူ့ထက်ငါ သာအောင် လုပ်သည်။ ကျွန်တော်တို့ ၂ ဦးကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း အတော်သဘောကျသည်။ အမြဲတမ်း နှုတ်ဖြင့် လူစုံလျှင် ချီးမွမ်း ပြောကြားသည်ဟုလည်း သိရသည်။ နောက် ကျွန်တော်တို့ ၂ ဦးကို ဒုတိယဝန်ကြီးချုပ်တာဝန်ပေးဖို့ စီစဉ်သည်ဟုလည်း လာပြောသူ ရှိသည်။

အထက်တွင် ဖော်ပြထားသလို ဒုတိယဝန်ကြီးချုပ် ပေးဖို့ဆိုသည့်သတင်းက ကျွန်တော်တို့အတွက် ဒုက္ခပေးမည့် အမင်္ဂလာသတင်း ဖြစ်သွားသည်။ ကျွန်တော်တို့ကို ဒုတိယဝန်ကြီးချုပ်မပေးလိုသည့်အဖွဲ့က အစီအစဉ်ပျက်အောင် ကြိုးစားတော့သည်။ စနစ်တကျ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး စိမံချက်ရေးဆွဲကာ ကျွန်တော်တို့ကို ချနိုင်မည့် အကြောင်းအချက်များ၊ ကျွန်တော်တို့ရဲ့အမှားများ၊ အားနည်းချက်များ ရှာတော့သည်။ တကယ်တော့ သိပ်ရှာဖို့လည်း လိုမည်မထင်ပါ။ သူတို့ထံတွင် ကျွန်တော်တို့ တိုင်းမှူး၊ တပ်မမှူးများ၏ အချက်အလက်များရှိပြီး ဖြစ်သည်။ သို့သော် ကျွန်တော်တို့ကို ပြုတ်သွားအောင် လုပ်ဖို့လောက်တော့ အချက်အလက်များက မပြည့်စုံ။ လူကြီးထံ ပြည့်ပြည့်စုံစုံ ဟုတ်တာရော၊ မဟုတ်တာပါ တင်ပြနိုင်ဖို့ အရေးကြီးသည်။ ကျွန်တော်တို့ပြုတ်ဖို့အရေး ဘာဖြစ်ဖြစ် လုပ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ငရုံခန်းဓာတ်လမ်း၊ နိဒါန်းစပြီ

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ငရဲခန်းတွေ အများကြီးရှိသည်။ မြို့ကြီးတိုင်းမှာ ရှိသည်။ အကြီးအသေးသာ ကွာမည်။ ညှဉ်းပန်းနှိပ်စက်နိုင်သည့် စွမ်းအားကတော့ သိပ်မထူးခြား။ ဝင်သွားမိရင်တော့ သေပြီသာ မှတ်ပေတော့။ ရက်စက်တဲ့နည်းများက စုံလှသည်။ ဂျပန်နည်းလည်း ရှိသည်။ အမေရိကန်တို့၊ ဂျာမနီတို့ နည်းလည်း ရှိသည်။ အချို့စစ်ရင်း ဆေးရင်း အသက်ဆုံးရှုံးသွားခဲ့ရသူတွေလည်း ရှိသည်။

ဒီနေရာမှာတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ သူက ကိုထွန်းကြည်လူတွေကို ကြိုက်တဲ့နည်းနဲ့ ပေါ်အောင်စစ်၊ အသားတော့ မထိစေနဲ့လို့ ပြောသည်ဟု ကြားရသည်။ ဒါကြောင့် ရိုက်တာ၊ နှက်တာတော့ လုံးဝမရှိ။ အခြားစစ်နည်းများကတော့ အများကြီး။ တစ်မျိုးမဟုတ် အမျိုးပေါင်း များစွာဖြစ်သည်။

## တပည့်တွေ တစ်ယောက်ပြီး တစ်ယောက်

ရှေးဦးစွာ ကျွန်တော့်တပည့်တွေဖြစ်တဲ့ ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်၊ ညွန်ကြားရေးမှူးချုပ်၊ အတွေတွေ မန်နေဂျာများဖြစ်တဲ့ ဗိုလ်မှူးတင်ဖေ၊ ဗိုလ်ကြီးကျော်ကျော်ဦး၊ ဗိုလ်ကြီးအောင်မင်းနိုင်တို့ စသုံးလုံးက ခေါ်စစ်သည်။ တကယ်တော့ သူတို့က အဓိကပစ်မှတ် **Target** မဟုတ်။ ကျွန်တော့်ကိုချဖို့ အချက်အလက် ရှာခြင်း ဖြစ်သည်။ အချက်အလက် တည်ဆောက်သည်ဟု ဆိုလျှင် ပိုမှန်ပါမည်။ ကျွန်တော့်ကိုချဖို့ အချက်အလက်က သူတို့ထံမှာ လုံလုံလောက်





လောက် မရှိသေးတော့ ကျွန်တော့်တပည့်တွေကို ခေါ်ယူညှဉ်းပန်း အကျပ်ကိုင် စစ်ဆေးပြီး သူတို့လိုချင်တဲ့သတင်းတွေ ညှစ်ယူသည်။ ညှစ်လို့မရတော့ အားလုံး အင်းစိန်ထောင်ပို့သည်။ ထောင် တစ်သက်တစ်ကျွန်း။ အချို့က နှစ်ကျွန်း ပြစ်ဒဏ်ချသည်။ ထောင်ဒဏ် အနှစ်တစ်ရာကျော် ခံရသူတွေလည်း ပါသည်။ နိုင်ငံတော်ကို ပုန်ကန်သူလည်း မဟုတ်၊ လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှုလည်း ကျူးလွန်သူများ မဟုတ်။ နည်းမှန် လမ်းမှန် ဥပဒေအတိုင်း မဟုတ်။ ကျွန်တော်တို့လူကြီးတွေက ခိုင်းတဲ့အတိုင်း တရားသူကြီးက ချကြရသည်။ လိုတစ်မျိုး မလိုတစ်မျိုး ကျွန်တော့်တပည့်တွေနဲ့အတူတူ လုပ်သူအချို့ကျတော့ ဘာမှ အရေးမယူ။ ဝန်ကြီးကို ဘာမှ မပေးရပါဘူး။ ... ကိုသာ ပေးရတာပါလို့ နာမည်နှင့်တကွ ထွက်လိုက်ရင် ချက်ချင်း ရပ်ခိုင်းသည်။ **Topic** ပြောင်းသွားသည်။ အတော်တရားတဲ့သူတွေ၊ အံ့သြလို့ပင် မကုန်နိုင် ဖြစ်ရသည်။

ကျွန်တော့်တပည့်တွေကတော့ စသုံးလုံးမှာ ထမင်းအငတ်ထားတာတို့၊ ညမအိပ်ရအောင် လုလဲပြီး စစ်တာတို့၊ စကောစကကုလားထိုင်ပေါ်မှာ သွေးတောင့်အောင် ထိုင်ခိုင်းထားတာတို့၊ အမျိုးမျိုးခြိမ်းခြောက်ပြီး စစ်တာတို့၊ အလူးအလဲ ခံခဲ့ကြရပါသည်။ ငွေတွေလည်း သူတို့ထင်သလို စစ်ပြီး၊ လျော်ခိုင်းတယ်။ လွတ်ချင်တော့ သူတို့ပြောသမျှ၊ သူတို့ခိုင်းသမျှ လုပ်ကြရတယ်။ မဟုတ်မမှန် လက်မှတ်ထိုးဆိုရင်လည်း ထိုးပေးရတယ်။ အင်းစိန်ထောင် ရောက်တော့လည်း တိုက်ပိတ်တာတို့၊ ခွေးတိုက်မှာ ထားတာတို့၊ အမျိုးမျိုး နည်းပေါင်းစုံနဲ့ နှိပ်စက်တော့တာပါပဲ။ ထောက်လှမ်းရေးရဲ့ ညှဉ်းပန်းတဲ့ဒဏ်ကို အလူးအလဲ နှစ်ရှည်လများ ခံခဲ့ကြရရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသမီးငယ်များလည်း ဧရာခန်း ရောက်ခဲ့ရသည်

ကျွန်တော့်တပည့်တွေ စစ်ရုံနဲ့ သူတို့လိုချင်တဲ့ အချက်အလက်၊ သက်သေအထောက်အထား မရလို့လား သို့မဟုတ် ကျွန်တော့်ဂုဏ်သိက္ခာကို ထိခိုက်အောင်လားတော့ မသိ။ ကျွန်တော့်ရုံးက အမျိုးသမီးလေးတွေကို တစ်ယောက်ပြီး တစ်ယောက်ခေါ်စစ်သေးသည်။

## ဦးခေါင်း အိတ်စွပ်ခြင်း

ဝသီပါနေလို့လား မသိ။ ကိုယ့်ညီမအရွယ် အမျိုးသမီးငယ်လေးများကို ခေါင်းအိတ်စွပ်ပြီး ခေါ်သည်။ သူတို့က ပြစ်မှုကျူးလွန်သူများလည်း မဟုတ်။ ထွက်ပြေးမည့်သူလည်း မဟုတ်။ ခေါင်းအိတ်စွပ်ဖို့ လိုသလား။ တမင်ကြောက်လန့်အောင် လုပ်ခြင်းဖြစ်သည်။ စသုံးလုံးရောက်တော့လည်း နည်းမျိုးစုံဖြင့် ကြောက်အောင် ခြောက်သည်။ သူတို့လိုချင်တာ မရမချင်း တစ်ညလုံးလူလဲနှင့်စစ်သည်။ အစားအစာလည်း ကောင်းကောင်း မကျွေး။ အခြားလူတွေက အကုန်ထွက်ဆိုပြီးပြီ။ မင်းမထွက်ရင် ဘယ်တော့မှ ပြန်မလွှတ်ဘူး။ မင်းအမေနဲ့လည်း ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ စသည်ဖြင့် ကိုယ်ရောစိတ်ပါ အမျိုးမျိုးကျအောင် လုပ်သည်။ အမျိုးသမီးငယ်များဖြစ်၍ သူတို့ရဲ့ဒဏ်ကို ကြာရှည်မခံနိုင်ကြ။ သူတို့ခိုင်းတဲ့အတိုင်း လုပ်ကြ ထွက်ဆိုကြရတော့သည်။ အကြောက်တရားကြောင့် အရှက်တရား နောက်မှာထားပြီး မမှန်မကန် ထွက်ဆိုကြရသည်။





## အမျိုးသမီးလေးတွေ စစ်တာ ကျွန်တော့်သိက္ခာချဖို့ပါ

ထောက်လှမ်းရေးရဲ့ ရည်ရွယ်ချက်က ကျွန်တော့်ကို ထောင်ကျစေချင်သည်။ သိက္ခာလည်း ကျစေချင်သည်။ ပစ္စည်းဥစ္စာလည်း အကုန်သိမ်းလိုသည်။ သို့သော် ကျွန်တော့်တပည့်တွေ စစ်တာရော၊ ကုန်သည်တွေ စစ်တာရော၊ ကရုဏာဖောင်ဒေးရှင်း စစ်တာရော၊ ကျွန်တော်နဲ့ပတ်သက်လို့ ငွေရေးကြေးရေးကိစ္စ အရှုပ်အရှင်း ဘာမှမတွေ့ရ။ ကျွန်တော်က ငွေရအောင် အလှူခံသည်။ သို့သော် ငွေ လုံးဝမကိုင်၊ စာရင်းလည်း မကိုင်။ ရန်ပုံငွေ အခြေအနေပေါ် မူတည်ပြီး သုံးစွဲရန်သာ ခိုင်းခဲ့သည်။ ငွေကိစ္စပြဿနာ ရှာမရတော့ ပြည်မြန်မာကုန်တိုက် တည်ဆောက်ရာတွင် ငွေ ၁၅ သိန်း အလွဲသုံးစားလုပ်သည်ဟု စွဲနိုင်အောင် စီစဉ်သည်။ ဗိုလ်ကြီးအောင်မင်းနိုင်ကို အတင်းအကျပ် လက်မှတ်ထိုးခိုင်းသည်ဟု သိရသည်။

ယခု အမျိုးသမီးငယ်လေးများကို ကျွန်တော်နှင့် မရှင်းမရှင်းဖြစ်ခဲ့ပါသည်ဟု ထွက်ဆိုအောင် အတင်းနည်းမျိုးစုံနှင့် စစ်သည်။ အမျိုးမျိုးခြိမ်းခြောက်ပြီး ရက်ရှည်လများ စစ်ဆေးသည်။ ကျွန်တော်နှင့် ဖြစ်ပါသည်ဟု လက်မှတ်ထိုးမှ လွှတ်ပေးမည်ပြောကြောင်း၊ သူတို့လည်း ရက်ကြာလာတော့ ကြောက်ရွံ့ပြီး လက်မှတ်ထိုးခဲ့ရကြောင်း ကျွန်တော့်လာ ရှင်းပြကြသည်။

## ကာလဝိပါက် နောက်ပိုးတက်

ကျွန်တော်တို့ဗုဒ္ဓဘာသာက သတ္တဝါတွေ အေးချမ်းအောင် ပွဲဘောင်ကြီး သာယာဝပြော အဆင်ပြေအောင် အမြဲနည်းလမ်းတွေ ပြပြသည်။ မြင်ရုံနဲ့ သိရှိသဘောပေါက်မည့် အဆိုအမိန့်များကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်ကူကူ မြင်တွေ့နိုင်အောင် နေရာတိုင်းမှာ ရေးသားထားကြသည်။ "ကာလဝိပါတက် နောက်ပိုးတက်" အပြင် "ဝဋ်မှာအမြဲ၊ ငရဲမှာအပ" စသည့် အဆိုအမိန့်များမှာ အလွန်ခေတ်စားထင်ရှားသည်။ လူတိုင်းလည်း နားလည်သည်။ နားလည်သိရှိသဖြင့် မကောင်းတာ မလုပ်၊ ကောင်းသောအလုပ်ကိုသာ လုပ်သူများရှိသည်။ တတ်နိုင်သမျှ အကုသိုလအလုပ်ကို ရှောင်ရှားကြသည်။

သို့သော် ဝါသနာပဲ ပါလာလို့လား၊ ဗီဇကပဲ မကောင်းခဲ့လို့လားတော့ မသိ။ တွေ့ရင် သတ်ချတ်၊ ဖြတ်ချင်၊ နှိပ်စက်ချင်၊ သူတစ်ပါး စိတ်မချမ်းသာအောင် လုပ်ကိုင်ချင်သူများကတော့ အတော်များသေးသည်။ တာဝန်အရ လုပ်ရသူများလည်း ရှိတော့ရှိပါလိမ့်မည်။ သူတို့မှာ ကိုယ်ချင်းစာတရား လုံးဝမရှိ။ ဗုဒ္ဓဘာသာတရားတော်အရ တူသောအကျိုး ခံစားရနိုင်တယ်ဆိုတာ သူတို့သိပုံမပေါ်။ "ဝဋ်မှာအမြဲ၊ ငရဲမှာအပ" လို့ ဘယ်လိုပဲပြောပြော၊ ဘယ်လိုပဲဟောဟော၊ သူတို့ ဂရုမစိုက်။ သူတို့နိုင်ရင် အကုန်ကျဲသည်။ သူတို့ရဲ့ဒဏ် မရှုမလှ ခံကြရသူတွေကတော့ ဒုန်းဒေး၊ ကျွန်တော့်တပည့်တွေ၊ ကျွန်တော့်တပည့်မလေးတွေ သူတို့ရဲ့ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို အတော်ခံကြရရှာသည်။ အားလုံးက ရန်ကုန်မြို့ကြီးရဲ့အလယ် စသုံးလုံးရုံးချုပ်တွင် စိတ်ထောင်းကိုယ်ကျေ ဖြစ်ခဲ့ကြရရှာသည်။

### အင်းစိန် နရသိန် ငရဲခန်း

တပည့်များကတော့ မြို့လယ်က ငရဲခန်းမှာတင် အားမရ။ အင်းစိန်ထောင်ကြီး ပို့သည်။ ဥပဒေနှင့် မညီ၊ တစ်ဖက်သတ်





စစ်ဆေးသည်။ ပြစ်မှုကို မကြည့်၊ အမြင်ကပ်တဲ့ ပုဒ်မနဲ့ ထောင်ဒဏ် 'နှစ်' ရာကျော် ချသည်။ တစ်ကျွန်းမဟုတ် နှစ်ကျွန်းကျသူပါ ရှိသည်။ တပ်မတော်က အရာရှိ စစ်သည် ရာကျော်သတ်ဖြတ်ခဲ့သည့် စေတုတ္တရာမြို့အပါအဝင် အစိုးရတပ်စခန်းများစွာ တိုက်ခိုက်သိမ်းဆည်းခဲ့သည့် ဗမာပြည်ကွန်မြူနစ် ပါတီမှ ဗိုလ်သက်ထွန်းလိုလူကိုပင် အလင်းဝင်လာတော့ ထောင်မကျ၊ အလုပ်ပင် ပေးထားခဲ့သေးသည်။ ဗိုလ်သက်ထွန်း မိန်းမငယ်ငယ်လေးယူပြီး မြို့ပေါ်ကားတဝီဝီနှင့် သွားနေတာ ကျွန်တော်တို့ တွေ့ရသေးသည်။ ကျွန်တော်တို့တပည့်တွေက ဗိုလ်သက်ထွန်းလောက် တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာမဲ့ခဲ့သလား။ သူတို့ ဘာအမှားတွေ လုပ်ခဲ့သလဲ၊ သူတို့လုပ်ခဲ့တဲ့ စီးပွားရေးသောင်းကျန်းမှုဆိုတာက ဒီနေ့ အားလုံးလုပ်နေကြတဲ့သူတွေနဲ့ သိပ်မကွာပါ။ ဒီနေ့ စစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး စနစ်တကျစစ်ရင် တိတိကျကျ သိနိုင်ပါတယ်။ သူတို့နဲ့ သူမသာ၊ ကိုယ်မသာဘဲ နေမှာပါ။ အခုအချိန် စစ်ရင်တော့ ပိုထူးခြားမှာပေါ့။ ဘာကြောင့်လဲဆိုတော့ သူတို့က သူတို့က နှစ်ပေါင်း ၂၀ လောက်ဆက်ပြီး စီးပွားရေးသောင်းကျန်းခွင့် ရနေလို့ပါပဲ။ ယနေ့အထိ ရသမျှအခွင့်အရေး ယူနေကြတုန်းပါပဲ။ ဥစ္စာပစ္စည်းကလည်း ကျိကျိတက်၊ ထားစရာနေရာတောင် ရှိမှာမဟုတ်ကြတော့ပါဘူး။ ဒါပေမဲ့ သူတို့ကတော့ ကုသိုလ်ကံ ကောင်းနေဆဲပါ။ သို့သော် မကြာမီ ကံဆိုးမယ့်အရိပ်အယောင်တွေ မြင်နေရပါပြီ။ သူတို့လုပ်ခဲ့တဲ့ အကုသိုလ်ကံရဲ့ဆိုးကျိုးက သူတို့အိမ်ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့မှာ မမြဲကြီးလက်ခတ် မလွဲပါ။



www.burmeseclassic.com

www.burmeseclassic.com



## ရေကြည်အိုင် (သို့) မင်္ဂလာဒုံက ငရဲခန်း

ကျွန်တော့်တပည့်တွေ အင်းစိန်ထောင်ကြီးမှာ နှိပ်စက်မှု အမျိုးမျိုးနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ ကျွန်တော့်ကိုလည်း အလွတ်မပေး။ အိမ်မှာ အကျယ်ချုပ်နဲ့ ၂ လလောက်ထားသည်။ ဘယ်မှ မသွားရ။ ဆံပင်ညှပ်ဆရာလည်း ခေါ်ခွင့်မရှိ။ မီး ရေ လေ ပျက်ရင် ကိုယ်တိုင်လုပ်ရသည်။ မီးသမားတို့၊ ရေသမားတို့၊ လက်သမားတို့ဆိုလျှင် လာလမ်းသာရှိသည်။ ပြန်လမ်းမရှိ။ လာပြီး ပြန်သွားသူဟူသမျှ အကုန်ဖမ်းသည်။

ယုတ်စွအဆုံး ၂ နှစ်ပင် မပြည့်သေးသော ကျွန်တော့်မြေးကလေး သူ့အမေနဲ့ အပြင်ပါသွားရာမှ အပြန်ပါမလာရင် စစ်ဆေးတော့သည်။ ဒီ ၂ နှစ် ကလေးက ဘာလုပ်မှာမို့လဲ။ သက်သက်စိတ်အနှောင့်အယှက် လုပ်ကြခြင်းဖြစ်သည်။

နောက် ကျွန်တော့်အတွက် စွဲချက်များ အပြည့်အစုံ ပြင်ဆင်ပြီးလို့လား မသိ၊ တစ်ညနေ ရေကြည်အိုင် ခေါ်သွားသည်။ သူတို့ခေါ်မယ်ဆိုတာ ကျွန်တော် တွေးထားပြီးသား။ ကြိုတင်ပြင်ဆင်ထားပြီးသား။ ဘာမှပြဿနာ မရှိ။ စိုးရိမ်စိတ်လည်း မရှိသော်လည်း ကျွန်တော့်ဇနီးနဲ့ ကျွန်တော့်သမီးများကတော့ အတွေ့အကြုံလည်း မရှိ၊ အမျိုးသမီးများရဲ့ သဘာဝအရ အလွန်စိုးရိမ်ကြသည်။ ပူဆွေးသောက ရောက်ကြရှာသည်။ မအိပ်နိုင်၊ မစားနိုင်၊ ဘုရားရှေ့ထိုင်ရင်း အချိန်ကုန်ကြရှာသည်။ ကျလိုက်ကြရတဲ့ မျက်ရည်ကတော့ နည်းနည်းနောနော ဟုတ်မည်မထင်။ ထောက်လှမ်းရေးရဲ့ ဒဏ်၊ ကျွန်တော်တို့ လူကြီးတွေရဲ့ဒဏ် အတော်ခံခဲ့ကြရသည်။ ဒီဒဏ်တွေ သူတို့ မခံကြရပါစေနဲ့လို့တော့ ဆုတောင်းခဲ့ရသည်။ ကျွန်တော့်





ဆုတောင်း ဘယ်လောက်ပြည့်သလဲတော့ ကျွန်တော် မသိ။ ထောက်လှမ်းရေးအဖွဲ့အားလုံး လူ ၅၀၀၀ လောက် ရှိမည်ထင်သည့် ပြုတ်သူပြုတ်၊ ထောင်ကျသူ ကျ၊ မိသားစုတွေပါ ကမ္ဘာပျက်သွားသည်။ ကျွန်တော်ခံရတာက လူ ၄၊ ၅ ယောက်၊ ၁၀ ယောက်ပင် မပြည့်၊ သူတို့က ၅၀၀၀ ကျော်။ ဒီစာဖတ်သူတွေအားလုံး တရားရစေချင်ပါသည်။ ဒီလိုအဖြစ်မျိုး ဘယ်သူ့မှ မဖြစ်စေချင်ပါ။ ဘာလုပ်လုပ် လုပ်သမျှ တူသောအကျိုး ခံစားရမည်။ မကောင်းတာလုပ်ရင် မကောင်းတာ ခံရမည်။ ကောင်းတာလုပ်မှ ကောင်းကျိုးရမည်။ "ကာလဝိပါက်၊ နောက်ပိုးတက်" ဆိုတဲ့ စကားပုံရှိနေတာကို ဘယ်တော့မှ မမေ့သင့်။ "ဝဋ်မှာအမြဲ၊ ငရဲမှာအပ" ဆိုသလို ဝဋ်ကတော့ ဘယ်တော့မှ မပျောက်။ ယခုဘဝ မခံရလျှင် နောက်ဘဝခံရမှာ သေချာသည်။

ကျွန်တော်လည်း ရှေးဘဝ ဘဝတွေက ဝဋ်ကြွေးကြောင့် ရေကြည်အိုင်တွင် ၅ ရက်ခန့် အချုပ်အချယ် ခံခဲ့ရသည်။ ငရဲခန်းတွင်းတော့ မသက်ဆင်းခဲ့ရ။ နာမည်သင်းသလောက် သတင်းကြီးသော ရေကြည်အိုင်အကြောင်း ကောင်းကောင်း မသိခဲ့ရ။ သူတို့ လုပ်ကြံပြုစုထားသော နှစ်ပေါင်းတစ်ရာခန့် ထောင်ကျနိုင်သော ပုဒ်မ ၁၃ ခုပါ စွဲချက်ကို ဟုတ်ပါသည်ဟု ဝန်ခံကတိလက်မှတ်ထိုးပြီး ပေးလိုက်မှ အိမ်ပြန်ခွင့်ရခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဤမှာပင် ဒုဗိုလ်ချုပ်ကြီးထွန်းကြည်၏ ဖော်ပြချက်များ ပြီးဆုံးပါပြီခင်ဗျာ။ ဆက်လက်၍ ထောက်လှမ်းရေးတပ်ဖွဲ့ကြီး ပြိုကွဲသွားရခြင်းအကြောင်းကို ဖော်ပြပါမည်။

မိသောင်းဝေဦး
၁၉. ၇. ၂၀၁၆



## အခန်း ( ၈ )
## တပ်မတော်ထောက်လှမ်းရေး ပြိုကွဲသွားခြင်း

နဝတ၊ နယကခေတ်မှာ အလွန်လက်စောင်းထက်ခဲ့သော တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့ကြီးသည် ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်တွင် လုံးဝအပြီးအပိုင် ဖျက်သိမ်းခြင်းခံရ၏။ လက်စတုန်း ချေမှုန်းခြင်းခံရ၏။ ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းလင်းခြင်းခံရ၏။

ထိုကိစ္စနှင့်ပတ်သက်ပြီး အမှန်နှင့် အနီးစပ်ဆုံး သုံးသပ်ရေးသားသွားသူမှာ ထောက်လှမ်းရေးအရာရှိဟောင်း နေရီ (ဗိုလ်ကြီးရဲမိုးဟု ပြောကြပါသည်) ဖြစ်ပါသည်။ **'စစ်ထောက်လှမ်းရေးအရာရှိဟောင်းတစ်ဦး၏ နိုင်ငံရေး အယူအဆများ'** စာအုပ်ပါ 'တပ်မတော်ထောက်လှမ်းရေး ဘာ့ကြောင့်ပြိုကွဲခဲ့ရသလဲ' စာတမ်းမှာ အလွန်ဖတ်လို့ကောင်း၍ အတွင်းရေးများ ပါရှိပြီး အဖြေမှန်နှင့် အလွန်နီးစပ်သဖြင့် ယခုစာအုပ်တွင် ထည့်သွင်းဖော်ပြလိုက်ပါသည်ခင်ဗျာ။

သောင်းဝေဦး
၁၈. ၇. ၂၀၁၆



www.burmeseclassic.com

www.burmeseclassic.com



## တပ်မတော် ထောက်လှမ်းရေး ဘာကြောင့်ပြိုကွဲခဲ့ရသလဲ

ရေးသူ - နေရီ

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်နေ့တွင် တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့အား ဖျက်သိမ်းခဲ့ပါသည်။

မည်သည့်အတွက်ကြောင့် တပ်မတော်ထောက်လှမ်းရေးအား ဖျက်သိမ်းခဲ့ရသည်ကို ပြည်သူများကြားဝယ် ထင်ကြေးအမျိုးမျိုး အဖုံဖုံတို့ဖြင့် ယနေ့ထက်တိုင်အောင် ဝိဝါဒကွဲပြားလျက် ရှိနေပါသေးသည်။

သမိုင်းစာတမ်းတစ်စောင်အဖြစ် မရည်ရွယ်သော်လည်း ဖြစ်စဉ်တစ်ခုလုံး၏ အငွေ့အသက်ကိုတော့ အနည်းငယ် ခန့်မှန်းချင့်တွက်နိုင်ကြရန်အလို့ငှာ ဤဆောင်းပါးငယ်ကို ရေးသားအပ်ပါသည်။

၁၉၈၈ ခုနှစ် တပ်မတော်မှ အာဏာကိုလွှဲယူပြီးချိန်တွင် တပ်မတော်ထောက်လှမ်းရေး၏ အခန်းကဏ္ဍမှာ ဝုန်းခနဲ ရှေ့တန်းသို့ ရောက်ရှိလာပါသည်။

ထိုသို့ နေရာယူလာရသည့် အကြောင်းအချက်များတွင် ...

အခြားထောက်လှမ်းရေးအဖွဲ့များဖြစ်သော စသုံးလုံး သတင်း





တပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့များအား လိုအပ်သလို ကွပ်ကဲထိန်းချုပ်ထားနိုင်ရန်နှင့် နယ်မြေခံ ဒေသအာဏာပိုင်များအား **Check & Balance** လုပ်နိုင်ရေး၊

နိုင်ငံရေးအံတုမှုများအား စနစ်တကျ ထိန်းချုပ်ထားနိုင်ရေးတို့သည် အဓိကအချက်များအဖြစ် ပါဝင်ခဲ့ပါသည်။

အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ဖွဲ့စည်းပုံအရ ဥက္ကဋ္ဌမှာ ဝန်ကြီးချုပ်ဖြစ်ပြီး အတွင်းရေးမှူးမှာ ပြည်ထဲရေးဝန်ကြီး ဖြစ်ပါသည်။

သို့သော်လည်း တပ်မတော်မှ အာဏာကိုလွှဲယူထားချိန်တွင် အဆိုပါရာထူးများမှာ တပ်မတော်သားများသာ ဖြစ်နေခဲ့သည် အတွက် ...

အမျိုးသားထောက်လှမ်းရေးအဖွဲ့ တစ်ခုလုံးမှာလည်း တပ်မတော် ထောက်လှမ်းရေး၏ ဩဇာကသာ အကြီးအကျယ် လွှမ်းမိုးနေခဲ့ပါသည်။

သို့အတွက် တပ်မတော်ထောက်လှမ်းရေးအား ဖျက်သိမ်းခဲ့ချိန်တွင် အမျိုးသားထောက်လှမ်းရေး အဖွဲ့ကြီးကိုပါ တစ်ပါတည်း ဖျက်သိမ်းခြင်းခံခဲ့ရပါသည်။

တပ်မတော် ထောက်လှမ်းရေး ပြိုကွဲခဲ့ရသည့် အဓိက အမှားကြီး ၃ ချက် ရှိပါသည်။

၁။ တပ်မတော်၏အခြားတပ်ဖွဲ့များ၊ နယ်ဘက်အုပ်ချုပ်ရေး ယန္တရားတို့နှင့် သဟဇာတမဖြစ်ဘဲ သီးခြားကွဲထွက်နေခြင်း၊

၂။ တပ်ဖွဲ့ဝင်များ၏ မသမာခြစားမှုနှင့် မောက်မာမှုများအား ထိထိရောက်ရောက် အရေးယူရန် ပျက်ကွက်ခဲ့ခြင်း၊

၃။ ထိပ်ပိုင်းဆိုင်ရာ သဘောထားကွဲလွဲမှုများတို့ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁)

## စစ်ဘက်၊ နယ်ဘက်အုပ်ချုပ်ရေးယန္တရားတို့နှင့် တစ်သားတည်းမဖြစ်တဲ့ သီးခြားကွဲထွက်နေခြင်း

တပ်မတော် ထောက်လှမ်းရေး၏ ထိုစဉ်ကဖွဲ့စည်းပုံမှာ -

ဌာနချုပ်ရုံးတစ်ခု၊ ဗိုလ်မှူးကြီး၊ တပ်မှူး၊ ဦးစီး၊ တန်ပြန်ထောက်လှမ်းရေးတပ်ကြီး ၃ ခု၊

ဒုတိယဗိုလ်မှူးကြီး ဦးစီးလုံခြုံရေးတပ်ရင်း ၁ ရင်း၊

ဗိုလ်မှူးကြီး ဦးစီး နစက ဌာနချုပ် ၁ ခုနှင့် နစက တပ်ရင်း ၂ ရင်း၊

ဒုတိယဗိုလ်မှူးကြီး ဦးစီးထောက်လှမ်းရေး တပ်ရင်း ၁၁ ရင်းနှင့် ၎င်းကွပ်ကဲမှုအောက်ရှိ ဗိုလ်မှူး တပ်မှူးဦးစီး နယ်မြေထောက်လှမ်းရေးတပ်ဖွဲ့ ၃၀၊

ရေတပ်ထောက်လှမ်းရေးတပ် ၃ ခုနှင့် လေတပ်ထောက်လှမ်းရေးတပ် ၄ ခုတို့ ဖြစ်ပါသည်။

ထိုတပ်များ၏ ကွပ်ကဲမှုအားလုံးကို တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးရှိ ဗိုလ်မှူးချုပ် ဦးစီးဌာနကြီး ၈ ခုက တာဝန်ယူ





ကွပ်ကဲပါသည်။

တပ်မတော်ထောက်လှမ်းရေးတွင် ပြဿနာအတက်ဆုံးနှင့် လူအမြင်ကပ်ခံရဆုံး၊ မသမာမှုအဖြစ်ဆုံး တပ်များမှာ နယ်မြေတပ်များ ဖြစ်ပါသည်။

နယ်မြေတပ်တစ်ခုတွင် ဗိုလ်မှူး၊ တပ်မှူးနှင့် တပ်ဖွဲ့မှူးအရာရှိ ၂ ဦး၊ အများဆုံး သုံးဦးသာ ရှိပါသည်။

အခြားအဆင့်တပ်ဖွဲ့ဝင် ၃၀ ဝန်းကျင် ရှိပါသည်။

သို့ဖြစ်သည့်အတွက် ရေး/ထောက် ဗိုလ်ကြီးတစ်ဦးကို ဖယ်လိုက်လျှင် တပ်ဖွဲ့မှူးအရာရှိတစ်ဦးသာ ရှိနေတော့ပြီး ကျန်တပ်ဖွဲ့မှူးများမှာ ဒုအရာခံဗိုလ်များသာ ဖြစ်နေလေ့ရှိပါသည်။

နယ်မြေတပ်ဖွဲ့တစ်ခု ကိုင်တွယ်ရသော အကျယ်အဝန်းမှာ အလွန်ကျယ်ပြန့်လှပါသည်။

တပ်ဖွဲ့တပ်ဆွယ်များမှာ အများအားဖြင့် ဌာနချုပ်နှင့် ဝေးလံသောနေရာများတွင် တည်ရှိနေပြီး၊ တပ်ဆွယ်မှူးမှာ အခြားအဆင့်တပ်ကြပ်မျှသာ ဖြစ်နေချိန်တွင် မြောက်မြားလှစွာသော ပြဿနာများ စတင်ပေါ်ပေါက်လာပါတော့သည်။

အချို့အချို့သော တပ်ဆွယ်မှူးများသည် နယ်ဘက်အုပ်ချုပ်ရေးယန္တရား၏ လုပ်ငန်းဆောင်တာများကို ဝင်ရောက်အနှောင့်အယှက်ပေးသည်အထိ အများအပြင်းများ ကျူးလွန်ခဲ့ကြပါသည်။

ဒုတိယပြဿနာမှာ တပ်မတော်အတွင်းရှိ အခြားတပ်ဖွဲ့များနှင့် ဆက်ဆံရေးဖြစ်ပါသည်။

ခြေလျင်တပ်များတွင် တပ်ကြပ်အဆင့် စစ်သည်တစ်ဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



တပ်စိတ်မှူးသာသာမျှသာဖြစ်ပြီး အများစုမှာ အနေအစား ဆင်းရဲကြပါသည်။

အရာရှိများနှင့် တပ်ကြပ်များ၏ ဆက်ဆံရေးမှာ ရိုသေလေးစားမှု၊ အထက်အောက် အမိန့်နာခံမှု စသည့်သဘောကိုသာ ဆောင်လေ့ရှိပါသည်။

လက်ရုံးတပ်များတွင် အခြားအဆင့် စစ်သည်မှ ဆင်ခြေတက်ခြင်း၊ ပြန်လှန်မေးခွန်းထုတ်ခြင်းတို့မှာ အထူးအဆန်း မဟုတ်လှသော်လည်း တိုက်ခိုက်ရေး ခြေလျင်မြေမြန်တပ်ရင်းများတွင် ထိုကိစ္စမှာ ထုံးစံမဟုတ်ပါ။

ထိုသို့သော အလေ့အထရှိသည့် ခြေလျင်/ခြေမြန်မှ အရာရှိကြီး/ငယ်များ၏ မျက်စိတွင် အဆိုပါ ထောက်လှမ်းရေးတပ်ခွဲမှူး တပ်ကြပ်အဆင့်၏ ပြုမူပြောဆိုဆောင်ရွက်ပုံများသည် အကြီးအကျယ် မျက်စိစပါးမွေးစူးစရာ ဖြစ်လာပါသည်။

ထိုကိစ္စသည် နောက်ပိုင်းတွင် ထောက်လှမ်းရေး တပ်ဖွဲ့တစ်ခုလုံးအား သိမ်းကျုံးမျက်မုန်းကျိုးစရာကိစ္စတစ်ခုအထိ ဖြစ်လာရပါသည်။

တတိယအချက်မှာ တပ်မှူးနှင့် အရာရှိများကိုယ်တိုင် ဖြစ်ပါသည်။

နယ်မြေခံ ထောက်လှမ်းရေးတပ်များသည် ၎င်းတို့နယ်မြေအတွင်းရှိ သတင်းနှင့် ထူးခြားဖြစ်စဉ်များအား ကကလှမ်းသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရပါသည်။

ထိုအထဲတွင် တိုင်းမှူး၏ စီးပွားရေးကိစ္စများ၊ အခြားနယ်ဘက် အာဏာပိုင်များ၏ မသမာမှုများလည်း ပါဝင်ပါသည်။





**Administrative Power** ကို တယက ဥက္ကဋ္ဌ(တိုင်းမှူး)အား ပေးအပ်ထားပြီး ထောက်လှမ်းရေး တပ်မှူးနှင့် ဟန်ချက်ပြန်လည်ထိန်းညှိထားသည့်သဘောမျိုး ဖြစ်ပါသည်။

သို့ဖြစ်သည့်အတွက် များသောအားဖြင့် ဒေသဆိုင်ရာ အာဏာပိုင်များသည် ထောက်လှမ်းရေးတပ်ဖွဲ့အား အမြင်ကြည်လင်လေ့ မရှိကြပါ။

ထိုအထဲတွင် နယ်မြေခံတပ်မှူးနှင့် အရာရှိအချို့၏ အနေအထိုင်မတတ်မှုက အခြေအနေကို ပိုဆိုးစေခဲ့ပါသည်။

ဥပမာအားဖြင့် တိုင်းမှူးအစည်းအဝေးအား အရပ်ဝတ် တိုက်ပုံနှင့် သွားခြင်းမျိုး ဖြစ်ပါသည်။

မည်သို့မှ ထုတ်မပြောသော်လည်း ယူနီဖောင်းများအကြားတွင် အရပ်ဝတ်ကြီးနှင့် သီးခြားဖြစ်နေကာ လူအမြင်ကပ်ခြင်း ခံရပါတော့သည်။

တကယ်တော့ နယ်မြေခံထောက်လှမ်းရေးတပ်မှူးမှာ ဗိုလ်မှူးအဆင့်သာဖြစ်ပြီး တပ်မတော်တွင် အရာရှိငယ်အဆင့်သာ ဖြစ်ပါသည်။

အချို့တပ်မှူးများမှာ တိုင်းမှူးအစည်းအဝေးသို့ ကိုယ်တိုင်ပင် သွားမတက်ပါ။ တပ်ရေးဗိုလ်ကြီးကိုသာ စေလွှတ်လေ့ ရှိတတ်ပါသေးသည်။

ထောက်လှမ်းရေးတပ်ဖွဲ့၏ အခြေခံအကျဆုံး ဥပဒေသဖြစ်သော သာမန်ဖြစ်ရမည်၊ သဘာဝကျရမည် ဟူသော အချက်များကို ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များကိုယ်တိုင် မေ့လျော့ထားခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြုံငုံပြီး သုံးသပ်ရလျှင် နယ်မြေထောက်လှမ်းရေးတပ်ဖွဲ့ဝင်များသည် ဒေသတွင်းရှိ အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများ။ အခြား တပ်မတော် တပ်ရင်းတပ်ဖွဲ့များနှင့် အဆင်ပြေအောင် ဆက်ဆံဆောင်ရွက်မှု အားနည်းခဲ့သည်မှာ ငြင်းမရနိုင်ပါ။

❖ ❖ ❖

( ၂ )

## တပ်ဖွဲ့ဝင်များ၏ မသမာခြစားမှုနှင့် ဖောက်မာမှုများအား ထိထိရောက်ရောက် အရေးယူရန် ပျက်ကွက်ခဲ့ခြင်း

ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တစ်ဦး မသမာမှုဖြစ်ပေါ်ပါက ကကလှမ်းမှ ဗဟိုထောက်လှမ်းရေး (ရေ ကြည်အိုင်)နှင့် အမှတ် (၁) တပ်မတော်ထောက်လှမ်းရေးအကူတပ်များကို တာဝန်ပေး စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူနိုင်းလေ့ ရှိပါသည်။

ထိုတပ်ဖွဲ့ကြီးများမှာလည်း ထိုသို့ အရေးယူစုံစမ်းစစ်ဆေးရာတွင် များသောအားဖြင့် တပ်ဖွဲ့ဝင်အချင်းချင်း ဖြစ်နေသည့်အတွက် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအား ထိန်းထိန်းသိမ်းသိမ်းသာ ပြုမူဆောင်ရွက် တင်ပြလေ့ရှိပါသည်။

သို့အတွက် စည်းကမ်းလိုက်နာမှုပိုင်းဆိုင်ရာ အားနည်းမှုများ ဖြစ်ပေါ်လာလေ့ရှိပြီး ဒေသန္တရအာဏာပိုင်များ။ စစ်ရေးချုပ်ရုံး။ စစ်ဥပဒေချုပ်ရုံးတို့နှင့် ကကလှမ်းအကြား မကြာခဏ စကားပြောရလေ့ရှိတတ်ပါသည်။

ထောက်လှမ်းရေးတပ်မှူး အများစုမှာ ကကလှမ်းတွင်ပေါက်ရောက်တွင်ကျယ်သူများ ဖြစ်ကြသည့်အလျောက် စုံစမ်းစစ်ဆေးသူများမှာလည်း အရာရာကို ချင့်ချင့်ချိန်ချိန်ဖြင့် ထိန်းထိန်းသိမ်းသိမ်း လုပ်ခဲ့ရသည့်ကိစ္စများလည်း အများအပြား ရှိခဲ့ပါသည်။

ထိုကိစ္စများကို ကကလှမ်းမှ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခြင်း မပြုခဲ့ပါ။

တကယ့်တကယ်ကတော့ နယ်မြေတပ်ဖွဲ့များတွင် မသမာခြစားမှုမှာ အတော်ဆိုးရွားသည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါသည်။

သက်ဆိုင်ရာတပ်မှူးများကလည်း ထိထိရောက်ရောက်တားမြစ်ခဲ့ခြင်း မရှိပါ။

တပ်မှူးအများစုမှာလည်း စီးပွားရေးသမားများနှင့် ဒွေးရောယှက်တင် ဖြစ်နေကြပါသည်။

ကကလှမ်းမှ တာဝန်ရှိသူ ဌာနကြီးမှူးများကလည်း ထိုအခြေအနေကို ပြုပြင်ရန် လုံလောက်သောအားထုတ်မှုများ မပြုခဲ့ပါ။ အားလုံးမှိန်း၍နေခဲ့ကြပါသည်။

နောက်ပိုင်းတွင် အခြေအနေ အတော်ဆိုးလာတော့မှ ပြဿနာအတက်ဆုံး တပ်ခွဲမှူးအဆင့်အား ဗိုလ်အဆင့် အရာရှိအား တာဝန်ပေးရန် စဉ်းစားခဲ့ပြီး ထောက်လှမ်းရေးသင်တန်းများတွင် ခြေလျင် ခြေမြန်မှ အရာရှိများအား အင်အားနှစ်ဆ တိုးခေါ်ကာ ပြုပြင်ပြောင်းလဲဖို့ ဖုတ်ပူမီးတိုက် ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း ကကထူးနှင့် ကကရေးတို့မှ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များအား အင်အားထပ်မံ ဖြည့်တင်းရန် ခွင့်မပြုတော့ပါ။ အကြောင်းအမျိုးမျိုးပြ၍ ငြင်းပယ်နေပြီ ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း အခြေအနေက နောက်ကျနေပြီဖြစ်ပါသည်။

၂၀၀၄ ခုနှစ် နှစ်ဆန်းပိုင်းလောက်ကပင် ထောက်လှမ်းရေးကို ဖျက်သိမ်းရန် အစီအစဉ်များ စနေပြီ ဖြစ်ပါသည်။

❖❖❖

## (၃)
## ထိပ်ပိုင်းဆိုင်ရာ သဘောထားကွဲလွဲမှုများ

၂၀၀၃ ခုနှစ် နှစ်လယ်ပိုင်းခန့်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့ ကုန်းမြင့်သာ ဧယျာသီရိပိမာန်တွင် တွေ့ဆုံရန် စီစဉ်ခဲ့ပါသည်။ စီစဉ်သူမှာ ဗိုလ်ချုပ်ကြီး ခင်ညွန့်ဖြစ်ပါသည်။

ကျွန်တော်က လုံခြုံရေးတာဝန်ယူရသူ ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်မှ ကြိုတင်ရောက်ရှိနေပြီး ခဏအကြာတွင် ဒေါ်အောင်ဆန်းစုကြည် ကားတစ်စီးနှင့် ရောက်ရှိလာပါသည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်မှ အပြင်ထွက်ကြိုပါသည်။ နှစ်ဦးလုံး ရယ်ရယ်မောမော ဖြစ်ပါသည်။

၁၅ မိနစ်ခန့်ကြာသည်အထိ ဗိုလ်ချုပ်မှူးကြီး ရုံးပေါ်မှ မဆင်းလာပါ။ နာရီဝက်ခန့်အကြာတွင် ဗိုလ်ချုပ်ကြီးခင်ညွန့် ရုံးပေါ်သို့ ထလိုက်သွားပါသည်။

ခဏနေတော့ ပြန်ရောက်လာပါသည်။ ဗိုလ်ချုပ်မှူးကြီး နေမကောင်းသဖြင့် မတွေ့ဖြစ်တော့ဟု ဆိုပါသည်။





ဗိုလ်ချုပ်ကြီးခင်ညွန့်လည်း မျက်နှာမကောင်းပါ။

ဒေါ်အောင်ဆန်းစုကြည်လည်း မျက်နှာမကောင်းပါ။

ကျွန်တော် ကြုံတွေ့ခဲ့သမျှ ထိပ်ပိုင်းလူကြီးချင်း သဘောထားကွဲလွဲမှုများတွင် ရုပ်ပျက်ဆင်းပျက်အဖြစ်ဆုံးကိစ္စ ဖြစ်ပါသည်။

ထောက်လှမ်းရေးတပ်ဖွဲ့၏ မူဝါဒမှာ သူ၏ကိုယ်ပိုင်မူဝါဒ မဟုတ်ပါ။ ထိုစဉ်က ကကြည်း၏ မူဝါဒသာ ဖြစ်ပါသည်။

ဥပမာ – ငြိမ်းချမ်းရေးဆွေးနွေးခြင်းကိစ္စရပ်များ၊ နိုင်ငံရေးအံတုမှုများအား ဖြိုခွဲခြင်း၊ အတိုက်အခံပါတီအား ထိန်းချုပ်ထားခြင်းစသည့် မူဝါဒများသည် တပ်မတော်ကို အင်အားကြီးမားအောင် တည်ဆောက်နေစဉ် ငြိမ်းချမ်းရေးအခင်းအကျင်းအား ပြင်ဆင်နေစဉ်အတွင်း အတိုက်အခံအုပ်စုများက အနှောင့်အယှက်ပေး၍ မရအောင် ရင်ဆိုင်ဟန့်တား ထိန်းချုပ်ထားရမည်ဟူသော မူဝါဒကို ထောက်လှမ်းရေးတပ်ဖွဲ့မှ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါသည်။

သို့သော်လည်း နောက်ပိုင်းတွင် ထိုမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရင်း ထောက်လှမ်းရေးမှာ ကြားညှပ်ခံရပါတော့သည်။

ဥပမာ – ငြိမ်းချမ်းရေးအဖွဲ့အစည်းတစ်ခုခုမှ ဂိတ်တစ်ခုတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ပြဿနာတက်ရင် ထောက်လှမ်းရေးက ဝင်ရောက်ဖြေရှင်းရပါသည်။

အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းရေးမပျက်အောင် ထိန်းသိမ်းဆောင်ရွက်ရမည်ဟူသော ကကြည်း၏ မူဝါဒအရ ထောက်လှမ်းရေးမှာ ဆက်ဆံရေးအရာရှိသဖွယ် ဖြစ်နေသောကြောင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

သို့သော်လည်း ခြေလျင်တပ်ဖွဲ့များကမူ ထောက်လှမ်းရေးက ငြိမ်းချမ်းရေးအဖွဲ့အစည်းများကို ကာဘာပေးသည်၊ ခွင်ရှိက်သည်ဟု မျက်မုန်းကျိုး အထင်လွဲခံရပါတော့သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ပြီးချိန်တွင် ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ စစ်ရုံးတွင် နေရလှသည်ဟူ၍ မရှိတော့ပါ။

နိုင်ငံတော်အခမ်းအနား နိုင်ငံခြားခရီးစဉ်များနှင့် တစ်ချိန်လုံး အလုပ်ရှုပ်နေပါသည်။

များသောအားဖြင့် ခရီးထွက်နေရသည်က များပြီး တစ်ပတ်လျှင် တစ်ရက်ခန့်သာ ကကလုမ်းတွင် မနက်ပိုင်းအချိန်လေး ရုံးထိုင်နိုင်ပါသည်။

ကကလုမ်းတွင် အချိန်ပြည့်ရှိနေသည်မှာ ဒု-ညွှန် ဗိုလ်ချုပ်ကျော်ဝင်းသာ ဖြစ်ပါသည်။

ကကလုမ်းရှိ ဌာနကြီး ၈ ခုမှ တင်ပြချက်များအားလုံးနီးပါးသည် ဒု-ညွှန်ထံသို့သာ တင်ပြကြရပါသည်။

ထိုအချိန်တွင် နယ်မြေထောက်လှမ်းရေးတပ်ဖွဲ့များ၏ မသမာမှု၊ မောက်မာမှုများကို ကကလုမ်းက မသိမရှိပါ။ ဌာနကြီးမှူးများရော ဒု-ညွှန်ကိုယ်တိုင်ပါ သိရှိနေပြီး ဖြစ်ပါသည်။

ကျွန်တော့်အမြင်ပြောရရင် ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ ထောက်လှမ်းရေးမှူးချုပ်ဖြစ်သဖြင့် ရာထူးအရ မူဝါဒအရ တာဝန်အရှိဆုံးဖြစ်သော်လည်း ဒု-ညွှန်မှာ ကကလုမ်းတွင် တစ်ချိန်လုံးရှိနေသည့် တာဝန်ခံဖြစ်ပါသည်။





မနက် ၉ နာရီဝန်းကျင်တိုင်း စစ်ရုံးအဆောင် ၁ ရှိ ဗိုလ်ချုပ်မှူးကြီးထံ ဒု-ညွှန်မှ နေ့စဉ်သတင်းများအား လာရောက်တင်ပြနေသူလည်း ဖြစ်ပါသည်။

ဒု-ညွှန်မှာ ဗိုလ်ချုပ်မှူးကြီး၏တပည့်ရင်းဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီးနှင့် ဒု-ညွှန်၏ ဆက်ဆံရေးမှာ သားအဖသဖွယ် ဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးက ဒု-ညွှန်အား "ဗိုလ်ကျော်ဝင်း"၊ တစ်ခါတစ်ရံလည်း "ဟေ့ကောင် ... ကုလား" ဟု ခေါ်လေ့ရှိပါသည်။

ဒု-ညွှန် သိရှိသည့်ကိစ္စအားလုံး ဗိုလ်ချုပ်မှူးကြီး မသိ မရှိပါ။

သို့ဖြစ်သည့်အတွက် ထောက်လှမ်းရေးတပ်ဖွဲ့များ၏ အောက်ခြေကိစ္စများအားလုံးကို ဗိုလ်ချုပ်မှူးကြီးလည်း သိရှိပြီး ဖြစ်နေပါလိမ့်မည်။

ထိုအခါ မေးစရာမေးခွန်းတစ်ခု ပေါ်လာပါသည်။ မည်သည့်အတွက်ကြောင့် ဒု-ညွှန်မှ ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ စောစီးစွာတင်ပြပြီး နယ်မြေထောက်လှမ်းရေးတပ်များ၏ ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် မကြိုးစားခဲ့ပါသနည်း။

အပေါ်ပိုင်းတွင် အဆင်မပြေမှုသည် ၂၀၀၄ ခုနှစ်လောက်တွင် တိုင်းမှူးအဆင့်အထိပါ ကူးစက်လာပါသည်။

ကျွန်တော်တို့က ရန်ကုန်တပ်ဖွဲ့များဖြစ်သဖြင့် သိပ်မသိသော်လည်း နယ်များတွင် တိုင်းစစ်ဌာနချုပ်နှင့် ထောက်လှမ်းရေးတပ်ဖွဲ့တို့၏ ဆက်ဆံရေးမှာ အလွန်ဆိုးရွားလို့နေပြီ ဖြစ်ပါသည်။

ပြဿနာကို ပေါက်ကွဲစေခဲ့သည့် ၁၀၅ မိုင်ဖြစ်စဉ်မှာ တကယ်တော့ ဟန်ပြသက်သက်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မူဆယ်လမ်းကြောတွင် လာဘ်ပေးလာဘ်ယူကိစ္စမှာ ဘာမှ အထူးအဆန်း မဟုတ်ပါ။

တိုင်းစစ်ဌာနချုပ် အပါအဝင် ဌာနဆိုင်ရာ အတော်များများ အားလုံး ပါဝင်ပတ်သက်နေသည်သာ ဖြစ်ပါသည်။

မဟုတ်ဘူး ငြင်းသောသူမှာ ရူးနေလို့သာ ဖြစ်ပါသည်။

စဉ်းစားစရာကောင်းသောအချက်မှာ ဆင်းရွှေလီ ပရောဂျက် အစီရင်ခံစာနှင့် ဆက်စပ်မှု ရှိ၊မရှိ ဆိုသည့်အချက် ဖြစ်ပါသည်။

၂၀၀၄ နှစ်ဦးပိုင်းတွင် နိုင်ငံတော်မှ ဘတ်ဂျက်များစွာ ချပေးပြီး ရမခတိုင်းအတွင်း စိုက်ပျိုးနေသော ဆင်းရွှေလီပြောင်း ပရောဂျက်သည် အောင်မြင်မှုမရှိဟူသော ကိစ္စကို ကကလှမ်းသို့ လားရှိုး အမှတ် (၉) ထောက်လှမ်းရေးတပ်မှ ထောက်လှမ်းရေး အစီရင်ခံစာတစ်စောင် လျှို့ဝှက်တင်ပြခဲ့သည်ဟု ဆိုပါသည်။

ထိုအစီရင်ခံစာတွင် ဆင်းရွှေလီပြောင်းအား ရမခတိုင်း အတွင်းရှိ တပ်ကြီးတစ်တပ် ဧက ၅၀၊ တပ်လတ်တစ်တပ် ၂၅ ဧက၊ တပ်ငယ် ၁၀ ဧက မဖြစ်မနေ စိုက်ပျိုးရကြောင်း၊ ဌာန ဆိုင်ရာများလည်း မစိုက်မနေရ စိုက်ရကြောင်း၊ တပ်များနှင့် ဌာနများမှာ လူအင်အားမရှိသဖြင့် ရှိုးပြရန် တစ်ကွက် နှစ်ကွက်သာ စိုက်ကြပြီး ကျန်ဧကများကို မြေပုံညွှန်း မည်သည့်နေရာတွင် စိုက်ထားသည်ဟု လိမ်ညာတင်ပြကြကြောင်း၊ ပြောင်းပေါ်ချိန် ရောက်လျှင် အခြားတစ် သက်သာလုပ်ငန်းများမှ ဝင်ငွေကို ဆင်းရွှေလီမှ ရငွေဟု လိမ်ညာတင်ပြနေကြကြောင်း၊ မြေပုံညွှန်း၊ ဓာတ်ပုံအထောက်အထားများနှင့်တကွ တင်ပြခဲ့သည်ဟု သိရှိရ ပါသည်။





ကကလှမ်းမှ ထိုအစီရင်ခံစာကို ကကကြည်းသို့ ဆက် လက်တင်ပြခဲ့ရာ ကကကြည်းမှ တိုင်းမှူး အရေးယူ ဆောင်ရွက်ပါ ဟူသော မှတ်ချက်ဖြင့် ထိုအစီရင်ခံစာကို ရမခတိုင်းမှူးအား ပြန်လည် ချပေးခဲ့ရာ အစီရင်ခံစာ လျှို့ဝှက်တင်ပြသည့် ထောက်လှမ်းရေး (၉) တပ်မှူးမှာ ခွေးလုံးလုံး ဖြစ်သွားပါသည်။

လပိုင်းမျှအကြာတွင် တိုင်းမှ ဗျူဟာမှူးဦးစီးအဖွဲ့က မူဆယ် ၁၀၅ မိုင်ဂိတ်မှ ထောက်လှမ်းရေးတပ်ခွဲအား ဝင်ရောက် ဖမ်းဆီးပြီး ထောက်လှမ်းရေးတပ်ဖွဲ့ကို ဖျက်သိမ်းသည့်စီမံချက်ကြီးကို စတင်ခဲ့ပါသည်။

အထက်ပါ အစီရင်ခံစာကိစ္စနှင့် ဆက်စပ်မှု ရှိ၊မရှိကတော့ ကာယကံရှင်များသာ သိနိုင်မည့်ကိစ္စ ဖြစ်ပါသည်။

❖ ❖ ❖

## နောက်ဆုံးအခြေအနေ

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် ကကလှမ်းမှ ကျွန်တော့်ထံ ဖုန်းဆက်ပါသည်။

ကျွန်တော်တို့တပ်တွင် ရန်ကုန်တပ်ဖွဲ့များမှ အရာရှိများ အားလုံး နေ့လယ် ၁ နာရီ ၃၀-ညွှန် စကားပြောမည် အသင့်ပြင် ထားရန်ဖြစ်သည်။

နေ့လယ်ကျတော့ တပ်ခန်းမတွင် ရန်ကုန်မှ တပ်ဖွဲ့မှူး အရာရှိများအားလုံး လာရောက်စုကြပါသည်။

စုစုပေါင်း အင်အား ၅၀၊ ၆၀ ခန့် ရှိမည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၃-ညနေမှ ရဲရဲတောက်မိန့်ခွန်းတစ်ရပ်ကို ပြောကြားပါသည်။

ဒီနေ့ကစပြီး ထောက်လှမ်းရေးတပ်ဖွဲ့ကြီးကို ငါတို့ကောင်းအောင် ပြန်တည်ဆောက်ရမည်။

ပြီးခဲ့တာတွေ ပြီးပါစေတော့ ... စသဖြင့် စသဖြင့် စိတ်ဓာတ်တက်ကြွဖွယ် မိန့်ခွန်းကြီး။

ဒါဆို အခြေအနေက ဒီလောက်မဆိုးသေးလို့ ကိုယ်တွေ စိတ်ထဲက တွေးမိလိုက်ပါသည်။

သို့သော်လည်း ကကလှမ်းမှ အချို့အရာရှိကြီးများမှာ အခြေအနေကို ရိပ်စားမိနေကြပြီ ဖြစ်ပါသည်။

မေးစရာ မေးခွန်းက တစ်ခုပဲရှိသည်။ ဘယ်လိုလုပ်မလဲ၊ ဘယ်လောက်အထိလုပ်မလဲ၊ ဘယ်နေ့လုပ် မှာလဲ။

ညနေပိုင်းတွင် အုပ်ချုပ်မှုဌာနခွဲမှူးမှ စကားတစ်ခွန်းပြောသည်။

''ညီလေး ...မင်း စာရင်းဇယားတွေ သေချာလုပ်ထားရဲ့လား''

''ဟုတ်ကဲ့''

ကျွန်တော်တို့နှစ်ယောက် ခဏကြာအောင် ဘာမှမပြောဖြစ်ကြ။

ခဏနေတော့ သူက ဆက်ပြောသည်။

တပ်မှူးကတော့ ပြောတယ်။ မင်းတို့ အငယ်တွေကတော့ ကျန်ခဲ့မှာပါတဲ့။

သူတို့ကတော့ နားရမှာပဲတဲ့။ အင်း ... ထောင်ကျမလား တော့ မသိဘူးတဲ့။





သူကတော့ ထောင်ကျရင် ကင်းဗတ်အဖြူတစ်စုံ ယူသွားမယ်။ ထောင်ထဲမှာ လေ့ကျင့်ခန်းလုပ်မယ်တဲ့။

ဟူး ...။

ကျွန်တော်တို့နှစ်ယောက် ဘာမှဆက်မပြောနိုင်ကြတော့ပါ။

❖❖❖

## ၁၈.၁၀.၂၀၀၄ ရက်နေ့

၁၈. ၁၀. ၂၀၀၄ ရက်နေ့မှာ ပုံမှန်နေ့တစ်နေ့ ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ မန္တလေးသို့ သွားရောက်နေပါသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် နံနက် ၉ နာရီ၌ စည်း/ကော် အစည်းအဝေး ရှိပါသည်။

တပ်မှူး တက်ရောက်ရမည်ဖြစ်သဖြင့် တင်ပြရန် လိုအပ်သော စာရွက်စာတမ်းများကို ကျွန်တော့်ရုံးခန်းအတွင်း ပြင်ဆင်နေပါသည်။

မနက် ၈ နာရီခွဲတွင် မော်တော်ယာဉ်မှ ကျွန်တော် မှာထားသည့်အတိုင်း တပ်မှူးကားကို လာထိုးပါသည်။

ခဏနေတော့ တပ်မှူးက ဗိုလ်မှူးကြီး ယူနီဖောင်းအပြည့်အစုံဖြင့် ထွက်လာပါသည်။ ကားပေါ်မတက်မီ ...

ကျွန်တော်မှ လိုအပ်သော စာရွက်စာတမ်းများ တပ်မှူးထံ တင်ပြသည်။ တပ်မှူးက တစ်ချက်လှန်ကြည့်ပြီး ခေါင်းညိတ်ပြပါသည်။

ကားထွက်သည် ကျွန်တော် အလေးပြုပြီး ကျန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက နောက်ဆုံးတွေ့ခြင်းဖြစ်ပြီး တပ်မှူးနှင့် နောက်ဆယ်နှစ်ကြာမှ ပြန်ဆုံနိုင်တော့မည်ကို ကျွန်တော် ကြိုမသိခဲ့ပါ။

ပထမဆုံး ဖုန်းမှာ ဆယ်နာရီဝန်းကျင်တွင် စလာပါသည်။

စစ်ရုံးအတွင်း စည်းလုံခြုံရေးအတွက် ကျွန်တော်တို့တပ်မှ အရာရှိတစ်ဦး အခြားအဆင့် ၄၀ စစ်ရုံး ဂိတ်များနှင့် အဆောင်များတွင် ပုံမှန်တာဝန်ယူရပါသည်။

ထိုစစ်ရုံးအတွင်းစည်း လုံခြုံရေးတာဝန်ခံအရာရှိမှ ဆက်ခြင်းဖြစ်ပါသည်။

"အစ်ကိုကြီး စစ်ရုံးမှာ စခန်းရုံးကို တပ်လှန့်ထားတယ်။ ဂိတ်တံခါးတွေ ပိတ်ထားတယ်"

စခန်းရုံးကို မေးကြည့်တယ်။ သူတို့လည်း ဘာကြောင့်မှန်း မသိဘူး။

ကျွန်တော် တစ်ချက်မျက်မှောင်ကြုတ်သွားပါသည်။

စစ်ရုံး လုံခြုံရေးတာဝန်အား ကိုယ်တိုင်ထမ်းဆောင်ဖူးသဖြင့် ထိုအနေအထားကို ကျွန်တော် သိပါသည်။

လူကြီးများ အချိန်းအပြောင်းအနားပေးလျှင် လုပ်တတ်သော **Procedure** ဖြစ်သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း မန္တလေးမှာဖြစ်သည်။ ဝန်ကြီး အချိန်းအပြောင်းများ ရှိသလား။

"ကောင်းပြီ ... ညီလေး။ အခြေအနေထူးရင် ချက်ချင်း သတင်းပို့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

၁၁ နာရီခွဲတွင် ဒုတိယဖုန်း ဝင်လာပါသည်။





ဆက်သူမှာ ယခင် ကျွန်တော့်တပ်ခွဲမှူးဟောင်း။ ရန်ကုန်ရှိ ရဲတပ်ရင်းမှူး ဆရာတစ်ဦး ဖြစ်ပါသည်။

"ညီလေး ... ဘာထူးလဲ။ ငါတို့ရဲတပ်ရင်းတွေ **Stand to** လုပ်ထားတယ်"

"ဟင် ... ကျွန်တော်လည်း မသိသေးဘူး အစ်ကိုကြီး"

ဒီတစ်ခါတော့ ကျွန်တော် ငိုင်သွားရပါပြီ။

ထောက်လှမ်းရေးသဘောအရ တိုက်ဆိုင်မှုဆိုသည်မှာ မရှိပါ။

ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များအား တိုက်ဆိုင်မှုများကို မနှစ်မြို့အောင်၊ အလွယ်တကူ လက်မခံအောင် လေ့ကျင့်ပေးထားပါသည်။

ဝန်ကြီး အချိန်းအပြောင်းသည် ရဲတပ်ရင်းများအား တပ်လှန့်ထားစရာ မရှိပါ။

ကျွန်တော် နေရာအနည်းငယ်ကို ဖုန်းများ ထပ်ဆက်ကြည့်ပါသည်။ အနည်းငယ်လည်း တုန်လှုပ်စပြုလာပါသည်။

ဟုတ်ပါသည်။ ရဲမွန်ရှိ တပ်မ ၁၁၊ စကခ ၄ အားလုံး တပ်လှန့်ထားပါသည်။ တစ်ခုခုတော့ မကြာမီ ဖြစ်ပါတော့မည်။

တပ်မှူးဖုန်းကို ခေါ်လိုက်ပါသည်။ ဖုန်းပိတ်ထားပါသည်။ အချိန်ကား နေ့လယ် ၁၂ နာရီ။

စစ်ဆင်ရေး ဌာနခွဲမှူးကို ဖုန်းခေါ်သည်။ ကကလုမ်းကို အခြေအနေ တီးခေါက်ကြည့်သည်။ ကကလုမ်းမှာတော့ ဘာမှ မထူးသေး။

ဌာနကြီးမှူးများကလည်း ဗိုလ်ချုပ်ကြီး မရှိချိန်မို့ ရုံးတွင်



www.burmeseclassic.com

www.burmeseclassic.com



မရှိကြ။ အိမ်ထမင်းပြန်စားကြသည်။

လုံခြုံရေးဌာနက G2 ကတော့ တစ်ခွန်းပြောသည်။ အခြေအနေအားလုံး ဗိုလ်ချုပ်ကြီးကို လှမ်းသတင်းပို့ပြီးပြီ။

အနည်းငယ်တော့ ပြန်စိတ်အေးသွားသည်။ ဆက်သွယ်ရေးစက်ကိုတော့ အသံအကျယ်ဆုံး တစ်ဆုံးဖွင့်ထားလိုက်သည်။

ရန်ငြိမ်းမှ ငွေငါး တေဇထိန်ပန်း သီဟိုငွေငါး အီးတီအေ ၁၅၄၅။

ကကလှမ်း ခေါင်မိုးပေါ်တွင် အင်မတန်အားကောင်းသောကကလှမ်း အထိုင်စက် ရန်ငြိမ်းရှိပါသည်။ ထိုစက်သံကို ရန်ကုန်တစ်မြို့လုံးက ဖမ်းမိပါသည်။

ငွေငါးမှာ မင်္ဂလာဒုံလေဆိပ်ရှိ အမှတ် (၂) လေတပ်ထောက်လှမ်းရေးတပ် အခေါ်ဖြစ်ပြီး ဗိုလ်ချုပ်ကြီးခင်ညွန့် လေယာဉ်ထွက်လာပြီဖြစ်ကြောင်း ကကလှမ်းမှ လေ (၂) ကို အီးတီအေလှမ်းပေးခြင်း ဖြစ်ပါသည်။

ရန်ငြိမ်းမှ စွန်ရဲသူဇာ ငွေငါးရောင်နီရထား။ စွန်ရဲသူဇာက ကကလှမ်း လုံခြုံရေးဌာနမှ G2 ၏ စက်အခေါ်ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးအား လေဆိပ်သို့ သွားကြိုကြပြီ။

တေဇရွက်လှေ တေဇထိန်ပန်း သီဟို စိန်တောင်ခပေါင်း ၆ မြှုသီ၊ စက်သံများက ဆူညံနေပါပြီ။ ဗိုလ်ချုပ်ကြီး ရောက်လာပြီ။ စစ်ရုံးကို တန်းသွားနေပြီ။ ၈ မိုင်လမ်းဆုံ ဖြတ်ပြီ။

စစ်ရုံးကို ရောက်သွားပါပြီ။

ဆယ်မိနစ်ခန့်ပဲ ကြာမည်။ ဖုန်းဝင်လာပါသည်။ ကျွန်တော်တို့ တပ်က ဗက xxx ထံမှ ဖုန်းဖြစ်သည်။





သူက စစ်ရုံးအတွင်းရှိ အနော်ရထာခန်းမတွင် ဥစတာဆင်းများအား ဗိုလ်ချုပ်မှူးကြီး မိန့်ခွန်းပြောမည့် အခမ်းအနားသို့ ရောက်နေခြင်း ဖြစ်သည်။

"ညီလေး ... တပ်မှူးကို သတင်းပို့ပါ။ လုပ်စရာရှိတာ ဆက်လုပ်ပါ"

ဗိုလ်ချုပ်ကြီးကို ထိန်းလိုက်ပြီ။ ကိုယ်တို့ကို သေနတ်တွေ သိမ်းနေပြီ။ ပြီးတော့ ဖုန်းချသွားပါသည်။

၅ မိနစ်ပင် မကြာ။ ဖုန်းထပ်ဝင်သည်။

စစ်ရုံးအမှတ် (၁) ဂိတ်မှ တာဝန်ကျ တပ်ကြပ်ကြီးတစ်ဦး ဖုန်းဆက်သတင်းပို့သည်။

ကကလှမ်းအတွင်းသို့ ခြေလျင်တပ်များ အသုတ်လိုက်ဝင်နေပါပြီတဲ့။

ပထမဆုံး ကျွန်တော် လုပ်ရသည့်အလုပ်မှာ စိတ်ကိုအတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားခြင်း ဖြစ် ပါသည်။

စိတ်လှုပ်ရှားမှုကြောင့် လူက တုန်တုန်ယင်ယင် ဖြစ်နေသည်။

ကျွန်တော့်စားပွဲပေါ်တွင် ဌာနမှူးများ၏ ဖုန်းနံပါတ်များရှိသည်။ သူတို့အားလုံးကို အရင်ဆုံး အစဉ်လိုက် ဖုန်းဆက်ပါသည်။

နောက် အရာရှိများအားလုံးကို ဆက်သည်။ ဖြစ်စဉ်ကို အတိုချုပ်ရှင်းပြသည်။ အားလုံး ရုံးတွင် လာစုဖို့ အကြောင်းကြားပါသည်။

နောက်ပြီး တပ်ဂိတ်တံခါးများအားလုံး ပိတ်ခိုင်းလိုက်ပါသည်။ ဗဟိုကင်းကို အသင့်လုပ်ခိုင်းလိုက်သည်။ ခဏနေတော့



www.burmeseclassic.com

www.burmeseclassic.com



အရာရှိများအားလုံး အပြေးအလွှား ရောက်လာကြသည်။ ကျွန်တော့်ကို အားလုံး အရေးတကြီးမေးသော မေးခွန်းနှစ်ခု ရှိသည်။

ပထမတစ်ခုက တပ်မှူး ဘယ်မှာလဲ။ ကျွန်တော် အကျိုးအကြောင်းရှင်းပြတော့ အားလုံးငိုင်သွားကြသည်။

တန်ပြန်ထောက်လှမ်းရေးတပ်ကြီး ၃ ခု၏ တပ်မှူး ဗိုလ်မှူးကြီး ၃ ဦးစလုံး မနက်အစောပိုင်းကပင် ကြိုတင် ထိန်းသိမ်းခံလိုက်ရပြီမှန်း ရိပ်မိသွားကြသည်။

နောက်မေးခွန်းတစ်ခုက ကကလှမ်း အခြေအနေ ဘယ်လိုလဲ။

ကကလှမ်း၏အခြေအနေမှာ အလွန် အေးအေးဆေးဆေး ဖြစ်ပါသည်။

အတော်ပင် နားမလည်နိုင်စရာ ကောင်းလောက်အောင် အေးဆေးပြီး အများစုမှာ ကြိုတင်မျှော်လင့်ပြီးဖြစ်ဟန်ရှိပါသည်။

ဗကကလှမ်းဂိတ်ရှိ လုံခြုံရေးတပ်ရင်းမှ စစ်သည်များမှာ လက်နက်အသိမ်းခံရပါသည်။

ဝင်သိမ်းသော တပ်ရင်းများမှာ တောင်ဥက္ကလာရှိ ခမရ (၄၃၅)၊ (၄၃၆) တပ်များ ဖြစ်ကြပါသည်။

ထိုတပ်များမှာ ရန်ကုန်တပ်များဖြစ်သည့်အတွက် အရာရှိအများစုမှာ ကျွန်တော်တို့နှင့် မျက်မှန်းတန်း ရင်းနှီးနေသူများ ဖြစ်ကြပါသည်။

တပ်များမှာ အသုတ်လိုက် ပြေးဝင်နေပြီး ကကလှမ်းအတွင်း ဝင်ရောက်ကာ လှေကားအတိုင်း တန်းစီ ပြေးတက်သွားပြီး အထပ်လိုက်တွင် နေရာဝင်ယူနေကြပါသည်။





ထိုသို့ နေရာယူနေသည်ကို ကကလှမ်းမှ အရာရှိများက သူတို့အထပ်ရှိ ပြတင်းပေါက်များမှ အေးအေး ဆေးဆေး ရပ်ကြည့်နေကြပါသည်။

သူတို့ကလည်း ဘာမှမပြောသလို တပ်များကလည်း ဘာမှ မပြောကြပါ။

အားလုံးနေရာယူပြီး တစ်နာရီခန့်ကြာမှသာ အရာရှိတစ်ယောက်စီ ဦးစီးပြီး အထပ်လိုက် တစ်ခန်းဝင် တစ်ခန်းထွက် သေနတ်များကို ပုံးကြီးများနှင့် လိုက်ကောက်ပါသည်။

အကယ်လို့ မအပ်ချင်ရင်လည်း ဆက်ယူထားလို့ရပါသည်။ သို့သော်လည်း မအပ်ကြောင်းကိုတော့ အထက်သို့တင်ပြရမည်ဟု ဆိုပါသည်။

တယ်လီဖုန်းများလည်း ထိုအချိန်အထိ ဆက်လို့ရပါသည်။ ရန်ငြိမ်းစက်ကလည်း ထိုအချိန်အထိ နဂိုအတိုင်းပင် ရှိနေပါသေးသည်။

ကကလှမ်းအခြေအနေကို သိရပြီမို့ ကျွန်တော်တို့လည်း လုပ်စရာရှိသည်များကို ဆက်လုပ်ဖို့ စီစဉ်ကြပါသည်။

ကျွန်တော်ကတော့ ပထမဦးစွာ တပ်ဂိတ်အသီးသီးရှိ ကင်းအဖွဲ့များအား သေနတ်များ ပြန်လာအပ်ခိုင်းလိုက်ပါသည်။

အကယ်၍ ခြေလျင်မှအဖွဲ့များ လာရောက်ခဲ့လျှင် မတော်တဆပစ်ခတ်မှုများ ဖြစ်ပွားမည်စိုးသည့်အတွက် ဖြစ်ပါသည်။

ဗဟိုကင်းရှိ သေနတ်များကိုပါ လက်နက်တိုက်အတွင်း သိမ်းဆည်းကာ သော့ခတ်ပြီး သော့ကို လည်ပင်းတွင် ဆွဲထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂိတ်တံခါးများ အားလုံးဖွင့်ခိုင်းကာ မည်သူလာလာ တစ်ရင်းရုံးသို့ ခေါ်လာရန် အမိန့်ထုတ်ထားလိုက် ပါသည်။

ဌာနမှူးအသီးသီးမှာတော့ သူတို့ဌာနအလိုက် စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေကြပါသည်။

ကျွန်တော့်အနေဖြင့် သေနတ်ကိစ္စကို ဒီလောက်သတိထားရသည်မှာ အကြောင်းရှိပါသည်။

ကျွန်တော်တို့တပ်သည် ၁၉၆၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ထောက်လှမ်းရေးတပ်ယောင်းကြီး ဖြစ်ပါသည်။

တပ်ဖွဲ့ဝင်အင်အား ၇၀၀ ခန့် ရှိပြီး မိသားစုများပါပါလျှင် လူ ၂၀၀၀ ကျော် ရှိပါသည်။ လက်နက်ခဲယမ်းများ အများအပြား ရှိပါသည်။

ကကလှမ်း လက်နက်တိုက်မှာလည်း ကျွန်တော်တို့တပ်တွင်ပင် ရှိပါသည်။

တစ်ပြည်လုံးရှိ ထောက်လှမ်းရေးတပ်များမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းပေါင်းများစွာမှာလည်း ကျွန်တော်တို့တပ်သို့ပင် အပ်နှံရပါသည်။

လက်နက်တိုက်အတွင်းရှိ အချို့လက်နက်များမှာ အသစ်အဆန်းများဖြစ်ပြီး ကျွန်တော်ကိုယ်တိုင်ပင် အရင်က မမြင်ဖူးသော လက်နက်များ ပါဝင်ပါသည်။

အကယ်၍ ခြေလျင်တပ်များနှင့် ပစ်ခတ်မှုများ ဖြစ်ပွားမည်ဆိုပါက နှစ်ဖက်လုံး အထိနာမည်ဖြစ်ပါသည်။

ယခုတော့ အားလုံးအေးအေးဆေးဆေး ဖြစ်သွားသည်မို့ အတော်စိတ်ချမ်းသာရပါသည်။





စာရေးဆရာ နေရီ အမည်ခံ ဗိုလ်ကြီးရဲမိုးအား KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မှူးတူးစေးဖိုး နှင့် အတူတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးချုပ်သန်းထွန်း(ပရိုင်းမိတ်)

www.burmeseclassic.com

www.burmeseclassic.com



ညနေ ၆ နာရီခန့်တွင် စစ်ရုံးက ကျွန်တော်တို့ လုံခြုံရေးအဖွဲ့များ ပြန်ရောက်လာပါသည်။ လက်နက်များကတော့ မပါလာတော့ပါ။

ညပိုင်း ၈ နာရီလောက်တွင်တော့ ခြေမြန်တပ်မများ ပြည်လမ်းမအတိုင်း ဝင်ရောက်လာပြီး ရန်ကုန်မြို့တွင်းတွင် စတင်နေရာယူနေကြပြီ ဖြစ်ပါသည်။

ထိုနေ့က ငိုအားထက်ရယ်အားသန်သောအဖြစ်များလည်း အများအပြား ပေါ်ပေါက်ခဲ့ပါသေးသည်။

ထိုစဉ်က ကျွန်တော်တို့တပ်မှာ လယ်/ဆည်ဝန်ကြီးဌာနအတွင်း မသမာမှုကိစ္စများအား အရေးယူရန် ပြင်ဆင်နေချိန် ဖြစ်ပါသည်။

စိုက်ပျိုးရေးဆေးဝါးနှင့် မြေသြဇာကုမ္ပဏီများအား စစ်ဆင်ရေးဌာနမှ နေ့စဉ်ခေါ်ယူ စစ်ဆေးလျက် ရှိနေပါသည်။

၁၈ ရက်နေ့ ညနေ ၇ နာရီခန့်တွင် ကျွန်တော်နှင့် အရာရှိနှစ်ဦး၊ သုံးဦး တပ်ရင်းရုံးရှေ့ရပ်ကာ လူမျှော်နေပါသည်။

နယ်မြေတပ်များသို့ ရန်ကုန်တိုင်းမှ အဖွဲ့များ ရောက်နေပြီဟုလည်း ဖုန်းသတင်းများအရ သိနေရပါသည်။

ကိုယ်တွေဆီလည်း မကြာမီလာတော့မည်ဟု ယူဆကာ အသင့်ပြင် စောင့်ဆိုင်းနေခြင်း ဖြစ်ပါသည်။

ထိုအချိန်တွင် ကားတစ်စီးဝင်လာသဖြင့် ကျွန်တော်လည်း ဒိတ်ခနဲ ဖြစ်သွားပါသည်။

ကားက တပ်ရင်းရုံးရှေ့ ရပ်ပါသည်။ ကျွန်တော်က ရှေ့တိုးသွားပြီး မေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့တွေ့ချင်ပါသလဲ ခင်ဗျ"

"ကျွန်တော့်ကို စစ်ဆင်ရေးဌာနက ခေါ်ထားလို့ပါ"

"ခင်ဗျားက ဘယ်သူလဲခင်ဗျ"

"ကျွန်တော်က --- စိုက်ပျိုးရေးကုမ္ပဏီက ဒါရိုက်တာပါ"

ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ လယ်/ဆည် ကိစ္စ ခေါ်စစ်နေတာ။

"နောက်ရက်မှ လာပါခင်ဗျာ။ ဒီနေ့ ပြန်လိုက်ပါ။ ကျွန်တော် စစ်ဆင်ရေးဌာနကို ပြောလိုက်ပါမယ်"

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော့်ကို သေချာမှာထားတာပါ"

ပြဿနာက ကိုယ်တော်က ဘယ်နားသွားအိပ်နေမှန်း မသိ။ နေ့လယ်ကတည်းက ရန်ကုန်တစ်မြို့လုံး တုန်လှုပ်နေသောကိစ္စကို သိပုံမရပါ။

"ဟုတ်ကဲ့ ... ဒီနေ့ ကျွန်တော်တို့ ကိစ္စလေးရှိလို့ပါ။ နောက်ရက်မှပဲ လာလိုက်ပါ"

"ဒီလိုလုပ်ပါလား။ ကျွန်တော် ဌာနမှူးကို ထိုင်စောင့်လိုက်မယ်လေ။ သူ ပြန်ဆိုပြန်လိုက်ပါ့မယ်"

"စောင့်လို့မရဘူးခင်ဗျ။ ခင်ဗျား ပြန်လိုက်ပါ"

"ဖုန်းလေးဆက်ကြည့်ပေးပါလားခင်ဗျ။ စစ်ဆင်ရေးဌာနမှူးက သေချာအစီအကျလာဖို့ ပြောထားလို့ပါ"

ဂါး ... ကျွန်တော် တစ်နေ့လုံး စိတ်ပန်းလူပန်းဖြစ်နေသမျှ ပေါက်ကွဲသွားလေပါပြီ။

"ဒီမှာ ဟေ့လူ ... ကျုပ် ဒီတပ်က တပ်ရေးဗိုလ်ကြီးဗျ။ ခင်ဗျား လူလိုပြောနေတာ နားမလည်ဘူးလား။ အခုပြန်





အခုချက်ချင်းပြန်။ အခုပြန်ဆို ပြန်ဗျာ။ ကြားလား"

"ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ထိုလူ ချက်ချင်း လစ်ပါတော့သည်။ သူ့ပုံက ငါ ဘာများ သွားပါလိမ့်ဟု နဝေတိမ်တောင်ပုံစံ။

နောက်ရက်များတွင်တော့ ထောက်လှမ်းရေးဖျက်သိမ်းခံရသည့်နေ့တွင်မှ ထောက်လှမ်းရေးတပ်မှ အတင်းထိုင်စောင့်ပါရစေလို့ လုပ်ခဲ့မိသော သူ့အဖြစ်အပျက်ကို တစ်သက်လုံး တဖွဖွပြော မဆုံးအောင် ဖြစ်နေတော့မည် ထင်ပါသည်။

နောက်တစ်ခုက ဒီထက်ပိုဆိုးပါသည်။

အောက်တိုဘာ ၁၉ ရက်နေ့မနက်။ တပ်ရင်းရုံးရှေ့တွင် အရာရှိအားလုံး ရပ်စကားပြောနေကြသည်။ ထိုစဉ် ရောက်လာသူက ထလရ (၃) မှ တပ်ရေးဗိုလ်ကြီး။

"ဟာ ... အားလုံး လူစုံတက်စုံပါလား"

ကျွန်တော်တို့ စကားဝိုင်းက တိခနဲ ရပ်သွားသည်။

"ဘာတွေတိုင်ပင်ဆွေးနွေးနေကြတာလဲ။ လုပ်ပါဦး ... ကိုယ့်လည်းပြောပါဦး"

အားလုံးက သူ့ကို ဂြိုဟ်သားတစ်ယောက်လို ဝိုင်းကြည့်နေတော့ သူ အနည်းငယ်တော့ ရှုံ့တိုးရှုံ့တန့် ဖြစ်သွားသည်။

ကိုယ့်ဆရာက ထောက်လှမ်းရေးတပ်ရင်း (၃) ကျိုင်းတုံမှ ကကလှမ်းသို့ ကိစ္စတစ်ခုနှင့်လာသူ။

သူနှင့်ကိုယ်က စစ်တက္ကသိုလ် အပတ်စဉ် ရှေ့နောက်မို့ ခင်ကိုကပင် အတော်ရင်းနှီးပါသည်။

"အစ်ကိုကြီး ... ဘယ်နေ့က ရောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က"

"ဘယ်အချိန်လောက်ရောက်လဲ"

"ည ၈ နာရီ"

"တပ်ကိုရော ဖုန်းဆက်ပြီးပြီလား"

"မဆက်ရသေးဘူး"

"ဒါဆို တစ်ညလုံး ဘယ်သွားနေလဲ"

"ကိုယ်လား နှပ်နေတာပေါ့ကွ ... အပေးပေးပေး"

အားလုံးက သူ့ကို စိတ်ပျက်လက်ပျက် ဝိုင်းကြည့်နေကြပါသည်။

ကျွန်တော်ကတော့ ဘာမှ ရှင်းမနေတော့။ ထလရ (၃) မှ တပ်ရင်းရုံးဖုန်းကို ခေါ်လိုက်သည်။

ဒုအရာခံဗိုလ် ရုံးအုပ်ကိုင်သည်။

"ဆရာကြီး ခင်ဗျား တစ်ရေးဗိုလ်ကြီး ပြောမယ်"

ဖုန်းကို သူ့လက်ထဲ ထိုးပေးလိုက်သည်။ သူကလည်း အူကြောင်ကြောင့်နှင့် လှမ်းယူသည်။

၅ မိနစ်လောက်ကြာသည်။ ဟိုဘက်က ဘာပြောလိုက်သည် မသိ။

ကိုယ့်ဆရာ မျက်စိပျက် မျက်နှာပျက်နှင့် တစ်ချီးတည်း လစ်လေတော့သည်။

ကျွန်တော်တို့မှာ စိတ်ရှုပ်နေသည့်ကြားကပင် သူ့ကိုကြည့်ကာ အသံထွက်ရယ်မောမိပါလေတော့သည်။

ကျွန်တော်တို့ မျှော်သာမျှော်နေခဲ့သော်လည်း ခြေလျင်တပ်များမှာ ရောက်မလာခဲ့ပါ။





နောက်ရက်များတွင်လည်း မလာပါ။

နိုဝင်ဘာလဆန်းလောက်ရောက်မှ ကာကွယ်ရေး G1 တစ်ဦး ခေတ္တတပ်မှူးအဖြစ် ရောက်လာပါသည်။

နိုဝင်ဘာလလယ်လောက်တွင် ရန်ကုန်တိုင်းမှ တာဝန်ပေးအပ်လိုက်သည့် ဗိုလ်မှူးကြီး ဦးစီး အချိန်းအပြောင်းလုပ်မယ့်အဖွဲ့ ရောက်ရှိလာပါသည်။

အချိန်းအပြောင်းလုပ်သည်မှာ လအတော်ကြာပါသည်။

ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ထောက်လှမ်းရေးလုပ်သက် ၂ နှစ်နှင့်အထက် အရာရှိများအားလုံး တပ်မတော်မှ အငြိမ်းစားပေးလိုက်သည်ဟူသော စစ်ရာထူးခန့်ချုပ်ရုံး၏အမိန့်ကို ရန်ကုန်တိုင်း ဒုတိုင်းမှူး(ယခု ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်)မှ ကျွန်တော်တို့ကို ခေါ်ယူဖတ်ပြပါသည်။

ဘာပြောစရာရှိလဲဟု မေးပါသည်။

ဘာမှပြောစရာမရှိပါ။ ကျွန်တော်တို့အားလုံး စစ်သားပီပီ သတိဆွဲပြီး စနစ်တကျ အလေးပြုခဲ့ကြပါသည်။

❖ ❖ ❖

## သုံးသပ်ချက်

အချို့ထောက်လှမ်းရေးတပ်ဖွဲ့များအနေဖြင့် စည်းကမ်းပျက်ယွင်းပြီး အရေးယူဆောင်ရွက်ရန် မဖြစ်မနေ လိုအပ်နေပြီဆိုသည့်အချက်မှာ မည်သူမှ ငြင်းဆန်နိုင်ဖွယ်မရှိသည့်အချက်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ပြောစရာဖြစ်လေသည်က အရေးယူဆောင်ရွက်ပုံ ဖြစ်ပါသည်။

ထောက်လှမ်းရေးတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အင်မတန် များပြားရှုပ်ထွေးလှပါသည်။

ကကလှမ်း၏ ဌာနကြီး ၈ ခုအနက် ပြည်တွင်းထောက်လှမ်းရေးဌာနတစ်ခုတည်း၏အောက်တွင်ပင် ဌာနခွဲ ၈ ခု ရှိပါသည်။

စစ်ဦးစီးမှူး အရာရှိ ၂၉ ဦး ရှိပါသည်။ ဒီလောက်ဆိုထောက်လှမ်းရေးလုပ်ငန်းများ မည်မျှကျယ်ပြန့်မည်ကို ခန့်မှန်းချင့်တွက်နိုင်ပါသည်။

ထောက်လှမ်းရေးလုပ်ငန်းများတွင် ကြားဖြတ်အသံလွှင့်ဖမ်းစစ်သည်များ၊ ဘာသာပြန်ဌာနများ၊ အသွင်ယူ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ ပြည်ပအဖွဲ့အစည်းများအတွင်း ထိုးဖောက်ရောက်ရှိနေသော တပ်ဖွဲ့ဝင်များ၊ စစ်ခွေးကိုင် စစ်သည်များ၊ ယာဉ်ပေါ်လိုက်လုံခြုံရေးစစ်သည်များ၊ မြေအောက်အဖွဲ့အစည်းများအတွင်းဝင်ရောက်နေသော ထောက်လှမ်းရေးကလာပ်စည်းများ ... စသဖြင့်စသဖြင့် မြောက်မြားစွာ ရှိကြပါသည်။

စောင့်ကြည့်တာဝန် စစ်သည်အများစုမှာ မနက်စောစောထမင်းချိုင့်ထုပ်ကာ တာဝန်ကျရာနေရာကို ဘတ်စ်ကားနှင့် ချီတက်ရပါသည်။

တစ်နေကုန် လူအဝင်အထွက် ယာဉ်အဝင်ထွက်များမှတ်တမ်းတင်ကာ ည ၉ နာရီခန့်တွင် ဘတ်စ်ကား တွယ်စီးပြီးတပ်ကို ပြန်လာရပါသည်။

အစီရင်ခံစာ ရေးသားတင်ပြ ညွှန်ကြားချက်အသစ်များကို





နာခံပြီး အစောဆုံးအိမ်ပြန်ရချိန်မှာ ၁၁ နာရီဖြစ်ပါသည်။

ကျွန်တော်တို့တပ်တစ်ခုတည်းတွင်ပင် ထိုကဲ့သို့ တာဝန်ထမ်းဆောင်နေသော စစ်သည်ပေါင်း ရာနှင့်ချီ၍ ရှိပါသည်။

ထောက်လှမ်းရေးတွင် စစ်သည်များ ထွက်ပြေးသည့်တပ်တစ်တပ် ရှိပါသေးသည်။ ရဲမွန်မှ လုံခြုံရေးတပ်ရင်း ဖြစ်ပါသည်။

ကျည်ကာဝတ် သေနတ်အသင့်ကိုင်ကာ တစ်နှစ်လျှင် ၃၆၅ ရက် ကားပေါ်မှ မဆင်းရသည့်တပ် ဖြစ်ပါသည်။

အနေအစားကျဉ်းကျပ်လွန်းကာ စစ်သည်များ မခံနိုင်သဖြင့် မကြာခဏ ထွက်ပြေးလေ့ရှိကြပါသည်။

ဗဟိုထောက်လှမ်းရေးတပ်တွင်လည်း ခြေလျင်တပ်မှ အရာရှိများ အများအပြား သင်တန်းတက်ဖူးကြပါသည်။

ထိုတပ်မှ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများလုပ်ရသည့်အလုပ်မှာ သင်တန်းသားများကို ထမင်းကျွေးရောင်းခြင်း ဖြစ်ပါသည်။

ဗထလမှ ထောက်လှမ်းရေးစစ်သည်များ ချမ်းသာ၊ မချမ်းသာဆိုသည်ကို တပ်မတော်တစ်ခုလုံး သိကြပါသည်။

ကျွန်တော်ကိုယ်တိုင် စစ်ရုံးလုံခြုံရေး တစ်နှစ်နီးပါး တာဝန်ထမ်းဆောင်ဖူးပါသည်။

နေ့တိုင်း စစ်ရုံးမှ သက်သာ တစ်ဆယ်တန်ထမင်း စားရပါသည်။

စစ်သည်များမှာ ရန်ကုန်တိုင်းက ရောင်းပေးသည့် တစ်ဆယ်တန် ကြက်ဥလေး ဝယ်ခွင့်ရရေးသည် သူတို့၏ ရောမအခွင့်အရေးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေး တပ်ဖွဲ့များတွင် နယ်မြေတပ်ဖွဲ့ဝင် အားလုံးပေါင်း၏ အရေအတွက်သည် ၁၅၀၀ ပင် မပြည့်ပါ။

ထိုအရေအတွက်သည် နယ်မြေရှိသည့် ဗဟိုလ၊ အကူလုခတ စသည့် ထောက်လှမ်းရေးတပ်ကြီး ၃ တပ် ရှိ တပ်ဖွဲ့ဝင် အရေအတွက်ထက်ပင် များစွာ လျော့နည်းပါသည်။

ထောက်လှမ်းရေးတပ်ဖွဲ့တစ်ခုလုံး၏ သုံးပုံတစ်ပုံနီးပါးသာ ရှိပါသည်။

ထောက်လှမ်းရေးတပ်ဖွဲ့တစ်ခုလုံးအား ဒုတပ်ကြပ်နှင့် အထက် အခြားအဆင့်များအားလုံးကို အပြစ်ရှိရင် အရေးယူ၊ အပြစ်မရှိလျှင် ထုတ်ပယ်ဟူသော မူအတိုင်း ဆောင်ရွက်သောအခါ . . .

မနက်မိုးလင်းလျှင် ထမင်းချိုင့်လေးထုတ်ပြီး ဘတ်စ်ကားစီးကာ တာဝန်ကျရာနေရာသို့ အရောက်သွားပြီး နောက်ယောက်ခံ (သို့မဟုတ်) ကျရာတာဝန်ကို ထမ်းဆောင်နေရသော စစ်သည်များ . . .

တစ်နှစ်လျှင် ၃၆၅ ရက် လုံခြုံရေး တာဝန် ထမ်းဆောင်နေရသော ထောက်လှမ်းရေးစစ်သည်များမှာ နေစရာ အိမ်မရှိ၊ စားစရာနတ္ထိဖြင့် ပါးစပ်အဟောင်းသား အိပ်မက်မှ လန့်နိုးခံလိုက်ရသလို ဖြစ်ကုန်ပါသည်။

ထိုစစ်သည်များနှင့် မိသားစုအများအပြားမှာ ဝါးလုံးသိမ်း ရက်ရက်စက်စက် အရေးယူခဲ့မှုကြောင့် လမ်းပေါ် ရောက်သွားခဲ့ပါသည်။

ကျွန်တော် ထိုစဉ်က တာဝန်ရှိသူများအား မေးခွန်းထုတ်ပါရစေ။





ထောက်လှမ်းရေးအား ထိုသို့ဝါးလုံးသိမ်း အရေးယူခဲ့ခြင်းသည် ရဲဘော်ရဲဘက်အချင်းချင်း လုပ်သင့်လုပ်ထိုက်ပါရဲ့လား။

မသမာမှု ပြုလုပ်ခဲ့သူများ၊ တာဝန်ရှိသည့်အတွက် အရေးယူခြင်းများကို လက်သင့်ခံနိုင်ပါသည်။

တာဝန်ရှိသူအချို့၏ အငြိုးအာဃာတများနှင့် ဆောင်ရွက်ခဲ့မှု တချို့တို့ကတော့ တပ်မတော်သမိုင်းကို အမှောင်ဆိုးခဲ့ပါပြီ။

အောက်တိုဘာ ၁၈ ရက်နေ့က ဗိုလ်ချုပ်ကြီးခင်ညွန့်အား လေဆိပ်တွင် သွားကြိုခဲ့သော ယာဉ်တန်းပါ လုံခြုံရေးအရာရှိမှာ ထိုနေ့ ထိုညက စစ်ရုံးတွင် ခေတ္တထိန်းသိမ်းခံရပါသည်။

နောက်ရက်တွင်လည်း ပြန်မလွှတ်တော့ပါ။ စွဲချက်တင်ရာတွင် ပြဿနာကြုံရပါသည်။

ထိုအရာရှိမှာ မိဘကလည်း ချမ်းသာပါသည်။ G2 ရုံးပေါ်နေသူဖြစ်သဖြင့် တိုင်စာလည်းမရှိပါ။ အခြားရှုပ်ရှုပ်ယှက်ယှက်လည်း မရှိပါ။

နောက်ဆုံးတွင် ထိုအရာရှိမှ နိုင်ငံခြား လုံခြုံရေးခရီးစဉ် ၄ ခေါက်သွားထားသည့်အတွက် ဝတ်စုံ၊ စားစရိတ်များအား မည်သို့ သုံးစွဲကြောင်း စစ်ဆေးပါသည်။

အရာရှိကလည်း ဖြေတာ ရှင်းပါသည်။ Suit က နဂိုရှိပြီးသားကွ။

အဲဒီတော့ ဝတ်စုံစရိတ်ဒေါ်လာကို ရောင်းပြီး အိမ်စရိတ် သုံးလိုက်တယ်။

ထိုအခါ ဝတ်စုံစရိတ်ပိုင်ငွေအား ပြန်မအပ်သည့် အလွဲသုံးစားမှုဖြင့် ပကတ တစ်နှစ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာကို ပြင်ပသို့ရောင်းသည့် နိုင်ငံခြားငွေအက်က နှစ်နှစ်၊

စုစုပေါင်း လေးခေါက်သွားထားသဖြင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခံရပါသည်။

သကြံနိုက်တွင်း သေနတ်ကိုင်ကာ ရမ်းကားခဲ့သော တိုင်းမှူးသားကို လိုက်ဖမ်းခဲ့သော ထောက်လှမ်းရေးအရာရှိတစ်ဦး ရှိခဲ့ပါသည်။

ထောက်လှမ်းရေးတပ်ဖွဲ့ ဖျက်သိမ်းချိန်တွင် ထိုအရာရှိမှာ ဗိုလ်မှူးဖြစ်နေပြီဖြစ်ပြီး တိုင်းမှူးမှာ ကစထမှူး ဖြစ်နေပြီ ဖြစ်ပါသည်။

ဟုတ်ကဲ့ ... အိမ်ပြန်ရောက်နေပြီဖြစ်သော ဗိုလ်မှူးကို ခြေထိပ်လက်ထိပ်ခတ်ကာ လေယာဉ်နှင့် ပြန်တင်ခေါ်လာခဲ့ပြီး ထောင်ဒဏ်နှစ်ရှည်များ ချမှတ်ခဲ့သူ ကစထမှူးကြီးတစ်ဦး တပ်မတော်မှာ ရှိခဲ့ဖူးပါသည်။

တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့တစ်ခုလုံးအား ဖျက်သိမ်းပြီး၊ တပ်ဖွဲ့ဝင်များအား အရေးယူ ပြစ်ဒဏ်ချမှတ်ရာတွင် အလွန်အံ့ဩစရာကောင်းသော ကိစ္စရပ်များ ဖြစ်ပွားခဲ့ပါသည်။

ဝန်ကြီးချုပ်တာဝန်နှင့် တစ်ချိန်လုံး ခရီးစဉ်များသာ ထွက်နေရသော ဗိုလ်ချုပ်ကြီးခင်ညွန့်မှစပြီး တပ်မတော် ထောက်လှမ်းရေးအရာရှိအများစုမှာ ထောင်ဒဏ်များ နှစ်ရှည်ချမှတ် အရေးယူခံခဲ့ရပါသည်။

သို့သော်လည်း ကကလှမ်းတွင် တစ်ချိန်လုံး အချိန်ပြည့်ရှိနေသော ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးမှာ လုံးဝအရေးယူမခံခဲ့ရပါ။





ထိုကိစ္စမှာ မည်သို့မှနားလည်နိုင်ဖွယ်မရှိသော၊ မည်သို့မှ စဉ်းစား၍မရသော ပုစ္ဆာတစ်ပုဒ်ပင်။

တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့ကြီး အရေးယူခြင်းဖြစ်စဉ်၌ ရယ်စရာအကောင်းဆုံးဟာသတစ်ခု ဖြစ်နေပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ယခုတော့ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ အတော်များများ ပြန်လည်လွတ်မြောက်လာကြပါပြီ။

အားလုံးက ဘယ်လိုမေးမေး တစ်သံတည်း ထွက်သည်။

ဘယ်သူမှလည်း ငယ်ကျိုးငယ်နာ မဖော်ကြပါ။ တပ်မတော်ကြီးကိုလည်း မဆဲရေးကြ၊ အပြစ်မတင်ကြပါ။

ခပ်ပြုံးပြုံးပင် အရှိကို အရှိအတိုင်း လက်ခံခဲ့ကြပါသည်။

ဟုတ်ကဲ့ ... ထိုအချက်တစ်ချက်တည်းနဲ့ပင် ကျွန်တော် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ရတာကို ဂုဏ်ယူခဲ့ပါသည်။

နေရီ

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

## အတွေ့အကြုံဇာတ်ပြချက်များ

### ထူးညီမလည်သည့် ထောက်လှမ်းရေးတပ်မှူးဟောင်းတစ်ဦးအကြောင်း

ကျွန်တော်သည် အရာရှိငယ်ဘဝက တပ်မတော် ထောက်လှမ်းရေးများနှင့် သိပ်အစေးကပ်သူမဟုတ်ပါ။ သို့ရာတွင် အရာရှိကြီးဘဝ၌မှ ထိပ်ပိုင်းတပ်မှူးကြီးတွေဖြစ်သော ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗိုလ်ချုပ်ကျော်ဝင်းတို့နှင့်ပုဂ္ဂိုလ်ရေးရင်းနှီးမှု **Personal Attachment** များကြောင့် ဘာပြဿနာမှ မရှိခဲ့ပါ။ ရှိလို့ **Report** တက်သွားရင်လည်း အလိုလိုပြီးပျောက်သွားခဲ့သည်သာ ဖြစ်ပါသည်။

ရန်ကုန် **Y.C.D.C** တွင် တာဝန်ထမ်းဆောင်ရတော့ ထောက်လှမ်းရေးတွေနှင့် မလွဲမသွေ ဆက်ဆံရသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **UDO** ကို မကြာမကြာလာရာ သူတို့လိုက်ပါလာတတ်ကြ၏။ အားလုံးက ကျွန်တော့်အသိတွေ။ တပ်မှူးကြီးများအားလုံးနှင့် ကျွန်တော် သိကျွမ်း၏။

www.burmeseclassic.com



တပ်မှူးငယ်များထဲတွင် ရန်ကုန်မှ (၇) တပ်မှူးဗိုလ်မှူး လှသက်မောင် (၆) တပ်မှူး ဗိုလ်မှူးစည်သူ၊ (၁၂) တပ်မှူး ဗိုလ်မှူး နေစိုးတို့ကား မကြာခဏ ဆုံနေကြဖြစ်၏။

၎င်းတို့သုံးယောက်အနက် (၇) နှင့် (၆) တပ်မှူးနှစ်ဦးကား လူမုန်းမရှိ။ (၁၂) တပ်မှူး ဗိုလ်မှူးနေစိုးကား လူမုန်းများ၏။ အထူးသဖြင့် သူ၏မောက်မာမှုကြောင့် ဖြစ်၏။ သူသည် သနက (၃) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး အုန်းမြင့်သား ဖြစ်သည်။ နဝတ တက်လာခါစ **NLD** လူငယ်တွင် **Penetration Agent** လုပ်ခဲ့ဖူး၏။ ဒေါ်အောင်ဆန်းစုကြည်အနားတွင် နှစ်အနည်း ငယ်နေခဲ့ဖူး၏။ ထို့ကြောင့် သူ့အား ဗိုလ်ချုပ်ကြီးခင်ညွန့်က အထူး **Favour** ပေးခဲ့ သည်။ ထို့ကြောင့် သူက ပိုမောက်မာ၏။ သူ့အား လူကြီး အတော် များများက မျက်မုန်းကျိုး၏။ ကျွန်တော်လည်း သူ့အား ကြည့်မရ ပါ။ ၂၀၀၄ ခုနှစ် အောက်တိုဘာအရေးအခင်းတွင် စစ်ရုံး အစည်းအဝေး၌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေအား မချေမငံပြန်ပြောရာ ချက်ချင်း လက်ထိပ်ခတ် အချုပ်ထဲထည့်ခဲ့၏။ ထောင်ဒဏ် အနှစ် ၂၀ အပြစ်ပေးခံရ၏။

ယခုတော့ လွတ်ပါပြီ။

သူနှင့်ပတ်သက်၍ စာရေးဆရာအောင်စွမ်းက အောက်ပါ အတိုင်း ရေးခဲ့၏။ ဖတ်ကြည့်ကြပါခင်ဗျား။

❖❖❖





တပ်မ(၄၄) နည်းဗျူဟာမှူးမှ
တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး
ဖြစ်လာသည့် ဗိုလ်မှူးကြီးခင်ညွန့်(၁၉၈၃)

www.burmeseclassic.com

www.burmeseclassic.com




၁၉၈၀ - ခုနှစ်က ဗထူးတွင်စစ်ဦးစီးတက္ကသိုလ်တက်နေသည့်
ဒုတိယဗိုလ်မှူးကြီးခင်ညွန့်
(စာရေးသူနှင့်ထိုစဉ်ကစ၍အထူးရင်းနှီးခဲ့သည်)



ဗိုလ်ချုပ်ကျော်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံစစ်ကြောရေးစခန်းပြ မြေပုံ



## လောကစံအလှည့်အပြောင်းနှင့်

## One Country, Two Governments

## ခေတ်ကိုထူထောင်ခဲ့သူတစ်ယောက်

## ထောက်လှမ်းရေး တပ်မှူးတစ်ဦး၏အကြောင်း

ရေးသူ - အောင်စွမ်း

### ၁။ ကျွန်တော်၏ Point of View မှ မြင်တွေ့ဆက်ဆံခဲ့ရသော ထောက်လှမ်းရေးတပ်မှူး တစ်ဦး

### နိဒါန်း

ထိုနေ့က မိုးမရွာပါ။ ရွာပါသော်လည်း မိုးမသည်းခဲ့ပါ။ ဝင်းပသော နေခြည်ထဲတွင် တိုက်ခိုက်လာသော လေပြေက လတ်ဆတ်လှသည်။ ထိုလတ်ဆတ်သော လေနုအေးကို အဆုတ်ထဲရောက်အောင်ထိ ကျွန်တော်တစ်ဝကြီး ရှူသွင်းလိုက်သည်။ ဤတွင် ကျွန်တော့်တစ်ကိုယ်လုံး လတ်ဆတ်ပေါ့ပါးသွားသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် MD ခေါ်ကြောင်း ဝန်ထမ်းငယ်တစ်ယောက်က သတင်းလာပို့သဖြင့် ကျွန်တော် ရုတ်ခြည်း ထလိုက်သွားသည်။ စေ့ထားသော ဆင်နားရွက်တံခါးကို ကျွန်တော်တွန်းဖွင့်လိုက်သည်။ လေအေးပေးစက် တပ်ဆင်ထား၍ အခန်းသည် အေးမြခြင်းကို ဆောင်နေလေသည်။ ပဲရစ်ရေမွှေးနံ့သင်းသင်းကို ဖျန်းပက်ထား၍ မွှေးပျံ့ထုံသင်းနေပါသည်။

MD – ဦးအောင်စွမ်း ... ခင်ဗျား ကျွန်တော်နဲ့ ပတ်စ်ပို့ရုံးကိုလိုက်ခဲ့ပါ။ ခုရက်ပိုင်းအတွင်း ဗီယက်နမ်နိုင်ငံကို ဆီမီနာသွားရမှာဖြစ်တယ်။ ကျွန်တော် ပတ်စ်ပို့က သက်တမ်းကုန်နေပြီ။ အချိန်မီပြီးစီးရေးအတွက် သမားရိုးကျလမ်းကြောင်းနဲ့သွားလို့တော့ မရနိုင်ဘူးဗျာ။

ကျွန်တော် – ဟုတ်ပါတယ် ဗိုလ်ကြီး။ ဗိုလ်ကြီးရဲ့ပတ်စ်ပို့ သက်တမ်းက သက်တမ်းလွန်နေပြီ ဖြစ်သည့်အတွက် Procedute အတိုင်းဆိုရင် တစ်လလောက် ကြန့်ကြာသွားနိုင်တယ်။ ရေမျှားများ လောင်းသွားမယ်ဆိုရင်တောင် တစ်ပတ်တော့ အနည်းဆုံးကြာပါမယ်။ ဥပဒေအထက်က လူတွေနဲ့ဆောင်ရွက်မှသာ Target Date ကို ပြည့်မီနိုင်ပါတယ်။

ဗိုလ်ကြီး – ဒါဆိုရင် ဒီလိုလုပ်ဗျာ။ ကျွန်တော့်သူငယ်ချင်းနေစိုးထံ သွားမယ်။ ခင်ဗျား အသင့်ပြင်ထားပေတော့။





ကျွန်တော် – ဟုတ်ကဲ့။

နာရီဝက်အကြာတွင် ကျွန်တော်၏ Boss ဖြစ်သူ ဗိုလ်ကြီးက သူ့ပိုင် ပါဂျဲရိုကားသစ်ကြီးကိုမောင်းလျက် ကျွန်တော့်က သူ့ဘေးက ထိုင်လျက် လိုက်ပါသွားသည်။ ကမ္ဘာအေးဘုရားလမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ မောင်းလာသောကားသည် ၁၀၆ မှတ်တိုင်သို့ရောက်သောအခါ လမ်း၏ညာဘက်ရှိ တပ်ပိုင်ဝင်းထဲသို့ ချိုးဝင်လိုက်သည်။ ကားသည် Family Quarter များကိုဖြတ်ကျော်ပြီးနောက်၊ အုတ်ကြွပ်မိုးနီနီများဖြင့် အုပ်မိုးထားသော အနီရောင်တန်းလျားတစ်ခုရှေ့တွင် ထိုးရပ်လိုက်လေသည်။ ကျွန်တော်၏ Boss သည် ဤနေရာသို့ လာနေကျဖြစ်ဟန်တူသည်။ ကားပေါ်မှဆင်းပြီးနောက် ခန်းဆီးချထားသော ရုံးခန်းအတွင်းသို့ ဝင်ရောက်သွားလေသည်။ ကျွန်တော်လည်း သူ့နောက်မှ ကုတ်ကုတ်၊ ကုတ်ကုတ်နှင့် လိုက်ပါဝင်ရောက်ခဲ့သည်။

ထောက်လှမ်းရေးတပ်မှူး၏ ရုံးခန်းသည် သပ်ရပ်သန့်ရှင်းနေလေသည်။ လတ်တလော တင်ပြထားသော စာဖိုင်များမှတစ်ပါး အခြားမရှိပေ။ အခန်းထဲတွင် မတ်တတ်ပန်ကာတစ်လုံးကို ပုံမှန်ဖွင့်ထားသည်။ တပ်မှူး၏ နောက်ကျောဘက်နံရံတွင်ကား ထိုစဉ်ကာလ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်ခဲ့သူ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၏ ပုံတစ်ပုံတည်းကိုသာ ချိတ်ဆွဲထားသည်ကို အံ့ဩဖွယ်တွေ့ရှိလိုက်လေသည်။

ကျွန်တော်၏ Boss နှင့် ထောက်လှမ်းရေးတပ်မှူးတို့သည် ဗိုလ်သင်တန်းတစ်ပတ်စဉ်တည်း တက်ရောက်ခဲ့သူများဖြစ်၍ ရင်းချာလှသည်။ စကားလက်ဆုံ ပြောမကုန်ဖြစ်နေလေသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ပြောစကားများအရ အဆိုပါ ထောက်လှမ်းရေးတပ်မှူးသည် ဗိုလ်မှူးနေစိုးဖြစ်ကြောင်းသိလိုက်ရသည်။ ဗိုလ်မှူးနေစိုးသည် စာရေးဆရာကြီးမဟာဆွေ၏ ဇာတ်လိုက်အလားပင်။ အသားလတ်လတ်၊ အရပ်အမောင်း ကောင်းကောင်း။ ရင်အုပ်ကားကားနှင့်မို့ ယောကျ်ားပီသလှသည်။ အသံဝါဝါ၊ အကြည့်စူးစူးရှရှနှင့်မို့ ထောက်လှမ်းရေးတပ်မှူးကောင်းတစ်ယောက်၏ အင်္ဂါရပ်နှင့် ပြည့်စုံလှပေသည်။ ကျွန်တော်၏ Boss နှင့် စကားပြောနေသော ဗိုလ်မှူးနေစိုးသည် ကျွန်တော့်အား မကြာခဏ အကဲခတ်နေလေသည်။

ဤသည်ကို ရိပ်မိသော ကျွန်တော်၏ Boss က ကျွန်တော့်အား ဗိုလ်မှူးနေစိုးနှင့် မိတ်ဆက်ပေးခဲ့သည်။ ကျွန်တော်က ကျွန်တော့်ဘဝဖြတ်သန်းမှုကို အကျဉ်းမျှပြောကြားလိုက်သည်။

ထိုရောအခါ ဗိုလ်မှူးနေစိုးက ...

"ခင်ဗျား ဆက်သွယ်ရေးမန်နေဂျာအဖြစ် တနင်္သာရီတိုင်းမှာ လုပ်ခဲ့ဖူးတယ် မဟုတ်လား။ (၃၃)ချက်နဲ့ အနားယူခဲ့ရတယ် မဟုတ်လား" စသည်ဖြင့် မဆိုင်းမတွ ပြောကြားလိုက်ရာ ကျွန်တော် လွန်စွာအံ့အားသင့်သွားသည်။

ကျွန်တော်က ...

"စိတ်ချပါ ဗိုလ်မှူး။ မိသားစု စားဝတ်နေရေးအတွက် ဗိုလ်ကြီးရဲ့ငါးပုဇွန်ကုမ္ပဏီမှာ ကောင်းမွန်စွာ တာဝန်ထမ်းဆောင်နေပါတယ်။ နိုင်ငံတော်နှင့် အစိုးရအပေါ် ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ပါ၊ တိုင်းပြည်ကိုလည်း ဘယ်တော့မှ စွန့်ခွာသွားမည့်သူမဟုတ်ပါ" ဟု တုံ့ပြန်ပြောကြားလိုက်ပါသည်။

ကျွန်တော်တို့ စကားကောင်းနေစဉ်မှာပင် တပ်မတော်





ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် သူ၏လက်စွဲတော် ဆရာကြီးစိုးဝင်းနှင့်အတူ ရောက်ရှိလာပြီး ဝန်ထမ်းတန်းလျားများသို့ သွားရောက်ကာ မိသားစု၏ကျန်းမာရေးအခြေအနေများ၊ စားဝတ်နေရေးအခြေအနေများကို တစ်အိမ်တက်ဆင်း မေးမြန်းနေလေသည်။

ဤတွင် ဗိုလ်မှူးနေစိုးက သူ၏ Trade Mark ဖြစ်သည့် အသံဝါကြီးနှင့် ...

"လူကြီးကတော့ ရောက်နေတယ်။ ခင်ဗျားတို့ ပြန်ကြတော့။ ကိုအောင်စွမ်းနဲ့အတူ ကျွန်တော့်ဌာနက ဆရာတစ်ယောက်ထည့်ပေးလိုက်မယ်။ သူနဲ့အတူ ပန်းဆိုးတန်းက Passport ရုံးကိုလိုက်သွား။ ဟိုမှာ လိုအပ်သည်များကို ဖြည့်စွက်ပေး။ ညနေပိုင်းရောက်ရင် ဆရာစံလမ်းပေါ်မှာရှိတဲ့ ပြည်ထဲရေးဝန်ကြီးရုံးကိုသွားရောက်ပြီး Passport ထုတ်ယူပေတော့။ အခက်အခဲရှိရင် ကျွန်တော့်ထံ ဖုန်းဆက်၊ ကြားလား" ဟု ကျွန်တော့်အား ခပ်ငေါက်ငေါက်ပြောကြားလိုက်သည်။ ယင်းနောက် ဗိုလ်မှူးနေစိုးသည် သူ၏ရုံးခန်းထဲမှ ချာခနဲ လှည့်ထွက်သွားပါတော့သည်။

ကျွန်တော်လည်း ထောက်လှမ်းရေးတပ်မှူးမှ ထည့်ပေးလိုက်သည့် ဆရာနှင့်အတူ ပန်းဆိုးတန်းလမ်းရှိ ပတ်စ်ပို့ရုံးသို့ သွားရောက်ခဲ့ပါသည်။ သတ်မှတ်ပုံစံများတွင် လိုအပ်သည်များကို ဖြည့်စွက်ရေးသားပေးခဲ့ပါသည်။ အသင့်ရိုက်ပြီး ပတ်စ်ပို့အရွယ် ဓာတ်ပုံများကိုလည်း ပေးအပ်ခဲ့ပါသည်။ နိုင်ငံသားမှတ်ပုံတင် လက်မှတ်ကိုလည်း မိတ္တူကူးပြီး ပေးအပ်ခဲ့ပါသည်။ ညနေပိုင်း ရောက်သောအခါ ဆရာစံလမ်းရှိ ပြည်ထဲရေးဝန်ကြီးရုံးသို့ သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကာ ပတ်စ်ပို့ထုတ်ယူခဲ့ပါသည်။ ပန်းခင်းသော လမ်းပေါ် လျှောက်လှမ်းခဲ့ရသလိုပင်။ လွယ်လိုက်လေခြင်း။

ကျွန်တော်၏ **Boss** သည် ကျေးဖူးတင်လွန်းသဖြင့် ဗိုလ်နေစိုးထံသို့ **Export Quality** အဆင့်ရှိ **Processing** လုပ်ပြီး အေးခဲပြီး ပုစွန်တုံးများကို သွားရောက်ပေးပို့စေခဲ့ပါသည်။

ဗိုလ်မှူးနေစိုးက ...

''ခင်ဗျားဆရာကိုပြောလိုက်။ နောက် ဒီလိုအဖိုးတန်တဲ့ ပစ္စည်းတွေကို ယူမလာနဲ့။ အကြောင်းရှိရင် ဖုန်းဆက်လိုက်။ ကဲ ပြန်ပေတော့'' ဟု ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ကာ ပြောချလိုက်သည်။ ယင်းနောက် ဆုံလည်ကုလားထိုင်ကို တစ်ဖက်သို့ လှည့်ရင်း ကျွန်တော့်အား ကျောခိုင်းလိုက်ပါသည်။ ကျွန်တော်သည် နှုတ်ဆက်စကားကိုပင် မဆိုလိုက်ရ။ ကျေးဇူးတင်စကားကိုပင် မပြောလိုက်ရ၊ ထောက်လှမ်းရေးတပ်မှူး၏ အရိပ်အကဲကိုကြည့်ပြီး လှည့်ပြန်ခဲ့ရပါသည်။ လမ်းတွင် ကျွန်တော် စဉ်းစားသုံးသပ်ကြည့်ပါသည်။ ဗိုလ်မှူးနေစိုးသည် ထောက်လှမ်းရေးကိစ္စမှလွဲ၍ အခြားဘာမှမစဉ်းစားသော ဗိုလ်ချုပ်ကြီးခင်ညွန့်၏အမိန့်တစ်ခုတည်းသာ နာခံတတ်သော၊ ထောက်လှမ်းရေးသည်သာ ပထမ၊ ဒုတိယ၊ တတိယ ခံယူထားသော သူတစ်ယောက်ဟု ကျွန်တော် နားလည်သဘောပေါက်လိုက်ပါသည်။ ခွင့်လွှတ်နိုင်ရန်လည်း ကြိုးစားခဲ့ပါသည်။





နိဂုံး

''လောကတွင် မဖြစ်နိုင်စရာဘာမျှမရှိပါ။ မဖြစ်သေးတာပဲ ရှိသည်'' ဆိုသော ရှေးလူကြီးစကားသည် ကွက်တိမှန်ခြေပြီ။ တိတိပပပြောရလျှင် တပ်မတော်ထောက်လှမ်းရေးတစ်ခုလုံး စနေဂြိုဟ်ရော၊ ရာဟုဂြိုဟ်ရော၊ အင်္ဂါဂြိုဟ်ရော စီးနင်းခံလိုက်ရသော အခါ တပ်မတော်ထောက်လှမ်းရေးလောကတစ်ခုလုံး သွက်သွက်ခါ သွားလေသည်။ ကျူပင်ခုတ် ကျားငုတ်မကျန် ရှင်းလင်းခံလိုက်ရပေသည်။ ခုခံချိန်မရလိုက်၊ ကာကွယ်ချိန်မရလိုက်၊ ရုတ်တရက် စီးနင်းခံလိုက်ရပုံမျိုးပင်။ ဤတွင် ကျွန်တော်တို့၏ ဇာတ်လိုက်ကျော်ကြီး ဗိုလ်မှူးနေစိုးသည်လည်း ကျန်မနေရစ်ခဲ့။ နရသိန်၏ အကျဉ်းသားတစ်ယောက်ဖြစ်သွားလေပြီ။

သူ၏ဇနီးနှင့် သားသမီးများမှာ မိဘများရှိရာ ပြည်မြို့သို့ရောက်ရှိသွားကြောင်းသိရသည်။ တပ်မတော်တွင် စစ်ဦးစီးမှူး(ပထမတန်း)အဖြစ်ဆောင်ရွက်ခဲ့ဘူးသော ရွှေတိဂုံဘုရား ဂေါပကအဖွဲ့ဝင် လူကြီးမင်းတစ်ဦးဖြစ်ခဲ့ဖူးသော ဗိုလ်မှူးနေစိုး၏ ဖခင်ကြီးသည် အိပ်ရာထက်တွင် ပက်လက်ဖြစ်နေရှာပြီး ဗိုလ်မှူးနေစိုး၏ ကျေးဇူးရှင် မိခင်ကြီးမှာလည်း နှစ်တစ်ရာကျော် ထောင်ဒဏ်ကျခံနေရသော သားဖြစ်သူ ထောင်က ထွက်မည့်ရက်ကို မျှော်လင့်နေဟန်တူသည်။ သားပြန်လာမည့်နေ့ရက်ကို တမ်းတ၊ မှန်းဆနေလေသည်။

မိသားစုဘဝတစ်ခုလုံး ဆူနာမီလှိုင်းလုံးကြီးများနှင့် တွေ့ကြုံရသည့်အလား ပုလဲသီး၊ တစ်ကွဲသီ ဖြစ်သွားခြင်းအပေါ် ကျွန်တော် မောင်အောင်စွမ်းတစ်ယောက် လူသားချင်းစာနာစိတ်ဖြစ်ပေါ်ခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင် ဖြစ်ပါတော့သည်။

သို့ပင်ဖြစ်သော်ငြားလည်း **One Country, Two Government** မင်းဆက်တစ်ရပ်ကို ပုံဖော်ထုဆစ်ခဲ့သူထစ်ဦး အတွက် ထိုပြစ်ဒဏ်သည် လွန်သွားသလော၊ နည်းနေသေးသလော ဆိုသည်ကိုမူ ကျွန်တော်၏ အသိဉာဏ် တစ်ထွာတစ်မိုက်နှင့် ဆုံးဖြတ်နိုင်စွမ်းမရှိကြောင်း ဝန်ခံအပ်ပါသည်။

**၂။ ဗိုလ်မှူးပေါင်းနေစိုး၏ ကျေးဇူးရှင်မိခင်ကြီးမှ နိုင်ငံတော်သမ္မတထံသို့ အိတ်ဖွင့်ပေးစာ**

ရိုသေလေးစားရပါသော သမ္မတကြီးနှင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ရှင့် –

ပြည်မြို့ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသော ဗိုလ်မှူး(ပေါင်း)နေစိုး၏ မိခင်ဖြစ်သူ ကျွန်မ ဒေါ်တင်နွယ်က ရိုသေလေးစားစွာ အသနားခံ တင်ပြလျှောက်ထားအပ်ပါသည်။

ကျွန်မ၏ခင်ပွန်းဖြစ်သူမှာ ကြည်း ၇၃၇၈၊ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် (ငြိမ်း)ဖြစ်ပါသည်။ ကျွန်မ၏ ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း)မှာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် စစ်ဦးစီးမှူး (ပထမတန်း) (စစ်ရေး) တာဝန်ကို ထမ်းဆောင်ခဲ့ပြီး သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခဲ့သူဖြစ်ပါသည်။ အငြိမ်းစားယူပြီးနောက်ပိုင်းတွင်လည်း ရွှေတိဂုံစေတီတော်မြတ်ကြီး (ဂေါပက)လူကြီးတာဝန်ကို ၈ နှစ်တိတိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကျွန်မတို့မိသားစုတွင် သား ၄ ယောက်၊ သမီး ၄ ယောက် ထွန်းကားခဲ့ပြီး သား(၃)ယောက်မှာ နိုင်ငံ့ဝန်ထမ်းများအဖြစ် နိုင်ငံတော်အပေါ်သစ္စာရှိစွာ တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ (၂၀၀၄–၂၀၀၅) ခုနှစ်များတွင် နိုင်ငံတာဝန်ထမ်းဆောင်နေကြသော ၃ ယောက်စလုံးမှာ အမျိုးမျိုးသော အကြောင်းများကြောင့် နှစ်ရှည်ပြစ်ဒဏ်များ အသီးသီးကျခံခဲ့ရပြီး သက်ဆိုင်ရာထောင်များ၌ ပြစ်ဒဏ်ကျခံခဲ့ရပါသည်။





ကျွန်မတို့မိသားများမှာ ပြောမပြနိုင်လောက်အောင်ပင် ထိခိုက်နာကျင်၊ ကြေကွဲခံစားရပါသည်။ တိုင်းပြည်တာဝန်ကို စစ်သားကောင်းတစ်ဦးပီပီ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ခဲ့သော ခင်ပွန်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်မှာ သားကောင်းရတနာကောင်း ၃ ယောက်မွေးဖွားခဲ့ပြီး ဖခင်၏အမွေဆက်ခံကာ တိုင်းပြည်အတွက် အားထားရသော ယောကျ်ားကောင်းများအဖြစ် ဂုဏ်ယူကြည်နူး၍မဆုံးမီမှာပင် သား ၃ ယောက်စလုံး အကျဉ်းကျခံရသဖြင့် စိတ်ထိခိုက်ခဲ့ရပါသည်။

ထိုအတောအတွင်း အိမ်၌ကျန်ရှိနေသော သားငယ်မှာလည်း အစ်ကိုကြီးများ၏ကိုယ်စား မိဘနှစ်ပါးကို လုပ်ကျွေးပြုစုစောင့်ရှောက်နိုင်ရန်အတွက် သပိတ်ကျင်းဒေသသို့ ရွှေတူးရန် သွားရောက်စဉ် ၂၀၀၁ ခုနှစ်တွင် ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်ရောက်ပြီး ရုတ်တရက် သေဆုံးခဲ့ရပါသည်။ သေဆုံးသွားသော သားငယ်၏ အလောင်းကို အိမ်ကို ပြန်လည်သယ်ဆောင်လာခဲ့ပြီး အိမ်ပြန်ရောက်ချိန်တွင် စိတ်ကျန်းမာရေးမကောင်းတော့သည့် ဖခင်ကြီး မသိစေရန် တိတ်တဆိတ်ပင် သင်္ဂြိုဟ်ခဲ့ရပါသည်။ ဤမျှဆိုးရွားလှသည့် ကျွန်မတို့ မိသားစု၏ ဒုက္ခများကိုလည်း သိရှိနိုင်ပါရန်တင်ပြရခြင်းဖြစ်ပါသည်။ သား ၄ ယောက်စလုံးပေါ်တွင် အချိန်တိုအတွင်းကျရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ဆိုးရွားလှသည့် ကံတရားများကြောင့်သားများအပေါ် ကြီးစွာသော ယုံကြည်မျှော်လင့်ချက်ဖြင့် အားကိုးအားထားပြုခဲ့ရှာသော အသက် ၈၅ နှစ်ရှိပြီးဖြစ်သော ကျွန်မ၏ ခင်ပွန်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်မှာ ပြင်းထန်စွာ စိတ်ထိခိုက်ခံစားခဲ့ရပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမှုများစွာဖြင့် မှတ်ဉာဏ်များပျောက်ဆုံးသွားသည့်အထိ စိတ်ကျန်းမာရေး ချို့တဲ့မှုကို ခံစားနေခဲ့ရပါသည်။

၂၀၁၂ ခုနှစ်တွင် ကျေးဇူးရှင်သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် သားငယ်နှစ်ယောက် ပြန်လည်လွတ်မြောက်လာခဲ့ရသော်လည်း အကြီးဆုံးသားဖြစ်သူ ဗိုလ်မှူးဟောင်းနေစိုးမှာ ယခုအချိန်အထိ ပြည်မြို့အကျဉ်းထောင်၌ အကျဉ်းကျခံနေရပါသည်။

ယခုအခါ ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးအုန်းမြင့်မှာလည်း တဖြည်းဖြည်းကျန်းမာရေးပိုမိုချို့ယွင်းလာပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲပြီး မထနိုင်တော့သည်မှာ ၃ နှစ်ခန့်ကြာမြင့်ပြီဖြစ်ပါသည်။ သားဖြစ်သူ မောင်နေစိုး၏အမည်ကို အမြဲတမ်းခေါ်ပြီးတမ်းတနေပါသည်။ သူ၏ ခေါ်သံကြားတိုင်း မိသားစုများမှာ ရင်နင့်ကြေကွဲခံစား နေကြရပါသည်။ ကျွန်မမှာလည်း အသက် ၇၇ နှစ်ရှိပြီဖြစ်ပြီးသားများနှင့် ခင်ပွန်းသည်အတွက် စိတ်သောက ဖိစီးမှုများ ခံစားခဲ့ရသောကြောင့် ယခုအခါ နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများ ခံစားနေရပါသည်။

ကျွန်မ၏နောက်ဆုံးဆန္ဒမှာလည်း ထောင်တွင်းကျန်ရှိနေသော သားဖြစ်သူ မောင်နေစိုးကို အသက်အရွယ်ကြီးရင့်နေသော ကျွန်မတို့မိဘနှစ်ပါးမကွယ်လွန်မီ နောက်ဆုံးအနေဖြင့် ထောင်မှ ပြန်လည်လွတ်မြောက်လာသည်ကို မြင်တွေ့သွားရန် ဆန္ဒပြင်းပြလျက်





ရှိနေပါသည်။ သားဖြစ်သူ ဗိုလ်မှူးနေစိုးမှာ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သဖြင့် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဖမ်းဆီး ထိန်းသိမ်းခံရပြီး ယခုအခါ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ ပြန်လည် လွတ်မြောက်လာသော်လည်း သားဖြစ်သူ ဗိုလ်မှူးနေစိုးမှာ အချို့ သောအရာရှိများနှင့်အတူ ဆက်လက်ဖမ်းဆီး ထိန်းသိမ်းခံ နေရပါသည်။

ကျွန်မတို့မိဘနှစ်ပါးအနေဖြင့် သားဖြစ်သူ ပြန်လည်လွတ် မြောက်လာမည့်နေ့ကို နေ့စဉ်နှင့်အမျှ မေတ္တာပို့ မျှော်လင့်စောင့် စားလျက် ရှိနေကြပါသည်။ အသက်အရွယ်ကြီးရင့်ပြီး အိုမင်း မစွမ်းဖြစ်ကာ ကျန်းမာရေး မကောင်းသည့် ကျွန်မတို့မိသားစုမှာ သားဖြစ်သူထံ တစ်ကြိမ်မျှ သွားရောက်ကြည့်ရှုနိုင်ခြင်း မရှိသည့် အတွက် သားဖြစ်သူကို မတွေ့မြင်ရသည်မှာ ၉ နှစ်နှင့် ၁ လရှိပြီ ဖြစ်ပါသည်။ ကျွန်မကဲ့သို့ပင် အခြားသောပြစ်ဒဏ် ကျခံနေရသည့် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်ဟောင်းများ၏ မိသားစုများမှာလည်း ဆင်းရဲဒုက္ခမျိုးစုံကို တွေ့ကြုံခံစားနေကြရသည်ကို စိတ်မချမ်းမြေ့ စွာကြားသိရပါသည်။ ကျွန်မတို့အားလုံးမှာ သမ္မတကြီး၏ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးမှုကိုသာ အားကိုးမျှော်လင့်စောင့်စားနေကြရပါသည်။

ကျွန်မ၏သားဖြစ်သူ ဗိုလ်ချုပ်မှူးကြီး(ငြိမ်း)အပါအဝင် လက်ရှိတာဝန်ထမ်းဆောင်နေသာ နိုင်ငံတော်သမ္မတကြီး၊ ဗိုလ်ချုပ် မှူးကြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ စသည့် အကြီးအကဲများ အပေါ်တွင် မည်သည့်အခါမျှ ပြစ်မှားမိခဲ့ ခြင်းမရှိပါ။ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း လုပ်မှားကိုင်မှား



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုမှုများယွင်းခဲ့သည်များရှိပါကလည်း ဗိုလ်ချုပ်မှူးကြီး (ငြိမ်း) အပါအဝင် သမ္မတကြီးနှင့် နိုင်ငံတော်အကြီးအကဲများက သနားညှာတာစွာ ခွင့်လွှတ်ပေးပါရန်လည်း မိခင်တစ်ယောက်အနေဖြင့် အနူးအညွတ် ရှိသေစွာ တောင်းပန်အပ်ပါသည်။

ကျွန်မတို့ မိဘနှစ်ပါးကို သနားငဲ့ညှာသောအားဖြင့်လည်းကောင်း၊ တိုင်းပြည်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ခဲ့သော ကျန်းမာရေးချို့တဲ့နေရှာသည့် စစ်သည်ဟောင်းတစ်ဦးအပေါ် ရဲဘော်ရဲဘက်စိတ်ဖြင့် စာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ တိုင်းပြည်တွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စစ်သည်မိသားစုတစ်စုကို စောင့်ရှောက်သောအားဖြင့်လည်းကောင်း၊ သားဖြစ်သူ မောင်နေစိုးနှင့် ကျန်ရှိနေသေးသော ထောက်လှမ်းရေးတပ်ဖွဲ့ဝင်ဟောင်းများကို မေတ္တာကရုဏာရှေ့ထား၍ သမ္မတကြီးနှင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေး ကူညီဆောင်ရွက်ပေးနိုင်ပါရန် အသနားခံစာတင်ပြအပ်ပါသည်။ ကျွန်မ၏သားဖြစ်သူ မောင်နေစိုးအပါအဝင် ကျန်ရှိနေသေးသော တပ်ဖွဲ့ဝင်ဟောင်းများမှာလည်း အကျဉ်းထောင်ထဲတွင် ၉ နှစ်ကျော်ခန့် တရားခံမှုဖြင့်သာ မွေ့လျော်နေထိုင်လျက်ရှိကြပါသည်။ ၎င်းတို့ကိုယ်တွင် တရားဓမ္မဖြင့် ထုံမွမ်း၍ ဓမ္မစေတီတည်ထားကြပြီးဖြစ်သဖြင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လိုစိတ်တစ်ဦးတစ်ယောက်တွင်မျှ မရှိပါ။ ပြန်လည်လွတ်မြောက်လာပါကလည်း ငြိမ်းချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရိုသေသွားမည်ဖြစ်ပါကြောင်း၊ မိသားစုအဝဖြင့်ရင်း၍ ထပ်လောင်းဝန်ခံကတိပြု





အပ်ပါသည်။

(ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဗိုလ်မှူးနေစိုးအား သမ္မတလွတ်ငြိမ်းချမ်းသာခွင့်နှင့် လွှတ်ခဲ့ပြီးပါပြီ။ စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



## အာဇာနည်ဗိမာန် ဗုံးပေါက်ကွဲခြင်း

၁၉၈၃ ခုနှစ် အောက်တိုဘာလ ၉ ရက် မနက် ၁၀း၀၀ နာရီခန့်တွင် အာဇာနည်ဗိမာန် ဗုံးပေါက်ကွဲခဲ့၏။ တောင်ကိုရီးယား သမ္မတနှင့်အဖွဲ့ ဂါရဝပြုနေစဉ် မြောက်ကိုရီးယား အကြမ်းဖက် သမားများက ဗုံးဖောက်ခွဲခဲ့ခြင်း ဖြစ်၏။

ဤကိစ္စနှင့်ပတ်သက်ပြီး ထိုစဉ်က တာဝန်အရှိဆုံး ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အောင်ကိုးသည် ထိုအချိန်တွင် တပ်မတော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်နေသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ တာဝန်ပေါ့လျော့မှုနှင့် သူ့အား ဖယ်ရှားပြီး တပ်မ (၄၄) မှ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးခင်ညွန့်အား ထောက်လှမ်းရေးတာဝန် ပေးခဲ့ကြ၏။

ဤတွင် ဗိုလ်မှူးကြီးခင်ညွန့်သည် ၁၉၈၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ထောက်လှမ်းရေးညွှန်ကြားရေးမှူးတာဝန်ကို နှစ် ၂၀ ခန့် ထမ်းဆောင်ခဲ့ရပြီး မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်လာခဲ့၏။

ဒါသာမကပါ နဝတအစိုးရ တက်လာချိန်၌ အက်စ်ဝမ်း





S1 ခေါ် အတွင်းရေးမှူး (၁) ရာထူးကိုပါ ရရှိခဲ့၏။ စစ်ဖက် ရာထူး အဆင့်ဆင့်လည်း တိုးတက်လာခဲ့ရာ ဗိုလ်ချုပ်ကြီးအဆင့်ထိ ရောက်ခဲ့၏။ ဝန်ကြီးချုပ်လည်း လုပ်ခဲ့ရ၏။

ဤသို့ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဘဝအလှည့်အပြောင်း ဖြစ်စေခဲ့သော အာဇာနည်ဗိမာန် ဗုံးပေါက်ကွဲခံမှုအား ထိုစဉ်က မင်္ဂလာဒုံရှိ အမှတ်(၉) စစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲမှ တပ်စုမှူး ဗိုလ်သိန်းနိုင် (ယခု ဒုဗိုလ်မှူးကြီးသိန်းနိုင်–ငြိမ်း)က ကိုယ်တိုင် မြင်တွေ့ခဲ့သည့် သက်သေတစ်ဦးအနေဖြင့် ဗသက (၃၂) ရွှေရတုမဂ္ဂဇင်းတွင် 'မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အကြီးမားဆုံး အကြမ်းဖက်ဖောက်ခွဲတိုက်မှုကြီး' ခေါင်းစဉ်ဖြင့် ဖြစ်စဉ်အား ရေးသားဖော်ပြခဲ့ပါသည်။

စာရှုသူများ ဆက်စပ်လေ့လာနိုင်ရန် ထည့်သွင်းဖော်ပြအပ်ပါသည်ခင်ဗျား။

**သောင်းဝေဦး**
၁၉. ၇. ၂၀၁၆

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အကြီးမားဆုံးအကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုကြီး

ရေးသူ – ဒုဗိုလ်မှူးကြီးသိန်းနိုင်(ငြိမ်း)

၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ အကြီးမားဆုံး အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကြီး ဖြစ်ပွားခဲ့ပါသည်။ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆောင်းပါးများနှင့် စာအုပ်စာစောင်များ ထွက်ပြီးဖြစ်သော်လည်း ၎င်းဖြစ်စဉ်တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူများ ရေးသားခဲ့ခြင်း မဟုတ်သဖြင့် ယေဘုယျသာ ရေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ စာရေးသူသည် ၎င်းဖြစ်စဉ်တွင် ကိုယ်တိုင် ပါဝင်ခဲ့သဖြင့် အမှန်တကယ်ဖြစ်စဉ်ကို ဗဟုသုတအဖြစ် လေ့လာသိရှိနိုင်ရန် တင်ပြရခြင်း ဖြစ်ပါသည်။ သို့ရာတွင် ၎င်းဖြစ်စဉ်သည် နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်၍ အထောက်အထားများ၊ မှတ်တမ်းမှတ်ရာများဖြင့် တင်မပြနိုင်သည်ကို ခွင့်လွှတ်စေလိုပါသည်။





အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု ဖြစ်စဉ်ဖြစ်ပွားချိန်တွင် စာရေးသူသည် မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်ရပ်ကွက်တွင် အခြေစိုက်သည့် တပ်မတော်(ကြည်း) အမှတ် (၉၀၁) စစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲ (ဘီအီးတပ်) တွင် တပ်စုမှူးတာဝန် ထမ်းဆောင်လျက်ရှိပါသည်။ စ–မ–အ ခွဲ (၉၀၁) သည် ရန်ကုန်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက်တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်များ၊ သွားရောက်မည့်နေရာများနှင့် နိုင်ငံတော်အခမ်းအနားများတွင် မိုင်းအန္တရာယ်ကင်းရှင်းစေရန် မိုင်းရှင်းတာဝန်ယူရပါသည်။ မိုင်းရှင်းလုပ်ငန်းကို အရာရှိဦးစီးပြီး တပ်စိတ်အဆင့်မှ တပ်ခွဲအဆင့်အထိ အင်အားဖြင့် အသေးစိတ်စစ်ဆေးဆောင်ရွက်ရပါသည်။ အရေးကြီးအဆင့်ပေါ် မူတည်၍ မိုင်းရှင်းလုပ်ငန်းကို ၃ ရက်မှ ၁၄ ရက်အထိ နေ့စဉ် အနည်းဆုံး ၂ ကြိမ်ဆောင်ရွက်ရပြီး လုံခြုံရေးတာဝန်ယူသည့် ခြေလျင်တပ်ရင်းသို့မဟုတ် ထောက်လှမ်းရေးတပ်မှ အရာရှိကို မိုင်းရှင်းပြီးကြောင်း၊ မိုင်းရှင်းပုံစံဖြင့် လက်မှတ်ရေးထိုး လွှဲပြောင်းပေးရပါသည်။ မိုင်းရှင်းစီမံချက်ကို တာဝန်ခံအရာရှိကိုယ်တိုင် ရေးသား၍ တပ်မှူးထံတင်ပြရပြီး တပ်မှူးမှ အတည်ပြုလက်မှတ်ထိုး၍ ရန်ကုန်တိုင်း စစ်ဌာနချုပ်သို့ အချိန်မီတင်ပြရပါသည်။

အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်သည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော်လည်း မြန်မာနိုင်ငံသားများ၏ ပယောဂ လုံးဝမပါပါ။ ယခုအချိန်အထိ ငြိမ်းချမ်းရေးမရသေးဘဲ တောင်ကိုရီးယားနိုင်ငံအား ရန်သူသဖွယ် ဆက်ဆံနေသော ဖောက်ခွဲရေးသမားများက တောင်ကိုရီးယားနိုင်ငံသမ္မတကြီး ချွန်ဒူးဝမ်၏ အရှေ့တောင်အာရှ ချစ်ကြည်

www.burmeseclassic.com



ရေးခရီးစဉ်အတွင်း သမ္မတကြီး မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ဗုံးခွဲတိုက်ခိုက်ခဲ့သောဖြစ်စဉ် ဖြစ်ပါသည်။ ဗုံးဖောက်ခွဲသည့်နေရာသည် အာဇာနည်ဗိမ္မာန်တွင်ဖြစ်ပြီး ဗုံးပေါက်ကွဲစဉ် တောင်ကိုရီးယားနိုင်ငံမှ ဝန်ကြီး ၄ ဦး၊ ဝန်ထမ်း ၁၃ ဦးနှင့် မြန်မာနိုင်ငံမှ ၄ ဦး၊ စုစုပေါင်း ၂၁ ဦး သေဆုံးခဲ့ပြီး ၄၆ ဦး ပြင်းထန်စွာ ဒဏ်ရာ ရရှိခဲ့သော်လည်း သမ္မတကြီး ချွန်ဒူးဝမ် ကံကောင်းထောက်မသည့်အတွက် အသက်ဘေးမှ လွတ်မြောက်ခဲ့ပါ သည်။

တောင်ကိုရီးယားနိုင်ငံသမ္မတကြီး ချွန်ဒူးဝမ်၏ အရှေ့တောင်အာရှနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ် မစမီကပင် ၎င်းခရီးစဉ်အတွင်း သမ္မတကြီးအား မြောက်ကိုရီးယားနိုင်ငံမှ လုပ်ကြံသတ်ဖြတ်မည်ဟု သတင်းများ နိုင်လုံစွာ ရရှိထားသော်လည်း မည်သည့်နိုင်ငံတွင် မည်သည့်နည်းဖြင့် လုပ်ကြံတိုက်ခိုက်မည်ကို တိတိကျကျ မသိရှိခဲ့ပါ။ သို့ရာတွင် မြန်မာနိုင်ငံတွင် လုပ်ကြံ၍မရနိုင်ရန်အတွက် မိုင်းအန္တရာယ်ရှင်းရေး စီမံချက်ကို အသေးစိတ်ရေးဆွဲ၍ သမ္မတကြီးရောက်ရှိလာမည့် မင်္ဂလာဒုံလေဆိပ်လမ်းကြောင်းတစ်လျှောက်နှင့် တည်းခိုမည့် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ရိပ်သာ၊ စီးနင်းမည့်ယာဉ်တန်း၊ သွားရောက်မည့် ရွှေတိဂုံဘုရား၊ အာဇာနည်ဗိမာန်နှင့် အခြားအရေးကြီးနေရာများကို အရာရှိဦးစီး ၇ ရက် ကြိုတင်မိုင်းရှင်းခဲ့ပါသည်။ လုံခြုံရေးကိုလည်း တင်းကြပ်စွာ ချထားပြီး ဘက်ပေါင်းစုံမှ သတိကြီးစွာ စောင့်ကြပ်ခဲ့ပါသည်။

ကိုရီးယားသမ္မတကြီး ရောက်သည့်နေ့တွင် မည်သည့်ထူးခြားချက်မှမရှိဘဲ အေးအေးဆေးဆေး ကုန်ဆုံးသွားပါသည်။ ဒုတိယနေ့တွင် ကိုရီးယားသမ္မတကြီးမှ နံနက် ၈ နာရီအချိန်တွင် ကျဆုံး






၁၉၈၃-ခုနှစ်က ဗုံးပေါက်ကွဲခဲ့သည့် အာဇာနည်ဗိမာန်

www.burmeseclassic.com

www.burmeseclassic.com



ဗုံးပေါက်ကွဲထားသော အာဇာနည်ဗိမာန်နှင့် သေဆုံးသူများ



လေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြု၍ လွမ်းသူ့ပန်းခွေချမည့် အစီအစဉ်ဖြစ်ပါသည်။ ၎င်းနေ့တွင် ဘီအီး တပ်မှူးနှင့် တာဝန်ခံအရာရှိသည် အာဇာနည်ဗိမာန်တွင် တာဝန်ကျသဖြင့် နောက်တန်းတာဝန်ခံ အရာရှိဖြစ်သည့် စာရေးသူသည် အခြေအနေကို အကဲခတ်စောင့်ကြည့်ရန် မင်္ဂလာဒုံမှ ရန်ကုန်သို့ သွားရောက်ခဲ့ပါသည်။ ရန်ကုန်မြို့ရှိ အသံလွှင့်ရုံရှေ့ရောက်သည့်အခါ နောက်မှ အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်းပါလာကြောင်း သိလိုက်သဖြင့် ကားကို လမ်းဘေးကပ် ရပ်ပေးလိုက်ပါသည်။ အရေးကြီးပုဂ္ဂိုလ် ယာဉ်တန်းသည် ဟံသာဝတီအဝိုင်း ရောက်ခါနီးတွင် အာဇာနည် ဗိမာန်ဘက်သို့ မသွားတော့ဘဲ အဝိုင်းကိုပတ်ပြီး နောက်ကြောင်းပြန်၍ အပြင်းအထန် မောင်းသွားသဖြင့် စာရေးသူက ၎င်းယာဉ်တန်း နောက်သို့ လိုက်သွားခဲ့ပါသည်။ ယာဉ်တန်းသည် စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာသို့မပြန်ဘဲ မင်္ဂလာဒုံလေဆိပ်ဆီသို့ အရှိန်ပြင်းစွာ မောင်းနှင်သွားပါသည်။ စာရေးသူလည်း ယာဉ်တန်းနောက်သို့လိုက် နေစဉ် နောက်ထပ်အရေးကြီးပုဂ္ဂိုလ် ယာဉ်တန်းတစ်ခု စာရေးသူ၏ ကားကို ဖြတ်ကျော်တက်ပြီး ပထမယာဉ်တန်းနောက်သို့ အရေးတကြီး လိုက်သွားပါသည်။ စာရေးသူ မင်္ဂလာဒုံလေဆိပ် VIP ဧည့်ခန်းသို့ သွားရောက်ချိန်တွင် VIP ဧည့်ခန်းတွင် ကိုရီးယားနိုင်ငံသမ္မတကြီး ချွန်ဒူးဝမ်အား မြန်မာနိုင်ငံသမ္မတကြီးက တောင်းပန်စကားပြောဆိုနေတာ တွေ့ရပါတယ်။ ခဏအကြာတွင် ကိုရီးယားနိုင်ငံသမ္မတကြီးက ၎င်းစီးလာသော လေယာဉ်ကြီးပေါ်သို့ တက်သွားပြီး မြန်မာနိုင်ငံမှ ထွက်ခွာသွားပါသည်။

ဗုံးပေါက်ကွဲပြီးနောက် ဗုံးဖောက်ခွဲသူများကို အပူတပြင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လံထောက်လှမ်းရှာဖွေခဲ့ရာ နှစ်ဦးကို အရှင်ဖမ်းဆီးရမိပြီး တစ်ဦးကို အသေဖမ်းဆီးရမိခဲ့ပါသည်။ အရှင်ဖမ်းဆီးရမိသူ ၂ ဦး အနက် တစ်ဦးဖြစ်သူ ကင်မင်ချူး၏ ထွက်ဆိုချက်အရ ၎င်းတို့ ၃ ဦးသည် မြောက်ကိုရီးယားနိုင်ငံသားများဖြစ်ပြီး တောင်ကိုရီးယား နိုင်ငံသမ္မတကြီး ချန်ဒူးဝမ်အား ဗုံးခွဲလုပ်ကြံသတ်ဖြတ်ရန် မြန်မာနိုင်ငံရှိ မြောက်ကိုရီးယားသံရုံးသို့ ရောက်ရှိလာကြောင်း၊ အာဇာနည်ဗိမ္ဗာန်တွင် လုပ်ကြံရန် စီစဉ်ခဲ့ကြောင်း၊ အာဇာနည်ဗိမ္ဗာန်သည် အုတ်ကြွပ်များ မိုးထား၍ အမိုးအား အလွယ်တကူ ဖယ်ရှားပြီး အမိုးအတွင်း ဝင်ရောက်နိုင်ခဲ့ကြောင်း၊ အမိုးအတွင်းရှိ ဒိုင်းဆက်သံပြားများတွင် အဝေးထိန်းစံနစ်ဖြင့် ဖောက်ခွဲနိုင်သော ပြင်းအားကြီး ဗုံး ၂ လုံး တပ်ဆင်ခဲ့ကြောင်း၊ ၎င်းနောက် အုတ်ကြွပ်အမိုးကို ခြေရာလက်ရာ မပျက် ပြန်မိုးပေးခဲ့ကြောင်း၊ ဖောက်ခွဲမည့်နေ့တွင် ယခု ဝိဇယ မီးပွိုင့်အနီးရှိ ဝိဇယရုပ်ရှင်ရုံမှ အရေးကြီးပုဂ္ဂိုလ် ယာဉ်တန်းကို စောင့် ကြည့်ခဲ့ကြောင်း၊ ၎င်းယာဉ်တန်းဖြတ်သွားပြီး ၁၅ မိနစ် ခန့် ကြာသည့်အခါ ဗုံးများကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ကြောင်း၊ ဖောက်ခွဲပြီးသည်နှင့် ၎င်းတို့သုံးဦး လူချင်းခွဲ၍ ၎င်းတို့အား လာ ရောက်ခေါ်မည့်သင်္ဘောနှင့် ဆုံရပ်နေရာ ကွမ်းခြံကုန်းဘက်သို့ ထွက်ပြေးကြကြောင်း၊ လမ်းခရီးရှိ ကျေးတို့သမားများနှင့် ဒေသခံ ပြည်သူများ သတင်းပေးချက်အရ ၎င်းတို့အား စစ်တပ်နှင့် ရဲမှ ခြေရာခံ၍ လိုက်လံဖမ်းဆီးရာတွင် တစ်ဦးသေပြီး နှစ်ဦးဒဏ်ရာများ နှင့် ဖမ်းဆီးခံရကြောင်း၊ ၎င်းတို့ကို ပေးလိုက်သော ဖောင်တိန် ဗုံးများသည် ရန်သူကို အနီးကပ်တိုက်ခိုက်ရန်ဟု ယူဆခဲ့သော်လည်း လက်တွေ့တွင် ၎င်းတို့ကို နှုတ်ပိတ်သတ်ဖြတ်ရန်အတွက်ဖြစ်





ကြောင်း၊ ၎င်းဗုံးများဖြင့် ရန်သူအား တိုက်ခိုက်ရန် အစပျိုးသည့်အချိန် တွင် ၎င်းတို့လက်ထဲ၌ ချက်ချင်းပေါက်ကွဲသဖြင့် လက်များပြတ်၍ မျက်စိကန်းသွားကြောင်း၊ ဖမ်းဆီးသူများမှ အချိန်မီ ကယ်တင် ဆေးကုသပေးမှုကြောင့်သာ ၎င်းတို့ ၂ ဦး အသက်သေခဲ့ခြင်းဖြစ် ကြောင်း ထွက်ဆိုခဲ့ပါသည်။ ကင်မင်ချူးသည် မြောက်ကိုရီးယား တပ်မတော်တွင် ဗိုလ်ကြီးအဆင့်ရှိသူဖြစ်ပြီး ၎င်းနှင့်အတူ အဖမ်းခံ ရသော ဇင်ဘိုသည် ဗိုလ်မှူးအဆင့်ရှိကြောင်း သိရှိရပါသည်။

ဤကဲ့သို့ မြောက်ကိုရီးယားနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံ သမ္မတကြီး ချန်ဒူးဝမ်ကို မြန်မာနိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှု လုပ် ဆောင်ခဲ့သော်လည်း သမ္မတကြီး ချန်ဒူးဝမ်ကို မသတ်ဖြတ်နိုင် ခြင်းသည် ပဟေဠိတစ်ခု ဖြစ်ခဲ့ပါသည်။ နောက်ပိုင်းကြားသိရသော သတင်းများကို ဆက်စပ်လေ့လာသည့်အခါ သမ္မတကြီး ချန်ဒူးဝမ် ကို အာဇာနည်ဗိမ္ဗာန်သို့ ပို့ပေးရန် သွားရောက်ခေါ်ဆောင်ရမည့် အဆင့်မြင့်မြန်မာအစိုးရအရာရှိကြီးသည် အကြောင်းအမျိုးမျိုးကြောင့် သမ္မတကြီး တည်းခိုနေသည့် စိမ်းလဲ့ကန်သာညှော်ရိပ်သာသို့ သတ်မှတ်ချိန်အတွင်း ရောက်မလာသဖြင့် သမ္မတကြီး ချန်ဒူးဝမ်မှ စောင့်နေခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး ဦးဆောင် သည့် ကိုရီးယားဝန်ကြီးများသည် သီးခြားယာဉ်တန်းဖြင့် အာဇာနည် ဗိမ္ဗာန်သို့ သတ်မှတ်ချိန်တွင် ကြိုတင်ထွက်ခွာသွားကြောင်း၊ ၎င်းယာဉ်တန်း ——— ရုပ်ရှင်ရုံရှေ့ဖြတ်သွားသည့်အခါ ဗုံးခွဲရန် စောင့် ကြည့်နေ သော ဇင်ဘိုတို့အဖွဲ့မှ သံအမတ်ကြီးကို သမ္မတကြီးဟု မှတ်ယူပြီး အချိန်ကိုက် ဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း၊ ဗုံးပေါက်ကွဲစဉ် သမ္မတကြီး ချန်ဒူးဝမ်ပါသည့်ယာဉ်တန်းသည် ဟံသာဝတီအဝိုင်းအနီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေချိန်ဖြစ်၍ ပထမယာဉ်တန်းတွင် ပါသွားသော သံအမတ်ကြီးနှင့် ဝန်ကြီးများသာ ဗုံးခွဲတိုက်ခိုက်ခြင်းခံရကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံကဲ့သို့ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုကို အခြားနိုင်ငံတစ်ခုက ဤကဲ့သို့ အလွယ်တကူဝင်ရောက်ထိုးဖောက်ပြီး အကြမ်းဖက်ဗုံးဖောက်ခွဲ တိုက်ခိုက်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ လုံခြုံရေးတာဝန်ယူထားရသော သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများ၏ အားနည်းချက်များကြောင့်ဖြစ်ကြောင်း သိသာထင်ရှားသဖြင့် စာရေးသူအနေဖြင့် လုပ်ငန်းအတွေ့အကြုံအရ ဗုံးများတပ်ဆင်ဖောက်ခွဲနိုင်ခဲ့သည့်အပိုင်းနှင့် ပတ်သက်၍ သင်ခန်းစာယူနိုင်ရန် အားနည်းချက်တချို့ကို ထောက်ပြလိုပါသည်။

၁။ ယခင်ဖောက်ခွဲခံရသော အာဇာနည်ဗိမ္မာန်ဟောင်းသည် အုတ်ကြွပ်အမိုး မိုးထားသဖြင့် အလွယ်တကူ အုတ်ကြွပ်အမိုးများလှန်၍ လူဝင်မိုင်းထောင်နိုင်ပြီး ခြေရာလက်ရာမပျက် အလွယ်တကူ ပြန်မိုးပေးနိုင်ခဲ့ခြင်း။

၂။ အာဇာနည်ဗိမ္မာန်၏ မျက်နှာကြက်သည် ကျောက်ပြားမျက်နှာကြက်ဖြစ်ပြီး ယခင်က မျက်နှာကြက်အပေါ်တက်ရန် လူဝင်ပေါက်ရှိ၍ အမိုးနှင့် မျက်နှာကြက်အတွင်းဝင်ရောက်လုံခြုံရေးမိုင်း ရှင်းနိုင်ခဲ့သော်လည်း ယခုအကြိမ်တွင် လူဝင်ပေါက်ကို အသေပိတ်ထားသဖြင့် လုံခြုံရေးမိုင်းရှင်းရန် အားနည်းခဲ့ခြင်း။ (လူဝင်ပေါက်မှ တက်၍မိုင်းရှင်းသည့်အခါ မျက်နှာကြက်နှင့် နံရံနေရာအချို့ခြေရာလက်ရာများ ပေကျံသဖြင့် အသေပိတ်ခြင်းဖြစ်ကြောင်း နောက်မှသိရပါသည်။)

၃။ မိုင်းဗုံးထောင်ရန် အမိုးပေါ်တက်စဉ် ခြေနှင့် မတော်မဆနင်းမိ၍ ပန်းဆွဲတစ်စောင်းပြုတ်နေသည်ကို တွေ့ရှိသော်လည်း စူးစမ်းစစ်ဆေးရန် အားနည်းခဲ့ခြင်း (သတိမမူ ဂူမမြင်၊ သတိမူက မြူမြင်သည်။)

၄။ လုံခြုံရေးမိုင်းရှင်းခြင်းကို ၇ ရက် ကြိုတင်ဆောင်ရွက်ခဲ့ပြီး ထောက်လှမ်းရေးနှင့် ခြေလျင်တပ်မှ လုံခြုံရေးယူထားသော်လည်း လုံခြုံရေးမယူမီ မိုင်းဗုံးများ ထောင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရခြင်း။ (လုံခြုံရေးမယူမီ နေ့/ညစောင့်များသာရှိ၍ လုံခြုံရေးအားနည်းခဲ့ခြင်း)

၅။ လုံခြုံရေးမိုင်းရှာရန် ခေတ်မီ မိုင်းရှာစက်များ၊ မိုင်းရှင်းကိရိယာများ၊ **Electronic** မိုင်းရှင်းစက်များ လုံလောက်စွာမရှိ၍ လူအင်အားသုံးပြီး စူးထိုးရှာဖွေခဲ့ရခြင်း။

၆။ မိုင်းရှာရန် စနစ်တကျ လေ့ကျင့်ပြီး မွေးထားသော မျိုးကောင်းမျိုးသန့် မိုင်းရှာခွေးများ မရှိခြင်း။

၇။ နောက်ဆုံးပေါ် စနစ်များဖြင့် မိုင်းရှာ၊ မိုင်းရှင်းရန် အရာရှိနှင့် စစ်သည်များကို နိုင်ငံခြားတွင် သင်တန်းတက်ရောက်ရန် စေလွှတ်မှုမရှိခြင်း။

၈။ နိုင်ငံတကာမှ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများ၏ သတင်းရရှိမှု အားနည်းခြင်း။

ဖော်ပြပါ အားနည်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဆိုပါက နောင်တွင် မြန်မာနိုင်ငံကို အခြားနိုင်ငံများမှလည်းကောင်း၊ အကြမ်းဖက်ဖောက်ခွဲ

www.burmeseclassic.com



ဖျက်ဆီးရေးအဖွဲ့များမှလည်းကောင်း ဝင်ရောက်ဖောက်ခွဲဖျက်ဆီးနိုင်ရန် ခက်ခဲမည်ဖြစ်ကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

ဒုဗိုလ်မှူးကြီးသိန်းနိုင်(ငြိမ်း)
(ဗိုလ်လောင်းအမှတ်–၉၃)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊
၆. ၁. ၂၀၁၅

■





## အစိုးရထုတ်ပြန် ကြေညာချက်နှင့် သတင်းစာရှင်းလင်းပွဲ

ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထောက်လှမ်းရေးများကို အပြီးအပြတ် ရှင်းလင်းပြီးသောအခါ နဝတအစိုးရမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဦးဆောင်ပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့၏။

ထိုအကြောင်း အကျယ်တဝ့်ကို တရားဝင် ထုတ်ပြန်ကြေညာခဲ့၏။

ထိုကြေညာချက်ကိုလည်း ယခုစာအုပ်တွင် ထည့်သွင်းဖော်ပြလိုက်ပါသည် ခင်ဗျား။

သောင်းဝေဦး
၁၉. ၇. ၂၀၁၆

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ရှင်းလင်းပြောကြားချက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပထမ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်တွင် ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ မိမိ ရှင်းပြမှာဖြစ်ကြောင်း။ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဗိုလ်ချုပ်ကြီးခင်ညွန့်ကို အောက်တိုဘာလ ၁၉ ရက်နေ့က တာဝန်မှ အနားယူခွင့်ပေးလိုက်သည်ကို အားလုံးသိပြီးဖြစ်ကြောင်း။ ဝန်ကြီးချုပ်ဟောင်း၏ ဂုဏ်သိက္ခာ၊ မိသားစုများ၏ဂုဏ်သိက္ခာကို ထောက်ထားငဲ့ညှာသောအားဖြင့် ကျန်းမာရေးအခြေအနေအရဟု ဖော်ပြထားသော်လည်း အခြားအကြောင်းများလည်းရှိကြောင်း။ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အား တာဝန်မှ





ထောက်လှမ်းရေးတစ်ဖွဲ့အား ဖျက်သိမ်းခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်သဘောထားတို့ရှင်းလင်းပြောကြားခဲ့သည့် ဗိုလ်ချုပ်ကြီး သူရရွှေမန်း

www.burmeseclassic.com

www.burmeseclassic.com





အနားပေးပြီးနောက်ပိုင်းတွင် ပြည်သူများအပိုင်းမှာရော နိုင်ငံတကာမှာပါ ပထမအချက်အနေဖြင့် မိမိတို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အကောင်အထည် ဖော်ဆောင်ရွက်နေသော အမျိုးသားညီလာခံအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ၇ ရပ် ဆက်လက်အကောင်အထည်ဖော်မည့် အခြေအနေ၊ ဒုတိယအချက်အနေဖြင့် ဥပဒေဘောင်အတွင်း ရောက်ရှိပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအပေါ် သဘောထားအခြေအနေ၊ တတိယအချက်အနေဖြင့် နိုင်ငံတော်၏နိုင်ငံခြားရေးမူဝါဒ ပြောင်းလဲမှုရှိမရှိ အခြေအနေတို့ကို စိတ်ပါဝင်စားစွာ သို့လော၊ သို့လော မေးမြန်းတွေးတောပြောဆိုမှုများရှိနေသည်ကို တွေ့ရကြောင်း။

ဥပဒေဘောင်အတွင်း ရောက်ရှိနေကြသော အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့် တရားဝင် လက်မှတ် ရေးထိုးထားသူများ မဟုတ်ဘဲ ဝန်ကြီးချုပ်ဟောင်းနှင့် ဆက်သွယ်၊ ဆက်ဆံမှုများ၊ ရင်းနှီးမှုများလည်း ရှိသည့်အတွက်ကြောင့် ၎င်းအဖွဲ့များနှင့်ပတ်သက်၍ မည်ကဲ့သို့ရှိမည်ကို သိလိုသောဆန္ဒလည်းရှိကြကြောင်း။ ယင်းအချက်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ၇ ရပ်ကို အောင်မြင်ပြည့်မြောက်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု အတိအလင်းပြောကြားလိုကြောင်း။

ဥပဒေဘောင်အတွင်းရောက်ရှိပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍လည်း ယခင်ကပင် ကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသော နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့်အညီ တစ်စုံတစ်ရာ အပြောင်းအလဲမရှိ ဆက်လက်လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း။

တတိယအချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကိုလည်း အပြောင်းအလဲမရှိ ဆက်လက်ကျင့်သုံးပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌လည်း ကမ္ဘာနိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ယခင်အစဉ်အလာများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဆောင်ရွက်ရာတွင် တပ်မတော်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာ အာဏာသုံးရပ်ကို စွဲကိုင်ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့နှင့် ဗဟိုအာဏာပိုင်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း။

အစိုးရအဖွဲ့ဝင်ဝန်ကြီးများအပါအဝင် ဝန်ကြီးချုပ်တို့သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ မဟုတ်ကြကြောင်း။

တစ်နည်းပြောရလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ အမိန့်ညွှန်ကြားချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် မှန်ကန်ညီညွတ်စွာ နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်နိုင်မည်ဟု ယူဆသော ပုဂ္ဂိုလ်များကို စိစစ်ရွေးချယ်ပြီး နိုင်ငံတော်၏တာဝန်





အသီးသီးကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။ ခန့်အပ်တာဝန်ပေးထားသည့် **Selected Member** များဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ပေးအပ်ထားသော တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်၏မူဝါဒများ၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ဆန့်ကျင်သွေဖည်မည်ဆိုလျှင်၊ ပြည်သူအများ၏ အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်းမရှိတော့လျှင် ထိုပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ထားခြင်းမှ ရုပ်သိမ်းရမည်သာဖြစ်ကြောင်း။ ကုန်းတွင်းထွက်ပေါက်ဖြစ်သည့် မူဆယ်ဒေသ၌ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းဥပဒေလိုက်နာခြင်းမရှိဘဲ ကျပ်သန်းထောင်ချီ၍ လာဘ်ပေးလာဘ်ယူပြုလုပ်ပြီး နိုင်ငံတော်၏အကျိုး၊ စီးပွားကုန်သွယ်မှုများ၏ အကျိုးကို များစွာထိခိုက်နစ်နာအောင် ဆောင်ရွက်ခဲ့သော တာဝန်ရှိဝန်ထမ်းများကို မိမိတို့ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရကြောင်း။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေးမူဝါဒများကို ထိခိုက်နစ်နာစေမည့် အခြေအနေအချိန်အခါတိုင်းတွင် နိုင်ငံတော်၏မျက်နှာကိုသာကြည့်ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့သည်သာဖြစ်ကြောင်း။

ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အနေနှင့် ယခုပြောခဲ့သည့်အချက်များနှင့် ငြိစွန်းပတ်သက်နေသည်ဟု ပြောရမှာဖြစ်ကြောင်း။ ၎င်းအနေနှင့် နံပါတ် (၁) အမိန့်နာခံမှုမရှိကြောင်း။

www.burmeseclassic.com



မိမိတို့တပ်မတော်သားများတွင် အမိန့်နာခံမှုမှာအရေးကြီးပါကြောင်း။ အထက်မှပေးသည့်အမိန့်ကို နာခံပြီး တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နံပါတ် (၂) အဂတိလိုက်စားမှု၊ လာဘ်ယူမှုများနှင့် ပတ်သက်ဆက်စပ် တာဝန်ရှိနေကြောင်း၊ ဥပဒေနှင့်အညီသည့် အချို့ကိစ္စများလုပ်ဆောင်ခဲ့ကြောင်း။ လာဘ်ယူမှုများမှာ ဝန်ကြီးချုပ်ဟောင်းဗိုလ်ချုပ်ကြီးခင်ညွန့်၏ မိသားစုနှင့် ဆက်သွယ်ဆက်စပ်တာတွေရှိကြောင်း။

ယခုလိုဖြစ်ရသည့် အခြေအနေကို အတိုချုပ်ရှင်းလင်း ပြောကြားမှာဖြစ်ကြောင်း။ ၁၂-၉-၂၀၀၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ခင်ညွန့် စင်္ကာပူနိုင်ငံသို့ ကျန်းမာရေးအတွက် ဆေးကုသရန်သွား ရောက်ခဲ့ကြောင်း၊ ချစ်ကြည်ရေးခရီးဟု ခေါင်းစဉ်တပ်ခဲ့ပါကြောင်း။ ထိုကာလနှင့်တိုက်ဆိုင်စွာ မူဆယ် ၁၀၅ မိုင်၊ နမ့်ဖက်ဒေသတွင် ဖြစ်စဉ်တစ်ခု ဖြစ်ခဲ့ကြောင်း၊ တာဝန်သိလုပ်သားပြည်သူတစ်ဦး၏ နိုင်ငံတော်ဝန်ကြီးချုပ်ထံ လိပ်မူတိုင်ကြားသတင်းပို့မှုကို အရှေ့မြောက် တိုင်းစစ်ဌာနချုပ်တိုင်းမှူးက မိတ္တူစာအဖြစ် လက်ခံရရှိခဲ့ကြောင်း။ တိုင်းမှူးက တိုင်းကြားမှု အချက်အလက်များအပေါ် မှန်ကန်မှုရှိမရှိ စုံစမ်းစစ်ဆေးရန် ခုံအဖွဲ့ဖွဲ့၍ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း ထင်ထင်ရှားရှားပေါ်ပေါက်တွေ့ရှိသဖြင့် သတင်းပို့တင်ပြခဲ့ကြောင်း။ စုံစမ်းတွေ့ရှိမှုများအရ အမှုမှာ ကျယ်ပြန့်သည့်အတွက် တိုင်းအဆင့် ဖြင့် ကိုင်တွယ်ဖြေရှင်း၍ မရနိုင်သဖြင့် အဆင့်မြင့်အဖွဲ့စေလွှတ်ပေး မှသာ သင့်လျော်မည်ဖြစ်၍ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆေးရေး အရာရှိချုပ် ခေါင်းဆောင်သောအဖွဲ့ကိုစေလွှတ်ပေးလိုက်ကြောင်း။ သို့ရာတွင် အမှု၏အခြေအနေမှာအဆိုပါအဖွဲ့ဖြင့် ဆောင်ရွက်ရန်





လည်း လုံလောက်မှုမရှိနိုင်သဖြင့် နိုင်ငံတော် စာရင်းစစ်ချုပ်ရုံး ပါဝင်မှ သာ ပြည့်စုံမည်ဖြစ်၍ စာရင်းစစ်ချုပ်နှင့်အဖွဲ့ကို ထပ်မံစေလွှတ်လိုက် ကြောင်း။ အမှုအခြေအနေ တဖြည်းဖြည်းပေါ်ပေါက်ချက်များမှာ မည်သို့မျှမမျှော်မှန်းခဲ့သော အတိုင်းအတာထိ ဖြစ်လာကြောင်း၊ လွန်စွာကြီးမားသော ကြောက်မက်ဖွယ်ကောင်းသော လာဘ်ယူမှု ဖြစ်ပါကြောင်း။ ထို့အပြင် အများပြည်သူနှင့် ကုန်သည်များအပေါ် အနိုင်အထက်ပြုကျင့်မှု၊ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှု များဖြစ်ကြောင်း။ တချို့အမှုများမှာ လူကိုယ် ရင်းနှီးပေးရသည့် အမှုများရှိကြောင်း။ တစ်ဖန်တစ်ဖက်မှ ထောက်လှမ်းရေးတပ်နှင့် တစ်ဖက်မှ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုတပ်၊ ၎င်းတပ်ဖွဲ့အချင်းချင်း သင့်မြတ်မှု မရှိသည်ကို တွေ့ရကြောင်း၊ ထိုသို့သင့်မြတ်မှုမရှိသည့်အတွက် ယခုလိုတိုင်ကြားသည်ဟု သုံးသပ်ဖော်ထုတ်ရပါကြောင်း၊ ထို့ပြင် အခြား အဖြစ်အပျက်များ များစွာရှိကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ နောက်ဆုံးတွင် ဥပဒေနှင့်အညီ တပ်စည်းကမ်း၊ နယ်ဘက်စည်းကမ်းများအရ အရေးယူရန်ပြင်ဆင်ပါကြောင်း။

ထောက်လှမ်းရေးတပ်ဖွဲ့နှင့်ပတ်သက်၍ အနည်းငယ် ထပ်မံ ရှင်းပြလိုပါကြောင်း။ ကကလှမ်းသည် အခြားညွှန်ကြားရေးမှူးရုံးများ၊ ဦးစီးရုံးများနည်းတူ ကကကြည်း၏ကွပ်ကဲမှုအောက်တွင်ရှိကြောင်း၊ ကကလှမ်းအောက်တွင် ထောက်လှမ်းရေးတပ်များနှင့် လူဝင်မှု စစ်ဆေးရေးအဖွဲ့ရှိပြီး မူဆယ်၊ မြဝတီ၊ မောင်တောနှင့် တာချီလိတ် တို့တွင်ရှိသည့် အဖွဲ့မျိုးတို့ဖြစ်ကြောင်း။ ၎င်းတို့အချင်းချင်း မသင့်မမြတ်ဖြစ်သည့်အပြင် ပြည်သူများ၊ ဝန်ထမ်းများအပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မောက်မောက်မာမာဆက်ဆံမှုများရှိခဲ့ရာမှ နောက်ဆုံး ယခုကဲ့သို့ ဖြစ်လာသည်ဟု မိမိတို့သုံးသပ်ပါကြောင်း။ ထိုတိုင်ကြားစာမှာ ထူးခြားသည်က ဝန်ကြီး ချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ကို လိပ်မူတာဖြစ်ကြောင်း၊ မိတ္တူပေးဖော်ပြမှုတွင် လူကြီးများနှင့်မိမိအပါအဝင် သက်ဆိုင်ရာစစ်ဆင်ရေးအထူးအဖွဲ့မှူးများပါ ပါကြောင်း။ သို့ရာတွင် ၎င်းစာမှာ ယခုအထိ မိမိတို့ထံ မရောက်ပါကြောင်း၊ ဘာကြောင့် မရောက်သည်ကို မသိကြောင်း။ ရမခ တိုင်းမှူးထံသို့မှ နီးသည့်အတွက် ရောက်သွားခြင်းဖြစ်နိုင်ကြောင်း။

ဖြစ်စဉ်ကို ဆက်လက်ပြောရပါက စစ်ဆေးရေးအဖွဲ့များက စစ်ဆေးသည့်အခါ ဌာန(၄)ခုနှင့် ဖွဲ့စည်းထားသည့် နစရ (နယ်စပ်ဒေသလူဝင်မှုစစ်ဆေးကွပ်ကဲမှုတပ်ရင်း) ကကလမ်း၊ လဝက၊ ပြည်ထဲရေးနှင့် ဘဏ္ဍာ/အခွန်ကဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားသည့်အတွက်ကြောင့် တရားစီရင်သည့်အခါ တစ်ပေါင်းတည်း တစ်ပြေးညီစီရင်နိုင်ရန်အတွက် တပ်ပိုင်းတွင် တပ်ကအားလုံး ထုတ်ပစ်လိုက်ပြီး၊ နယ်ဘက် ဌာနက ဝန်ထမ်းများကိုလည်း ဝန်ထမ်းအဖြစ်မှထုတ်ပစ်လိုက်ကြောင်း၊ ထို့နောက် အားလုံးတစ်ပြေးညီ စစ်ဆေးကြောင်း၊ စစ်ဆေး တွေ့ရှိချက်များကို တရားသူကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စွဲချက်တင်ပို့ခဲ့ရာ တရားရုံးက သက်သေခံပစ္စည်းတင်သွင်းရာတွင် အနည်းဆုံးဈေးနှုန်းဖြင့် တန်ဖိုးသင့်တွက်ချက်မှုအရ ငွေကျပ် သိန်းပေါင်း နှစ်သောင်းငါးထောင်ခန့်နှင့် တန်ဖိုးမဖြတ်ရသေးသောပစ္စည်းများကို အနည်းဆုံး ဈေးနှုန်းဖြင့် တန်ဖိုးသင့် တွက်ချက်ရာ ကျပ်သိန်းပေါင်း ငါးထောင်ခန့် တန်ဖိုးဖြတ်၍စုစုပေါင်း ကျပ်သိန်း (၃သောင်း)ဟု တင်ပြထား





ကြောင်းကို သိရှိရပါကြောင်း။ ကျောက်စိမ်း ၄၂ တန်နှင့် ပုလဲအလုံးပေါင်း ၁၃၀၀ ၏ တန်ဖိုးမပါသေးကြောင်း။ ၎င်းပြင် ဤပမာဏမှာ နှစ်လသုံးလအတွင်းဖြစ်ခဲ့သည့် ပမာဏသာ ဖြစ်ပါကြောင်း။ ထို့ကြောင့် ပါဝင်ပတ်သက်သည့် တပ်နှင့်ဌာန ၃ ခုမှ ဝန်ထမ်း ၁၈၆ ယောက်သည် တရားဥပဒေအရ ပြစ်ဒဏ်များ ခံယူသွားပြီဖြစ်ကြောင်း။

ဗိုလ်ချုပ်ကြီးခင်ညွန့် စင်္ကာပူနိုင်ငံမှပြန်ရောက်သည့်အခါ ၎င်း၏ထောက်လှမ်းရေးတပ်ဖွဲ့များမှ သတင်းပို့ချက်အရ ဖြစ်စဉ်ကို သိရှိရသည့်အခါ စိတ်မကောင်းဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းများဖြစ်သည်ဟု မိမိတို့ သိရကြောင်း။ မိမိတို့တပ်မတော်သားများတွင် တပ်၏စည်းမျဉ်း၊ စည်းကမ်းဥပဒေများကို လိုက်နာရသလို၊ နယ်ဘက်စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကိုလည်း လိုက်နာရကြောင်း။ ဥပဒေကျူးလွန်ပြီဆိုပါက ဥပဒေအရ မည်သည့်တပ်မတော်သားကိုမဆို အပြစ်ပေးရကြောင်း။

တပ်မတော်၏ အစိတ်အပိုင်းအားလုံးသည် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်သာဖြစ်ကြောင်း၊ မည်သူ့မျှဥပဒေ၏အထက်တွင်ကင်းလွတ်စွာမရှိကြောင်း၊ ပြည်သူများအပေါ် မောက်မာစွာ ဆက်ဆံခြင်း၊ အနိုင်အထက်ပြုခြင်းများ အပါအဝင် ဥပဒေနှင့်မညီညွတ်သော၊ ဥပဒေကို ဆန့်ကျင်ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များပေါ်ပေါက်သည့်အခါတိုင်းမိမိတို့ တိကျထိရောက်စွာ အရေးယူ ဆောင်ရွက်ခဲ့သည်သာဖြစ်ကြောင်း။

မည်သူ့မျှဥပဒေ၏အထက်တွင်မရှိ၊ လူပုဂ္ဂိုလ်တိုင်း ဥပဒေအရာတွင် တစ်ပြေးညီသာဖြစ်သည်ဟူသော သဘောထားနှင့်အညီ



www.burmeseclassic.com

www.burmeseclassic.com



အရေးယူဆောင်ရွက်သည်မှာ မိမိတို့တပ်မတော်ကအစဉ်တစိုက်လက်ခံ ကျင့်သုံးနေသော မူဝါဒပင်ဖြစ်ကြောင်း။ မိမိတို့တာဝန်ယူစဉ်ကာလအတွင်းဥပဒေပြုမှုကိစ္စများတွင် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြီး အကြံဉာဏ်များရယူ၍ မျှတသောတရားဥပဒေဖြစ်ရန်ဆောင်ရွက်နေပါကြောင်း။ ထို့ကြောင့် ယခုဖြစ်စဉ်တွင် ဥပဒေအရအရေးယူရမည့်ကိစ္စဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း။

ယခုဖြစ်စဉ်ကြောင့် မိမိတို့စိတ်မကောင်းဖြစ်ရကြောင်း။ ဗိုလ်ချုပ်ကြီးခင်ညွန့်အနေနှင့် ၎င်း၏တပည့် သားမြေးအပေါ် ညှာတာထောက်ထားမှုလွန်ကဲပြီး ဒေါသဖြစ်ခဲ့ရာမှ ယခုကိစ္စအစပျိုးတာဖြစ်သည်ဟု သုံးသပ်ရပါကြောင်း။ နိုင်ငံတော်အကြီးအကဲ၊ ဒုဥက္ကဋ္ဌနှင့် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ကပ္ပတိန်၊ မေဂျာလောက်မှစပြီး အတူတာဝန်ထမ်းဆောင်လာသည်မှာ ယနေ့ထိဖြစ်ကြောင်း။ ၎င်းအနေနှင့် ထောက်လှမ်းရေး နစရ စသည့် ၎င်း၏အရာရှိရဲဘော်များ ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ၊ မှန်ကန်မှု ရှိ/မရှိ၊ နိုင်ငံတော်နှင့် တပည့်သားမြေးမည်သည့်ဘက်က ရပ်တည်ရမည်စသည်တို့ကို သုံးသပ်ရမှာဖြစ်ကြောင်း။ ယခုတွင်မူ ထိုသို့မရပ်တည်နိုင်ဘဲ ဒေါသများ ဆင့်ကဲဆင့်ကဲဖြစ်လာကြောင်း၊ ထိုသို့သုံးသပ်၍ နိုင်ငံတော်နှင့် ဥပဒေဘက်က ရပ်တည်နိုင်မှု မရှိခြင်းမှာ ထိုလာဘ်ပေးလာဘ်ယူကိစ္စများတွင် ပတ်သက်နေခြင်းကြောင့်ဖြစ်သည် ဟု ယူဆနိုင်ကြောင်း။

၁၀-၉-၂၀၀၄ ရက်နေ့တွင် ၅ ပတ် တစ်ကြိမ်ပြုလုပ်သည့် အစိုးရအဖွဲ့ စုံညီအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်





တက်ရောက်ပြီး လမ်းညွှန်သြဝါဒပေးပြီး ဆုံးဖြတ်ပေးတာရှိပါကြောင်း။ နိုင်ငံတော်အကြီးအကဲက ဝန်ထမ်းအားလုံးကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလကစ၍ ဝန်ထမ်းထောက်ပံ့ငွေ ၅၀၀၀ိ/၊ လစဉ်ချီးမြှင့်ပေးပြီးဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့် ဝန်ထမ်းသက်သာချောင်ချိရေးကို အကြောင်းပြပြီး စီးပွားရေးလုပ်ဆောင်မှုများ မပြုလုပ်ရန် ထပ်မံသတိပေးညွှန်ကြားခဲ့ကြောင်း၊ ၂၀၀၃ ခု၊ ဒီဇင်ဘာလတွင်ပင် တပ်ပိုင်းဆိုင်ရာကိုလည်း သီးခြားညွှန်ကြားခဲ့ကြောင်း။ မိမိတို့တပ်ပိုင်းကိုလည်း စိုက်ပျိုးရေးဝင်ငွေ၊ မွေးမြူရေးဝင်ငွေနှင့် သက်မှတ်ထားသည့် တပ်ရင်းရန်ပုံငွေနှင့်ပတ်သက်သည့် ဝင်ငွေမှလွဲ၍ ကျန်စီးပွားရေး လုပ်ငန်းများ အားလုံး ၃၁-၃-၂၀၀၄ ရက်နေ့မှစ၍ ရပ်စဲပြီးဖြစ်ရမည်။ အချို့လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ လုပ်ငန်းများလွှဲပြောင်းပေးရမည်။ လွှဲပြောင်းမရသည့်လုပ်ငန်းများရှိပါက ဖျက်သိမ်းရမည်ဟု ညွှန်ကြားခဲ့ပြီးဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ပြီးပါက တိုင်းမှူး၊ တပ်မမှူး၊ ညွှန်ကြားရေးမှူးများ၊ အရာရှိချုပ်များ ကိုယ်တိုင် ဆောင်ရွက်ပြီးကြောင်း လက်မှတ်ရေးထိုးတင်ပြကြရန်နှင့် စစ်ဆေးမှုများ ပြုလုပ်မှာဖြစ်ကြောင်း ညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း။ ဒါကြောင့် ယင်းညွှန်ကြားချက်များကို တိတိကျကျ လိုက်နာကြရန် အစိုးရအဖွဲ့စုံညီ အစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲက ထပ်မံသတိပေးညွှန်ကြားခဲ့ကြောင်း။

ယင်းလမ်းညွှန်ချက်နှင့်အညီ ၁-၁၀-၂၀၀၄ ရက်နေ့တွင် ကကကြည်းက ညွှန်ကြားစာတစ်စောင် ထုတ်ပြန်၍ ဌာနဆိုင်ရာဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်လျက်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ချက်များ ၁၄-၁၀-၂၀၀၄ ရက်နေ့အရောက် ပြန်လည် စိစစ်တင်ပြရန် ညွှန်ကြားခဲ့ကြောင်း။ ယင်း ၁-၁၀-၂၀၀၄ ရက်နေ့တွင်ပင် ဒုတိယစာတစ်စောင်ထုတ်ပြန်ပြီး ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်း၊ စည်းကမ်းနှင့်စနစ်တကျရှိမှုအားနည်းခြင်းတို့ကြောင့် မဖြစ်သင့် မဖြစ်ထိုက်သည်များမဖြစ်ပေါ်စေရေးအတွက် စည်းကမ်းနှင့် စနစ်တကျရှိစေရေး အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ကြရန် ညွှန်ကြားခဲ့ကြောင်း။ ယင်းညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးခင်ညွန့်အနေဖြင့် များစွာစိတ်ထိခိုက်ခံစားရသည်ဟု သိရကြောင်း။

ထိုသို့သိရသည့်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်အား ၄-၁၀-၂၀၀၄ ရက်နေ့တွင် ခေါ်ယူတွေ့ဆုံပြီး နိုင်ငံတော်အကြီးအကဲအနေဖြင့် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုတာဝန်များပေးရန် မည်မျှအထိ ပြုစုပျိုးထောင်ခဲ့ရသည်ကိုလည်းကောင်း၊ ထောက်လှမ်းရေးမှူးချုပ်ရုံးတွင် မည်သို့မျှခန့်အပ်၍ မရနိုင်သည့် ဗိုလ်ချုပ်ကြီးရာထူးအဆင့်ပေးနိုင်ရန် ဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိအဆင့်အထိ တိုးမြှင့်ခန့်ထားပေးသည်ကိုလည်းကောင်း၊ လုပ်ပိုင်ခွင့်အာဏာများ မည်မျှအထိတိုးပေးသည်ကိုလည်းကောင်း၊ ဖြည်းဖြည်းနှင့် အေးအေးဆေးဆေး နားဝင်အောင် ပြောကြားခဲ့ကြောင်း၊ ၎င်းနောက်ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဝန်ကြီးချုပ်ရာထူးနှင့် တပ်မတော်ထောက်လှမ်းရေးမှူးချုပ်တာဝန်ကို နှစ်ခုစလုံးကို တစ်ယောက်တည်း ယူထားခြင်းအားဖြင့် နောင်တွင် မကောင်းနိုင်ကြောင်း၊ သို့ပါ၍ ထောက်လှမ်းရေးမှူးချုပ်အသစ်ခန့်ပြီး





အမျိုးသား ထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းမည်၊ ထို့နောက် နစက၊ နစရများ ကွပ်ကဲမှုများကို ပြောင်းပေးမည်ဟု အချက် (၃) ချက်ပြောလိုက်ကြောင်း။

နိုင်ငံတော်အကြီးအကဲက ထောက်လှမ်းရေးမှူးချုပ်က အသစ်ခန့်ထားခြင်းဖြင့် ဗိုလ်ချုပ်ကြီးခင်ညွန့် အနေနှင့်လည်း ဝန်ကြီးချုပ်ရာထူးတွင် စိတ်လက်ပေါ့ပါးစွာ တာဝန်ကိုပိုမို ထိရောက်အောင် ထမ်းဆောင် သွားနိုင်သည်မှာဖြစ်သည်ဟု အဖွဲ့နှင့်တိုင်ပင်ကာ စဉ်းစားသုံးသပ် ဆောင်ရွက်ထားခဲ့ကြောင်း။ သို့ရာတွင် ၁၄-၁၀-၂၀၀၄ ရက်နေ့ နံနက်ပိုင်း၌ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထောက်လှမ်းရေးဌာနချုပ်ရှိ ဌာနကြီးမှူးများဖြစ်သည့် ဗိုလ်မှူးချုပ်များနှင့် ဗိုလ်မှူးကြီးတစ်ဦးတို့ကိုခေါ်၍ အစည်းအဝေးပြုလုပ်ပြီး ညွှန်ကြားချက်ပေးသည်ဟု သိရှိရကြောင်း။ အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်းတို့အချင်းချင်းမညီညွတ်၍ ယခုလိုဖြစ်ရတာဟု ပြောကြောင်း(၎င်းစကားသည် ၁၀၅ မိုင် နမ့်ဖက်ကာကိစ္စနှင့်ပတ်သက်၍ ဖြစ်မည်ဟု မိမိတို့ခန့်မှန်းရကြောင်း) ထို့နောက် တိုင်းမှူး၊ တပ်မမှူးများ၏ နောက်ကြောင်းများလိုက်ရန်၊ ၎င်းတို့နှင့် ပတ်သက်သည့်သတင်းများ စုံစမ်းပြီး သတင်းတည်ဆောက်ရန်၊ ပြီးပါက ဆက်စပ်သည့်ကိစ္စများကို အစိုးရအဖွဲ့ Cabinet အစည်းအဝေးတွင် ပြောမည်ဟုပြောကြောင်း။ ထိုသို့ဖြစ်လာမှုများသည် နောက်ဆုံး၌ တပ်မတော်ပြိုကွဲမှု အန္တရာယ် ဖြစ်ပေါ်စေနိုင်သည့်အပြင် နိုင်ငံတော်အတွက်ပါ လွန်စွာအန္တရာယ်ကြီးသည့် အခြေအနေသို့ ဦးတည်လျက်ရှိနေသဖြင့် ၁၉-၁၀-၂၀၀၄ ရက်နေ့၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား တာဝန်မှ အနား



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ခြင်း ဖြစ်ကြောင်း။

ယနေ့ရှင်းလင်းပွဲကို တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များမှာ အမြင်ကျယ်သော၊ အတွေ့အကြုံ ရင့်ကျက်သော၊ ပြည်တွင်းပြည်ပ အသိအမြင် အတွေ့အကြုံရှိသော၊ ဓနအင်အားရှိသော ပုဂ္ဂိုလ်များဖြစ်သည့်အတွက် နိုင်ငံတော်၌ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို အမှန်အတိုင်း ရှင်းလင်းသိမြင်ခြင်းအားဖြင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏အကျိုးစီးပွားနှင့် ပုဂ္ဂလိက အကျိုးစီးပွားတို့က ယှဉ်တွဲဖြစ်ထွန်းစေရေးအောင် မှန်ကန်မျှတစွာ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်မည်ဟုသည့် သဘောထား ခံယူချက်ဖြင့် ယခုကဲ့သို့ရှင်းလင်းပြောကြားရခြင်း ဖြစ်ကြောင်း။

ထိုသို့ရှင်းပြခြင်းအပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်ဝမ်းသာ မရှိသည့်အပြင် မလုပ်မဖြစ်လုပ်ရသည့် အနေအထားဖြစ်ပါကြောင်း။ ကိုယ့်ကြမ္မာကိုယ်ငင်ပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် အလွန်အန္တရာယ်ကြီးသည့်ကိစ္စဖြစ်ပါကြောင်း။ မည်မျှအတိုင်းအတာအထိ အန္တရာယ်ကြီးသည်ကို ပြောရန် အချိန် ကျရောက်ပါက ပြောသင့်ပါက မိမိထပ်မံ၍ ပြောပြမှာဖြစ်ကြောင်း။

မိမိတို့ထုတ်ပြန်ထားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြေညာချက် အမှတ် (၂/၂၀၀၄) ဗိုလ်ချုပ်ကြီးခင်ညွန့်ကို တာဝန်မှရပ်စဲခြင်း။ (၃/၂၀၀၄)အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခြင်း။ (၄/၂၀၀၄) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကို အတွင်းရေးမှူး(၁) ခန့်အပ်ခြင်း အမိန့်များထုတ်ပြန်ခဲ့ရာ အားလုံးအသိဖြစ်ကြောင်း။





နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များက နိုင်ငံတော် ဝန်ကြီးချုပ် တာဝန်ကို သင့်မြတ်သည့်သူကို ရွေးချယ်တာဝန်ပေးတာဖြစ်ကြောင်း။ ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ ဗျူဟာမှူး၊ တပ်မမှူး၊ တိုင်းမှူး အဆင့်ဆင့်ဖြင့် တပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ၊ တိုင်းမှူးတာဝန်ဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးအပါအဝင် အတွေ့အကြုံပေါင်း များစွာကို ဖြတ်သန်းခဲ့သူဖြစ်ကြောင်း။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)၏ အတွေ့အကြုံများရှိပြီးဖြစ်၍ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို အသင့်အတော်ဆုံးဟု ဆုံးဖြတ်ပြီး ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးခဲ့တာဖြစ်ကြောင်း။ မိမိတို့ တပ်သဘာဝအရ အမြဲတမ်း **Training** ပေးထားသည့်အတွက် မည်သူမရှိသဖြင့် အလုပ်မဖြစ်ဆိုသည့်ကိစ္စမျိုးမည်သူမရှိသဖြင့် လုပ်ငန်းများပျက်သွားမည် ဆိုသည့် ကိစ္စမျိုး မိမိတို့တပ်တွင် မရှိကြောင်း။ ဆင့်ကဲဆင့်ကဲ့ တာဝန်ယူသည့်နေရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ကို ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက တာဝန်ပေး ခန့်အပ်သည်နှင့်အညီ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအနေနှင့်လည်း နိုင်ငံ့အကျိုးနှင့် ပြည်သူများအကျိုးကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပါသည်။

❖ ❖ ❖



www.burmeseclassic.com

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ပြောကြားသည့် ရှင်းလင်းချက်ဖြစ်ပါသည်။

ထိုနေ့မှာပင် ဒုဗိုလ်ချုပ်ကြီးစိုးဝင်းက ဖြည့်စွက်ရှင်းလင်းခဲ့ပါသည်။ ဆက်လက်ဖော်ပြအပ်ပါသည်။

သောင်းဝေဦး

၁၉. ၇. ၂၀၁၆

■





ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဝန်ကြီးချုပ်တာဝန်ကို ဆက်ခံခဲ့သည့် ဗိုလ်ချုပ်ကြီး စိုးဝင်း

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်ဝန်ကြီးချုပ်
## ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၏
## ရှင်းလင်းပြောကြားချက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲနှင့် ဒုတပ်ချုပ်က ဗိုလ်ချုပ်ကြီး သူရရွှေမန်းက မိမိတို့နှစ်ယောက်ကို အခုလိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ရှင်းပြခိုင်းပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လုပ်ငန်းစဉ်တွေအားလုံး၊ တစ်ခုမျှ တုံ့ဆိုင်း၊ နှောင့်နှေး၊ ပြောင်းလဲခြင်းမရှိ၊ ရပ်တန့်ခြင်းမရှိ၊ ယခုရှိနေသည့် အရှိန်အဟုန် အတိုင်း အရှိန်မပျက်ဖြင့် နောင်ပို၍ လာဘ်ပေးလာဘ်ယူမှု **Bridery and Corruption** တွေ အများကြီးလျော့နည်းသွားပြီး တိုင်းပြည်၏ လာမည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မှာ ပို၍ကောင်း လာစေလိမ့်မည်ဟု ယုံကြည်စိတ်များဖြင့် လူကြီးတွေက ယခုလို တွေ့ဆုံပြီး ရှင်းပြခိုင်းခြင်းဖြစ်ပါကြောင်း၊ အကြောင်းကြောင်းကြောင့် ဖြစ်သွားပြီးတဲ့နောက် အခြေအနေပေါ်မှာ မူတည်ပြီး တိုင်းပြည်၏



www.burmeseclassic.com

www.burmeseclassic.com



နောင်ရေး၊ တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေး၊ ထိုမှဆက်လက်၍ ပိုမိုကောင်းမွန်သည့် အလားအလာများ ရောက်သွားလိမ့်မည်ဟု မျှော်လင့်ချက်များဖြင့် ယခုလို ရှင်းလင်းရခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဟာ စုပေါင်းဦးဆောင်မှု၊ မိမိကျရာတာဝန်ကို တစ်ဦးချင်းတာဝန်ယူမှု စသည့် မူနှင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှု၊ လမ်းညွှန်မှု၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၏ စုပေါင်းတာဝန်ယူမှု အားလုံးစုပေါင်းတိုင်ပင်၊ ဆွေးနွေး ညှိနှိုင်း၊ ဆုံးဖြတ်၍ နိုင်ငံတော်၏မူဝါဒများ နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ ပေါ်လစီမူဝါဒများကို ချမှတ်ပါကြောင်း။ ထိုမူဝါဒများကို နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနက လက်တွေ့အကောင်အထည်ဖော်ခြင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များက ကွင်းဆင်းစစ်ဆေးကြပ်မတ်ပြုပြင်ပေးခြင်း၊ အရှိန်အဟုန်မပျက် ပေါင်းစပ်ညှိနှိုင်း မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ် တစ်ရပ်လုံး ပြီးမြောက်ပြီး ယခုမြင်တွေ့ရသည့် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့နေရခြင်း၊ အကျိုးများကို ခံစားနေရခြင်းဖြစ်ကြောင်း။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်း၏ စွမ်းဆောင်ချက်ကြောင့်မဟုတ်ကြောင်း၊ ထို့ကြောင့် ယနေ့ကုန်သည်ကြီးများ စီးပွားရေးလုပ်ငန်းရှင်များကို ဦးဆုံးပြောကြားလိုသည်မှာ မိမိတင်ပြသည့်အတိုင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်အကြီးအကဲ၏ တည်ကြည်နိုင်မာသည့် ဦးဆောင်မှုအောက်တွင်





ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တစ်သွေးတစ်သံတည်း ရပ်တည်လျက် အတိအလင်းကြေညာထားပြီးဖြစ်သည့် နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမူဝါဒများကို ဆက်လက်ကျင့်သုံးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်အကြောင်းရင်းနှင့်မျှ နိုင်ငံတော်၏ ဦးတည်ချက်များသည် ပြောင်းလဲစရာမရှိဟု ပြောကြားလိုကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ပေးသည့် နိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာ ပေါ်လစီမူဝါဒကို နိုင်ငံတော် အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပြီး နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များကလည်း အောက်ခြေဆင်း ကြပ်မတ်ပေးခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တစ်ရပ်လုံးကို စုပေါင်းခေါင်းဆောင်မှု၊ တစ်ဦးချင်းတာဝန်ယူမှုတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ဦးဆောင်မှုအပိုင်းနှင့်အတူ ဌာနဆိုင်ရာနှင့် ပြည်သူများ ပူးပေါင်းအကောင်အထည်ဖော်ခြင်းကြောင့်လည်း တိုင်းပြည်တိုးတက်မှု သိသာမြန်ဆန်လာခြင်း ဖြစ်ကြောင်း။

အစိုးရအဖွဲ့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင်လည်း နိုင်ငံတော်ကြီး၏ အကျိုးစီးပွား၊ တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့် သွက်သွက်လက်လက် ထိထိရောက်ရောက် မှန်မှန်ကန်ကန် ထမ်းဆောင်နိုင်သည့် အစိုးရယန္တရားဖြစ်စေရေး ကျင့်ဝတ်သိက္ခာချိုးဖောက်မှု ဖောက်လွဲ ဖောက်ပြန်မှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



လာဘ်ပေးလာဘ်ယူမှုစသည့် ပြည်သူအပေါ် ဖိစီးနှိပ်စက်မှုများ မကျူးလွန်သည့် သန့်ရှင်း ထက်မြက်သော အစိုးရယန္တရားဖြစ်စေရေးကို မျက်ခြည်မပြတ် ဦးတည်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားမှန်ကန်ထက်မြက်သွက်လက်နေမှလည်း ပြည်သူအားလုံးသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းလုံခြုံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး တိုင်းပြည်၏ စီးပွားရေးသည်လည်း ဘက်စုံကဏ္ဍစုံမှ ပို၍ ပို၍ တောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်း။

ယနေ့ တိုင်းပြည်၏စီးပွားရေးဘဝကို ကြည့်မည်ဆိုလျှင် ပုဂ္ဂလိက အခန်းကဏ္ဍသည် ကျယ်ကျယ်ပြန့်ပြန့် ရပ်တည်ပါဝင်နေသည်ဆိုသည်ကို အားလုံးအသိဖြစ်ကြောင်း၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသား တင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မှာရော ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှု စသည့် ကဏ္ဍကြီးတစ်ခုချင်းအလိုက်တွင်ပါ ပုဂ္ဂလိက အခန်းကဏ္ဍ၏ ပါဝင်မှုအချိုးအစားသည် မြင့်မားနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မူဝါဒအရ ခွင့်ပြုစောင့်ရှောက်မှု၊ လက်တွေ့ကျသည့် အားပေးမှုများကြောင့် ယနေ့ဆိုလျှင် လက်ယာလုပ်ငန်းရှင်၊ စက်မှုလုပ်ငန်းရှင်၊ ဟိုတယ်လုပ်ငန်းရှင်၊ ဘဏ်လုပ်ငန်းရှင်၊ သွင်းကုန် ထုတ်ကုန်လုပ်ငန်းရှင်၊ မွေးမြူရေးလုပ်ငန်းရှင် စသည့် စီးပွားရေးကဏ္ဍအလိုက် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအဖြစ် ကြီးပွားဖြစ်ထွန်းလာနေခြင်းသည် အိပ်မက်မဟုတ်ဘဲ လက်တွေ့ပင်ဖြစ်ကြောင်း။ ယနေ့ ဤနေရာတွင် စုစည်းရောက်





ရှိနေသော စီးပွားရေးလုပ်ငန်းရှင်များသည် ခေတ်ပြောင်းစနစ်ပြောင်းလုပ်ငန်းစဉ်ကို ဦးစီးတာဝန်ယူနေသော နိုင်ငံတော်အစိုးရက မွေးထုတ်လိုက်သည့် စီးပွားရေးအင်အားစု များပင်ဖြစ်ကြောင်း။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဈေးကွက် စီးပွားရေးစနစ် ပုံမှန်လည်ပတ်ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး မှန်မှန်ကန်ကန်၊ စည်းကမ်းရှိရှိ၊ အမြင်ကျယ်ကျယ်ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

တိုးတက်မှုနှင့် အလုပ်၊ အလုပ်နှင့် စည်းကမ်းသည် ဖွန်တွဲလျက်ရှိသည်ကို အမြဲသတိထားရန်လိုအပ်ကြောင်း၊ စည်းမရှိကမ်းမရှိ၊ စနစ်မရှိ တစ်ဦးကောင်းတစ်ယောက်ကောင်း ကြီးပွားချမ်းသာရေးအတွက် အကျင့်ပျက်ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ဆူလွယ်နပ်လွယ်သောဖြတ်လမ်းကို မလျှောက်လှမ်းမိရန်အရေးကြီးကြောင်း။ ပြီးခဲ့သည့် အပိုင်းများတွင် အပြုအမူ လွဲမှားခဲ့သမျှကိုလည်း ပြုပြင်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အကျိုးစီးပွားကို ရေ့တန်းတင်နယ်ကျွံသွားပါက အများအကျိုးစီးပွားကို ထိခိုက်ပျက်ပြားတတ်ကြောင်း၊ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်ပြားစေနိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသူများကလည်း ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ခေတ်မီစက်ပစ္စည်းကိရိယာနှင့် ခေတ်မီနည်းပညာများ တိုးချဲ့သုံးစွဲရေး၊ အရည်အသွေးမြင့်မားသည့် ဈေးကွက်ဝင်ပစ္စည်း တိုးချဲ့ ထုတ်လုပ်ရေး၊ အလေအလွင့်နည်းပါးရေး၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချည်၊



www.burmeseclassic.com

www.burmeseclassic.com



ကျဆင်းရေးစသည့် စီးပွားရေးသော့ချက်များကို အလေးထားပြီး ပို့ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းနှင့်သွင်းကုန်အစားထိုးသည့် ကုန်ထုတ်လုပ်ငန်းများကို ပိုပိုပြင်ပြင်ဖြစ်ပေါ်လာအောင် အလေးပေးသင့်ကြောင်း၊ ထို့အတူဝန်ဆောင်မှုလုပ်ငန်းများ ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များသည်လည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို စည်းစနစ်တကျ ဖွံ့ဖြိုးလာအောင် ကျွမ်းကျွမ်းကျင်ကျင်နှင့် လုပ်တတ်ကိုင်တတ်သည့် နိုင်ငံတကာအဆင့်မီ လုပ်ငန်းရှင်ကြီးများဖြစ်လာအောင် ကြိုးစားသွားကြဖို့ပင်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ပြောင်းလဲထူထောင်နေသော ဈေးကွက်စီးပွားရေးစနစ်ကို ပုံမှန်လမ်းကြောင်းနှင့်အညီ စနစ်ရှိရှိ ပုံဖော်ရန်တာဝန်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ ရှေ့ရေးပြည်သူများ၏ ရှေ့ရေးကို မျှတစွာထည့်သွင်းစဉ်းစားပြီး ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ဦးတည်ချက်ရှိရှိ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို စိတ်အေးချမ်းသာစွာ ရိုးရိုးသားသားလုပ်ကိုင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်က တရားဝင်ခွင့်ပြုထားသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းများကို တရားဝင်လမ်းကြောင်းအတိုင်း ပင်လယ် ထွက်ပေါက်မှဖြစ်စေ၊ ကုန်းတွင်းနယ်စပ်ထွက်ပေါက်မှဖြစ်စေ စည်းကမ်းတကျလုပ်ကိုင် တတ်ကြရန်လိုကြောင်း။ အကြောင်းအမျိုးမျိုးကြောင့် လုပ်ပိုင်ခွင့်ရှိသည့် အကျင့်ပျက်ဝန်ထမ်းများနှင့် လာဘ်ပေး လာဘ်ယူမှု၊ တံစိုးလက်ဆောင်ပေးမှုစသည့် မမှန်မကန်နည်းလမ်းများဖြင့် ပုဂ္ဂိုလ်ရေးဆန်ဆန် ရင်းနှီးပေါင်းဖက်မှုလုပ်ရပ် များသည် ရေရှည်





တွင် မည်သို့မျှ အကျိုးဖြစ်ထွန်းမည်မဟုတ်သည့်အပြင် ပြည်သူများ၏ အမြင်တွင် လူတစ်စု ကောင်းစားရေး၊ လူနည်းစုသာကြီးပွားချမ်းသာရေးကိုဦးတည်နေသော ခေတ်သစ်လူတန်းစားသစ်ထူထောင်ရေး လုပ်ငန်းစဉ်များအဖြစ် အပြစ်တင်ရှုမြင်ခံရဖွယ်ရှိကြောင်း။ နိုင်ငံတော် အစိုးရက ပုဂ္ဂိုလ်ရေးအရ စောင့်ရှောက်ကာကွယ်မှုထက် မူဝါဒအရ၊ ဥပဒေစည်းမျဉ်း စည်းကမ်းများအရ ပြည်သူအများ၏ကောင်းစားရေးကို ကျော်သားရင်သားမခွဲခြားဘဲကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် အပိုင်းမှာလုပ်ပိုင်ခွင့်ကို အာဏာအဖြစ် မှတ်ယူပြီး ဖောက်လွဲဖောက်ပြန်လုပ်မှုများကို ပြတ်ပြတ်သားသားအရေးယူခဲ့သလို နောင်မှာလည်း အစိုးရဝန်ထမ်းအဖွဲ့အစည်းများကအဖွဲ့အစည်း အလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ မမှန်မကန်လုပ်ဆောင်မှုများ အကျင့်ပျက်မှုများကို ဖော်ထုတ်အရေးယူသွားမှာဖြစ်ကြောင်း။

ဥပဒေစိုးမိုးမှု၊ ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို အပြည့်အဝခံယူပြီး စီးပွားရေးလုပ်ငန်းရှင်များ သည်မိမိတို့ စီးပွားရေးလုပ်ငန်းများကို စနစ်တကျကျွမ်းကျွမ်းကျင်ကျင် ညီညီနှိုင်းနှိုင်းလုပ်ကိုင်သွားကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်ဝန်ထမ်းအဖွဲ့အစည်းများကလည်း မှန်မှန်ကန်ကန်၊ ရိုးရိုးသားသား စည်းကမ်းရှိရှိ အားကြိုးမာန်တက် အလုပ်လုပ်ပြီး ပြည်သူလူထုကလည်းမိမိတို့၏လုပ်ငန်းများကို ကျေကျေပွန်ပွန်၊ စည်းကမ်းရှိရှိ၊ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုလျှင် နိုင်ငံတော်ကြီးသည် ယခုထက်ပိုမို အရှိန်အဟုန်ရှိရှိ တိုးတက်ဖွံ့ဖြိုးလာမည်မှာ



www.burmeseclassic.com

www.burmeseclassic.com



သေချာကြောင်း၊

နိုင်ငံတော်အကြီးအကဲသည် ၁၉၉၉ ခုနှစ်၊ ဩဂုတ်လအတွင်းက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့စဉ်က "လုပ်ငန်းရှင်တွေကလည်း မညာနဲ့၊ ကျွန်တော်တို့ကလည်း မညာဘူး။ လုပ်ငန်းရှင်တွေကလည်း တိုင်းပြည်အပေါ် စေတနာထား။ ကျွန်တော်တို့လည်း စေတနာထားမယ်၊ ကျွန်တော်တို့က ကူညီလို့ ကျေးဇူးရှင်ကြီးဆိုပြီး ဘာမှပေးစရာမလိုဘူး။ ဒီလိုကူညီခြင်းကြောင့်လည်း ဘာရပါစေဆိုတဲ့ ဆန္ဒလည်း ကျွန်တော်တို့မှာ မရှိဘူး။ တိုင်းပြည်တိုးတက်စေချင်တာပဲ ဖြစ်တယ်" ဟု ပြတ်ပြတ်သားသား ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊

ထို့ကြောင့် အရင်းအနှီးစုဆောင်းရာတွင်ပင်ဖြစ်ဖြစ်၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ပင် ဖြစ်ဖြစ်၊ ကုန်စည်ရောင်းဝယ်ရာတွင်ပင်ဖြစ်ဖြစ် စနစ်တကျ အမြော်အမြင်ရှိရှိ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အရည်အသွေးတောက်ပြောင်သော လုပ်ငန်းရှင်များ၊ ရိုးသားဖြောင့်မတ်သည့် လုပ်ငန်းရှင်များ၊ အများကလေးစားသည့် လုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားကြစေချင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယနေ့နိုင်ငံတော်စီးပွားရေးအခြေအနေသည် အရှိန်အဟုန်ရှိရှိ တိုးတက်လျက်ရှိနေကြောင်း၊ သို့သော်လည်း အတိမ်းအစောင်းအမှားအယွင်း မရှိရအောင် အထူးသတိထား လုပ်ကိုင်ဆောင်ရွက်နေရသည့် အချိန်ကာလဖြစ်ကြောင်း၊ ယခုလိုအခြေအနေမျိုးမှာ လုပ်ငန်းရှင်များ၏ ဂုဏ်သိက္ခာရှိမှု၊ အမြော်အမြင်ရှိမှုနှင့် လုပ်ကိုင်တတ်မှု၊ အလုပ်ကြိုးစားမှုများသည် များစွာအရေးကြီးသည့်အတွက် နိုင်ငံတော်အစိုးရ၏ မှန်မြတ်သည့် ရည်ရွယ်ချက်များ





ကို နားလည်သဘောပေါက်ပြီး စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဖိဖိစီးစီး သမာဓိရှိရှိ ရိုးသားကြိုးစားလုပ်ကိုင် သွားကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆက်လက်ပြီး ပြီးပြတ်သည်အထိ ဆက်တိုက် အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နောက်စီးပွားရေးအပိုင်းအနေဖြင့် ပြည်တွင်းမှာ ဆန်စပါး လွတ်လပ်စွာ ရောင်းဝယ်ရေးမူဝါဒအသစ် ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဝါ၊ ကြံ၊ ရာဘာတွေကို လွတ်လပ်စွာရောင်းဝယ်နိုင်ရန် အားလုံးခွင့်ပြုစီစဉ်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေနှင့် ရှေ့ကို အလေးထားပြီး ဆောင်ရွက်သွားမည့်ကဏ္ဍများမှာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်စွမ်းအင်ကဏ္ဍတိုးတက်ရေး၊ စက်မှုလယ်ယာကဏ္ဍတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်ဈေးနှုန်းထိန်းသိမ်းရေးနှင့် ကုန်ဈေးနှုန်း ကျဆင်းရေးများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတွေ ဝမ်းခါးလှလှ စားဝတ်နေမှုချောင်ချိရေး၊ အမှားအမှန်နှင့် အကောင်းအဆိုးပိုင်းခြားနိုင်သည့် ပညာအခြေခံကောင်းမွန်ရေးစသည်တို့ကို အဆက်မပြတ် အချိန်ကိုက်အကောင်အထည်ဖော်သွားမှာ ဖြစ်ကြောင်း၊

လက်ငင်းအခြေအနေတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ၊ ဖွံ့ဖြိုး တိုးတက်ရေး အခြေခံ



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ပြီး လုံလုံလောက်လောက်ရှိနေသည့် အနေအထားကို အရှိန်အဟုန် မပြတ် သွားနေရင်းမှ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့ကို ထိထိရောက်ရောက်အကောင်အထည်ဖော်၍ သိသိသာသာကြိုးစား သွားမှာဖြစ်ကြောင်း၊ ယခု ကာလတွင် တိုင်းပြည်တိုးတက်ရေးကို ဆောင်ရွက်ရာ၌ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ထိထိရောက်ရောက် အကောင်အထည်ဖော်ရေး၊ အဆိုပါ (၃)ရပ်ကို ပူပူနွေးနွေး ဆက်တိုက်အကောင်အထည်ဖော်ရန် နိုင်ငံတော်အကြီးအကဲက ပြီးခဲ့သည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် လမ်းညွှန်မှာကြားပါ ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အတိုင်း မိမိတို့အကောင်အထည် ဖော်သွားမှာဖြစ်ကြောင်း၊ နိုင်ငံတော် တစ်ရပ်လုံးနှင့် လုပ်ငန်းရှင်တစ်ဦးချင်း မျှမျှတတ သင့်တင့်သည့် အကျိုးအမြတ်ခံစားပြီး အခြေခံလူတန်းစားများ သင့်တင့်မျှတအောင် နေနိုင်ထိုင်နိုင်အောင် ချောင်ချောင်ချိချိ ဖြစ်အောင် လက်တွဲပြီး အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားပါသည်။

❖ ❖ ❖





## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ၏ နိဂုံးချုပ်မှာကြားချက်

နိုင်ငံတော်ဝန်ကြီးချုပ်က စိုးရိမ်ပူပန်မှုကြောင့်ကြမှုတွေ မရှိကြပါနှင့်။ ပြီးခဲ့တာတွေ ပြီးပြီရှေ့ဆက် သွားသည့်အခါတွင် ဥပဒေနှင့်နည်းလမ်းတကျ ဆောင်ရွက်သွားဖို့ စေတနာထားပြီး အသိပေးပြောကြား သွားခြင်းဖြစ်ကြောင်း။ မနေ့က ထုတ်ပြန်လိုက် သည့် ဥပဒေနှင့်ပတ်သက်၍ အနည်းငယ်ထပ်ပြီး မိမိရှင်းပြမှာ ဖြစ် ကြောင်း၊ နိုင်ငံတော်မှာ ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေသည့် အချိန်ဖြစ်ပါ ကြောင်း၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥပဒေနှင့် အမျိုးသား ထောက်လှမ်းရေးအဖွဲ့မှာ ယခင်ကာလက ရှိသင့်တာမှန်သော်လည်း ယနေ့အချိန်တွင် ရှိဖို့မလိုအပ်တော့ကြောင်း၊ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်ရုံးမှာ တာဝန်ထမ်းဆောင်နေကြသည့် ဌာနမှူးကြီးများ၊ တချို့ ဒုတိယ ဌာနမှူးကြီးများမှာ အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးအဖွဲ့တွင် တာဝန်ယူဆောင်ရွက်သည့်အခါ အကြောင်းကြောင်းပေါ်မှာ မူတည်ပြီး အခြားမလျော်မကန်သော ဥပဒေနှင့်မညီသောကိစ္စများ ဆောင်ရွက်ခဲ့ကြကြောင်း။ မသိမသာရော၊ သိသိသာသာရော၊ ဆောင်ရွက်ခဲ့ကြသည့်အတွက်ကြောင့် အဖွဲ့နှင့်ထိုဥပဒေရှိ နေဦးမည်ဆိုပါက " ယခင်က ဖြစ်ပေါ်ခဲ့သော မလျော်ကန်သည့် လာဘ်ပေးမှု၊ လာဘ်ယူမှုများရှိနေဦးမည်မှာ ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအတွက် အနှောင့်အယှက် အဟန့်အတား ဖြစ်နေမှာ ဖြစ်ပါကြောင်း။

မိမိတို့ပြန်လည်ကြားရသည့် သတင်းတွေအရ အခြားမြို့ကြီးများမှာရော၊ ရန်ကုန်မြို့မှာပါ ၎င်းတို့ ငွေလိုချင်ပြီဆိုလျှင် စီးပွားရေးလုပ်ငန်းရှင်များကိုခေါ်ပြီး၊ ထိုင်ခိုင်းငိုက်တာနှင့် ခေါ်ပြီး စစ်လိုက်တာနှင့် ငွေထွက်လာကြောင်း၊ အခြားနည်းလမ်းပေါင်းစုံနှင့်လည်း လုပ်ခဲ့ကြကြောင်း၊ မိမိတို့က ယခုမှပြန်ကြားရတာ ဖြစ်ပြီး၊ ဟုတ်,မဟုတ်၊ မှန်,မမှန်တော့ မသိနိုင်ကြောင်း။ အထက်ပိုင်းဒေသမှာရှိသည့် ထောက်လှမ်းရေးတပ် တပ်မှူးကို ကျူးလွန်သည့်အပြစ်အရ မိမိတို့ထိန်းသိမ်းထားပြီး စစ်ကြောသည့်အခါ ၎င်းက တပ်ထဲတွင် ၎င်းကိုယ်ပိုင် အဆောက်အအုံကြီးတစ်ခု ဆောက်ထားကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် လက်နက်ကိုင်ငြိမ်းချမ်းရေး အဖွဲ့အစည်းများထံမှ ငွေကောက်ခံပြီး ဆောက်ခြင်းဖြစ်ကြောင်း၊ စာရင်းကို ၎င်းတပ်မှူးနှင့် ဆရာကြီးတစ်ဦးက ကိုင်တာဖြစ်ပြီး ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ ၎င်း၏တပ်က ပထမတွင် တပ်မတော် ထောက်လှမ်းရေးအဖွဲ့ချုပ် ရုံးသို့ တိုင်





သည့်အခါ ၎င်းကို တခြားတစ်နေရာသို့ ပြောင်းပေးလိုက်ကြောင်း၊ ပြောင်းရွှေ့ခွင့်ကိစ္စမှာ ကကလှမ်းမှ ကကကြည်းတာဝန်သို့ တင်ရကြောင်း၊ ကြည်းတာဝန်မှ မူနှင့်ညီပါက ကကထူးသို့ တင်ရကြောင်း။ စစ်ရာထူး ခန့်ချုပ်၏ အမိန့်ရမှ ပြောင်းရပါကြောင်း၊ သို့ရာတွင် ထိုပုဂ္ဂိုလ်ပြောင်းရွှေ့ခြင်းကို မိမိတို့ကကကြည်းမှ မသိခဲ့ကြောင်း။ မိမိက ထိုသူကိုမူလနေရာမှာသာရှိသည်ဟု ထင်ခဲ့ကြောင်း၊ လက်တွေ့တွင် တခြားနေရာသို့ ရောက် နေကြောင်း။ ရာထူးတောင် တိုးသည့်သဘောမျိုး ဖြစ်နေကြောင်း၊ ထိုသူနှင့်ပတ်သက်သည့် Report များကို မိမိတို့အရေးယူသည့်အခါမှာ ၎င်းနှင့်ဆက်နွယ်၍ တချို့ပုဂ္ဂိုလ်များက အစစ်ခံရမည်ကို အတော်စိုးရိမ်နေကြောင်း၊ မိမိတို့နှင့်လုပ်ငန်းများပူးပေါင်း လုပ်ဆောင်နေတာဖြစ်၍ ကိုယ့်အကျိုးအတွက်သာလာပြီး၊ ကျန်ကိစ္စများတွင်တော့ အချိန်ကုန်မှာစိုး၍ မလာတာမျိုးမှာ မကောင်းပါကြောင်း၊ စောစောကပြောခဲ့သည့် ထောက်လှမ်းရေးတပ်မှူး ကိစ္စနှင့်ဆက်နွယ်ပြီး ခေါ်စစ်မည်ဆိုသည့် သတင်းတွေအတွက် ကြောက်နေကြသဖြင့် ပွင့်ပွင့်လင်းလင်းပြောမည်ဆိုပါက မည်သည့်အတွက်ကြောင့် ပေးလိုက်ရသည်ဖြစ်စေ၊ ပြီးတာတွေ ပြီးပါစေ၊ ပေးသည့်လူကို မိမိတို့ အရေးမယူပါကြောင်း၊ ထိုနည်းတူပင် လုပ်ငန်းရှင်များအနေနှင့် ယခင် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံး ရုံးချုပ်နှင့် သော်လည်းကောင်း၊ (သို့မဟုတ်) ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်သော်လည်းကောင်း၊ ၎င်း၏ မိသားစုနှင့်ပတ်သက်၍သော်လည်းကောင်း၊ အခြားပုဂ္ဂိုလ် အခြားမိသားစုများနှင့်ပတ်သက်၍သော် လည်းကောင်း၊ လုပ်ငန်းတွေ ဖက်စပ်ပူးတွဲ ဆောင်ရွက်ထားသည့် ပုဂ္ဂိုလ်များရှိနိုင်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ စစ်ကြေညာချက်အရနှင့် အခြားဘက်က တင်ပြချက်များအရ ထွန်းလင်းရောင်ကုမ္ပဏီနှင့် ထောက်လှမ်းရေးအဖွဲ့သို့ ဖက်စပ်လုပ်ထားသည့် စာရင်းများတက်လာပါကြောင်း၊ ထိုကုမ္ပဏီလည်း ယခုမှ ရှင်းလင်းဆဲဖြစ်ကြောင်း၊ ဖျက်သိမ်းရပါက ထိုလုပ်ငန်းရှင်၏ လုပ်ငန်းများ ပျက်သွားမည်ဆိုလျှင် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားလည်း ဆုတ်လျော့သွားနိုင်ကြောင်း၊ ထိုပုဂ္ဂိုလ်လည်း မည်မျှကြောင့်ကြစိတ်တွေရှိနေမည်ကို မသိနိုင်ကြောင်း၊ ထို့ကြောင့် မကြောင့်ကြကြရန် လုပ်စရာရှိတာဆက်လုပ်ရန်၊ ဖျက်သိမ်းဆိုလည်း ဖျက်သိမ်းလိုက်ပြီး ရှေ့ဘာဆက်လုပ်မည် ဘာလုပ်လျှင် ကောင်းမည်ကို တိုင်ပင်ပြီး မိမိတို့ထံ တင်ပြရန်နှင့် မိမိတို့ဘက်က အကူအညီပေးဖို့သာ ကျန်ပါတော့ကြောင်း၊ ထိုလုပ်ငန်းရှင်နည်းတူ မိမိတို့မှာ လုပ်ငန်းရှင်အဖွဲ့ ပေါင်းစုံရှိပါကြောင်း၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များဆိုလျှင်လည်း ထိုအတိုင်းပဲဖြစ်ကြောင်း၊ အိမ်ရာကော်မတီနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်း ရှိပြီးဖြစ်သော်လည်း၊ ဥပဒေနှင့်ညီမညီဆိုတာ မိမိတို့ စစ်ကြောထားတာ မရှိသေးပါကြောင်း၊ မည်သို့ဖြစ်စေ၊ ဥပဒေနှင့်အညီ ဆက်ပြီးလုပ်ထားရန် ရှိပါကြောင်း၊ စိုးရိမ်ကြောင့်ကြမဖြစ်ဘဲ လုပ်စရာရှိတာကို ဥပဒေနှင့်အညီ ဆက်လုပ်သွားကြရန်နှင့် မိမိတို့ဘက်က အကူအညီပေးမည် ဖြစ်ကြောင်း၊ စောစောကပြောခဲ့သော တပ်က ထုတ်ပယ်လိုက်သည့် တပ်မတော်ထောက်လှမ်းရေးအရာရှိတွေကို စစ်နေပါကြောင်း၊ တခြားဌာနများမှာလည်း စစ်နေပါကြောင်း၊ စစ်သည့်အခါ လုပ်ငန်းရှင်များက ပြောကြားချက်များအရ ၎င်းတို့ဟိုတုန်းက အလှူငွေတောင်း လို့ (သို့မဟုတ်) ဘာကြောင့်ပေးပါတယ်ဆိုတာမျိုးတွေ ရှိကောင်း





ရှိနိုင်ပါကြောင်း၊ ထိန်းသိမ်းထားသည့် လူတွေကို စစ်သည့်အခါမှ ထိုသို့ပေါ်လာလျှင် မိမိတို့သိမှာပဲဖြစ်ကြောင်း၊ ထို့ကြောင့် ထိုသို့မပေါ်ခင် လုပ်ငန်းရှင်များအနေနှင့် မည်သည့်ကိစ္စမှာ ဘာကြောင့်လှူထားရကြောင်း၊ ပေးထားရကြောင်း၊ ပေးနေရကြောင်းဆိုသည်ကို သီးခြားပြောဖို့ လိုမည်ဖြစ်ကြောင်း၊ သို့မှသာလုပ်ငန်းရှင်များမှာ တာဝန်မရှိတော့မှာဖြစ်ကြောင်း၊ အပြစ်မရှိတော့မှာ ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲနှင့် စစ်လိုက်မှ သွားတွေ့လာသည်ဆိုလျှင် တာဝန်ရှိလာပြီဖြစ်၍ ထိုအခါတွင် ယခုလို ပြောရုံနှင့် မပြီးနိုင်ပါကြောင်း၊ ထို့ကြောင့် ထောက်လှမ်းရေးချုပ်အသစ်ဖြစ်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ စာနှင့်ရေးပြီး သီးခြားတင်ပြမည်ဆိုလျှင် အပိုအလုပ်အဖြစ် စစ်စရာ မလိုတော့သည့်အပြင် မိမိတို့နှင့် လက်တွဲလုပ်ရမည့် လူတွေအတွက်လည်း ကူညီရာရောက်ပါကြောင်း၊ ကာကွယ်ရာရောက်ပါကြောင်း။

ယခုကိစ္စကို စစ်ရင်း၊ ကြောရင်း၊ တွေ့ရင်းနှင့် တဖြည်းဖြည်းကျယ်ပြန့်မှုတွေများလာပါကြောင်း၊ ထို့ကြောင့် ယခု ရှင်းလင်းပွဲတက်ရောက်လာသူတွေရော၊ မတက်ရောက်သည့်လူတွေကိုပါ တစ်ဆင့်စကား တစ်ဆင့်နားနှင့် ပြောစေလိုကြောင်း၊ ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) အနေနှင့် သော်လည်းကောင်း၊ သက်ဆိုင်ရာအသင်းများအနေ နှင့်သော်လည်းကောင်း၊ ဆွေးနွေးပြောပြီးသည့်အခါတွင် စောစောကပြောခဲ့သည့်အချက်တွေကို အလေးထားပြီး ဆောင်ရွက်စေလိုပါကြောင်း၊ သို့မှသာ လုပ်ငန်းရှင်များလုံခြုံသွားမှာဖြစ်ပြီး၊ စိတ်အေး လက်အေး ဖြစ်သွားမှာ ဖြစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မဟုတ်ပါက ရင်ထဲခံစားမှုတွေသည် မိမိရော၊ မိမိ မိသားစုရော၊ မိမိ ပတ်ဝန်းကျင်ရော သောက၊ ဒုက္ခတွေဖြစ်နေဦးမှာဖြစ်ကြောင်း။

သမိုင်းကြောင်း ပြန်ကြည့်လျှင် နိုင်ငံတော်အရေးကြုံတိုင်း ကြုံတိုင်း တပ်မတော်သည် နိုင်ငံနှင့် ပြည်သူဘက်က မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်ရကြောင်း။ တပ်မတော် အဓိက တာဝန်က လည်း နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်ရန်ပင်ဖြစ်ကြောင်း။ ဒီကနေ့ ဖြစ်ပေါ်နေသည့် ကိစ္စမှာလည်း တပ်မတော်အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူများ အတွက် ကာကွယ်စောင့်ရှောက်လိုက်ခြင်းပင်ဖြစ်ကြောင်း။ မိမိတို့ တပ်မတော်အစိုးရသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် အစဉ်အလာကောင်းကို အမြဲထိန်းသိမ်း လိုက်နာလျက်ရှိကြောင်း။ မည်သည့်အခါမျှ တိုင်းရင်းသားပြည်သူများ ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံကြောင်း။

ယနေ့ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူသည့်အခါ မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်း ပါကြောင်း။ ထို့နောက် လုပ်ငန်းဆောင်တာတွေကို လုပ်ဆောင်နိုင်ရန် **Working Committee** လို့ခေါ်ဆိုနိုင်သည့် အစိုးရအဖွဲ့၊ ဝန်ကြီးအဖွဲ့ ဖွဲ့ပါကြောင်း။ နာယက၊ ဝန်ကြီးများအဖွဲ့နှင့် ဗဟို အာဏာပိုင်အဖွဲ့များ သည် နိုင်ငံတော်၏အာဏာ(၃)ရပ်ကို စွဲကိုင်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီအဖြစ် တည်ဆောက်နေတာဖြစ်ပါ ကြောင်း။ ထို့ကြောင့် ဝန်ကြီးအဖွဲ့များနှင့် လုပ်ငန်းရှင်များ။ လုပ်ငန်းရှင် လို့ ပြောသည့်အခါမှာလည်း နိုင်ငံတော်အစိုးရနှင့် လုံးဝ သီးသီး





ခြားခြားကင်းပြီး လုပ်ရသည့်လုပ်ငန်းများမှာ မရှိသလောက်ပင်ဖြစ်၍ ဌာနဆိုင်ရာတာဝန်ယူမှု အပိုင်းအနေနှင့် ဆောင်ရွက်မှာဖြစ်ပါကြောင်း။ ယင်းသို့ ဆောင်ရွက်ရာတွင် ဆီအုန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံ စဉ်က ပြောခဲ့တာရှိပါကြောင်း။ နိုင်ငံတော်အနေနှင့် လုပ်ငန်းရှင်များကို လုပ်ပိုင်ခွင့်ပေးမည်ဖြစ်ပြီး ပြီးပါက အကူအညီပေးမည်၊ ဥပဒေအရ အကာအကွယ်ပေးမည်လို့ ကတိပေးခဲ့ပါကြောင်း။ ယနေ့လည်း ထိုကတိအတိုင်း နိုင်ငံတော်က ဆက်သွားမှာဖြစ်ကြောင်း။ ထိုကတိ ဟာလည်း နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးတဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ မူဝါဒ (၁)ခုဖြစ်ပါ ကြောင်း။ ထိုသို့ ဆောင်ရွက်ရာမှ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် မျှမျှတတ ဆောင်ရွက်နေမှာဖြစ်ကြောင်း။

လုပ်ငန်းရှင်များကို ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်များပေးသကဲ့ သို့ ဥပဒေနှင့်အညီ အကာအကွယ်များ လည်း ပေးမှာဖြစ်ကြောင်း။ လိုအပ်သော အကူအညီများကိုလည်း ဆက်လက်ပေးသွားမှာဖြစ် ကြောင်း။ လုပ်ငန်းရှင်များအပါအဝင် ပြည်သူများကလည်း လာဘ် ပေးမှု၊ တံစိုးလက်ဆောင်ပေးမှုများကို မပြုလုပ်မိအောင် ထိန်းသိမ်း ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ထမ်းများအပိုင်းကလည်း လာဘ်ယူပြီး အကျင့်ပျက်နေမှုများ၊ ခြစားနေမှုများ၊ မလျော်ကန် သောနည်းလမ်းများဖြင့် ဩဇာလွှမ်းမိုးမှု၊ ခြိမ်းခြောက်မှုများကို မပြု လုပ်နိုင်အောင် အမျိုးသားထောက်လှမ်းရေးအဖွဲ့နှင့် ဥပဒေကို ဖျက်သိမ်း၍ ကာကွယ်ပေးခဲ့ပြီးဖြစ်ကြောင်း။

သို့ရာတွင် တစ်ဖက်က ပြည်သူတွေ၊ လုပ်ငန်းရှင်တွေ တစ်ဖက်က လာဘ်ပေးလာဘ်ယူ **Bribery & Corruption**



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေရှိနေပါကြောင်း။ သို့ပါ၍ မိမိတို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝန်ကြီးဌာန၊ ဌာနဆိုင်ရာများက လာဘ်ယူမှု **Corruption** ကို ထိန်းမည်ဖြစ်ပြီး၊ လာဘ်ပေးမှု **Bribery** ကို လုပ်ငန်းရှင်များ၊ ပြည်သူများက ထိန်းဖို့လိုမည်ဖြစ်ကြောင်း။

အကယ်၍ မှုဆယ် ၁၀၅ မိုင် အဖြစ်အပျက်ကို စောစီးစွာ သိလိုက်မည်ဆိုပါက ဝန်ထမ်း ၁၈၆ ယောက် ယခုလို ဆုံးရှုံးသွားစရာအကြောင်း မရှိပါကြောင်း။ အလုပ်က ထွက်လိုက်ရပြီး ယနေ့ ထောင်ကျ သွားပြီဖြစ်၍ မိသားစုတွေအပြင်မှာ ကျန်နေပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအားတွေ နိုင်ငံတော်ဘက်က လျော့သွားပါကြောင်း၊ ထို့အတူ ကကလှမ်း၊ ညွှန်ချုပ်ရုံး၊ NIB စတာတွေလည်း ယခင်ကသာ စောစောသိ ခွင့်ရလျှင် ထိုပုဂ္ဂိုလ်တွေဟာ ဒီနေ့ တပ်တာဝန်၊ နိုင်ငံ့တာဝန် ထမ်းဆောင်ရဦးမှာဖြစ်ပါကြောင်း။

လာဘ်ပေးမှုမရှိပါက လာဘ်ယူမှု မရှိနိုင်သဖြင့်၊ လာဘ်ယူသူ မရှိပါကလည်း လာဘ်ပေးလာဘ်ယူမှုများ ပပျောက်သွားမှာဖြစ်ကြောင်း၊ ယင်းသို့ မကင်းရှင်းကြသဖြင့် နိုင်ငံတော်အတွက်ရော ပြည်သူများအတွက်ပါ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ထို့ကြောင့် ဝန်ကြီးချုပ် ရှင်းလင်းပြောသွားသကဲ့သို့ မတရား ဖိနှိပ်အကျင့်မှုများ၊ ခြစား၊ လာဘ်စားလိုသည့်ကိစ္စများ၊ လုပ်ငန်းများ ကြန့်ကြာအောင် ဆောင်ရွက်မည့်ကိစ္စများ၊ ဥပဒေနှင့်ညီသည့် အလုပ်မဟုတ်ဘဲ အရှိန်အဝါအသုံးပြုပြီး ဆောင်ရွက်မည့်ကိစ္စများ မရှိအောင်၊ မိမိတို့က အမျိုးသားထောက်လှမ်းရေးအဖွဲ့ NIB ဆိုတာ ဖျက်သိမ်းပြီးဖြစ်ကြောင်း၊ ယခင်က တချို့သတင်းတွေဆိုလျှင် မိမိတို့ဆီ မရောက်ကြောင်း၊ သူတို့ဘာသာ စိစစ်ပြီး ထည့်ချင်တဲ့





သတင်းထည့်၍ အပေါ်တင်လိုက်ကြောင်း၊ ထိုသို့ အဟန့်အတား အနှောင့်အယှက်တွေဖြစ်သည့်အတွက် ဥပဒေနှင့်အညီ NIB အဖွဲ့အစည်းကို ဖျက်လိုက်တာ ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှု အပါအဝင် နိုင်ငံတော် တိုးတက်ဖြစ်ထွန်းစေမည့် အဟန့်အတား၊ လာဘ်ပေးလာဘ်ယူမှု အပါအဝင် နိုင်ငံတော် တိုးတက်ဖြစ်ထွန်းစေမည့် အဟန့်အတား၊ အနှောင့်အယှက်များ ကို ဖယ်ရှားပြီးဖြစ်ပါကြောင်း၊ ကကလှမ်းကိုလည်း သူ့ကဏ္ဍနှင့် သူထားပြီး မလိုတာတွေမပါရအောင် ဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ ဒါတွေကို သိစေချင်ကြောင်း၊ ထိုသို့သိတာနှင့်အညီ ပြည်သူများက လာဘ်ပေးမှု **Bribery** မဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာလည်း ပြည်သူအကျိုးအတွက်ဖြစ်ကြောင်း၊ မိသားစုအကျိုးအတွက်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးအတွက်ဖြစ်ကြောင်း၊ မိမိတို့ရှေ့ဆက်ပြီး တက်လှမ်းရမည့် ရည်မှန်းချက်များကို ညီညီညာညာ လက်တွဲဆောင်ရွက်သွားမည်ဆိုလျှင် ရည်မှန်းချက်ရောက်မှာဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို အေးချမ်းလုံခြုံစွာ စိုးရိမ်ကြောင့်ကြမှုမရှိ ဆက်လက်ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတော်၏စေတနာနှင့် မှန်မြတ် သော ရည်မှန်းချက်များကို နားလည်သိရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး စီးပွားဖွံ့ဖြိုးရေးတို့အတွက် စေတနာရှိရှိ၊ အသိတရားရှိရှိဖြင့် နိုင်ငံတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် နိဂုံးချုပ်ရှင်းလင်း ပြောကြားသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၏ ရှင်းလင်းပြောကြားချက်

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ၂၂-၁၀-၂၀၀၄ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကား ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေတာ အားလုံး





ဗိုလ်ချုပ်ကြီး သိန်းစိန်

www.burmeseclassic.com



အသိပင်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံ၏ Road Map ခေါ်သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ပါ အခြေခံ ဥပဒေရေးဆွဲနိုင်ရန်အတွက် အရေးအကြီးဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး ကျင်းပနိုင်ရေးကို နိုင်ငံတော် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှ ဇူလိုင်လ ၉ ရက်နေ့အထိ အမျိုးသားညီလာခံ၏ကဏ္ဍတစ်ရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ပတ်သက်၍ အမျိုးသားညီလာခံလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းတင်ပြခဲ့ သည့် ဥပဒေပြုရေးဆိုင်ရာ ကဏ္ဍကြီး ၁၁ ခုအပေါ် တက်ရောက်လာကြသည့် ကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့တို့က ဆွေးနွေးထောက်ခံအကြံပြုခဲ့ကြပြီး အဆိုပါ ထောက်ခံဆွေးနွေးအကြံပြုချက်များအပေါ် သဘာပတိအဖွဲ့က ပြန်လည်စုစည်း၍ အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေး ဦးတည်ချက် (၆) ရပ်နှင့်အညီ တူညီသော သဘောဆန္ဒများရရှိခဲ့ကြပြီးဖြစ်ကြောင်း။

နောက်တစ်ကြိမ်ကျင်းပပြုလုပ်မည့် အမျိုးသားညီလာခံတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ပတ်သက်၍ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့၏ ထောက်ခံအကြံပြုချက်များအပေါ် သဘာပတိအဖွဲ့က စုစည်းပြုစုထားသည့် စာတမ်းများကို ကိုယ်စားလှယ်များသို့ ပြန်လည်ဖတ်ကြား ရှင်းလင်းပြပြီး ကိုယ်စားလှယ်

www.burmeseclassic.com



များ၏ အတည်ပြုချက်ကိုရယူကာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်အဖွဲ့သို့ တင်ပြပြီး ကော်မရှင်အဖွဲ့ ၏ အတည်ပြုချက်ဖြင့် အသေးစိတ် အခြေခံရမည့် မူဝါဒများ ချမှတ်သွားမည်ဖြစ်ကြောင်း။

ငင်းအပြင် ယခု ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံ တွင် အုပ်ချုပ်ရေးဆိုင်ရာနှင့် တရားစီရင် ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီ၏ လေ့လာထားချက်များကို ညီလာခံကိုယ်စားလှယ်များ သို့ ရှင်းလင်းပြခြင်း။ ညီလာခံကိုယ်စားလှယ်များက အဆိုပါ ရှင်းလင်း တင်ပြချက်များအပေါ် အစုအဖွဲ့လိုက်ဆွေးနွေးခြင်း၊ ထောက်ခံအကြံပြု ချက်များ အစု အဖွဲ့များသို့ ရေးသားတင်သွင်းခြင်း။ ကိုယ်စားလှယ် များ တင်သွင်းထားသည့် စာတမ်းများအပေါ် အစုအဖွဲ့ သဘာပတိ များက လေ့လာဖတ်ရှုခြင်း၊ ထောက်ခံချက်၊ တင်ပြချက်နှင့် အကြံပြုချက်များအပေါ် တူရာ တူရာ စုစည်း၍ အစုအဖွဲ့ ကိုယ်စားပြု စာတမ်းများ ပြန်လည်ရေးသား၍ လုပ်ငန်းကော်မတီအဖွဲ့သို့တင်သွင်း ခြင်း၊ လုပ်ငန်းကော်မတီက စိစစ်ပြီး စာတမ်းများကို စုံညီအစည်း အဝေးတွင် ဖတ်ကြားခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ယခုအခါ ဝန်ကြီးချုပ် အပြောင်းအလဲအခြေအနေများ ကြောင့် မိမိတို့ အစိုးရ၏ **Road Map** ဖြစ်သည့် နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရှေ့ဆက်လုပ်ဖြစ်ပါ့မလား။ ပထမအဆင့် ဖြစ်သည့် အမျိုးသားညီလာခံကိုရော ဆက်ပြီး ကျင်းပပြုလုပ်ဖြစ်ပါဦးမလား စသည်ဖြင့် သို့လော သို့လော တွေး တော ပြောဆိုနေကြသည်များရှိနေသည်ကို ကြားသိရပါကြောင်း။





မိမိတို့၏ **Road Map** ဖြစ်သည့် နိုင်ငံတော် ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ချမှတ်သည့် မူဝါဒမဟုတ်ဘဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ရှိအစိုးရက ချမှတ်ထားသည့် မူဝါဒလမ်းစဉ် သာဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် မသက်ဆိုင် ကြောင်း။ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ထားသည့် အစိုးရ၏မူဝါဒကို ဝန်ကြီးချုပ်ဖြစ်သူအား ကြေညာ နိုင်းခြင်းသာဖြစ်ကြောင်း။ သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ သည် ချမှတ်ထားသည့် **Road Map** ပါအတိုင်း လုပ်ငန်း များကို မပြောင်းလဲဘဲ ရှေ့ဆက်၍ တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက် သွားမည်သာဖြစ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်၏ ပထမအဆင့်လည်းဖြစ်၊ အရေး အကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို မဖြစ်မနေ ဆက်လက်ကျင်းပ ပြုလုပ်သွား မည်ဖြစ်ကြောင်း။ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံကိုယ်စားလှယ်များတွင် တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမားကိုယ်စား လှယ်များနှင့် အခြား ဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်အများစု သည် တောင်သူလယ်သမားများဖြစ်ကြ၍ယခုအခါ လယ်ယာ လုပ်ငန်းခွင်များတွင် ဝင်နေကြကြောင်း၊ စပါးများ ရိတ်သိမ်းခြွေလှေ့ သိမ်းဆည်းပြီးသည့် ပွင့်လင်းရာသီအချိန်တွင် အမျိုးသားညီလာခံကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း၊ ယခင်ကလည်း ပြောကြားထားပြီး ဖြစ်ကြောင်း၊ ယခင်ပြောကြားထားသည့် အတိုင်းပွင့်လင်းရာသီတွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း၊

ယခုအခါ မုတ်သုန်မိုးကုန်လုပြီး ပွင့်လင်းရာသီသို့ တဖြည်းဖြည်းရောက်ရှိလာတော့မည်ဖြစ်၍ ယခင်အခါကကဲ့သို့ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ချောချောမောမောဖြင့် ကျင်းပပြုလုပ်နိုင်ရန် မိမိတို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်နှင့် လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီတို့သည် မိမိတို့ လုပ်ဆောင် ရမည့်လုပ်ငန်းများကို ယခုအချိန်ကတည်းက ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ထားကြရန်နှင့် ဆောင်ရွက်ဖွယ်ရာ များကို ကော်မတီအလိုက် အကြိုပြုဆွေးနွေးတင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

# အခန်း ( ၁၀ )

## နိဂုံးချုပ်ဖော်ပြချက်

၂၀၀၄ ခုနှစ်တွင် တပ်မတော်ထောက်လှမ်းရေး တပ်ဖွဲ့ကြီး ပြိုကွဲသွားခဲ့ပြီ။ ထောက်လှမ်းရေးတွေ သိပ်လက်စွမ်းထက်ပြီး နိုင်ငံတော်အဆင့်ကိုပင် အံတုနိုင်မည့်အဆင့် ရောက်လာ၍ နောက်ဆုံးတော့ လုံးဝ ဖျက်သိမ်းခဲ့ရ၏။

ပါတီကောင်စီခေတ်က ဗိုလ်မှူးချုပ်တင်ဦး နဝတ နယကခေတ်ရောက်တော့ ဗိုလ်ချုပ်ကြီးခင်ညွန့်။ ထောက်လှမ်းရေးအကြီးအကဲတွေ အားလုံး ထောင်ချခံခဲ့ရသည်။ အပြစ်ပေး အရေးယူခံခဲ့ရသည်။ ပါတီကောင်စီခေတ်က ၁၉၈၃ ခုနှစ် အာဇာနည်ဗိမာန် ဗုံးပေါက်ကွဲ၍ ထောက်လှမ်းရေးများအားလုံး ဖြုတ်ထုတ်ရှင်းခံခဲ့ရသည်။ အားလုံး ဘဝပျက်သွားကြ၏။ ယခု ၂၀၀၄ ခုနှစ်တွင်လည်း ၁၀၅ မိုင် အရေးအခင်းကြောင့် ထောက်လှမ်းရေးများ ဖြုတ်ထုတ်ရှင်း နှစ်ရှည်ထောင်ချနှင့် အားလုံး အမှုန့်ကြိတ်ခံခဲ့ကြရ၏။

၂၀၀၄ ခုနှစ်တွင် ထောက်လှမ်းရေးအဟောင်းများ





www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြီးသောအခါတွင်ကား ထောက်လှမ်းရေး **မရှိ မဖြစ်သဖြင့်** ‘စရဖ’ ခေါ် စစ်ဖက်ရေးရာ လုံခြုံရေးအမည်တပ်၍ **ထောက်လှမ်းရေးကို** ပြန်ဖွဲ့ခဲ့ရ၏။ တကယ် တော့ ထောက်လှမ်းရေးပါပဲ။

သူတို့ကိုတော့ ဘက်ပေါင်းစုံက ထိန်းချုပ်ထားပြီး အာဏာကို ကန့်သတ်ထား၏။ တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်တွင် သွတ်သွင်းထား၏။ ဒါပေမဲ့ ထောက်လှမ်းရေးကတော့ ထောက်လှမ်းရေး ပါပဲ။ ဒီတာဝန် တွေကို ပြန်ထမ်းဆောင်ရတာပါပဲ။ ဒါတွေကို လေ့လာပြီး ဒါတွေပြန်လုပ်ရတာပါပဲ။

ဤနေရာတွင် မေးစရာရှိပါသည်။ ထောက်လှမ်းရေး မရှိရင် မဖြစ်ဘူးလား။

အဖြေကတော့ မရှိရင် မဖြစ်ပါခင်ဗျာ။ ရှိရပါမည်။ သူတို့အား အာဏာကို Limited ကန့်သတ်ပြီး Portion တစ်ခုခုအထိသာ ပေးထားရပါမည်။ သူတို့မရှိရင် သတင်း ဘယ်သူယူမှာလဲ။ ဘယ်သူတာဝန်ခံလဲ။ ရဲလား။ စသုံးလုံးလား။ SB လား။ အဲဒီလူတွေက Combat Intelligence ရော လုပ်တတ်ကြလို့လား။ မေးစရာ ဖြစ်လာပါသည်။ ထောက်လှမ်းရေးဘာသာရပ်မှာ နေရင်းထိုင်ရင်း တတ်လာတာ မဟုတ်ပါ။ အချိန်အများကြီး ယူပြီး သင်ယူရပါသည်။ သင်ပေးရပါသည်။

စကားပြောတာ

စစ်တာဆေးတာ

ခြေရာခံခြေရာကောက်

အနက်ကောက်

အဓိပ္ပာယ်ဖွင့်





Dialogue အစုံပါပေ။

သံတမန်လောကတွင်လည်း ထောက်လှမ်းရေးရှိသည်။ ကုန်သည်လောကတွင်လည်း ထောက်လှမ်းရေး ရှိသည်။ မြေအောက် ကမ္ဘာတွင်လည်း ထောက်လှမ်းရေး ရှိသည်။ စီးပွားရေး လောကတွင်လည်း ထောက်လှမ်းရေး ရှိသည်။ စက်မှုလောကတွင် လည်း ထောက်လှမ်းရေး ရှိသည်။ ဘာသာရေးလောကတွင်လည်း ထောက်လှမ်းရေး ရှိသည်။ ဒီကရသည့်သတင်းကို ကိုယ့်နိုင်ငံ ကာကွယ်ရေး၊ တိုးတက်ရေးတို့အတွက် သတင်းတွေ တည် ဆောက်ယူရသည်။

ကိုယ့်နိုင်ငံကာကွယ်ရေးအတွက် ထောက်လှမ်းရေးလိုသည်။ သတင်းလိုသည်။

ဒါတွေ မရခဲ့လို့ အာဇာနည်ဗိမာန်ကြီး ဗုံးခွဲခံခဲ့ရသည်။ စွယ်တော်ဘုရား ဗုံးခွဲခံခဲ့ရသည်။ မြို့တော် ခန်းမ ဗုံးခွဲခံခဲ့ရသည်။ ဗိုလ်ချုပ်ကြီးတင်ဦး သမီးလေး စာအိတ်ဗုံးကွဲ သေခဲ့ရသည်။

ဒါမျိုးတွေ ကာကွယ်ဖို့ ထောက်လှမ်းရေးလိုသည်။ ယခု ဒီမိုကရေစီခေတ်တွင် ထောက်လှမ်းရေးကို ဘယ်လိုခွဲခြားတာဝန် ပေးကြမှာလဲ။ အမ်အိုင်က စစ်တန်းလျားပြန်မှာလား။ ပြန်ရမှာလား။ တိုက်ပွဲထောက်လှမ်းရေးပဲ လုပ်ရမှာလား။ လုပ်ကြမှာလား။ ပြည်တွင်း နဲ့နိုင်ငံရေးအတွက် ရဲထောက်လှမ်းရေးက တာဝန်ယူမှာလား။ ခွဲခွဲခြားခြား လုပ်ဖို့လိုပါမည်။ အချိန်က ညီအစ်ကိုမသိတသိအချိန် ဖြစ်သည်။

တစ်ခုပြောလိုပါသေးသည်။ ထောက်လှမ်းရေးများမှာ အားလုံး လူတော်များဖြစ်ကြ၏။ ထက်ထက်မြက်မြက် ရှိကြ၏။

www.burmeseclassic.com



စကားပြောကောင်း၏။ အားကစားတော်၏။ စာရေးကောင်းကြ၏။ ဗိုလ်ချုပ်ကြီးခင်ညွန့် (မော်ဝင်းသား)၊ ဗိုလ်ချုပ်ကျော်ဝင်း(စွန်ရဲ)၊ ဗိုလ်မှူးချုပ်သန်းထွန်း(ပရိုင်းမိတ်)၊ ဗိုလ်မှူးကြီးစန်းညွန့် (ထို့ကြောင့် ဤသို့)၊ ဗိုလ်ကြီး ရဲမိုး(နေရီ) တို့ကား ထောက်လှမ်းရေးမှ လူသိများသော စာရေးဆရာများဖြစ်ကြ၏။

သူတို့အားလုံး မြန်မာနိုင်ငံသားများ ဖြစ်ကြ၏။ နိုင်ငံချစ်သူများ၊ မျိုးချစ်များဖြစ်ကြ၏။ သူတို့တာဝန် ယူခဲ့ကြသောကာလတွင် ကောင်းတာတွေ လုပ်ခဲ့တာ အများကြီးဖြစ်၏။

တိုင်းပြည်ငြိမ်းချမ်းရေးရအောင် အများကြီး ကြိုးစားခဲ့၏။

တိုင်းပြည်ဘဏ္ဍာ မယိုမဖိတ်ရအောင် အများကြီး ဆောင်ရွက်ခဲ့၏။

ဒါတွေကို အသိအမှတ်တော့ ပြုကြရပါလိမ့်မည်။

ပြီးခဲ့တာတွေ ပြီးပါပြီ။

အရေးကြီးတာကတော့ တိုင်းပြည် ကောင်းစားရေး၊ တိုးတက်ရေး၊ ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရေး ဖြစ်ပါသည်။

သို့ဖြစ်၍ ရှေးက အများမျိုး ထပ်မဖြစ်အောင် လိုအပ်တာထက် အာဏာတွေ ဘယ်သူမှ ပိုမပေးမိအောင် ဂရုစိုက်ကြရပါမည်။

နိုင်ငံတော်တွင် သံလျက်ကိုင်သည့် ဘီလူးကြီး ဆိုးသွမ်းနေသည်။ သူ့ကို နှိမ်နင်းရန် ဓားကိုင်သူရဲကောင်း ပေါ်၏။ ဘီလူးကြီး နှိမ်နင်းလိုက်သောအခါ ဓားကိုင်သူရဲကောင်းက ဘီလူးဖြစ်သွားသည်။ ထိုဓားကိုင်ဘီလူးအား လှံကိုင်သူရဲကောင်းက နှိမ်နင်းလိုက်ပြန်၏။ ထိုအခါ လှံကိုင်သူရဲကောင်း ဘီလူးဖြစ်သွားပြန်သည်။ ထိုသို့ သူရဲကောင်းမှ ဘီလူးဘဝသို့ အသစ်လဲလိုက်သည့် ထောက်လှမ်း





ရေးများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကျရောက်ခဲ့ကြပါသည်။

ယခုအခါတွင်တော့ အာဏာရှင်ခေတ် ကုန်ပြီဟု ယူဆပါသည်။ ဒီမိုကရေစီခေတ်တွင် မြန်မာနိုင်ငံမှ ထောက်လှမ်းရေးများသည် ပြည်သူချစ်သော ပြည်သူ့သားကောင်းများအဖြစ် ပြောင်းလဲနိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည် ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

သောင်းဝေဦး

၁၉. ၇. ၂၀၁၆



www.burmeseclassic.com

www.burmeseclassic.com



## မိုငြမ်းကိုးကားသောစာအုပ်များ

၁။ နှစ် ၅၀ အတွေ့အကြုံများ ပဉ္စမတွဲ။ ဗိုလ်ထွန်းကြည် မုံရွာ
၂။ ကြုံတွေ့ခဲ့ရ ကျွန်တော့်ဘဝ အထွေထွေ (၂)။ မော်ဝန်းသားဦးခင်ညွှန့်
၃။ တစ်ဗိုလ်တစ်မင်း တပ်ချုပ်ကြီးများအား လူခြားမှ တိုးဝှေကြည့်ခြင်း။ အောင်စွမ်း
၄။ အာဏာရှင်ခေတ် ကျော်ကြားခဲ့သော ဆရာတပည့်နှစ်ဦး။ အောင်စွမ်း
၅။ ရှေးမြန်မာမင်းများလက်ထက်ထော်က်လှမ်းရေး။ ဗိုလ်မှူးကြီးစန်းပွင့်
၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၃)။ သော်ဒေါ်စံဦး
၇။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၄)။ သော်ဒေါ်စံဦး
၈။ ကျွန်တော်သိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ။ သော်ဒေါ်စံဦး
၉။ စစ်ဖူထောက်လှမ်းရေးအရာရှိဟောင်းတစ်ဦး၏ နိုင်ငံရေးအယူအဆများ။ နေရီ
၁၀။ ဦးခင်ညွှန့် သို့မဟုတ် ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူ။ သန်းဝင်းလှိုင်



### ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ အကူအညီ ပေးခဲ့သူများနှင့် ကျွန်တော် မှီငြမ်းကိုးကားခဲ့သည့်စာအုပ် အသီးသီးအား ရေးသားခဲ့သော စာရေးဆရာကြီးများအားလုံးကို ကျေးဇူးဥပကာရ အထူးပင် တင်ရှိပါကြောင်း။

သော်ဒေါ်စံဦး
စာရေးသူ
၃၁.၇.၂၀၁၆